၁၂

ပိဋက ဘာသာပြန် စာပေဖြန့်ချိရေးအဖွဲ့

စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
ဖြန့်ချိရေးအဖွဲ့

## ဒီဃနိကာယ်

# သီလက္ခန္ဓဝဂ္ဂပါဠိ

## ကျမ်းဦးရှုဘွယ်

## သုတ်နိဒါန်း

## ခက်ဆစ်အဓိပ္ပါယ်

ပိဋကဘာသာပြန်စာပေဖြန့်ချိရေးအဖွဲ့
စာကြည့်ခန်း
-၁၆၉၄-

ရေးသားသူ
**ဦးအောင်မိုး**
ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ပါဠိပါရဂူ

အငြိမ်းစားလက်ထောက်ကထိက
မြန်မာစာဌာန
ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်
ရန်ကုန်။

၁၃၄၂-ခု၊ ပြာသိုလ။

၁၉၈၁-ခု၊ ဇန်နဝါရီလ။

Library
The Pitaka Translation
Society

၂၀၀၀၁

# ဒီဃနိကာယ်
# သီလက္ခန္ဓဝဂ္ဂပါဠိ
## ကျမ်းဦးရှုဖွယ်


သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး - ရန်ကုန်။

-၁၆၉၄-



ရေးသားသူ
ဦးအောင်မိုး
ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ပါဠိပါရဂူ

အငြိမ်းစား လက်ထောက်ကထိက
မြန်မာစာဌာန
ဝိဇ္ဇာ-သိပ္ပံ တက္ကသိုလ်
ရန်ကုန်။



စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
ဖြန့်ချိရေးအဖွဲ့

ဒီဃနိကာယ်

သီလက္ခန္ဓဝဂ္ဂပါဠိ

ကျမ်းဦးရှုဖွယ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁။ ``ဗုဒ္ဓဒေသနာ``

ဗုဒ္ဓဒေသနာများကို ကမ္ဘာကသိအောင်အားထုတ်ရာ၌ ရှေးဦးစွာပြုလုပ်ရမည့်လုပ်ငန်းမှာ ဗုဒ္ဓဒေသနာအစစ်အမှန်များကို ကမ္ဘာသုံးအင်္ဂလိပ်ဘာသာဖြင့် တိတိကျကျပြန်ဆိုထုတ်ဝေရန်ပင်ဖြစ်သည်၊ ယင်းသို့အင်္ဂလိပ်ဘာသာပြန်ဆိုလျှင်လည်း သင်္ဂါယနာဟုခေါ်တွင်သည့် ရှေးအစဉ်အလာမှတ်တမ်းများအရ ဒီဃနိကာယ်သီလက္ခန္ဓဝဂ္ဂပါဠိကျမ်းကို ပထမပြန်ဆိုရပါမည်၊ ယင်းသို့သီလက္ခန္ဓဝဂ္ဂပါဠိကျမ်းကို အင်္ဂလိပ်ဘာသာပြန်ဆိုလျှင်လည်း သီလက္ခန္ဓဝဂ္ဂပါဠိသည် ပိဋကသုံးပုံ၏ အစဦးကျမ်းဖြစ်သောကြောင့် သီလက္ခန္ဓဝဂ္ဂပါဠိအဝင်အပါ ပိဋကသုံးပုံ၏အကြောင်းအရာများကို ရှေးဦးစွာရှင်းလင်းတင်ပြ၍ စာဖတ်သူများနှင့်မိတ်ဆက်ပေးရမည့်တာဝန်သည် အလိုလိုကျရောက်လာခဲ့သည်၊ အကြောင်းမူကား ယင်းသို့မိတ်ဆက်ပေးမှသာ စာဖတ်သူသည် မိမိဖတ်သော သီလက္ခန္ဓဝဂ္ဂပါဠိကျမ်း၏အခြေအနေကို ကောင်းစွာအကဲခတ်နိုင်ပေလိမ့်မည်။

လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀) ကျော်က ဗုဒ္ဓဟောကြားတော်မူခဲ့သော တရားဒေသနာတို့သည် သင်္ဂါယနာ (၆) တန်ဟုဆိုအပ်သော ရှေးအစဉ်အလာမှတ်တမ်းများအရ၊ ယခုအခါ ပိဋကကျမ်းစာများအဖြစ်ဖြင့် တည်ရှိနေကြသည်၊ ယင်းပိဋကကျမ်းစာတို့သည် အဓိကအားဖြင့် ဗုဒ္ဓဟောကြားတော်မူခဲ့သော တရားများဖြစ်ကြသောကြောင့် ဗုဒ္ဓဒေသနာတော်တို့ပင်ဖြစ်ကြသည်။

### ``ဓမ္မဝိနယ``

ယင်းဗုဒ္ဓဒေသနာတော်တို့ကို ဗုဒ္ဓခေတ်၌ ဗုဒ္ဓကိုယ်တိုင်က ဓမ္မဝိနယဟု သုံးစွဲထုံးပြုတော်မူခဲ့သည်၊ ဓမ္မဝိနယသည် ကျင့်ကြံရေးတရားနှင့် စည်းမျဉ်းဥပဒေတရားဟုဆိုလိုသည်၊ သာမန်အားဖြင့် ဝေနေယျတို့အား ဟောကြားဆုံးမသော ဒေသနာတို့ကို ဓမ္မဟုခေါ်ဆိုရသည်၊ ရှင်ရဟန်းတို့အား သိက္ခာပုဒ်ပညတ်ခြင်းနှင့်စပ်သော ဒေသနာတို့ကို ဝိနယဟုခေါ်ဆိုရသည်၊ တနည်းအားဖြင့်ဆိုလျှင် ဝိနည်းပိဋကမှတပါးသော ဗုဒ္ဓတရားအားလုံးသည် ဓမ္မဖြစ်သည်၊ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့နှင့်ပတ်သက်သော မလိုက်နာလျှင်မနေရအောင် သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်းဥပဒေ တရားဒေသနာအားလုံးသည် ဝိနယဖြစ်သည်၊

အမှန်စင်စစ်အားဖြင့် ဓမ္မဝိနယဟူသည် ဗုဒ္ဓဒေသနာအားလုံးကိုအမည်နှစ်မျိုးဖြင့် သိမ်းကျုံးခေါ်ဝေါ်သောအမည်ဖြစ်သည်။

## ၂။ "ပိဋကသုံးပုံ"

ဗုဒ္ဓပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ယင်းဓမ္မဝိနယတို့ကိုစုပေါင်း၍ ပထမသင်္ဂါယနာတင်ကြသောအခါ အရှင်မဟာကဿပအမှူးရှိသော သင်္ဂါယနာတင် မထေရ်တို့က ပိဋကဟူသောအမည်ဖြင့်သုံးမျိုးခွဲ၍သတ်မှတ်တော်မူခဲ့ကြသည်။ယင်းအမည်သုံးမျိုးတို့မှာ ဝိနယပိဋက-ဝိနည်းပိဋက-သုတ္တန္တပိဋက-သုတ္တန်ပိဋက-အဘိဓမ္မပိဋက-အဘိဓမ္မာပိဋကတို့ဖြစ်ကြသည်၊ ယင်းပိဋကသုံးမျိုးတို့ကို ပါဠိဘာသာအားဖြင့် ပိဋကတ္တယ-ပိဋကသုံးခုအပေါင်း-ပိဋကသုံးပုံဟု ခေါ်ဆိုသည်၊ ယင်းပိဋကတ္တယဟူသောပါဠိကိုအစွဲပြု၍ ဟနုခုသော ပိဋကကိုလည်း ခေါ်ဝေါ်ရာ၌လွယ်ကူစေရန် ပိဋကတ်ဟုပင် ခေါ်ဆိုခဲ့ကြသည်။

ပိဋကဟူသောစကားသည်ထည့်စရာခြင်း၊ ထည့်စရာတောင်းဟု အဓိပ္ပါယ်ရှိသည်၊နောက်အခါ၌ကား ဟောပြောလိုသောအကြောင်းအရာ၏တည်ရာကျမ်းဂန်လိုလည်း တင်စားသောအားဖြင့် ပိဋကဟု ခေါ်ဆိုသည်၊ ဗုဒ္ဓခေတ်ကပင် ကျမ်းဂန်တို့ကို ပိဋကဟု ခေါ်ဆိုခဲ့သည်၊ (မဇ္ဈိမပဏ္ဏာသ-သန္ဒကသုတ်တိက အင်္ဂုတ္တိုရ် ကေသမုတ္တိသုတ်)ဗြဟ္မဏတို့ကား သူတို့၏ဗေဒင်သုံးပုံကိုမန္တဟုခေါ်ဆိုခဲ့ကြသည်၊ ဗုဒ္ဓကား ထိုအမည်တို့ကိုအသုံးပြုတော်မမူဘဲ မိမိ၏ဒေသနာတော်တို့ကိုဓမ္မဝိနယဟုသာသုံးနှုန်းတော်မူခဲ့သည်၊ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူပြီး သောအခါ၌ကား သင်္ဂါယနာတင်မထေရ်တို့က ပိဋကဟူသောအမည်ကိုသုံးစွဲခဲ့ကြသည်၊ သို့ဖြင့်ပိဋကဟူသောအမည်သည် ခြင်းတောင်းဟူသောအနက်ကိုကျော်လွန်၍၊ ဗုဒ္ဓဒေသနာကျမ်းဂန်ပါဠိတို့၏အမည်အဖြစ်သို့ရောက်လာသည်။

(က) ဝိနည်းပိဋကတ် -

ဝိနည်းပိဋကတ်တွင် အရှင်ဥပါလိ သင်္ဂါယနာတင်တော်မူခဲ့သည့်အစီအစဉ်အရဆိုလျှင် -

၁။ မဟာဝိဘင် - မဟာဝိဘင်းကျမ်း

၂။ ဘိက္ခုနီဝိဘင် - ဘိက္ခုနီဝိဘင်းကျမ်း

၃။ ခန္ဓကကျမ်း

၄။ ပရိဝါရ ကျမ်းဟု ကျမ်း ၄-ကျမ်း အမည် ၄-ခုရှိသည်။ယင်းတွင်မဟာဝိဘင်းကို ဘိက္ခုဝိဘင်းဟုလည်း ခေါ်သည်၊ ယင်းဘိက္ခုဝိဘင်းနှင့်ဘိက္ခုနီဝိဘင်းတို့ကိုတွဲ၍ ဥဘတောဝိဘင်းဟုလည်း ခေါ်သည်၊နောင်အခါ၌ကား ဘိက္ခုဝိဘင်း ဘိက္ခုနီဝိဘင်းတို့ကို ပေါင်းစပ်၍၊ ခန္ဓကကိုလည်းနှစ်ခုခွဲ၍ အောက်ပါအတိုင်း ၅ ကျမ်း

ခွဲ၍ ဝိနည်း ၅ -ကျမ်းဟုသတ်မှတ်ထား ကြသည်။

၁။ ပါရာဇိကကဏ္ဍပါဠိ
၂။ ပါစိတ္တိယကဏ္ဍပါဠိ
၃။ မဟာဝဂ္ဂပါဠိ
၄။ စူဠဝဂ္ဂပါဠိ
၅။ ပရိဝါရပါဠိ

ဤ ၅ -ကျမ်း တို့ကို ဝိနယပိဋကတ် ခေါ်သည်၊ ယခုအခါဝိနည်း ပိဋကတ်သည် ယင်း အမည် ၅ - ပါးတို့ဖြင့်ရပ်တည်လျက်ရှိသည်။

( ခ ) သုတ္တန်ပိဋကတ်

သုတ္တန်ပိဋကတ်ကား အကျယ်ဝန်းဆုံးအများဆုံး ပိဋကတ်ဖြစ်သည်၊ယင်း သုတ္တန်ပိဋကတ်တွင် အောက်ပါကျမ်းများပါဝင်ကြသည်။

| | | |
|---|---|---|
| ၁။ ဒီဃနိကာယ် | - ၃ | -ကျမ်း |
| ၂။ မဇ္ဈိမနိကာယ် | - ၃ | -ကျမ်း |
| ၃။ သံယုတ္တနိကာယ် | - ၅ | -ကျမ်း |
| ၄။ အင်္ဂုတ္တရနိကာယ် | -၁၁ | -ကျမ်း |
| ၅။ ခုဒ္ဒကနိကာယ် | -၁၀ | -ကျမ်း |

အားဖြင့် ကျမ်း ပေါင်း ၃၀ ကျမ်းပါဝင်သည်။

( ဂ ) အဘိဓမ္မာပိဋကတ်

အဘိဓမ္မာပိဋကတ်တွင် အောက်ပါအတိုင်းကျမ်း ပေါင်း ၇ ကျမ်းပါဝင်သည်။

၁။ ဓမ္မသင်္ဂဏီကျမ်း
၂။ ဝိဘင် - ဝိဘင်း ကျမ်း
၃။ ဓါတုကထာကျမ်း
၄။ ပုဂ္ဂလပညတ်ကျမ်း
၅။ ကထာဝတ္ထု ကျမ်း
၆။ ယမက - ယမိုက်ကျမ်း
၇။ ပဋ္ဌာန - ပဋ္ဌာန်းကျမ်း

ဤသို့ဖြင့်ပိဋကသုံးပုံတွင်ကျမ်းအရေအတွက်အားဖြင့် ၁၂ ကျမ်း၊ယခု ရိုက်နှိပ်ထုတ်ဝေ သောဆဋ္ဌသင်္ဂါယနာမူအရစာအုပ်အရေအတွက်အားဖြင့် ၄၀ ရှိသည်။

`` နိကာယ် ၅ ရပ် ``

ပထမသင်္ဂါယနာတင်စဉ်ကပင်ဗုဒ္ဓဒေသနာတော်တို့ကိုအရှည်အတို စသည်ဖြင့် သဘောတူရာစု ပေါင်း၍ နိကာယ် ၅ ရပ်ဟုလည်းသတ်မှတ်ခဲ့ကြသည်၊ နိကာယ်သည် နိကာယဟူသော ပါဠိစကားမှဆင်းသက်သည်၊သဘောတူအစုအ ပေါင်း ဟု အဓိပ္ပါယ်ရှိသည်၊ ယင်း နိကာယ် ၅ ရပ်တို့မှာအောက်ပါအတိုင်းဖြစ်ကြသည်။

(က) <u>ဒီဃနိကာယ်</u>

၁။ သီလက္ခန္ဓဝဂ္ဂပါဠိ
၂။ မဟာဝဂ္ဂပါဠိ
၃။ ပါထိကဝဂ္ဂပါဠိ ပေါင်း ၃ ကျမ်း

(ခ) <u>မဇ္ဈိမနိကာယ်</u>

၁။ မူလပဏ္ဏာသပါဠိ
၂။ မဇ္ဈိမပဏ္ဏာသပါဠိ
၃။ ဥပရိပဏ္ဏာသပါဠိ ပေါင်း ၃ ကျမ်း

(ဂ) <u>သံယုတ္တနိကာယ်</u>

၁။ သဂါထာဝဂ္ဂပါဠိ
၂။ နိဒါနဝဂ္ဂပါဠိ
၃။ ခန္ဓဝဂ္ဂပါဠိ
၄။ သဠာယတနဝဂ္ဂပါဠိ
၅။ မဟာဝဂ္ဂပါဠိ ပေါင်း ၅ ကျမ်း

(ဃ) <u>အင်္ဂုတ္တရနိကာယ်</u>

၁။ ဧကကနိပါတပါဠိ
၂။ ဒုကနိပါတပါဠိ
၃။ တိကနိပါတပါဠိ
၄။ စတုက္ကနိပါတပါဠိ
၅။ ပဉ္စကနိပါတပါဠိ
၆။ ဆက္ကနိပါတပါဠိ
၇။ သတ္တကနိပါတပါဠိ
၈။ အဋ္ဌကနိပါတပါဠိ
၉။ နဝကနိပါတပါဠိ
၁၀။ ဒသကနိပါတပါဠိ
၁၁။ ဧကာဒသကနိပါတပါဠိ ပေါင်း ၁၁ ကျမ်း

(ဂ) <u>ခုဒ္ဒကနိကာယ်</u>

၁။ ခုဒ္ဒကပါဌပါဠိ
၂။ ဓမ္မပဒပါဠိ
၃။ ဥဒါနပါဠိ
၄။ ဣတိဝုတ္တကပါဠိ
၅။ သုတ္တနိပါတပါဠိ
၆။ ဇာတကပါဠိ ပေါင်း ၆ ကျမ်း

| | | | |
|---|---|---|---|
| အဘိဓမ္မပိဋက | – | | ၇ ကျမ်း |
| ဝိနယပိဋက | – | | ၅ ကျမ်း |
| | | ပေါင်း | ၁၈ ကျမ်း |

ယင်းခုဒ္ဒကနိကာယ်တွင်ပါဝင်လျက်ရှိကြသော –

၁။ ဝိမာနဝတ္ထုပါဠိ
၂။ ပေတဝတ္ထုပါဠိ
၃။ ထေရဂါထာပါဠိ
၄။ ထေရီဂါထာပါဠိ
၅။ နိဒ္ဒေသပါဠိ
၆။ ပဋိသမ္ဘိဒါမဂ္ဂပါဠိ
၇။ အပဒါနပါဠိ

ဤ ၇ ကျမ်းတို့ကား သာဝကဘာသိတ ခေါ် သာဝက ဟောပါဠိကျမ်းများဖြစ်ကြသည်။

၈။ ဗုဒ္ဓဝံသပါဠိ
၉။ စရိယာပိဋကပါဠိ

ဤ ၂ ကျမ်းတို့ကား ဗုဒ္ဓဘာသိတ ခေါ် ဗုဒ္ဓဒေသနာအဖြစ်တည်ရှိနေကြသော်လည်း ပိဋကတ်ပါဠိအတွင်းသို့နောက်မှဝင်လာသောကျမ်းများဖြစ်၍ မူလဗုဒ္ဓ ဒေသနာအဖြစ်လက်ခံရန်အချို့ပညာရှင်တို့က သံသယရှိကြသောကျမ်းများဖြစ်ကြသည်၊ နောက်ဆရာတို့ကားယင်း ခုဒ္ဒကနိကာယ် ၁၅ ကျမ်းတွင် နေတ္တိပါဠိ၊ ပေဋကောပဒေသပါဠိ၊ မိလိန္ဒပဉှာပါဠိတို့ကိုပါဗုဒ္ဓ ဒေသနာနှင့်အလျော်ပါဠိကျမ်းဂန်များအဖြစ်ထည့်သွင်း၍ ၁၈ ကျမ်းအထိပင် ရေတွက်ကြသည်။

``သုတ်အရေအတွက်များ``

အရှင်မဟာကဿပ အရှင်ဥပါလိ အရှင်အာနန္ဒာစသော ပထမသင်္ဂါယနာတင်ဆရာမြတ်တို့သည် ဗုဒ္ဓဒေသနာများ တွင်အခြားဒေသနာများနှင့် မတူဘဲ အထူးရှည်လျားသောသုတ် ပေါင်း ၃၄ သုတ်တို့ကို သီလက္ခန္ဓဝဂ်၊ မဟာဝဂ်၊

ပါထိကဝဂ် ဟုအစု ၃စု (ဝဂ် ၃ ဝဂ်) ခွဲခြား၍ ဒီဃနိကာယ်ဟုသတ်မှတ်တော်မူခဲ့ကြသည်၊ သုတ်ရှည်စုဟုအဓိပ္ပါယ်ရှိသည်။

ထို့နောက်အလယ်အလတ်မျှသာဖြစ်သောသုတ်ပေါင်း ၁၅၂ သုတ်တို့ကို ၅၀ စီစု၍ မူလပဏ္ဏာသ - မူလသုတ်၅၀၊ မဇ္ဈိမပဏ္ဏာသ - အလယ်သုတ်၅၀၊ ဥပရိပဏ္ဏာသအထက်၅၀ဟုအမည်တပ်၍ မဇ္ဈိမနိကာယ်ဟုသတ်မှတ်တော်မူခဲ့ကြသည်၊ သုတ်လတ်စုဟုအဓိပ္ပါယ်ရှိသည်၊ သုတ် ၅၀ - စီဟုဆိုသော်လည်း ဥပရိပဏ္ဏာသပါဠိ၌သုတ်ပေါင်း ၅၂ သုတ်ပါရှိသည်၊ သို့ရာတွင်အပို ၂ သုတ်မှာမပြောစလောက်သာဖြစ်၍ ပဏ္ဏာသဟုပင်အမည်ပေးသည်။

ထို့နောက် လောကီ လောကုတ္တရာအကျိုး စီးပွား အမျိုးမျိုးနှင့်သက်ဆိုင်သောသုတ်ပေါင်း ၇၇၆၂သုတ်တို့ကိုသံယုတ္တနိကာယ်ဟုသတ်မှတ်တော်မူခဲ့ကြသည်၊ အကျိုးစီးပွားနှင့်ယှဉ်သောဒေသနာစုဟုအဓိပ္ပါယ်ရှိသည်၊ ယင်းသံယုတ္တနိကာယ်တွင်ဂါထာ (ကဗျာ) ပါသောဒေသနာစုကို သဂါထာဝဂ္ဂသံယုတ်ပါဠိဟုခွဲခြားသည်၊ ပဋိစ္စသမုပ္ပါဒ်အကြောင်း နိဒါန်းတရားနှင့်ပတ်သက်သောဒေသနာစုကိုနိဒါနဝဂ္ဂသံယုတ်ပါဠိဟုခွဲခြားသည်၊ ခန္ဓာငါးပါးနှင့်စပ်လျဉ်းသောဒေသနာစုကိုခန္ဓဝဂ္ဂသံယုတ်ပါဠိဟုခွဲခြားသည်၊ အာယတန ၆ပါးတို့နှင့်စပ်လျဉ်းသောဒေသနာစုကို သဠာယတနဝဂ္ဂသံယုတ်ပါဠိဟုခွဲခြားသည်၊ ထိုမှတပါး အတော်အတန်ရှည်လျားသော ဒေသနာစုကိုမဟာဝဂ္ဂသံယုတ်ပါဠိဟုခွဲခြားသည်။

ထို့နောက်အင်္ဂါတပါးရှိသောဒေသနာ၊ အင်္ဂါ ၂ပါးရှိသောဒေသနာစသည်ဖြင့် တခုထက်တခုအင်္ဂါကျော်လွန်သောအင်္ဂါလွန်ဒေသနာ ၉၅၅၇-သုတ်တို့ကိုအင်္ဂုတ္တရနိကာယ်ဟုသတ်မှတ်သည်၊ အင်္ဂါလွန်ဒေသနာစုဟုအဓိပ္ပါယ်ရှိသည်၊ ယင်းသို့သတ်မှတ်ရာ၌အင်္ဂါတပါးသာရှိသောဒေသနာတို့ကို ဧကကနိပါတ်၊ အင်္ဂါ ၂ပါးရှိသော ဒေသနာတို့ကို ဒုကနိပါတ်၊ လ၊ အင်္ဂါ ၁၁ ပါးရှိသောဒေသနာတို့ကို ဧကာဒသနိပါတ်အင်္ဂုတ္တိုရ်ဟု ၁၁ကျမ်း ထားသည်။

ဤသို့ဖြင့်ခုဒ္ဒကနိကာယ်မပါသေးဘဲ ဤနိကာယ်ကြီး ၄ ရပ်မှာပင်သုတ်ပေါင်း ၁၇၅၀၅ သုတ်ရှိသည်၊ ဤသုတ်တို့ကား ပညာရှိအများတို့ကယုံမှားသံသယကင်းရှင်းကြသောဗုဒ္ဓဒေသနာတော်များဖြစ်ကြသည်၊ သို့ရာတွင်ဤသုတ်တို့တွင် အရှင်သာရိပုတြာ အရှင်မဟာမောဂ္ဂလ္လာန် အရှင်မဟာကစ္စည်း အရှင်အာနန္ဒာစသောသာဝကကြီးများ ဟောတော်မူခဲ့ကြသောသုတ်ဒေသနာများလည်းပါတန်သမျှပါရှိနေကြသည်၊ ယင်းသို့သာဝကဘာသိတများ ပါရှိနေကြသော်လည်း အများအားဖြင့်ဗုဒ္ဓကိုယ်တိုင်ကသဘောတူလက်ခံခဲ့သောဒေသနာများဖြစ်၍ဗုဒ္ဓဒေသနာများပင်ဖြစ်ကြသည်။

``အင်္ဂါ ၉-တန်``

ယင်း ဗုဒ္ဓဒေသနာများကို ၉-မျိုး ခွဲခြမ်းစိတ်ဖြာ၍ အင်္ဂါ ၉-တန်ရှိသောတရားဟုလည်း ခေါ်ဆိုခဲ့ကြသည်။ အင်္ဂါ ၉-တန်ဆိုသည်မှာ အစိတ်အပိုင်း ၉-မျိုး ပင်ဖြစ်သည်။ ယင်းသို့ အင်္ဂါ ၉-တန်နှင့်ပြည့်စုံသော ဒေသနာဟု အင်္ဂါအစိတ်အပိုင်းကိုသတ်မှတ် ခေါ်ဝေါ်သည့်နည်းမှာ နောက်မှ ပေါ်ပေါက်လာသောနည်း မဟုတ်။ ဗုဒ္ဓကိုယ်တိုင်ကပင် ရှေးဦး ပထမစတင်သုံးစွဲတော်မူခဲ့သော နည်းဖြစ်သည်။ ယင်း အင်္ဂါ ၉-တန်တို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

၁။ သုတ္တ=သုတ်။ မင်္ဂလသုတ်။ ရတနသုတ်စသော သုတ်ဟုအမည်ရသော ဒေသနာများ။

သုတ္တသည် အကြောင်းအရာတခုခုကိုပိုင်းခြားသတ်မှတ်၍ ဖော်ပြတတ်သော စကားရပ်ဟုအဓိပ္ပါယ်ရှိသည်။

၂။ ဂေယျ=ဂါထာစုဏ္ဏိယ (လင်္ကာစကား ပြေ) ရောစပ်ပါဝင်သော ဒေသနာများ -

ဥပမာ-သဂါထာဝဂ္ဂသံယုတ်။

၃။ ဝေယျာကရဏ=ဂါထာဗန္ဓမပါ စကားပြေသက်သက်သာဖြစ်သော ဒေသနာများ -

အခြား အင်္ဂါ ၈-တန်မှလွတ်သော ဗုဒ္ဓဒေသနာအားလုံး။

ဥပမာ-ဗြဟ္မဇာလသုတ်။ သာမညဖလသုတ်။ အဘိဓမ္မာပိဋကတ်

၄။ ဂါထာ-မာဂဓဘာသာ ကဗျာဗန္ဓဖြစ်သော ဒေသနာများ

ဥပမာ-ဓမ္မပဒပါဠိ

၅။ ဥဒါန-ဥဒါန်း။ ဝမ်းမြောက်ကြည်နူး၍ ရွတ်ဆိုဟောကြားသော ဒေသနာများ -

သုတ်ပေါင်း ၈၂ သုတ်ပါသော ဥဒါနပါဠိ

၆။ ဣတိဝုတ္တက-ဣတိဝုတ်။ မြတ်စွာဘုရား ကဤစကားကို ဤသို့ ဟောကြားအပ်သည်ဟူသောစကား ဖြင့် ဖော်ပြသော ဒေသနာများ
သုတ်ပေါင်း ၁၁၀-ပါရှိသော ဣတိဝုတ္တကပါဠိ။

၇။ ဇာတက-ဇာတ်။ ဤသို့ဖြစ်ခဲ့ဘူးသည်ဟု ရှေးအဖြစ်ဇာတ်ကို ဖော်ပြသော ဒေသနာများ။ ငါးရာငါးဆယ်ဇာတ်များ။

၈။ အဗ္ဘုတဓမ္မ-အံ့ဩဖွယ်ရာများကို ဟောကြားသော ဒေသနာများ

ဥပမာ-အာနန္ဒအစ္ဆရိယသုတ်

၉။ ဝေဒလ္လ-အသိဉာဏ်ကိုရရှိစေနိုင်သော ပြဿနာအဖြေ ဒေသနာများ -

ဥပမာ-စူဠဝေဒလ္လသုတ်။ မဟာဝေဒလ္လသုတ်။ သမ္မာဒိဋ္ဌိသုတ်။ သက္ကပဉှသုတ်။

``ဓမ္မက္ခန္ဓာ ၈၄၀၀၀``

ဗုဒ္ဓ၏ ဒေသနာ တော်တို့သည်ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀-ရှိသည်ဟုလည်း ဆရာအစဉ်အဆက်တို့ ရေတွက်မှတ်သား ခဲ့ကြသည်၊ ယင်း အမှတ်အသားမှာ ဓမ္မက္ခန္ဓာ ၈၂၀၀၀-ကိုဗုဒ္ဓထံမှသင်ယူခဲ့ရပြီး ဓမ္မက္ခန္ဓာ ၂၀၀၀ကိုအရှင်သာရိပုတြာထံမှသင်ယူခဲ့ရသည့်အတိုင်း ကျွန်ုပ်အာဂုံ ဆောင်ထား သောတရားဒေသနာတို့မှာ ၈၄၀၀၀ ရှိပေသည်၊ ဟုအရှင်အာနန္ဒာမိန့်ကြား တော်မူခဲ့သည့်စကားအရခန့်မှန်း ရေတွက်ခြင်း သာဖြစ်ရသည်၊ ယင်း သို့ဖြစ်လျှင်လည်း ဗုဒ္ဓ ဒေသနာအစစ်မှာဓမ္မက္ခန္ဓာ ၈၂၀၀၀ သာရှိပြီး ကျန်ဓမ္မက္ခန္ဓာ ၂၀၀၀မှာ အရှင်သာရိပုတြာ၏ ဒေသနာဖြစ်သည်ဟုအဓိပ္ပါယ်ထွက် ရောက်သည်၊ သို့ရာတွင် ယင်းတို့သည်ဗုဒ္ဓကအတည်ပြုပြီး ဖြစ်၍ ဗုဒ္ဓ ဒေသနာများ ပင်ဖြစ်ကြသည်။

မည်သို့ပင်ဖြစ် စေကာမူယင်း သို့ ရေတွက်ရာ၌အရေး ပါသောအချက်တခုကိုဓမ္မက္ခန္ဓာတခုဟု ရေတွက်ရသည်၊ သို့ဖြင့်အနုသန္ဓေပြ စကား စပ်သည်ဓမ္မက္ခန္ဓာတခု၊ ဂါထာပဒတို့၌အမေး သည့်ဓမ္မက္ခန္ဓာတခု၊ အဖြေသည်ဓမ္မက္ခန္ဓာတခု၊ အဘိဓမ္မာ၌တိကတိကကို ဝေဖန်ချက်သည်ဓမ္မက္ခန္ဓာတခု၊ ဒုတ်တဒုတ်ကို ဝေဖန်ချက်သည်ဓမ္မက္ခန္ဓာတခု၊ ဝိနည်း၌အာပတ်သင့်ပုံကို ဖော်ပြသောဝတ္ထုသည်ဓမ္မက္ခန္ဓာတခု၊ သိက္ခာပုဒ်သည်ဓမ္မက္ခန္ဓာတခု၊ သိက္ခာပုဒ်၏အဓိပ္ပါယ်ကိုရှင်း လင်းချက်သည်ဓမ္မက္ခန္ဓာတခုစသည်ဖြင့် ရေတွက်ရသည်။

``ပိဋကတ် ၃-ပုံနှင့်စပ်လျဉ်း သောအခြား အခေါ်အဝေါ်များ``

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဗုဒ္ဓ ဒေသနာမျာ း ကိုအရာဌာနအား လျော်စွာအမည်အမျိုး မျိုး ဖြင့် ခေါ် ဝေါ်သုံး နှုံး ခဲ့ကြ သော်လည်း ပိဋကတ် ၃ပုံဟူ သောအမည်မှာပထမသင်္ဂါယနာ ခေတ်မှအစပြု၍ယခုတိုင်အတွင်ကျယ်ဆုံးအမည် ဖြစ်သည်၊ အရှုတ်အထွေး အငြင်း အခုံမရှိဘဲ၊ ဗုဒ္ဓ ဒေသနာအား လုံး ကိုခြုံငုံမိ သောအမည်လည်း ဖြစ်သည်။

ယင်း ပိဋကတ် ၃-ပုံကိုသုတ်ဝိနည်း အဘိဓမ္မာဟုအလွယ်တကူ ခေါ်ဆိုလေ့ရှိကြသည်၊ ဤသို့ ခေါ် ဝေါ်ရာ၌သုတ်ဟူ သောစကား သည်သုတ္တန်ပိဋကတ်ကိုရည်ညွှန်း သောစကား ဖြစ်သည်၊ ယင်း ပိဋကတ်ကိုသုတ္တန်ဟု ခေါ်သည်မှာသုတ္တန္တဟူ သောပါဠိအရ ခေါ် ဝေါ်ခြင်း ဖြစ်၍အကြောင်း အရာတခုခုကိုပိုင်း ခြား သတ်မှတ်၍ဖော်ပြတတ် သောစကား စုဟူ သောအဓိပ္ပါယ်ကို ဆောင်သည်။

သုတ္တန္တဟူ သောစကား သည်သုတ္တ-ဟူ သောစကား နှင့်အဓိပ္ပါယ်အား ဖြင့်တူညီသည်၊ ထို့ကြောင့်သုတ်ဟူ သောစကား နှင့်သုတ္တန်ဟူ သောစကား တို့သည်အတူတူပင်ဖြစ်ကြသည်။

ဝိနည်း ဟူသော စကား သည် ဝိနယပိဋက ခေါ် ဝိနည်း ပိဋကတ်ကို ရည်သွန်း သောစကား ဖြစ်သည်၊ ဝိနယ-သည်ဆုံး မကန်မြစ်ခြင်း နှင့်စပ်လျဉ်း သော ဒေသနာဟူ သောအဓိပ္ပါယ်ကို ဆောင်သည်။

အဘိဓမ္မာစကား အဘိဓမ္မပိဋကတ်ကိုရည်သွန်း သောစကား ဖြစ်သည်၊ အဘိဓမ္မသည်ထူး ခြား သောတရား ၊လွန်ကဲ သောတရား ဟူ သောအဓိပ္ပါယ်ကို ဆောင်သည်၊ ဓမ္မ ဝိနယဟုနှစ်မျိုး ခွဲရာတွင်ဓမ္မအမည်ရ သောသုတ္တန်ပိဋကတ်နှင့် မတူ၊ တမူထူး ခြား သောပိဋကတ်၊ သို့မဟုတ်ခန္ဓာစ သောသဘာဝတရား တို့ကို ဝေဖန် ဟောကြား ရာ၌ ပို၍ကျယ်ပြန့်သဖြင့်သဘာဝတရား အရာ၌လွန်ကဲ သော ပိဋကတ်ဟုဆိုလိုသည်။

`` ဒေသနာ ၃-မျိုး ``

အဆိုပါပိဋကတ် ၃-ပုံကို ဒေသနာ ၃မျိုး ဟူ၍လည်း သတ်မှတ် ခေါ် ဝေါ် ခဲ့ကြသည်၊ ယင်း ဒေသနာ ၃မျိုး တို့မှာအာဏာ ဒေသနာ ဝေါဟာရ ဒေသနာ ပရမတ္ထ ဒေသနာတို့ဖြစ်ကြသည်၊ ဝိနည်း ပိဋကတ်သည်ဗုဒ္ဓကမိမိအမိန့် အာဏာဖြင့်သိက္ခာပုဒ်များ ကိုပညတ် ဟောကြား တော်မူခဲ့ သောပိဋကတ်ဖြစ်၍ ယင်း ကိုအာဏာ ဒေသနာဟု ခေါ်သည်၊ သုတ္တန်ပိဋကတ်သည် လောက ဝေါဟာရ လောကအသုံး အနှုန်း သို့လိုက်၍လူနတ်ပြဟ္မာတို့အား ဆုံး မ ဟောကြား တော်မူခဲ့ သောပိဋကတ်ဖြစ်၍ယင်း ကို ဝေါဟာရ ဒေသနာဟု ခေါ်သည်၊ အဘိဓမ္မာပိဋကတ် သည်တကယ်ထင်ရှား ရှိ သောသဘာဝတရား တို့ကို ဝေဖန် ဟောကြား တော်မူခဲ့သော ပိဋကတ်ဖြစ်၍ယင်း ကိုပရမတ္ထ ဒေသနာဟု ခေါ်သည်။

`` သာသနာ ( ၃ ) မျိုး ``

ယင်း ပိဋကတ်-၃-ပုံကိုပင်သာသနာ-၃-မျိုး ဟုလည်း သတ်မှတ် ခေါ် ဝေါ် ခဲ့ကြသည်၊ ယင်း သာသနာ-၃-မျိုး တို့မှာ ယထာပရာဓသာသနာ ယထာနုလောမသာသနာ ယထာဓမ္မသာသနာ တို့ဖြစ်ကြသည်၊ ဝိနည်း ပိဋကတ် သည်အပြစ်ရှိ သောရဟန်း တို့အား အပြစ်အား လျော်စွာဆုံး မကန်မြစ် သော ပိဋကတ်ဖြစ်၍၊ ယင်း ကိုယထာပရာဓသာသနာဟု ခေါ်သည်၊ သုတ္တန်ပိဋကတ်သည် သတ္တဝါတို့၏ စိတ်ခံအာရုံသဘောအား လျော်စွာတရား အမျိုး မျိုး ကို ဟောကြား ဆုံးမ တော်မူခဲ့ သောပိဋကတ်ဖြစ်၍၊ ယင်း ကိုယထာနုလောမသာသနာ ခေါ်သည်၊ အဘိဓမ္မာပိဋကတ်သည်ထင်ရှား ရှိ သောသဘာဝတရား အား လျော်စွာ ဟောကြား ဆုံး မ တော်မူခဲ့ သောပိဋကတ်ဖြစ်၍၊ ယင်း ကိုယထာဓမ္မသာသနာဟု ခေါ်သည်၊ သာသနာစကား ဆုံး မခြင်း ဟုအဓိပ္ပါယ်ရှိသည်၊ ဆုံး မခြင်း ကား ဟောကြား ခြင်း ပင်ဖြစ်သည်။

``ကထာ - ၃ မျိုး

ယင်း ပိဋကတ် - ၃ - ပုံကိုပင်ကထာ - ၃ - မျိုး ဟုလည်း သတ်မှတ်ခေါ်ဝေါ်ခဲ့ကြသည်၊ ကထာ - ကား စကား - ဟုအဓိပ္ပါယ်ရှိသည်၊ ဟောကြား အပ်သောတရား ပြောဆိုအပ်သောစကား တို့သည် ကထာများ ပင်ဖြစ်ကြသည်၊ ယင်း ကထာ ၃ - မျိုး မှာ သံဝရာသံဝရကထာ ဒိဋ္ဌိဝိနိဝေဌနကထာ နာမရူပပရိစ္ဆေဒကထာတို့ဖြစ်ကြသည်။ ဝိနည်း ပိဋကတ်သည် စောင့်စည်း ထိန်း သိမ်း မှုအငယ်အကြီး အမျိုး မျိုး ကိုပဓာနထား၍ ဟောကြား တော်မူခဲ့သောစကား တော်များ သာဖြစ်သော ကြောင့်ယင်း ကို သံဝရာသံဝရကထာ ဟုခေါ်သည်။ သုတ္တန်ပိဋကတ်သည် သတ္တဝါတို့တွင်တနည်း နည်း ဖြင့်စွဲကပ်လျက်ရှိသော ၆၂ ပါး သောအယူအစွဲတို့ကို ပဓာနအား ဖြင့် ဖြေရှင်း ဟောကြား တော်မူခဲ့သောစကား တော်များ ဖြစ်သော ကြောင့်ယင်း ကိုဒိဋ္ဌိဝိနိဝေဌနကထာ ဟုခေါ်သည်၊အဘိဓမ္မာ ပိဋကတ်သည် နာမ်တရား ၊ ရုပ်တရား တို့ကိုအဓိကအား ဖြင့်ပိုင်းခြား ဝေဖန်၍ ဟောကြား တော်မူခဲ့သောစကား တော်များ သာဖြစ်သောကြောင့် နာမရူပပရိစ္ဆေဒကထာဟုခေါ်သည်။

``သိက္ခာ - ၃ - ပါး ``

ဗုဒ္ဓသာသနာတွင်ပြုကျင့်အပ်သောအကျင့်ဟုဆိုအပ်သောသိက္ခာ - ၃ - ပါး တို့ရှိကြသည်၊ ထိုသိက္ခာ - ၃ - ပါး တို့မှာ အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာသိက္ခာ တို့ဖြစ်ကြသည်၊ လွန်ကဲသောသီလအကျင့်ကို အဓိသီလသိက္ခ ဟုခေါ်သည်၊ လွန်ကဲသော သမာဓိအကျင့်ကို အဓိစိတ္တသိက္ခာ ဟုခေါ်သည်၊ လွန်ကဲသောပညာအကျင့်ကို အဓိပညာသိက္ခာ ဟုခေါ်သည်၊ အချုပ်အား ဖြင့်ဆိုလျှင်ထူး ကဲလွန်မြတ်သောသီလ သမာဓိ ပညာတို့ပင်ဖြစ်ကြသည်၊ ယင်း သိက္ခာ - ၃ - ပါး တို့ကိုပိဋကတ် - ၃ - ပုံနှင့်ယှဉ်စပ်လျှင်ဝိနည်း ပိဋကတ်၌ အဓိသီလသိက္ခာကိုအထူး ပြု၍ ဟောတော်မူသည်၊ သုတ္တန်ပိဋကတ်၌ အဓိစိတ္တသိက္ခာကိုအထူး ပြု၍ ဟောတော်မူသည်၊ အဘိဓမ္မာပိဋကတ်၌ အဓိပညာသိက္ခာကိုအထူး ပြု၍ ဟောတော်မူသည်။

``ပဟာန် - ၃ - ပါး ``

ဗုဒ္ဓသာသနာတွင် ကိလေသာကိုပယ်စွန့်နိုင်မှုသည်အလွန်အရေးကြီးသည်၊ ဗုဒ္ဓသည်ကိလေသာကိုပယ်စွန့်နိုင်ရန်အတွက် ဒေသနာအမျိုး မျိုး ကို ဟောကြားတော်မူခဲ့သည်၊ ယင်း ပယ်စွန့်မှုကို ပဟာန - ပဟာန်ဟုခေါ်သည်၊ ထိုပဟာန်တို့သည် (၁) ဝိတိက္ကမပဟာန် ကိုယ်ထိလက်ရောက်ဖြစ်ပေါ်လာသောကိလေသာတို့ကို ပယ်စွန့်ခြင်း (၂) ပရိယုဋ္ဌာနပဟာန် ထကြွသောင်း ကျန်း လာသောကိလေသာတို့ကိုပယ်စွန့်ခြင်း ၊ (၃) အနုသယပဟာန် ကိုယ်တွင်း ၌ကိန်း အောင်း နေသော ကိလေသာကိုပယ်စွန့်ခြင်း ဟု ၃ မျိုး ရှိကြသည်၊ အမှန်စင်စစ်အား ဖြင့်ပဟာန်ဆို

သည်မှာ ကိလေသာတရားဆိုးတို့ကိုပယ်စွန့်ခြင်းပင်ဖြစ်သည်၊ လွန်ကျူးသည့်အဆင့်သို့ရောက်လာသော ကိလေသာကိုပယ်စွန့်ခြင်းသည် ဝိတိက္ကမပဟာန်ဖြစ်သည်၊ လွန်ကျူးသည့်အဆင့်သို့မရောက်သေးဘဲ ထကြွသောင်းကျန်းမှုအဆင့်သို့ရောက်လာသောကိလေသာကိုပယ်စွန့်ခြင်းသည်၊ ပရိယုဋ္ဌာနပဟာန်ဖြစ်သည်၊ ယင်းအဆင့်သို့မရောက်သေးဘဲ ရှိမှန်းမျှမသိရအောင်ကိုယ်တွင်းငုပ်ကိန်းအောင်းနေသောကိလေသာကိုပယ်စွန့်ခြင်းသည် အနုသယပဟာန်ဖြစ်သည်။

ယင်းပဟာန် - ၃ - မျိုးတို့နှင့်ပိဋကတ်သုံးပုံကိုယှဉ်စပ်လျှင် ဝိနည်းပိဋကတ်၌ ပဓာနအားဖြင့်ဝိတိက္ကမပဟာန်ကိုဟောကြားတော်မူခဲ့သည်၊ သုတ္တန်ပိဋကတ်၌ ပရိယုဋ္ဌာနပဟာန်ကိုပဓာနအားဖြင့် ဟောကြားတော်မူခဲ့သည်၊ အဘိဓမ္မာပိဋကတ်၌ပဓာနအားဖြင့်အနုသယပဟာန်ကိုဟောကြားတော်မူခဲ့သည်၊ တနည်းအားဖြင့်ဆိုလျှင်ဝိတိက္ကမပဟာန်အတွက်ဝိနည်းပိဋကတ်ကိုဟောတော်မူခဲ့သည်၊ ပရိယုဋ္ဌာနပဟာန်အတွက်သုတ္တန်ပိဋကတ်ကိုဟောတော်မူခဲ့သည်၊ အနုသယပဟာန်အတွက်အဘိဓမ္မာပိဋကတ်ကိုဟောတော်မူခဲ့သည်။

ဤသို့သိက္ခာ - ၃ - ပါး၊ ပဟာန် - ၃ - ပါးတို့ဖြင့်ပိဋကတ် - ၃ - ပုံကိုခွဲခြားဝေဖန်၍ပြဆိုခြင်းသည်ပိဋကတ်တခုလုံးကိုခြုံငုံ၍အမှတ်အသားလွယ်အောင်ပြဆိုခြင်းသာဖြစ်သည်၊ အနှစ်ချုပ်ကိုထုတ်၍ခွဲခြားပြဆိုခြင်းသာဖြစ်သည်၊ အမှန်စစ်စစ်အားဖြင့်သုတ်တခုခုမှာပင်ယင်းသိက္ခာ - ၃ - ပါး၊ ပဟာန် - ၃ - ပါးတို့ကိုအပြည့်အစုံဟောကြားထားသည်ကိုလည်းအများပင်တွေ့မြင်နိုင်ပေသည်။

## ၃။ ``သီလက္ခန္ဓဝဂ္ဂပါဠိ``

သီလက္ခန္ဓဝဂ္ဂပါဠိကျမ်းဂန်နှင့်စပ်လျဉ်း၍ယင်းသီလက္ခန္ဓဝဂ္ဂပါဠိအပါအဝင် ဗုဒ္ဓဒေသနာများအကြောင်းကိုအတော်အသင့်ပြည့်စုံအောင်ဖော်ပြခဲ့ပြီးဖြစ်သည်၊ ယခုအင်္ဂလိပ်ဘာသာပြန်ဆိုမည့် သီလက္ခန္ဓဝဂ္ဂပါဠိကျမ်းဂန်အကြောင်းကိုဖော်ပြရန်အနည်းငယ်ကျန်ရှိနေပေသေးသည်။

ဤသီလက္ခန္ဓဝဂ္ဂပါဠိသည်အထက်တွင်ဖော်ပြခဲ့သောဗုဒ္ဓဒေသနာတို့တွင် ဓမ္မဝိနယ - ဟုနှစ်မျိုးခွဲခြားရာ၌ ဓမ္မ - တွင်ပါဝင်သည်၊ သုတ်ဝိနည်းအဘိဓမ္မာဟုပိဋကတ်အားဖြင့် - ၃ - မျိုးခွဲခြားရာ၌သုတ္တန္တပိဋကတ်တွင်ပါဝင်သည်၊ သင်္ဂါယနာဆရာတို့၏အစီအစဉ်အရဆိုလျှင်၎င်းသီလက္ခန္ဓဝဂ္ဂပါဠိသည်၊ သုတ္တန်ပိဋကတ်၏အစဦးကျမ်းဖြစ်သည်၊ နိကာယ်အားဖြင့် - ၅ - မျိုးခွဲခြားရာတွင် ဒီဃနိကာယ်၌ပါဝင်သည်၊ ယင်းဒီဃနိကာယ် - ၃ - ကျမ်းတွင်လည်းပထမကျမ်းဖြစ်သည်၊ သုတ္တ ဂေယျ စသည်ဖြင့်အင်္ဂါ - ၉ - တန်ခွဲခြားရာ၌သုတ်အမည်ရသည်ဖြစ်၍သုတ္တ - ဟူသောအစိတ်အပိုင်းတွင်ပါဝင်သည်။

အာဏာဒေသနာ ဝေါဟာရဒေသနာ ပရမတ္ထဒေသနာဟူသော ဒေသနာ-၃-မျိုးတွင် ဝေါဟာရဒေသနာမျိုးဖြစ်သည်၊ ဝေါဟာရဒေသနာ အစုတွင်ပါဝင်သည်။

ယထာပရာဓသာသနာ ယထာနုလောမသာသနာ ယထာဓမ္မသာသနာ-ဟူသောသာသနာ-၃-မျိုးတွင် ယထာနုလောမသာသနာမျိုးဖြစ်သည်၊ ယထာနုလောမသာသနာအစုတွင်ပါဝင်သည်။

သံဝရာသံဝရကထာ ဒိဋ္ဌိဝိနိဝေဌနကထာ နာမရူပပရိစ္ဆေဒကထာ ဟူသောကထာ-၃-မျိုးတွင် ဒိဋ္ဌိဝိနိဝေဌနကထာဖြစ်သည်၊ ဒိဋ္ဌိဝိနိဝေဌနကထာအစုတွင်ပါဝင်သည်။

## ကျမ်း၏အဓိပ္ပါယ်

သီလက္ခန္ဓဝဂ္ဂဟူသောစကား၌ သီလက္ခန္ဓသည် သီလအစုဟုအဓိပ္ပါယ်ရှိသည်၊ ဝဂ္ဂ-သည်အစုသေး အစုခွဲဟုအဓိပ္ပါယ်ရှိသည်၊ သီလက္ခန္ဓဝဂ္ဂဟုပေါင်းစပ်လိုက်သော အခါ၌ကား သီလအစုနှင့်ပတ်သက်သောသုတ်ဒေသနာအစုသေး အစုခွဲဟုအဓိပ္ပါယ်ရှိသည်။

ဗုဒ္ဓ၏တရားဒေသနာများကိုသီလ သမာဓိ ပညာအားဖြင့်-၃-မျိုးခွဲနိုင်သည်၊ ယင်းသို့-၃-မျိုးခွဲလိုက်သောအခါ သီလနှင့်ပတ်သက်သောတရား ဒေသနာများကို သီလက္ခန္ဓဒေသနာဟုဆိုရသည်၊ သမာဓိနှင့်ပတ်သက်သော တရားဒေသနာစုကိုသမာဓိက္ခန္ဓဒေသနာဟုဆိုရသည်၊ ပညာနှင့်ပတ်သက်သော တရားဒေသနာစုကိုပညာက္ခန္ဓဒေသနာဟုခေါ်ရသည်၊ သို့ရာတွင်ဗုဒ္ဓသည်သီလကို သာသီလကထာဟုသီးခြားဟောလေ့ရှိပြီး သမာဓိပညာတို့ကိုကား သမာဓိကထာ ပညာကထာဟုဆိုရလောက်အောင်တသီးတခြားဟောလေ့မရှိ၊ သီလနှင့်တွဲစပ်၍ သာ သမာဓိပညာတို့ကိုဟောလေ့ရှိသည်၊ ထို့ကြောင့်ပိဋကတ်ပါဠိကျမ်းဂန်တို့တွင် သီလက္ခန္ဓဝဂ်ဟုသာပါဠိကျမ်းဂန်သီးခြားရှိသည်၊ သမာဓိက္ခန္ဓဝဂ် ပညာက္ခန္ဓဝဂ် ဟုသီးခြားပါဠိကျမ်းဂန်မရှိဖြစ်နေသည်၊ ပါဠိကျမ်းဂန်မရှိရုံသာမဟုတ်၊ ဝဂ် သီးခြားလည်းမရှိပေ။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သင်္ဂါယနာတင်ဆရာတို့သည်ဗုဒ္ဓဒေသနာ တို့တွင်အရှည်လျားဆုံးဖြစ်သော သုတ္တန်ဒေသနာ ၃၄ သုတ်တို့ကို ဒီဃနိကာယ-ဒီဃနိကာယ် (သုတ်ရှည်၊ အစုအပေါင်း) ဟုသတ်မှတ်တော်မူကြပြီး ယင်းသုတ်ပေါင်း ၃၄ သုတ်တို့တွင် သီလအစုဟူသော သီလက္ခန္ဓကို အဓိကထား၍ဟောကြားတော် မူခဲ့သောသုတ်ပေါင်း ၁၃ သုတ်တို့ကိုတဝဂ်တစုထား၍ သီလက္ခန္ဓဝဂ္ဂဟုသတ်မှတ်တော် မူခဲ့ကြသည်၊ အခြားကြီးကျယ်ခမ်းနားသောသုတ်ပေါင်း ၁၀ သုတ်တို့ကို မဟာဝဂ္ဂ မဟာဝဂ် (ဝဂ်ကြီး-အစုကြီး) ဟုသတ်မှတ်တော်မူခဲ့ကြသည်၊ ကျန်သုတ်ပေါင်း ၁၁ သုတ်တို့ကိုကား အစသုတ်၏အမည်ကိုအစွဲပြု၍ ပါထိကဝဂ္ဂ ပါထိကဝဂ် (ပါထိကသုတ်

စ သော ဝဂ် ) ဟုသတ်မှတ် တော်မူခဲ့ကြသည်၊ ဤသို့ဖြင့် ဒီဃနိကာယ်ကို သီလက္ခန္ဓဝဂ္ဂ မဟာဝဂ္ဂ ပါထိကဝဂ္ဂ ဟု ဝဂ် ၃ ဝဂ် ထား၍အမည် ၃မျိုး တပ် တော်မူခဲ့ကြသည်၊ ယင်း အမည်အရပဲ ဒီဃနိကာယ်၌ကျမ်း ၃ကျမ်း ပါဝင်သည်ဟု ရေတွက်ကြရသည်၊ ဒီဃနိကာယ် ၃ ကျမ်း ဟုအမည်တွင်လာသည်၊ ယင်း ဒီဃနိကာယ် ၃ ကျမ်း တွင်ဤသီလက္ခန္ဓဝဂ်ပါဠိကား ရှေး ဦး ကျမ်း ဖြစ်သည်၊ ပိဋကတ်သုံး ပုံ၏ ရှေး ဦး ကျမ်း လည်း ဖြစ်သည်။

## ၄။ ပါဝင် သော ဒေသနာများ

ဤသီလက္ခန္ဓဝဂ္ဂပါဠိကိုသီလအစုနှင့်ပတ်သက် သော ဒေသနာအစု ဟု ဆို အဓိပ္ပါယ်ဖြင့် သီလက္ခန္ဓဝဂ်ဟုအမည်တပ်ထား သော်လည်း ဤပါဠိကျမ်း ဂန်တွင် သီလအစုနှင့်ပတ်သက် သောတရား ဒေသနာချည်း သာပါရှိသည်ကား မဟုတ်၊ ၆၂ ပါး သော ဒိဋ္ဌိစ သောအခြား သိမှတ်စရာတရား ဒေသနာများ လည်းပါရှိ နေကြသည်၊ ယင်း သို့အခြား တရား ဒေသနာများ လည်း ပါရှိ နေပါလျက် သီလက္ခန္ဓဝဂ်ဟုသာအမည်တပ်သည်မှာ ဃေဘုယျအား ဖြင့်အဓိကကျ သောတရား ဒေသနာကို ထောက်ထား ၍အမည်တပ်ခြင်း သာဖြစ်သည်။

ဤသီလက္ခန္ဓဝဂ္ဂပါဠိတွင် သုတ် ပေါင်း ၁၃ သုတ်၊ တရား ဒေသနာ ပေါင်း ၁၃ ပုဒ်ပါရှိသည်၊ သုတ်တသုတ်သည်တရား ဒေသနာတပုဒ်ပင်ဖြစ်သည်၊ ယင်း သုတ် ပေါင်း ၁၃ သုတ်တို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်၊

၁၊ ဗြဟ္မဇာလသုတ် -

= စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလ ဟု သော သီလများ
= ဒွါသဋ္ဌိဒိဋ္ဌိ ခေါ် ၆၂ ပါး သော မိစ္ဆာဒိဋ္ဌိများ
= သဗ္ဗညုတာဉာဏ် တော်

၂၊ သာမညဖလသုတ်

= အဇာတသတ်မင်း နှင့်ဗုဒ္ဓ
= တိတ္ထိဆရာကြီး ၆ ယောက်တို့၏ ဝါဒများ
= စူဠသီလ၊ မဇ္ဈိမသီလ၊ မဟာသီလ
= ရူပာနိသမာပတ် ၄ ပါး
= အဘိညာဉ် ၆ ပါး
= အာသဝက္ခယဉာဏ်

၃၊ အမ္ဗဋ္ဌသုတ်

= သာကီဝင်သမိုင်း
= ကဏှာယနအနွယ်
= အမျိုး ဇာတ် ၄ ပါး ပြဿနာ
= ဝိဇ္ဇာစရဏတရား များ

၄။ သောတာဒဏ္ဍသုတ်

=ပြဟ္မဇာအင်္ဂါ ၅ - ပါး

=သီလနှင့်ပညာ

=ရှာန်အဘိညာဉ်မဂ်ဖိုလ်

၅။ ကူဋဒန္တသုတ်

= ရှေး ကယဇ်ပူဇော်ပုံ

=ယဇ်၏အခြံအရံအကြောင်း ၁၆ - ပါး

=သီလ သမာဓိ ပညာ

၆။ မဟာလိသုတ်

= ဒိဗ္ဗစက္ခု ဒိဗ္ဗသောတအဘိညာဉ် ၂ - ပါး

= ဗုဒ္ဓသာဝကတို့၏ရည်မှန်းချက်

=အသက်နှင့်ကိုယ်ပြဿနာ

၇။ ဇာလိယသုတ်

=အသက်နှင့် ကိုယ်ပြဿနာ

= ဗုဒ္ဓအဖြေ ( သီလ သမာဓိ ပညာ )

၈။ မဟာသီဟနာဒသုတ်

=အစေလကတက္ကတွန်း နှင့်ဗုဒ္ဓ

= ဗုဒ္ဓနှင့်ကန္တာပညာရှိများ

=တက္ကတွန်း တို့၏ပြင်း ထန် သောအကျင့်များ

=သီလ သမာဓိ ပညာ

= ဗုဒ္ဓ၏ခြင်္သေ့ ဟောက်ကြီး ဝါး သံ

၉။ ပေါဋ္ဌပါဒသုတ်

=အဘိသညာနိရောဓပြဿနာ

= ဗုဒ္ဓမ ဟောလိုသည့်တရား မျိုး

= ဗုဒ္ဓ ဟောကြား သည့်တရား မျိုး

=သီလ သမာဓိ ပညာ

= ဗုဒ္ဓဝါဒ၊ ဗုဒ္ဓရည်ရွယ်ချက်

၁၀။ သုဘသုတ်

=သီလ - စူဠသီလ မဇ္ဈိမသီလ မဟာသီလ

=သမာဓိ - ဣန္ဒြိယသံဝရသီလ သတိပဋ္ဌာဉ် သန္တောသ ဈာန် ၄ - ပါး

=ပညာ - ဝိပဿနာဉာဏ်စသော ဉာဏ် ၁၀ - ပါး

၁၁။ ကေဝဋ္ဋသုတ်

=ပြာဋိဟာ ၃-မျိုး

=ထူးဆန်းလှသော ဂန္ဓာရီဝိဇ္ဇာနှင့်မဏိကဝိဇ္ဇာ

=ဗုဒ္ဓလိုလားသော ပြာဋိဟာ=သီလ သမာဓိ ပညာ

=မဟာဘုတ် ၄-ပါး ချုပ်ငြိမ်း ရာကိုရှာသော ရဟန်း

=နိဗ္ဗာန်တရားတော်

၁၂။ လောဟိစ္စသုတ်

=ဆရာ ၄-မျိုး နှင့်ဗုဒ္ဓ

=လောဟိစ္စပုဏ္ဏား၏ထူးဆန်းသောအယူဝါဒ

=မကဲ့ရဲ့ထိုက်သောဆရာ ဗုဒ္ဓ၊ သီလ သမာဓိ ပညာ

၁၃။ တေဝိဇ္ဇသုတ်

=ဗြဟ္မာ့လမ်း စဉ်ပြဿနာ

=ဗြာဟ္မဏဝါဒကိုနှိပ်သော ဗုဒ္ဓ၏ဥပမာ ၇ မျိုး

=ဗြာဟ္မဏဝါဒကိုဖြိုခွဲခြင်း

=ဗုဒ္ဓဝါဒကို ဟောကြားခြင်း =သီလ သမာဓိ ပညာ

၅။ ``<u>သီလက္ခန္ဓဝဂ္ဂပါဠိအညွှန်း</u>

ဗုဒ္ဓဒေသနာ ပိဋကတ်ကျမ်း စာအမည်တို့သည် စာဖတ်ပရိသတ် စိတ်ဝင်စားဘွယ်ဖြစ်အောင်မှည့်ခေါ်ထားသော အမည်များ မဟုတ်ကြ၊ ဒေသနာအစီအစဉ်အရသော်၎င်း၊ ပါဝင်သောအကြောင်းအရာအရသော်၎င်း၊ ဒေသနာခံပုဂ္ဂိုလ်တို့၏အမည်အရသော်၎င်း၊ စသည်ဖြင့်ခေါ်ဝေါ်လွယ်အောင် မှည့်ခေါ်ထားသောအမည်များသာဖြစ်ကြသည်၊ သို့ဖြင့် ဗုဒ္ဓဝါဒနှင့်မရင်းနှီးသေးသောသူများအဖို့ ပိဋကတ်ကျမ်းဂန်အမည်တို့ကို ကြည့်ရုံမျှဖြင့် ပိဋကတ်ကျမ်းစာတို့ကို ဖတ်ရှုလေ့လာချင်စိတ်ဖြစ်ပေါ်ရန်ခဲယဉ်းသည်၊ ဗုဒ္ဓဒေသနာ ပိဋကတ်ကျမ်း စာအမည်တို့ကိုကြည့်လိုက်လျှင်စိတ်ဝင်စားဘွယ်မရှိ၊ ပျင်းရိငြီးငွေ့ဘွယ်ရာများသာဖြစ်ကြသည်ဟုထင်မှတ်တတ်ကြသည်၊ အမှန်အားဖြင့် ဗုဒ္ဓဒေသနာ ပိဋကတ်ကျမ်း စာတို့သည်လူ့ဘဝ၏ တကယ့်အနှစ်သာရနှင့်ပြည့်စုံသောကျမ်းစာတို့သာဖြစ်ကြသည်၊ လူ့ဘဝကို သဘာဝကျကျ ဝေဖန်သုံးသပ်ထားသောကျမ်းစာတို့သာဖြစ်ကြသည်၊ မိမိ၏ လာဘ်ပူဇော်သကာအကျော်အစောအတွက် သတ္တဝါတို့အကြိုက်သို့လိုက်၍ လောဘ ဒေါသတို့ကို မီးလောင်လေပင့်လုပ်သောကျမ်းစာမျိုး ကား မဟုတ်ကြ၊ သတ္တဝါတို့အကျိုး ကျေးဇူး အတွက် သဘာဝအမှန်ကို အမှန်အတိုင်း ပြဆိုသောကျမ်းစာတို့သာဖြစ်ကြသည်။

ထို့ကြောင့် ဤသီလက္ခန္ဓဝဂ္ဂပါဠိ၏ စိတ်ဝင်စားဖွယ်ရာကောင်းသောအကြောင်းအရာတို့ကို စာဖတ်သူများ အလွယ်တကူ တင်ကြိုသိရှိနိုင်ကြစေရန်အညွှန်းသဘောဖြင့်အနည်းငယ်တင်ပြလိုပေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဤကျမ်းကို သီလက္ခန္ဓဝဂ္ဂ ဟုအမည်တပ်ထားသော်လည်း ဤကျမ်းတွင် သီလက္ခန္ဓ ခေါ် သီလအစုလည်း အဓိကအားဖြင့်ပါဝင်သည်၊ သမာဓိက္ခန္ဓ ခေါ် သမာဓိအစုလည်း ပါဝင်သည်၊ ပညာက္ခန္ဓ ခေါ် ပညာအစုလည်း ပါဝင်သည်၊ အချုပ်အားဖြင့်ဆိုသော် ဤသီလက္ခန္ဓဝဂ္ဂပါဠိတွင် သီလလည်း ပါဝင်သည်၊ သမာဓိလည်း ပါဝင်သည်၊ ပညာလည်း ပါဝင်သည်။

## သီလ

အများအားဖြင့် သီလဟု ဆိုလိုက်လျှင် လူတို့ကျင့်သုံးရန် ဗုဒ္ဓက ပညတ်ထားသော သိက္ခာပုဒ်များ ဟုနားလည်နေကြသည်၊ အမှန်အားဖြင့် သီလသည် ဗုဒ္ဓက တမင်လာပညတ်ထားသော သိက္ခာပုဒ်မဟုတ်၊ လူတိုင်းတွင်ရှိသင့်သောကိုယ်ကျင့်တရားသာဖြစ်သည်၊ ကောင်းကျိုးချမ်းသာကိုလိုလားသူတိုင်း မိမိအင်အားအလျောက် တတ်နိုင်သမျှ ပြုကျင့်ရသော ကိုယ်ကျင့်တရားသာဖြစ်သည်၊ ယင်းကိုယ်ကျင့်တရားသည် မုသားမဆိုခြင်းစသော သာမန်လူသားတိုင်းကျင့်ရသော ကိုယ်ကျင့်တရားမှ ဘုရား ရဟန္တာ အရိယာတို့ကျင့်ရသော ကိုယ်ကျင့်တရားအထိအဆင့်ဆင့်ရှိပြီး များစွာကျယ်ဝန်းများပြားသည်၊ အမှန်အားဖြင့်ကိုယ်ကျင့်တရား၏အကျိုးကျေးဇူးကိုသိလေလေ၊ တိုး၍တိုး၍ ကျင့်လေလေဖြစ်သည်။

ဤသီလက္ခန္ဓဝဂ္ဂပါဠိတွင် ဗုဒ္ဓသည် ဗုဒ္ဓသာသနာ၌ကျင့်သုံးကြသော သီလအကျင့်တို့ကို အငယ် အလတ် အကြီး ဟု ၃-မျိုး ၃-စား ထား၍၊ အပြည့်အစုံ ဟောကြားတော်မူခဲ့သည်၊ ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကများ မည်သို့သောအကျင့်သီလနှင့် ပြည့်စုံခဲ့ကြသနည်း ဟုသိလိုလျှင် ဤသီလက္ခန္ဓဝဂ္ဂပါဠိကို ဖတ်ရှုလေ့လာရလိမ့်မည်၊ သို့မှလည်း ဗုဒ္ဓသာသနာ၌ကျင့်သုံးကြသောအကျင့်သီလအပြည့်အစုံကို သိနိုင်ကြလိမ့်မည်၊ ဗုဒ္ဓသာသနာ၌ကျင့်သုံးကြသောအကျင့်သီလအကြောင်းကို ကောင်းကောင်းသဘောပေါက်နိုင်ကြလိမ့်မည်။

တိရစ္ဆာန်ကအစ လူတို့ရရှိခံစားနေကြသော လောက၏ ချမ်းသာသုခထက် သာလွန်သောချမ်းသာသုခမျိုးကို လိုလားတောင့်တလျှင် ဤအကျင့်သီလကို အခြေခံရလိမ့်မည်၊ အကျင့်သီလမရှိလျှင် သို့မဟုတ် အကျင့်မကောင်းလျှင် အဆိုပါချမ်းသာမျိုးကိုမဆိုထားဘိ၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်မျိုးကိုပင်မရနိုင်သည်မှာ အများအသိပင်ဖြစ်သည်၊ လောကအသက်မွေးဝမ်းကျောင်းအလုပ်အကိုင်တခုအတွက်ပင် အကျင့်သီလကို လိုအပ်လျှင် သည့်ထက်ကြီးကျယ်

သော လောကချမ်းသာအတွက်၊ သည့်ထက်အဆင့်အတန်း မြင့်သောအကျင့်သီလကို လိုအပ်သည်မှာ ထင်ရှားသည်၊ လောကချမ်းသာထက် သာလွန်သောချမ်းသာ သုခမျိုးကို လိုလားတောင့်တသူတို့အတွက်မူ လောကလူသားတို့တွင်ရှိအပ်သော အကျင့်သီလထက် သာလွန်သည့်အကျင့်သီလ ရှိဖို့လိုအပ်သည်၊ ဗုဒ္ဓနှင့်ဗုဒ္ဓသာဝက တို့ကား လောကချမ်းသာကို ကျော်လွန်၍ မွန်မြတ်လှသောချမ်းသာသုခမျိုး ကို လိုလားတောင့်တသူ သို့မဟုတ် ရရှိခံစားရသူများ ဖြစ်တော်မူကြသည်၊ ထို့ကြောင့် လောကလူသားတို့တွင်ရှိအပ်သောအကျင့်သီလထက်အဆ ပေါင်းများစွာ သာလွန်သောအကျင့်သီလနှင့်ပြည့်စုံတော်မူကြသည်၊ ယင်းသို့ပြည့်စုံသောကြောင့်သာ လောကချမ်းသာထက် အဆများစွာသာလွန်သော မွန်မြတ်သောချမ်းသာ သုခမျိုးကို ရရှိတော်မူကြသည်။

ထို့ကြောင့်ဗုဒ္ဓသည် တရားဓမ္မ ဟောကြားဆုံးမတော်မူရာ၌ ယေဘုယျအားဖြင့်အကျင့်သီလကို အခြေခံ၍ ဟောကြားလေ့ရှိပေသည်၊ ဤသီလက္ခန္ဓဝဂ္ဂပါဠိကိုကြည့်လျှင် သုတ်ပေါင်း ၁၃-သုတ်၊ တရားပွဲကြီး ၁၃-ပွဲတို့၌ အကျင့်သီလမပါသောသုတ်၊ အကျင့်သီလကို မဟောသောတရားပွဲဟူ၍တခုမျှ မရှိ၊ သုတ် ၁၃-သုတ်စလုံး၌ပင် အကျင့်သီလကို ရှေးဖျားတင်၍ ဟောကြားတော်မူခဲ့သည်ကို တွေ့မြင်နိုင်သည်။

ယင်းအကျင့်သီလတို့ကား ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကများ မကျိုးမပေါက် မပြောက်မကျားအောင် ကျင့်သုံးတော်မူခဲ့ကြသော အကျင့်သီလများသာဖြစ်ကြသည်၊ စာပေကျမ်းဂန်၌သာရှိသော၊ မည်သူမျှမကျင့်သုံးနိုင်သောအကျင့်သီလများလည်း မဟုတ်ကြ၊ တဆင့်စကားကိုကြားနာ၍ ဟောကြားသောအကျင့်သီလများလည်း မဟုတ်ကြကုန်၊ ဗုဒ္ဓသည်တရားဟောရာ၌မသေချာ မရေရာသောတရားမျိုးကိုမဟော၊ ကိုယ်တိုင်ဒိဋ္ဌသိမြင်၍သာ သိမြင်သည့်အတိုင်းဟုတ်တိုင်းမှန်စွာ ဟောသည်ဟု မကြာခဏ မိန့်မြွက်တော်မူခဲ့သည်။

ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကတို့ကို အကဲခတ်လိုသူတို့သည် ဤအကျင့်သီလများဖြင့် အကဲခတ်နိုင်ကြသည်၊ ဗုဒ္ဓနှင့်သာဝကများ ကျင့်သုံးတော်မူခဲ့ကြသော ယင်းအကျင့်သီလများကို လေ့လာလိုလျှင် ဤသီလက္ခန္ဓဝဂ္ဂပါဠိကို လေ့လာမှသာ အပြည့်အစုံသိနိုင်ကြလိမ့်မည်၊ တနည်းအားဖြင့်ဆိုလျှင် ဤသီလက္ခန္ဓဝဂ္ဂပါဠိကို လေ့လာသူတို့သာ ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကတို့ ကျင့်သုံးတော်မူခဲ့ကြသော အကျင့်သီလတို့ကို အပြည့်အစုံသိမြင်နိုင်ကြသည်၊ ထို့ကြောင့်လည်း ဤသုတ်ပေါင်း ၁၃-သုတ်အစုကို သီလက္ခန္ဓဝဂ္ဂ-သီလအစုနှင့်ပတ်သက်သော သုတ်ဒေသနာစုဟု သင်္ဂါယနာဆရာတို့က အမည်တပ်တော်မူခဲ့ကြသည်။

<u>သမာဓိ</u>

သီလ သမာဓိ ပညာ၊ သို့မဟုတ်၊ သီလက္ခန္ဓ သမာဓိက္ခန္ဓ ပညာက္ခန္ဓ ဟူသောစကား၌ သမာဓိကား ဈာန်သမာပတ်ဟု အဓိပ္ပါယ်ရှိသည်၊ ဗုဒ္ဓသည် ဈာန်သမာပတ်တို့ကို သမာဓိတရား ဟူ၍၎င်း ၊ သမာဓိက္ခန္ဓတရား ဟူ၍၎င်း အမည်တပ်၍ ဟောကြား တော်မူခဲ့သည်။

ဤသမာဓိတရား သည်လည်း ဗုဒ္ဓနှင့်ဗုဒ္ဓသာဝက တို့ရရှိခံစား တော်မူခဲ့ကြသော မွန်မြတ်သောချမ်းသာသုခများ ပင်ဖြစ်ကြသည်၊ ယင်း ချမ်းသာသုခတို့ကား လောကလူသား တို့သာမန်အားဖြင့် ကျင့်ကြံပြုလုပ်ကြသော ကုသိုလ်ကောင်းမှုတရား တို့ထက် သာလွန်မြင့်မြတ်သော ကောင်းမှုကုသိုလ်တရား မျိုး ဖြစ်၍၊ ဥတ္တရိ မနုဿဓမ္မဟု ခေါ်သည်၊ လောကလူသား တို့ခံစားကြသော ကာမဂုဏ်ချမ်းသာထက် သာလွန်မြင့်မြတ်သောချမ်းသာသုခဖြစ်၍ ဈာန်ချမ်းသာဟုလည်း ခေါ်သည်၊ ယင်း သမာဓိတရား မျိုး ကို လေ့လာအကဲခတ်လိုလျှင်လည်း ဤသီလက္ခန္ဓဝဂ္ဂပါဠိကိုပင် လေ့လာနိုင်ကြသည်၊ ဤသီလက္ခန္ဓဝဂ္ဂပါဠိတွင် ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့ ရရှိခံစား တော်မူခဲ့ကြသောယင်း သမာဓိတရား မျိုး လည်း အပြည့်အစုံပါရှိသည်၊ ဗုဒ္ဓသည်အခြေခံဖြစ်သော သီလဂုဏ်ကို ဟော တော်မူလျှင် သီလဂုဏ်တွင် ရပ်တည်၍ကျင့်သုံး မှသာ ရနိုင်သော ဤသမာဓိတရား သမာဓိဂုဏ်ကိုလည်း တဆက်တည်း ဟောကြား လေ့ရှိသည်၊ သို့ဖြင့် ဤသီလက္ခန္ဓဝဂ်သုတ်ဒေသနာများ တွင် သမာဓိတရား များ လည်း အပြည့်အစုံပါရှိ နေကြသည်။

သမာဓိ ကား အဓိပ္ပါယ်လည်း ကျယ်ဝန်း သည်၊ သိမ်လည်း သိမ်မွေ့သည်၊ သမာဓိသည် စိတ်၏တည်ငြိမ်ခြင်း ဟုအဓိပ္ပါယ်ရှိသဖြင့် အဆိုး အကောင်း နှစ်မျိုး လုံး နှင့် သက်ဆိုင်သည်၊ သို့ရာတွင် မကောင်း သော ဒုစရိုက်အာရုံ၌စိတ်တည်ငြိမ်ခြင်း၊ ထိုအာရုံ၌သာစိတ်ကိုထား ခြင်း ဟူသောသမာဓိကို မိစ္ဆာသမာဓိဟု ခေါ်သည်၊ ကောင်း သောအာရုံ၌စိတ်တည်ငြိမ်ခြင်း ၊ ထိုအာရုံ၌သာစိတ်ကိုထား ခြင်း ဟူသော သမာဓိကို သမ္မာသမာဓိဟု ခေါ်သည်၊ ယင်း သမ္မာသမာဓိ တွင်လည်း ဒါနအရာ သီလအရာ တို့၌ဖြစ်သော သမာဓိ၊ ဈာန်သမာပတ်အရာ၌ဖြစ်သော သမာဓိ၊ မဂ်ဖိုလ်အရာ၌ဖြစ်သော သမာဓိစသည်ဖြင့်အဆင့် အမျိုးမျိုး ရှိသည်၊ ယင်း သမာဓိတို့တွင် ဒါနအရာ သီလအရာ တို့၌ဖြစ်သော သမာဓိကား ရှေ့သွား ခေါင်းဆောင်မဟုတ်၊ စေတနာ၏အဖော်သဟဲသာဖြစ်၍၊ သမာဓိ၏အမည်မှာ မထင်ရှား တော့ဘဲ ကုသိုလ်စသည်ဖြင့် အခြား အမည် ကသာ ထင်ရှား သည်၊ မဂ်ဖိုလ်အရာ၌လည်းသမာဓိမှာ ပညာ၏အဖော်သဟဲသာ ဖြစ်၍၊ သမာဓိ၏အမည်မှာ မထင်ရှား တော့ဘဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟု ပညာအမည်ကသာထင်ရှား သည်၊ ဤဈာန်သမာပတ်အရာ၌ကား သမာဓိကသာ ခေါင်းဆောင်ဖြစ်၍၊ သမာဓိ၏အမည်အထူး ထင်ရှား သည်၊ ယင်း ဈာန်သမာပတ်

တို့ကို အခြား အမည်ဖြင့်မခေါ်ဘဲ သမာဓိအမည်ဖြင့် ခေါ်ဝေါ် ဟောကြားတော်မူခဲ့သည်၊ အမှန်အားဖြင့်လည်း ယင်း ဈာန်သမာဓိတို့သာ သမာဓိအရာတွင် အထွတ်အထိပ်များ ဖြစ်ကြသည်။

ယင်း သမာဓိတရားကိုပင် ယခုအခါ ဈာန်ဟု ခေါ်ကြသည်၊ ဈာန်ဆိုလျှင် မြေလျှိုး မိုးပျံ ရုပ်အမျိုးမျိုး ဖန်ဆင်းနိုင်သောတန်ခိုး ဟုနားလည်နေကြသည်၊ ပကတိ ကိုယ်ဖြင့်သာ ကောင်းကင်၌ သွားလာခြင်းမျိုး ကိုလည်း ဈာန်ပျံသည်ဟုပင် ခေါ်ဆိုကြသည်၊ အမှန်အားဖြင့်ဈာန်သက်သက်မျှဖြင့် ထိုတန်ခိုးတို့ကို ရရှိနိုင်သည်မဟုတ်၊ ဈာန်ပေါ်တွင်ထပ်ဆင့်၍ အဘိညာဉ်ကို ရမှသာ ယင်းတန်ခိုးတို့ကို ရနိုင်သည်၊ ယင်း အဘိညာဉ်ကိုကား ဤသီလ သမာဓိ ပညာ အရာ၌ ပညာတွင်သွင်းထားသည်၊ အဘိညာဉ်သည် ဉာဏ်အဓိကဖြစ်သောကြောင့် ပညာက္ခန္ဓ ခေါ် ပညာအစု၌ ပါဝင်သည်။

ဈာန်ဆိုသည်မှာ ဈာန-ဟူသော ပါဠိစကားကို ဈာန်ဟုမြန်မာမှုပြု၍ မွေးစားယူထားသောစကား ဖြစ်သည်၊ ဈာန-သည် ကသိုဏ်းနိမိတ်စသော အာရုံကို ကပ်၍ကြည့်ရှုခြင်း ၊ အတားအဆီး သဖွယ်ဖြစ်သော နီဝရဏတရားတို့ကို ရှို့မြိုက်ခြင်း ၊ သို့မဟုတ် ယင်းသို့ကပ်၍ ရှုတတ်သောတရား ၊ ရှို့မြိုက်တတ်သောတရား ဟုအဓိပ္ပါယ်ရှိသည်၊ သမထအာရုံတခုခု၌ငြိမ်သက်တည်ကြည်စွာ စူးစိုက်ကြည့်ရှုခြင်း ၊ ကြည့်ရှုတတ်သောတရား ဟုလည်း ဆိုနိုင်သည်၊ ယင်း ဈာန်တရားမှာ အဆင့် ၄-ဆင့်ရှိသောကြောင့် ဈာန် ၄-ပါး ဟု ဟောကြားတော်မူခဲ့သည်၊ ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့ဖြစ်ကြသည်။

ယင်း ဈာန်တရား၏တရားကိုယ်မှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တို့ပင်ဖြစ်ကြသည်။

ဝိတက် = ဝိတက္က (ပါဠိ) အာရုံသို့တင်ပေးခြင်း ၊ တက်ရောက်ခြင်း ၊
ကြံစည်ခြင်း

ဝိစာရ = ပါဠိ = အာရုံကို သုံးသပ်ဆင်ခြင်ခြင်း

ပီတိ = ပါဠိ = နှစ်သက်ဝမ်းမြောက်ခြင်း

သုခ = ပါဠိ = ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း

ဧကဂ္ဂတာ = ပါဠိ = တခုတည်းသောအာရုံ၌ရှိနေခြင်း ၊ တည်ငြိမ်ခြင်း၊
သမာဓိ၊

ဤဈာန်တရားကို၊ သို့မဟုတ်၊ ဈာန်အင်္ဂါ ၅-ပါးလုံး ရှိသောဈာန်ကို ပထမဈာန်ဟု ခေါ်သည်၊ ဝိတက်၊ ဝိစာရ နှစ်ပါးတို့ကို လွှတ်၍ ပီတိ သုခ ဧကဂ္ဂတာ ဤဈာန်အင်္ဂါ ၃-ပါး သာရှိသောဈာန်ကိုဒုတိယဈာန် ခေါ်သည်၊ ပီတိကိုလည်း စွန့်ခွာ၍ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါး သာရှိသော

ဈာန်ကို တတိယဈာန်ဟု ခေါ်သည်၊ သုခကို လွှတ်၍ ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါး သာရှိသော ဈာန်ကို စတုတ္ထဈာန် ခေါ်သည်၊ သုခနှင့် ဥပေက္ခာကား ချမ်းသာခြင်း၊ လျစ်လျူရှုခြင်း သဘောသာကွာသည်၊ ခံစားမှု ဝေဒနာ တရားချည်း ဖြစ်သည်။

ဤဈာန်အင်္ဂါ ၅-ပါး တို့တွင် ဝိတက်သည် တွေဝေငိုက်မျည်းခြင်း ထိနမိဒ္ဓနီဝရဏကို ပယ်ဖျောက်သည်၊ ဝိစာရသည် ယုံမှားတွေးတောခြင်း ဝိစိကိစ္ဆာနီဝရဏ ကိုပယ်ဖျောက်သည်၊ ပီတိသည် သူတပါး ကိုသတ်ဖြတ်ဖျက်ဆီးခြင်း ဒေါသ ဟူသောဗျာပါဒနီဝရဏကို ပယ်ဖျောက်သည်၊ သုခသည် စိတ်ပြန့်လွင့်ခြင်း နောင်တပူပန်ခြင်း ဟူသော ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏကို ပယ်ဖျောက်သည်၊ ဧကဂ္ဂတာဟုခေါ်သော သမာဓိသည် ကာမဂုဏ်ကို လိုလားနှစ်သက်ခြင်း၊ ကာမစ္ဆန္ဒနီဝရဏကို ပယ်ဖျောက်သည်၊ သို့ဖြင့် ဤဈာန်အင်္ဂါဈာန်တရားကိုယ်တို့နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ စိတ်သည် သန့်ရှင်းဖြူစင်၍တည်ငြိမ်သည်၊ ထို့ကြောင့် ပင် ယင်းတရား ၅-ပါး တို့ကို ဈာန်ဟုခေါ်ရသည်။

ဤဈာန်သမာဓိတရားတို့ကား ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကတို့ရရှိခံစားကြရသော မှန်မြတ်သော ချမ်းသာသုခတို့ဖြစ်ကြသည်၊ ယင်းဈာန်သမာဓိတို့ကား လောကီတရားများသာဖြစ်ကြသောကြောင့် ရှေးကဈာန်အဘိညာဉ်ရသော ရသေ့ရဟန်းများလည်း ခံစားခဲ့ကြရသည်၊ ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကများသာ ခံစားနိုင်သော အမြင့်ဆုံးချမ်းသာသုခများကား မဟုတ်ကြသေးပေ။

ဤမှန်မြတ်သော ဈာန်သမာဓိတရားတို့အကြောင်းကို လေ့လာလိုလျှင်လည်း ဤသီလက္ခန္ဓဝဂ္ဂပါဠိကိုပင် ကြည့်ရှုလေ့လာနိုင်ကြသည်၊ ဤသီလက္ခန္ဓဝဂ္ဂပါဠိတွင်ပါဝင်သော သုတ်ဒေသနာတို့တွင် သာမညဖလသုတ်စသည်တို့၌ ဤဈာန်သမာဓိတရားများအကြောင်းကို ဗုဒ္ဓကအပြည့်အစုံထည့်သွင်း ဟောကြားတော်မူခဲ့သည်။

ပညာ

သီလ သမာဓိ ပညာ အရာ၌ ပညာကား အဘိညာဉ်ဉာဏ်နှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုဆိုလိုသည်၊ ယင်းဉာဏ်တို့သာ အထွတ်အထိပ်ကျသော ပညာတို့ဖြစ်ကြသည်၊ ယင်းဉာဏ်ပညာတို့သာ ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကတို့လိုလားအပ်သော သို့မဟုတ်၊ ရရှိပိုင်ဆိုင်တော်မူကြသော ပညာတို့ဖြစ်ကြသည်၊ ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကတို့ကိုအကဲခတ်လေ့လာလိုလျှင်လည်း ယင်းပညာတို့ဖြင့်သာအကဲခတ်လေ့လာကြရသည်၊ တနည်းအားဖြင့်ဆိုလျှင်လည်း ယင်းပညာတို့သာ ဗုဒ္ဓဝါဒ၏အနှစ်သာရများ ဖြစ်ကြသည်။

ပညာ-ဟူသောစကားသည် ကွဲကွဲပြားပြား ရှင်းရှင်း လင်းလင်း ပြတ်ပြတ်သားသား သိတတ်သော တရားဟုအဓိပ္ပါယ်ရှိသည်၊ အမှန်ကိုသိတတ်ခြင်းဟု

အနက်ရှိသော ဉာဏ–ဉာဏ်ဟူသော စကားနှင့်အဓိပ္ပါယ်တူညီသည်၊ ဗုဒ္ဓသည် ယင်း ဉာဏ်ကိုပင် ဒဿန–နှင့်တွဲဖက်၍ ဉာဏဒဿန–ဉာဏ်အမြင်ဟုလည်း ဟောတော်မူခဲ့သည်၊ ရှေ့အစဉ်အလာသုံး စွဲထုံးသို့လိုက်၍ ဝိဇ္ဇာဟုလည်း ဟောတော်မူခဲ့သည်၊ ဝိဇ္ဇာသည်အမှန်ကိုသိတတ်သောတရား ဟုအဓိပ္ပါယ်ရှိသည်၊ ယင်း ကိုအကြောင်းပြု၍အမှန်ကိုသိရာသိကြောင်း ဖြစ်သော၊ ဗေဒင်စသောအတတ်ပညာကိုလည်း ဝိဇ္ဇာဟု ရှေးက ခေါ်ဝေါ်ခဲ့ကြသည်။

ပညာ၏သုံးစွဲထုံး မှာများ ဖွာကျယ်ဝန်း သည်၊ အသိပညာ၊ အတတ်ပညာဟူ၍၎င်း၊ လောကီပညာ လောကုတ္တရာပညာဟူ၍၎င်း၊ အရာဌာနသို့လိုက်၍ အမျိုးမျိုး ခေါ်ဝေါ်သုံးစွဲလေ့ရှိကြသည်၊ တိက္ခပညာ ဇဝနပညာ ဟာသပညာ စသည်ဖြင့်လည်း အစွမ်းသတ္တိကိုလိုက်၍အမျိုးမျိုး ပညတ်ခေါ်ဝေါ်ကြသည်၊ သို့ရာတွင်သီလက္ခန္ဓ သမာဓိက္ခန္ဓ ပညာက္ခန္ဓ ဟူသော ဤသီလသမာဓိ ပညာအရာ၌၊ ပညာကား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အဘိညာဉ်ဉာဏ်နှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကိုသာဆိုလိုသည်။

ယင်း ပညာက္ခန္ဓာ၌ ပါဝင်ကြသော အဘိညာဉ်တို့မှာ သာမညဖလသုတ်၌ ဗုဒ္ဓ ဟောတော်မူသည့် အစီအစဉ်အရဆိုသော် –

၁၊ မနောမယ အဘိညာဉ်–ကိုယ်တူရုပ်ခွဲ ဖန်ဆင်းနိုင်သော အဘိညာဉ်၊

၂၊ ဣဒ္ဓိဝိဓ– –တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော အဘိညာဉ်၊

၃၊ ဒိဗ္ဗသောတ– –နတ်နားကဲ့သို့ကြားနိုင်သော အဘိညာဉ်၊

၄၊ စေတောပရိယ– –သူတပါး၏စိတ်ကိုသိနိုင်သောအဘိညာဉ်၊

၅၊ ပုဗ္ဗေနိဝါသာနုဿတိ– –ရှေးဘဝခန္ဓာအစဉ်ကို အောက်မေ့သိရှိနိုင်သော အဘိညာဉ်၊

၆၊ စုတူပပါတ အဘိညာဉ်– –သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိနိုင်သော အဘိညာဉ်၊

ဤ ၆–ပါး တို့ဖြစ်ကြသည်၊ ယင်း ၆–ပါး တို့တွင် စုတူပပါတအဘိညာဉ်ကို ဒိဗ္ဗစက္ခု အဘိညာဉ်ဟု ခေါ်သည်၊ မနောမယနှင့်ဣဒ္ဓိဝိဓ အဘိညာဉ် ၂–ပါး ကို တပါး တည်း ပေါင်း၍ ဣဒ္ဓိဝိဓအဘိညာဉ်ဟုထား ပြီး အဘိညာဉ် ၅–ပါး ဟုလည်း ရေတွက်ကြသေး သည်၊ စုတူပပါတဟု ဟောတော်မူသော ဒိဗ္ဗစက္ခု အဘိညာဉ်တွင် ယထာကမ္မူပဂ အဘိညာဉ်၊ အနာဂတံသ အဘိညာဉ်တို့ကိုပါ ထည့်သွင်း၍ အဘိညာဉ် ၇–ပါး ဟုလည်း ရေတွက်ကြသည်၊ အထက်တွင် ဖော်ပြခဲ့သော ဗုဒ္ဓ ဟောကြားတော်

မူခဲ့သည့် အဘိညာဉ် ၆-ပါး တွင် ယထာကမ္မူပဂ အဘိညာဉ်နှင့် အနာဂတံသ အဘိညာဉ်တို့ကို ထည့်သွင်းလျှင် အဘိညာဉ် ၈-ပါး ဖြစ်သည်။ သို့ရာတွင် ဆဠာဘိညာ အဘိညာဉ် ၆-ပါး ဟူသော ပိဋကတ်ပုံ သေပြုဆိုသည်။

ယထာကမ္မူပဂ ဘိညာဉ်မှာ သတ္တဝါတို့ကံအား လျော်စွာ လားရောက်ပုံကို သိနိုင်သော အဘိညာဉ်ဖြစ်သည်။ အနာဂတံသ အဘိညာဉ်ကား အနာဂါတ်ကို သိမြင်နိုင်သော အဘိညာဉ်ဖြစ်သည်။ ဤနှစ်မျိုးလုံး ကိုပင် ဒိဗ္ဗစက္ခုအဘိညာဉ်၌ ထည့်သွင်း ရေတွက်ကြသည်။

ယင်း ပညာ ဣန္ဒြေပါဝင်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကား ဗုဒ္ဓက နောက်ဆုံး ဖြစ်သော အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်တို့ကိုသာ ယူ၍ အာသဝက္ခယဉာဏ်-ဟု အမည်တပါး တည်း ဖြင့်သာ ချုပ်၍ ဟော တော်မူခဲ့သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့သည် လောက၌ အဆင့်အတန်း အမြင့်ဆုံး ဖြစ်သော ဤပညာမျိုး နှင့်ပြည့်စုံ တော်မူကြသည်။ ဤပညာမျိုး နှင့်ပြည့်စုံသဖြင့် လောကကို ရှေ့ဆောင်၍ ဗုဒ္ဓသာသနာကို တည်ထောင် တော်မူခဲ့ကြသည်။ ဗုဒ္ဓကား ဤသီလ သမာဓိ ပညာ တရားတွင် အမြင့်ဆုံး အဆင့်အတန်း သို့ ရောက် တော်မူသဖြင့် မိမိထက်သာလွန်သူ မရှိသည်ကို ကိုယ်တိုင် ဒိဋ္ဌ သိမြင် တော်မူသဖြင့် အတုမဲ့ သမ္မာသမ္ဗုဒ္ဓဟု ရဲရင့်စွာ ဝန်ခံ တော်မူခဲ့သည်။ အတုမဲ့ သမ္မာသမ္ဗုဒ္ဓ ဟု ကြွေး ကြော်၍ သတ္တဝါတို့အား တရား ရေအေး အမြိုက်ဆေး ကိုတိုက် ကျွေး တော်မူခဲ့သည်။ အဆိုပါ သီလ သမာဓိ ပညာ တရား ထူး ကိုသိမြင် အောင် နည်း လမ်း ပြ တော်မူခဲ့သည်။ လောကလူသား တို့ခံစား နေကျကာ ပကတိ ချမ်း သာသုခထက် အဆ ပေါင်း များ စွာ သာလွန် သော မွန်မြတ်လှ သော တကယ့်ချမ်း သာ အစစ်ကို ရရှိခံစား နိုင်ကြ စေရန် သွန်သင်ဆုံး မ တော်မူခဲ့သည်။

ဤသီလက္ခန္ဓဝဂ္ဂပါဠိတွင် ယင်း သီလ သမာဓိ ပညာတို့ကို အကျယ်တဝင့် အပြည့်အစုံ ဟောကြား တော်မူခဲ့ သော သုတ်ဒေသနာ များ ပါဝင်ကြသည်။ ထို့ကြောင့် ပိဋကတ် ၃-ပုံကို စီစဉ်ရာတွင် ဤကျမ်း ကို ရှေ့ဖျား တင်၍ စီစဉ် တော်မူခဲ့ကြသည်။

ဗုဒ္ဓ၏ သီလ သမာဓိ ပညာတရား ကိုအကဲခတ် လေ့လာလိုသူတို့သည် ဤသီလက္ခန္ဓဝဂ္ဂပါဠိကို ဖတ်ရှု လေ့လာသင့်ကြသည်။ ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့၏ အကျင့်သီလ သိက္ခာ သမာဓိ အသိဉာဏ်ပညာ အဆင့်အတန်း ကိုအကဲခတ် လေ့လာလိုသူတို့သည် ဤသီလက္ခန္ဓဝဂ္ဂပါဠိကိုပင် လေ့လာ ဖတ်ရှုသင့်ကြသည်။ ဤသီလက္ခန္ဓဝဂ္ဂပါဠိကို လေ့လာ ဖတ်ရှုမှသာ ယင်း သီလ သမာဓိ ပညာတို့ကို အကျယ်တဝင့်အပြည့်အစုံ နား လည်နိုင်ကြ ပေလိမ့်မည်။

၆။ ``ဗုဒ္ဓသာသနာ၏အနှစ်သာရ``

ဗုဒ္ဓသာသနာ၏အနှစ်သာရမှာ ဤသီလ သမာဓိ ပညာတို့ပင်ဖြစ်ကြသည်၊ ဗုဒ္ဓသည် ဤသီလ သမာဓိ ပညာတို့ကိုပင် လိုရင်းထား၍ သို့မဟုတ် အနှစ်သာရပြု၍ တရားဒေသနာများကိုလှည့်လည် ဟောကြားတော်မူခဲ့သည်၊ ဗုဒ္ဓသည် ဤသီလက္ခန္ဓ-အကျင့်သီလတို့ကို ကိုယ်တိုင်ကျင့်သုံး၍၊ ဤသမာဓိက္ခန္ဓ-ဈာန်သမာပတ်ချမ်းသာတို့ကို ကိုယ်တိုင်ရရှိခံစား၍၊ ဤပညာက္ခန္ဓ-ဉာဏ်အမြင်ထူး အသိဉာဏ်တို့ကို ကိုယ်တိုင်ရရှိသိမြင်၍ သမ္မာသမ္ဗုဒ္ဓ ဘုရားဟုဝန်ခံတော်မူခဲ့သည်၊ လူနတ်ဗြဟ္မာတို့၏ဆရာလုပ်တော်မူခဲ့သည်၊ လူနတ်ဗြဟ္မာတို့အားဤသီလ သမာဓိ ပညာ တရားတို့နှင့်ပြည့်စုံအောင်တိုက်တွန်းတော်မူခဲ့သည်၊ ဤလောက၌ ဤသီလ သမာဓိပညာတရားတို့ထက်မှန်ကန်သောတရား၊ ချမ်းသာသုခကိုဆောင်သော တရားကား မရှိပြီဟု ဟောကြားတော်မူခဲ့သည်။

ဗုဒ္ဓ၏ ဤသီလ သမာဓိ ပညာတရားတို့ကို လက်တွေ့ကျကျ လေ့လာလျှင် ဗုဒ္ဓ၏တရားသည်အကြောင်းအကျိုးဆီလျော်၍ သဘာဝကျလှသည်ကိုအလွတ်တကူနှင့်ပင် သဘောပေါက်နိုင်သည်၊ ဗုဒ္ဓ၏ ယင်းသီလအကျင့်တို့ကိုကျင့်သုံးလျှင်မကောင်းမှုဒုစရိုက်ဘေးမှလွတ်ကင်းသည်၊ သို့ဖြင့်မကောင်းမှုဒုစရိုက်ကိုအကြောင်းပြု၍ အပါယ်ကျမည့်ဘေးမှလည်းလွတ်ကင်းသည်၊ ဤဘေးဆိုးကြီးတို့မှလွတ်ကင်းခြင်းသည် ချမ်းသာသုခတမျိုးပင်ဖြစ်သည်၊ သို့ရာတွင်ဤချမ်းသာသုခကား သာမန်လောကီ လူသားတိုင်းရရှိခံစားနိုင်သောအနိမ့်ဆုံးချမ်းသာသုခသာဖြစ်သည်၊ ဤသမာဓိ တရားတို့ကိုရရှိအောင်အားထုတ်လျှင် ဈာန်သမာပတ်ချမ်းသာကိုရနိုင်သည်၊ ဈာန်သမာပတ်ချမ်းသာသည် လွန်စွာငြိမ်သက်အေးမြသောအဆင့်ဖြင့်ချမ်းသာသုခဖြစ်၍ ကာမသတ္တဝါတို့အမြတ်တနိုးထားသော ကာမဂုဏ်ချမ်းသာထက်များစွာသာလွန်သည်၊ ပို၍ငြိမ်းချမ်းသည်၊ ဤပညာတရားတို့ကိုရရှိအောင်အားထုတ်လျှင် ထိုဈာန်သမာပတ်ချမ်းသာထက် သာလွန်သောမဂ်ဖိုလ်ချမ်းသာကိုရနိုင်သည်၊ ယင်းမဂ်ဖိုလ်ချမ်းသာကား သည့်ထက်သာလွန်သောချမ်းသာသုခမရှိပြီဖြစ်၍ အကောင်းဆုံးအမြတ်ဆုံး ချမ်းသာသုခဖြစ်သည်၊ ယင်းသည် ဝဋ်ဒုက္ခအမျိုးမျိုးတို့ဖြင့် ရှုပ်ထွေးလှသည့် ဤလောကမှထွက်မြောက်ကြောင်း ချမ်းသာသုခဖြစ်၍ လောကုတ္တရာချမ်းသာသုခဟု ခေါ်ဆိုရသည်၊ ယင်းချမ်းသာသုခတို့သည် ဗုဒ္ဓသာသနာ၏အနှစ်သာရများပင်ဖြစ်ကြသည်။

ဗုဒ္ဓကား ဤသီလ သမာဓိ ပညာတို့ကို ကိုယ်တိုင်အားထုတ်ကျင့်ကြံ၍ ဤချမ်းသာသုခတို့ကို ကိုယ်တိုင်ရရှိခံစားရသူဖြစ်သည်၊ ဤသဘောအတိုင်းပင် သူတပါးတို့အားလည်း ဤသီလ သမာဓိတရားတို့ကို ကိုယ်တိုင်ကျင့်ကြံအားထုတ်၍၊

ဤချမ်းသာသုခတို့ကို ကိုယ်တိုင်ခံစားကြစေရန်သွန်ပြတော်မူသည်၊ မိမိကိုယ်တိုင်ကလည်း ဤသီလ သမာဓိပညာတရားတို့ကိုကျင့်ကြံအားထုတ်၍ လောကမှလွတ်မြောက်သောအဆင့်သို့ ရောက်တော်မူသည်၊ ထို့အတူပင် သူတပါးတို့အားလည်း ဆင်းရဲဒုက္ခအမျိုးမျိုးတို့ဖြင့်ရှုတ်ထွေးလှသော လောကမှလွတ်မြောက်စေရန် ဤသီလ သမာဓိ ပညာတရားတို့ကို ကျင့်ကြံအားထုတ်ကြဖို့ သွန်ပြတော်မူသည်၊ ကိုက်တွန်းတော်မူသည်၊ ဆင်းရဲဒုက္ခမှ မိမိလွတ်မြောက်လိုလျှင် မိမိကိုယ်တိုင် သီလ သမာဓိ ပညာကိုကျင့်သုံးအားထုတ်ရမည်။ ချမ်းသာသုခကို မိမိရရှိခံစားလိုလျှင် မိမိကိုယ်တိုင်ပင် သီလ သမာဓိ ပညာကိုကျင့်သုံးအားထုတ်ရမည်ဟု ဟောကြားဆုံးမတော်မူခဲ့သည်၊ အချုပ်အားဖြင့်ဆိုလျှင် ဗုဒ္ဓဝါဒသည် ဥဿာရင်ကို ဥဿာရင်ခံရသောဝါဒသာဖြစ်သည်။

ဗုဒ္ဓသည် ဤသီလ သမာဓိ ပညာတို့ကို ဟောကြားတော်မူရာ၌ မိမိကို သူတပါးတို့က အထင်ကြီးအောင် ဟောသည်လည်း မဟုတ်၊ မိမိဝါဒ မိမိသာသနာကို လူကြိုက်များအောင် ဟောသည်လည်း မဟုတ်၊ မိမိ၏ဂိုဏ်းဂဏကြီးပွားအောင်ဟောသည်လည်း မဟုတ်၊ မိမိကိုယ်တိုင်က မကျင့်သုံးဘဲ သူတပါးတို့ကိုဆရာလုပ်ရအောင် တမင်လာကြံသည်တွေးတော၍ ဟောသည်လည်း မဟုတ်၊ မည်သူမျှ မကျင့်ကြံနိုင်သော အကျင့်ရိုးကိုထူးဆန်းအောင်တဆင့်တည်ဖြင့်အောင်လုပ်ကြံဟောကြားသည်လည်း မဟုတ်၊ ကိုယ်ပြုမှ ကိုယ်ရဟူသောစကားကဲ့သို့ ကိုယ်တိုင်ကျင့်ကြံအားထုတ်မှသာ ကိုယ်တိုင်ဆင်းရဲမှလွတ်မြောက်ချမ်းသာသုခရနိုင်သောကြောင့် သတ္တဝါတို့ ကိုယ်တိုင် မိမိကိုစံထား၍ကျင့်ကြံအားထုတ်ကြစေလိုသောကြောင့်မနေမနားလှည့်လည်ဟောတော်မူခဲ့ခြင်းသာဖြစ်ပေသည်။

ဤသီလက္ခန္ဓဝဂ္ဂပါဠိတော်၌လာသော သီလ သမာဓိ ပညာပြ သုတ်ဒေသနာ ၁၃–မျိုးတို့ကို လေ့လာရုံနှင့်ပင် ဗုဒ္ဓသည်ကယ်တင်ရှင်မဟုတ်ဘုံး ပသွန်သင်သော ဆရာရှင်သာဖြစ်သည်ဟု ကောင်းစွာသဘောပေါက်နိုင်သည်၊ ဗုဒ္ဓသည် ဤသီလ သမာဓိ ပညာတို့ကို သာလွန်သူမရှိ အကြွင်းမဲ့ ကျင့်သုံးအားထုတ်တော်မူခဲ့သည်၊ သို့ရာတွင် ယင်းသို့အားထုတ်ကျင့်သုံးပြီးဖြစ်သဖြင့် ငါကယ်တင်ရှင်၊ တန်ခိုးရှင်အဖြစ်သို့ရောက်ပြီ၊ သင်တို့သာမျှကျင့်စရာမလို၊ ငါက သင်တို့ကိုဆင်းရဲဒုက္ခအပေါင်းမှကယ်တင်၍သုခဘုံသို့ပို့ပေးမည်၊ ငါ့ကိုသာ သင်တို့ကိုးကွယ်ကြဟု မည်သည့်အခါမျှ ဟောကြားတော်မမူခဲ့၊ သတ္တဝါသည် မိမိကံသာဥစ္စာရှိသူဖြစ်သည်၊ မိမိပြုမှမိမိရမည်ဟုသာ ထပ်တလဲလဲဟောကြားတော်မူခဲ့သည်၊ မိမိကျင့်သုံးအားထုတ်ခဲ့သလို သတ္တဝါတို့ကိုလည်း တတ်နိုင်သမျှကျင့်သုံးအားထုတ်ကြစေလိုသောကြောင့်သာ ဤမျှအရှည်အကြာ အကျယ်တဝင့် ဟောကြားတော်မူခဲ့သည်၊ ဤအချက်သည် သားသမီးပညာတတ်ဖြစ်အောင်မိဘကိုယ်တိုင်က ကျောင်းတက်၍မရသော သဘာဝနှင့် အလွန်ကိုက်ညီသည်။

ဤသီလက္ခန္ဓဝဂ္ဂပါဠိကို လေ့လာလျှင် ဤသို့သော ဗုဒ္ဓသာသနာ၏ အနှစ်သာရတို့ကို ကောင်းစွာသဘော ပေါက်လာပေနိုင်ပေသည်။

## ၇။ ``စိတ်ဝင်စားဖွယ် ခေါင်းစဉ်များ``

ဤသီလက္ခန္ဓဝဂ္ဂပါဠိသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပိဋကတ် ၃-ပုံ၏ အဦးအစ ပိဋကတ် ၃-ပုံ၏ မုခ်ဦးဖြစ်သောကြောင့် ဗုဒ္ဓဝါဒကို လေ့လာအကဲခတ်လိုသူတို့အတွက် မည်မျှ အရေးပါအရာရောက်သည်ကိုအထူး ချဲ့ထွင်ပြောဆိုစရာရှိမည်မထင်။ ဤသီလက္ခန္ဓဝဂ္ဂပါဠိကို ရှေးကျသောကမ္ဘာ့စာပေ ကျမ်းဂန်တခုအနေဖြင့် လေ့လာဖတ်ရှုသူတို့အတွက်လည်း ဤကျမ်းတွင်စိတ်ဝင်စား ဖွယ်ကောင်းသော ခေါင်းစဉ်များနှင့်ပြည့်နှက်လျက်ရှိသည်ကို လမ်းညွှန်အဖြစ် ဖြင့် အနည်းငယ် တင်ပြလိုပေသည်။

(က) ကဲ့ရဲ့ချီးမွမ်း တွေ့စတမ်း

လောကသားမှန်လျှင် လောကဓံနှင့်မကင်းနိုင်သောကြောင့် လူမှန်လျှင် အကဲ့ရဲ့အချီးမွမ်းတို့နှင့် တွေ့ရစတမ်းသာဖြစ်သည်။ လူဖြစ်လာလျှင် တခါတရံ အကဲ့ရဲ့ခံရမည်။ တခါတရံအချီးမွမ်းခံရမည်။ တချို့ကချီးမွမ်းကြလိမ့်မည်။ တချို့က ကဲ့ရဲ့ကြလိမ့်မည်။ အကဲ့ရဲ့ခံရခြင်း အချီးမွမ်းခံရခြင်းသည် လောက၏သဘောတံထွာ လောကဓံတရား တခုသာဖြစ်သည်။

လူသားတို့သည် ယေဘုယျအားဖြင့် အကဲ့ရဲ့ခံရလျှင် စိတ်မချမ်းမသာ ဖြစ်ကြသည်၊ အမျက်ထွက်ကြသည်။ မိမိအား ကဲ့ရဲ့သူကိုပြန်၍ကဲ့ရဲ့တတ်ကြသည်။ လက်စား ချေချင်တတ်ကြသည်။ သို့ဖြင့် ဤလောက၌ ရန်ပွဲများ မစဲအောင်ဖြစ်ပေါ်လျက် သာရှိကြသည်။ အချီးမွမ်းခံရလျှင်လည်း ဝမ်းမြောက်ကြသည်။ ဂိုးမပြင် လေမ ပြင် ဖြစ်တတ်ကြသည်။ သို့ဖြင့် ခြေဖျားထောက်ရာမှ မှောက်ယက်လဲ၍ကျတတ်ကြသည်။

ဗုဒ္ဓလည်း အတုမဲ့ သမ္မာသမ္ဗုဒ္ဓပင်ဖြစ်သော်လည်း လောကလူသား တယောက်သာဖြစ်သောကြောင့် ဤကဲ့ရဲ့ချီးမွမ်း လူ့ထုံးတမ်းမှလွတ်တော်မမူခဲ့။ အကဲ့ရဲ့အချီးမွမ်းတို့နှင့်မလွတ်တမ်း တွေ့ကြုံခဲ့ရသည်။ သို့ဖြင့်ဗုဒ္ဓသည်ဤကဲ့ရဲ့ချီးမွမ်း လောကဓံထုံးတမ်းနှင့်ပတ်သက်၍ တပည့်သာဝကတို့အား မည်သို့သဘောထားရ မည်ကို ဆုံးမဟောကြားတော်မူခဲ့သည်။

ဗုဒ္ဓ၏ဆုံးမဩဝါဒ အကျဉ်းချုပ်မှာ အကဲ့ရဲ့ခံရလျှင် အမျက်မထွက် လင့်။ မဟုတ်မမှန်သည်ကို မဟုတ်မမှန်ပါ-ဟုသာ ဖြေရှင်းပြရမည်။ အချီးမွမ်းခံ ရလျှင်လည်း ဝမ်းမမြောက်လင့်။ မတက်ကြွလင့်။ ဟုတ်မှန်သည်ကိုဟုတ်မှန်သည်ဟုသာ ဝန်ခံကြရမည် ဟူ၍ဖြစ်သည်။

ဤအကဲ့ရဲ့အချီးမွမ်းနှင့်ပတ်သက်၍ အတုမဲ့ ဗုဒ္ဓ၏ဆုံးမဩဝါဒအကျယ်ကို သိလိုလျှင် ဤသီလက္ခန္ဓဝဂ္ဂပါဠိ ပထမသုတ်ဖြစ်သော ဗြဟ္မဇာလသုတ်ကိုအသေအချာလေ့လာ

နိုင်ကြသည်။

(ခ) ဗုဒ္ဓနှင့်ခေတ်ပြိုင် ဂိုဏ်းဆရာကြီးများ

ဗုဒ္ဓသည် သူတကာ ဖေါက်လုပ်ထားသော လမ်းမကြီး ဖွင့်သက်သက် သာသာလွယ်လွယ်ကူကူ လမ်းလျှောက်လာခဲ့ရသူမဟုတ်၊ သား ရဲတိရစ္ဆာန်ပေါများသော၊ သစ်ပင်ချုံနွယ်ထူထပ်လှသော အနိဗ္ဗာန်ဖြင့် ပယ်သွတ်သော ကန္တာရတွင်ကိုယ်တိုင်လမ်းဖေါက်၍ လျှောက်လာခဲ့ရသူသာဖြစ်သည်။

ဗုဒ္ဓခေတ်တွင် မင်းပုဏ္ဏားကုန်သည် သူဌေးရဲ့ ခွဲခြားထားသော ဇာတ်ဝါဒကလည်း အကြီးအကျယ်နေရာယူ၍လွှမ်းမိုးထားသည်၊ သဿတဝါဒ၊ ဥစ္ဆေဒဝါဒ၊ တန်ခိုးရှင်ကဖန်ဆင်းသည်ဆိုသော ဣဿရနိမ္မာနဝါဒ၊ အကြောင်းမဲ့သာဖြစ်ကြပျက်ကြသည်ဟူသော အဟေတုကဝါဒ၊ ရှေးကံကြောင့်သာဖြစ်ကြပျက်ကြသည်ဟူသော ပုဗ္ဗေကတဟေတုဝါဒ၊ ဘာမျှကျင့်ကြံအားထုတ်စရာမလို၊ အချိန်ကျလျှင် အလိုလိုသာစင်ကြယ်ကြသည်၊ သံသရာမှလွတ်မြောက်ကြသည်ဟူသော သံသာရသုဒ္ဓိဝါဒ၊ ဝါဒလက်ကိုင်မရှိ၊ ဘာမှမဟုတ်ဟု ရပ်တည်ရာမရှိသော အမရာဝိက္ခေပဝါဒ စသည်ဖြင့်ဝါဒမျိုးစုံတို့ကလည်း လူလောကတွင်ရှိလိုပေါက်လျက်ရှိကြသည်၊ ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ ပကုဓကစ္စာယန၊ သဉ္စယဗေလဋ္ဌပုတ္တ၊ အဇိတကေသကမ္ဗလ၊ နိဂဏ္ဌနာဋပုတ္တ ဟူသောဂိုဏ်းဆရာကြီး ၆-ယောက်တို့ကလည်း တပည့်လက်သား ၃၀၀-မှ ၅၀၀ စီအထိရှိကြပြီး အကြီးအကျယ်ဂိုဏ်းဖွဲ့၍ တိတ္ထိသာသနာကိုပြုစုလျက်ရှိကြသည်၊ ပေါဋ္ဌပါဒ၊ ဝစ္ဆဂေါတ္တ၊ သကုလုဒါယီ၊ သန္ဒက၊ သဘိယ စသောပရိဗိုဇ်တို့ကလည်း ဝါဒ ၅၀၀၊ ဝါဒ ၁၀၀၀ စသည်တို့ကို လက်ကိုင်ပြု၍ ဝါဒတံခွန်ထူလျက်ရှိကြသည်၊ ဤသို့သောအခြေအနေတွင် ဗုဒ္ဓသည် ဗုဒ္ဓလမ်းစဉ်ကို တီထွင်ခဲ့ရသည်၊ ဗုဒ္ဓဝါဒမျိုးစေ့ကို စိုက်ပျိုးခဲ့ရသည်၊ ဗုဒ္ဓသာသနာကို တည်ထောင်ခဲ့ရသည်။

ယင်းသို့တည်ထောင်ရာ၌ ဗုဒ္ဓကို အကြီးအကျယ် အန်တုဘက်ပြိုင်သူတို့ကား ပူရဏကဿပ စသောဂိုဏ်းဆရာကြီး ၆-ယောက်တို့ဖြစ်ကြသည်၊ ဤဂိုဏ်းဆရာကြီး ၆-ယောက်တို့သည် အသက်သေသည်အထိ နှစ်ပေါင်းများစွာကြာအောင် ပင်ဗုဒ္ဓကို မလျှော့တမ်းယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည်၊ သူတို့ဝါဒကို လက်မလွှတ်ဘဲ သေသည်အထိ မြဲမြဲဆုပ်ကိုင်ထားကြသည်။

ယင်းဆရာကြီး ၆-ယောက်တို့အကြောင်းကို အဋ္ဌကထာဆရာတော်မင်းက ဗုဒ္ဓအား အပြည့်အစုံလျှောက်ထားခဲ့သည်၊ ဗုဒ္ဓဝါဒကိုလေ့လာလျှင် ယင်းဆန့်ကျင်ဘက် ခေတ်ပြိုင်ဝါဒီများကိုလည်း သိရှိထားသင့်သည်၊ ဤအကြောင်းကိုသိလိုလျှင် ဤသိလက္ခန္ဓဝဂ္ဂပါဠိ ဒုတိယသုတ်ဖြစ်သော သာမညဖလသုတ်ကို လေ့လာနိုင်ကြသည်။

-၁၆၉၄-



(ဂ) ရဟန်းပြုခြင်း၏အကျိုးကျေးဇူး

သမဏမင်္ဂလဟု ခေါ်သော ရသေ့ရဟန်းအသိုင်းအဝိုင်းသည် ကမ္ဘာဦးအခါ မင်း ပုဏ္ဏား ကုန်သည် သူဆင်းရဲဟူသော အမျိုး ၄-ပါး ပေါ်ပြီးနောက် မရှေးမနှောင်းလိုလိုပင် လူ့လောကသို့ ပေါ်ပေါက်လာခဲ့သည်၊ မိမိတို့အမျိုးဇာတ်အနေအထိုင်ဖြင့် မစင်ကြယ်နိုင်ဟု အယူအဆရှိသောသူတို့သည် ရသေ့ရဟန်းပြုခဲ့ကြသည်၊ သို့ရာတွင် နှောင်းခေတ်လူအများတို့သည်၊ ရသေ့ရဟန်းပြုခြင်း၏သဘောအဓိပ္ပါယ်ကို ကောင်းစွာနားမလည်ကြ၊ မိမိတို့ကြိုက်သလို အဓိပ္ပါယ်ကောက်ကြသည်။

ဗုဒ္ဓခေတ်အမျိုးကောင်းသားအများတို့သည် ကာမဂုဏ်ခံစားခြင်း၌ အပြစ်မြင်၍ မြတ်သောအကျင့်ကို ပြည့်ပြည့်စုံစုံကျင့်ကြံအားထုတ်လိုသောကြောင့် ရဟန်းပြုကြသည်ဟု နားလည်ကြသည်၊ သို့ရာတွင်အချို့အမျိုးကောင်းသမီးတို့ကား နတ်သမီးကို လိုချင်သောကြောင့် ရဟန်းပြုကြသည်ဟုမှတ်ထင်နေကြသည်၊ အချို့ကလည်း သူတကာလိုစည်းစိမ်မခံစားနိုင်သောကြောင့် အကြံကုန် ဂဠုန်ဆားချက်ကိုသကဲ့သို့ ကြံရာမရသောကြောင့် ရဟန်းပြုကြသည်ဟုထင်ကြသည်၊ အချို့ကလည်း စားရန်မဲ့သောက်ရန်မဲ့ဖြစ်၍ အသက်မွေးချောင်ချိအောင် ရဟန်းပြုကြသည်ဟုထင်ကြသည်၊ အချို့ကလည်း မင်းဘေး မီးဘေး စသောဘေး တခုခုကို ရှောင်လွှဲလို၍ ရဟန်းပြုကြသည်ထင်ကြသည်၊ ဤသို့သည်ဖြင့် ရဟန်းပြုခြင်း၏အဓိပ္ပါယ်ကို အမျိုးမျိုး ကောက်ယူကြသည်၊ ယင်းအဓိပ္ပါယ်ကောက်ချက်တို့သည် ရဟန်းပြုခြင်း၏ ရည်ရွယ်ချက် သို့မဟုတ် အကျိုးကျေးဇူးတို့ကိုအပြည့်အစုံမဖော်ပြနိုင်ကြသော်လည်း အကြောင်းရှိသော အဓိပ္ပါယ်ကောက်ချက်များပင်ဖြစ်ကြသည်။

ယခုခေတ်တွင်လည်း ရဟန်းပြုခြင်း၏အဓိပ္ပါယ်ကိုအလားတူပင် ကောက်ယူတတ်ကြသည်၊ အလားတူပင်ဖွင့်ဆိုလေ့ရှိကြသည်၊ ယင်းဖွင့်ဆိုချက်တို့တွင် အဆိုးဝါးဆုံး အဓိပ္ပါယ်ဖွင့်ဆိုချက်ကား ရသေ့ ရဟန်းတို့သည် လူ့ဘဝပြဿနာများကို သူတကာလို ရဲရဲရင့်ရင့် ရင်မဆိုင်ဝံ့သဖြင့် လူ့စည်းစိမ်ကိုလိုချင်လျက်နှင့် ရှောင်လွှဲနေကြသူများဖြစ်ကြသည်ဟူသော အဓိပ္ပါယ်ဖွင့်ဆိုချက်မျိုးဖြစ်သည်၊ အချို့ကမူ ဗုဒ္ဓကိုပင်သူတကာလို လူ့ဘဝပြဿနာကိုရင်မဆိုင်ရဲသဖြင့် ရဟန်းပြုသွားပြီး လူ့စည်းစိမ်လူ့ချမ်းသာကိုပင်ငြင်း ရဲဒုနှဲအဖြစ် ဖန်တီးဟောကြားသည်ဟုစွပ်စွဲလိုကြသည်၊ ထိုသူတို့ကား ရဟန်းပြုခြင်း၏အကျိုးကျေးဇူးကိုအမှန်အတိုင်းမသိကြသောကြောင့်သာဖြစ်သည်။

ယင်းသို့ရဟန်းပြုခြင်း၏အဓိပ္ပါယ်ကိုတိတိကျကျမသိကြသူတို့အထည်းတွင် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အာဇာတသတ်လည်း ပါဝင်သည်၊ သို့ဖြင့်အာဇာတသတ်မင်းသည် ဆရာဇီဝကကိုခေါ်ဆောင်၍ ဗုဒ္ဓအထံသို့ ခမည်းတော်ကို သတ်ပြီးသည့်အတွက် တောင်းပန်ဝန်ချရန် တရားနာရန် ရောက်ရှိသွားသောအခါ

သာသနာတော်၌ ရဟန်းပြုခြင်း၏ အကျိုးကျေးဇူးကို တိုက်ရိုက်မေးလျှောက်ခဲ့ပေသည်။

ထိုအခါ ဗုဒ္ဓသည် ရဟန်းပြုခြင်း၏ လက်တွေ့အကျိုးကျေးဇူးများကို မင်းမှု၊ စိုးမှုမှ လွတ်ကင်းခြင်း၊ ဘုရင်မင်းမြတ်မှစ၍ အမျိုးလေးပါးတို့၏ ရိုသေပူဇော်မှုကို ခံရခြင်း မှစ၍ အကျင့်သီလကို ကျင့်သုံးသဖြင့် အပြစ်ကင်းခြင်း ဟူသော အနဝဇ္ဇသုခ၊ သီလ၌တည်၍ တရားအားထုတ်သဖြင့် ရနိုင်သော ဈာန်သမာပတ်ချမ်းသာ၊ ထိုမှတဆင့် ဆက်လက်အားထုတ်သဖြင့် ရနိုင်သော အဘိညာဉ်ဉာဏ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်အထိ အပြည့်အစုံ ဖြေရှင်း ဟောကြားတော်မူခဲ့သည်၊ တနည်းအားဖြင့်ဆိုလျှင် ဗုဒ္ဓသာသနာ၌ ဗုဒ္ဓ၏ ဆုံးမဩဝါဒအတိုင်း လိုက်နာကျင့်သုံးလျှင် လက်တွေ့အကျိုး ခံစားရမည့် ဗုဒ္ဓဝါဒ၏ အနှစ်သာရဖြစ်သော သီလ သမာဓိ ပညာတို့ကို ရဟန်းပြုကျိုး အဖြစ်ဖြင့် အပြည့်အစုံထုတ်ဖော် ဟောကြားတော်မူခဲ့သည်။

ယင်း သီလ သမာဓိ ပညာ တို့ကား ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့ လက်တွေ့ ကျင့်သုံး၍ လက်ငင်း ဒိဋ္ဌခံစားကြရသော ရဟန်းပြုကျိုးများ လည်း ဖြစ်ကြသည်၊ ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့သည် ယင်း ရဲနှမ်းပါး၍ ရဟန်းပြုခဲ့ကြသူများ မဟုတ်ကြ၊ စည်းစိမ်ချမ်းသာ ဂုဏ်သိမ်ဝါနှင့်ပြည့်စုံချမ်းသာသူများ ဖြစ်ကြသည်၊ သို့ဖြစ်လျက် ထိုစည်းစိမ်ချမ်းသာတို့ကို စွန့်ပစ်၍ တထပ်သာစားပြီး တကိုယ်တည်း နေရသော ရဟန်းဘဝ၌ ပျော်မွေ့နိုင်ကြသည်မှာ ယင်း သီလ သမာဓိ ပညာ အကျိုးကျေးဇူးများကို ခံစားကြရသော ကြောင့်သာဖြစ်သည်။

တို့ပြင်လည်း ယင်း သီလ သမာဓိ ပညာတို့သည် ဗုဒ္ဓနှင့် ဗုဒ္ဓသာဝကတို့၏ ဂုဏ်ကျေးဇူးများ လည်း ဖြစ်ကြသည်၊ ဗုဒ္ဓကို အကဲခတ်လိုလျှင် ၎င်း သီလ သမာဓိ ပညာတို့ဖြင့် အကဲခတ် လေ့လာနိုင်ကြသည်၊ ဗုဒ္ဓသာဝကတို့ကို အကဲခတ်လိုလျှင်လည်း ၎င်း သီလ သမာဓိ ပညာတို့ဖြင့် အကဲခတ် လေ့လာနိုင်ကြသည်။

ဗုဒ္ဓသည် ၎င်း သီလ သမာဓိ ပညာတို့ကို ၎င်း သီလက္ခန္ဓဝဂ္ဂ ပါဠိ သာမညဖလသုတ်တွင် ရဟန်းပြုကျိုးများ အဖြစ်ဖြင့် ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းအား သာယာလှသော တန်ဆောင်းမုန်း လပြည့်နေ့ည ညဦးယာမ် အချိန်တွင် ရှည်လျားစွာ ဟောကြားတော်မူခဲ့သည်။

၎င်းတရား ကိုကြား နာရသော အခါ အဇာတသတ်မင်းသည် ဗုဒ္ဓအား အလွန်ကြည်ညိုသဖြင့် သရဏဂုံ ဆောက်တည်၍ ဥပါသကာ အဖြစ် ခံယူသည်၊ ခမည်းတော် အပေါ်၌ ပြစ်မှား မိသော အပြစ်ကိုလည်း ဗုဒ္ဓအထံတော်၌ ဝန်ချတောင်းပန်သည်၊ ထိုအခါမှစ၍ အဇာတသတ်မင်းသည် စိတ်သက်သာရာကို ရရှိသဖြင့် ကောင်းစွာ အိပ်စက်နိုင်သည်၊ ၎င်းသာသနာတော်တွင် ဗုဒ္ဓအား အကြည်ညိုဆုံး ပုထုဇဉ်ပုဂ္ဂိုလ်တယောက် အဖြစ်သို့ ရောက်သည်၊ ဗုဒ္ဓ ပရိနိဗ္ဗာန်စံ တော်မူပြီးသည့် နောက်တွင်လည်း ပထမ

သံဂါယနာတင်သာသနာ့ဒါယကာဘုရင်တပါး ဖြစ်လာသည်။

ဤရဟန်းပြုခြင်း၏အဓိပ္ပါယ်၊ ရဟန်းပြုခြင်း၏လက်တွေ့အကျိုးတို့ကို အပြည့်အစုံ လေ့လာသိရှိလိုလျှင် ဤသီလက္ခန္ဓဝဂ္ဂပါဠိ၊ ဒုတိယသုတ်ဖြစ်သော သာမညဖလသုတ်ကို ဖတ်နိုင်ကြသည်။

(ဃ) <u>သာကီဝင်သမိုင်း</u>

သက္ကဝံသ၊ သို့မဟုတ်၊ သာကီယဝံသဟု ခေါ်တွင်သော သာကီဝင်မင်းမျိုးတို့သည် ရှေးကအိန္ဒိယတွင်အထင်အရှား ရှိခဲ့ကြသည်၊ ယင်း သာကီဝင်တို့၏ သမိုင်းသည် ဗုဒ္ဓ၏ ပိဋကတ်စာပေ၌သာ ရှိသည်၊ အခြားဘယ်မှာမှမရှိဖြစ်သည်၊ သမိုင်းဆရာတို့သည် အဆိုပါသာကီဝင်တို့အကြောင်းကို ဖေါ်ပြရာတွင် ဗုဒ္ဓစာပေကိုအထောက်အထား ပြု၍သာပြုကြရသည်၊ ယင်း သာကီဝင်သမိုင်းကား ဤသီလက္ခန္ဓဝဂ္ဂပါဠိ တတိယသုတ်ဖြစ်သော အမ္ဗဋ္ဌသုတ်တွင်ပါရှိသည်၊ ဗုဒ္ဓသည် ကောသလတိုင်း ဥက္ကဋ္ဌမြို့စား ပေါက္ခရသာတိပုဏ္ဏား၏တပည့်ကြီး ဖြစ်သူ အမ္ဗဋ္ဌလုလင်ကသာကီဝင်တို့ကိုသူကြွယ်များ သာဖြစ်ကြသည်၊ အလွန်ခက်ထန်ကြမ်း ကြုတ်ကြသည်၊ စသည်ဖြင့် ခုကြိမ်တိုင်တိုင်ပုတ်ခတ် ပြောဆိုသဖြင့်မနေသာ၍ ယင်း သာကီဝင်သမိုင်းကို ဟောကြားတော်မူခဲ့သည်၊ ဤသာကီဝင်သမိုင်းကား သမိုင်းရှုထောင့်မှကြည့်လျှင်လည်း အလွန်မှတ်သားစရာ ကောင်းသည်၊ ဗုဒ္ဓဂေါတမ၏ အကြောင်းအရာ ဗုဒ္ဓဝင်ရှုထောင့်မှကြည့်လျှင်လည်း အလွန်အရေးပါသည်၊ ဗုဒ္ဓကိုယ်တိုင်ကပင် ငါသည် ဟိမဝန္တာတောင်ကြီး နံဘေး (ကပိလဝတ်ပြည်မှ) သာကီဝင်မင်းမျိုးမှ ရဟန်းပြုခဲ့သူဖြစ်သည်ဟု ဗိမ္ဗိသာရမင်းကြီးအား မိန့်ကြားတော်မူခဲ့သည်။

ဤသာကီဝင်သမိုင်းကို လေ့လာလိုလျှင်လည်း ဤသီလက္ခန္ဓဝဂ္ဂပါဠိတတိယသုတ်ဖြစ်သော အမ္ဗဋ္ဌသုတ်ကို လေ့လာနိုင်သည်။

(င) <u>ဗုဒ္ဓ၏ခြင်္သေ့ဟောက်ကြီး ဝါးသံ</u>

ဗုဒ္ဓ၌ လောဘ ဒေါသ မာန်မာနဟူ၍ အငွေ့အသက်မျှမရှိ၊ ကိလေသာ အာသဝေါအလုံး စုံကို ဗောဓိပင်နှင့် ရွှေပလ္လင်ထက်မှာပင်အကြွင်း မဲ့ပယ်သတ်ခဲ့ပြီး ဖြစ်သည်၊ ယင်း သို့ကိလေသာအာသဝေါအလုံး စုံကိုပယ်သတ်နိုင်သောအရဟတ္တမဂ် ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကိုရရှိမှသာလျှင်အတုမဲ့သမ္မာသမ္ဗုဒ္ဓအဖြစ်ကိုဝန်ခံ တော်မူခဲ့သည်၊ သို့ရာတွင်ဉာဏ်မျက်စိအား နည်း သောသူတို့ကား ဗုဒ္ဓကိုဗုဒ္ဓဟု ပြတ်ပြတ်သားသား သဲသဲကွဲကွဲမမြင်နိုင်ကြကုန်၊ လူတကိုယ်တင်တလုံး ဆိုသောစကားအတိုင်း မိမိကိုယ်မိမိ ထင်တလုံး နှင့်အထင်ကြီး မာနတံခွန်ထူ နေကြသူတို့ကလည်း မျက်စိတဆုံး သာမြင်နိုင်သော မိမိဉာဏ်အမြင်ဖြင့်ကြည့်ရှု၍၊ နည်းပါးလှသော မိမိ၏ဘဝအတွေ့အကြုံအတိုင်း အတာဖြင့်သာ တိုင်းတာ၍အတုမဲ့ဗုဒ္ဓကိုပင်အထင် သေးတတ်ကြသည်၊ သို့ဖြင့် ဗုဒ္ဓသည်တခါတခါ၌ အကြောင်းအားလျော်စွာ မိမိဂုဏ်

ပုဒ်ကို မိမိကိုယ်တိုင်ထုတ်ဖော်ခဲ့ရသည်၊ တခါတခါ ခြင်္သေ့ဟောက်ကြီးဝါး သံကိုကြီးဝါး တော်မူခဲ့ရသည်။

ဤကိစ္စသည်မပြောလျှင်မပြီး သောအကြောင်း ကိစ္စမျိုး ပေါ်ပေါက်သဖြင့် မိမိဂုဏ်ကိုအမှန်အတိုင်း ထုတ်ဖော်ပြောဆိုခြင်း သည် အသင့်ယူဖွယ်ကောင်း မဲ့သောအပြစ် (ဩစိကျဟိန ဒေါသ) သို့မရောက်၊ အပြစ်မရှိဟု ကမ္ဘာ့စာပေပညာရှင်တို့၏ မိန့်ဆိုချက်နှင့်အညီပင်ဖြစ်သည်။

ဤသီလက္ခန္ဓပါဠိတွင် ဗုဒ္ဓ၏ခြင်္သေ့ဟောက်ကြီးဝါးသံ ၄-ခွန်းကို အသေအချာ လေ့လာနိုင်ကြသည်၊ ယင်း ခြင်္သေ့ဟောက်ကြီးဝါးသံ ၄-ခွန်းတို့မှာ -

(၁) အခြား သီလတို့ထက် လွန်ကဲသောဖြူစင်မွန်မြတ်သော အဓိသီလ အရာ၌ ငါဘုရားနှင့်တူသောသူကို မြင်တော်မမူ၊ ငါဘုရား ထက်သာလွန်သူကား အဘယ်မှာရှိအံ့နည်း ။ (သီလ)

(၂) မကောင်းမှုကိုခက်နှိပ်သောအခြား အကျင့်တို့ထက်လွန်ကဲသော ဖြူစင်မွန်မြတ်သော အဓိဇေဂုစ္ဆာအကျင့်အရာ၌ ငါဘုရားနှင့်တူသောသူကို မြင်တော်မမူ၊ ငါဘုရား ထက်သာလွန်သူကား အဘယ်မှာရှိအံ့နည်း ။ (အကျင့်)

(၃) အခြား အသိပညာတို့ထက်လွန်ကဲသော ဖြူစင်မွန်မြတ်သော အဓိပညာအရာ၌ ငါဘုရားနှင့်တူသောသူကို မြင်တော်မမူ၊ ငါဘုရား ထက်သာလွန်သူကား အဘယ်မှာရှိအံ့နည်း ။ (ပညာ)

(၄) အခြား ကိလေသာမှလွတ်မြောက်မှုတို့ထက်လွန်ကဲသောဖြူစင်မွန်မြတ်သော အဓိဝိမုတ္တိ အရာ၌ငါဘုရားနှင့်တူသောသူကိုမြင်တော်မမူ၊ ငါဘုရား ထက်သာလွန်သူကား အဘယ်မှာရှိအံ့နည်း ။ (ဝိမုတ္တိ)

ဤ ၄-ခွန်းတို့ဖြစ်ကြသည်၊ ဆိုလိုရင်း အဓိပ္ပါယ်မှာ သီလ အကျင့် အသိပညာ ကိလေသာမှ လွတ်မြောက်မှုတို့၌ ဗုဒ္ဓနှင့်တူသူမရှိ၊ ဗုဒ္ဓသာ အသာလွန်ဆုံးဖြစ်သည်၊ ဤ လေးဌာနတို့၌ ဗုဒ္ဓသည် အတုမဲ့ဖြစ်သည်ဟုဆိုလိုသည်။

ဗုဒ္ဓသည် ဒေါသ မာန်မာနကို အကြွင်းမဲ့ပယ်ပြီး ဖြစ်လျက်အဘယ့်ကြောင့် ဤကြီးဝါးသံမျိုး ကိုကြီးဝါး တော်မူခဲ့သနည်း ။ ယင်းသို့ကြီးဝါး ရန်ခိုင်လုံသောအကြောင်း ရှိသလော၊ ကြီးဝါးသည့်အတိုင်း မှန်ကန်သလော စသောပြဿနာတို့ကို အသေအချာသိလိုလျှင် ဤသီလက္ခန္ဓဝဂ္ဂပါဠိ၊ အဋ္ဌမသုတ်ဖြစ်သော မဟာသီဟနာဒသုတ်ကို လေ့လာနိုင်သည်။

(၈) <u>တန်ခိုး ပြာဋိဟာ</u>

လူတို့သည် အထူး အဆန်း ကိုအလွန်နှစ်သက်ကြသည်၊ အံ့ဩဖွယ်ဖြစ်အောင် ထူးဆန်းလျှင်ကား သာ၍ပင်နှစ်သက်ကြသေးသည်၊ တန်ခိုးပြာဋိဟာ ကား အံ့ဩဖွယ်ဖြစ်အောင်ထူးဆန်း သောအရာဖြစ်သည်၊ ယင်း တန်ခိုးပြာဋိဟာသည် လောက၌တကယ်တန်း ရှိသလော၊ ယင်း တန်ခိုးပြာဋိဟာကို မည်သည့်ပုဂ္ဂိုလ်မျိုး က

ရရှိပိုင်နိုင်ကြသနည်း ဟူသော ပြဿနာသည် အလွန်သိမ်မွေ့နက်နဲသည်။

အချို့ကလည်း တန်ခိုးပြာဋိဟာကို မယုံကြည်လိုကြ၊ အချို့ကလည်း တန်ခိုး ပြာဋိဟာကိုအလွန်ယုံကြည်လိုကြသည်၊ မယုံကြည်လိုသူတို့ကမူ ဗုဒ္ဓ၏တန်ခိုးပြာဋိဟာ များကိုပင် သဘာဝနှင့်ဆန့်ကျင်သည်ဟု၍ ပြက်ရယ်ပြုလိုကြသည်၊ မထိတထိ ရိသဲ့သဲ့ လုပ်ကြသည်၊ ယုံကြည်လိုသူတို့ကလည်း ဗုဒ္ဓနှင့်ပတ်သက်လာလျှင် ဘာမဆိုတန်ခိုးပြာဋိ ဟာချည်း ထင်ကြသည်၊ တန်ခိုးပြာဋိဟာ အဖြစ်ဖြင့် ပြောဆိုလျှင်ဘာမဆိုယုံကြည် ချင်ကြသည်၊ ဤကိစ္စကို ယထာဘူတကျ အောင်သိမြင်တတ်ဖို့အလွန်အရေးကြီးသည်။

ဗုဒ္ဓ၏တန်ခိုးပြာဋိဟာကိုမယုံကြည်လိုသောသူတို့သည် ပိဋကတ်စာများတို့က ဗုဒ္ဓကို အနန္တတန်ခိုးရှင်ဟု နေရာတကာ၌ အမွှမ်းတင်ခဲ့ကြသော်လည်း ပရိ နိဗ္ဗာန်ပြုခါနီးတွင် ဗုဒ္ဓသည် အနန္တတန်ခိုးရှင်မဟုတ်တော့ဘဲ ကမ္ဘာ့သမိုင်းဝင် ပုဂ္ဂိုလ်တဦး ဖြစ်လာသည်ဟုဆိုကြသည်၊ ဤစကားသည် ဗုဒ္ဓကား အနန္တတန်ခိုးရှင် မဟုတ်၊ ပကတိလူသားတယောက်သာဖြစ်သည်ဟုဆိုခြင်းပင်ဖြစ်သည်၊ ဗုဒ္ဓ၏တန်ခိုး ပြာဋိဟာကိုယုံကြည်သူအချို့တို့ကလည်း ဗုဒ္ဓကိုပဒိထားဘိ၊ ဗုဒ္ဓအမည်ဗုဒ္ဓဂုဏ်ကိုရွတ် ဆိုအသုံးချတတ်လျှင်သိဒ္ဓိအမျိုးမျိုး ပေါက်နိုင်သည်၊ ကြံသမျှပြီးစီးသည်ဟုဆိုကြသည်။

ဤလောက၌အံ့ဩဖွယ်ကောင်းအောင်ထူးဆန်းသော တန်ခိုးပြာဋိဟာ များရှိကြသည်မှာ အမှန်ပင်ဖြစ်သည်၊ ယင်းတန်ခိုးပြာဋိဟာတို့ကို ထိုက်သင့် သလိုပိုင်နိုင်သော တန်ခိုးရှင်များ ရှိကြသည်မှာလည်း အမှန်ပင်ဖြစ်သည်၊ ဗုဒ္ဓသည် အနန္တတန်ခိုးရှင်အဖြစ်သို့ ရောက်ခဲ့သည်မှာလည်း အမှန်ပင်ဖြစ်သည်၊ ဤအချက်နှင့် ပတ်သက်၍ ဗုဒ္ဓသည် နာဠန္ဒာ၌ ကေဝဋ္ဋသူကြွယ်အား တန်ခိုးပြာဋိဟာ (၃) မျိုးကို အသေအချာခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူခဲ့သည်။

ယင်းတန်ခိုးပြာဋိဟာတို့မှာ -

(၁) ဣဒ္ဓိပါဋိဟာရိယ - တန်ခိုးဖန်ဆင်းခြင်း အမျိုးမျိုး

(၂) အာဒေသနာပါဋိဟာရိယ - သူတပါး၏စိတ်အကြံကိုအတပ်သိသော စိတ်သွန်းတန်ခိုးပြာဋိဟာ

(၃) အနုသာသနီပါဋိဟာရိယ - အံ့ဖွယ်ရာဗုဒ္ဓဓမ္မကိုး ဟောကြားခြင်း တန်ခိုးပြာဋိဟာ တို့ဖြစ်ကြသည်။

ဤတန်ခိုးပြာဋိဟာတို့ကို လေ့လာရာ၌ တန်ခိုးအရာ၊ သဘာဝအရာ၊ ကံအရာတို့ကို ခွဲခြားနားလည်ထားရန်လိုသည်၊ တန်ခိုးပြာဋိဟာသည် တန်ခိုး အရာ၌ အံ့ဩဖွယ်ဖြစ်အောင် [illegible] ပြုနိုင်သော်လည်း သဘာဝအရာ ကံအရာတို့ [illegible] မတက်နိုင်ပေ၊ [illegible] ဖြစ်ရသည်၊ ထို့ကြောင့် ဗုဒ္ဓလက်ထက်တော်မှာပင်၊ [illegible] ရှိနေလျက်ပင် [illegible]

မိုး ခေါင်၍ ကပ် ၃-ပါး ကိုက်ခဲ့သည်၊ ဗုဒ္ဓ၏ ကျောင်း ဒကာ ဗိမ္ဗိသာရမင်းကြီး ကို သား တော်အဇာတသတ်က ပ သေ သေအောင်သတ်ခဲ့သည်၊ သာကီဝင်တို့ကို ဝိဋူဍဘကသတ်ခဲ့သည်၊ ပဿသာတိမင်း ဗါဟိယ ဒါရုစီရိယ ပရိဗိုဇ်တို့သည် ဗုဒ္ဓထံမှ တရား နာ၍ထအသွား မှာပင်နွား ဝေ့၍ သေဆုံး ခဲ့ကြရသည်၊ အရှင်မဟာ မောဂ္ဂလာန်ကို ခိုး သား ငါး ရာတို့သတ်ခဲ့ကြသည်၊ ဗုဒ္ဓကိုယ်တော်တိုင်ပင် ပါတ်ချုပ်ခြင်း ကျောက်ကုန်း အောင့်ခြင်း ဝမ်း လျောခြင်း တို့ကိုခံစား တော် မူခဲ့ရသည်။

သို့ရာတွင် ဗုဒ္ဓနှင့်ဗုဒ္ဓသာသနာတို့၏ တန်ခိုး ပြာဋိဟာတို့ကား ပဋိကတ် ကျမ်း ဂန်တွင်အများ အပြား ပင်ပါရှိသည်၊ ဗုဒ္ဓသည် ဖွား တော်မူစကပင် မြောက်အရပ်သို့ ၇-ဖဝါး လှမ်း သွား၍ ၃-ခွန်း သော စကား ကိုဆိုခဲ့သည်၊ ဗုဒ္ဓအဖြစ်သို့ရောက်စ ပလ္လင်သာဘာဒ္ဒါရုံး တွင် ရေမီး အစုံအစုံ ယမိုက်ပြာဋိဟာကိုပြ တော်မူခဲ့သည်၊ မိဂဒါဝုန် တောတွင် ဂါထာ ဟော်မူစဉ် သေ သေဌေး သားကို သူ့ဖခင် သေဌေး မမြင်အောင် တန်ခိုး ဖြင့်ဖွယ်ထား သည်၊ ဥရုဝေလ တောတွင် ဥရုဝေလနဂါး ကိုနှိမ်း မခြင်း မှစ၍ ပြာဋိဟာများ စွာပြခဲ့သည်၊ သာဝတ္ထိပြည် ကဏ္ဍမည် သော သရက်ပင်ရင်း၌ ယမိုက်ပြာဋိဟာပြခဲ့သည်၊ ဝေသာလီပြည် ပါထိက ပုတ္တ ပရိဗိုဇ် ကျောင်း ၌တန်ခိုး ပြာဋိဟာပြခဲ့သည်၊ မလ္လာတိုင်း ကူကာပုက္ကုသား ရွာတွင် အမှိုက်သရိုက် အပြည့်ထည့်ထား သော ရေတွင်း မှ ရေလျှံ၍ထွက်ခဲ့သည်၊ ပါဋလိရွာတွင် ဆွမ်း ဘုဉ်း ပေးပြီး နောက် ရဟန်း ၁၂၅၀-နှင့်တကွ တမုဟုတ်ချင်း ဂင်္ဂါမြစ်ဖက်ကမ်း သို့ကြွရောက်သည်၊ ပရိနိဗ္ဗာန်စံ တော်မူခါနီး ကုသိနာရုံပြည်သို့ကြွသွား ရာတွင်လည်း ငါး ရာဖြတ်သွား ၍ ရေ နောက် နေ သော မြစ်ငယ်ရေ ကြည်ခဲ့သည်၊ အရှင်ပိဏ္ဍောလသည် ဝါး ၇-ဆင့်ခန့်ကောင်း ကင်သို့ပျံတက်၍ ရာဇဂြိုဟ် သေဌေး ၏စန္ဒကူး သပိတ်ကို ယူခဲ့သည်၊ အရှင်မဟာ မောဂ္ဂလာန်သည်ဝိသာခါ၏ ပုဗ္ဗာရုံ ဒုတ်ပြသာဒ်ကို ခြေမဖြင့် ကုဋိကာကိုကန်၍ သွက်သွက်ခါအောင်လှုပ် စေသည်၊ သိကြား မင်း ၏ ဝေဇယန္တာပြသာဒ်ကို ထို့အတူပင် တုန်လှုပ် စေခဲ့သည်၊ ဟိမဝန္တာ မန္ဒာကိနီအိုင်သို့တမုဟုတ် ချင်း ကြွသွား ၍ဆင်တ ကောင် ကကြာစွယ်ကြာရင်း တို့ကိုသယ်ယူခဲ့ စေ၍ တမုဟုတ်ချင်း ပြန်လာပြီး အရှင်သာရိ ပုတ္တရာအား လှူစေသည်၊ ဤသို့စသည်ဖြင့်ဗုဒ္ဓနှင့်ဗုဒ္ဓသာသနာတို့၏တန်ခိုး ပြာဋိဟာ များ အများ ပင်ပါရှိ နေကြသည်။

ဤတန်ခိုး ပြာဋိဟာနှင့်ပတ်သက်၍ယထာဘူတကျ အောင် သိမြင်တတ်ဖို့ အလွန်အရေး ကြီး သည်၊ ဤတန်ခိုး ပြာဋိဟာများ အကြောင်း ကိုအတုမဲ့ဗုဒ္ဓကိုယ်တိုင် ဝေဖန် ဟောကြား တော်မူခဲ့သည်၊ ဤအကြောင်း ကို ကောင်း ကောင်း လေ့လာ လိုလျှင် ဤသီလက္ခန္ဓဝဂ္ဂပါဠိ၊ ဧကာဒသမသုတ်ဖြစ် သော ကေဝဋ္ဋသုတ်ကို လေ့လာ နိုင်ကြသည်။

(ဆ) ဗုဒ္ဓနှင့်ဗြာဟ္မဏဝါဒ

ပိဋကတ်ကျမ်း စာဗုဒ္ဓ ဒေသနာအရဆိုလျှင် အိန္ဒိယပြည်တွင် ဗြာဟ္မဏဝါဒသည်အလွန်ရှေးကျသော အချိန်မှစ၍ ပေါ်ပေါက်လာခဲ့သည်ဟုဆိုရပေလိမ့်မည်။ ရှေးအခါ ဈာန်အဘိညာဉ်တို့ကိုရရှိကြသော အဋ္ဌကရသေ့ ဝါမကရသေ့ စသော ရသေ့ ၁၀-ယောက်တို့သည် ဗေဒ-ကျမ်းများကိုစတင်ပြုစုခဲ့ကြသည်ဟု ဗုဒ္ဓက ဟောကြားတော်မူခဲ့သည်။ ယင်း ဗေဒင်ကျမ်းများ ပေါ်ပြီး နောက်မရှေး မနှောင်း ဆိုသလိုပင်ဗြာဟ္မဏဝါဒ ပေါ်ပေါက်လာခဲ့သည်ဟုဆိုနိုင်သည်။ အကြောင်း မူကား ရှေးဗြာဟ္မဏဝါဒီတို့သည် ဗေဒကျမ်းများကိုအကြွင်းမဲ့ယုံကြည်သဖြင့်ကိုယ်ပိုင် ပစ္စည်းလုပ်၍ လေ့လာသင်ကြားခဲ့ကြသည်။ မန္တခေါ် ဗေဒကျမ်း အတတ်ဖြင့် ကျန်အမျိုး ၃-ပါး တို့အပေါ်၌ဆရာလုပ်ခဲ့ကြသည်။

သို့ဖြင့်နောင်အခါ၌ ဗေဒကိုလက်ခံယုံကြည်လာကြသည်။ ဗြာဟ္မဏတို့၏ ဆုံးမဩဝါဒကိုနာခံကြသည်။ ဗြာဟ္မဏတို့ကိုရိုသေလေးစားကြသည်။ ဗြာဟ္မဏတို့လည်း မူလဗေဒကျမ်းတို့ကိုလိုအပ်သလိုဖြည့်စွက်မွမ်းမံပြီး ဗေဒင် ၃-ပုံတို့ကိုဝိဇ္ဇာ ၃ပါး ဟုအမည်တပ်ကြသည်။ ဗေဒင် ၃-ပုံတတ် ဗြာဟ္မဏတို့ကို တေဝိဇ္ဇဗြာဟ္မဏ ဝိဇ္ဇာ ၃-ပါး နှင့်ပြည့်စုံသောဗြာဟ္မဏဟု ခေါ်ကြသည်။ သူတို့၏သွန်သင်ဆုံးမချက်ဖြင့် အမျိုး ၄-ပါး တို့သည်။ ဗြဟ္မာကိုပူဇော်ခြင်း၊ မီးကိုလုပ်ကျွေးခြင်း၊ ယဇ်ပူဇော်ခြင်း အမှုတို့ကိုပြုလုပ်လာကြသည်။

ဗုဒ္ဓပွင့်တော်မူချိန်၌ကား ယင်းဗြာဟ္မဏဝါဒသည် အထွတ်အထိပ်သို့ ရောက်နေပြီဟုပင် ဆိုနိုင်စရာအကြောင်း ရှိသည်။ ထိုအချိန်က အိန္ဒိယ၌ တန်ခိုး အာဏာကြီးမားသော ကောသလတိုင်း မဂဓတိုင်း ဝဇ္ဇီတိုင်း စသော တိုင်းကြီး ပြည်ကြီးများ တွင်ဗြာဟ္မဏတို့ကအကြီးအကျယ်ဩဇာအာဏာလွှမ်းမိုး နေကြသည်။ ဗုဒ္ဓဖွားမြင်တော်မူရာသက္ကတိုင်း၌လည်း ဗြာဟ္မဏတို့ကပင်ဩဇာအာဏာလွှမ်းမိုး နေခဲ့သည်။ ကောသလမင်းကြီးသည် ယင်း ဗေဒင်တတ် ဗြာဟ္မဏတို့ကို ဆရာ ပုရောဟိတ်ခန့်၍မြို့စား ရွာစား ပေးထားသည်။ ဥက္ကဋ္ဌမြို့ ပေါက္ခရသာတိ ပုဏ္ဏား၊ ဣစ္ဆာနင်္ဂလမြို့ တာရုက္ခပုဏ္ဏား၊ ဩပါသာဒမြို့ စင်္ကီပုဏ္ဏား၊ သာဝတ္ထိ မြို့အနီး တုဒိရွာ တောဒေယျပုဏ္ဏား၊ သာလဝတိကာမြို့ လောဟိစ္စပုဏ္ဏား တို့သည် ကောသလမင်းကြီး၏အပူဇော်ခံပုရောဟိတ်များ ဖြစ်ကြသည်။ ဇာဏုဿောဏိ ပုဏ္ဏား အာကာသဂေါတ္တပုဏ္ဏား ဘဂ္ဂဝပုဏ္ဏား တို့သည် သာဝတ္ထိမြို့တော် ကောသလ မင်းကြီး အနီး တွင်ရှိ နေကြသောပုရောဟိတ်များ ဖြစ်ကြသည်။

ထို့အတူပင်ရာဇဂြိုဟ်ပြည့်ရှင်ဘုရင်ဗိမ္ဗိသာရမင်းကြီး သည်လည်း ဗေဒ ၃-ပုံတတ်ဗြာဟ္မဏတို့ကိုပုရောဟိတ်အရာတွင်ထား၍ မြို့စား ရွာစား ပေး ခဲ့သည်။ စမ္ပါမြို့စား သောဏဒဏ္ဍပုဏ္ဏား၊ ခါဏုမတရွာစား ကူဋဒန္တပုဏ္ဏား ဒဏ္ဍကဂိရိအရပ်

ဧကနာဠာရွာ ကသိကဘာရဒွါဇပုဏ္ဏားတို့သည် ဗိမ္ဗိသာရမင်းကြီး၏အပူဇော်ခံပုရောဟိတ်များ ဖြစ်ကြသည်၊ ဝဿကာရပုဏ္ဏား၊ မန္ဒာနီပုဏ္ဏား ၊ အင်္ဂကဘာရဒွါဇပုဏ္ဏားတို့သည် ရာဇဂြိုဟ်မြို့တော်တွင်နေသောအတိုင်ပင်ခံပြာဟ္မဏများ ဖြစ်ကြသည်၊ အာပဏနိဂုံးတွင်နေသော သေလပုဏ္ဏားလည်း ဝေဒပါရဂူ ပါမောက္ခဆရာကြီးတယောက်ပင်ဖြစ်သည်။

ထို့အတူပင်အခြားဘုရင်များကလည်း တေဝိဇ္ဇာပြာဟ္မဏတို့ကိုပင် ပုရောဟိတ်အရာနှင့်ထား၍ ရိုသေပူဇော်ခဲ့ကြသည်၊ ပြဟ္မာယုပုဏ္ဏားသည် ဝိဒေဟတိုင်း မိထိလာပြည်၏ပါမောက္ခဆရာကြီးတယောက်ဖြစ်သည်၊ မာဂန္ဒိပုဏ္ဏားသည် ကမ္မသဒနိဂုံး ကုရုတိုင်းကပါမောက္ခဆရာကြီးတယောက်ဖြစ်သည်၊ ကရဏပါလီပုဏ္ဏားသည် ဝေသာလီပြည်လိစ္ဆဝီမင်းတို့၏ဆရာကြီးတယောက်ဖြစ်သည်၊ သေတဗျနိဂုံးက ဒေါဏပုဏ္ဏားသည်လိစ္ဆဝီမင်း မလ္လာမင်းတို့၏ဆရာကြီးတယောက်ဖြစ်ခဲ့သည်။

ဝါဒရေးရာတွင်ဗုဒ္ဓနှင့်ယှဉ်ပြိုင်ဆွေးနွေးခဲ့သော အမ္ဗဋ္ဌလုလင်၊ ကာပဋိကလုလင်၊ သင်္ဂါရဝလုလင်၊ အာသလာယနလုလင်၊ ဥတ္တရလုလင်၊ သုဘလုလင်၊ ဝါသေဋ္ဌလုလင်၊ ဘာရဒွါဇလုလင်တို့သည်လည်း ဝေဒပါရဂူ ပုဏ္ဏားများပင်ဖြစ်ကြသည်။

ဗုဒ္ဓဖွားမြင်တော်မူရာ သက္ကတိုင်း ကပိလဝတ်ပြည်တွင်လည်း ကာဠဒေဝီလသည် အစဉ်အလာပုရောဟိတ်တယောက်ခဲ့သည်၊ ဘုရားလောင်းကိုဖွားမြင်သောအခါ ကောဏ္ဍညစသောပုဏ္ဏားတို့အား ကျွေးမွေးပူဇော်၍ လက္ခဏာမေးခဲ့သည်။

ဤအချက်တို့ကို ထောက်၍ထိုခေတ်က ပြာဟ္မဏဝါဒမည်မျှဩဇာအာဏာလွှမ်းမိုးခဲ့သည်ကိုအကဲခတ်နိုင်သည်။

ထိုခေတ်ကတိုင်းပြည်အုပ်ချုပ်၍မင်းလုပ်သော သူတို့အပေါ်မှာပင် ပြာဟ္မဏတို့က ဤမျှဩဇာလွှမ်းမိုးနေလျှင် အခြားတိုင်းသူပြည်သားလူအများ အပေါ်၌မည်မျှဩဇာလွှမ်းမိုးလိမ့်မည်ကိုအလွယ်တကူခန့်မှန်းနိုင်ကြသည်၊ ဤသို့သော ပြာဟ္မဏဝါဒအောက်တွင် ဗုဒ္ဓပွင့်တော်မူလာခဲ့သည်၊ သို့ဖြင့်ဗုဒ္ဓ၏အကြီးဆုံးဆန့်ကျင်ဖက်များမှာ ဝါဒသဘောတရားအရဆိုလျှင် ယင်းတေဝိဇ္ဇာပြာဟ္မဏများပင်ဖြစ်ကြသည် ပူရဏကဿပစသော အခြားဂိုဏ်းဆရာကြီးတို့သည် ဗုဒ္ဓ၏ဆန့်ကျင်ဖက်များဖြစ်ကြသည်မှာ မှန်သော်လည်း သူတို့သည် တေဝိဇ္ဇာပြာဟ္မဏများလောက် အင်အားမကြီးကျယ်၊ သူတို့၏ဝါဒများမှာလည်း သာမန်အသိဉာဏ်နှင့်စဉ်းစားလျှင်ပင်၊ အသင့်ယုတ္တိမရှိလှသည်ကိုရိပ်စားမိနိုင်သော ဝါဒများသာဖြစ်ကြသည် အခြေအမြစ်မရှိလှသောဝါဒများသာဖြစ်ကြသည်၊ ထို့ကြောင့်ထိုဆရာကြီး ၆-ယောက်တို့တွင် ဗုဒ္ဓနှင့်မျက်နှာချင်းဆိုင်၍ ယှဉ်ပြိုင်ဆွေးနွေးဝံ့သူတယောက်မျှမရှိ၊

ကောသလမင်းကြီးက ခေါ်၍ သင်တို့သည် သမ္မာသမ္ဗုဒ္ဓဟု ဝန်ခံကြသလောဟု မေးမြန်းစိစစ်ကာမှဖြင့်ပင် သမ္မာသမ္ဗုဒ္ဓ မဟုတ်ကြပါ ဟုဝန်ခံ၍ ကြောက်ကြောက်နှင့်ပြန်ခဲ့ကြသူများ ဖြစ်ကြသည်၊ ပြာဟ္မဏတို့ကား ယင်းသို့အခြေအမြစ် မရှိသူများ မဟုတ်ကြ၊ လူ့သမိုင်းတွင် ရှေးအကျဆုံးဖြစ်သော ဝေဒကျမ်းအတတ်ကို တတ်ကျွမ်းကြသဖြင့် ကောသလမင်းကြီးသာမက ဗိမ္ဗိသာရမင်းကြီး၊ ဗုဒ္ဓခမည်းတော် သုဒ္ဓေါဒနမင်းကြီး စသော ဘုရင်မင်းမြတ်တို့က ရိုသေပူဇော်ခြင်းကိုခံရသူများ ဖြစ်ကြသည်၊ သူတို့၏ပြာဟ္မဏဝါဒကား ရှေးဝေဒကျမ်းဟောင်းများ၏အကူအညီဖြင့်လွန်စွာအားကောင်းသည်။

ဗုဒ္ဓခေတ်က ပြာဟ္မဏတို့ကား တန်ခိုးအာဏာစည်းစိမ်ချမ်းသာနှင့်ပြည့်စုံသူများ ဖြစ်ကြသည်၊ ထို့ကြောင့်ပြာဟ္မဏတို့သည် ခတ္တိယအမျိုးဇာတ်မှ ရဟန်းပြုလာသော ဗုဒ္ဓကိုပင်အထင်သေးကြသည်၊ ပေါက္ခရသာတိပုဏ္ဏား၏ တပည့်ကြီးဖြစ်သူ အမ္ဗဋ္ဌလုလင်ကမူ သာကီဝင်တို့သည် ခတ္တိယအစစ်မဟုတ်ကြ၊ သူကြွယ်များသာဖြစ်ကြသည်ဟု အမျိုးအနွယ်ကိုပင်ထိပါး၍၊ သဲရေးခြင်း ၁၀-ပါးတွင် တပါးအပါအဝင်ဖြစ်သော အမျိုးအနွယ်ဖြင့်သဲရေးခြင်းမျိုးဖြင့်သဲရေးခဲ့သည်၊ သာဝတ္ထိပြည် အက္ကောသကဘာရဒွါဇပုဏ္ဏားကလည်း သူ့အစ်ကိုဘာရဒွါဇပုဏ္ဏား ရဟန်းပြုသွားသည်ကို အကြောင်းပြု၍ သဲရေးခြင်းအမျိုးမျိုးဖြင့် ဗုဒ္ဓကို သဲရေးခဲ့သည်၊ ဝါသေဋ္ဌနှင့်ဘာရဒွါဇလုလင်တို့ ရှင်ရဟန်းပြုသွားကြသောအခါ အခြားပုဏ္ဏားတို့က ``သင်တို့သည် ပြဟ္မာ၏ခံတွင်းမှ မွေးဖွားလာသောပြာဟ္မဏများ ဖြစ်ကြပါလျက်ပြဟ္မာ၏ ခြေဖမိုးမှ မွေးဖွားလာသော ရဟန်းတို့ထံ၌ အဘယ်ကြောင့် ရှင်ရဟန်းပြုကြသနည်း``ဟုသဲရေးကြသည်၊ ပြာဟ္မဏတို့သည် သူတို့ကိုယ်သူတို့ပြဟ္မာ့ ခံတွင်းမှဖွားမြင်လာသူများ ဟုအယူရှိကြသည်၊ ရဟန်းတို့ကား ပြဟ္မာ၏ ခြေဖမိုးမှဖွားမြင်လာသူများ ဟုအယူရှိကြသည်၊ ကောသမ္ဗီပြည် ဥဒေနမင်း၏ မိဖုရားတပါးဖြစ်သော မာဂဏ္ဍီသည် ဗုဒ္ဓအပေါ်၌ ရန်ငြိုးဖွဲ့၍၊ ဗုဒ္ဓ ကောသမ္ဗီပြည်သို့ရောက်တော်မူသောအခါ မြို့သူမြို့သားတို့အား ပစ္စည်းဥစ္စာအသပြာပေးကမ်း၍ ဗုဒ္ဓနှင့်ရဟန်းတော်တို့ကို သဲရေးစေခဲ့သည်၊ သာကီဝင်တို့ကို သူကြွယ်များသာဟု ဆိုခဲ့သော အမ္ဗဋ္ဌလုလင်သည် ဗုဒ္ဓနှင့် စကားပြောရာတွင်မထိုင်ဘဲ လမ်းလျှောက်လိုက်ရပ်လိုက်လုပ်၍၊ ထိုင်နေသောဗုဒ္ဓအား ဂါန့်လေးစား စကားပြောခဲ့သည်၊ သာဝတ္ထိပြည် အဂ္ဂိကဘာရဒွါဇပုဏ္ဏားကလည်း ဆွမ်းရပ်လှာသော ဗုဒ္ဓကိုသူယုတ်မာဟု ခေါ်ခဲ့သည်။ အမှန်အားဖြင့် ဗုဒ္ဓကို မျက်နှာချင်းဆိုင်၍ သန့်ကျင်ဘက်လုပ်ရဲသူတို့မှာ ပြာဟ္မဏများသာဖြစ်ကြသည်။

ဗုဒ္ဓသည် ဤမျှအင်အားကြီးမား သောဆန့်ကျင်ဖက်များ ဖြစ်ကြသော ဗြာဟ္မဏတို့ကို မိမိ၏ သီလ သမာဓိ ပညာတို့ဖြင့်အနိုင်ယူတော်မူခဲ့သည်၊ ဖြောင့်မတ်ညီညာသော ဗုဒ္ဓဝါဒလမ်းစဉ်ကိုတီထွင် ဖေါက်လုပ်တော်မူခဲ့သည်။

ယင်း ဗြာဟ္မဏဝါဒ၏ အထွတ်အထိပ်မှာ ဗြဟ္မာဖြစ်သည်၊ ဗြာဟ္မဏတို့သည် ဗြဟ္မာကိုပူဇော်ကြသည်၊ ဗြာဟ္မဏကျမ်း၊ သို့မဟုတ်၊ ဝေဒကျမ်းတို့ကလည်း ဗြဟ္မာဖြစ်လမ်းစဉ်ကို ညွှန်ကြားပြသကြသည်၊ သို့ဖြင့် တေဝိဇ္ဇ ဗြာဟ္မဏတို့သည် မိမိတို့၏ တပည့်တပန်းတို့အား ဗြဟ္မာဖြစ်လမ်းစဉ်တရားကို ပြောကြားလေ့ရှိကြသည်၊ ယင်းသို့ ပြောကြားသဖြင့်တပည့်လုပ်သူတို့တွင် သူ့ဆရာလမ်းစဉ်မှန်သည်၊ ငါ့ဆရာလမ်းစဉ်မှန်သည်ဟု ဆရာစွဲ အငြင်းအခုံစကားဖြစ်ပွားသည် သို့ဖြင့် ထိုပြဿနာသည် ဗုဒ္ဓနှင့်ရင်းနှီးသော ဝါသေဋ္ဌနှင့် ဘာရဒွါဇလုလင်တို့မှတဆင့် ဗုဒ္ဓထံသို့ရောက်လာသည်၊ ထိုအခါ ဗုဒ္ဓသည်ယင်း ဗြဟ္မာဖြစ်လမ်းစဉ်ကို ပြောကြားနေကြသောဗြာဟ္မဏတို့ကို အကန်းတွဲ ဥပမာစသော ဥပမာ ၇-မျိုးတို့ဖြင့် အကြီးအကျယ် ချေမှုန်း၍ ဗြဟ္မာ့လမ်းစဉ်အမှန်ကို ဟောကြားတော်မူခဲ့သည်။

ဤအကြောင်းအရာကိုအသေးအချာသိအောင် လေ့လာလိုလျှင် ဤသီလက္ခန္ဓဝဂ္ဂပါဠိ တေရသမသုတ်ဖြစ်သော တေဝိဇ္ဇသုတ်ကို ဖတ်ရှုလေ့လာနိုင်ကြသည်။

## ၈။ ``<u>အရေးပါသောပြဿနာများ</u>``

ဤသီလက္ခန္ဓဝဂ္ဂပါဠိကို လေ့လာဖတ်ရှုလျှင်အရေးပါသောပြဿနာ အဖြေများကို အလွယ်တကူ တွေ့မြင်နိုင်ကြသည်၊ အကြောင်းမူကား ဤသီလက္ခန္ဓဝဂ္ဂပါဠိတွင် ပါဝင်နေကြသောသုတ်ဒေသနာတို့သည် အမှန်စင်စစ်အားဖြင့်ပြဿနာအဖြေများသာဖြစ်ကြသည်၊ ဗုဒ္ဓသည်အရေးပါသောပြဿနာတို့ကိုရည်ညွှန်း၍ ဤသုတ်ဒေသနာတို့ကိုရှည်လျားစွာအကျယ်တဝင့် ဟောကြားတော်မူခဲ့သည်၊ သို့ဖြင့်ဤသုတ်ဒေသနာတို့တွင် ပြဿနာအဖြေအမျိုးမျိုး ပါဝင်လျက်ရှိကြသည်၊ ယင်းပြဿနာတို့တွင် အချို့ပြဿနာတို့သည် သုတ်ဒေသနာကို ဟောတော်မူရခြင်း၏အကြောင်းရင်းများပင်ဖြစ်ကြသည်၊ အချို့ပြဿနာတို့ကား အလိုလိုပါဝင်ပြီး ဖြစ်နေသော ပြဿနာများ ဖြစ်ကြသည်။

### (က) <u>ဝါဒပြဿနာ</u>

ဤလောက၌ ဝါဒပြဿနာသည် အလွန်ကျယ်ပြန့်ပြီး များစွာရှုပ်ထွေးသည်၊ ဝါဒကြောင့်ပင် လူတို့သည် တခါတရံ ဒိုက်ရန်ငြင်းခုံဖြစ်ပွားကြရသည်၊ တခါတရံ စစ်ပွဲကြီးများကိုပင် ဆင်နွှဲခဲ့ကြရသည်၊ လူတွင်မှန်ကန်သောဝါဒရှိရန်မှာ လွန်စွာအရေးကြီးသည်။

ဝါဒဟူသော စကားသည် ပါဠိစကား ဖြစ်သည်၊ လက်ကိုင်ပြု၍ ပြောဆိုကြောင်း ဖြစ်သော အတွေး အခေါ်၊ အယူအဆ၊ လက်ခံယုံကြည်ချက်ဟု အဓိပ္ပါယ်ရှိသည်၊ ယင်းကိုပင် မိမိဥာဏ်ရှိသမျှ ဆင်ခြင်သုံးသပ်၍ ဤအရာသာမှန်သည်၊ အခြား အရာမမှန်ဟု ထင်မြင်စွဲလမ်း တတ်ကြသဖြင့် ဒိဋ္ဌိဟုလည်း ခေါ်သည်၊ ယင်းကိုပင် ဖောက်ပြန်မှားယွင်း သောအယူဖြစ်လျှင် မိစ္ဆာဒိဋ္ဌိ၊ မှန်ကန် သောအယူဖြစ်လျှင်သမ္မာ ဒိဋ္ဌိဟု ခေါ်ပြန်သည်။

သို့ရာတွင်အမှန်စင်စစ်အားဖြင့် မှားယွင်း သောအယူအစွဲမိစ္ဆာဒိဋ္ဌိ သာဒိဋ္ဌိဖြစ်သည်၊ မိစ္ဆာဒိဋ္ဌိကိုသာဒိဋ္ဌိဟု ခေါ်ဆိုသည်၊ မှန်ကန် သောအယူ၊ မှန်ကန် သောလက်ခံယုံကြည်ချက်ဖြစ် သောသမ္မာဒိဋ္ဌိကား ဒိဋ္ဌိမဟုတ်၊ အမှန်ကိုသိတတ် သော ဥာဏ်အမြင်သာဖြစ်သည်၊ ထို့ကြောင့် ယင်းသမ္မာဒိဋ္ဌိကို ဒိဋ္ဌိဟုမခေါ်၊ ဥာဏ်၊ ဥာဏ်အမြင်ဟုသာ ခေါ်သည်။

ဒိဋ္ဌိ၏မူရင်း အနက်မှာ သိမြင်ခြင်း ဖြစ်သည်၊ သို့ရာတွင်သုံး စွဲတိုး ပွားရာ၌ ဖောက်ပြန်မှားယွင်း သော သိမြင်ခြင်း မျိုးကိုသာဒိဋ္ဌိဟုသုံး နှုန်း သည်၊ မှန်ကန် သောသိမြင်ခြင်း ကိုကား ဥာဏ–ဟူ၍၄င်း ၊ ဥာဏဒဿနဟူ၍၄င်း ၊ သုံး နှုန်း သည်၊ ထို့ကြောင့် ဒိဋ္ဌိဟုဆိုလျှင် မိစ္ဆာဒိဋ္ဌိဟုနားလည်ကြသည်၊ ယင်း မိစ္ဆာ ဒိဋ္ဌိဟူသော စကားကို ထောက်ထား၍ဆန့်ကျင်ဖက်ဖြစ် သော မှန်ကန် သောအယူ မှန်ကန် သောခံယူချက်ကိုလည်း သမ္မာဒိဋ္ဌိဟု ခေါ်ပြန်သည်၊ သို့ရာတွင် သမ္မာဒိဋ္ဌိ၏ တရား ကိုယ်အစစ်မှာဒိဋ္ဌိမဟုတ်၊ အမောဟ စေတသိက် သာဖြစ်သည်၊ ယင်း အမော ဟ စေတသိက်ကား ဥာဏ်၊ ပညာပင်ဖြစ်သည်။

ဗုဒ္ဓကိုယ်တိုင်ကလည်း `` ငါသည် လောကနှင့်မငြင်း ခုံ၊ လောကကသာ ငါနှင့်ငြင်း ခုံသည်၊ ငါသည် ဝိဘဇ္ဇဝါဒီဖြစ်သည်၊ ဝိဘဇ္ဇဝါဒီသည် မည်သူနှင့်မျှ မငြင်း ခုံ ``ဟုမိန့်တော်မူခဲ့သည်၊ ( ခန္ဓဝဂ္ဂသံယုတ်၊ ပုပ္ဖဝဂ်၊ ပုပ္ဖသုတ်စသည် )

ဗုဒ္ဓဘာသာစသည်ဖြင့် သုံး နှုန်း ရာ၌လည်း ဘာသာသည် ဝါဒဟု အဓိပ္ပါယ်ရှိသည်၊ ထို့ကြောင့် ဝါဒမဟုတ် သော ဗုဒ္ဓဓမ္မကို ဗုဒ္ဓဘာသာဟုဆိုခြင်းမှာ အခြား ဘာသာတို့နှင့်ခွဲခြား ရန်အတွက်သာဖြစ်သည်၊ ဗုဒ္ဓဓမ္မသည်ဘာသာဝါဒဖြစ် သောကြောင့်ဆိုခြင်း မဟုတ်ပေ၊ ဗုဒ္ဓဘာသာဟု ပြောဆိုခြင်း ထက် ဗုဒ္ဓဝါဒဟုပြော ဆိုခြင်း ကအမှန်တရား နှင့်ပို၍နီး စပ်သည်၊ အမှန်အား ဖြင့် ဝိဘဇ္ဇဝါဒီဖြစ် သော ဗုဒ္ဓအဆုံး အမကိုဗုဒ္ဓဓမ္မ ဗုဒ္ဓသာသနာဟုဆိုသင့်သည်။

ဤမျှရှုပ်ထွေးသော ဘာသာဝါဒတို့ကို ဗုဒ္ဓသည် အံ့ဩဘွယ်ရာကောင်း အောင် ဝေဖန် ဟောကြား တော်မူခဲ့သည်၊ ယင်း ဟောကြား ချက်ကို ဤသီလက္ခန္ဓ ဝဂ္ဂပါဠိ ပထမသုတ်ဖြစ် သော ဗြဟ္မဇာလသုတ်၌ တွေ့ မြင်နိုင်ကြသည်၊ အဆိုပါ

ဗြဟ္မဇာလသုတ်၌ ဗုဒ္ဓသည် ကြွင်းမဲ့ဥဿုံ အလုံးစုံကိုသိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်ဖြင့် လောကနှင့်ရှိရှိသမျှ ဘာသာဝါဒတို့ကို ဒွါသဋ္ဌိဒိဋ္ဌိ ၆၂-ပါးသော ဒိဋ္ဌိများဟုသတ်မှတ်ပိုင်းခြား၍အကြွင်းမဲ့ဝေဖန်ဟောကြားတော်မူခဲ့သည်၊ ဗုဒ္ဓကား ထိုဘာသာဝါဒ ၆၂-မျိုးတို့ကိုအကြောင်းအကျိုး အဖြစ်သနစ်နှင့်တကွ အကုန်အစင်သိမြင်တော်မူသဖြင့် ထိုဘာသာဝါဒမျိုးတခုခုကိုမျှ မစွဲလမ်းဘဲ လောကမှလွန်မြောက်တော်မူသည်ဟုလည်း ဟောကြားတော်မူခဲ့သည်၊ ဤဟောကြားချက်သည် ဗုဒ္ဓဓမ္မကား ဝါဒမဟုတ်၊ ဘာသာမဟုတ်ဟူသောအဓိပ္ပါယ်ကိုဆောင်နေသည်၊ ဘာသာဝါဒအိုစိတ်ဝင်စားသောပုဂ္ဂိုလ်တို့သည် ဤဗြဟ္မဇာလသုတ်ကို စေ့စေ့စပ်စပ်အသေအချာလေ့လာသင့်ကြသည်။

(ခ) <u>သဗ္ဗညု ပြဿနာ</u>

အတုမဲ့ သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားတို့၌ သဗ္ဗညုတ ဉာဏ်တော်ရှိသည်မှာ အမှန်ပင်ဖြစ်သည်၊ ယင်းသဗ္ဗညုတဉာဏ်တော်ကို အကြောင်းပြု၍သာ အတုမဲ့ ဗုဒ္ဓဟုခေါ်ဆိုပညပ်တော်မူခဲ့ကြသည်၊ ယင်းသဗ္ဗညုတဉာဏ်တော်ကိုအကြောင်းပြု၍ ပင်ဗုဒ္ဓကိုသဗ္ဗညူဟုလည်း ဆရာအစဉ်အဆက်တို့က ခေါ်ဝေါ်သမုတ်ခဲ့ကြသည်၊ သို့ရာတွင် သဗ္ဗညု-ဟူသောစကားကို ရှေးဦးစွာအသုံးပြုကြွေးကြော်ခဲ့ကြသော ပူရဏကဿပ နာဋပုတ္တ နိဂဏ္ဌာစသော ဂိုဏ်းဆရာကြီးများကပင် အဓိပ္ပါယ် အကောက်အယူလွဲ၍ အလွဲသုံးစားပြုခဲ့ကြသဖြင့် သဗ္ဗညူဟူသောစကားကိုအများကပင်ယုံမှားသံသယရှိခဲ့ကြသည်၊ ဗုဒ္ဓခေတ်မှစ၍သဗ္ဗညုပြဿနာပေါ်ခဲ့သည်။

သဗ္ဗညုတ ဉာဏ်ဆိုသည်မှာသိစရာရှိသမျှတရားအလုံးစုံကိုသိမြင်တတ်သောဉာဏ်ဖြစ်သည်၊ ယင်းသို့သိစရာရှိသမျှတရားအလုံးစုံကိုသိတတ်သောသူသည် သဗ္ဗညူဖြစ်သည်၊ သဗ္ဗညူသည်သိစရာရှိသမျှအလုံးစုံကိုသိတတ်သူဟုအဓိပ္ပါယ်ရှိသည်၊

လောကနှင့်စကြဝဠာမင်းပေါ်ပေါက်မည်ဆိုလျှင်နှစ်ပေါင်းတရာ စော၍ စကြဝဠာမင်းပေါ်လိမ့်မည်ဟုကောလာဟလဖြစ်သကဲ့သို့အတုမဲ့ ဗုဒ္ဓ ပွင့်တော်မူမည်ဆိုလျှင်လည်း နှစ်ပေါင်းတထောင်စော၍ဤလောကနှင့် အတုမဲ့ ဗုဒ္ဓပွင့်တော်မူလိမ့်မည်ဟု ကောလာဟလဖြစ်ရိုးထုံးစံရှိသည်၊ သို့ဖြင့် ဗုဒ္ဓဂေါတမ ပွင့်တော်မမူမီကပင် လောက၌ ဗုဒ္ဓပွင့်တော်မူလိမ့်မည်ဟု ကောလာဟလဖြစ်ပွား နေခဲ့သည်၊ ကောလာဟလဖြစ်ပေါ်လျှင်အတုအယောင်များလည်း ပေါ်လာစမြဲဖြစ်၍ သူကဗုဒ္ဓ၊ ငါကဗုဒ္ဓဟု ဗုဒ္ဓအတုအယောင်များလည်း ပေါ်ပေါက်လာကြသည်၊ ထိုဗုဒ္ဓအတုအယောင်တို့တွင် ပူရဏကဿပ စသောဂိုဏ်းဆရာကြီး ၆-ယောက်တို့သည် ဗုဒ္ဓပွင့်တော်မမူမီကပင် မိမိကိုယ်ကို မိမိ သဗ္ဗညူဟု ကြွေးကြော်၍ ဗုဒ္ဓလုပ်နေခဲ့ကြသည်၊ ထိုဆရာကြီးတို့ကား ဗုဒ္ဓအစစ်များမဟုတ်ကြသဖြင့် သဗ္ဗညူဟူသောစကားကိုတိတိကျကျ မှန်မှန်ကန်ကန်အဓိပ္ပါယ်မကောက်တတ်ဘဲ "ငါတို့သည် သွားယင်း လာယင်း ထိုင်ယင်း နေယင်း အိပ်နေယင်း ပါမကျန် အမြဲတမ်း

အရာခပ်သိမ်း ကိုသိသူမှသာ ဖြစ်ကြသည်``ဟု ယုံကြည်မတန် ဝါကြွားပြောဆိုခဲ့ကြသည်၊ အသိဥာဏ်နည်းပါး သောအချို့သူတို့ကလည်း ထိုစကားကိုပင်ယုံကြည်၍ သူတို့ကို ကိုးကွယ်ဆည်းကပ်ခဲ့ကြသည်၊ သူတို့တွင်တပည့်ခံသူ သုံး ရာ လေးရာမှငါး ရာစီ အထိရှိခဲ့ကြသည်။

သို့ဖြင့် ၎င်းခြောက်နှစ်တိုင်တိုင် ဒုက္ကရစရိယာကျင့်၍ ဗုဒ္ဓ ဂေါတမ ပွင့်တော်မူလာသောအခါ``ငါသည်အလုံးစုံသောတရားကိုသိသူ သဗ္ဗညုဗုဒ္ဓဖြစ်သည်၊ ငါအားဆရာမရှိ၊ ငါနှင့်တူသောသူသည်မရှိ၊ ငါသည် အရဟံ သမ္မာသမ္ဗုဒ္ဓဖြစ်သည်၊ ငါသည်ကိလေသာရန်သူအပေါင်းကိုအောင်နိုင်သူဖြစ်၍ ဇိနအမည်ရှိသည်``ဟု ဥပကအား မိန့်တော်မူခဲ့သည်၊ မိဂဒါဝုန်တောင်၌ ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာ တရားကို ဟောတော်မူသောအခါ``ငါသည် အတုမဲ့ သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူပြီး ရ၍သော အတုမဲ့သမ္မာသမ္ဗုဒ္ဓဟုဝန်ခံတော်မူခဲ့သည်``ဟု ဖွင့်ဟ ကြွေးကြော်တော်မူခဲ့သည်၊ ဤကြွေးကြော်သံတို့တွင် အရဟံ-ကားရဟန္တာဟု အဓိပ္ပါယ်ရှိသည်၊ သမ္မာသမ္ဗုဒ္ဓကားအလုံးစုံသောတရားကိုဟုတ်တိုင်း မှန်စွာ ကိုယ်တိုင်သိတတ်သူ ဟုအဓိပ္ပါယ်ရှိသည်။

ဤသို့မိန့်တော်မူရာတွင် သဗ္ဗဝိဒူ-ဟူသောစကားသည် သဗ္ဗညူ ဟူ သောစကားနှင့်အဓိပ္ပါယ်အားဖြင့် လုံးဝတူညီသည်၊ သမ္မာသမ္ဗုဒ္ဓ ဟူသော စကား ကား သဗ္ဗညူဟူသောစကားထက်ပင်ပို၍ခန့်ညားသည်၊ လေးနက်သည်။

အချို့ပုဂ္ဂိုလ်တို့သည် အထက်တွင်ဖော်ပြခဲ့သော ဝိနယ မဟာဝဂ္ဂပါဠိ ကိုပင် အာသေအချာ မလေ့လာမိသောကြောင့်သာဖြစ်သည်၊ ထိုပုဂ္ဂိုလ်တို့သည် မဇ္ဈိမပဏ္ဏာသပါဠိ တေဝိဇ္ဇဝစ္ဆဂေါတ္တသုတ်ကို ကိုးကား၍ ဗုဒ္ဓက သဗ္ဗညူအဖြစ်ကို ဝန်မခံဟူ၍၎င်း၊ အင်္ဂုတ္တရ နဝကနိပါတပါဠိ၊ လောကာယတိကသုတ်ကို ကိုးကား၍ ဗုဒ္ဓသည် သဗ္ဗညူအကြောင်းနှင့်စပ်လျဉ်း၍မေး လျှောက်သည်ကို တစုံတရာဖိန့် ကြားခြင်းမပြုဟူ၍၎င်း လိုရာကိုဆွဲ၍ လွဲမှားစွာအဓိပ္ပါယ်ကောက်ယူထား ကြသည်၊ အကိုပါ တေဝိဇ္ဇဝစ္ဆဂေါတ္တသုတ်တွင်ဗုဒ္ဓကဝန်မခံသော သဗ္ဗညူမှာ အထက်တွင်ဖော်ပြခဲ့သော အိပ်နေယင်းပါမကျန်အမြဲတပ်း အလုံးစုံကို သိနေသူ ဖြစ်သည်ကို သော တိတ္ထိဂိုဏ်းဆရာကြီးတို့၏ သဗ္ဗညူသာဖြစ်သည်၊ ဤအကြောင်း အရာသည် ယင်းတေဝိဇ္ဇဝစ္ဆဂေါတ္တသုတ်တွင်သာပါသည်မဟုတ်၊ ယင်း မဇ္ဈိမပဏ္ဏာသ ပါဠိ ကဏ္ဏကတ္ထလသုတ်၌လည်း ပါရှိသည်၊ ဤသုတ်တွင်ကောသလမင်းကြီးက ``အရှင်ဘုရား --- လောက၌အကြွင်းမဲ့အလုံးစုံကိုသိတတ်သောသဗ္ဗညူမရှိဟု ဗုဒ္ဓက မိန့်တော်မူသည်ဆိုသည်မှာ မှန်ပါသလော``ဟုမေး လျှောက်သည်၊ ထိုအခါ ဗုဒ္ဓက``ထိုစကားသည် မမှန်၊ ငါ့ကိုစွပ်စွဲရာရောက်သည်``ဟုမိန့်တော်မူ သည်၊ ဤအဖြေကိုကြားလျှင်ကောသလမင်းကြီးလည်း ``ဤစကားကိုနန်းတော်

တွင်း သို့မည်သူယူ ဆောင်လာသနည်း ``ဟု ဗုဒ္ဓ ရှေ့တော်မှ ဘုရင် မေး မြန်း စီစစ်သည်။ ထိုအခါသား တော် ဝိဇ္ဇုဘက အာကာသဂေါဓ ပုဏ္ဏား ယူဆောင်လာ ပါသည် ဟုဆိုသဖြင့် ချက်ချင်း ပင် အာကာသဂေါဓ ပုဏ္ဏားကို ခေါ်စေသည်။ ထိုနောက်ပုဏ္ဏား ရောက်မလာမီ ``အရှင်ဘုရား ---ဤသို့ အယူအဆလွဲမှား စရာ တစုံတခု သော စကား ကိုဆို တော်မူမိပါသလော ``ဟု လျှောက်ပြန်သည်။ ထိုအခါမှ ဗုဒ္ဓက ``မြတ်သောမင်းကြီး --- လောက၌ သွားယင်း လာယင်း ထိုင်ယင်း နေယင်း အိပ် ပျော် နေယင်း ပါမကျန် အပြတ်တင်း ပင် အလုံး စုံကို သိသော ဉာဏ်အမြင်ဖြစ် နေသူဟူ၍ မရှိ ``ဟု မိန့်တော်မူသည် ဟု မိန့်တော် မူသည်။ ထိုအဖြေကိုကြား ရလျှင် ကောသလမင်း ကြီး လည်း ဗုဒ္ဓသည် အကြောင်း ရှိသော စကားကို ဆိုတော်မူခြင်း သာဖြစ်သည်။ ထိုပုဂ္ဂိုလ်မျိုး ကား မရှိနိုင်ဟု ကျေနပ်၍ ပြန်သွားသည်။ ဤသုတ်ကိုကြည့်လျှင် ဗုဒ္ဓက သဗ္ဗညုအဖြစ်ကို ဝန်ခံခြင်း မဟုတ်။ အိပ် နေယင်း ပင် အလုံး စုံကိုသိ နေသည်ဟူ သောအချက်ကိုပယ် တော်မူခြင်း သာဖြစ်သည်။ အိပ် ပျော် နေသည်ကိုမသိထား ဘိ။ နှလုံး သွင်း မရှိလျှင်ပင် မည်သူ မဆို မည်သည့်အရာကိုမျှမသိနိုင်သည်မှာ လူတိုင်း အသိပင်ဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့ သည် ဤ ကဏ္ဏကတ္ထလသုတ်ကို မကြည့်ဘဲ သဗ္ဗညုပြဿနာကို ပေး လျှောက်လာ မိလိန္ဒမင်း ကြီး ကိုငင်း ၊ သဗ္ဗညုပြဿနာကို ဖြေရှင်း သူ အရှင်နာဂသိန်နှင့်တကွ အဋ္ဌကထာဆရာတို့ကိုငင်း ၊ ထိပါး ပုတ်ခတ်မှား ကြသည်။

ဤသဗ္ဗညုတ ဉာဏ် တော်နှင့်ပတ်သက်၍ ဗုဒ္ဓကို အကဲခတ်လိုလျှင် ဤသီလက္ခန္ဓဝဂ္ဂပါဠိကို လေ့လာနိုင်ကြသည်။ လူတယောက်ကိုအကဲခတ်လိုလျှင် ထိုသူ၏ အပြုအမူအ ပြောအဆို နှမ်း ဆောင်နိုင်မှုတို့ဖြင့် အကဲခတ်ရသည်။ ထို့အတူပင် ဤသီလက္ခန္ဓဝဂ္ဂပါဠိ၌လာ သော သဗ္ဗညုတ ဉာဏ်ပြ ဗုဒ္ဓ ဒေသနာတို့ကို လေ့လာ၍ ဗုဒ္ဓ၏ သဗ္ဗညုဟုတ် မဟုတ်ကို အကဲခတ်နိုင်သည်။

ဤသီလက္ခန္ဓဝဂ္ဂပါဠိ ပထမသုတ်ဖြစ် သော ဗြဟ္မဇာလသုတ်တွင် ဗုဒ္ဓ သည်ချီး မွမ်း ခြင်း ကဲ့ရဲ့ခြင်း တို့ကိုအကြောင်း ပြု၍ သဗ္ဗညုတ ဉာဏ် တော် အစွမ်း ကိုပြလျက် လောက၌ရှိသော အယူဝါဒဟူသမျှတို့ကို ဒွါသဋ္ဌိ ဒိဋ္ဌိ–ဟု ပိုင်း ခြား သတ်မှတ်၍ ဝေဖန် ဟောကြား တော်မူခဲ့သည်။ ဤ ဟောကြား ချက်ကို ကြည့်ရှု လေ့လာ၍လည်း သဗ္ဗညု ဟုတ်သည် မဟုတ်သည်ကို မိမိဉာဏ်ဖြင့်ဆုံး ဖြတ် နိုင်သည်။

ဤသီလက္ခန္ဓဝဂ္ဂပါဠိ အဋ္ဌမသုတ်ဖြစ် သော မဟာသီဟနာဒသုတ်တွင် လည်း ဗုဒ္ဓသည် ကိုယ်ဆင်းရဲခံ၍ ကျင့်ရသော တပ–အကျင့်မှန်သမျှကို ကဲ့ရဲ့ သည်ဆိုသည်မှာ မှန်ပါသလောဟု အဝတ်မဝတ် သော အစေလက ကဿပ တက္ကတွန်း က ဗုဒ္ဓကို အထင်သေး သည့်သဘောဖြင့် မေး လျှောက်သည်ကို အကြောင်း ပြု၍

အတုမဲ့ဗုဒ္ဓတို့၌သာရှိနိုင်သော သီလ အကျင့် ပညာ ဝိမုတ္တိတို့ကို ထုတ်ဖော် ဟောကြားတော်မူခဲ့သည်၊ ယင်းဂုဏ်ပုဒ်တို့ကို အသေအချာ လေ့လာကြည့်ရှုလျှင် ဤဂုဏ်ပုဒ်တို့နှင့်ပြည့်စုံသူသည် သဗ္ဗညုအစစ် ဖြစ်နိုင်သည်ဟူသော အချက်ကို သဘောပေါက်နိုင်သည်။

ဤသီလက္ခန္ဓဝဂ္ဂပါဠိ၏ ဒုတိယသုတ်ဖြစ်သော သာမညဖလသုတ်တွင်လည်း ဗုဒ္ဓသည် အဇာတသတ်မင်းက မေးလျှောက်သော၊ ရဟန်းပြုခြင်း၏လက်တွေ့အကျိုးကို အလွန်ထူးခြားသောအသိဉာဏ်ဖြင့် အကြွင်းမဲ့အပြည့်အစုံစနစ်တကျ တထိုင်တည်းနှင့်အပြီးသတ် ဟောကြားတော်မူခဲ့သည်၊ လောက၌ သမဏဗြာဟ္မဏအပေါင်းတို့ဂရုရှိခံစားအပ်သော တရားထူးတရားမြင့်တို့ကိုအကြွင်းအကျန်မရှိ ဖော်ပြတော်မူခဲ့သည်၊ ဤသုတ်ကို လေ့လာလျှင်လည်း ဤမျှအစွမ်းထက်သော ဉာဏ်မျိုးနှင့်ပြည့်စုံသူသည် မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သင့်သည်ဟု မိမိဉာဏ်ဖြင့် အကဲခတ်၍ အဆုံးအဖြတ်ပေးနိုင်သည်။

အလားတူပင် ဤသီလက္ခန္ဓဝဂ္ဂပါဠိ၏ တေရသမသုတ်ဖြစ်သော တေဝိဇ္ဇသုတ်တွင်လည်း ဗုဒ္ဓသည် အချိန်ကြာမြင့်စွာကပင် အမြစ်စွဲ၍ကြီးထွားနေသော ဗြာဟ္မဏဝါဒကို ခိုင်လုံသောအကြောင်းယုတ္တိ ကြီးကျယ်ခမ်းနားလှသော ဥပမာတို့ဖြင့် အမြစ်ကပါ တူးဖြို၍ လမ်းမှန်သို့ရောက်အောင် ပို့ဆောင်တော်မူခဲ့သည်၊ ဤသုတ်ကို လေ့လာလျှင်လည်း ဤမျှ အသိဉာဏ်ထွန်းပေါက်သိမြင်သူသည် အတုမဲ့သဗ္ဗညုပုဂ္ဂိုလ်မျိုးသာဖြစ်ရာသည်ဟု အလိုလိုသဘောပေါက်နိုင်သည်။

(ဂ) <u>အသက်နှင့် ကိုယ် ပြဿနာ</u>

အသက်နှင့်ကိုယ်ပြဿနာဆိုသည်မှာ အသက်သည် ကိုယ်ဖြစ်သလော ကိုယ်သည် အသက်ပင်ဖြစ်သလော၊ အသက်နှင့်ကိုယ်သည် အတူတူပင်ဖြစ်သလော၊ ကွဲပြားစီသာဖြစ်ကြသလော ဟူသောပြဿနာဖြစ်သည်၊ ဤပြဿနာသည် ဗုဒ္ဓခေတ် ပရိဗိုဇ်တို့၏ကိုယ်ပိုင်ပြဿနာဖြစ်သည်၊ ပရိဗိုဇ်တို့ကား ပြဿနာရှာကြ၍ ဝါဒဖြင့်ထောင်လွှားကာ ဝါဒခွန်ထုနေကြသော တိတ္ထိရဟန်းတမျိုးတို့ဖြစ်ကြသည်၊ ဗုဒ္ဓကို ဝါဒဖြင့် ဒန့်ကျင်ဆိုက်ဆိုက်နေကြသူများကို ရေတွက်ရာ၌ ၁- ဝေဒင်တတ် တေဝိဇ္ဇဗြာဟ္မဏများ၊ ၂- ပူရဏကဿပစသောဂိုဏ်းဆရာကြီးများ၊ ၃- ပရိဗိုဇ်များဟု တတိယအင်အားစုနေရာ၌ထားရမည့်သူများလည်းဖြစ်ကြသည်။

လူတို့သည် အသက်နှင့်ကိုယ် (ဇီဝနှင့်သရီရ)ကိုအမျိုးမျိုးယုံကြည်ပြောဆိုခဲ့ကြသည်၊ ဒါမှားအားဖြင့် သူ့ဝါဒ်ကိုယ်တွင် အသက်သည် သီးခြားတည်ရှိသည်၊ ကိုယ်ကသာ သေပျောက်ပျက်စီးသော်လည်း အသက်ကား မသေ၊ တဘဝမှတဘဝသို့ ကူးပြောင်းသွားသည်ဟု ယင်မှတ်ယုံကြည်လျက်ရှိကြသည်၊ ယုံကြည်ချက်သည် ယနေ့ ဗုဒ္ဓဝါဒီ မြန်မာလူမျိုးအများအပြား ဥပင်စွဲကပ်လျက်ရှိနေသည်၊ ထို့ကြောင့်ပင် အသက်ထွက်သည်၊ လိပ်ပြာငင်သည်၊ လိပ်ပြာချပ်လက်ဖွဲ့ဝင်သည်၊ အသည်ဖြင့် ပြောဆို

ပြုလုပ် လေ့ရှိကြသည်၊ အချို့ မြန်မာလူမျိုးတို့သည် ယင်းအသက်ကို လိပ်ပြာဟု ခေါ် ကြသည်၊ ကြောက်တတ်သောသူကို အချို့က လိပ်ပြာငယ်သူဟု ဆိုလေ့ရှိကြသည်။

ဤအသက်နှင့်ကိုယ် ပြဿနာသည် အလွန်သိမ်မွေ့လေးနက်ရာဖြစ်၍ လူပြိန်းများ တခါတည်း နားရှင်းသွားအောင် တိုက်ရိုက် ပြောဆိုရန်ခဲယဉ်းသည်၊ ထို့ကြောင့် ဗုဒ္ဓသည် ဤအသက်နှင့်ကိုယ်ပြဿနာကို သီးခြားဖြေရှင်း မနေတော့ဘဲ ရုပ်တရား နာမ်တရား သဘော ၅-ပါး တရားကိုသာ ဖက်သက် ဟောကြား၍ ယင်းပြဿနာမျိုးများကို အလိုလိုနားလည်လာအောင် အားထုတ်တော်မူခဲ့သည်။

လောကဝေါဟာရအားဖြင့်ဆိုလျှင် ဇီဝ သည်အသက်ဖြစ်သည်၊ သရီရ သည် ကိုယ်ကာယဖြစ်သည်၊ အဘိဓမ္မာသဘောအားဖြင့် စိတ်စေတသိက်ဖြစ်သော နာမ်တရားတို့၏ အသက်ကို ဇီဝိတိန္ဒြေစေတသိက် ခေါ်သည်၊ ရုပ်တရားတို့၏ အသက်ကို ဇီဝိတရုပ်ဟု ခေါ်သည်၊ ယင်း ရုပ်သက် နာမ်သက် နှစ်ခုပေါင်း၍သာ ရုပ်ရှိသတ္တဝါတို့ အသက်ရှင်နေကြသည်၊ ယင်း ရုပ်သက် နာမ်သက်တို့၏ အမှတ် လက္ခဏာကား ကိုယ်ကာယတွင်ရှိသော အပူငွေ့နှင့်အသိစိတ်တို့ဖြစ်ကြသည်၊ ယင်းအသက် အပူငွေ့နှင့်စိတ်ဝိညာဉ်တို့ချုပ်ပျောက်သွားလျှင် အသေကောင်အဖြစ်သို့ရောက်သည်၊ (ခန္ဓဝဂ္ဂသံယုတ်၊ ဖေဏပိဏ္ဍူပမသုတ်) ဤ ၃-မျိုးတို့တွင် ရုပ်သက်နာမ်သက် ကား သိလွယ်သောအရာမဟုတ်သဖြင့် ယင်းကို အသက်ဟုမပြောနိုင်ကြ၊ အပူငွေ့နှင့် စိတ်ဝိညာဉ်ကို ထောက်၍သာအသက်ရှင်သည်၊ အသက်သေပြီဟု ပြောဆို လေ့ရှိကြသည်။

ပရိဗိုဇ်တို့ကား ဤသို့ အမှန်အတိုင်း ခွဲခြား သိလို၍ အသက်နှင့်ကိုယ် အတူတူလော တခြားစီလော ဟု မေးလျှောက်ကြသည်မဟုတ်၊ ဝါဒတင်လို၍ ဝါဒ တံခွန်ထူလို၍ မေးလျှောက်ကြခြင်းသာဖြစ်သည်၊ အများအားဖြင့် ပရိဗိုဇ်တို့သည် တိတ္ထိဆရာကြီးများ၏တပည့်များ ဗြာဟ္မဏတို့၏တပည့်များ သာဖြစ်ကြသည်၊ ပရိဗိုဇ် တို့တွင် ထိပ်တန်းအကျဆုံး ဝေသာလီပြည် သစ္စကပရိဗိုဇ်သည် နန္ဒဝစ္ဆ ကိသ သံကိစ္စ မက္ခလိ ဂေါသာလတို့ကိုစံပြု၍ ဗုဒ္ဓနှင့် ဆွေးနွေး ခဲ့သည်၊ သာဝတ္ထိပြည် ပေါဋ္ဌပါဒ ပရိဗိုဇ်သည် တိတ္ထိသမဏ ဗြာဟ္မဏတို့၏အဘိသညာ နိရောဓပြဿနာကိုဗုဒ္ဓအား လျှောက်ထား ခဲ့သည်၊ (မူလပဏ္ဏာသပါဠိ မဟာသစ္စကသုတ်နှင့်သီလက္ခန္ဓဝဂ္ဂပါဠိ၊ ပေါဋ္ဌပါဒသုတ်) ထိုပရိဗိုဇ်တို့သည် အတ္တစွဲပြင်းထန်သူများ ဖြစ်၍ယင်း အတ္တကိုပင် ဇီဝ သရီရ ဟုယူဆထားကြသည်၊ ယင်း အတ္တကိုပင် တထာဂတသတ္တဝါဟု ယူဆထားကြသည်၊ ဤအချက်ကိုသိတော်မူပြီး ဖြစ်သော ဗုဒ္ဓသည် ယင်း ပရိဗိုဇ်တို့၏ ပြဿနာ ၁၀-မျိုးကို ဖြေရှင်း ဟောကြားရန် ငြင်းဆို၍ ``ငါဟောပြော မဖြေရှင်း သောတရား`` ဟုအလျှင်း ပယ်တော်မူခဲ့သည်။

သို့ရာတွင် ဗုဒ္ဓကား ``ဤပြဿနာတို့ကား ငါမဟောသော တရားများ ဖြစ်ကြသည်၊ ငါဟောသော တရားကား ဤသို့ဖြစ်သည်`` စသည်ဖြင့် အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း မိမိဟောလိုသော တရားကို တသီးတခြား ဟောကြားတော်မူခဲ့သည်။

အသက်ကိုယ် ပြဿနာနှင့်ပတ်သက်၍ အတုမဲ့ဗုဒ္ဓ ဟောကြားတော်မူခဲ့ပုံကို လေ့လာလိုလျှင် ဤသီလက္ခန္ဓဝဂ္ဂပါဠိ ဆဋ္ဌမသုတ်ဖြစ်သော မဟာလိသုတ်နှင့် သတ္တမသုတ်ဖြစ်သော ဇာလိယသုတ်တို့ကို လေ့လာနိုင်သည်။

(ဃ) <u>အတ္တဝါဒပြဿနာ</u>

အတ္တ သဒ္ဒါကိုကိုယ်ဟုသာ ရှေးအစဉ်အလာအတိုင်း မြန်မာပြန်ကြသည်၊ သို့ဖြင့် အတ္တဝါဒ-ဟုဆိုလျှင် ကိုယ်နှင့်ပတ်သက်သော အယူဝါဒဟု အလွယ်တကူ နားလည်နိုင်ကြသည်၊ ကိုယ်သည် အဘယ်နည်း ဟုမေးလျှင်လည်း ကိုယ်သည် ထင်ရှားတွေ့မြင်နေရသော ဤမိမိကိုယ်ပင်ဖြစ်သည်ဟု အလွယ်တကူ ဖြေဆိုနိုင်ကြသည်၊ ဤသို့ ကိုယ်စီ ကိုယ်စီ မိမိကိုယ် မိမိအတ္တရှိနေကြသောကြောင့်သူဟူ၍၄င်း ငါဟူ၍၄င်း ယောကျ်ားဟူ၍၄င်း၊ မိန်းမဟူ၍၄င်း၊ လူနတ်ဗြဟ္မာဟူ၍၄င်း၊ အသီးအသီး ကွဲပြားခြားနား နေကြသည်၊ ဤအသိဉာဏ်အယူအစွဲကား လူတိုင်းတွင် ကာလသုံးပါးလုံး၌တည်ရှိနေသော အယူအစွဲဖြစ်သည်။

သို့ရာတွင် မိမိကိုယ် ဟုဆိုရာ၌ မိမိသည် ကိုယ်လော၊ ကိုယ်သည် မိမိလော၊ မိမိနှင့်ကိုယ်သည် အတူတူဖြစ်သလော၊ တခြားစီဖြစ်သလောဟု စစ်ကြောလိုက်သောအခါ၌ကား များစွာရှုပ်ထွေးလာသည်ကို တွေ့ရသည်၊ မိမိသည် ကိုယ်ပင်ဖြစ်သည်ဟုဆိုလျှင်လည်း ကိုယ်ကာယ သေဆုံးပျက်စီးသွားသောအခါ မိမိပါ သေဆုံးပျက်စီးသွားသလော၊ သို့မဟုတ်၊ မိမိနှင့်ကိုယ်သည်တခြားစီဖြစ်သည်၊ ထို့ကြောင့်ကိုယ်ကာယ သေဆုံးပျက်စီးသွားသော်လည်း မိမိက မသေဘဲ တခြားဘုံဘဝသို့ ရွှေ့ပြောင်းသွားပါသည်ဟုဆိုလျှင်လည်း ယင်းသို့ ရွှေ့ပြောင်းသွားသော မိမိဆိုသည် အဘယ်အရာ ဖြစ်သနည်း ဟူသောပြဿနာနှစ်ရပ် ပေါ်ထွက်လာသည်။

ယင်းပြဿနာ ၂-ရပ်တွင် မိမိနှင့်ကိုယ်သည် အတူတူပင်ဖြစ်၍ ကိုယ်ကာယ သေဆုံးပျက်စီးလျှင် မိမိပါသေဆုံးပျက်စီးသွားသည် ဟု ယူဆသူလည်း ရှေးကစ၍ ယခုတိုင် အများအပြားပင်ရှိခဲ့သည်၊ ဤပုဂ္ဂိုလ်တို့အယူအဆအတိုင်း ဆိုလျှင် ရှေးဘဝ နောက်ဘဝ ဟူ၍ မရှိသောကြောင့် ကုသိုလ်လည်း ပြုစရာမလို၊ အကုသိုလ်ဖြစ်စရာလည်း မရှိ၊ ဖြစ်လာသည်၊ သို့ဖြင့်ယခုဘဝ မိမိကောင်းစားရေးသာ အဓိပ္ပါယ်ရှိသည်ဖြစ်၍ မိမိကောင်းစားမည်ဆိုလျှင် ဘာမဆိုပြုလုပ်ရန်သာ ရှိသည်၊ ဤဝါဒကို ကြိုက်သူလည်း လူ့လောကတွင် အများပင်ရှိသည်၊ ယင်းဝါဒသည် လုံးဝပြတ်စဲသော အယူဝါဒဖြစ်၍ ယင်းကို ဥစ္ဆေဒဝါဒ ဥစ္ဆေဒဒိဋ္ဌိ ဟုမှည့်ခေါ်ထားကြသည်။

ယင်းသို့မဟုတ်ဘဲ ဤကိုယ်ကာယ သေဆုံးပျက်စီးသော်လည်း ဖိဖိကား မသေမပျက် တခြားဘုံဘဝသို့ ကူးပြောင်းသွားသည်ဟုယူသူလည်း အများအပြားပင်ရှိသည်၊ ဤအယူအဆအတိုင်းဆိုလျှင် သဿတဝါဒသည် တဘဝနှင့်ပြီးသော အရာမဟုတ်၊ ဘဝများစွာ ပြောင်းရွှေ့ကူးလည်ခဲ့သော သဿတဝါဖြစ်သည်၊ နောင်အခါမှလည်း ပြောင်းရွှေ့ကူးလည်ရလိမ့်ဦးမည်ဟု ဖြစ်လာသည်၊ ယင်းကို ယခုခေတ် အချို့ပညာရှိတို့က ဘဝသံသရာဝါဒဟု အမည်ပေးကြသည်။

အထက်တွင် ဖော်ပြခဲ့သော ဥစ္ဆေဒဝါဒတွင် ကိုယ်ကာယ သေဆုံးပျက်စီးလျှင် ဖိဖိပါ သေဆုံးပျက်စီး၍ပြတ်စဲသည်ဖြစ်သောကြောင့် ရုပ်ကိုယ်ကာယကို အတ္တဟု ဆိုသည်ဖြစ်စေ၊ ရုပ်ကိုယ်ကာယကိုမှီသော အသိဝိညာဉ်ကို အတ္တဟု ဆိုသည်ဖြစ်စေ ရုပ်နာမ်နှစ်ပါး ပေါင်းကိုအတ္တဟုဆိုသည်ဖြစ်စေ၊ အတ္တပြဿနာ မရှိ၊ သေလျှင်ပြီးဆုံး ပြတ်စဲသည်သာဖြစ်သည်။

ဘဝသံသရာဝါဒ၌ကား အတ္တဟုအများက သိနေကြသော ဤကိုယ်ကာယ သေဆုံးပျက်စီးသွားသော်လည်း ဖိဖိဟု ခေါ်သောအရာကား မပြတ်မစဲဘဲ အခြားဘုံဘဝသို့ကူး ပြောင်းသွားသည်ဖြစ်သောကြောင့် ယင်း ဖိဖိဟုခေါ်သော အရာကား အဘယ်အရာဖြစ်သနည်း ဟူသောပြဿနာ ပေါ်လာသည်၊ လူတို့သုံးစွဲနေကြသောအတ္တသည် သေလျှင်ပုပ်ပွပျက်စီးတတ်သော ကိုယ်ကာယဟူသော အနက်ကို သာဆောင်သလော၊ ယင်းကိုယ်ကာယကိုပိုင်စိုးသော ဖိဖိ–ဟူသောအရာကိုလည်း ခေါ်ဆိုသလောဟု တွေးတောဝရာဖြစ်လာသည်၊ ထိုအခါ အချို့က ယင်း ဖိဖိ–ဟူသောအရာသည် အတ္တ သဒ္ဒါက ဖော်ပြသော ကိုယ်ကာယနှင့်အမည်တူ မဖြစ်နိုင် ကိုယ်ကာယကား တဘဝ–သာတည်၍ ပျက်စီးသည်၊ ဖိဖိကား ထိုသို့မပျက်စီး အခြားဘုံဘဝများစွာသို့ ပြောင်းရွှေ့သွားတတ်သည့်အရာဖြစ်သည်၊ ထို့ကြောင့် ယင်းသည် ကိုယ်ကာယ ဟူသော အတ္တမှတသီး တခြားသာဖြစ်သင့်သည်ဟုကြံဆလာကြသည်။

သို့ဖြင့်ဤကိုယ်ကာယဟူသော ရုပ်သည် အတ္တဖြစ်သည်ဟု အချို့ကဆိုကြသည်၊ အချို့ကလည်း ဤရုပ်ကိုယ်သည် အခွံအကာသာဖြစ်သည်၊ အတ္တမဟုတ် အတ္တကား စိတ်ဝိညာဉ်ခေါ် နာမ်သာဖြစ်သည်ဟုဆိုကြသည်၊ အချို့ကလည်း ရုပ်ကိုယ်လည်း အကာအခွံသာဖြစ်၍၊ ဝါ၊ ယာယီမျှသာဖြစ်၍ အတ္တမဟုတ်၊ အကောင်အထည်မရှိသော စိတ်ဝိညာဉ် နာမ်တရားလည်း အတ္တမဟုတ်၊ အတ္တကား အမြဲထာဝရတည်နေသော မပျက်စီးသော အရာသာဖြစ်သည်ဟုဆိုကြသည်၊ အချို့ကလည်း ယင်း မပျက်မစီး တည်နေသော အတ္တကား အကောင်အထည်မဟုတ် အစွမ်းသတ္တိမျှသာဖြစ်သည်ဟုဆိုကြသည်၊ သို့ဖြင့်အတ္တဝါဒပြဿနာသည် ဗုဒ္ဓမှတပါး မည်သူမျှ မဖြေရှင်းနိုင်သော ပြဿနာဖြစ်လာသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အတ္တဝါဒ ကွဲပြားသဖြင့် အတ္တဝါဒီလည်း အမျိုးမျိုး ကွဲပြားလျက်ရှိသည်၊ ယင်း အတ္တဝါဒီကို သဘောတူရာ ပေါင်း၍အကြမ်းဖျင်းအားဖြင့်ခွဲခြားလျှင် –

၁ - ဘဝသည်ပြတ်သည်ဟူသော ဥစ္ဆေဒဝါဒ၊ ဘဝသည် မပြတ်၊ တဘဝမှ တဘဝသို့ကူး ပြောင်းသွား သောတည်မြဲသော အရာတခုရှိသည် ဟူသော သဿတဝါဒသို့ မရောက်ဘဲ ဤကိုယ်ကာယသည် မိမိဖြစ်သည်၊ မိမိ၏အတ္တဖြစ်သည်ဟု ယုံကြည်သော အတ္တဝါဒီ

၂ - မိမိ မိမိ၏အတ္တသည် မည်သည့်အရာပင်ဖြစ်စေကာမူ သတ္တဝါသည် သေလျှင်ပြတ်သည်၊ ဘဝပြီး ဆုံးသည်၊ ရှေး၌လည်း ဘဝဟူသည်မရှိ နောက်၌လည်း ဘဝဟူသည်မရှိဟု ယုံကြည်သော အတ္တဝါဒီ

၃ - သတ္တဝါသည် သေလျှင် ပြတ်စဲပြီး ဆုံးသည်မဟုတ်၊ မိမိကိုယ်ဟူသော ဤအတ္တတွင် ကိုယ်ကာယ သေဆုံး ပျက်စီး သော်လည်း ပျက်စီး မသွားဘဲ တဘဝမှ တဘဝသို့ကူး ပြောင်းသွား သောတည်မြဲသော အရာတခုရှိသည်ဟု ယုံကြည်သော အတ္တဝါဒီ

ဟု အတ္တဝါဒီ ပုဂ္ဂိုလ် ၃ - မျိုး ရှိသည်ကို တွေ့ရသည်၊ ဤ ၃ - မျိုး တို့တွင် ပထမအတ္တဝါဒီကား ပုထုဇဉ်လူသား တိုင်း နှင့်သက်ဆိုင်သည်၊ ပုထုဇဉ်လူသား တိုင်းသည် ဤကိုယ်ကာယသည် မိမိဖြစ်သည်၊ မိမိကိုယ်ဖြစ်သည်ဟု စွဲမှတ်ယုံကြည်သူချည်း သာဖြစ်ကြသည်၊ ယင်း သို့စွဲမှတ်ယုံကြည်သည်ကိုအကြောင်း ပြု၍သာ ငါ သူတပါး ယောကျ်ား မိန်း မ၊ လူ နတ် တိရစ္ဆာန်ကွဲပြား ခြား နား နေကြသည်၊ အသိအမှတ်ပြု၍ ခေါ်ဝေါ် ပြောဆို နေကြသည်၊ ဤ စွဲမှတ်ယုံကြည်မှုကား အရိယသစ္စာ၊ ပရမတ္ထသစ္စာအား ဖြင့် အတိအကျ မမှန်ကန် သော်လည်း လောက ဝေါဟာရအား ဖြင့် မှန်ကန်သည်၊ သမုတိသစ္စာအား ဖြင့်မှန်ကန်သည်၊ ပရမတ္ထသစ္စာအား ဖြင့်မှား ယွင်း သော အယူအစွဲသာဖြစ်၍ ဒိဋ္ဌိပင်ဖြစ် သော်လည်း ဘဝတခုခုကို အကျိုး ပေး နိုင် အောင် အား ကြီး သော အကုသိုလ်မဟုတ်အား နည်း သော ပြောပလောက် သော အကုသိုလ်သာဖြစ်သည်၊ ယင်း ကို ဗုဒ္ဓ ဒေသနာတွင်အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိဟု ခေါ်သည်၊ ယင်း အယူအစွဲကား သောတာပန်အဖြစ်သို့ ရောက်မှသာ တကယ်တမ်း ပျောက်ကင်း သည်။

ဒုတိယဒိဋ္ဌိကား ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်၊ ယင်း ဥစ္ဆေဒဒိဋ္ဌိအယူရှိသော အတ္တဝါဒီတို့သည် အမှန်အား ဖြင့် ဥစ္ဆေဒဝါဒီများ သာဖြစ်ကြသည်၊ ဘဝပြတ်သည် ဟူသော ယင်း အယူကိုအကြောင်း ပြု၍ ကုသိုလ်ကံ အကုသိုလ်ကံဟူ၍ မရှိ၊ အကောင်းကို ပြုသည်ဖြစ်စေ၊ အဆိုး ကိုပြုသည်ဖြစ်စေ၊ ကုသိုလ် အကုသိုလ် မဖြစ်၊ ငရဲလည်း မရှိ၊ နတ်ပြည်လည်း မရှိ၊ စသည်ဖြင့် အလေး အနက်ယုံကြည် သောအခါ၊ အကိရိယဒိဋ္ဌိ နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိအဖြစ်သို့ ရောက်၍ ကံကိုလုံး ဝ ပစ်ပယ်တတ်ကြသည် ၊ ထိုအခါလွန်စွာအပြစ်ကြီး သော မိစ္ဆာဒိဋ္ဌိဖြစ်လာသည်။

တတိယဒိဋ္ဌိကား သဿတဒိဋ္ဌိဖြစ်သည်၊ ယင်းသဿတဒိဋ္ဌိအယူရှိသော အတ္တဝါဒီတို့သည် သဿတဝါဒီများ ဖြစ်ကြသည်၊ ထိုပုဂ္ဂိုလ်တို့ကား ကံကိုယုံကြည်သော သဿတဝါဒီ ကံကိုမယုံကြည်သော သဿတဝါဒီဟု နှစ်မျိုးနှစ်စား ရှိကြသည်၊ အချို့ကား သဿတဝါဒီပင်ဖြစ်သော်လည်း ကံကိုယုံကြည်ကြသည်၊ ထိုသူတို့ကား ကမ္မဝါဒီများ ပင်ဖြစ်ကြသည်၊ အချို့ကား ကံကိုမယုံကြည်ကြ၊ ထိုသူတို့တွင် အချို့ကား နိစ္စထာဝရဖြစ်သော အဖြစ်သည်အကြောင်းမဲ့သာဖြစ်သည်၊ ယင်းကိုပြုပြင်ဖန်တီးနိုင်သော ကုသိုလ်အကုသိုလ်ကံမရှိဟုယုံကြည်ကြသည်၊ ထိုသူတို့သည် အဟေတုကဒိဋ္ဌိများ ဖြစ်ကြသည်၊ အဟေတုကဝါဒီများ ဖြစ်ကြသည်၊ အချို့ကား ယင်းအရာသည် နိယာမသဘောအတိုင်းသာ ဖြစ်သည်၊ ယင်းကိုမည်သည့်နည်းနှင့်မျှပြုပြင်၍မရ၊ အချိန်ကျလျှင် အလိုလိုသာ လွတ်မြောက်ကြသည်ဟုယုံကြည်ကြသည်၊ ထိုသူတို့ကား သံသရသုဒ္ဓိဝါဒီများ ဖြစ်ကြသည်၊ ဤအဟေတုကဝါဒ၊ သံသာရသုဒ္ဓိဝါဒတို့လည်း အပြစ်ကြီးသော မိစ္ဆာဒိဋ္ဌိကြီးများ ပင်ဖြစ်ကြသည်။

ဤသို့ဖြင့် ဒိဋ္ဌိဝါဒီအမျိုးမျိုးတို့ဖြင့်သာ ပြည့်နှက်နေသော လောကတွင် အရိယသစ္စာခေါ် အမှန်တရားကိုထိုးထွင်းသိမြင်တတ်သော ဗုဒ္ဓပွင့်တော်မူလာသည်၊ ထိုအခါဗုဒ္ဓသည် သတ္တဝါတို့အား အမှန်ကိုသိမြင်တတ်သော ဉာဏ်မျက်စိကို ဖွင့်သည့်အနေဖြင့် အရိယသစ္စာတရားကို ရှေးဦးစွာဟောကြားတော်မူခဲ့သည်၊ ထိုနောက်တဆက်တည်း လိုလိုပင် အနတ္တတရားကို ဟောကြားတော်မူခဲ့သည်၊ သို့ဖြင့် ပဉ္စဝဂ္ဂီရဟန်းတို့သည် အမြင်မှန်ကိုရ၍ ကျွတ်တမ်းဝင်ခဲ့ကြသည်၊ တနည်းအားဖြင့်ဆိုလျှင် အတ္တဝါဒီ အယူအစွဲပျောက်၍ အရိယသစ္စာကို ကောင်းစွာထိုးထွင်းသိမြင်ခဲ့ကြသည်၊ သို့ဖြင့်ကိလေသာအာသဝေါကင်းစင်၍ ရဟန္တာအဖြစ်သို့ ရောက်ကြသည်။

ဤပဉ္စဝဂ္ဂီရဟန်းတို့ကား အသိဉာဏ်အားဖြင့် အဆင့်အတန်းမြင့်သူများ ဖြစ်ကြသည်၊ လောက၌ ဤပုဂ္ဂိုလ်မျိုးချည်း ရှိသည်မဟုတ်၊ အသိဉာဏ်နုနယ်သူများလည်း ရှိကြသည်၊ အမှန်အားဖြင့်ဤ လောက၌ အသိဉာဏ်နုနယ်သူကသာ အသမတန်များပြားသည်၊ သို့ဖြင့်ဗုဒ္ဓသည် ယင်းပုဂ္ဂိုလ်တို့အား တရားဟောသောအခါ ပုထုဇဉ်သတ္တဝါတိုင်းတွင် စွဲကပ်လျက်ရှိသော အတ္တဝါဒ၊ သို့မဟုတ်၊ သက္ကာယဒိဋ္ဌိ ဘောင်အတွင်းမှနေ၍ လိုရာသို့ရောက်အောင်ဆွဲဆောင်ဟောကြားတော်မူရသည်၊ ဒါနတရား၊ သီလတရား စသည်တို့ကို ဟောကြားတော်မူခဲ့သည်၊ အတ္တဝါဒကိုအခြေခံ၍ ခေါ်ဝေါ်ပညတ်ထားကြသည့်အတိုင်း ငါ သူတပါး ယောကျ်ား မိန်းမ လူ နတ်ဗြဟ္မာ အမည်တပ်၍အများနားလည်အောင် ဟောကြားတော်မူရသည်။

သို့ဖြင့်ပညာရှိအချို့တို့သည် ဗုဒ္ဓ၏အရိယသစ္စာတရား၊ အနတ္တတရားတို့ကို အထောက်အထားပြု၍ ဗုဒ္ဓဝါဒသည် အနတ္တဝါဒဖြစ်သည်ဟု ဝါဒမျက်စိဖြင့်ကြည့်၍ အမည်တပ်ကြသည်၊ အချို့ကလည်း အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ငါ သူတပါး –

ယောကျာ်း မိန်းမ လူနတ် မိမိကိုယ် စသည်ဖြင့် အတ္တဝါဒ စကားအသုံးအနှုန်း ဖြင့်သာ နေရာများစွာ ဟောကြားတော်မူသောကြောင့် ဗုဒ္ဓဝါဒသည် သူတကါ တို့နှင့်ထူးမခြားနားဖြစ်၍ အတ္တဝါဒပင်ဖြစ်သည်ဟုဆိုကြသည်၊ ထိုသူတို့သည် ဗုဒ္ဓက အတ္တဝါဒကို ဘယ်အခါမှအတိအလင်း မပယ်ခဲ့ဟုလည်း အကြောင်းပြကြသည်၊ ဤပုဂ္ဂိုလ် တို့ကား ဓမ္မပဒပါဠိမှာပင် အလွယ်တကူ တွေ့မြင်နိုင်သော သဗ္ဗေဓမ္မာ အနတ္တာ သင်္ခတ အသင်္ခတဓမ္မအလုံး စုံတို့သည်အနတ္တသာဖြစ်ကြသည်ဟူသော ဒေသနာကိုငှင်း ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူစကပင် ဟောကြားတော်မူခဲ့သော အနတ္တလက္ခဏာသုတ် ကိုငှင်း၊ မမြင် မျက်ကွယ်ပြု၍ ဆိုကြခြင်းသာဖြစ်သည်၊ တနည်းအားဖြင့်ဆိုလျှင် ဤပုဂ္ဂိုလ်တို့သည် ဗုဒ္ဓ၏အတ္တတရားနှင့်အနတ္တတရားကိုရှင်းလင်းပြတ်သားစွာ မခွဲခြားနိုင်သောကြောင့်သာ ဤသို့ဆိုကြခြင်းဖြစ်သည်။

ဗုဒ္ဓသည် မကောင်းမှုကိုပြုလုပ်သူကား အပါယ်ငရဲသို့ကျရောက်တတ်သည် ကောင်းမှုကုသိုလ်ကိုပြုလုပ်သူကား နတ်ပြည်သို့ရောက်သည်၊ မိမိကိုယ်သာ မိမိ၏ ကိုးကွယ်ရာဖြစ်သည်၊ စသောအတ္တတရားမျိုးကိုလည်း ဟောတော်မူခဲ့သည်၊ ဤကား ဒုက္ခသစ္စာ ဤကား သမုဒယသစ္စာ၊ ရုပ်ကား အနတ္တ၊ ဝေဒနာကား အနတ္တစသော အနတ္တတရားမျိုးကိုလည်း ဟောတော်မူခဲ့သည်၊ အတ္တတရားသည် ဥာဏ်နုသော ပုထုဇဉ်တို့အား ဟောကြားသောတရားမျိုးဖြစ်သည်၊ အနတ္တတရားသည် ဥာဏ်ရင့် သောပုထုဇဉ်တို့အား ဟောကြားသောတရားမျိုးဖြစ်သည်၊ ယောကျာ်း မိန်းမ လူနတ် မိမိကိုယ်စသည်ဖြင့် အတ္တဝါဒအခေါ်အဝေါ်အတိုင်း ဟောတော်မူခြင်း သည် သမ္မုတိသစ္စာခေါ် လောကဝေါဟာရအားဖြင့်မှန်ကန်သည်၊ ဒုက္ခသစ္စာ၊ ရုပ် ဝေဒနာစသည်ဖြင့် ပုဂ္ဂိုလ်သတ္တဝါကိုမသုံး သပ်ဘဲ သဘာဝဓမ္မအရှိအတိုင်းဟော တော်မူခြင်းသည်လည်း ပရမတ္ထသစ္စာခေါ် ဓမ္မသဘောမှန်အားဖြင့်မှန်ကန် သည်။

ဗုဒ္ဓက သတ္တဝါတို့အား အမှန်စင်စစ်သိစေလိုသောတရားမှာ အနတ္တ တရား အရိယသစ္စာတရားသာဖြစ်သည်၊ သို့ရာတွင်ဗုဒ္ဓသည် ယင်းအရိယသစ္စါ တရားကို ဟောကြားရာ၌ပင် သဏ္ဌာနဒိဋ္ဌိအပြည့်ရှိနေသောသတ္တဝါတို့နားလည် စေရန် သဏ္ဌာနယ်အတွင်းက ဝေါဟာရကိုပင်သုံးနှုန်း၍ ဟောတော်မူရသည်။

ငါ သူတပါး ယောကျာ်း မိန်းမ ရှိနေသည်ကို ကိုယ်တိုင်မျက်စိဖြင့် သိမြင်နေရပါလျက် ငါ သူတပါး ယောကျာ်း မိန်းမ မရှိဟုဆိုလျှင် သဏ္ဌာန ဒိဋ္ဌိ အုပ်စိုးနေသော လူ့လောကနှင့်လုံးဝဆန့်ကျင်သည်၊ ထို့ကြောင့် ဗုဒ္ဓသည် ယောကျာ်း မရှိ၊ မိန်းမ မရှိ၊ ငါမရှိ၊ သူမရှိဟူသောတရားမျိုးကိုအတိအလင်း ဟောကြားတော်မမူခဲ့ပေ၊ ဤအချက်ကိုရည်ရွယ်၍ ဗုဒ္ဓက ``ငါသည် လောကနှင့် မငြင်းခုံ၊ လောကကသာ ငါနှင့်ငြင်းခုံသည်``ဟုမိန့်တော်မူခဲ့သည် ( ခန္ဓဝဂ္ဂ သံယုတ်၊ ပုပ္ဖသုတ် )

သဏ္ဌာန်အားဖြင့် ငါ သူတပါး ယောက်ျား မိန်းမ ထင်ရှားရှိကြသည်၊ ထို့ကြောင့် ချစ်ကြ ခင်ကြ မွေးကြ သေကြသည်၊ သို့ရာတွင် ယင်းယောက်ျား မိန်းမ တို့ကား ဓါတ်တို့၏အစုအဝေး သာဖြစ်သည်၊ အစစ်အမှန်ရှိသောတရားသဘောအရဆိုလျှင် ယောက်ျား မိန်းမ ဟူ၍မရှိ၊ ပရမတ္ထ ဓါတ်သဘောတရား သာရှိသည်ဟုဆိုလျှင် လောကနှင့်လည်း မဆန့်ကျင်၊ အရိယသစ္စာအားဖြင့်လည်း မှန်ကန်သည်၊ လူတိုင်းလည်း နားလည်နိုင်သည်။

ထို့ကြောင့်ဗုဒ္ဓသည် ငါမရှိ၊ သင်မရှိ၊ ဝိသာခါမရှိ၊ အနာထပိဏ် မရှိဟု ဟောတော်မမူဘဲ ပရိယာယ်အားဖြင့် သွယ်ဝိုက်၍ ရုပ်ကို ငါ-ငါ့ဟာဟု မရှုအပ်၊ ဝေဒနာကို---သညာကို---သင်္ခါရကို---ဝိညာဉ်ကို ငါ-ငါ့ဟာဟုမရှုအပ်ဟူ၍၄င်း၊ ဤခန္ဓာကိုယ်သည် ဓါတ်ကြီး လေးပါး၏အစုအဝေး သာဖြစ်သည်၊ အရိုးစုသာဖြစ်သည်ဟူ၍၄င်း၊ အမျိုးမျိုး ရှင်းလင်း ဟောကြားတော်မူခဲ့သည်၊ ဤရုပ်ကိုယ်ကာယသည် သင်၏အတ္တဖြစ်ခဲ့လျှင် သင်ဖြစ်စေချင်သလိုဖြစ်၏လောဟု အတ္တဒိဋ္ဌိပြင်းထန်လှသော သစ္စကပရိဗိုဇ်အား မေးတော်မူခဲ့သည်။

ဤအချက်ကိုသဘောပေါက်မှသာ ဗုဒ္ဓ၏ဒေသနာတရား၊ အရိယသစ္စာတရားကို နားလည်နိုင်ကြမည်၊ သို့မဟုတ်ပါက ဗုဒ္ဓတရား ဒေသနာ တခွန်း တစ တခွန်း တပါဒကိုသာယူ၍ ဗုဒ္ဓကိုပင် ပြန်လည်စွပ်စွဲကြပေလိမ့်မည်။

ဤသီလက္ခန္ဓဝဂ္ဂပါဠိတွင် အတ္တဒိဋ္ဌိပြင်းထန်လှသော အတ္တဝါဒီ ပေါဋ္ဌပါဒ ပရိဗိုဇ်အား အတ္တဝါဒနှင့်ပတ်သက်၍ အလေးအနက် မြွက်ကြားထားသော ဗုဒ္ဓ၏အဖြေများ ပါရှိနေကြသည်၊ ပေါဋ္ဌပါဒ ပရိဗိုဇ်ကား နာမ်ဝိညာဉ်ကိုသာ အတ္တဟု ယူဆထားသူဖြစ်သည်၊ သို့ရာတွင် ဗုဒ္ဓကိုမေး လျှောက်ရာ၌ပြည့်စုံစေရန် ပထမ ဤကိုယ်ကာယကို အတ္တဟုယုံကြည်ပါသည်ဟု လျှောက်သည်၊ ယင်းကို ဗုဒ္ဓကပယ်သောအခါ ဈာန်စိတ်ဖြင့်ဖြစ်သော ဗြဟ္မာ၏ကိုယ်ကာယကို အတ္တဟုယုံကြည်ပါသည်ဟုဆိုပြန်သည်၊ ယင်းကိုဗုဒ္ဓကပယ်မြစ်သောအခါ ရုပ်မရှိသော အရူပ ဗြဟ္မာတို့၏ ဈာန်ဖြင့်ပြီးသော စိတ်ဝိညာဉ်ကို အတ္တဟုယုံကြည်ပါသည်ဟုဆိုပြန်သည်၊ ယင်းကိုလည်း ဗုဒ္ဓက ပယ်မြစ်၍ အနတ္တသဘောကို သွယ်ဝိုက်၍ ဟောကြားတော်မူခဲ့သည်၊ ဤပရိဗိုဇ်ကား အတ္တဝါဒီတို့တွင် အတော်အတက်တန်းကျသော၊ ဥာဏ်ပညာနှင့်ပြည့်စုံသော ပရိဗိုဇ် ဖြစ်သည်။

ဤအတ္တဝါဒများနှင့်ပတ်သက်၍ ဗုဒ္ဓ၏အဖြေကို သို့မဟုတ် ပရိယာယ်အားဖြင့် ဟောကြားတော်မူပုံများကိုအသေးစိတ် လေ့လာလိုလျှင် ဤသီလက္ခန္ဓဝဂ္ဂပါဠိ၊ နဝမသုတ်ဖြစ်သော ပေါဋ္ဌပါဒသုတ်ကို လေ့လာနိုင်ကြသည်။

(င) အဘိသညာ နိရောဓပြဿနာ

သီလ သမာဓိ ပညာအရာတွင် အတုမဲ့ဖြစ်သော ဗုဒ္ဓသည် စိတ်သညာ အဆင့်ဆင့် ချုပ်ငြိမ်းခြင်းနှင့်ပတ်သက်သော နိရောဓကထာကို ဟောကြား တော်မူခဲ့သည်၊ ယင်း နိရောဓကထာကား အလွန်အဆင့်အတန်းမြင့်သဖြင့် ဗုဒ္ဓ၏ သာဝကတို့မှတပါး အခြားတိတ္ထိတို့မှာ နားမလည်နိုင်အောင်ဖြစ်ကြသည်၊ သို့ရာတွင် သူတို့ကား နေရာတကာတွင် ဗုဒ္ဓနှင့်ဖက်ပြိုင်လိုသူများဖြစ်၍ ဗုဒ္ဓကဲ့သို့ပင် နိရောဓကထာကို ဟောကြားနိုင်အောင်ကြိုးစားခဲ့ကြသည်၊ စိတ်သညာ ချုပ်ဆုံးမှုကို မိမိတို့ကြားဖူးနားဝရှိသဖြင့် အမျိုးမျိုးကြံဆခဲ့ကြသည်၊ ယင်းသို့ကြံဆသော်လည်း အမှန်ကို မသိနိုင်ကြသဖြင့် အချင်းချင်း ငြင်းခုံလျက်သာရှိကြသည်။

ထိုတိတ္ထိတို့သည် အတ္တဝါဒီများဖြစ်ကြသည့်အတိုင်း စိတ်သညာကိုပင် နိစ္စ ထာဝရကဲ့သို့ဖြစ်သော အတ္တ-ဟုယူဆ၍ စိတ်သညာသည် သူ့အလိုအတိုင်း ပူးနိုင်ခွါနိုင် သောသတ္တိရှိသည်၊ စိတ်သညာပူးကပ်နေသောအခါ သတ္တဝါတွင် စိတ်သညာရှိသည်၊ စိတ်သညာထွက်ခွါနေသောအခါ စိတ်သညာချုပ်ပျောက်သည်ဟုဆိုကြသည်၊ သူတို့သည် ဗုဒ္ဓဟောကြားသော ဝိဂသိက်ရသေ့ကို အထောက်အထားပြုကြသည်၊ ယင်းဝိဂသိက် (ဘူသိသိက်) ရသေ့သည် အလမ္ဗုသာ နတ်သမီး၏ ကိုယ်အတွေ့ကြောင့် ၃-နှစ်တိုင် တိုင်မေ့မျောနေခဲ့သည်ဟု ဗုဒ္ဓက ဟောကြားသည်၊ ဤသို့ ဟောကြားရာ၌ အိပ် ပျော်သောအခါဖြစ်လေ့ရှိသော ဘဝင်စိတ်ဖြင့်သာ ၃-နှစ်တိုင်မေ့မျောနေ သည်ဟုမသိကြဘဲ မိမိတို့၏ အတ္တဝါဒအရ စိတ်သညာဟူသော အတ္တမှာ ပူးနိုင်ခွါ နိုင်သောအစွမ်းသတ္တိရှိသည်၊ ယင်းသို့အိပ်ပျော်မေ့မျောနေခြင်းမှာ စိတ်သညာ က ခွါသွားသောကြောင့်သာဖြစ်သည်ဟုကြံဆကြသည်၊ ဤအရာ၌ ၃-နှစ်တိုင် - အဘယ့်ကြောင့်အိပ်ပျော်နိုင်သနည်း၊ ဤ ၃-နှစ်တာကာလကြာအတွင်း မည်သို့ အသက်ရှင်သနည်း ဟုကား စဉ်းစားဘွယ်မရှိပြီ၊ အလမ္ဗုသာ နတ်သမီး၏အစွမ်း တန်ခိုးအရာသာဖြစ်သည်။

အချို့ကလည်း ဤလောက၌ သတ္တဝါ၏စိတ်သညာကို ပူးစေခွါစေနိုင်သော တန်ခိုးရှိသူ ရဟန်းပုဏ္ဏားများရှိကြသည်၊ ဤသို့တန်ခိုးကြီးမားသော ရဟန်း ပုဏ္ဏားတို့က စိတ်သညာကို သတ္တဝါ၌ ပူးကပ်စေသောအခါ၊ စိတ်သညာရှိသည်၊ ခွါ စေသောအခါသတ္တဝါ၌ စိတ်သညာကင်းသည် ချုပ်ပျောက်သည်ဟုဆိုကြသည်၊ ထိုသူတို့ သည် ဤလောက၌ အထက်အတတ်ဖြင့် လူကို ဦးခေါင်းပြတ်သကဲ့သို့၎င်း၊ လက်ပြတ် သကဲ့သို့၎င်း၊ အသေကောင်ကဲ့သို့၎င်း၊ ပြုလုပ်၍ပြပြီး နောက်ပကတိအတိုင်း အသက် ရှင်နေသည်ကိုပြကြသော အတတ်ပညာသည်တို့ကို အထောက်အထားပြုကြသည်၊ ထိုအတတ်ပြ အတတ်သည်တို့သည် သတ္တဝါ၏ စိတ်သညာကို ပူးစေခွါစေနိုင်ကြသည်ဟုထင်မှတ်ကြသည်။

အချို့ကလည်း ဤလောက၌ သတ္တဝါ၏ စိတ်သညာကို ပူး၍ နေနိုင်သော တန်ခိုးရှိသည့် နတ်များ ရှိကြသည်၊ ထိုနတ်တို့က စိတ်သညာကို သတ္တဝါမှ ပူး၍ ကပ်ဝေ သောအခါ စိတ်သညာ ရှိနေသည်၊ ခွါ၍ဝေသောအခါ သတ္တဝါမှ စိတ်သညာ ကင်းသည်၊ ချုပ်ပျောက်သည်ဟု ဆိုကြသည်၊ ထိုသူတို့သည် ဤလောက၌ အချို့နတ်ဝင်သည်ကို တည်လုံး နတ်ကိုပူဇော်ပသ၍ ကခုန်ကြပြီး အရှိန်ကျက်လျှင် သေအရက်ကို သောက်သူလူး လှိမ့် အိပ်ပျော်သွားကြသည်ကိုငင်း ၊ နေ့အခါမှ နိုးလာကြသည်ကိုငင်း မြင်၍ ဤသို့ဆိုကြ သည်၊ နတ်ဝင်သည်တို့ ယင်းသို့အိပ်ပျော်သွားကြသောအခါ နတ်တို့ကသူတို့၏ စိတ် သညာကို ခွဲထားသဖြင့် စိတ်သညာ ချုပ်ပျောက်နေကြသည်၊ နတ်တို့ကသူတို့၏ စိတ် သညာကိုပြန်၍ပူး ကပ်ဝေသောအခါမှ သူတို့သည် စိတ်သညာပြန်ဝင်၍ နိုးလာ ကြသည်ဟုယူဆထားကြသည်။

ထိုပုဂ္ဂိုလ်တို့သည် နိရောဓကိုသည်မှာ ယင်းသို့ စိတ်သညာ ချုပ်ပျောက် နေခြင်းကိုဆိုသည်ဟု ပြောဆိုကြသည်၊ ယင်းသို့ စိတ်သညာ ချုပ်ပျောက်ခြင်းကို အဘိ သညာ နိရောဓ ဟုလည်း အမည်တပ်ကြသည်။

ဤအဘိသညာနိရောဓကား ဗုဒ္ဓ၏အောင်ခြင်းဖြင့်သော နိရောဓ စကထာနှင့်အလွန်ပင်ခရီး ကွာလှသည်၊ ဗုဒ္ဓ၏ နိရောဓကထာမှာ အမှန်အား ဖြင့် နိရောဓသမာပတ်အကြောင်း ဖြစ်ပေသည်၊ နိရောဓသမာပတ်ကို သည်မှာ စိတ် စေတသိက် စိတ္တဇရုပ်တို့ချုပ်ငြိမ်း၍ ပျောက်ကွယ်နေခြင်း သို့ရောက်သည်ကိုဆိုလိုသည်၊ ယင်းသို့စိတ် စေတသိက် စိတ္တဇရုပ်တို့ချုပ်ငြိမ်းခြင်းသို့ ရောက်သည်ကိုပင် နိရောဓသမာပတ်ကို ဝင်စားသည်ဟု ခေါ်ဆိုသည်၊ နိရောဓ သမာပတ်ဝင်စား နေသော ပုဂ္ဂိုလ်သည် ဥဿုခေါ် အပူငွေ့မကင်းခြင်း၊ ရုပ်သွင်သဏ္ဌာန် မညှိုးမနွမ်းခြင်း မှတပါး လူသေကောင်နှင့်မခြားဖြစ်နေ သည်၊ သို့ရာတွင်နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်သည် ၊ ထိုင်လျက်သော်ငင်း လျောင်းလျက်သော်ငင်း ၊ ရပ်လျက်သော်ငင်း ၊ ဝင်စားနိုင်သည်၊ ယင်းသမာ ပတ်ကို မဝင်စားမီကပင် နေရာကိုရွေးချယ်ရသည်၊ ၇ - ရက်စေ့လျှင် နိရောဓ သမာပတ်မှထရန် အဓိဋ္ဌာန်ရသည်၊ ဤ ၇ - ရက်တွင်း ဗိမ္ဗိသာရကိုယ် မပျက် မစီး တည်နေနိုင်ရန်လည်း အဓိဋ္ဌာန်ပြုရသည်၊ လူ့ဘုံ၌အများ သောအားဖြင့်သည် ၇ - ရက်သာ အထောက်အပံ့ပြုနိုင်သောကြောင့် ယင်းသို့ ၇ - ရက်တွင် သမာပတ် မှထရန်အဓိဋ္ဌာန်ရခြင်း ဖြစ်သည်၊ ၇ - ရက်ထက်လွန်လျှင် အပြီးသတ်ချုပ်ငြိမ်း၍ ပရိနိဗ္ဗာန်ပြုပြီး သာဖြစ်ရသည်၊ ဤအဓိဋ္ဌာန်ပြုထားသော ၇ - ရက်အတွင်း၌ ကား နိရောဓသမာပတ်ဝင်စား နေသော ပုဂ္ဂိုလ်၏ ကိုယ်ကာယကို မည်သည့် ဘေးရန်မျှမနှိပ်စက်နိုင်၊ မည်သည့်အန္တရာယ်မှ မကျရောက်နိုင်၊ အဖိုက်သဂိုက် ထင်းတို့ကိုများ စွာစုပုံ၍မီး တိုက်သော်လည်း မလောင်နိုင်ဖြစ်သည်။

ဤနိရောဓသမာပတ်ကား အဆင့်အတန်း အမြင့်ဆုံး သမာပတ်ဖြစ်သည်၊ ဈာန်အဘိညာဉ် သမာပတ် ၈-ပါး တို့ကိုရသော အနာဂါမ် ပုဂ္ဂိုလ်နှင့်ရဟန္တာ ပုဂ္ဂိုလ်တို့သာ ဝင်စား နိုင်ကြသည်၊ ထိုပုဂ္ဂိုလ်တို့သည် အမှန်အား ဖြင့်နိဗ္ဗာန်ချမ်း သာကို ယခုမသေမီဘဝမှာပင် ရုပ်အကာနှင့်အသက်နှင့်ခံစား တော်မူကြသည့် သမာပတ်ဖြစ်သည်၊ ဤသမာပတ်ကိုဝင်စား သောအခါထိုပုဂ္ဂိုလ်တို့သည် သွားလာ လှုပ်ရှား ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်း၊ စား သောက်ခြင်း အလျှင်း မရှိဘဲ မူလ အဓိဋ္ဌာန်ပြုထား သောအနေဖြင့်သာ အဓိဋ္ဌာန်ရက်အတွင်း၌ အသက်မရှိသကဲ့ သို့ မလှုပ်မရှား တည်နေတော်မူကြသည်၊ အာသာအာဟာရကို အမှီမပြုသော အနာဂါမ် ရဟန္တာ ဗြဟ္မာကြီး တို့ကား ရုပ်အကာနှင့်အသက်မရှိ အလိုရှိသလောက် ဝင်စား နိုင်ကြသည်။

၇-ရက်စေ့၍ နိရောဓသမာပတ်မှထသောအခါ ထိုပုဂ္ဂိုလ်၏ ကိုယ်နှင့် စိတ်တို့သည် အလွန်သန့်ရှင်း ကြည်လင်နေကြသည်၊ ထိုနေ့တွင်အစာအဟာရတစ်ခုခု မမှီဝဲရလျှင်လည်း အပြီးသတ် ပရိနိဗ္ဗာန်ပြုရသောအကြောင်း ရှိသည်၊ သို့ဖြင့် ယင်းသို့နိရောဓသမာပတ်မှ ထသောပုဂ္ဂိုလ်အား ဆွမ်း ခဲဘွယ်လှူတန်း သောသူသည် ထိုနေ့မှာပင် ဒိဋ္ဌဓမ္မအကျိုး ကိုခံစား ရသည်၊ ဤသို့ဒိဋ္ဌဓမ္မအကျိုး ကိုခံစားရသော ဝတ္ထုများ ဓမ္မပဒဝတ္ထုများ တွင်အတော်များ များ ပါရှိသည်။

ဤနိရောဓသမာပတ်နှင့် ပတ်သက်၍ ဗုဒ္ဓသည် အဘိသညာနိရောဓ ကိုမေး လျှောက်သော ပေါဋ္ဌပါဒ ပရိဗိုဇ်အား ရှင်းလင်း ဟောကြား တော်မူ ခဲ့သည်၊ ဤအကြောင်း အရာကို လေ့လာလိုလျှင် ဤသီလက္ခန္ဓဝဂ္ဂပါဠိ နဝမသုတ်ဖြစ် သော ပေါဋ္ဌပါဒသုတ်ကိုပင် လေ့လာနိုင်ကြသည်။

၉။ နိဂုံး

လောက ၃-ပါး ကို ကိုယ်တိုင်သာလျှင် အကြွင်းမဲ့သိမြင်၍ ဟုတ်မှန်သည့် အတိုင်း ဟောကြား ဆုံးမတတ်သော၊ ဝိဇ္ဇာဝါဒီ ဘူတဝါဒီဖြစ်သော ဗုဒ္ဓ၏ ဒေသနာ ကျမ်း ဂန်တစ်ခုဖြစ်သည့် ဤသီလက္ခန္ဓဝဂ္ဂပါဠိကို ဝါဖတ်ပရိသတ်တို့နှင့် ရင်းနှီးစေ လိုသဖြင့် ဖိတ်ဘက်စကား ကို အထိုက်အလျောက် ရေး သား ဖော်ပြခဲ့ကြသည်၊ ဤ ဖိတ်ဘက်စကား ကိုအကျဉ်း ချုပ်လိုက်လျှင် ဤသီလက္ခန္ဓဝဂ္ဂပါဠိသည်-

၁- ဗုဒ္ဓဒေသနာပိဋကတ် ၃-ပုံ၏အဦး အစကျမ်း ဖြစ်သည်။

၂- ဤကျမ်း တွင်ဗုဒ္ဓဒေသနာအရှည် ၁၃-ပုဒ်ပါဝင်သည်။

၃- ဗုဒ္ဓသာသနာ၏အနှစ်သာရဖြစ်သော သီလ သမာဓိ ပညာ တို့ကို အပြည့်အစုံ ဖော်ပြသောကျမ်း ဖြစ်သည်။

၄- ဤကျမ်း တွင်ဒိဋ္ဌိ ၆၂-ပါး၊ ခေတ်ပြိုင်ဆရာကြီး ၆-ယောက် စသောစိတ်ဝင်စား ဖွယ်ကောင်း သော ခေါင်း စဉ်များ ပါဝင်လျက် ရှိကြသည်။

၅ - ဤကျမ်းတွင် သိဂ်ချေ နက်နဲသော ပြဿနာ အဖြေများလည်း ပါရှိသည် ဟူသောအချက် ၅ - ချက်တို့ပင်ဖြစ်ကြသည်။

ဤလောကနှင့် ဗုဒ္ဓတရားသည် ရောနှောသော တရားဟု ဗုဒ္ဓကိုယ်တိုင်ပင် မိန့်မြွက်တော်မူခဲ့သည်၊ ရေကိုသန့်စင်ရာ၌ ရှော့ဟက်သည့်များ ဖွါ အသုံးဝင်သကဲ့သို့ ဗုဒ္ဓ၏ ရောနှော တရားကို လေ့လာရာ၌လည်း ဤကျမ်းဦးရှုအဖွယ်သည် အထိုက်အလျောက် ကျေးဇူးပြုနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

# ဒီဃနိကာယ်

## သီလက္ခန္ဓဝဂ္ဂပါဠိ

### သုတ်ညွှန်းများ


၁။ ဗြဟ္မဇာလသုတ်
၂။ သာမညဖလသုတ်
၃။ အမ္ဗဋ္ဌသုတ်
၄။ သောဏဒဏ္ဍသုတ်
၅။ ကူဋဒန္တသုတ်
၆။ မဟာလိသုတ်
၇။ ဇာလိယသုတ်
၈။ မဟာသီဟနာဒသုတ်
၉။ ပေါဋ္ဌပါဒသုတ်
၁၀။ သုဘသုတ်
၁၁။ ကေဝဋ္ဋသုတ်
၁၂။ လောဟိစ္စသုတ်
၁၃။ တေဝိဇ္ဇသုတ်


၁၆၉၄


ရေးသားသူ

ပါဠိပါရဂူ ဦးအောင်မိုး
ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

အငြိမ်းစားလက်ထောက်ကထိက
မြန်မာစာဌာန
ဝိဇ္ဇာသိပ္ပံတက္ကသိုလ်
ရန်ကုန်။

# ၁။ ဗြဟ္မဇာလသုတ် နိဒါန်း

ပိဋကတ် ၃ ပုံ၏ ရှေးဦး ကျမ်း ဖြစ်သော သီလက္ခန္ဓဝဂ္ဂပါဠိတွင် ဗြဟ္မဇာလသုတ်သည် ရှေးဦး သုတ်ဖြစ်သည်၊ ဗုဒ္ဓ ဒေသနာ ပိဋကတ်ကျမ်း စာကိုကို ဖတ်ရှု လေ့လာလိုသူတို့အား ဤဗြဟ္မဇာလသုတ်သည် ပိဋကတ် ၃ ပုံ၏ ကိုယ်စား ရှေးဦး ကထွက်၍ ကြိုဆိုလျက် ရှိသည်။

ဗုဒ္ဓ ပရိနိဗ္ဗာန်စံ တော်မူပြီး နောက် ၃ လ မြောက်တွင် မဟာသင်္ဂါယနာ တင် တော်မူခဲ့ကြ သော အရှင်မဟာကဿပ စသော သင်္ဂါယနာ တင်မထေရ်တို့သည် ဗုဒ္ဓ သာသနာ၏ အနှစ်သာရဖြစ် သော သီလသမာဓိပညာ တရား တို့ကို အကျယ်ပြန့် ဆုံး အပြည့်စုံဆုံး ဝေဖန် ဟောကြား တော်မူခဲ့ သော [illegible] တော်များ ဖြစ်သည့် သီလက္ခန္ဓဝဂ်ကို ရှေး ဦး ရှေးဖျား ထား သင်္ဂါယနာတင် တော်မူခဲ့ကြသည်။ ၎င်း သီလက္ခန္ဓ ဝဂ္ဂပါဠိတွင်လည်း ဤဗြဟ္မဇာလသုတ်သည် သဗ္ဗညုတ ဉာဏ်ဂုဏ်ရှိန်းကို သာဝကတို့ အကဲခတ် နိုင် စေရန် ပရိယာယ်အား ဖြင့် ဖော်ပြ ဟောကြား တော်မူ သော သုတ်ဖြစ်၍ ယင်း ကို ရှေး ဦး ရှေး ဖျား ထား တော်မူခဲ့ကြသည်။

ဤသုတ်ကို ဗြဟ္မဇာလသုတ်ဟု ဗုဒ္ဓကိုယ်တိုင် အမည်ပေး တော်မူခဲ့သည်။ ဗြဟ္မဇာလ ဟူ သော စကား သည်မြတ် သော သဗ္ဗညုတဉာဏ် တော်ကွန်ရက်ဟု အဓိပ္ပါယ် ရှိသည်။ ဤသုတ်သည်မြတ် သော သဗ္ဗညုတဉာဏ် တော်ကွန်ရက်ကိုဖြန့်ကြက် ဟောကြား ရာသုတ်ဖြစ်သည် ဟုဆိုလိုသည်။ ထို့ကြောင့်ပင်သင်္ဂါယနာတင်မထေရ်တို့က ဤသုတ်ကိုပိဋကတ် ၃ပုံ၏ ရှေး ဦး ရှေး ဖျား နေရာ၌ထား တော်မူခဲ့ကြသည်။ ဤ ကြောင်း မူကား ဗုဒ္ဓ၏ ဂုဏ် တော်တို့တွင်သဗ္ဗညုတဉာဏ် တော်သည်အကြီးမြတ်ဆုံး ၊ ပဓာနအကျဆုံး ဂုဏ် တော် ဖြစ်သည်။ ထို့ကြောင့်ပင် ဤဗြဟ္မဇာလသုတ်ကို ဟော တော်မူပြီး ဆုံး သည့်အခါ မြေ ငလျင်ကြီး တုန်လှုပ်ခဲ့ရသည်။

ဗုဒ္ဓမြတ်စွာ ၄၅ ဝါပတ်လုံး တရား ဒေသနာ ဟောကြား တော်မူခဲ့ ရာ၌ မြေငလျင်တုန်လှုပ်ခဲ့ သော သုတ်ကား ၄-သုတ်သာ ရှိသည်။ ဗုဒ္ဓဘုရားအဖြစ် သို့ ရောက်စတွင် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန် တော၌ ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာ ပဝတ္တနသုတ်ကိုတရား ဦး အဖြစ်ဖြင့် ဟော တော်မူပြီး သောအခါ မြေ ငလျင်ကြီး တုန်လှုပ်သည်။ သာဝတ္ထိပြည်၊ ကာဠကာရာမ၌ သီတင်း သုံး တော်မူစဉ် ဗုဒ္ဓဂုဏ်ကိုအံ့ဩ ချီး မွမ်း ကြသော ရဟန်း ၅၀၀ တို့အား ကာဠကာရာမသုတ် ကို ဟော တော်မူ၍အပြီး တွင် မြေ ငလျင်ကြီး တုန်လှုပ်သည်။ ဝေသာလီပြည်၊ ဂေါတမ ကစေတီ ကျောင်း တွင်သီတင်း သုံး တော်မူစဉ် ဗုဒ္ဓသည် ငါတို့ကြား နာဘူး ပြီး သား တရား ကိုပင် ဟောလိမ့်မည်ဟု မာန်တက်၍တရား နာမလာလို သော ရဟန်း တို့အား ဂေါတမကသုတ်ကို ဟော တော်မူအပြီး တွင် မြေ ငလျင်ကြီး တုန်လှုပ်သည်။ ရာဇဂြိုဟ်ပြည် နှင့်နာဠန္ဒာအကြား အမ္ဗလဋ္ဌိကာ သရက်ဥယျာဉ်မင်း ကွန်း ၌ ဗြဟ္မဇာလသုတ်ကို ရဟန်း ငါး ရာတို့အား ဟောကြား တော်မူ၍အပြီး တွင်လည်း မြေ ငလျင်ကြီးတုန်လှုပ် သည်။

ဗုဒ္ဓသည် ဤသုတ်ကိုပြဟ္မဇာလသုတ်ဟူ၍သာအမည်ပေးတော်မူခဲ့သည်မဟုတ်၊ အတ္ထဇာလ ဓမ္မဇာလ ဒိဋ္ဌိဇာလ အနုတ္တရသင်္ဂါမဝိဇယဟူ၍လည်းခေါ်ဆိုနိုင်သည်ဟု အရှင်အာနန္ဒာအား မိန့်ကြားတော်မူခဲ့သည်။ အတ္ထဇာလကား ပစ္စုပ္ပန် တမလွန် နှစ်တန်သောအကျိုးစီးပွားတရားကိုဖြန့်၍ ဟောရာသုတ်ဟုအဓိပ္ပါယ်ရှိသည်။ ဓမ္မဇာလကား များစွာသောဒေသနာအစဉ်တို့ကိုသုံးနှန်း၍ကျယ်ကျယ်ပြန့်ပြန့် ဟောကြားရာသုတ်ဟုအဓိပ္ပါယ်ရှိသည်။ ဒိဋ္ဌိဇာလကား လောက၌ရှိသော ဒိဋ္ဌိအမျိုးမျိုးတို့ကိုအလုံးစုံခြုံငုံမိအောင် ၆၂ ပါးသော ဒိဋ္ဌိတို့ဖြင့်ဖြန့်ကြက်၍အကျယ်တဝင့် ဟောကြားရာသုတ်ဟုအဓိပ္ပါယ်ရှိသည်။ အနုတ္တရသင်္ဂါမဝိဇယကား ဤသုတ်ဒေသနာကိုကြားနာရလျှင်ကိလေသာရန်သူစသော မာန် ၄ ပါးကိုချေမှုန်းနိုင်သောကြောင့်အတုမဲ့မဟာအောင်မြေဖြစ်သောသုတ်ဟုအဓိပ္ပါယ်ရှိသည်။

ဤအချက်တို့ကိုကြည့်လျှင်ပင် ဤပြဟ္မဇာလသုတ်၏တန်ဖိုးကြီးမားပုံကိုအတော်အတန်အကဲခတ်နိုင်သည်။

ဤသုတ်ကိုဟောတော်မူသည့်နေရာကား ရာဇဂြိုဟ်မြို့တော်နှင့်နာဠန္ဒာမြို့အကြားတွင်တည်ရှိသောအမ္ဗလဋ္ဌိကာအမည်ရှိသောသရက်ဥယျာဉ်ကမင်းကွန်းဖြစ်သည်၊ မင်းကွန်းဆိုသည်မှာဘုရင်မင်းမြတ်များလာရောက်၍ဥယျာဉ်ကစားသည့်အခါတည်းခိုနားနေရန်ပြုလုပ်ထားသောအဆောက်အဦးဖြစ်သည်။ ရာဇဂြိုဟ်နှင့်နာဠန္ဒာမြို့သည်တယူဇနာဝေးကွာသည်ဟုအဋ္ဌကထာဆရာကပြဆိုသည်။ ယခုမျက်မြင်အရဆိုသော်မီးရထားလမ်းအဖြောင့်ခရီးအားဖြင့် ၄ မိုင်၊ ရိုးရိုးလမ်းအားဖြင့် ၇ မိုင်သာဝေးကွာသည်။

ဤသုတ်ကိုဟောတော်မူရခြင်းအကြောင်းရင်းမှာကဲ့ရဲ့ခြင်းနှင့်ချီးမွမ်းခြင်းပင်ဖြစ်သည်။ တခါသော် ဗုဒ္ဓသည်နောက်ပါရဟန်း ၅၀၀ တို့နှင့်အတူတကွ ရာဇဂြိုဟ်မြို့တော်မှနာဠန္ဒာမြို့သို့ခရီးရှည်ကြွသွားတော်မူသည်။ ထိုအခါဗုဒ္ဓသည် အချိန်လွန်နေသဖြင့်မြို့နှစ်မြို့အကြားရှိအမ္ဗလဋ္ဌိကာအမည်ရှိသော သရက်ဥယျာဉ်သို့ဝင်၍မင်းကွန်း၌တည်းတည်းခိုတော်မူသည်။ ဗုဒ္ဓ ရာဇဂြိုဟ်မြို့တော်မှထွက်စကပင် နောက်တော်ပါးမှအမှတ်မထင်လိုက်ပါမိလျက်သားဖြစ်နေကြသောသုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင်တို့လည်း ထိုညအတွက်ထိုသရက်ဥယျာဉ်မှာပင်တည်းခိုကြသည်။ သုပ္ပိယပရိဗိုဇ်သည်ဗုဒ္ဓကြောင့်သူတို့ပရိဗိုဇ်များလာဘ်ပူဇော်သက္ကာနည်းပါးကြရသည်ကိုအကြောင်းပြု၍တညနေလုံးပင်ဗုဒ္ဓနှင့်ရဟန်းတော်တို့၏နောက်တော်ပါးမှမလှမ်းမကမ်း လိုက်ပါလျက်ဗုဒ္ဓကိုငင်း၊ ဗုဒ္ဓ၏တရားကိုငင်း၊ ဗုဒ္ဓသာဝကရဟန်းတော်တို့ကိုငင်း ကဲ့ရဲ့ရှုတ်ချစကားကိုပြောကြားသည်။ သူ၏တပည့်ဗြဟ္မဒတ်လုလင်ကား ဗုဒ္ဓကိုငင်း၊ ဗုဒ္ဓ၏တရားကိုငင်း၊ ဗုဒ္ဓ၏တပည့်သာဝကတို့ကိုငင်း ချီးမွမ်းစကားပြောကြားသည်။ သုပ္ပိယပရိဗိုဇ်ကား အမ္ဗလဋ္ဌိကာဥယျာဉ်တွင်တည်းခိုနေကြသည့်အချိန်တွင်လည်း

ရတနာ ၃-ပါး ၏ ကျေးဇူး ပဲ့ကဲ့ရဲ့စကား ကိုပင်ဆက်လက် ပြောကြားသည်။ ဗြဟ္မဒတ် လုလင်ကလည်း သူ့ဆရာနှင့်ဆန့်ကျင်ဖက်ပြု၍ ရတနာ ၃-ပါး ၏ဂုဏ်ကျေးဇူးစကား ကိုသာဆက်လက် ပြောကြားသည်။

ရဟန်းတော်တို့သည်ထိုဆရာတပည့်တို့သည်အချီအနိုင်အောင်ပြောဆိုနေကြသောစကားတို့ကိုအစအဆုံးကြားသိနေကြရသည်။ သို့ဖြင့်နံနက်မိုးသောက်အလင်းရောက်သောအခါရဟန်းတော်တို့သည်ထိုအကြောင်းကိုပင်စုဝေးပြောဆိုနေကြသည်။ ကဲ့ရဲ့ခြင်း ၊ ချီးမွမ်းခြင်းနှင့်ပတ်သက်၍ယင်းသို့ရဟန်းကို့ပြောဆိုကြသည်ကိုအကြောင်းပြု၍ ဤဗြဟ္မဇာလသုတ်ကို ဟောကြားတော်မူခဲ့သည်။

ဤသို့ဟောကြားတော်မူရာ၌ဗုဒ္ဓ၏ရည်ရွယ်ချက်မှာ ဖိဖိအားကဲ့ရဲ့ရှုတ်ချသောသူပဋိယပရဗိုဇ်ကိုပြန်လည်ချေပရန်မဟုတ်သည်မှာထင်ရှားသည်။ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့သည်မည်သူနှင့်မျှမလွတ်ကင်းနိုင်သောလောကဓံတရားသာဖြစ်သည်။ ဤလောကဓံမှုဖြင့်ဗုဒ္ဓကတုန်လှုပ်စရာအကြောင်းမရှိပေ၊ သို့ရာတွင်ဗုဒ္ဓနှင့်အတူပါလာသောရဟန်း ၅၀၀ တို့တွင်ပုထုဇဉ်ရဟန်းများလည်းပါရှိကြမည်သာဖြစ်သည်။ ထိုရဟန်းတို့သည်မိမိတို့ဆရာဖြစ်သောဗုဒ္ဓအားကဲ့ရဲ့သည့်စကားကိုကြားရလျှင်အနည်းနှင့်အများအမျက်ထွက်ရှိကြရာသည်။ ယင်းသို့အမျက်ထွက်လျှင် ထိုရဟန်းတို့အားအကုသိုလ်တရားဖြစ်ပွားခဲ့ရာသည်။ ချီးမွမ်းသံကိုကြားရလျှင်လည်းပုထုဇဉ်လူသားတို့ထုံးစံအတိုင်းဝမ်းမြောက်တက်ကြွရာသည်။ ယင်းသို့ဝမ်းမြောက်တက်ကြွခြင်းသည်လည်းသာယာနှစ်သက်ခြင်းတဏှာဝင်လာတတ်သည်ဖြစ်၍ ရှာန်မဂ်ဖိုလ်၏အန္တရာယ်သာဖြစ်ရာသည်။ ဤအချက်ကိုသိတော်မူပြီးဖြစ်၍ လောကီလူတိုင်းနှင့်မကင်းသောကဲ့ရဲ့ချီးမွမ်းခြင်းလောကဓံတရားနှင့် တွေ့လျှင်မည်သို့နှလုံးသွင်းရမည်ဟုဆုံးမဩဝါဒပေးတော်မူလိုသည်။ ထိုပြင်လည်း ဗုဒ္ဓကိုချီးမွမ်းလိုလျှင်ဗုဒ္ဓနှင့်ထိုက်တန်အောင်မည်သို့ချီးမွမ်းသင့်သည်ဟုလည်း ရဟန်းတို့ကိုသိစေတော်မူလိုသည်။ ဤသို့သောရည်ရွယ်ချက်များဖြင့် ဤဗြဟ္မဇာလသုတ်ကို ဟောကြားတော်မူခဲ့သည်။

ထို့ကြောင့်ဗုဒ္ဓသည် ``ရဟန်းတို့---ငါဘုရားအားဖြစ်စေ၊ တရားတော်အားဖြစ်စေ၊ ရဟန်းသံဃာအားဖြစ်စေ၊ သူတပါးတို့ကကဲ့ရဲ့စကားပြောကြားလျှင်အမျက်မထွက်ကြကုန်လင့်၊ ဤစကားသည်ဤအကြောင်းကြောင့်မမှန်၊ ဤအကြောင်းသည်ငါတို့၌မရှိဟုမမှန်သောစကားကိုမမှန်ဟုသာဖြေရှင်းကြရမည်။ ရဟန်းတို့---ငါဘုရားအားဖြစ်စေ၊ တရားတော်အားဖြစ်စေ၊ ရဟန်းသံဃာအားဖြစ်စေသူတပါးတို့ကချီးမွမ်းစကားပြောကြားလျှင်လည်းနှစ်သက်ဝမ်းမြောက်ခြင်း ၊ စိတ်တက်ကြွခြင်းကိုမပြုကြကုန်လင့်၊ ဤစကားသည်ဤအကြောင်းကြောင့်မှန်၏၊ ဤအကြောင်းသည်ငါတို့၌ရှိ၏ဟုမှန်သောစကားကိုမှန်ပေသည်ဟုသိဝန်ခံကြရမည်``ဟုဆုံးမတော်မူခဲ့သည်။

ထို့ပြင်လည်း ``ရဟန်းတို့---ဤသည်တို့ကား သိမ်မွေ့နက်နဲသော ပညာရှိတို့သာသိနိုင်ရာသော၊ ဗုဒ္ဓဂုဏ်ကျေးဇူးများ ဖြစ်ကြသည်။ ဤဂုဏ်ကျေးဇူးတို့ဖြင့် ချီးမွမ်းမှသာ ဗုဒ္ဓအား ဟုတ်တိုင်းမှန်စွာ ချီးမွမ်းရာ ရောက်ပေမည်`` ဟုလည်း နိဂုံးချုပ်စကား တရပ်မိန့်ကြားတော်မူခဲ့သည်။

<u>အရေးကြီးသော အချက်များ</u>

ဤဗြဟ္မဇာလသုတ်ကို လေ့လာလျှင် အောက်ပါအချက်ကြီး ၅ ချက်ကို အထူး သတိပြု၍ လေ့လာသင့်သည်။

၁။ ကဲ့ရဲ့ချီးမွမ်းနှင့်ပတ်သက်သော ဗုဒ္ဓ၏ဆုံးမဩဝါဒ

၂။ ပုထုဇဉ်လူသာမန်တို့ချီးမွမ်းနိုင်သော ဗုဒ္ဓဂုဏ်တော်များ

၃။ ပညာရှိတို့သာ ချီးမွမ်းနိုင်သော သိမ်မွေ့နက်နဲသည့် ဗုဒ္ဓဂုဏ်တော်များ

၄။ ဝါဒစွဲမှလွန်မြောက်တော်မူသော ဗုဒ္ဓ

၅။ မိစ္ဆာဒိဋ္ဌိ ၆၂-မျိုး (ဒွါသဋ္ဌိဒိဋ္ဌိ)

ဤအချက် ၅ ချက်တို့တွင် ၁-အချက်နှင့်ပတ်သက်သော ဗုဒ္ဓ၏ဆုံးမဩဝါဒကို ဖော်ပြခဲ့ပြီး ဖြစ်သည်။ ၂-နှင့် ၃-တို့ကား ဗုဒ္ဓကိုချီးမွမ်းခြင်းနှင့်ပတ်သက်ကြသည်။ ဗုဒ္ဓသည် ချီးမွမ်းခြင်းနှင့်စပ်လျဉ်း၍ သာမန်ပုထုဇဉ်တို့ချီးမွမ်းနိုင်သော ဗုဒ္ဓဂုဏ်နှင့် ပညာရှိတို့သာ ချီးမွမ်းနိုင်သော သိမ်မွေ့နက်နဲသော ဗုဒ္ဓဂုဏ်ကို တပိုင်းစီထား၍ အဆင့်ဆင့်ခွဲခြမ်းစိတ်ဖြာလျက် ချီးမွမ်းဘွယ်ရာ ဟောကြားတော်မူခဲ့သည်။ ဤနှစ်ပိုင်းတွင် ပုထုဇဉ်တို့ချီးမွမ်းနိုင်သော ဗုဒ္ဓဂုဏ်မှာ လက်တွေ့ဒိဋ္ဌ တွေ့မြင်ကြရသော သီလဂုဏ်ဖြစ်သည်။ ယင်းကို စူဠသီလ မဇ္ဈိမသီလ မဟာသီလ ဟူ၍ သုံးမျိုး ခွဲခြားထားသည်။

ဒုတိယပိုင်းမှာ သိမ်မွေ့နက်နဲလှသော ပညာဂုဏ်ဖြစ်သည်၊ ဗုဒ္ဓသည် ဤပညာဂုဏ်ကို ဟောကြားရာ၌ ဗုဒ္ဓတွင်ရှိသော အခြား ဝိဇ္ဇာဉာဏ်တို့ဖြင့် ဗုဒ္ဓကို မဖော်ပြဘဲ သဗ္ဗညုတဉာဏ်တော်ဖြင့်သာ ဖော်ပြတော်မူသည်။ အကြောင်းမူကား ယင်း ဝိဇ္ဇာဉာဏ်တို့သည် သိမ်မွေ့နက်နဲသော ဂုဏ်များ ဖြစ်ကြသော်လည်း ဗုဒ္ဓတွင်သာ ရှိကြသည်မဟုတ်၊ အခြား သာဝကအချို့မှာလည်း ရှိကြသည်။ သို့ဖြင့် အချို့ရဟန္တာသာဝကတို့သည် ဗုဒ္ဓကိုချီးမွမ်းလိုသော် ထိုဂုဏ်တို့ဖြင့် ချီးမွမ်းနိုင်ကြသည်။ သဗ္ဗညုတဉာဏ်တော်ကား အခြား သာဝကတို့၌ မရှိ၊ ဗုဒ္ဓ၌သာ ရှိသည်။ ဗုဒ္ဓ၏ အမြင့်ဆုံး ဂုဏ်တော်လည်း ဖြစ်သည်၊ ဗုဒ္ဓကို ဗုဒ္ဓနှင့်ထိုက်တန်အောင် ချီးမွမ်းလိုလျှင် ဤဂုဏ်ဖြင့်သာ ချီးမွမ်းသင့်သည်။ ထို့ကြောင့် ဗုဒ္ဓသည် ဤအရာ၌ ဗုဒ္ဓဂုဏ်ကို သဗ္ဗညုတဉာဏ်တော်ဖြင့်သာ ဖော်ပြတော်မူသည်။

ဗုဒ္ဓသည် ဗုဒ္ဓဂုဏ်ကို သဗ္ဗညုတဉာဏ်တော်ဖြင့်သာ ဤသုတ်၌ ဖော်ပြတော်မူသည်ဟုဆိုရသော်လည်း တိုက်ရိုက်အားဖြင့် သဗ္ဗညုတဉာဏ်တော်ကို အမည်တပ်၍ ဖော်ပြတော်မူသည်ကား မဟုတ်။ လောက၌ရှိသမျှ မိစ္ဆာဒိဋ္ဌိအယူဝါဒတို့ကို သိမ်းကျုံး စုပေါင်း၍ ၆၂ ပါး သော မိစ္ဆာဒိဋ္ဌိသာ ရှိသည်၊ သည့်ပြင် မရှိပြီဟု ဆုံးဖြတ် ဟောကြားတော်မူပြီး မှ ``ဗုဒ္ဓသည် ဤဒိဋ္ဌိအမျိုးမျိုး တို့ကိုလည်း သိတော်မူသည်၊ သည့်ထက်အလွန်လည်း သိတော်မူသည်၊ သိတော်မူသဖြင့် တစုံတရာ မစွဲလန်းဘဲ အလုံးစုံသော ကိလေသာတဏှာ ဒိဋ္ဌိအပေါင်း မှလွတ်မြောက်တော်မူသည်။ ဤသည်တို့ကား မြတ်စွာဘုရား ကိုယ်တိုင် သိ၍ ဟောကြားအပ်သော သိမ်မွေ့နက်နဲသော တရားတို့ဖြစ်ကြသည်။ ဤတရား၊ ဤအသိဉာဏ်တို့ဖြင့် ချီးမွမ်း မှသာ ဗုဒ္ဓကို တိုက်ရိုက်တန်တန် ချီးမွမ်းခြင်း ဖြစ်ရာသည်`` ဟု သွယ်ဝိုက်၍ သာ မိန့်ကြားတော်မူခဲ့သည်။ ဤသို့ မိန့်ကြားတော်မူရာ၌ ဒိဋ္ဌိအလုံးစုံကိုသိသော ဉာဏ်၊ သည့်ထက်လွန်၍ သိသော ဉာဏ်ကား သဗ္ဗညုတဉာဏ်တော်ပင်ဖြစ်သည်။ သို့ဖြစ်၍ ဤအသိဉာဏ်ဖြင့် ချီးမွမ်း မှသာ ဗုဒ္ဓကို တိုက်ရိုက်တန်တန် ချီးမွမ်းခြင်း ဖြစ်ရာသည်ဟု မိန့်တော်မူခြင်းသည် သဗ္ဗညုတဉာဏ်တော်ဖြင့် ချီးမွမ်း မှသာ ဗုဒ္ဓကို တိုက်ရိုက်တန်တန် ချီးမွမ်းခြင်း ဖြစ်နိုင်သည်ဟု မိန့်တော်မူခြင်း သာဖြစ်ကြောင်း ထင်ရှားသည်။

ဤသုတ်သည် ယင်းသို့ ဗုဒ္ဓ၏အဖြင့်ဆုံး ဂုဏ်တော်ဖြစ်သော သဗ္ဗညုတဉာဏ်တော်ကိုထုတ်ဖော်ရာ သုတ်ဖြစ်သော ကြောင့်သာလျှင် ဤသုတ်ကို ဟောတော်မူ၍ အပြီး တွင် မြေငလျင်ကြီး တုန်လှုပ်ခဲ့ခြင်း လည်း ဖြစ်ပေသည်။ ဤအချက်ကို သဘောပေါက်ရန်လွန်စွာ အရေးကြီးသည်။ သဘောပေါက်မှလည်း ဤဗြဟ္မဇာလသုတ်ဒေသနာ၏အရသာကို ကောင်းစွာ ခံစားနိုင်ပေမည်။

ဝါဒစွဲမှလွန်မြောက်တော်မူသော ဗုဒ္ဓဟူသော စတုတ္ထအချက်မှာလည်း အရေးကြီးသော အချက်တခုပင်ဖြစ်သည်။ ဗုဒ္ဓသည် ဤအချက်ကို သဘောပေါက်စေတော်မူလိုသဖြင့် ၆၂ ပါး သော ဒိဋ္ဌိတို့ကို ဟောကြားရာ၌ ဒိဋ္ဌိတမျိုး မျိုး အပြီးတွင် ``ဗုဒ္ဓသည် တစုံတရာ စွဲလန်းခြင်း မရှိဘဲ ဒိဋ္ဌိစွဲ ဝါဒစွဲ အပေါင်း မှလွန်မြောက်တော်မူသည်`` ဟုထပ်ကာထပ်ကာ စကားသိမ်း တော်မူခဲ့သည်။ ဤတခန်း ရပ်နိဂုံး ချုပ်စကား သိမ်း များ ကို အသေအချာ လေ့လာလျှင် ဗုဒ္ဓသည် ဝါဒစွဲကင်း သည်၊ ဝါဒအပေါင်း မှလွန်မြောက်တော်မူသည်ဟူ သော အချက်ကို သဘောပေါက်နိုင်သည်။ ယင်း တခန်းရပ် နိဂုံး ချုပ်စကား တို့သည် သဗ္ဗညုတဉာဏ်တော်ပြ စကား များ ဖြစ်ကြသည်ကိုလည်း သတိပြုသင့်သည်။

ပဉ္စမအချက်ကား ဤဗြဟ္မဇာလသုတ်၌အထူး ပေါ်လွင်ထင်ရှား သော အချက်ဖြစ်သည်။ ဗုဒ္ဓသည်အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သဗ္ဗညုတဉာဏ်တော်ကိုသာဝကတို့သိကြစေလိုသဖြင့်သိမ်မွေ့နက်နဲ သော သဗ္ဗညုတဉာဏ်၏အရာသာဖြစ် သော မိစ္ဆာဒိဋ္ဌိ ၆၂ ပါး ကိုထုတ်ဖော် ဟောကြား တော်မူခဲ့သည်။

ဗုဒ္ဓသည် ဒိဋ္ဌိတို့ကို သံသရာ၏ ရှေ့အစွန်း သို့လိုက်သော ဒိဋ္ဌိ၊ သံသရာ၏ နောက်အစွန်း သို့လိုက်သော ဒိဋ္ဌိဟု ရှေးဦးစွာ နှစ်မျိုး ခွဲခြားသည်။ သံသရာ၏ ရှေ့အစွန်း သို့လိုက်သော ဒိဋ္ဌိကို ပုဗ္ဗန္တာနုဒိဋ္ဌိ ခေါ်သည်၊ နောက်အစွန်း သို့လိုက်သော ဒိဋ္ဌိကို အပရန္တာနုဒိဋ္ဌိဟု ခေါ်သည်။ ထို့နောက် ပုဗ္ဗန္တာနုဒိဋ္ဌိကို ၅ - မျိုး ထား၍ တမျိုး လျှင် ၄ - ပါး စီထပ်၍ အသေးစိတ် ခွဲခြားသည်။ အပရန္တာနုဒိဋ္ဌိကို ၅ - မျိုး ထား၍ တမျိုး မျိုး လျှင် ၁၆ - ပါး ၊ ၈ - ပါး စသည်ဖြင့် ခွဲခြားသည်။ အောက်ပါအကျဉ်း ချုပ်ဇယားကို မှတ်သားထားလျှင် ဗုဒ္ဓအကျယ် ဟောပုံကို အလွယ်တကူ သဘော ပေါက်နိုင်သည်။

| ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈ မျိုး | | အပရန္တာနုဒိဋ္ဌိ ၄၄ မျိုး | |
|---|---|---|---|
| ၁။ သဿတဒိဋ္ဌိ | ၄ - မျိုး | ၁။ သညီဝါဒ | ၁၆ - မျိုး |
| ၂။ ဧကစ္စသဿတဒိဋ္ဌိ | ၄ - မျိုး | ၂။ အသညီဝါဒ | ၈ - မျိုး |
| ၃။ အန္တာနန္တိကဒိဋ္ဌိ | ၄ - မျိုး | ၃။ နေဝသညီနာသညီဝါဒ | ၈ - မျိုး |
| ၄။ အမရာဝိက္ခေပဒိဋ္ဌိ | ၄ - မျိုး | ၄။ ဥစ္ဆေဒဝါဒ | ၇ - မျိုး |
| ၅။ အဓိစ္စသမုပ္ပန္နဒိဋ္ဌိ | ၂ - မျိုး | ၅။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ | ၅ - မျိုး |
| ပေါင်း - ၁၈ - မျိုး | | ပေါင်း - ၄၄ - မျိုး | |

နှစ်ရပ်ပေါင်း ၁၈ + ၄၄ = ၆၂

## သဿတဒိဋ္ဌိ - ၄ - မျိုး

သံသရာ၏ ရှေ့အစွန်းသို့ အစဉ်လိုက်သော ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈ မျိုးတို့တွင် သဿတဒိဋ္ဌိဆိုသည်မှာ အတ္တသည်၎င်း၊ လောကသည်၎င်း၊ မပျက်မစီး အမြဲတည်ရှိနေသည်ဟု ယူသော အယူဖြစ်သည်၊ ဤအယူကို ရှေးဦးစွာ ယူခဲ့ကြသောသူတို့ကား ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ရသော ရှင်အဘိညာဉ်ရပုဂ္ဂိုလ်များနှင့် အတွေးအခေါ်သမားတို့ဖြစ်ကြသည်၊ ယင်းတို့တွင် ရှင်အဘိညာဉ်ရပုဂ္ဂိုလ်ကို ၃ မျိုး ခွဲခြားလိုက်သဖြင့် သဿတဝါဒ ၄ - မျိုး ဖြစ်လာသည်၊ ယင်းအဘိညာဉ်ရပုဂ္ဂိုလ် ၃ - မျိုးမှာ -

(၁) ရှေးသိန်းပေါင်းများစွာသော ဘဝတို့ကို အောက်မေ့သိမြင်နိုင်သူ၊

(၂) ရှေးဆယ်ကမ္ဘာအထိ အောက်မေ့သိမြင်နိုင်သူ၊

(၃) ရှေးကမ္ဘာလေးဆယ်အထိ အောက်မေ့သိမြင်နိုင်သူတို့ဖြစ်ကြသည်။

ထိုမိစ္ဆာဒိဋ္ဌိတို့သည် ကမ္ဘာ ၄၀ - ထက်ပို၍ကား မသိမြင်နိုင်ကြကုန်။

အဘိညာဉ်ရပုဂ္ဂိုလ်တို့သည် ကမ္ဘာပေါင်းများစွာ ရှေးဘဝဖြစ်စဉ်တို့ကို မိမိသိမြင်နိုင်သလောက် အောက်မေ့ဆင်ခြင်လိုက်သောအခါ၊ မိမိကိုယ်ဟူသော အတ္တသည် ဘဝမှ ဘဝသို့ကူးပြောင်းလာခဲ့သည်ကို သိမြင်ကြသည်၊ သို့ဖြစ်၍ အတ္တသည် မပျက်မစီး အမြဲ

တည်ရှိသော အရာဖြစ်သည်ဟု ယူဆလိုက်ကြသည်။ ယင်းသို့ယူဆသည့် ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ် ၃-မျိုး တို့မှာ တစ္စတစ္စ ကျယ်ပြန့်၍ မပျက်မစီး နိစ္စထာဝရတည်ရှိနေသော အနှစ်ရှိသည်ဟုသော သဿတဝါဒ ပေါ်ပေါက်လာခဲ့သည်။ နောက်တမျိုးကား တက္ကီဝါဒ ဖြစ်သော တွေးအခေါ်သမားအချို့၏ ဝါဒဖြစ်သည်။ ထိုသူတို့ကလည်း မိမိဉာဏ် မြင်သမျှစဉ်းစား တွေးခေါ်၍ နိစ္စထာဝရတည်နေသော အနှစ်ရှိသည်ဟု ယူဆထားကြသည်။ သို့ဖြင့် သဿတဝါဒ ၄-မျိုး ဖြစ်လာသည်။

ဧကစ္စသဿတဒိဋ္ဌိ ၄-မျိုး

ဧကစ္စသဿတဒိဋ္ဌိဆိုသည်မှာ အချို့သော [illegible]၊ လောက[illegible]၊ မပျက်မစီး နိစ္စထာဝရတည်နေသည်။ အချို့သော [illegible]နှင့်၊ လောကကား နိစ္စထာဝရမတည် ပျက်စီး သေပျောက်သည်ဟုယူသော ယူဆသောဝါဒ ဖြစ်သည်။ ထိုအယူကို ရှေးဦး စွာယူသော သူတို့သည်လည်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုရသော ဈာန်အဘိညာဉ် ရပုဂ္ဂိုလ်များနှင့် တွေးအခေါ်သမားတို့ပင်ဖြစ်ကြသည်။ ဤဝါဒ၌လည်း ဈာန် အဘိညာဉ်ရပုဂ္ဂိုလ်က ၃-မျိုး ခွဲပြားသဖြင့် ဧကစ္စသဿတဒိဋ္ဌိ ၄-မျိုး ဖြစ်လာ သည်။

(၁) အချိန်ကာလကြာမြင့်လှသော ဤကမ္ဘာကြီး ပျက်စီးသည်။ ကမ္ဘာ ပေါ်ရှိသတ္တဝါတို့သည် အာဘဿရဘုံဟု ခေါ်သော ဒုတိယဈာန်ဗြဟ္မာ့ဘုံသို့ ရောက်ကုန် ကြသည်။ ကမ္ဘာပျက်၍ ကာလကြာမြင့်ပြန်သောအခါ ဤကမ္ဘာကြီး ဖြစ်ပေါ်လာပြန်သည်။ ထိုအခါ ပထမဈာန်ဗြဟ္မာ့ဘုံနှင့်တကွ နတ်ပြည်လူ့ပြည်တို့၌ သတ္တဝါ ပေါက်မှုမရှိကြ သေးကုန်။ ထို့နောက် ကာလကြာသောအခါ အာဘဿရဗြဟ္မာ့ဘုံမှ ဗြဟ္မာတပေါက်သည် အသက် တမ်းကုန်၍ သော်၎င်း၊ ကံကုန်၍ သော်၎င်း၊ ပထမဈာန်ဗြဟ္မာ့ဘုံ၌ ဖြစ်လာသည်။ ထိုဗြဟ္မာသည် နှစ်ပေါင်းများစွာ တပေါက်တည်း နေ၍ ကာလကြာမြင့်လာသော အခါ အဖော်တပေါက် ပေါ်လာလျှင် ကောင်းမည်ဟု အကြံပြုလိုက်သည်။ ထိုအချိန်မှာ ပင် အာဘဿရဗြဟ္မာ့ဘုံမှ ဗြဟ္မာတပေါက် ပေါက်သည် ထိုဘုံမှ စုတေ၍ ပထမဈာန် ဗြဟ္မာ့ဘုံ၌ ဖြစ်လာသည်။ ထိုအခါ ပထမရှိနှင့်ရင်း ဗြဟ္မာက ``ဤအသစ်ဖြစ်သော ဗြဟ္မာသည် မိမိစိတ်ဖြင့် ဖန်ဆင်းလိုက်၍ ဖြစ်ပေါ်လာခဲ့သည်``ဟု ထင်မြင်သည်။ ထင် မြင်သည့်အတိုင်းလည်း ပြောဆိုသည်။ နောက်ဗြဟ္မာကလည်း ထိုစကားကို ယုံကြည်သည်။ သို့ဖြင့် ထိုနောက်ဗြဟ္မာသည် ထိုဗြဟ္မာ့ဘုံမှ စုတေ၍ လူ့ပြည်၌ ဖြစ်လာသည်။ ထိုသူသည် ရသေ့ ရဟန်းပြု၍ တရားကျင့်သဖြင့် ဈာန်အဘိညာဉ်ကို ရပြန်သည်။ ရသဖြင့် ရှေးဘဝကို အောက်မေ့ဆင်ခြင်လိုက်သောအခါ ပထမဈာန်ဗြဟ္မာ့ဘုံ၌ ရှိစဉ်က ဗြဟ္မာဘဝကို သိ မြင်သည်။ ထိုအခါ ယခင်မဟာဗြဟ္မာကြီးကား မသေမပျောက်၊ နိစ္စထာဝရတည်နေ သည်။ ငါတို့ကိုလည်း ထိုမဟာဗြဟ္မာက ဖန်ဆင်းသည်။ ငါတို့ကား အဖန်ဆင်းခံပုဂ္ဂိုလ် များ ဖြစ်၍ သေဆုံးပြီး လူ့ပြည်သို့ ရောက်ခဲ့သည်။ ဤလောကကို ထိုမဟာဗြဟ္မာက ဖန်

ဆင်းသည်ဟုယူဆသည်၊ သို့ဖြင့်ထိုပုဂ္ဂိုလ်သည်အချို့အချို့ကား မြဲသည်၊ နိစ္စထာဝရဖြစ်သည်၊ အချို့အချို့ကား မတည်မြဲကြ၊ နိစ္စထာဝရမဟုတ်ကြ–ဟု ဧကစ္စသဿတဝါဒကို စတင်ပြောဆိုသည်၊ ထိုအခါမှစ၍ ဧကစ္စသဿတဝါဒ ပေါ်လာသည်၊ ဤဧကစ္စသဿတဝါဒသည် ပဌမဈာန်ဗြဟ္မာ့ဘုံမှစုတေလာသူတို့၏ ဧကစ္စသဿတဝါဒဖြစ်သည်။

( ၂ ) နောက်တမျိုးကား ခိဍ္ဍာပဒေါသိကနတ်ဘုံမှစုတေလာသော သူတို့၏အယူဝါဒဖြစ်သည်၊ နတ်ပြည်တွင်အပျော်ကြူး သဖြင့်အစာစား ချိန်မှီမစားမိသောကြောင့်နတ်ဘဝမှစုတေရသောနတ်များ ရှိကြသည်၊ ထိုနတ်တို့ကိုခိဍ္ဍာပဒေါသိကနတ်ဟု ခေါ်သည်။ တစုံတယောက်သောသူသည်ထိုနတ်ဘဝမှစုတေ၍လူ့ပြည်၌ဖြစ်လာပြီး တရားအားထုတ်သဖြင့်ဈာန်အဘိညာဉ်ရသည်၊ ထိုသူသည် ရှေးဘဝကိုဆင်ခြင်အောက်မေ့လိုက်သောအခါ ခိဍ္ဍာပဒေါသိကနတ်ဘဝကိုသတိရသည်၊ ထိုအခါငါတို့ကား အပျော်ကြူး သဖြင့်နတ်ဘဝမှစုတေခဲ့ကြရသည်၊ အပျော်မကြူး သောအခြားသောနတ်တို့ကား ထိုနတ်ပြည်၌ပင်မပျက်မစီး မြဲမြံ သေတည် နေကြရသည်ဟုအတွေးအခေါ်ဖြစ်ပေါ်သည်၊ သို့ဖြင့်ထိုသူသည်အချို့သောအရာကား မြဲသည်၊ အချို့ကား မမြဲဟု ဧကစ္စသဿတဝါဒကို ပြောဆိုသည်။

( ၃ ) နောက်တမျိုးကား မနောပဒေါသိကနတ်ဘုံမှစုတေလာသော သူတို့၏အယူဝါဒဖြစ်သည်၊ နတ်ပြည်တွင်အချင်းချင်း မနာလိုဝန်တိုစိတ်ဖြစ်၍ တစိမ်းစိမ်း ကြည့်ကြသည်၊ ထိုသို့ကြည့်ရင်း ပင် ဒေါသစိတ်ဖြင့် လောင်ကျွမ်း၍ နတ်ဘဝမှစုတေကြရသောနတ်တို့ရှိကြသည်၊ ထိုနတ်တို့ကို မနောပဒေါသိကနတ်ဟု ခေါ်သည်၊ တစုံတယောက်သောသူသည်ထိုနတ်ဘဝမှစုတေ၍လူ့ပြည်၌ဖြစ်လာပြီး တရားအားထုတ်သဖြင့်ဈာန်အဘိညာဉ်ကိုရသည်၊ ထိုသူသည် ရှေးဘဝကိုဆင်ခြင်အောက်မေ့လိုက်သောအခါ မနောပဒေါသိကနတ်ဘဝကိုသတိရသည်၊ ထိုအခါငါတို့ကား ဒေါသစိတ်ဖြင့် လောင်ကျွမ်း၍နတ်ပြည်မှစုတေခဲ့ကြရသည်၊ ဒေါသစိတ်ဖြင့် မလောင်ကျွမ်း သောနတ်တို့ကား နတ်ပြည်၌ပင်မပျက်မစီး မြဲမြံ သောအမြဲ နေကြရသည်ဟုအတွေး အခေါ်ဖြစ်ပေါ်သည်၊ သို့ဖြင့်ထိုသူသည်အချို့သောအရာကား မြဲသည်၊ အချို့သောအရာကား မမြဲဟုဧကစ္စသဿတဝါဒကို ပြောဆိုသည်။

( ၄ ) နောက်တမျိုးကား တက္ကီဝါဒ ခေါ်အတွေးအခေါ်သမားတို့၏ဝါဒဖြစ်သည်၊ အချို့သောအတွေးအခေါ်သမားတို့သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ဟုသော ရုပ်အစုကား အမြဲမရှိ၊ ဖေါက်ပြန်ပျက်စီးတတ်သည်၊ စိတ်ဟူ၍၎င်း၊ မနောဟူ၍၎င်း၊ ဝိညာဉ်ဟူ၍၎င်း ခေါ်ဆိုအပ်သောနာမ်အစုကား တည်မြဲသည်၊ နိစ္စထာဝရဖြစ်သည်ဟု ဧကစ္စသဿတဝါဒကို ပြောဆိုကြသည်။

ဤသို့ဖြင့် ဧကစ္စသဿတဝါဒ၊ ဧကစ္စသဿတဒိဋ္ဌိ ၄ – မျိုး ဖြစ်လာသည်။

## အန္တာနန္တိကဒိဋ္ဌိ ၄ - မျိုး ။

အန္တာနန္တိကဒိဋ္ဌိဆိုသည်မှာ လောကကြီးအဆုံး ရှိ မရှိနှင့်ပတ်သက်၍ စွဲလမ်းသောအယူဝါဒဖြစ်သည်။ ဤအယူဝါဒကို ရှေးဦးစွာယူသောပုဂ္ဂိုလ်တို့မှာ ကသိုဏ်း ပဋိဘာဂနိမိတ်ကိုအမှီပြု ပြောဆိုသောပုဂ္ဂိုလ် ၃ - မျိုး နှင့်အတွေးအခေါ်သမား တမျိုး အားဖြင့် ရှေးနည်းတူ ၄ - မျိုး ကွဲပြားသည်။

ဤလောက၌ အချို့သော ရဟန်း ပုဏ္ဏားတို့သည် ကသိုဏ်း ပရိကံကို ပွားများ အားထုတ်၍ မိမိစိတ်၌ ထင်မြင်လာသော ပဋိဘာဂနိမိတ်ကိုကြည့်၍ လောကသည် အဆုံး ရှိ၏ဟုအယူရှိကြသည်။ အချို့ကလည်း ယင်းသို့ကြည့်ရှု၍ လောကသည်အဆုံး မရှိဟု အယူရှိကြသည်။ ဤနှစ်ယောက်တို့တွင် -

( ၁ ) အဆုံး ရှိသည်ဟုယူသောသူကား ကသိုဏ်း ပဋိဘာဂနိမိတ်ကို စကြဝဠာအဆုံး ဖြန့်၍ မရှုသောသူဖြစ်သည်။

( ၂ ) အဆုံး မရှိဟုယူသောသူကား ကသိုဏ်း ပဋိဘာဂနိမိတ်ကိုစကြဝဠာ အဆုံး ဖြန့်၍ ရှုသောသူဖြစ်သည်။

( ၃ ) အချို့ကလည်း ယင်း ကသိုဏ်း ပဋိဘာဂနိမိတ်ကိုအာရုံပြု၍ အထက် အောက်ကား အဆုံး ရှိသည်၊ ဖီလာပတ်ဝန်းကျင်ကား အဆုံး မရှိဟုယူသည်။ သို့ဖြင့်ကသိုဏ်း ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပြောဆိုသောအန္တာနန္တိက ဒိဋ္ဌိ ၃ - မျိုး ဖြစ်လာသည်။

( ၄ ) နောက်တမျိုးကား တက္ကီဝါဒ ခေါ် တွေး အခေါ်သမားတို့၏ အယူဝါဒဖြစ်သည်။ ဤသို့ဖြင့် လောကကြီးအဆုံးရှိမရှိနှင့်ပတ်သက်၍ စွဲလမ်း ပြောဆိုသောအန္တာနန္တိကဒိဋ္ဌိသည် ၄ - မျိုး ဖြစ်လာသည်။

ဤပုဂ္ဂိုလ်တို့၏ အယူအဆသည်အမှန်တရားနှင့်နီးကပ်မှုရှိသော်လည်း အမှန်တရားကိုသိ၍ ပြောဆိုယူဆခြင်း မဟုတ်။ မိမိစိတ်၌ ထင်မြင်လာသောကသိုဏ်း ပဋိဘာဂနိမိတ်မှုကိုသာအမှီပြု၍ယူဆ ပြောဆိုကြသည်။ ထို့ကြောင့် ဗုဒ္ဓ ဒိဋ္ဌိအတွင်း သို့သွတ်သွင်း၍ ဟော တော်မူခဲ့သည်။ တနည်း အားဖြင့်ဆိုလျှင်လည်း ထိုသူတို့ ပြောဆိုသော လောကသည်ဤ စကြဝဠာ[illegible] လောက မဟုတ်။ အတ္တနှင့်အရတူဖြစ် သော စွဲလမ်း မှုတခုသာဖြစ်သည်။ သဿတဒိဋ္ဌိစသည်တို့၌ ပါသော အတ္တနှင့် လောကလည်း ထို့အတူပင်အရတူ စွဲလမ်း မှုတခုသာဖြစ်သည်။ ထိုသူတို့သည် လောက ၃ - ပါး ကိုယထာဘူတကျ အောင် အမှန်အတိုင်း မသိကြသဖြင့် မိမိဉာဏ်မီသမျှ [illegible] ပြောဆိုသူတို့သာဖြစ်ကြသည်။

## အမရာဝိက္ခေပဒိဋ္ဌိ ၄ - မျိုး။

အမရာဝိက္ခေပဒိဋ္ဌိဆိုသည်မှာ ငုပ်တုံ ပေါ်တုံ နေသော အမရာမည် သော ငါး တမျိုး ကဲ့သို့ ဖမ်း ယူ မရ အောင် [illegible] သောအယူဝါဒဖြစ်သည်။ ဤအယူဝါဒကို ပြောဆိုယူဆသောသူတို့သည်အကြောင်း ၄ - ပါး ဖြင့် ပြောဆိုယူဆတတ်ကြ သည်။ ယင်း အကြောင်း ၄ - ပါး ကိုအစွဲပြု၍ အမရာဝိက္ခေပဝါဒ ၄ - မျိုး ရှိသည်

ဟုဗုဒ္ဓက ဟောကြားတော်မူခဲ့သည်၊ ယင်းအကြောင်းတို့ကား မုသာဝါဒဖြစ်မည်ကို ကြောက်ခြင်း ၊ တစုံတရာအစွဲအလမ်း အကုသိုလ်ဖြစ်မည်ကို ကြောက်ခြင်း ၊ ပညာရှိတို့က မေးမြန်းစိစစ်မည်ကို ကြောက်ခြင်း ၊ တစုံတရာဘာကိုမှ မသိတတ်ခြင်းတို့ဖြစ်ကြသည်။

(၁) အချို့သောပုဂ္ဂိုလ်တို့သည် ဤကား ကုသိုလ်၊ ဤကား အကုသိုလ်ဟု အမှန်အတိုင်း မသိသဖြင့် ကုသိုလ်အကုသိုလ်ဟု ပြောဆိုလိုက်လျှင် မှားယွင်းမည်ကို စိုးရိမ်ကြောက်ရွံ့၍၊ တစုံတရာကို မေးမြန်းလျှင် ကုသိုလ်ဟုလည်း အယူမရှိပါ၊ အကုသိုလ်ဟုလည်း အယူမရှိပါ၊ ကုသိုလ်အကုသိုလ်မှတပါး သောအခြင်းအရာအားဖြင့်ဖြစ်သည်ဟုလည်းအယူမရှိပါ၊ အခြားအခြင်းအရာအားဖြင့် မဖြစ်ဟုလည်း အယူမရှိပါ၊ အခြားအခြင်းအရာအားဖြင့် မဖြစ်သည် မဟုတ်ဟုလည်း အယူမရှိဟု ဖမ်းမမိအောင် ပြောဆိုတတ်ကြသည်။

(၂) အချို့ကလည်း တစုံတရာအစွဲအလမ်း အကုသိုလ်ဖြစ်မည်ကို စိုးရိမ်ကြောက်ရွံ့၍ အထက်ပါအတိုင်း ဖမ်းမမိအောင် ပြောဆိုတတ်ကြသည်။

(၃) အချို့ကလည်း ပညာရှိတို့က မေးမြန်းစိစစ်မည်ကို ကြောက်ရွံ့စိုးရိမ်၍ အထက်ပါအတိုင်း ဖမ်းမမိအောင် ပြောဆိုတတ်ကြသည်။

(၄) အချို့ကလည်း ဝိပိကဟ တစုံတရာကိုမှ မသိနားမလည်ခြင်းကြောင့် အထက်ပါအတိုင်း ပြောဆိုတတ်ကြသည်၊ အမှန်စင်စစ်အားဖြင့်မူ ပုဂ္ဂိုလ်လေးမျိုးတို့သည်အမှန်ကိုမသိဘဲ တွေဝေရိုက်မဲ့သူများသာဖြစ်ကြသည်။ ဤသို့ဖြင့် အမရာဝိက္ခေပဒိဋ္ဌိ ၄ - မျိုး ဖြစ်လာသည်။

<u>အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ၂ - မျိုး</u>

အဓိစ္စသမုပ္ပန္နဒိဋ္ဌိဆိုသည်မှာ ဘာမဆိုအကြောင်းမဲ့သာဖြစ်ပေါ်သည်ဟု ယူသောအယူဝါဒမျိုးဖြစ်သည်၊ အတ္တနှင့်လောကသည် သူဖြစ်ချင်သလိုသာဖြစ်လာသည်ဟုယူသော အယူဝါဒဖြစ်သည်၊ ဤအယူဝါဒသည် စိတ်သညာကင်းမဲ့သော အသညသတ်ဘုံမှ စုတေလာသူဖြစ်ခြင်း ၊ တွေးခေါ်ကြံစည်ခြင်းဟူသော အကြောင်းနှစ်ပါးကြောင့် ဖြစ်ပေါ်သည်၊ ထို့ကြောင့် ၂ - မျိုးသာရှိသည်။

(၁) ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် စိတ်သညာကင်းမဲ့သော အသညသတ် ဗြဟ္မာဘဝမှ စုတေ၍ ဤလူ့ပြည်၌ ဖြစ်သည်၊ ထိုသူသည် တရားအားထုတ်၍ ဈာန်အဘိညာဉ်ရသောအခါ ဖိဖိဂ် ရှေးဘဝကို အင်ခြင် အောက်မေ့သည်၊ ထိုအခါ၌ ဘဝ၌ဖြစ်သော ပဋိသန္ဓေစိတ်ဝိညာဉ်ကိုသာ သိမြင်သည်၊ အသညသတ်ဘုံ၌ ကမ္ဘာ ၅၀၀ ပတ်လုံး စိတ်သညာကင်းမဲ့လျက် ရုပ်သက်သာ တည်နေခဲ့သဖြင့် ထိုဘဝရှင်စိတ်ဝိညာဉ်ပရှိ၍၊ မသိမမြင်နိုင်ဖြစ်နေသည်။ ထို့ထက်ကျော်၍ သိမြင်နိုင်သော အစွမ်းသတ္တိလည်း ထိုသူ၌မရှိ သို့ဖြစ်၍ ထိုသူသည် ဤစိတ်သညာဟူသော အရာကား အကြောင်းမဲ့သာဖြစ်သည်ဟု ယူဆ ပြောဆိုသည်။

(၂) နောက်တမျိုးကား ဇိဇိဓာကျွေး ဘာဝေါ်ဘာရ ပြောဆိုယူသော တက္ကီဝါဒသာ ဖြစ်သည်။ ဤသို့ဖြင့်အတ္တနှင့် လောကသည်အကြောင်း မဲ့သာဖြစ်ပေါ်သည် ဟူသော အဓိစ္စသမုပ္ပန္နဝါဒ ၂-မျိုး ဖြစ်လာသည်။

ဤသည်တို့ကား သံသရာ၏ ရှေးအဖို့နှင့်ပယ်ဖက်သော ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈-ပါး တို့ဖြစ်ကြသည်။

<u>သညီဝါဒ ၁၆-မျိုး</u>

သံသရာ၏ နောက်အစွန်းသို့အစဉ်လိုက်သော အပရန္တာနုဒိဋ္ဌိ ၄၄-မျိုး တို့တွင်သညီဝါဒ ခိုသည်မှာ တဘဝမှ နောက်တဘဝသို့ကူး ပြောင်းသွားသော အတ္တတွင်စိတ်သညာရှိ၏ဟုယူသော အယူဝါဒဖြစ်သည်။ ယင်းအတ္တ ရုပ်ရှိမရှိကွဲပြားသောအားဖြင့် ၄-မျိုး၊ အဆုံး အပိုင်းအခြား ရှိမရှိကွဲပြားသောအားဖြင့် ၄-မျိုး၊ အနည်း အများ အစရှိ ကွဲပြားသောအားဖြင့် ၄-မျိုး၊ ချမ်းသာဆင်းရဲ ရှိမရှိကွဲပြားသောအားဖြင့် ၄-မျိုး ဖြစ်၍ စုစုပေါင်း ၁၆-မျိုး ရှိရသည်။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

၁။ အတ္တသည် ရုပ်ရှိ၏၊ သေပြီး နောက်အမြဲတည်၏၊ စိတ်သညာရှိ၏။

၂။ အတ္တသည်ရုပ်မရှိ၊ သေပြီး နောက်အမြဲတည်၏ စိတ်သညာရှိ၏။

၃။ အတ္တသည်အချို့မှာ ရုပ်ရှိ၏၊ အချို့မှာ ရုပ်မရှိ၊ သေပြီး နောက်အမြဲ တည်၏၊ စိတ်သညာရှိ၏။

၄။ အတ္တသည် ရုပ်ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်၊ သေပြီးနောက် အမြဲတည်၏၊ စိတ်သညာရှိ၏။

၅။ အတ္တသည်အဆုံး ရှိ၏၊ သေပြီး နောက်အမြဲတည်၏၊ စိတ်သညာရှိ၏။

၆။ အတ္တသည်အဆုံး မရှိ၊ သေပြီး နောက်အမြဲတည်၏၊ စိတ်သညာရှိ၏။

၇။ အတ္တသည်အချို့မှာအဆုံး ရှိ၏၊ အချို့မှာအဆုံး မရှိ၊ သေပြီး နောက် အမြဲတည်၏၊ စိတ်သညာရှိ၏။

၈။ အတ္တသည်အဆုံး ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်၊ သေပြီး နောက်အမြဲတည်၏၊ စိတ်သညာရှိ၏။

၉။ အတ္တမှာ စိတ်သညာတမျိုး သာရှိ၏၊ သေပြီး နောက်အမြဲတည်၏၊ စိတ် သညာရှိ၏။

၁၀။ အတ္တမှာ စိတ်သညာအမျိုး မျိုး ရှိ၏၊ သေပြီး နောက်အမြဲတည်၏၊ စိတ် သညာရှိ၏။

၁၁။ အတ္တမှာ နည်း သောကျဉ်း မြောင်း သော စိတ်သညာရှိ၏၊ သေပြီး နောက်အမြဲတည်၏၊ စိတ်သညာရှိ၏။

၁၂။ အတ္တမှာ ပမာဏမရှိ ကျယ်ဝန်း သော စိတ်သညာရှိ၏၊ သေပြီးနောက် အမြဲတည်၏၊ စိတ်သညာရှိ၏။

၁၃။ အတ္တမှာကောန်စင်စစ်ချမ်းသာခြင်း သာရှိ၏၊ သေပြီး နောက် အမြဲတည်၏၊ စိတ်သညာရှိ၏။

၁၄။ အတ္တမှာကောန်စင်စစ်ဆင်းရဲခြင်း သာရှိ၏၊ သေပြီး နောက် အမြဲတည်၏၊ စိတ်သညာရှိ၏။

၁၅။ အတ္တမှာဆင်းရဲချမ်းသာရှိ၏၊ သေပြီး နောက်အမြဲတည်၏၊ စိတ်သညာရှိ၏။

၁၆။ အတ္တမှာချမ်းသာဆင်းရဲမရှိ၊ သေလွန်ပြီး နောက်အနာရောဂါ မရှိ၊ အမြဲတည်၏ စိတ်သညာရှိ၏ ဟူ၍ဤသို့အယူအဆကွဲပြားကြသဖြင့် သညီ ဝါဒ ၁၆ - မျိုး ဖြစ်သည်။

<u>အသညီဝါဒ ၈ - မျိုး</u>

အသညီဝါဒဆိုသည်မှာ ဘဝ မှ ဘဝသို့ကူး ပြောင်း သွား သော အတ္တတွင် စိတ်သညာမရှိဟုယူဆသောဝါဒဖြစ်သည်၊ ယင်း ကား ရုပ်ရှိမရှိကွဲပြားသော အား ဖြင့် ၄ - မျိုး ၊ အဆုံး ရှိမရှိကွဲပြား သောအား ဖြင့် ၄ - မျိုး သာဖြစ်၍ စုစုပေါင်း ၈ - မျိုး သာရှိသည်၊ ယင်း တို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

၁။ အတ္တသည်ရုပ်ရှိ၏၊ သေပြီး နောက်အမြဲတည်၏၊ စိတ်သညာမရှိ၊

၂။ အတ္တသည်ရုပ်မရှိ၊

၃။ အတ္တသည်အချို့မှာရုပ်ရှိ၏၊ အချို့မှာရုပ်မရှိ၊

၄။ အတ္တသည်ရုပ်ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်။

၅။ အတ္တသည်အဆုံး ရှိ၏။ ။

၆။ အတ္တသည်အဆုံး အပိုင်း အခြား မရှိ။ ။

၇။ အတ္တသည်အချို့မှာအဆုံး ရှိ၏၊ အချို့မှာအဆုံး မရှိ။ ။

၈။ အတ္တသည် အဆုံး ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်၊ သေသည်မှ နောက်၌အနာရောဂါမရှိ၊ အမြဲတည်၏၊ စိတ်သညာမရှိ၊ ဤသို့အယူအဆ ကွဲပြားကြသဖြင့်အသညီဝါဒ ၈ - မျိုး ဖြစ်သည်။

<u>နေဝသညီနာသညီဝါဒ ၈ - မျိုး</u>

နေဝသညီနာသညီဝါဒဆိုသည်မှာ ဘဝမှဘဝသို့ကူး ပြောင်း သော အတ္တသည်စိတ်သညာရှိသည်လည်း မဟုတ်၊ စိတ်သညာမရှိသည်လည်း မဟုတ်ဟုယူသော အယူဝါဒဖြစ်သည်၊ ယင်း သည်လည်း အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရုပ်ရှိမရှိကွဲပြား သောအား ဖြင့် ၄ - မျိုး၊ အဆုံး အပိုင်း အခြား ရှိမရှိကွဲပြား သောအား ဖြင့် ၄ - မျိုး ဖြစ်၍ စုစုပေါင်း ၈ - မျိုး သာရှိသည်၊ ယင်း ၈ - မျိုး တို့မှာအထက်တွင် ဖော် ပြခဲ့သောအသညီဝါဒ ၈ - မျိုး အတိုင်း ပင်ဖြစ်သည်။ နောက်ဆုံး အချက်ဖြစ်သော

`` စိတ်သညာမရှိ `` ဟူသောစကား၏နေရာတွင် `` စိတ်သညာရှိသည်လည်းမဟုတ်၊ စိတ်သညာမရှိသည်လည်း မဟုတ် `` ဟူသောစကားကိုထည့်သွင်း ရမည်။

ဉစ္ဆေဒဝါဒ ၇ - မျိုး

ဉစ္ဆေဒဝါဒဆိုသည်မှာလက်ရှိဘဝတခုခုမှစ၍ သေလွန်လျှင် နောက်ထပ်ဘယ်မှာမှမဖြစ်ပြတ်စဲသည်ပြီး ဆုံး သည်ဟုယူသောအယူဝါဒဖြစ်သည်၊ ဘဝ ၇ - မျိုးရှိသောကြောင့် ဝါဒ ၇ - မျိုး ကွဲပြားသည်၊ ဘဝ ၇ - မျိုး ဆိုသည်မှာ လူ့ဘဝ၊ နတ်ဘဝ၊ ရူပါဝစရဗြဟ္မာဘဝ၊ အရူပဗြဟ္မာဘဝ ၄ - မျိုး တို့ကိုဆိုလိုသည်၊ ယင်း ဝါဒ ၇ - မျိုး တို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

၁။ မဟာဘုတ်လေး ပါး ကိုမှီသော၊ မိဘတို့၏သုက် သွေး ကြောင့်ဖြစ်သော ဤလူ့ဘဝအတ္တသည် သေလျှင်ပြတ်စဲသည်၊ ဘယ်မှာမှ နောက်ထပ်မဖြစ်။

၂။ သည်သာမကသေး ၊ အစာအာဟာရကိုစား သောကရသောနတ်တို့ဘဝဟူသောအတ္တလည်း သေလျှင်ပြတ်စဲသည်။

၃။ သည်သာမကသေး ၊ အစာအာဟာရကိုမစား သော၊ အင်္ဂါကြီး ငယ်နှင့်ပြည့်စုံသော၊ ဈာန်စိတ်ဖြင့်ပြီး သော ရူပါဝစရဗြဟ္မာတို့ဘဝ ဟူ သောအတ္တလည်း သေလျှင်ပြတ်စဲသည်။

၄။ သည့်ပြင်သာမကသေး၊ ရုပ်မရှိ သော၊ ဈာန်စိတ်ဖြင့်ပြီး သော၊ အာကာသာနဉ္စာယတနဗြဟ္မာဘဝဟူ သောအတ္တလည်း သေလျှင်ပြတ်စဲသည်။

၅။ သည့်ပြင်သာမကသေး ၊ ဝိညာဏဉ္စာယတနဗြဟ္မာဘဝဟူ သောအတ္တလည်း သေလျှင်ပြတ်စဲသည်။

၆။ သည့်ပြင်သာမကသေး ၊ အာကိဉ္စညာယတနဗြဟ္မာဘဝဟူ သောအတ္တလည်း သေလျှင်ပြတ်စဲသည်။

၇။ သည့်ပြင်သာမကသေး ၊ နေဝသညာနာသညာယတနဗြဟ္မာဘဝဟူ သော အတ္တလည်း သေလျှင်ပြတ်စဲသည်၊ ဘယ်မှာမှ နောက်ထပ်မဖြစ်။

ဤသို့ယူဆမှုကွဲပြားသဖြင့် ဉစ္ဆေဒဝါဒ ၇ - မျိုး ဖြစ်သည်။

ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅ - မျိုး

ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဆိုသည်မှာ မျက်မြင်ယခုဘဝ၌ခံစားရသောချမ်းသာသုခသည်ပင်နိဗ္ဗာန်ချမ်းသာဖြစ်သည် ဟုယူဆသောဝါဒဖြစ်သည်၊ ဒိဋ္ဌဓမ္မဟူ သောစကားသည် မျက်မြင်ကိုယ်ခန္ဓာဟုအဓိပ္ပါယ်ရှိသည်၊ ယင်း ဝါဒမှာလူကာမဂုဏ်ချမ်းသာနှင့်ဈာန်ချမ်းသာ ၄ - ပါး အား ဖြင့်ကွဲပြားသောကြောင့် ၅ - မျိုး ဖြစ်လာသည်၊ ယင်း ၅ - မျိုး တို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

၁။ ဤကိုယ်ကာယဖြင့်ခံစားရသောကာမဂုဏ်ချမ်းသာသည်လက်တွေ့နိဗ္ဗာန်ပင်ဖြစ်သည်။

၂။ ကာမဂုဏ်ချမ်းသာသည်စိုးရိမ်ပူဆွေးခြင်းစသောဆင်းရဲဒုက္ခနှင့်မကင်းသောကြောင့်လက်တွေ့နိဗ္ဗာန်မဟုတ်သေး၊ ပထမဈာန်ချမ်းသာသာလျှင် လက်တွေ့နိဗ္ဗာန်ဖြစ်သည်။

၃။ ပထမဈာန်ချမ်းသာသည် ဝိတက်ဝိစာရနှင့်နေသောကြောင့်လက်တွေ့နိဗ္ဗာန်မဟုတ်သေး၊ ဒုတိယဈာန်ချမ်းသာသာလျှင်လက်တွေ့နိဗ္ဗာန်ဖြစ်သည်။

၄။ ဒုတိယဈာန်ချမ်းသာသည် ပီတိရှိနေသောကြောင့်လက်တွေ့နိဗ္ဗာန်မဟုတ်သေး၊ တတိယဈာန်ချမ်းသာသာလျှင်လက်တွေ့နိဗ္ဗာန်ဖြစ်သည်။

၅။ တတိယဈာန်ချမ်းသာသည် ချမ်းသာလှ၏ဟုနှလုံးသွင်းခြင်းသုခရှိနေသောကြောင့်လက်တွေ့နိဗ္ဗာန်မဟုတ်သေး၊ သုခဒုက္ခကင်းသော စတုတ္ထဈာန်ချမ်းသာသာလျှင်လက်တွေ့နိဗ္ဗာန်ဖြစ်သည်။

ထိုမိစ္ဆာဒိဋ္ဌိတို့သည် သည့်ထက်ပို၍မသိကြပြီ၊ ဤသို့အနေအရင့်ကွဲပြားခြားနားသောကြောင့်လက်တွေ့နိဗ္ဗာန်ဟူသောဒိဋ္ဌေဓမ္မနိဗ္ဗာနဝါဒသည် ၅-မျိုးကွဲပြားသည်။

ဤသည်တို့ကား သံသရာ၏နောက်အစွန်းသို့အစဉ်လိုက်၍ပြောဆိုယူဆကြသော အပရန္တာနုဒိဋ္ဌိ ၄၄-မျိုးတို့ဖြစ်ကြသည်၊ ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈-မျိုးနှင့် အပရန္တာနုဒိဋ္ဌိ ၄၄-မျိုးတို့ကိုပေါင်းလျှင် မိစ္ဆာဒိဋ္ဌိ ၆၂-မျိုးဖြစ်လာသည်၊ ဤမိစ္ဆာဒိဋ္ဌိ ၆၂-မျိုးတို့သည် ဤဗြဟ္မဇာလသုတ်တွင်လွန်စွာအရေးပါကြသည်၊ ဤဒိဋ္ဌိ ၆၂-ပါးကိုအကြောင်းပြု၍ပင် ဤဗြဟ္မဇာလသုတ်သည် ပိဋကတ် ၃-ပုံတွင်လွန်စွာထင်ရှားသည်။

## ၂။ သာမညဖလသုတ် နိဒါန်း

ဤသာမညဖလသုတ်ကား သီလက္ခန္ဓဝဂ္ဂပါဠိ၏ ဒုတိယမြောက်သုတ်ဖြစ်သည်။ ဤသုတ်တွင် ဗုဒ္ဓသာသနာ၏အနှစ်သာရဖြစ်သော သီလသမာဓိပညာသိက္ခာ ၃-ပါးတို့အပြည့်စုံဆုံး အကျယ်ပြန့်ဆုံး အနေဖြင့်ပါရှိသောကြောင့် သင်္ဂါယနာတင်မထေရ်တို့က ဤသီလက္ခန္ဓဝဂ်ပါဠိ၏ ဒုတိယနေရာတွင် ဤသုတ်ကိုထားတော်မူခဲ့ကြသည်။

သာမညဖလ ဟူသောစကားသည် ရဟန်းအဖြစ်၏အကျိုး ဟုအဓိပ္ပါယ်ရှိသည်၊ ထို့ကြောင့်သာမညဖလသုတ်ဆိုသည်မှာ ရဟန်းပြုခြင်း၏အကျိုးကျေးဇူးကို ဖော်ပြဟောကြားရာသုတ်ဖြစ်သည်ဟုနားလည်နိုင်ကြသည်။

ဗုဒ္ဓသည်ဤသာမညဖလသုတ်ကို ရာဇဂြိုဟ်ပြည်အရာဇီဝက၏သရက်ဥယျာဉ်၌ ဟောကြားတော်မူခဲ့သည်။

ထိုရာဇဂြိုဟ်ပြည်ကြီးကား အိန္ဒိယပြည် ဘီဟာနယ် တောင်ပိုင်း၊ အရှေ့ …ယမီး ရထားလမ်း ဘက်တိယပူရ်မှ ၃၆-မိုင်ဝေးသော၊ ယခုရာ(ဂျ်)ဂီ(ရ်) ခေါ်သောနေရာ…တည်ရှိခဲ့သည်။ ဗုဒ္ဓမပေါ်မီ ရှေးအခါက ဂိရိဗ္ဗဇ ဟူသောအမည်၊ ဝသုမတီ ဟူသောအမည်တို့ဖြင့်တွင်ရှားခဲ့သည်။ ရှေးအခါဘုရားလောင်း မဟာဂေါဝိန္ဒ ပုဏ္ဏားသည် ဂိရိဗ္ဗဇ တောင်ကြိုတောင်ကြားပြု၍ တောင်ထိပ်၌ မြို့တည်ခဲ့ရာ ထိုမြို့ကို ဂိရိဗ္ဗဇဟု ခေါ်တွင်သည်။ အိန္ဒိယပြည်တွင် ရှေးအကျဆုံး ကျောက်…ရိုးကြီး တခုဖြစ်ခဲ့သည်။ ထို့နောက်ပိမ္ဗိသာရမင်းကြီး လက်ထက်တွင်ထိုဂိရိဗ္ဗဇတောင်…ရင်း၍ တောင် ၅-လုံး တို့၏အကြား ဖြစ်သော မြေပြန့်၌မြို့သစ်တည်ပြန်ရာ …မြို့ကို ရာဇဂဟ-ရာဇဂြိုဟ်မြို့ဟု ခေါ်တွင်သည်။ ထိုရာဇဂြိုဟ်မြို့ကား ဗုဒ္ဓသီတင်းသုံးတော်မူရာမြို့ဖြစ်သည်။ နောက်အခါ အဇာတသတ်မင်းသည် ထိုရာဇဂြိုဟ်မြို့ဟောင်း…ပြင်ဖက်၌ မြို့သစ်တည်၍ နေပြန်သည်။ ထိုမြို့ကိုကား အဇာတသတ်မြို့ဟု ခေါ်ကြသည်။ …နေရာတွင် ယခုအခါ အိမ်ခြေ ၂၀၀၀ ခန့်ရှိသော ရွာကလေး တည်ရှိသည်။ ထိုရာဇဂြိုဟ်မြို့ကား အလွန်ထူးခြားသည်။ ဗုဒ္ဓပွင့်တော်မူသောအခါ စကြဝတေးမင်းများ ပေါ်ပေါက်သောအခါတို့၌သာ မြို့အဖြစ်ဖြင့်တည်ရှိပြီး အခြားအချိန်အခါများ တွင်မူလူမနေသော တောအတိသာဖြစ်သည်ဟု မူလပဏ္ဏာသအဋ္ဌကထာတွင်ပြဆိုသည်။

ဤသာမညဖလသုတ်ကို ဟောရာဌာနဖြစ်သော သရက်ဥယျာဉ်ကိုလှူတန်းသူ …ဇီဝကသည်လည်း ထူးခြားသော ဆေးဆရာကြီး ဖြစ်သည်။ အမှန်အားဖြင့်ဆရာဇီဝကသည် ဗိမ္ဗိသာရမင်းကြီး၏သား တော်အဘယမင်းသား၏သား ဖြစ်သောကြောင့် ဗိမ္ဗိသာရမင်းကြီး၏ မြေးတော်ပင်ဖြစ်သည်။ ရာဇဂြိုဟ်ပြည် တွင် သာလဝတီအမည်ရှိ သောပြည့်တန်ဆာမသည် အဘယမင်းသားကိုအစွဲပြု၍ သား …ယောကျ်ားကလေး ဖွားမြင်သည်။ ထိုအပြည့်တန်ဆာမ …သောအတိုင်း သားကို

မလိုချင်သဖြင့်စကောတွင်ထည့်၍လမ်းမှပစ်စေသည်။ ထိုကလေးကိုအဘယမင်းသား တွေ့၍ ကောက်ယူပြီး မွေးမြူခဲ့ရာ ဇီဝကသတို့သား ဖြစ်လာသည်။ အရွယ်ရောက် လျှင် တက္ကသိုလ်သို့သွား၍ ဆေးပညာကိုသင်ယူသဖြင့်သူမတူအောင်တတ်ကျွမ်းသည့် ဆေး ဆရာအဖြစ်သို့ ရောက်သည်။ သူ၏ စွမ်းဆောင်ချက်တို့ကိုဝိနည်း ပိဋကတ် မဟာ ဝဂ္ဂပါဠိ စီဝရက္ခန္ဓက ဇီဝကဝတ္ထုတွင်တခမ်းတနား ဖော်ပြထားသည်။ ဤဆရာ ဇီဝက ကိုသင်္ဂါယနာတင်ပါဠိတွင် ကောမာရဘစ္စ ဟုဝိသေသနပုဒ်ထည့်၍ ဖော်ပြ သည်။ မင်းသားက မွေးမြူအပ်သော (ဇီဝက) ဟုဆိုလိုသည်။ ယင်းကိုအချို့တို့က - ကလေး ဆေးဆရာဟုဘာသာပြန်ကြသည်။ ကောမာရဘစ္စ ၌ပါသော ကုမာရသဒ္ဒါ ကိုမင်းသား ဟုမကောက်ယူလိုဘဲ ကလေး ဟုအနက်အဓိပ္ပါယ် ကောက်ယူလိုကြသည်။

ကုမာရ + ဘစ္စ = ကောမာရဘစ္စ - ဟုသဒ္ဒါအားဖြင့်တွဲစပ်ထားရာ၌ကုမာ ရသည်ကလေးသူငယ်အနက်ရှိသည်ဟုထားဘိဦး ၊ တွဲဖက်ဖြစ်သော ဘစ္စ (ဘစ္စ) သဒ္ဒါ ကို ထောက်လျှင်ကုမာရကိုလုပ်ကျွေး မွေးမြူတတ်သူဟူသောအနက်ထက် ကုမာရကလုပ် ကျွေး မွေးမြူအပ်သူ၊ မွေးမြူခြင်း ခံရသူဟူသောအနက်ကသာ ပို၍သင့်လျော်သည်။ အဋ္ဌကထာဆရာကလည်း ဤအနက်ကိုပင်ဖွင့်ပြသည်။ ကလေးသူငယ်များအား ဆေးကုပေးခြင်းကိုဒါရကတိကိစ္ဆာဟုသာသုံးစွဲထုံး ရှိသည်။ ကုမာရတိကိစ္ဆာဟုသုံး စွဲထုံး မရှိ၊ ဤသီလက္ခန္ဓဝဂ္ဂပါဠိ ဗြဟ္မဇာလသုတ် မဟာသီလခန်းတွင် ဗုဒ္ဓက ဒါရကတိကိစ္ဆာဟု ဟောတော်မူခဲ့သည်။ ဤသာမညဖလသုတ် မဟာသီလခန်းတွင်လည်း အလားတူပင်ဒါရကတိကိစ္ဆာဟုသာ ဟောတော်မူခဲ့သည်။

ဗုဒ္ဓသည်ဤသာမညဖလသုတ်ကိုအဆိုပါရာဇဂြိုဟ်ပြည် ဇီဝက၏သရက်ဥယျာဉ် ၌တခုသောတန်ဆောင်မုန်းလပြည့်နေ့ညဦးယံတွင်အဇာတသတ်မင်းအား ဟော ကြားတော်မူခဲ့သည်။ ဟောတော်မူသည်မှာလည်း အကြောင်းမဲ့အလိုအလျောက် ဟော တော်မူခြင်း မဟုတ်၊ အဇာတသတ်မင်းကတရိုတသေပေး လျှောက်သောကြောင့် ဟောတော်မူခြင်းသာဖြစ်သည်။ အဇာတသတ်မင်းသည်ခမည်းတော်ဗိမ္ဗိသာရ မင်းကြီးကိုအရှင်ဒေဝဒတ်၏ကိုက်တွန်းစေခိုင်းချက်အရသတ်ဖြတ်ပြီးနောက်အကြီး အကျယ်စိတ်မချမ်းမသာဖြစ်၍မစားနိုင်မအိပ်နိုင်ဖြစ်နေသည်။ သို့ဖြင့်အဇာတသတ် မင်းသည်စိတ်ချမ်းသာမှုရကိုရငြား ဗုဒ္ဓထံသို့သွား၍ ရဟန်းပြုခြင်း၏လက်တွေ့ အကျိုးကိုမေးလျှောက်၍တရားနာခဲ့သည်။

ဤကိစ္စနှင့်ပတ်သက်၍အဇာတသတ်မင်း အကြောင်းကိုအနည်းငယ် ဖော်ပြ ရန်လိုလာသည်။ အဇာတသတ်မင်းသည်ဤသာမညဖလသုတ်နှင့်သာစပ်လျဉ်းနေသည် မဟုတ်၊ ဂေါတမမြတ်စွာဘုရားသာသနာတွင်ပထမသင်္ဂါယနာတင်ခြင်း စသော အခြားအကြောင်းအရာများနှင့်လည်း စပ်လျဉ်းနေသဖြင့်အထူးမှတ်သားဘွယ် ကောင်းသောမင်းတပါး ဖြစ်သည်။

အဇာတသတ္တုဟူသောအမည်သည် မမွေးမီကပင်ရန်သူဖြစ်သော သား ဟူသောအဓိပ္ပါယ်ကို ဆောင်နေသည်။ အဇာတသတ္တု-မမွေးမီကပင်ရန်သူဖြစ်လိမ့်မည်ဟူသောစကားကိုဆိုခဲ့သူတို့မှာ နိမိတ်ဖတ်ပုဏ္ဏားတော်များဖြစ်ကြသည်။ သို့ရာတွင် မွေးဖွားလာသောအခါ၌ နာမည်ကိုမှည့်ခေါ်သူမှာ မယ်တော် ဝေဒေဟီမိဖုရားကြီးပင်ဖြစ်ရာသည်။ အခြားသူတို့ကား ဤမင်းသားအား ဤမည်ကိုပေးဝံ့စရာအကြောင်းမရှိပေ။

ဗိမ္ဗိသာရမင်းကြီး၏ ချစ်လှစွာသော ဝေဒေဟီမိဖုရားကြီးအား ဤမင်းသားကိုယ်ဝန်ရှိစအခါတွင်ကြင်ရာတော်ဖြစ်သော ဗိမ္ဗိသာရမင်းကြီး၏ လက်ျာလက်မောင်းသွေးကိုသောက်လိုသော ချင်ခြင်းဖြစ်ပေါ်သည်။ ထိုအကြောင်းကိုဗိမ္ဗိသာရမင်းကြီးအား ဖွင့်ဟ၍မလျှောက်တင်ဝံ့သဖြင့် မိဖုရားကြီးသည်တဖြည်းဖြည်း ညှိုးနွမ်းပိန်ကျုံလာခဲ့သည်။ မင်းကြီးကထိုအကြောင်းကိုအတန်ငယ်ရိပ်မိသဖြင့် ဤသို့မေးမြန်းတော်မူသည်။

``အိုမိဖုရားကြီး---သင်၏ရုပ်အဆင်းသည် ရှေးကနှင့်မတူ၊ ပိန်ကျုံလာခဲ့သည်၊ အဘယ်အကြောင်းရှိသနည်း``

``အရှင်မင်းကြီး---မေးတော်မမူပါလင့်``

``အိုမိဖုရားကြီး---သင်၏စိတ်အလိုဆန္ဒကိုငါအား မပြောကြားလျှင် အဘယ်သူအား သင်ပြောကြားမည်နည်း၊ သင်အလိုဆန္ဒရှိသမျှကိုငါအား ပြောကြားလော့``

ဤသို့ဖြင့်မင်းကြီးကအတင်းအကျပ်မေးသောအခါမိဖုရားကြီးသည် မိမိ၏ချင်ခြင်းကိုအမှန်အတိုင်း ဖွင့်ဟလျှောက်ထားသည်၊ ထိုအခါဗိမ္ဗိသာရမင်းကြီးသည် ``အိုအမိုက်မ---ဤကိစ္စမျှကိုဝန်လေးနေဘိသည်``ဟုမိန့်တော်မူ၍ ရွှေဓါးငယ်ဖြင့်လက်ျာလက်ရုံးကိုခွဲစေပြီး လက်မောင်းသွေးကိုရွှေခွက်ငယ်ဖြင့်ခံယူကာ ရေနှင့်ရော၍မိဖုရားကြီးအား တိုက်တော်မူသည်။ ဤအကြောင်းကိုကြားသိရသောအခါနိမိတ်ဖတ်ဝိဇ္ဇာဗေဒင်ဆရာတို့က ``ဤသန္ဓေသားသည်မင်းကြီး၏ရန်သူဖြစ်လတံ့၊ ဤသန္ဓေသားသည်မင်းကြီးကိုသတ်လတံ့``ဟုနိမိတ်ဖတ်ကြသည်။ ယင်းသို့ မမွေးမီကပင်ရန်သူဖြစ်လိမ့်မည်ဟုနိမိတ်ဖတ်ကြသည်ကိုအစွဲပြု၍ပင် အဇာတသတ္တုဟု အမည်တွင်ခဲ့သည်။

မိဖုရားကြီးသည် ထိုစကားကိုကြားသိရသောအခါကိုယ်ဝန်ပျက်စေလိုသဖြင့်ဥယျာဉ်သို့သွား၍ ဝိုက်ကိုနှိပ်နယ်စေသည်၊ သို့ရာတွင်ကိုယ်ဝန်ကားမပျက်ပေ သွားဖန်များသောအခါမင်းကြီးကထိုအကြောင်းကိုသိရှိသဖြင့် ``အိုမိဖုရား---သင့်ဝမ်းကသန္ဓေသည် သားယောက်ျားလော၊ သမီးမိန်းမလောဟုပင်မသိရသေးဖြစ်သည်။ မိမိဝမ်း၌ဖြစ်သောသားကိုပင်ဖျက်ဆီးသည်ဟူသောငါတို့၏မကောင်း

သတင်းသည်လည်း ဇမ္ဗူဒိပ်၌ထင်ရှားလာလိမ့်မည်၊ ဤသို့မပြုလင့်`` ဟုတားမြစ်တော်မူသည်။ အစောင့်အရှောက်လည်း ထားတော်မူသည်။ သို့ဖြင့်မိဖုရားကြီးသည် ကိုယ်ဝန်ကိုမဖျက်ဆီးသာတော့ဘဲဖွားမြင်လာမှသာသတ်တော့မည်ဟု နေလိုက်ရသည်။ သို့ရာတွင်ဖွားမြင်လာသောအခါ၌လည်း မင်းကြီးကထားသောအစောင့်အရှောက်တို့သည်သူငယ်ကိုအခြားသို့ယူဆောင်သွားကြသည်။ နောင်တွင်အတော်ကြီးပျင်းလာမှမိဖုရားကြီးအားသားတော်ကိုပြကြသည်။ ထိုအခါမိဖုရားကြီးသည် သူငယ်ကိုမြင်လျှင်ပင်သားဟူသောချစ်ခြင်းဖြင့်မသတ်ရက်တော့ဘဲမွေးမြူလာခဲ့သည်။ အရွယ်ရောက်သောအခါဗိမ္ဗိသာရမင်းကြီးသည်သားတော်အဇာတသတ်အား အိမ်ရှေ့မင်းအရာပေးတော်မူသည်။ ဤအကြောင်းအရာသည်ဗုဒ္ဓ၏မျက်မှောက်မှာပင်ဖြစ်ပေါ်ခဲ့သည်။ ဗုဒ္ဓသည်နောင်အခါတွင်သားတော်အဇာတသတ်က ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား အန္တရာယ်ပြုလိမ့်မည်ကိုအတပ်သိတော်မူသဖြင့် မိမိ၏ကျောင်းဒကာဖြစ်သော ဗိမ္ဗိသာရမင်းကြီးအားအရိပ်နိမိတ်စကားကိုမိန့်ကြားတော်မူခဲ့သည်။ သားတော်ကိုမိမိနှင့်ခပ်ဝေးဝေးထားရန်သွယ်ဝိုက်၍နည်းပေးတော်မူခဲ့သည်။ သို့ရာတွင် ဗိမ္ဗိသာရမင်းကြီးကသားတော်အဇာတသတ်အပေါ်၌မေတ္တာကြီးမားလှသူဖြစ်၍ မိမိအနီးမှာထားရုံသာမကအိမ်ရှေ့မင်းအရာကိုပင်ပေးတော်မူခဲ့သည်။

ထိုအခါဗုဒ္ဓ၏ယောက်ဖတော်ဖြစ်သောအရှင်ဒေဝဒတ်သည်အရှင်သာရိပုတြာ အရှင်မဟာမောဂ္ဂလ္လာန် အရှင်မဟာကဿပတို့ကဲ့သို့ တပည့်ပရိသတ်များအောင်မစွမ်းဆောင်နိုင်သဖြင့်အကြံသစ်တခုကိုကြံစည်သည်၊ ယင်းအကြံမှာအသက်အရွယ်ငယ်သဖြင့်အသိဉာဏ်မကြွယ်သေးသောအဇာတသတ်မင်းသားကို ကြည်ညိုအောင်ပြု၍လာဘ်ပူဇော်သကာများစေ၍တပည့်ပရိသတ်စုဆောင်းရန်ဖြစ်သည်။ သို့ဖြင့်လောကီဈာန်အဘိညာဉ်တန်ခိုးကိုရပြီးဖြစ်သောအရှင်ဒေဝဒတ်သည် ဗုဒ္ဓကောသမ္ဗီပြည်တွင်သီတင်းသုံးတော်မူစဉ်တပါးတည်းရာဇဂြိုဟ်ပြည်သို့ပြန်လာ၍မိမိကိုယ်ကို - သူငယ်အသွင်ဖန်ဆင်းပြီး မြွေကိုခါးစည်းကြိုးပြုလျက်အဇာတသတ်၏ရင်ခွင်တွင် ရုတ်တရက်ပေါ်၍ပြလိုက်သည်။ ထိုအခါအဇာတသတ်သည်အလွန်ပင်ထိတ်လန့်တုန်လှုပ်သွားခဲ့သည်။

``အိုမင်းသား ---- ငါ့ကိုကြောက်သလော``

`` ကြောက်ပါသည် အသင်မည်သူနည်း ``

`` ငါ ဒေဝဒတ်ဖြစ်သည်``

``သို့ဖြစ်လျှင် ပကတိအတိုင်းပြပါလော့``

အရှင်ဒေဝဒတ်သည်ထိုအခါမှပကတိအသွင်ကိုပြု၍သပိတ်သင်္ကန်းကိုလွယ်လျက်ပင် အဇာတသတ်၏ရှေ့၌ရပ်လိုက်သည်။ အဇာတသတ်ကားအရှင်ဒေဝဒတ်ကိုအလွန့်အလွန်ကြည်ညိုသွားတော့သည်။ ထိုအခါမှစ၍အရှင်ဒေဝဒတ်ကိုသာကိုးကွယ်ဆည်းကပ်သည်။

ဂယာသီသအရပ်တွင် ကျောင်းသီးခြား ဆောက်ပေး၍ ရထား ၅၀၀တို့ဖြင့် နေ့တိုင်းသွား၍တရားနာသည်။ ဆွမ်းအုပ် ၅၀၀ကို နေ့တိုင်းပို့စေသည်။ ထို့ဖြင့် အရှင်ဒေဝဒတ်သည်လာဘ်ပူဇော်သက္ကာကိုအကြောင်းပြု၍အခြံအရံပရိသတ်များသူဖြစ်လာသည်။ ထိုအခါအရှင်ဒေဝဒတ်သည် လာဘသားတို့၏ထုံးစံအတိုင်း ရှေ့သို့တဆင့်တက်၍ ရဟန်းသံဃာအားလုံးကိုထိန်းသိမ်းအုပ်ချုပ်လိုသောအကြံဆိုးကို ကြံစည်သည်၊ ယင်းအကြံဆိုးဖြစ်ပေါ်လာလျှင်ပင် ဈာန်အဘိညာဉ်တန်ခိုးဣဒ္ဓိပါဒ်များလည်း တခါတည်း ပျောက်ကွယ်ကုန်ကြသည်။ အရှင်ဒေဝဒတ်သည် တမဂ်တဖိုလ်ကိုရသောအရိယာပုဂ္ဂိုလ်မဟုတ်၊ ဈာန်အဘိညာဉ်ရပုထုဇဉ်ပုဂ္ဂိုလ်သာဖြစ်သည်။ ထို့ကြောင့်လည်း ဤအကြံမျိုးကိုကြံစည်သည်။ တမဂ်တဖိုလ်ကိုရသောအရိယာပုဂ္ဂိုလ်သာဖြစ်ခဲ့လျှင် ဗုဒ္ဓထံမှသံဃပရိသတ်ကိုလုယူလိုသော၊ ဝါ၊ ဘုရားတဆူပြုလိုသော ဤအကြံဆိုးမျိုးကိုမည်သည့်နည်းနှင့်မျှကြံစည်မည်မဟုတ်ပေ။

အရှင်ဒေဝဒတ်ကား လာဘ်ပူဇော်သက္ကာအကျော်အစောကိုအလွန်မက်မောသူဖြစ်၍ထိုအကြံကိုလက်မလျှော့ဘဲ ဗုဒ္ဓထံသို့ချဉ်းကပ်၍ ``အရှင်ဘုရား ---ဗုဒ္ဓကား အသက်အရွယ်ကြီး ပါပြီ၊ သံဃပရိသတ်ကိုအကျွန်ုပ်အား လွှဲအပ်တော်မူပါ၊ အကျွန်ုပ်ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟုပင်မရှက်မကြောက် လျှောက်ထားတောင်းခံသည်။ ထိုအခါဗုဒ္ဓသည်နှစ်ကြိမ်တိုင်တိုင်ပယ်မြစ်၍ သုံးကြိမ်မြောက်တောင်းခံသောအခါ၌ကား ၊ ``ငါသည်ရဟန်းအပေါင်းကို သာရိပုတြာ မောဂ္ဂလ္လာန်တို့အားသော်လည်း အပ်နှင်းမည်မဟုတ်၊ သူတပါး တွေးအန်ပြီးတံတွေးကိုမျိုသော သင့်အား အဘယ်ကြောင့်အပ်နှင်းရအံ့နည်း ``ဟုမင်းနှင့်တကွသောပရိသတ်၌ခပ်နာနာ မိန့်တော်မူလိုက်သည်။ ထိုအခါအရှင်ဒေဝဒတ်လည်း ``ငါ့ကိုမင်းနှင့်တကွသော ပရိသတ်၌တံတွေးကိုမျိုသူဟုကြိမ်းမောင်းသည် သာရိပုတြာ မောဂ္ဂလ္လာန်တို့ကိုကား မြှင့်တင်သည် ``ဟုအကြီးအကျယ်စိတ်နာသည်. မူလကအလိုဆိုးရှိရာတွင်တဆင့်တိုး၍ ရန်ငြိုးဖွဲ့လိုက်သည်။ ဗုဒ္ဓကိုသေအောင်သတ်၍ သံဃပရိသတ်ကိုသိမ်းယူမည်ဟုမအပ်မရာဆုံးဖြတ်ချက်ချလိုက်သည်။

ထို့နောက်အရှင်ဒေဝဒတ်သည်အဇာတသတ်မင်းသားထံသို့သွား၍ ``အိုမင်းသား ----ရှေးကလူတို့သည်အသက်ရှည်ကြသည်၊ ယခုလူတို့ကား အသက်တိုကြသည်၊ သင်လည်း မင်းမဖြစ်ရသေးဘဲ သေသော်သေနိုင်ရာသည်၊ ထို့ကြောင့် သင်လည်း သင့်ခမည်းတော်ကိုသတ်၍မင်းပြုလော့၊ ငါလည်း ဗုဒ္ဓကိုသတ်၍ ဗုဒ္ဓပြုလုပ်မည် ``ဟုတိုက်တွန်းသည်။ အရှင်ဒေဝဒတ်ကိုအလွန်ယုံကြည်သောအဇာတသတ်မင်းသားလည်း ထိုစကားကိုဟုတ်လှပြီထင်မှတ်၍ ပေါင်တွင်ဓါးမြှောင်ကိုချည်ပြီး နေ့လယ်ကြီးမှာပင်ခမည်းတော်စံရာနန်းတော်တွင်းသို့ဝင်သည်။ သို့ရာတွင် မင်းသားသည်ကြောက်ရွံ့ထိတ်လန့်သည်ဖြစ်၍အမူအရာပျက်နေသည်။ သို့ဖြင့်နန်းတွင်း

နှ်ခစား သောအမတ်ကြီးတို့က ရိပ်မိ၍ မင်းသားကို ဖမ်း၍ ရှာကြရာ ဓားမြှောင်ကို တွေ့ကြသည်။ အမတ်တို့လည်း မင်းသားကို စစ်မေး၍ အရှင်ဒေဝဒတ်က နှိုင်းစေသဖြင့် ခမည်းတော်ကို လုပ်ကြံရန် ဝင်လာကြောင်း သိရသောအခါ အချို့က မင်းသားကိုငင်း၊ ဒေဝဒတ်ကိုငင်း၊ ရဟန်းတို့ကိုငင်း၊ သတ်ရမည်ဟု ဆိုကြသည်။ အချို့ကလည်း ရဟန်းတို့မှာ ဘာမျှအပြစ်မရှိကြ၊ မင်းသားနှင့် ဒေဝဒတ်ကိုသာ သတ်ထိုက်သည်ဟု ဆိုကြသည်။ အချို့ကလည်း မင်းသားကို မင်းကြီးထံ အပ်နှင်း၍ မင်းကြီး၏ အမိန့်တော်ကို နာခံသင့်သည်ဟု ဆိုကြသည်။ ယင်းအဆိုကို အကြိုက်သို့၍ အမတ်တို့သည် မင်းသားကို လက်နက်နှင့်တကွ မင်းကြီးထံ ဆက်သလိုက်ကြသည်။

မင်းကြီးသည် သားတော် အဇာတသတ်ကို စစ်မေး၍ အကြောင်းစုံကို သိရသောအခါ မင်းသားနှင့် ဒေဝဒတ်ကိုသာမက ရဟန်းတို့ကိုပါ သတ်ထိုက်သည်ဆိုသော အမတ်တို့ကို ရာထူးမှ ထုတ်ပယ်သည်။ မင်းသားနှင့် ဒေဝဒတ်ကိုသာ သတ်ထိုက်သည်ဆိုသော အမတ်တို့ကို ရာထူး လျှော့ချသည်။ မင်းသားကို မင်းကြီးထံ ဆက်သရမည်ဆိုသော အမတ်တို့ကို ရာထူး တိုးမြှင့်သည်၊ မင်းအဖြစ်ကို အလိုရှိသော အဇာတသတ်မင်းသားအားလည်း အဘိသိက်သွန်း၍ မင်းအဖြစ်ကို ပေးလိုက်သည်။ မင်းကြီးကား မူလကစိတ်သဘောထား မြင့်မြတ်သူဖြစ်ရုံသာမက သောတာပန်အရိယာပုဂ္ဂိုလ်ကြီး ဖြစ်သောကြောင့် ဤမျှအထိ သားတော်၏ အလိုကို လိုက်လျောသည်။ ထီးနန်းကိုပင် အလွယ်တကူ လွှဲအပ်သည်။

အဇာတသတ်သည် မင်းအဖြစ်သို့ ရောက်သောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ ဒေဝဒတ်အား ထိုအကြောင်းကို လျှောက်ထားသည်။ ထိုအခါ ဒေဝဒတ်သည် ``သင်ကား မြေခွေးကို အကွင်း၌ ထည့်သွင်း၍ စည်ကြက်သော ယောက်ျားကဲ့သို့ ကိစ္စပြီးပြီဟု မှတ်ထင်နေဘိသည်။ ရက်များမကြာမီပင် မင်းကြီးသည် သင့်အပြစ်ကို တွေးမိပြီး သူကိုယ်တိုင်ပင် မင်းပြုလိမ့်ဦးမည်`` ဟု ဆိုပြန်သည်။

``အရှင်ဘုရား ---သို့ဖြစ်လျှင် အဘယ်သို့ပြုရမည်နည်း ``

``အမြစ်ပြတ် အောင်သတ် လော့``

``အရှင်ဘုရား ---အကျွန်ုပ်၏ ခမည်းတော်သည် လက်နက်ဖြင့် မသတ်အပ် မဟုတ်ပါလော``

``အစာဖြတ်၍ သတ် လော့``

သို့ဖြင့် အဇာတသတ်သည် ဒေဝဒတ်၏ အမိန့်အတိုင်း ခမည်းတော်ကို အကျဉ်းတိုက်အတွင်းသို့ သွင်း၍ ထားစေသည်၊ မယ်တော် မိဖုရားကြီးမှတပါး မည်သူကိုမျှ တွေ့မြင်ခွင့်မပေးရဟုလည်း အမိန့်ထုတ်သည်။ ထိုအကျဉ်းတိုက်ကား သတ်ဖြတ်ညှင်းဆဲခြင်း အပြစ်ဒဏ်ကို ခံရမည့်သူတို့အတွက် ဆောက်လုပ်ထားသော အကျဉ်းထောင်

တမျိုး ဖြစ်သည်။ ထိုအခါဗိဖုရားကြီး သည်ပွဲတော်စာကို ရွှေခွက်ငယ်၌ထည့်၍ ရင်ခွင်ဖြင့်လျှို့ဝှက်ယူဆောင်ပြီး မင်းကြီးအား ကျွေးမွေးသည်။ မင်းကြီးလည်း ထိုပွဲတော်စာကိုစား၍ မှတသည်။ အသက်မသေတည်နေသည်။ ထိုအခါအဇာတသတ်သည် ငါ့ခမည်းတော်သည်အဘယ်ဖြင့် မှတနေသနည်းဟု မေး၍ ထိုအကြောင်းကိုသိရလျှင် ယင်းသို့ရင်ခွင်ဖိုက်၍ မဝင်ရန်တားမြစ်သည်။ ထိုအခါဗိဖုရားကြီးသည် ဆံထုံးတွင်ပွဲတော်စာထည့်၍ ဝင်ပြန်သည် ယင်းသို့ဝင်သည်ကိုအဇာတသတ်သိ၍ တားမြစ်ပြန်သောအခါ ရွှေခြေနင်းတွင်ပွဲတော်စာထည့်၍ ဝင်ပြန်သည်။ ယင်းသို့ဝင်သည်ကို အဇာတသတ်သိ၍တားမြစ်ပြန်သောအခါ၊ ဗိဖုရားကြီး သည်ဗိဗိကိုယ်ကိုစင်ကြယ်စွာ ရေချိုး၍ စတုမဓု သုတ်သိမ်းပြီး အဝတ်ကြီး၍ ဝင်ပြန်သည်။ မင်းကြီးလည်းဗိဖုရားကြီး၏ကိုယ်ကိုလျက်၍သာ မှတရသည်။ ထိုအကြောင်းကို အဇာတသတ်သိသောအခါ မယ်တော်အား လုံးဝဝင်ခွင့်မပေးတော့ပေ။ ထိုအခါ ဗိဖုရားကြီးသည် ဗိမ္ဗိသာရမင်းကြီးကိုထည့်သွင်းထားသော ထိုအကျဉ်းတိုက်တံခါး ရင်း၌ရပ်လျက် ``အိုအရှင်ဗိမ္ဗိသာရ---အရှင်သည်သားတော်ကိုငယ်ရွယ်စဉ်အခါ၌ သတ်ခွင့်ပေးတော်မမူခဲ့၊ အရှင်သည်ကိုယ့်ရန်သူကိုကိုယ်ပင်မွေးမြူတော်မူခဲ့သည်။ ယခုအခါ၌ဤအကြိမ် တွေ့မြင်ရခြင်းကား နောက်ဆုံး တွေ့မြင်ရခြင်း ပင်ဖြစ်ပါသည်။အကျွန်ုပ်သည်ဤအချိန်မှစ၍အရှင်မင်းကြီး တို့ကို တွေ့မြင်ခွင့်မရတော့ပါ၊ အရှင်မင်းကြီး -- အကျွန်ုပ်အား အပြစ်ရှိလျှင်လည်း သည်းခံတော်မူပါ`` ဟုငိုယိုကာ လျှောက်ထား၍ပြန်သွားသည်။

ထိုအခါမှစ၍ ဗိမ္ဗိသာရမင်းကြီး သည်အလျှင်း ပင်ပွဲတော်စာမတည်ရတော့ပေ၊ သို့ရာတွင်မင်းကြီးသည် မဂ်ဖိုလ်ချမ်းသာဖြင့်၊ စင်္ကြံလျှောက်ခြင်းဖြင့် မှတတော်မူသည်။ အသက်မသေတည်နေသည်။ ယင်းသို့မဂ်ဖိုလ်ချမ်းသာကိုခံစား၍ သာနေသောကြောင့်မင်းကြီး၏ကိုယ်တော်သည်အလွန်အမင်း တင့်တယ်တောက်ပသည်။ ထိုအကြောင်းကိုအဇာတသတ်မင်း သိသောအခါ၌ကား စင်္ကြံမလျှောက်နိုင်အောင် ပြုအံ့ဟုကြံ၍ ``ငါ့ခမည်းတော်၏ ခြေဖဝါး တို့ကိုသင်တုန်း ဖြင့်ခွဲ၍၊ ဆားခတ်သော ဆီဖြင့်လိမ်း သုတ်ပြီးနောက် အလျှံတပြောင်ပြောင် တောက်လောင်သော ရှားမီးကျီး၌ကင်ကြကုန်``ဟုအမိန့်ပေးသည်။ ထိုအမိန့်ကို ဆောင်ရွက်ရန်သင်တုန်းဓါးကိုင် ဆတ္တာသည်တို့လာကြသောအခါမင်းကြီးသည် ``ငါ့သားတော်အား တစုံတယောက်က ဖျောင်းဖျသည်ဖြစ်လတံ့၊ ဤဆတ္တာသည်တို့သည်ငါ၏မုတ်ဆိတ်ကိုရိတ်ရန်လာကြသည်`` ဟုပင်တွေးကြံတော်မူလိုက်သည်။ သို့ဖြင့်ဆတ္တာသည်တို့ရောက်လာပြီး ရှိခိုး၍ရပ်နေကြသောအခါဤသို့ မေးတော်မူသည်။

``အဘယ်ကြောင့် ရောက်လာကြသနည်း ``

``သားတော်အဇာတသတ်မင်း က အရှင်မင်းကြီး၏ ခြေဖဝါး တို့ကိုဓါးဖြင့်ခွဲ၍ဆား ငန်ဆီသုတ်ပြီး ရှားမီးကျီး၌ကင်ရမည်ဟုအမိန့်တော်ပြတ်မှတ်လိုက်ပါသည် ``

"သို့ဖြစ်လျှင်သင်တို့မင်း၏ စိတ်အလိုအတိုင်း ပြုကြကုန်"

ထိုအခါ သေနင်္ဂါသည်တို့သည် အရှင်မင်းကြီး ---ထိုင်တော်မူပါ-ဟု လျှောက်ထား၍ "အရှင်မင်းကြီး ---အကျွန်ုပ်တို့ကား မင်းအာဏာအတိုင်း ပြုလုပ်ကြရပါမည်၊ အကျွန်ုပ်တို့အား အမျက်ထွက်တော်မမူပါလင့်၊ အမှန်စင်စစ်၌ အမှုသည် အရှင်မင်းကြီး တို့ကဲ့သို့သော တရားမင်း မြတ်တို့အား လုံးဝမလျှော်ကန်ပါ" ဟု တောင်းပန်ပြီး နောက် လက်ဝဲလက်ဖြင့်မင်းကြီး၏ဖမျက်ကိုကိုင်၍ လက်ျာလက်ဖြင့်သင်မုန်းကိုကိုင်ကာ ခြေဖဝါး တို့ကို ခွဲစိတ်၍ ဆား ငန်ဆီသုတ်လိမ်း ပြီး အလျှံ ပြောင်ပြောင်တောက်သော ရှားမီး ကျီး တွင်ကင်ကြသည်။ မင်းကြီး လည်း ရတနာ ၃-ပါး၏ဂုဏ်ကို အောက်မေ့ယင်း ပင်-ပန်း ကဲ့သို့ညှိုး နွမ်း၍ နတ်ရွာစံ တော်မူပြီး စာတုမဟာရာဇ်နတ်ဘုံ၌ ဇနဝသဘနတ်သား အဖြစ်သို့ ရောက်သည်။

ထိုနေ့မှာပင်အဇာတသတ်မင်း၏ မိဖုရား ကသား ဦး ရတနာဖွား မြင်သည်။ သို့ဖြင့်သား ဦး ရတနာဖွား မြင်ကြောင်း သံတော်ဦး တင်လွှာနှင့်ခမည်း တော်နတ်ရွာစံ ကြောင်း သံတော်ဦး တင်လွှာတို့သည် အဇာတသတ်မင်း ထံသို့တပြိုင်နက် ရောက်လာကြသည်။ ထိုအခါအမတ်တို့သည် မင်္ဂလာစကား ကိုအလျင် လျှောက်ထား သင့်သည်ဟုကြံ၍ သား ဦး ရတနာဖွား မြင်ကြောင်း သံတော်ဦး တင်လွှာကို ရှေးဦး စွာဆက်သလိုက်ကြသည်။ ထိုစာလွှာကိုဖတ်ရသောအခါ အဇာတသတ်မင်း သည်အလွန် နှစ်သက်ဝမ်း မြောက်သွား သည်။ သား ဟူသော ချစ်ခြင်း သည်တကိုယ်လုံး ကိုပျံ့နှံ့၍ ချောက်ချား သွား စေပြီး ရိုး တွင်း ခြင်ဆီကိုငြိကပ် နေသည်။ ထိုခဏ၌ပင် ကိုယ်ချင်း စာသဘောဖြင့် ခမည်း တော်၏ဂုဏ်ကျေး ဇူး ကိုသိမြင်သည်၊ ငါမွေး ဖွား စဉ်ကလည်း ခမည်း တော်အား ဤ ချစ်ခြင်း မျိုး ဖြစ်ခဲ့ပေလိမ့်မည်" ဟု ကောင်း ကောင်း သဘော ပေါက်သည်။ အချင်း တို့---သွား ကြကုန်၊ ငါ၏ ခမည်း တော်ကိုထောင်မှလွှတ်လိုက်ကြကုန်၊ ထောင်မှလွှတ်လိုက်ကြကုန်-ဟု ချက်ချင်း အမိန့်ပေး သည်၊ ထိုအခါ အမတ်တို့သည် "အရှင်မင်း မြတ် အဘယ်သို့လွှတ်ကြရပါမည်နည်း "ဟု လျှောက်ထား ၍ ခမည်း တော်နတ်ရွာစံ ကြောင်း သံတော်ဦး တင်လွှာကိုအဇာတသတ်မင်း အား ဆက်သလိုက်ကြသည်။

အဇာတသတ်မင်း သည်ခမည်း တော်နတ်ရွာစံ တော်မူ ကြောင်း သံတော်ဦး တင်လွှာကိုဖတ်ရှုရသောအခါမှာ ငိုသံကြီး မရဖြစ်၍ ငိုကြွေး လျက်မယ်တော့ထံသို့ပြေး သွား ၍ ဤသို့ မေး မြန်း သည်။

"အိုမယ်တော်---အကျွန်ုပ်ဖွား မြင်လာစဉ်က ခမည်း တော်အား ချစ်ခြင်း မေတ္တာဖြစ်ခဲ့ပါ၏လော"

"အိုသား ကို---အဘယ် ကြောင့် 'သို့ မေး ဘိသနည်း ၊ သား တော် ငယ်စဉ်ကလက်ညှိုး တွင် ခူနာ ပေါက်ခဲ့သည်၊ အနာကိုက်၍ ချော့မော့မရနိုင်သဖြင့်

သားတော်ကို ပွေ့ချီ၍ယူသွားပြီး ကရားဘုံး ဖြတ်ရာသွက်ရိုး ၌ထိုင်နေသော သင်္ခမည်း တော်အား ပေးကြသည်၊ သင်္ခမည်း တော်သည်ဇနာသက်သာစေလို သဖြင့် သင်္ခလက် ချောင်းကိုခံတွင်း ဖြင့်ငုံထားသည်၊ ဂို ဒါအာ ငွေဖြင့်ခမည်းတော် ပါး စပ်ထဲမှာပင်ပြည် ပေါက်သည်၊ သင်္ခမည်း တော်လည်း သင်္ခလက်ကိုခံတွင်း မှအှတ် ၍ပြည်ကို ထွေး၍ သင်နာကျင်မည်ကိုစိုး ရိမ်၍ သင်္ခ ဖြစ်၍ သဖြင့် ထွေး နင့်တကွသော ထိုပြည်ကိုဝမ်း တည်း သို့သာမျိုချလိုက်ရသည်။ သင်္ခမည်း တော်အား မှာပင်သင်္ခဒါး ချစ်ခဲ့သည်။ ``

အဇာတသတ်မင်းသည် ထိုစကား ကိုကြား ရ ဖြစ် သွားသည်၊ သို့ရာတွင်မည်သို့မျှ ပကတိ နိုင် တော့ပြီဖြစ် ၍ ခမည်း တော်၏အ လောင်း ကိုကောင်း စွာသင်္ဂြိုဟ် ပူဇော်ရသည်။

သို့စင်ကြီး မား သောအမှား ကိုပြုမိ သော်လည်း အဇာတသတ်သည် ဒေဝဒတ် ကိုမပစ်ပယ်၊ ဒေဝဒတ်၏ဩဇာကို နာခံလျက်ပင်ရှိ လေ သည်၊ ဒေဝဒတ်သည်အဇာတ သတ်ကိုအမျိုး မျိုး အား ပေး နှစ်သိမ့်ထား ပုံရသည်။ သို့ဖြင့် ဒေဝဒတ်သည်အဇာတသတ် မင်း ၏အကူအညီဖြင့် လေး သမား ကျော် ၁၁ ယောက်တို့ကိုစီနစ်တကျ စေလွှတ်၍ ဗုဒ္ဓကို သေ ကြောင်း ကြံခဲ့သည်။ ထိုအကြံမ အောင်မြင် သောအ ခါ ဂိဇ္ဈကုဋ် တောင်ပေါ် မှကြီး စွာ သော ကျောက်တုံး ကြီး ကိုယန္တရား ဖြင့်ဗုဒ္ဓ အ ပေါ် သို့လှိမ့်ချသည်။ ထိုအကြံမ အောင်မြင် သောအ ခါ အဇာတသတ်၏အကူအညီဖြင့်အင်ကြီး တို့ကိုတံစိုး လက် ဆောင် ပေး ၍ နာဠာဂိရိဆင်ကိုဗုဒ္ဓ နှင့်ခရီး ရင်ဆိုင်လွှတ် စေသည်။ ဗုဒ္ဓက နာဠာဂိရိ ဆင်ကိုမြို့သူမြို့သား လူအမှား ၏ ရှေ့မှောက်မှာပင် မေတ္တာတန်ခိုး ဖြင့်အနိုင်ယူ တော် မူ သောအခါ အဇာတသတ်သာ မက တမြို့လုံး ကပင် ဒေဝဒတ်ကိုအကြည်ညိုပျက်ကြသည်။ ထိုအခါ ဒေဝဒတ်သည်လာဘ်ပူ ဇော်သကာ နည်း ပါး ၍ကြီးရာ မရဖြစ်ပြီး မဖြစ်နိုင်သော အချက် ၅ - ချက်ကို တောင်း ဆို၍သံဃာသင်း ခွဲသည်။ ဂိုဏ်း ခွဲ၍သီး ခြား ဘုရားတဆူ ပြုလုပ်သည်။ ပြုလုပ်၍ မကြာမီပင် ဒေဝဒတ်၏ နောက်သို့မသိမလိမ္မာသဖြင့်လိုက်ပါသွား ကြ သောရဟန်း ၅၀၀ တို့ကိုဗုဒ္ဓ၏အဖိန့်အရ အရှင်သာရိပုတြာ အရှင်မဟာမောဂ္ဂ လ္လာန်တို့ ရောက်လာပြီး တရား ဟောပြန်သည့် ခေါ် ဆောင်သွား ကြသည်။ ထိုအခါ ဒေဝဒတ်သည်အကြီး အကျယ်စိတ်နှလုံး ထိခိုက်၍ သွေး အန်သည်။ ၉ - လတိုင်တိုင်နာမကျန်း ဖြစ်၍ အိပ်ရာမှမထနိုင်ဘဲဆင်း ရဲဒုက္ခကိုခံရသည်။ ထိုအခါမှအကြီး အကျယ် နောင်တရ ၍ ဗုဒ္ဓကို တောင်း ပန်ဝန်ချရန် ဇေတဝန် ကျောင်း တော်သို့အပို့ခိုင်း သည်။ သို့ရာ တွင်လွန်စွာကြီး မား သောအပြစ်ကြီး များ ကိုကျူး လွန်ခဲ့သူဖြစ်၍ ဗုဒ္ဓကိုဖူး မြင်ခွင့် မရထိုက် သော ကြောင့် ဇေတဝန် ကျောင်း တော် ဇေတဝန် ရေကန်အနီး သို့အရောက် တွင် မြေမျိုခံရသည်။

ကျေးဇူး ရှင်ခမည်း တော်ကိုသတိမိသည့်အထွက်အကြီး အကျယ် နေခေါင်တရ၍ မစားနိုင်မအိပ်နိုင်ဖြစ်နေသော အဇာတသတ်မင်းသည် ထိုသတင်းကိုကြားသိရသောအခါ မိမိကို ပါမြေမှိုးဦး မည်လောဟု တွေးတောမှ၍ အလွန်ထိပ်လန့် ကြောက်ရွံ့သွားခဲ့သည်။ ထိုအခါမှစ၍ အဇာတသတ်သည် စိတ်ချမ်းသာမှုရလိုရငြား သဘောထား၍ ကျော်ဇောထင်ရှားသော ဂိုဏ်းဆရာကြီးများထံသို့သွားရောက်၍ တရားနာသည်၊ ပြဿနာမေးသည်၊ သို့ရာတွင် စိတ်ချမ်းသာမှုကိုကား မရ၊ သူတို့၏ ဝါဒတရားများကြောင့်သာ၍ပင် စိတ်အနှောင့်အယှက်ဖြစ်ရသည်။

သို့ဖြင့်ကာလအတန်ကြာ၍သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှ ရဟန်းအပေါင်းနှင့်အတူတကွ ဒေသစာရီလှည့်လည်လာသော ဗုဒ္ဓသည် ရာဇဂြိုဟ်ပြည်သို့ရောက်၍ ဆရာဇီဝက၏သရက်ဥယျာဉ်ကျောင်း၌ သီတင်းသုံးတော်မူသည်။ ဆရာဇီဝကသည် ဗုဒ္ဓ၏ သောတာပန်အရိယာဥပါသကာတယောက်ဖြစ်၍ ယခင်ကပင် သူ၏သရက်ဥယျာဉ်ကို ဗုဒ္ဓအား လှူတန်းထားခဲ့သည်။

အဇာတသတ်မင်းသည် ရာဇဂြိုဟ်ပြည်သို့ ဗုဒ္ဓကြွရောက်လာသည့်သတင်းကို ကြားလျှင်ကြားချင်းပင် ဗုဒ္ဓထံသို့သွားရောက်ဆည်းကပ်လိုလှသည်၊ သို့ရာတွင် မိမိက ကြီးလေးသောအပြစ်ကြီးများကိုကျူးလွန်ထားသူဖြစ်၍ မိမိအလိုအလျောက် ဗုဒ္ဓထံသို့မသွားဝံ့ရကား ရှေ့ဆောင်ရှေ့ရွက်ပြုလုပ်ပေးမည့်သူကို ရှာကြံလျက်သာ နေခဲ့သည်။ သို့ဖြင့် ဥတုကာလတို့တွင် အသာယာဆုံးဟုအဆိုရှိသော သရဒရတု တန်ဆောင်မုန်းလပြည့်နေ့ ညဦးယံအချိန်သို့ ရောက်လာသည်။ ထိုအချိန်တွင် အဇာတသတ်သည် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အိပ်စက်မရသဖြင့် ညီလာခံကျင်းပလျက်ရှိသည်။ တမြို့လုံးကား ကြတ္တိကာနက္ခတ်ပွဲသဘင်ဆင်ယင်ကျင်းပလျက်ရှိကြသဖြင့် ဆီမီးရောင်တို့ဖြင့်ထိန်ထိန်ညီးနေသည်။

ထိုအခါအဇာတသတ်မင်းသည် မိမိအနီးတွင်ခစားလျက်ရှိသော ဆရာဇီဝကအား စကားရိပ်ပေးလိုသဖြင့် ဤသို့ ဥဒါန်းကျူးရင့်သည်။

``အချင်းတို့---ယနေ့ညဦးယံအချိန်ကား အလွန့်အလွန်သာယာလှပေသည်၊ ယခုလိုအလွန်သာယာလှသည့်အချိန်မျိုးတွင် အဘယ်ဆရာထံသို့သွား၍တရားနာရလျှင် ငါတို့စိတ်ကြည်လင်ချမ်းမြေ့နိုင်မည်မသိ``

ထိုစကားကိုကြားလျှင်ပင် တိတ္ထိဂိုဏ်းဆရာကြီး ၆-ယောက်တို့၏အလုပ်အကျွေးဖြစ်သော အမတ်တို့သည် ပူရဏကဿပဆရာကြီးထံသွား၍တရားနာလျှင် စိတ်ချမ်းသာပါလိမ့်မည်။ မက္ခလိဂေါသာလဆရာကြီးထံသွား၍တရားနာလျှင် စိတ်ကြည်လင်နိုင်ပါသည် စသည်ဖြင့် သူ့ထက်ငါ မျက်နှာလိုအားရ လျှောက်တင်ကြသည်။ အဇာတသတ်မင်းကား ဗုဒ္ဓ၏ သောတာပန်ကျောင်းဒကာ ဆရာဇီဝကကိုလိုချင်၍ ဆရာဇီဝကအား အရိပ်နိမိတ်ပြ မိန့်ကြားခြင်းသာဖြစ်သောကြောင့် ထိုသူတို့အား မည်သို့မျှ မမိန့်ကြားဘဲဆိတ်ဆိတ်သာ နေလိုက်သည်။ သို့ရာတွင် ထိုသူတို့ လျှောက်ထားအပြီးတွင် ဆရာဇီဝကကထ၍ အများနည်းတူ မိမိဆရာဗုဒ္ဓ၏ဂုဏ်ကိုပြန် လျှောက်တင်လိမ့်မည်ဟု

မျှော်လင့်နေသည်။ ဆရာဇီဝကကား မင်းကြီးကမိမိအား အရိပ်နိမိတ်ပြမှန်း သိသော်လည်း ဗုဒ္ဓ၏အရိယာဥပါသကာပီပီ သိက္ခာရှိရှိနှင့်ဆိတ်ဆိတ်သာတိုင်နေသည်။ အဇာတသတ်မင်း ကိုယ်တိုင်ကဖွင့်ဟ၍မေးမှ လျှောက်တင်တော့မည်ဟုစိတ်ကူးသည်။ အဇာတသတ်လည်း မတတ်နိုင်တော့သဖြင့် ''အိုဆရာဇီဝက---သူတပါးတို့ကား အသီးအသီး မိမိတို့ကြည်ညိုရာဆရာ၏ဂုဏ်ကိုထုတ်ဖော်၍တရားနာသွားရန်လျှောက် တင်ကြသည်။ ဆရာကားကိုးကွယ်သည့်ဆရာမရှိ၍လည်း ဆိတ်ဆိတ်နေပါသလော''ဟု ဖွင့်ဟ၍စကားခေါ်လိုက်သည်။ ဆရာဇီဝကလည်း လိုအခါမှထ၍ ''အရှင်မင်းမြတ် ---ဂုဏ်တော်၉ပါးတို့နှင့်ပြည့်စုံတော်မူသောဗုဒ္ဓသည်အကျွန်ုပ်၏သရက်ဥယျာဉ်၌ ပင်သီတင်းသုံးတော်မူလျက်ရှိပါသည်။ ဗုဒ္ဓထံသို့ချဉ်းကပ်၍တရားတော်ကိုကြားနာ ရလျှင်မုချကေန်စိတ်ချမ်းသာပါလိမ့်မည်''ဟု လျှောက်တင်သည်။ ထိုစကားကိုကြား ရလျှင်ပင်အဇာတသတ်မင်းလည်း ချက်ချင်းပင် ''သို့ဖြစ်လျှင်ဆင်ယာဉ်တို့ကိုပြင် ဆင်စေလော့''ဟုအမိန့်ပေးသည်။

ဇီဝက၏သရက်ဥယျာဉ်ကား ရာဇဂြိုဟ်မြို့တံတိုင်းနှင့်ဂိဇ္ဈကုဋ်တောင်အ ကြားတွင်တည်ရှိသည်။ ဥယျာဉ်သို့သွားလိုလျှင်မြို့တော်အရှေ့တံခါးမကြီးမှထွက်၍ - ဂိဇ္ဈကုဋ်တောင်ရိပ်အောက်သို့ရောက်ပြီးမှဥယျာဉ်သို့ဝင်ရသည်။ ဆရာဇီဝကလည်း အမြော်အမြင်နှင့်ပြည့်စုံသူဖြစ်၍ဆင်မယာဉ်သာငါး ရာတို့တွင်မိန်းမငါးရာတို့ကို ယောကျ်ားအသွင်ဆင်ယင်ဝတ်စား၍လက်နက်ကိုင်စွဲလျက်တက်စီးစေသည်။ မင်းကြီး စီးတော်မူရန်စီးတော်ဆင်ကိုလည်း ကကြိုးတန်ဆာဆင်ယင်စေ၍ဆင်ယာဉ်တို့ကို ပြင်ဆင်ပြီးပါကြောင်းကြားလျှောက်သည်။ ဆရာဇီဝကသည်များလှသောမီးရှူး တန်ဆောင်တို့ကိုလည်းထွန်းညှိ၍ရှေ့ကသွားစေသည်။ သို့ဖြင့်အဇာတသတ်မင်းသည် ကြီးစွာသောမင်း၏တန်ခိုးအာနုဘော်ဖြင့်ဇီဝက၏သရက်ဥယျာဉ်သို့ညအချိန်ထွက် တော်မူသည်။ ဆရာဇီဝကကား မင်းကြီးကိုကာကွယ်စောင့်ရှောက်ရန်အတွက် မင်းကြီး၏မနီးမဝေးမှလိုက်ပါသည်။ အခြားမောင်းမမိဿံမှူးမတ်ပရိတ် သတ်တို့လည်း မင်းကြီးကိုခြံရံလျက်များစွာပင်လိုက်ပါလာကြသည်။ ယင်းသို့ထွက်၍ သရက်ဥယျာဉ်၏မနီးမဝေးအရပ်သို့အရောက်တွင်ခမည်းတော်ကိုသတ်မိ၍ စိတ် ချောက်ချားနေသောအဇာတသတ်မင်းသည်ညဉ့်၏တိတ်ဆိတ်မှုကိုအကြောင်းပြု၍ အလိုလိုထိတ်လန့်ကြောက်ရွံ့လာခဲ့သည်။ ဆရာဇီဝကကိုပင်ယုံမကြည်ချင်ဖြစ်လာသည်။ ထိုအကြောင်းကိုသိ၍ဆရာဇီဝကကအားပေးစကားလျှောက်ထားမှသာကြောက် ပြေ၍ဗုဒ္ဓထံသို့အရောက်သွားပြီး ပြဿနာမေးလျှောက်သည်။ ပြဿနာအဖြေတရား ကိုကြားနာရသောအခါအလွန်နှစ်သက်ဝမ်းမြောက်၍ သရဏဂုံဆောက်တည်ပြီး ဥပါသကာအဖြစ်ကိုခံယူသည်။ ခမည်းတော်အားသတ်မိသည့်အပြစ်ကိုလည်း မိမိမိုက် မှားမိကြောင်းဖွင့်ဟဝန်ခံ၍ဗုဒ္ဓအားတောင်းပန်စကားလျှောက်ထားသည်၊

သို့ဖြင့်အဇာတသတ်မင်း၏ လျှောက်ထားချက်ကိုအကြောင်းပြု၍သာမညဖလသုတ်ကို ဟောကြားတော်မူခဲ့သည်။

ဤသုတ်တွင်အရေးကြီးသောအချက်ကြီး ၂-ချက်ပါဝင်သည်။ ယင်းတို့မှာ တိတ္ထိဂိုဏ်းဆရာကြီး ၆-ယောက်တို့၏အယူဝါဒ ၆-မျိုးနှင့်ဗုဒ္ဓသာသနာ၏အနှစ်သာရဖြစ်သော သီလ သမာဓိ ပညာတို့ဖြစ်ကြသည်။

ဤအချက်ကြီး ၂-ချက်တို့တွင် တိတ္ထိဂိုဏ်းဆရာကြီး ၆-ယောက်တို့၏အယူဝါဒကား အဇာတသတ်မင်း၏ လျှောက်ထားချက်တွင်အကြောင်းအားလျော်စွာပါဝင်သောအချက်ဖြစ်သည်။ သီလ သမာဓိ ပညာတို့ကား ဗုဒ္ဓ၏ဟောကြားချက်များဖြစ်ကြသည်။

အဇာတသတ်၏ လျှောက်ထားချက်တွင်ပါဝင်သောတိတ္ထိဂိုဏ်းဆရာကြီး ၆-ယောက်တို့၏ဝါဒမှာ ဗုဒ္ဓနှင့်ခေတ်ပြိုင်ဂိုဏ်းဆရာကြီးများ၏ဝါဒများဖြစ်၍ ဗဟုသုတအဖြစ်ဖြင့်လေ့လာမည်ဆိုက လေ့လာသင့်သော်လည်း ထိုဆရာကြီးတို့၏ဝါဒများကိုအတိအကျသိရှိရန်မလွယ်ကူလှပေ။ ဗုဒ္ဓသည် မိစ္ဆာဒိဋ္ဌိ ၆၂-ပါးတို့ကိုဗြဟ္မဇာလသုတ်တွင် ဟောကြားတော်မူခဲ့သည်။ ဤဂိုဏ်းဆရာကြီး ၆-ယောက်တို့၏အယူဝါဒတို့သည်ထိုမိစ္ဆာဒိဋ္ဌိ ၆၂-ပါးတွင်တနည်းမဟုတ်တနည်းအကျုံးဝင်လျက်ရှိကြသည်။ သို့ရာတွင်မိစ္ဆာဒိဋ္ဌိသည်အရှုပ်ခြင်းတောင်းနှင့်တူသည်ဟုဆရာတို့မိန့်ဆိုထားကြသည့်အတိုင်း ထိုဂိုဏ်းဆရာကြီးတို့၏ဝါဒများသည်လွန်စွာရှုပ်ထွေးလှသောကြောင့် ယင်းမိစ္ဆာဒိဋ္ဌိ ၆၂-ပါးတွင်တပါးပါးနှင့်အလုံးစုံထပ်တူကျသည်ကားမဟုတ်၊ အပြောအဆိုအသုံးအနှုန်းများစွာကွဲလွဲနေသည်ကိုအလွယ်တကူတွေ့မြင်နိုင်ကြသည်။ အမှန်အားဖြင့်ဗုဒ္ဓသည်သာမန်အတွေးအခေါ်ပညာရှင်များမှဈာန်အဘိညာဉ်ရသောဈာနလာဘီပုဂ္ဂိုလ်များအထိအကျိုးသင့်အကြောင်းသင့်ဆင်ခြင်ယူဆသောပညာရှိတို့၏အယူဝါဒများကိုအဓိကထား၍ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးကိုဝေဖန်ဟောကြားတော်မူခဲ့သည်။ ဤဂိုဏ်းဆရာကြီး ၆-ယောက်တို့ကားအတွေးအခေါ်ပညာရှင်ကြီးများလည်းမဟုတ်ကြ၊ ဈာနလာဘီပုဂ္ဂိုလ်များလည်းမဟုတ်ကြ၊ အစွန်းအဖက်သို့ရောက်လွန်းသောတယူသန်ပုဂ္ဂိုလ်များသာဖြစ်ကြသည်။ ထို့ကြောင့်အခြေအမြစ်မရှိ ယုတ္တိမတန်သောဝါဒတို့သည်ဗုဒ္ဓဟောကြားသည့်မိစ္ဆာဒိဋ္ဌိ ၆၂-ပါးတို့နှင့်ထပ်တူထပ်မျှမကျဘဲစည်းမဲ့ကမ်းမဲ့ဖြစ်လျက်ရှိကြသည်။

ဤဂိုဏ်းဆရာကြီး ၆-ယောက်တို့၏ဝါဒများကိုသဘောပေါက်ရန်မှာ အောက်ပါအခြေခံမိစ္ဆာဒိဋ္ဌိကြီးများကိုနားလည်ထားဖို့လိုသည်။

မိစ္ဆာဒိဋ္ဌိသည် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဟူ၍အခြေခံအားဖြင့် ၂-မျိုးသာရှိသည်။ အတ္တသည်၎င်း၊ လောကသည်၎င်း၊ မပျက်စီးအမြဲတည်နေသည်ဟုယုံကြည်လျှင် သဿတဒိဋ္ဌိဖြစ်သည်။ အတ္တသည်၎င်း၊ လောကသည်၎င်း၊ တဘဝမှတဘဝသို့မပြောင်း

သာသနာ့ဘော်တွန်းကားပြင်ပွားခရုဒ်ဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး - ရန်ကုန်။

မရှေ့၊ ပြောင်း ရွှေ့တတ်သောသဘော မရှိ၊ သေလျှင်လုံး ဝပြတ်စဲသည်ဟုယုံကြည်လျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။ ဤအခြေခံဒိဋ္ဌိ ၂ - ပါး ကိုအစွဲပြု၍ အတ္တရှိသည်၊ ဖန်ဆင်းရှင် ရှိသည် စသည်ဖြင့်၎င်း၊ ရှေး ဘဝ မရှိ၊ တမလွန်မရှိ၊ ကုသိုလ်အကုသိုလ်မရှိစသည် ဖြင့်၎င်း၊ ဝါဒအမျိုးမျိုး ပေါက်ပွားလာကြသည်။ ဤဂိုဏ်းဆရာကြီး ၆ - ယောက် တို့၏ဝါဒများလည်း ဤအခြေခံဒိဋ္ဌိ ၂ - ပါး ပေါ်တွင်တည်ဆောက်ထား သောဒိဋ္ဌိ များသာဖြစ်ကြသည်။

ဤအခြေခံမိစ္ဆာဒိဋ္ဌိ ၂ - ပါး တို့ကိုအမှီပြု၍ပင် အဟေတုကဒိဋ္ဌိ အကိရိယ ဒိဋ္ဌိ နတ္ထိကဒိဋ္ဌိ ဟူသောမိစ္ဆာဒိဋ္ဌိကြီး ၃ - ပါး တို့လည်း ပေါ်ပေါက်လာကြသည်။ သတ္တဝါသည်အကြောင်း မဲ့သာဖြစ်သည်။ သတ္တဝါကိုပြုပြင်ဖန်တီး တတ်သောအကြောင်း ကံဟူ၍မရှိ၊ သဘာဝနိယာမသဘောအတိုင်း သာဖြစ်သည်ဟုယုံကြည်လျှင် အဟေတုက ဝါဒဖြစ်သည်။ ကောင်းမှုကိုပြုလျှင်လည်း ကုသိုလ်မဖြစ်၊ မကောင်းမှုကိုပြုလျှင်လည်း အကုသိုလ်မဖြစ်၊ ပေးလှူသော်လည်း ကောင်းမှုကုသိုလ်မဖြစ်၊ အမိအဖကိုသတ်သော် လည်း အပြစ်မရှိ၊ အကောင်းအဆိုး ဟူသည်ပြုလုပ်၍ ရသောအရာမဟုတ်ဟုယုံကြည်လျှင် အကိရိယဝါဒဖြစ်သည်။ ကောင်းမှုပြုလျှင်လည်း အကျိုး မရှိ၊ မကောင်းမှုပြုလျှင်လည်း အပြစ်မရှိဟုယုံကြည်လျှင် နတ္ထိကဒိဋ္ဌိဖြစ်သည်။

ဤမိစ္ဆာဒိဋ္ဌိကြီး ၃ - မျိုး တို့ကား အလွန်ဆိုးဝါး သောမိစ္ဆာဒိဋ္ဌိများဖြစ် ကြသည်။ ဤမိစ္ဆာဒိဋ္ဌိကြီး တို့သည်ကံကိုမယုံကြည် သောမိစ္ဆာဒိဋ္ဌိများ ဖြစ်ကြသော ကြောင့်၊ တမျိုး နှင့်တမျိုး အလွန်နီး ကပ်သည်၊ တမျိုး ကိုယုံကြည်လျှင် ကျန် ၂ - မျိုး ကို လည်း ယုံကြည်ပြီး သား ဖြစ်သွား တတ်သည်။ အကြောင်း ကံကိုမယုံကြည်လျှင် ကံ၏အကျိုး ကိုလည်း မယုံကြည်၊ ကံ၏အကျိုး ကိုမယုံကြည်လျှင်လည်း ကံကိုမယုံကြည် တော့ပေ။ အကြောင်း ကံကိုမယုံကြည်သည်နှင့်တပြိုင်နက် မပြုဝံ့သော မကောင်း မှုဟူ၍ထိုသူအား မရှိ တော့ ပြီ၊ သို့ဖြင့်ဤ မိစ္ဆာဒိဋ္ဌိကြီး ၃ - ပါး တို့တွင်တပါး ပါး ကိုယုံကြည် သောသူသည် သေလျှင်ငရဲ သို့သာမလွဲတမ်း ကျရောက်သည်၊ ထို့ကြောင့်ပင် ယင်း မိစ္ဆာဒိဋ္ဌိကြီး ၃ - ပါး တို့ကို နိယတမိစ္ဆာဒိဋ္ဌိဟု ခေါ်ဆိုသည်။

အယူဝါဒများ ကို လေ့လာလျှင်အထက်ပါအချက်များ ကိုသတိပြု၍ လေ့လာရသည်။ လေ့လာရာတွင် ရှေးဦး စွာ သဿတဝါဒ လော၊ ဥစ္ဆေဒဝါဒ လောဟုစဉ်း စား ရ သည်။ ထို့နောက်ကံကိုလက်ခံသ လော၊ ကံကိုပစ်ပယ်သ လော ဟုစဉ်း စား ရသည်သို့မှ အမြင်ရှင်း သည်။ အဘယ်ဝါဒီမျိုး ဖြစ် ကြောင်း ကောင်း စွာသိနိုင်သည်။

အဇာတသတ်မင်း ၏ လျှောက်ထား ချက်တွင်ပါဝင် သောဂိုဏ်း ဆရာကြီး ၆ - ယောက်တို့တွင် ပူရဏ ကဿပသည်တစုံတခု သောကံကိုပြုလုပ်သူပြုလုပ် စေသူတို့အား မကောင်း မှုလည်း မဖြစ်၊ ကောင်း မှုလည်း မဖြစ်ဟုဆိုသဖြင့် ကံကိုပစ်ပယ်သည်။ သို့ဖြင့် အကိရိယဝါဒီဖြစ်သည်မှာထင်ရှား သည်။

အဇိတ ကေသကမ္ဗလသည် ကောင်း မှုမကောင်း မှုတို့၏အကျိုး ဝိပါက်သည် မရှိဟုဆိုသဖြင့် ကံ၏အကျိုး ကိုပစ်ပယ်သည်။ သို့ဖြင့် ကံ၏အကျိုး သည်မရှိဟုယူဆသော နတ္ထိကဝါဒီဖြစ်သည်မှာထင်ရှား သည်။ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ ခန္ဓာကိုယ် ပျက်စီး လျှင်ပြတ်စဲ၏ဟုဆိုသဖြင့် ဥစ္ဆေဒဝါဒီဖြစ်သည်မှာလည်း ထင်ရှား သည်။

မက္ခလိ ဂေါသာလသည် သတ္တဝါတို့အား ညစ်ညူး ကြောင်း စင်ကြယ် ကြောင်း သည်မရှိ၊ အကြောင်း မရှိဘဲသာ စင်ကြယ်ကြသည်၊ သတ္တဝါတို့၏လုံ့လဝီရိယ ရည်သတ္တိမည် သည်မရှိ၊ ဖြစ်မြဲသော နိယာမသဘောအတိုင်း သာဖြစ်သည်ဟုဆိုသဖြင့်ကံကိုငင်း ၊ကံ၏ အကျိုး ကိုငင်း ပစ်ပယ်သည်မှာထင်ရှား သည်။ သို့ဖြင့် အကိရိယဝါဒီ၊ နတ္ထိကဝါဒီ ၊ အဟေတုကဝါဒီဖြစ်သည်မှာလည်း ထင်ရှား သည်။ ထိုဆရာသည် မဟာကပ် ၄-သိန်း ကြာလျှင်အလိုလိုသာဆင်း ရဲကုန်ဆုံး ကြလိမ့်မည်ဟုဆိုသဖြင့်သူ၏ မဟာကပ် ၄-သိန်းအထိ မှာ သဿတဝါဒီပင်ဖြစ်သည်။ ယင်း မဟာကပ် ၄-သိန်း ၏ဟိုမှာဖက်၌ကား ဥစ္ဆေဒဝါဒီဖြစ်သွား သည်။ ဤဝါဒမျိုး ကိုသံသာရသုဒ္ဓိဝါဒဟုလည်း ခေါ်ဆိုသည်။

ပကုဓကစ္စာယနသည် ပထဝီကာယစသောအစု ၇-ပါး တို့သည်မပြောင်း လဲ မပျက်စီး ဘဲအမြဲတည် နေကြသည်ဟုဆိုသဖြင့် သဿတဝါဒီတမျိုး ဖြစ်သည်မှာထင်ရှား သည် ထိုဆရာသည်သတ်သူ သတ်စေသူဟူ၍မရှိ၊ သတ်ခြင်း ဟူသည်လည်း မရှိ၊ ကာယ ၇-ပါး အကြား သို့ဓား ဝင်သွား ခြင်း သာဖြစ်သည်ဟုဆိုပြန်သဖြင့် ကံ ကံ၏အကျိုးကို ပစ်ပယ်သော အကိရိယဝါဒီ၊ နတ္ထိကဝါဒီ၊ အဟေတုကဝါဒီပင်ဖြစ်ပြန်သည်။

သဉ္စယ ဗေလဋ္ဌပုတ္တသည် ဘာမျှလက်ဆုပ်လက်ကိုင်မရှိ သောဆရာဖြစ်သည်။ ယင်း ကိုဗုဒ္ဓက အမရာဝိက္ခေပဝါဒဟုအမည်တပ် တော်မူခဲ့သည်။ ဤဆရာကိုသဿတ ဝါဒီခွဲခြား ရန်လည်း ခဲယဉ်း သည်။ အပြစ်ကြီး လေး သော အကိရိယဝါဒီ၊ နတ္ထိကဝါဒီ အဟေတုကဝါဒီ ဆိုရန်လည်း မဖြစ်နိုင်ပေ။ ဤဆရာသည် ဘာသာဝါဒအရာတွင်ကြား နေလုပ် နေသူတယောက်ဖြစ်သည်။ သို့ရာတွင်ပါး စပ်ကပြောသည့်အတိုင်း ပင်သူတကာ ကဲ့ရဲ့မည်ကို ကြောက်ရှက်၍ မကောင်း မှုကိုပပြုလျှင် တော် သေး သည်၊ ဘာဝါဒကိုမျှတကယ် တမ်း မယုံကြည်ဘဲကိုယ်ထင်ရာကိုသာ ထင်တိုင်း ပြုလုပ်လျှင်အထက် ဖော်ပြပါမိစ္ဆာဒိဋ္ဌိ ကြီး များ အဆင့်သို့ပင်အလွယ်တကူ ရောက်ရှိသွား နိုင်သည်။ ဤဆရာကိုအတွေဝေဆုံး ၊ ပညာအမဲ့ဆုံး ဟုအဋ္ဌကထာတသတ်မင်း ကဆိုခဲ့သည်။

နာဋပုတ္တဆရာကား ကံကိုယုံကြည် သော ကမ္မဝါဒီတဦး ပင်ဖြစ်သည်။ သို့ရာ တွင်ရေအေး ကိုပယ်ခြင်း စသောသဘာဝမကျသည့်အယူသည်း မှုများ ကိုပါလက်ခံယုံကြည် သူဖြစ်၍မိစ္ဆာဝါဒီစာရင်း တွင်ပါဝင်လျက်ရှိသည်။ ဥပါလိသူကြွယ် အဘယမင်း သား တို့ သည် မူလက ဤနာဋပုတ္တဆရာကိုကိုး ကွယ်သူများ ဖြစ်ခဲ့ကြသည်၊ နောက်မှ ဗုဒ္ဓဝါဒီ ဖြစ်လာကြသည်။

ဤဂိုဏ်း ဆရာကြီးတို့သည် အမြဲတမ်း အလုံးစုံကိုသိမြင်သည်ဟု သဗ္ဗညုသဗ္ဗဒဿာဝီ အမည်ခံထားသူများလည်း ဖြစ်ကြသည်။ ဤဆရာကြီးတို့၏ ဝါဒကို အဇာတသတ်မင်း၏ လျှောက်ထားချက်တွင် အပြည့်အစုံ လေ့လာနိုင်ကြသည်။

အရေးကြီးသော ဒုတိယအချက်ကြီးမှာ ဗုဒ္ဓ ဟောကြားတော်မူသော ရဟန်းပြုခြင်း၏ လက်တွေ့အကျိုးဖြစ်သည်၊ ဗုဒ္ဓသည် ရဟန်းပြုခြင်း၏ လက်တွေ့အကျိုးကို သီလ သမာဓိ ပညာ အားဖြင့် ၃-ဆင့်ထား၍ ဟောကြားတော်မူခဲ့သည်။ သီလကား ဗြဟ္မဇာလသုတ်တွင် ဟောတော်မူပြီး ဖြစ်သည့် စူဠသီလ မဇ္ဈိမသီလ မဟာသီလ ဟူသော အကျင့်သီလများ ပင်ဖြစ်ကြသည်။ သမာဓိကား ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဟူသော ဈာန်သမာပတ်တို့ဖြစ်ကြသည်။ ပညာကား အချုပ်အားဖြင့် အဘိညာဉ်ဉာဏ်များနှင့် အာသဝက္ခယဉာဏ်တို့ဖြစ်ကြသည်။ ယင်းကို အဘိညာဉ်ဉာဏ်နှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်များ ဟုလည်း ဆိုနိုင်သည်။ ယင်းတွင် အခြေခံဖြစ်သော ဝိပဿနာဉာဏ်ကို သီးခြား ဖော်ပြပြီး၊ အောက်မဂ် အောက်ဖိုလ်ဉာဏ်တို့ကို ချန်ထား၍ အထက်ဆုံး ဖြစ်သော အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်ကိုသာ အာသဝက္ခယဉာဏ်အဖြစ်ဖြင့် ထုတ်ဖော် ဟောကြားတော်မူခဲ့သည်။ အရိယာပုဂ္ဂိုလ်သည် သောတာပန် သကဒါဂါမ် အနာဂါမ်အဆင့်ဆင့်ဖြစ်ပြီးမှသာ အာသဝက္ခယဉာဏ်ကို ရနိုင်သည်။ ရဟန္တာအဖြစ်သို့ ရောက်နိုင်သည်။ ယင်းသို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်အစီအစဉ်အတိုင်း မဟောဘဲ နောက်ဆုံး ဖြစ်သော အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်ကိုသာ အာသဝက္ခယဉာဏ်ဟု အမည်တပ်၍ ဟောတော်မူသည်မှာ တရားနာသူ အဇာတသတ်မင်း နားလည်လွယ်အောင် ဟောတော်မူခြင်းသာ ဖြစ်သည်။

ယင်းအကျိုး ၃-မျိုးတို့တွင် အကျင့်သီလများကို သီလက္ခန္ဓ-သီလဂုဏ်အစု၊ ဈာန်သမာပတ်တို့ကို သမာဓိက္ခန္ဓ-သမာဓိဂုဏ်အစု၊ အဘိညာဉ်ဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ပညာက္ခန္ဓ-ပညာဂုဏ်အစု ဟုအသီးအသီး ခေါ်သည်။ ယင်းဂုဏ် ၃ ပါးတို့သည် ဗုဒ္ဓသာသနာတော်၏ အနှစ်သာရများ ပင်ဖြစ်ကြသည်။ ဤသီလ သမာဓိ ပညာဂုဏ် ၃-ပါးတို့ကို အပြည့်အစုံဆုံး ဖော်ပြသောသုတ်မှာလည်း ဤသာမညဖလသုတ် ပင်ဖြစ်သည်။ ဤသုတ်ကို လေ့လာလျှင် သင်ခန်းစာ ကောင်းတခုကိုလည်း ရနိုင်သည်၊ ယင်းသင်ခန်းစာကား - အဇာတသတ်သည် တမဂ်တဖိုလ်ရနိုင်သော ဘုန်းကံ ပါရမီရှိသူဖြစ်သော်လည်း ဒေဝဒတ်နှင့်အပေါင်းများသဖြင့် မဂ်ဖိုလ်မရဘဲ အကြီးအကျယ်ဆုံးရှုံး ရခြင်း ပင်ဖြစ်သည်။

အဇာသတတ်မင်း မေးလျှောက်သော ရဟန်းပြုခြင်း၏လက်တွေ့ အကျိုးနှင့်ပတ်သက်၍ ဗုဒ္ဓ၏အဖြေအကျဉ်းချုပ်မှာ - - - - - - -

မြတ်သောမင်းကြီး ---ဆင်စီးသူရဲ မြင်းစီးသူရဲစသော အတတ်ပညာတို့သည် အတတ်ပညာ၏အကျိုးကို ယခုဘဝ၌ပင်လက်ငင်း ခံစားကြရသကဲ့သို့ ဤသာသနာတော်၌ ရဟန်းပြုကြသောသူတို့သည်လည်း ရဟန်းပြုခြင်း၏အကျိုးကျေးဇူးကိုလက်တွေ့ခံစားကြရသည်၊ သင်မင်းကြီး၏အမှုထမ်း အရာထမ်းများနှင့် တောင်သူလယ်သမား အခွန်ထမ်းများ ပင်လျှင်ဤသာသနာတော်၌ရဟန်းပြုလျှင် သင်မင်းကြီး၏ရိုသေပူဇော်မှုကိုခံကြရသည်၊ ဤသို့ရိုသေပူဇော်ခံကြရခြင်းသည် ရဟန်းပြုခြင်း၏လက်တွေ့အကျိုးကျေးဇူး ပင်ဖြစ်သည်။ သည့်ထက်သာလွန်မွန်မြတ် သောလက်တွေ့ရဟန်းပြုကျိုးတို့ကား -

၁။ ရဟန်းပြု၍ စူဠသီလ မဇ္ဈိမသီလ မဟာသီလတို့ကို ဖြည့်ကျင့်သဖြင့် အနဝဇ္ဇသုခ ခေါ်သော အပြစ်မရှိခြင်း ချမ်းသာကိုခံစား ရခြင်း ၊

၂။ ယင်းသီလ၌တည်၍ဣန္ဒြေ ၆-ပါးကို စောင့်စည်းခြင်း ၊ သတိသမ္ပဇဉ်နှင့်ပြည့်စုံခြင်း ၊ ရောင့်ရဲလွယ်ခြင်းတို့နှင့်ပြည့်စုံ သည်ဖြစ်၍ကမ္မဋ္ဌာန်းတရားကိုအားထုတ်သဖြင့် ပထမဈာန် ချမ်းသာကိုခံစား ရခြင်း ၊ ဒုတိယဈာန်ချမ်းသာကိုခံစား ရခြင်း ၊ တတိယဈာန်ချမ်းသာကိုခံစား ရခြင်း ၊ စတုတ္ထဈာန် ချမ်းသာကိုခံစား ရခြင်း ၊

၃။ ထိုမှတဖန်ကမ္မဋ္ဌာန်းတရားကိုပွားများအားထုတ်သဖြင့် ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ စေတောပရိယဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ စုတူပပါတဉာဏ်၊ အာသဝက္ခယဉာဏ်တို့ကိုရခြင်း ၊ ဤသည်တို့ကား မွန်မြတ်သောနှစ်သက်ဖွယ်ဖြစ်သောလက်တွေ့ရဟန်းပြုကျိုးများ ဖြစ်ကြသည်ဟူသောအဖြေဖြစ်သည်။

ဤသုတ်တွင်ရဟန်းပြုခြင်း၏အကျိုးအဖြစ်ဖြင့်ဟောတော်မူခဲ့သော သီလ သမာဓိ ပညာတို့မှာလွန်စွာပြည့်စုံသည်၊ ပိဋကတ် ၃-ပုံတွင်သီလ သမာဓိ ပညာနှင့်စပ်လျဉ်းလာလျှင်ဤသုတ်ကိုညွှန်ကြရသည်၊ ထို့ကြောင့်ယင်းသီလသမာဓိ ပညာတို့ကို ဤနေရာ၌အကျဉ်းချုပ်၍ဖော်ပြပေဦးမည်။

သီလ

စူဠသီလ ( အငယ်စား သီလ )

၁။ သူ့အသက်ကိုသတ်ခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၂။ သူတပါး ပစ္စည်း ကိုခိုးယူခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၃။ မေထုန်မှီဝဲခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၄။ မမှန် သောစကား ကို ပြောဆိုခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၅။ ကုန်း ချောစကား ကို ပြောကြား ခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၆။ ကြမ်းတမ်း သောစကား ကို ပြောကြားခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၇။ ပြိန်ဖျင်း သော စကား ကို ပြောကြား ခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၈။ စိမ်း စို သော မျိုးစေ့သစ်ပင်တို့ကိုဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း ၊

၉။ နေလွဲညစာစား ခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၁၀။ ကခုန်သီဆိုတီး မှုတ်ခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၁၁။ ပန်းပန်ခြင်း နံ့သာလိမ်း ကျံခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၁၂။ မြင့်သော နေရာ မြတ်သော နေရာတို့၌ နေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း ၊

၁၃။ ရွှေ ငွေကိုခံယူခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၁၄။ စပါး စိမ်း ဆန်စိမ်းကိုခံယူခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၁၅။ အသား စိမ်း ကိုခံယူခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၁၆။ မိန်း မကိုခံယူခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၁၇။ ကျွန်ထီး ကျွန်မကိုခံယူခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၁၈။ ဆိတ်၊ သိုး ၊ ကြက်၊ ဝက်၊ ဆင်၊ နွား ၊ မြင်း ၊ မြည်း တို့ကိုခံယူခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၁၉။ လယ် မြေယာ မြေကိုခံယူခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၂၀။ လူတို့၏သံတမန်အမှုကိုပြုခြင်း ၊ အစေအပါး ခံယူခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၂၁။ အရောင်း အဝယ်ပြုလုပ်ခြင်း မှ ရှောင်ကြဉ်ခြင်း ၊

၂၂။ ချိန်စဉ်း လဲ၊ ခွက်စဉ်း လဲ၊ ချင့်အိုး စဉ်း လဲတို့မှ ရှောင်ကြဉ်ခြင်း ၊

၂၃။ လာဘ်စား ခြင်း ၊ ပရိယာယ်ဖြင့်လှည့်ပတ်ခြင်း ၊ အတုပြု၍လှည့်ပတ်ခြင်း ဟူသော ကောက်ကျစ်စဉ်း လဲမှုမှ ရှောင်ကြဉ်ခြင်း ၊

၂၄။ လက် ခြေဖြတ်ခြင်း ၊ သတ်ခြင်း ၊ ထုပ်နှောင်ခြင်း ၊ ပုန်း၍လုယက်ခြင်း ၊ ရွာနိဂုံး ကိုဖျက်ဆီး ခြင်း ၊ အနုကြမ်း စီး ခြင်း မျိုး မှ ရှောင်ကြဉ်ခြင်း၊

ဤ ရှောင်ကြဉ်မှုတို့ကား စူဠသီလ များ ဖြစ်ကြသည်။

<u>မဇ္ဈိမသီလ(အလတ်စား သီလ)</u>

၁။ မျိုး စေ့အပေါင်း အပင်အပေါင်း ကိုဖျက်ဆီးခြင်း မှ ရှောင်ကြဉ်ခြင်း ။

၂။ စား ဘွယ် သောက်ဘွယ်စသည်တို့ကိုသိုမှီး သုံး ဆောင်ခြင်းမှ ရှောင်ကြဉ်ခြင်း ။

၃။ သူတော် ကောင်း တရား ၏ဆူး ငြောင့်ဖြစ် သော၊ ကပွဲ ၊ ကစားပွဲ စ သော ပွဲကြည့်ခြင်း အမျိုး မျိုး မှ ရှောင်ကြဉ်ခြင်း ။

၄။ မေ့ လျော့ ကြောင်း ဖြစ် သော၊ ရှစ်ကွက်ကျား ကစား ခြင်းစသော ကစား ခြင်း အမျိုး မျိုး မှ ရှောင်ကြဉ်ခြင်း ။

၅။ မြင့် သော ပလ္လင် မွေး ရှည် ကော် ဇော် စ သော မြင့် သော နေရာ မြတ် သော နေရာအမျိုး မျိုး မှ ရှောင်ကြဉ်ခြင်း ။

၆။ နံ့သာလိမ်း ခြင်း၊ လက်ကိုင်ဒုတ် ဆောင်ခြင်း ၊ စ သောလိမ်းခြယ် ဆင်ယင်ခြင်း အမျိုး မျိုး မှ ရှောင်ကြဉ်ခြင်း ။

၇။ နတ်ရွာနိဗ္ဗာန်နှင့်ဆန့်ကျင် သော၊ မင်း စကား အမတ်စကား သူခိုး စကား စ သော ဖီလာစကား အမျိုး မျိုး ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း ။

၈။ သင်ကား ဓမ္မဝိနယကိုမသိ၊ ငါသာသိသည်စသည်ဖြင့်ခိုက်ရန်ငြင်းခုန် စကား ကို ပြောကြား ခြင်း မှ ရှောင်ကြဉ်ခြင်း ။

၉။ မင်း အမတ်ကြီး စသည်တို့၏တမန်အမှုအ စေအပါး အမှု ကို ဆောင် ရွက်ခြင်း မှ ရှောင်ကြဉ်ခြင်း ။

၁၀။ အံ့ဩဘွယ်ပြုခြင်း ၊ မြှောက်ပင့် ပြောဆိုခြင်း ၊ အရိပ်ပြ ပြောဆိုခြင်း၊ အတင်း အကျပ် ပြောဆိုခြင်း၊ လာဘ်မျှား ခြင်း တို့မှ ရှောင်ကြဉ်ခြင်း၊ ဤ ရှောင်ကြဉ် မှုမျိုး တို့ကား မဇ္ဈိမသီလတို့ဖြစ်ကြသည်။

<u>မဟာသီလ(အမြတ်စား သီလ)</u>

<u>တိရစ္ဆာန ဝိဇ္ဇာ(၁)</u>(ကိုယ်အင်္ဂါကျမ်း အတတ်စသည်)

၁။ ကိုယ်အင်္ဂါကျမ်း ၊ ၂။ နိမိတ်ဖတ်ကျမ်း ၊ ၃။ ဥပ္ပါတကျမ်း(မြိုကြီး ဟော ကြမ်း )၊ ၄။ အိပ်မက်ကျမ်း ၊ ၅။ လက္ခဏာကျမ်း ၊ ၆။ ကြွက်ခဲကျမ်း ၊ ၇။မီးပူဇော်ညွှန်းကျမ်း အမျိုး၊ ၈။ အင်္ဂဝိဇ္ဇာအတတ်၊ ၉။ မြေကြဉ်အတတ်၊ ၁၀။ မင်း မှုရေး ရာကျမ်း အတတ်၊ (ခတ္တဝိဇ္ဇာ)၊ ၁၁။ ဘေး ရန်ငြိမ်း အောင်ပြု သောအတတ်(သိဝဝိဇ္ဇာ)၊ ၁၂။ တစ္ဆေ မြေဘုတ်အတတ်(ဘူတဝိဇ္ဇာ)၊ ၁၃။ မြေအိမ်၌ နေ၍သင်ရ သောအတတ် (ဘူရိဝိဇ္ဇာ)၊ ၁၄။ မြွေအတတ်(အဟိဝိဇ္ဇာ)၊ ၁၅။ အဆိပ်ကုအတတ်(ဝိသဝိဇ္ဇာ)၊

၁၆။ ကင်းမြီး ကောက်အတတ်(ဝိစ္ဆိကဝိဇ္ဇာ)၊ ၁၇။ ကြွက်ခဲသည်ကိုကုသ သောအတတ်(မူသိကအတတ်ဝိဇ္ဇာ)၊ ၁၈။ ငှက်မြည်သံအတတ်(သကုဏဝိဇ္ဇာ)၊ ၁၉။ ကျီးသာ နိမိတ်ကိုသိ သောအတတ်(ဝါယသဝိဇ္ဇာ)၊ ၂၀။ အသက် ဟောအတတ်(ပက္ကဇ္ဈာန)၊ ၂၁။ မြားလွှဲလေး လွှဲအတတ်(သရပရိတ္တာဏ)၊ ၂၂။ သားငှက်မြည်သံအတတ်(မိဂစက္က)။ ဤတတ်မျိုး တို့ဖြင့်အသက် မွေး မှု ရှောင်ကြဉ်ခြင်း ။

<u>တိရစ္ဆာနဝိဇ္ဇာ</u>(၂)(လက္ခဏာကျမ်း စသည်)

၁။ ကျောက်မျက်ရတနာတို့၏လက္ခဏာကိုဆိုသော မဏိလက္ခဏာကျမ်း ၊ ၂။ ဝတ္ထလက္ခဏာကျမ်း (အဝတ်)၊ ၃။ ဒဏ္ဍလက္ခဏာကျမ်း (ဒုတ်)၊ ၄။ သတ္ထလက္ခဏာကျမ်း (ဓါး)၊ ၅။ အသိလက္ခဏာကျမ်း (သန်လျက်)၊ ၆။ ဥသုလက္ခဏာကျမ်း (မြား) ၇။ ဓနုလက္ခဏာကျမ်း (လေး) ၈။ အာဝုဓလက္ခဏာကျမ်း (အခြား လက်နက်)၊ ၉။ ဣတ္ထိလက္ခဏာကျမ်း (မိန်းမ)၊ ၁၀။ ပုရိသလက္ခဏာကျမ်း (ယောကျ်ား)၊ ၁၁။ ကုမာရလက္ခဏာကျမ်း (လူပျို)၊ ၁၂။ ကုမာရိလက္ခဏာကျမ်း (အပျို)၊ ၁၃။ ဒါသလက္ခဏာကျမ်း (ကျွန်)၊ ၁၄။ ဒါသိလက္ခဏာကျမ်း (ကျွန်မ)၊ ၁၅။ ဟတ္ထိလက္ခဏာကျမ်း (ဆင်)၊ ၁၆။ အဿလက္ခဏာကျမ်း (မြင်း)၊ ၁၇။ မဟိသလက္ခဏာကျမ်း (ကျွဲ)၊ ၁၈။ ဥသဘလက္ခဏာကျမ်း (နွားလား)၊ ၁၉။ ဂေါဏလက္ခဏာကျမ်း (နွားအမွား)၊ ၂၀။ အဇလက္ခဏာကျမ်း (ဆိတ်)၊ ၂၁။ မေဏ္ဍလက္ခဏာကျမ်း (သိုး)၊ ၂၂။ ကုက္ကုဋလက္ခဏာကျမ်း (ကြက်)၊ ၂၃။ ဝဋ္ဋလက္ခဏာကျမ်း(ငုံး) ၂၄။ ဂေါဓာလက္ခဏာကျမ်း (ဖွတ်)၊ ၂၅။ ကဏ္ဏိကလက္ခဏာကျမ်း(သမင်ဒရယ်)၊ ၂၆။ ကစ္ဆပလက္ခဏာကျမ်း (လိပ်)၊ ၂၇။ မိဂလက္ခဏာကျမ်း (သားသမင်)ဤကျမ်း အတတ်မျိုး တို့ဖြင့်အသက် မွေး ခြင်း မှ ရှောင်ကြဉ်ခြင်း ၊

<u>တိရစ္ဆာနဝိဇ္ဇာ</u>(၃)(နိုင်ငံရေး ဗေဒင်)

အဘယ်မင်း သည်စစ်တိုက်ထွက်လိမ့်မည်၊ အဘယ်မင်း သည်စစ်ပွဲမှပြန်လာလိမ့်မည်၊ အဘယ်မင်း သည်စစ်ရှုံး လိမ့်မည်၊ အဘယ်မင်း သည်စစ်နိုင်လိမ့်မည်၊ မိမိနိုင်ငံကိုတခြား နိုင်ငံကစစ်ပြုလိမ့်မည်၊ မိမိနိုင်ငံကတခြား နိုင်ငံကိုစစ်ပြုလိမ့်မည်၊ မိမိနိုင်ငံကစစ်နိုင်လိမ့်မည်၊ တခြား နိုင်ငံကစစ်ရှုံး လိမ့်မည်၊ မိမိနိုင်ငံကစစ်ရှုံး လိမ့်မည်၊ တခြား နိုင်ငံကစစ်နိုင်လိမ့်မည်၊ စသည်ဖြင့်နိုင်ငံရေး ဗေဒင် ဟော၍ အသက် မွေး ခြင်း မှ ရှောင်ကြဉ်ခြင်း -

<u>တိရစ္ဆာနဝိဇ္ဇာ(၄)(နက္ခတ် ဗေဒင်)</u>

လကြတ်လိမ့်မည်၊ နေကြတ်လိမ့်မည်၊ နက္ခတ်ကြတ်လိမ့်မည်၊ လ နေ နက္ခတ်တို့ လမ်း မှန်သွား လိမ့်မည်၊ လမ်း ကောက်သွား လိမ့်မည်၊(သိဟစာကျင့်လိမ့်မည်) (ဗျဿစာကျင့်လိမ့်မည်၊ နိယတိုကျင့်လိမ့်မည်)၊ ဥက္ကာကျလိမ့်မည်၊ ကြိတ်ထွက်လိမ့်မည် ငလျင်လှုပ်လိမ့်မည်၊ ကောင်းကင်လည်း လိမ့်မည်၊ ဤလ နေနက္ခတ်တို့ ကြောင့်မည်သည့်အကျိုး

ဖြစ်ပေါ်မည်၊ မည်သည့်အပြစ်သင့်ရောက်မည်စသည်ဖြင့်နက္ခတ်ဗေဒင်ဟော၍
အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်း -

<u>တိရစ္ဆာနဝိဇ္ဇာ</u> (၅) (ဗေဒင်ဟောဂဏန်းတွက်)

ပိုးကောင်းလိမ့်မည်၊ မိုးခေါင်လိမ့်မည်၊ ဝ ပြောသာယာမည်၊ ငတ်မွတ်ခေါင်းပါးမည်၊ ငြိမ်းချမ်းမည်၊ ဘေးဖြစ်မည်၊ ရောဂါများမည်၊ ရောဂါကင်းမည်၊ စသည်ဖြင့်ဗေဒင်ဟောခြင်း၊ လက်ချိုးရေတွက်ခြင်းအတတ်၊ ဂဏန်းအတတ်၊ သင်္ချာအတတ်၊ ကဗျာအတတ်၊ လောကာယတကျမ်းအတတ်ဟူသော အတတ်မျိုးတို့ဖြင့်အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်း၊

<u>တိရစ္ဆာနဝိဇ္ဇာ</u> (၆) (အခါပေးဆေးကုဓါတ်ရိုက်)

ထိမ်းမြားမင်္ဂလာပြုလုပ်ပေးခြင်း၊ စေ့စပ်ကြောင်းလမ်းပေးခြင်း၊ ကွာရှင်းပြတ်စဲပေးခြင်း၊ ငွေချေးကြွေးချကြွေးသိမ်းအခါပေးခြင်း၊ ကံကောင်းအောင်ပြုပေးခြင်း၊ ကံမကောင်းအောင်ပြုပေးခြင်း၊ ကိုယ်ဝန်တည်ဆေးပေးခြင်း၊ လျှာမေးချိုင့်၍စကားမပြောနိုင်အောင်ပြုလုပ်ပေးခြင်း၊ လက်ဟန့်မန္တာန်စုပ်ခြင်း၊ နားပင်းမန္တာန်စုပ်ခြင်း၊ မှန်၌နတ်သွင်း၍မေးခြင်း၊ သတို့သမီး၌နတ်သွင်း၍မေးခြင်း၊ နတ်မေးခြင်း၊ နေကိုလုပ်ကျွေးခြင်း၊ ပြဟ္မာကိုလုပ်ကျွေးခြင်း၊ ပါးစပ်မှမီးလျှံထွက်စေခြင်း၊ သိရိနတ်သမီးကိုပင့်ခေါ်ခြင်းဟူသောအတတ်မျိုးတို့ဖြင့်အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်း -

<u>တိရစ္ဆာနဝိဇ္ဇာ</u> (၇) (နတ်ကိုးခြင်း ဆေးကုခြင်း)

နတ်ကိုးခြင်း တောင်းဆုပြည့်၍နတ်ပူဇော်ခြင်း၊ ဘုတ်တစ္ဆေအတတ်ကို လေ့လာခြင်း၊ မြေအိမ်၌နေ၍သင်ရသောအတတ်ကိုလေ့လာခြင်း၊ ပဏ္ဍုတ်ကို ယောကျ်ားဖြစ်စေခြင်း၊ ယောကျ်ားကိုပဏ္ဍုတ်ဖြစ်စေခြင်း၊ နေရာသစ်၌အိမ်ဆောက်စေခြင်း၊ အိမ်ဆောက်မည့်မြေရာ၌အစီအရင်ပြုလုပ်ခြင်း၊ ခံတွင်းဆေးပေးခြင်း၊ ရေချိုးပေးခြင်း၊ မီးပူဇော်ပေးခြင်း၊ အန်ဆေးပေးခြင်း၊ ဝမ်းနုတ်ဆေးပေးခြင်း၊ ခေါင်းကိုက်ဆေးပေးခြင်း၊ နှာနှပ်ခြင်း၊ မျက်စဉ်းအမျိုးမျိုးပေးခြင်း၊ ခြောင့်ထုတ်ခြင်း၊သူငယ်နာဆေးကုခြင်း၊ ဆေးထည့်ပေးခြင်း၊ ဆေးခွာပေးခြင်း၊ ဖန်ဆေးပေးခြင်း၊ ဤသို့သောနတ်ကိုးဆေးကုအတတ်မျိုးဖြင့်အသက်မွေးခြင်းမှ ရှောင်ကြဉ်ခြင်း -

ဤရှောင်ကြဉ်မှုတို့ကား မဟာသီလများဖြစ်ကြသည်။

ဤသီလတို့ကား ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကတို့ကျင့်သုံးသောအကျင့်သီလများဖြစ်ကြသည်၊ ဤအကျင့်သီလတို့ကိုကျင့်သုံးသောသူသည် အနဝဇ္ဇသုခခေါ်အပြစ်မရှိခြင်း ချမ်းသာသုခကိုခံစားရသည်၊ ယင်းသည်ရဟန်းပြုခြင်း၏လက်တွေ့အကျိုးကျေးဇူး တခုဖြစ်သည်ဟုဗုဒ္ဓကဟောကြားတော်မူခဲ့သည်။

သမာဓိ

ပထမဈာန်

အထက်ပါသီလအကျင့်၌တည်၍ မျက်စိနား နှာလျှာကိုယ်-ဟူသော ဒွါရ ၅-ပါးတို့ကို လောဘ ဒေါသ (အဘိဇ္ဈာ ဗျာပါဒ) မဝင်ရအောင် စောင့်စည်း ထိန်းချုပ်လျက် သတိပဋ္ဌာန်ဉာဏ်ရှိသည်ဖြစ်၍ ရောင့်ရဲလွယ်ခြင်း နှင့်ပြည့်စုံသည်ဖြစ်၍ဆိတ်ငြိမ်ရာ အရပ်သို့ချဉ်းကပ်ပြီး လျှင်ကမ္မဋ္ဌာန်း တရားကိုအားထုတ်သဖြင့် ကာမဂုဏ်အာရုံတို့၌မက်မောခြင်း ကာမစ္ဆန္ဒနီဝရဏ ခေါ်အဘိဇ္ဈာ ပျောက်ကင်း၏၊ သူတပါးကို ပျက်စီးစေလိုခြင်း ဗျာပါဒနီဝရဏ ပျောက်ကင်း၏၊ လေးလံထိုင်းမှိုင်းခြင်း တွေဝေငိုက်မျဉ်းခြင်း ထိနမိဒ္ဓနီဝရဏ ပျောက်ကင်း၏။ ထိုထိုအာရုံ၌ ပျံ့လွင့်ခြင်း ဥဒ္ဒစ္စ၊ နောက်တဖန်ပူပန်ခြင်း ကုက္ကုစ္စနီဝရဏ ပျောက်ကင်း၏။ ကုသိုလ်တရားတို့၌ ယုံမှားတွေးတောခြင်း ဝိစိကိစ္ဆာနီဝရဏ ပျောက်ကင်း၏။ ကာမဂုဏ်အာရုံတို့၌မက်မောခြင်း မရှိဘဲအဘိဇ္ဈာကင်း သောစိတ်ဖြင့် သာ နေ၏၊ သတ္တဝါတို့၏ အကျိုးကိုလိုလားလျက်သာ နေ၏၊ တွေဝေငိုက်မျဉ်းခြင်း ကင်းလျက်အလင်း ရောင်ရလျက် နေ၏၊ စိတ်ပျံ့လွင့်ခြင်း မရှိဘဲ၊ နောင်တ တဖန်ပူပန်ခြင်း မရှိဘဲမိမိ အဇ္ဈတ္တသန္တာန်၌သာငြိမ်း အေးသောစိတ်ရှိသည်ဖြစ်၍ နေ၏၊ ကုသိုလ်တရားတို့၌ ယုံမှားတွေးတောခြင်း မရှိဘဲ၊ ကောင်းစွာယုံကြည်လျက် နေ၏။

ထိုအခါ ကြွေးမြီကင်း သောသူသည် ကြွေးမြီမှလွတ်ကင်း၍ဝမ်း မြောက်ခြင်း ရှိသကဲ့သို့ငှင်း၊ အနာရောဂါရ သောသူသည် ရောဂါပျောက်ကင်း၍ဝမ်း မြောက်ခြင်း ရှိသကဲ့သို့ငှင်း၊ အချုပ်ထောင် နှောင်အိမ်အကျဉ်း မှလွတ် မြောက်၍ဝမ်း မြောက်ခြင်း ရှိသကဲ့သို့ငှင်း၊ သူတပါး၏ ကျေးကျွန်အဖြစ်ဖြင့်အစေအပါး ခံရသူသည် ကျွန်အဖြစ်မှလွတ်ကင်း၍ဝမ်း မြောက်ခြင်း ရှိသကဲ့သို့ငှင်း၊ ဘေးရန်ပေါများ သော ခရီးခဲ၌ခရီးသွားရ သောသူသည်ခရီး ခဲမှလွန် မြောက်၍ဝမ်း မြောက်ခြင်း ရှိသကဲ့သို့ငှင်း၊ လွန်စွာဝမ်း မြောက်၏၊ လွန်စွာဝမ်း မြောက် သောထိုရဟန်း အား နှစ်သက်ခြင်း ပီတိသည်ဖြစ် ပေါ်၏၊ နှစ်သက်ခြင်း - ပီတိဖြစ် သောထိုရဟန်း ၏ ကိုယ်ကာယသည်ငြိမ်း ချမ်း၏၊ ကိုယ်ကာယငြိမ်း ချမ်း သောထိုရဟန်း သည်ချမ်း သာ သုခကိုခံစား ရ၏၊ ချမ်း သာသုခကိုခံစား ရ သောထိုရဟန်း ၏စိတ်သည် ကောင်း စွာတည်ငြိမ်၏။

ယင်း သို့စိတ်တည်ငြိမ် သောရဟန်း သည်ကာမဂုဏ်အာရုံတို့မှကင်း ဆိတ်၍ သာလျှင်အကုသိုလ်တရား တို့မှကင်း ဆိတ်၍သာလျှင်ကမ္မဋ္ဌာန်း အာရုံ၌စူးစိုက်ကြံစည်ခြင်း ဝိတက်၊ သုံး သပ်ဆင်ခြင်ခြင်း - ဝိစာရ၊ နှစ်သက်ခြင်း ပီတိ၊ ချမ်း သာခြင်း - သုခ၊ တည်ငြိမ်ခြင်း - ဧကဂ္ဂတာဟူ သောအင်္ဂါ ၅-ပါး တို့နှင့်ပြည့်စုံ သော ပထမဈာန်ကိုရ ရှိသည်၊ ယင်း ပထမဈာန်ကိုဝင်စား နေထိုင်သည်၊ ထိုအခါထိုရဟန်း ၏တကိုယ်လုံး သည် နီဝရဏကင်း ခြင်း ကြောင့်ဖြစ် သောပီတိသုခဖြင့်သာ စွတ်စိုပျံ့နှံ့လျက် ရှိသည်၊

ဥပမာအားဖြင့် ကြေးခွက်၌ ရေချိုးကသည့်မှုန့်(ဆပ်ပြာမှုန့်)ထည့်၍ ရေဖျန်း၍ ဖျန်း၍လုံးသော် ထိုကသည့်မှုန့်လုံးသည် တခုလုံး အစိုဓါတ်ပျံ့နှံ့လျက်ရှိသကဲ့သို့ပင်ဖြစ်သည်။

ဤပထမဈာန်ချမ်းသာသည်လည်း ရှေးထက်သာလွန်မွန်မြတ်သော လက်တွေ့ရဟန်းပြုကျိုး တပါး ပင်ဖြစ်သည်။

ဒုတိယဈာန်

ထိုပထမဈာန်သမာဓိမှတဆင့်တက်၍ကမ္မဋ္ဌာန်း တရားကိုပွားများ အားထုတ်သောအခါကြမ်းတမ်းသောသဘောရှိသည်ဟုဆိုအပ်သော ဝိတက်ဝိစာရ ဟူသော ယခင်ဈာန်အင်္ဂါ ၂ပါးတို့ ပျောက်ကင်း၍ စိတ်သည်အထူး ကြည်လင်ငြိမ်သက် လာသည်၊ ထိုအခါသမာဓိကြောင့်ဖြစ်သော နှစ်သက်ခြင်း - ပီတိ၊ ချမ်းသာခြင်းသုခ၊ တည်ငြိမ်ခြင်း - ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၃-ပါးတို့နှင့်ပြည့်စုံသည့်ဒုတိယဈာန် ကိုရရှိသည်၊ ထိုဒုတိယဈာန်ကိုဝင်စား နေထိုင်သည်၊ ထိုအခါထိုရဟန်း၏တကိုယ်လုံးသည် ပထမဈာန်သမာဓိကြောင့်ဖြစ်သော ပီတိသုခဖြင့်စွတ်စိုပျံ့နှံ့လျက်ရှိသည်။ ဥပမာ အားဖြင့်နက်လှစွာသော စိမ့်စမ်း ရေအိုင်၌ ရေတို့သည် ရေဝင်ပေါက်လည်း မရှိ မိုးလည်း မရွာဘဲသာ ရေအိုင်တခုလုံးကို ပျံ့နှံ့၍တည်သကဲ့သို့ဖြစ်သည်။

ဤဒုတိယဈာန်ချမ်းသာသည်လည်း ရှေးထက်သာလွန်မွန်မြတ်သော လက်တွေ့ရဟန်းပြုကျိုး တပါး ပင်ဖြစ်သည်။

တတိယဈာန်

ထိုဒုတိယဈာန်သမာဓိမှတဆင့်တက်၍ကမ္မဋ္ဌာန်း တရားကိုပွားများ အားထုတ်သောအခါထိုရဟန်းသည်ထိုနှစ်သက်ခြင်း ပီတိကိုလည်း မတပ်မက်တော့ဘဲ လျစ်လျူရှု၍သာ နေသည်၊ သတိသမ္ပဇဉ်ရှိသည်ဖြစ်၍ကိုယ်ကာယဖြင့်ချမ်းသာသုခကိုသာ ခံစား၍ နေသည်၊ ထိုအခါထိုရဟန်းသည်ချမ်းသာခြင်း -သုခ၊ တည်ငြိမ်ခြင်း - ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးတို့နှင့်ပြည့်စုံသော တတိယဈာန်ကိုရသည်၊ ထိုတတိယဈာန်ကိုဝင်စား၍ နေထိုင်သည်၊ ထိုအခါထိုရဟန်း၏တကိုယ်လုံးသည်ပီတိကင်းသော ချမ်းသာခြင်း -သုခဖြင့်သာ စိုစွတ်ပျံ့နှံ့လျက်ရှိသည်၊ ဥပမာအားဖြင့် ရေထဲ၌နစ်မြုပ်လျက်သာကြီးပွားသော ကြာပင်သည်တပင်လုံး ရေဖြင့်ပျံ့နှံ့နေသကဲ့သို့ဖြစ်သည်။

ဤတတိယဈာန်ချမ်းသာသည်လည်း ရှေးထက်သာလွန်မွန်မြတ်သော လက်တွေ့ရဟန်းပြုကျိုး တပါး ပင်ဖြစ်သည်။

စတုတ္ထဈာန်

တတိယဈာန်သမာဓိမှတဆင့်တက်၍ကမ္မဋ္ဌာန်း တရားကိုပွားများ အား ထုတ်သောအခါ ထိုရဟန်းသည်ချမ်းသာခြင်း -သုခ၊ ဆင်းရဲခြင်း - ဒုက္ခတို့ကိုစွန့် ပယ်သည်၊ ဝမ်းသာခြင်း ဝမ်းနည်းခြင်းတို့လည်း ရှေးတတိယဈာန်မှာပင်ချုပ်

ပျောက်ပြီး ဖြစ်ကြသည်၊ သို့ဖြင့်ထိုရဟန်းသည် ချမ်းသာဆင်း ရဲမဟုတ်သော လျစ်လျူရှုမှုကြောင့်ဖြစ်သော သတိ၏စင်ကြယ်ရာဖြစ်သော စတုတ္ထဈာန်ကို ရရှိသည်၊ ယင်းစတုတ္ထဈာန်ကား လျစ်လျူရှုခြင်း - ဥပေက္ခာ၊ တည်ငြိမ်ခြင်း - ဧကဂ္ဂတာဟူ၍ ဈာန်အင်္ဂါ ၂ ပါးသာရှိသည်၊ ထိုအခါထိုရဟန်း၏တကိုယ်လုံးသည် သန့်ရှင်းဖြူစင်သောစိတ်ဖြင့် စွတ်စိုပျံ့နှံ့လျက်ရှိသည်၊ ဥပမာအားဖြင့် အဝတ်ဖြူဖြင့် ခေါင်းမြီး ခြုံ၍အိပ်သောသူ၏ တကိုယ်လုံးသည် အဝတ်ဖြူဖြင့် မထိသော နေရာမရှိသကဲ့သို့ ဖြစ်သည်။

ဤစတုတ္ထဈာန်ချမ်းသာသည်လည်း ရှေးထက်သာလွန်၍ မွန်မြတ်သော လက်တွေ့ရဟန်း ပြုကျိုး တပါး ပင်ဖြစ်သည်။

ဤဈာန်ချမ်းသာတို့ကား သမာဓိက္ခန္ဓခေါ် သမာဓိတရား အစုတို့ဖြစ်ကြသည်။

<u>ပညာ</u>

၁။ <u>ဝိပဿနာဉာဏ်</u> (ဉာဏဒဿန)

အထက်ပါဈာန်သမာဓိတရားတို့၌ တည်၍ ကမ္မဋ္ဌာန်း တရားကိုပွားများ အားထုတ်သောအခါ စိတ်တည်ငြိမ်စင်ကြယ်ခြင်းသို့ ရောက်သည်၊ ထိုအခါ ဝိပဿနာဉာဏ် အလို့ငှာ စိတ်ကိုညွတ်စေသဖြင့် မိမိကိုယ်ကာယ၌ ရုပ်နာမ်ကို ပြတ်ပြတ်သားသား ခွဲခြား၍ သိမြင်သည်၊ ဤကား ရုပ် ဤကား နာမ်ဟု ဉာဏ်အမြင် ပေါက်သည်။ ဥပမာအားဖြင့် ဝေဠုရိယကျောက်မျက်ရွဲတွင် ညိုဝါနီဖြူကြိုး များကိုသွတ်သွင်း ထားရာ၌ ကျောက်မျက်ရွဲတခြား ကြိုးတခြား ပြတ်သားစွာ တွေ့မြင်သကဲ့သို့ ဖြစ်သည်။ ယင်း ဉာဏ်အမြင်ကား ဝိပဿနာဉာဏ်ဖြစ်သည်၊ ဤဝိပဿနာဉာဏ်ကို ရခြင်းသည်လည်း လက်တွေ့ရဟန်း ပြုကျိုး တပါး ပင်ဖြစ်သည်။

၂။ <u>မနောမယိဒ္ဓိဉာဏ်</u>

ယင်းသို့စိတ်တည်ငြိမ်ခြင်း စင်ကြယ်ခြင်းသို့ ရောက်သောအခါ မနောမယိဒ္ဓိဉာဏ်အလို့ငှာ စိတ်ကို ရှေးရှုညွတ်စေလျှင် မနောမယိဒ္ဓိဉာဏ်ကို ရသည်၊ ထိုအခါ စိတ်ဖြင့်ပြီးသော ကိုယ်တူရုပ်ပွား တခုကို ဖန်ဆင်းနိုင်သည်၊ ဖန်ဆင်းပြီးသောအခါ ဤကား ငါ၏ကိုယ် ဤကား ငါ၏ကိုယ်မှ စိတ်ဖြင့် ဖန်ဆင်းအပ်သော ကိုယ်တူရုပ်ပွား ဖြစ်သည်ဟု ပြတ်သားစွာ သိမြင်သည်၊ ဥပမာအားဖြင့် ဖြူဆံမြက်မှ အညွန့်အညှောက်ကို နှုတ်ယူသောအခါ ဖြူဆံမြက်တခြား အညွန့်အညှောက်တခြား သိမြင်သကဲ့သို့ ဖြစ်သည်၊ ဤမနောမယိဒ္ဓိဉာဏ်ကို ရရှိခြင်းသည်လည်း လက်တွေ့ရဟန်း ပြုကျိုး တပါး ပင်ဖြစ်သည်။

၃။ <u>ဣဒ္ဓိဝိဓဉာဏ်</u>

ယင်းသို့စိတ်တည်ငြိမ်စင်ကြယ်ခြင်းသို့ ရောက်သောအခါ ထိုရဟန်းသည် တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓဉာဏ်အလို့ငှာ စိတ်ကို ရှေးရှုညွတ်စေလျှင် ဣဒ္ဓိဝိဓဉာဏ်ကို ရသည်၊ ထိုအခါထိုရဟန်းသည် တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သည်၊

တယောက်တည်း မှအများ ဖြစ်စေနိုင်သည်၊ အများကိုတယောက်တည်း ဖြစ်စေနိုင်သည်၊ ကိုယ်ရောင်ဖျောက်နိုင်သည်၊ အလိုရှိရာ၌ကိုယ်ကိုပြနိုင်သည်၊ မြေလျှိုး၍မိုးသို့ ပျံနိုင်သည်၊ ရေပေါ်၌သွားနိုင်သည်၊ လနေတို့ကိုလက်ဖြင့်သုံးသပ်နိုင်သည်၊ ဗြဟ္မာပြည်တိုင်အောင်ကိုယ်ဖြင့်သွားနိုင်သည်၊ ဥပမာအားဖြင့်အိုးထိန်းသည်သည်ရွှံ့စေးကိုလို ရာအိုး ခွက်ပြုလုပ်နိုင်သကဲ့သို့ဖြစ်သည်။ ဤဣဒ္ဓိဝိဓဉာဏ်ကိုရခြင်းသည်လည်း လက်တွေ့ ရဟန်းပြုကျိုး တပါးပင်ဖြစ်သည်။

၄။ ဒိဗ္ဗသောတဉာဏ်

ယင်းသို့စိတ်တည်ငြိမ်စင်ကြယ်ခြင်းသို့ရောက်သောအခါ ထိုရဟန်းသည် နတ်၏နားကဲ့သို့ကြားနိုင်သော ဒိဗ္ဗသောတဉာဏ်အလို့ငှာစိတ်ကို ရှေးရှုညွတ်စေလျှင် ဒိဗ္ဗသောတဉာဏ်ကိုရသည်၊ ထိုအခါထိုရဟန်းသည် နတ်တို့၏အသံ လူတို့၏အသံ အနီးကအသံ အဝေးကအသံတို့ကို ကောင်းစွာကြားနိုင်သည်၊ ဥပမာအားဖြင့်ခရီးသွားယောက်ျား သည်စည်ကြီးသံ မုရိုးသံ ခရုသင်းသံစသည်တို့ကိုကြား၍ဤကား စည်ကြီးသံ ဤကား မုရိုးစည်သံ ဤကား ခရုသင်းသံစသည်ဖြင့်ခွဲခြားသိသကဲ့သို့ဖြစ်သည်၊ ဤဒိဗ္ဗသောတ ဉာဏ်ကိုရခြင်းသည်လည်း လက်တွေ့ရဟန်းပြုကျိုး တပါးပင်ဖြစ်သည်။

၅။ စေတောပရိယဉာဏ်

ယင်းသို့စိတ်တည်ငြိမ်စင်ကြယ်ခြင်းသို့ရောက်သောအခါထိုရဟန်းသည် သူတပါးတို့၏စိတ်အကြံကိုသိတတ်သော စေတောပရိယဉာဏ်အလို့ငှာစိတ်ကို ရှေးရှုညွတ် စေလျှင် စေတောပရိယဉာဏ်ကိုရသည်၊ ထိုအခါထိုရဟန်းသည်သူတပါးတို့၏စိတ်အကြံကို သိသည်၊ ဤသတ္တဝါ၌ရာဂစိတ်ဖြစ်နေသည်၊ ဤသတ္တဝါ၌ ဒေါသစိတ်ဖြစ်နေသည်စသည် ဖြင့်အမျိုးမျိုး သောစိတ်နေသဘောထားကိုသိသည်၊ ဥပမာအားဖြင့်သန့်ရှင်းသော ရေ၌ဖြစ်စေ၊ မှန်၌ဖြစ်စေ၊ ကြည့်သောသူသည်မိမိမျက်နှာတွင်ရှိသောမှည့်မည်း အပြောက်အစွန်း စသည်တို့ကိုမြင်သကဲ့သို့ဖြစ်သည်၊ ဤစေတောပရိယဉာဏ်ကိုရခြင်း သည်လည်း လက်တွေ့ရဟန်းပြုကျိုး တပါးပင်ဖြစ်သည်။

၆။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်

ယင်းသို့စိတ်တည်ငြိမ်စင်ကြယ်ခြင်းသို့ရောက်သောအခါထိုရဟန်းသည် ရှေး၌ဖြစ်ဘူးသောဘဝတို့ကို အောက်မေ့သိမြင်နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ် အလို့ငှာစိတ်ကို ရှေးရှုညွတ်စေလျှင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုရသည်၊ ထိုအခါထိုရဟန်း သည် ရှေး၌ဖြစ်ခဲ့ဘူးသောဘဝတို့ကိုသိသည်၊ တဘဝနှစ်ဘဝမှအစပြု၍ ဘဝပေါင်း သိန်းပေါင်းများစွာအထိသိနိုင်သည်၊ တကမ္ဘာနှစ်ကမ္ဘာမှစ၍ကမ္ဘာပေါင်းများ စွာသိနိုင်သည်၊ ယင်းဘဝတို့၌ငါသည်ဤအမည်ရှိခဲ့သည်၊ ဤအမျိုး အနွယ်ဤအဆင်း ဤအစါ ဤသို့သောချမ်းသာဆင်းရဲရှိခဲ့သည်၊ ယင်းဘဝမှ ဤမည်သောဘဝသို့ရောက်ခဲ့သည် စသည်ဖြင့်အခြင်းအရာနှင့်တကွသိမြင်သည်၊ ဥပမာအားဖြင့်နှစ်ရွာသုံးရွာခရီး

သွား၍ပြန်လာသောသူသည်ထိုမိမိရောက်ရာရွာတို့၌ မိမိမည်သို့နေထိုင်ပြောဆိုလာခဲ့သည်ကိုသိသကဲ့သို့ပင်ဖြစ်သည်။ ဤပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုရခြင်းသည်လည်း လက်တွေ့ရဟန်းပြုကျိုးတပါးပင်ဖြစ်သည်။

၇။ စုတူပပါတဉာဏ် (ဒိဗ္ဗစက္ခုဉာဏ်)

ယင်းသို့စိတ်တည်ငြိမ်စင်ကြယ်ခြင်းသို့ရောက်သောအခါ ထိုရဟန်းသည် သတ္တဝါတို့၏စုတိပဋိသန္ဓေကိုသိတတ်သောစုတူပပါတဉာဏ်အလို့ငှာစိတ်ကိုရှေးရှုညွှတ်စေလျှင်စုတူပပါတဉာဏ်ကိုရသည်။ ထိုအခါထိုရဟန်းသည်နတ်မျက်စိနှင့်တူသောဒိဗ္ဗစက္ခုဉာဏ်ဖြင့်စုတေဆဲသတ္တဝါ ပဋိသန္ဓေနေဆဲသတ္တဝါ ယုတ်သောသတ္တဝါ မြတ်သောသတ္တဝါ သုဂတိသို့လားသောသတ္တဝါ နတ်ဂတိသို့လားသောသတ္တဝါတို့ကိုယင်းတို့ပြုခဲ့သောကံနှင့်တကွသိမြင်သည်။ ကံအားလျော်စွာစုတေကြ ပဋိသန္ဓေနေကြသောသတ္တဝါအပေါင်းကိုသိမြင်သည်။ ဥပမာအားဖြင့်လမ်းဆုံလမ်းခွ၌ဆောက်ထားသောပြာသာဒ်ထက်၌ရပ်၍ကြည့်သောသူသည်အိမ်တို့၌ထွက်ကြဝင်ကြသောသတ္တဝါ၊ လမ်း၌သွားကြလာကြသောသတ္တဝါတို့ကိုတွေ့မြင်သကဲ့သို့ဖြစ်သည်။ ဤစုတူပပါတဉာဏ်ကိုရခြင်းသည်လည်း လက်တွေ့ရဟန်းပြုကျိုးတပါးပင်ဖြစ်သည်။

၈။ အာသဝက္ခယဉာဏ်

ယင်းသို့စိတ်တည်ငြိမ်စင်ကြယ်ခြင်းသို့ရောက်သောအခါ ထိုရဟန်းသည် ကိလေသာအာသဝေါတို့ကိုကုန်ခန်းစေတတ်သောအာသဝက္ခယဉာဏ်အလို့ငှာစိတ်ကိုရှေးရှုညွှတ်စေ၏။ ထိုရဟန်းသည်ဤကားဆင်းရဲဒုက္ခဟုဟုတ်တိုင်းမှန်စွာသိ၏။ ဤကားဆင်းရဲဖြစ်ပေါ်ခြင်း၏အကြောင်းဟုဟုတ်တိုင်းမှန်စွာသိ၏။ ဤကားဆင်းရဲချုပ်ငြိမ်းရာနိဗ္ဗာန်ဟုဟုတ်တိုင်းမှန်စွာသိ၏။ ဤကားဆင်းရဲချုပ်ငြိမ်းရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဟုဟုတ်တိုင်းမှန်စွာသိ၏။ ဤသည်တို့ကားအာသဝေါတရားတို့တည်း ဟုဟုတ်တိုင်းမှန်စွာသိ၏။ ဤကားအာသဝေါတရားတို့၏ဖြစ်ကြောင်းဟုဟုတ်တိုင်းမှန်စွာသိ၏။ ဤကားအာသဝေါတရားတို့၏ချုပ်ငြိမ်းရာနိဗ္ဗာန်ဟုဟုတ်တိုင်းမှန်စွာသိ၏။ ဤကားအာသဝေါတရားတို့၏ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဟုဟုတ်တိုင်းမှန်စွာသိ၏။ ထိုအခါထိုရဟန်း၏စိတ်သည်ကိလေသာအာသဝေါတို့မှလွတ်မြောက်၏။ ထိုအခါငါသည် ကိလေသာအာသဝေါတို့မှလွတ်မြောက်ပြီဟုအသိဉာဏ်ဖြစ်ပေါ်၏။ ငါ့အားဇာတိတရားကုန်ခန်းပြီး နောက်ဘဝ၌တဖန်မဖြစ်ပြီ။ ဤမဂ်ဉာဏ်ဖိုလ်ဉာဏ်အတွက်နောက်ထပ်ပြုဘွယ်မရှိပြီဟုအသိဉာဏ်ဖြစ်ပေါ်၏။ ဥပမာအားဖြင့် ရေကြည်အိုင်ကမ်း၌ရပ်သောယောကျ်ားသည် ရေအိုင်အတွင်း၌ရှိသော ကျောက်စရစ်အိုးခြမ်းနှင့်ငါးအများတို့သွားလာရပ်တည်နေကြသည်ကိုရှင်းလင်းပြတ်သားစွာတွေ့မြင်ရသကဲ့သို့ဖြစ်သည်။

ဤအာသဝက္ခယဉာဏ်ကို ရခြင်း သည်လည်း လက်ငင်း ဒိဋ္ဌယခုဘဝ၌ပင် ခံစားရသော လက်တွေ့ရဟန်း ပြုကျိုး တပါး ပင်ဖြစ်သည်။ ဤအာသဝက္ခယဉာဏ်ကား အမြင့်မြတ်ဆုံး လက်တွေ့ရဟန်း ပြုကျိုး ဖြစ်သည်၊ သည့်ထက်လွန်သော လက်တွေ့ရဟန်း ပြုကျိုးကား မရှိပြီ။

ဤဉာဏ် ၈ ပါး တို့ကား ပညာက္ခန္ဓ ခေါ် ပညာတရား အစုတို့ဖြစ်ကြသည်။

ဤသည်တို့ကား သာမညဖလသုတ်တွင် ဗုဒ္ဓ ဟော တော်မူခဲ့သော သီလ သမာဓိ ပညာ တို့ပင်ဖြစ်ကြသည်။

## ၃။ အမ္ဗဋ္ဌသုတ် နိဒါန်း

. သီလက္ခန္ဓဝဂ္ဂပါဠိ၏ တတိယမြောက်သုတ်ကား အမ္ဗဋ္ဌသုတ်ဖြစ်သည်။ အမ္ဗဋ္ဌသုတ်ဆိုသည်မှာ၊ အမ္ဗဋ္ဌလုလင်ကိုအကြောင်းပြု၍၊ ဟောကြားတော်မူခဲ့သောသုတ်ဟု ဆိုလိုသည်။ သင်္ဂါယနာတင်မထေရ်တို့သည်ဗြဟ္မဇာလသုတ်နှင့်သာမညဖလသုတ်တို့ကို အမည်ပေးရာ၌သုတ်ဒေသနာတွင်ပါဝင်သောအကြောင်းအရာဖြင့်အမည်ပေးတော်မူခဲ့ကြသည်၊ ထို့အတူပင် မဟာသီဟနာဒသုတ်ကိုလည်း ပါဝင်သောအကြောင်းအရာကိုအစွဲပြု၍၊ အမည်ပေးတော်မူခဲ့ကြသည်။ ဤအမ္ဗဋ္ဌသုတ်ကိုအမည်ပေးရာ၌ကား သုတ်ဒေသနာတွင်ပါဝင်သောအကြောင်းအရာဖြင့်အမည်မပေးဘဲ၊ သုတ်ဒေသနာကို ဟောဖြစ်အောင်ဖန်တီးသောကာယကံရှင်၏အမည်ဖြင့်အမည်ပေးတော်မူခဲ့ကြသည်။ အလားတူပင်သောဏဒဏ္ဍသုတ်စသည်တို့ကိုလည်း ပြဿနာမေးလျှောက်သူကာယကံရှင်၏အမည်ဖြင့်သာသုတ်ဒေသနာကိုအမည်ပေးတော်မူခဲ့ကြသည်၊ အချို့နေရာတို့၌ကား သုတ်ဒေသနာကို ဟောတော်မူရာနေရာဌာနကိုအစွဲပြု၍လည်းအမည်ပေးတော်မူခဲ့ကြသည်။ ဥပမာ ဒေဝဒဟသုတ် ကာဠကာရာမသုတ်စသည်။

သို့ဖြင့် သုတ်ဒေသနာကိုအမည်ပေးရာ၌ သင်္ဂါယနာတင်မထေရ်တို့သည် (၁) ပါဝင်သောအကြောင်းအရာ၊ (၂) ပြဿနာမေးလျှောက်သူကာယကံရှင် တရားနာခံပုဂ္ဂိုလ် (၃) သုတ်ဒေသနာကို ဟောတော်မူရာဌာနဟူသောအချက် (၃) ချက်တို့ဖြင့်အမည်ပေးသည်ဟုဆိုနိုင်သည်။

ဤအမ္ဗဋ္ဌသုတ်ကို ဟောတော်မူခဲ့သည့်နေရာမှာ ကောသလတိုင်းဣစ္ဆာနင်္ဂလ နိဂုံးအနီးဣစ္ဆာနင်္ဂလတောအုပ်ဖြစ်သည်၊ ကောသလတိုင်း၏မြို့တော်ကား ကောသလမင်းကြီးထီးနန်းစိုက်ရာ သာဝတ္ထိမြို့တော်ဖြစ်၍ထိုအချိန်တွင်လူဦးရေ ၅-ကုဋေရှိသည်ဟု အရှင်မဟာဗုဒ္ဓဃောသဆရာကပြဆိုသည်။ ယင်းသာဝတ္ထိမြို့တော်သည် ယခုအခါ အိန္ဒိယပြည် ဘီဟာနယ်ဂွန်ဒါဒီစတြိတ်ဆဟက်မဟက်ဟုခေါ်သောအရပ်၌တည်ရှိခဲ့သည်။

ဗုဒ္ဓသည် အမ္ဗဋ္ဌလုလင်ကိုအကြောင်းပြု၍ ဤသုတ်ဒေသနာကို ဟောကြားတော်မူခဲ့သည်၊ အမ္ဗဋ္ဌလုလင်ကား ပေါက္ခရသာတိပုဏ္ဏား၏တပည့်ကြီးနာမည်ကျော် ဗေဒပါရဂူတယောက်ဖြစ်သည်၊ ဗုဒ္ဓခေတ်က ဗေဒပါရဂူ ဒီသာပါမောက္ခပုရောဟိတ်ဆရာကြီးများသည် ဗုဒ္ဓနှင့်ဝါဒရေးရာဆွေးနွေးစုံစမ်းရာ၌ မိမိတို့၏ဂုဏ်သိက္ခာကိုထိခိုက်မည့်ဘေးမှကင်းဝေးစေရန်အတွက်၊ ပညာမာန်တက်၍ထက်မြက်လှသောဗေဒပါရဂူတပည့်ကြီးများကိုရှေးဦးစွာစေလွှတ်၍၊ သို့မဟုတ် ရှေ့တန်းတင်၍စုံစမ်းဆွေးနွေးလေ့ရှိကြသည်။ ထိုလုလင်တို့ကား ပေါက္ခရသာတိပုဏ္ဏား၏ တပည့် ဤအမ္ဗဋ္ဌလုလင်၊ ဗြဟ္မာယုပုဏ္ဏား၏တပည့် ဥတ္တရလုလင်၊ စင်္ကီပုဏ္ဏား၏ တပည့် ကာပဋိကလုလင်၊ ဗြဟ္မဏ ၅၀၀တို့၏ကိုယ်စားလှယ် အဿလာယနလုလင်တို့ဖြစ်ကြသည်။ ထိုခေတ်တွင် မိမိအလိုအလျောက်ဗုဒ္ဓထံသို့လာရောက်ဆွေးနွေးသော

အခြား ဝေဒပါရဂူလုလင်များလည်း ရှိကြသေးသည်၊ ယင်းတို့ကား တောဒေယျပုဏ္ဏား၏သား သုဘလုလင်၊ တာရုက္ခပုဏ္ဏား၏တပည့်၊ ဘာရဒွါဇလုလင်၊ ပေါက္ခရသာတိပုဏ္ဏား၏တပည့် ဝါသေဋ္ဌလုလင်၊ ဘာရဒွါဇပုဏ္ဏား၏ညီအငယ်ဆုံး သင်္ဂါရဝလုလင်တို့ဖြစ်ကြသည်။ ဤအမ္ဗဋ္ဌလုလင်ကား အဆိုပါဗြဟ္မဏလုလင် ကျော် ၈ - ယောက်တို့တွင် မာနအကြီးဆုံး နှင့်အထက်မြက်ဆုံး လုလင်ဖြစ်သည်။

ဤအမ္ဗဋ္ဌလုလင်ကိုဗုဒ္ဓထံသို့ စေလွှတ်သူမှာ ဆရာဖြစ်သူ ပေါက္ခရသာတိပုဏ္ဏား ဖြစ်သည်။ ပေါက္ခရသာတိပုဏ္ဏားသည် ကောသလတိုင်း ဥက္ကဋ္ဌမြို့ကိုအပိုင်စားရသော ပုရောဟိတ်တယောက်ဖြစ်ရုံသာမက၊ ကောသလမင်းကြီး၏အတိုင်ပင်ခံပုရောဟိတ်တို့တွင်အထူးခြားဆုံး ဗြဟ္မဏပါမောက္ခတယောက်လည်း ဖြစ်သည်။ ထိုပုဏ္ဏားသည် ကဿပမြတ်စွာဘုရား လက်ထက်တွင် ဝေဒပါရဂူတယောက်ဖြစ်၍အလှူဒါနကိုပြုလုပ်ခဲ့သဖြင့်၊ နတ်ပြည်၌ဖြစ်သည်၊ ထိုနတ်ဘဝမှစုတေသောအခါလူ့ပြည်တွင်အံမိဝမ်း၌ ပဋိသန္ဓေတည်နေရခြင်းကိုစက်ဆုပ်သဖြင့်ဟိမဝန္တာအရပ်ရှိ၊ ရေအိုင်ကြီး တအိုင်တွင် ပဒုမာကြာတိုက်၌ ပဋိသန္ဓေယူခဲ့သည်။ ယင်းကြာပွင့်ကြီးကို ရသေ့တပါးက မြင်၍ခူးယူပြီး သူငယ်ကိုမွေးမြူလာခဲ့သည်။ ရသေ့လည်း သူငယ် ၇ - နှစ်သားအရွယ်မှစ၍၊ ဝေဒင် ၃ - ပုံကိုသင်ပေးသည်။ သို့ဖြင့်ထိုသူငယ်သည်ဇမ္ဗူဒိပ်တွင်အမြတ်ဆုံး ပုဏ္ဏားတယောက်ဖြစ်လာသည်။ နောင်အခါတွင် ကောသလမင်းကြီးအား မိမိပညာ စွမ်းကိုပြသရာတွင်မင်းကြီးက ကြည်ညိုသဖြင့် ဥက္ကဋ္ဌမြို့ကိုအပိုင်စားပေးပြီး ပုရောဟိတ်အရာ၌ထား၍ မြှောက်စားသည်။

ထိုပုဏ္ဏား၏ကိုယ်သည်ကြာဖြူပန်းအဆင်းရှိသည်၊ နတ်ပြည်တွင်စိုက် ဆောက် အပ်သော ငွေတုရိုဏ်တိုင်နှင့်တူသည်။ ဦးခေါင်းကား ညိုသောအဆင်းရှိသည်ဖြစ်၍ ဣန္ဒနီလာကိုထုလုပ်ထားသကဲ့သို့တင့်တယ်သည်။ မုတ်ဆိတ်ကား လဝန်းကဲ့သို့ငှင်း၊ မိုးတိမ် အရေးကဲ့သို့ငှင်း၊ တင့်တယ်စွာတည်ရှိသည်။ မျက်စိကား ကြာညိုပန်းအဆင်းရှိသည်၊ နှာခေါင်းကား ငွေကျည်တောက်ကဲ့သို့လှပသည်။ စင်ကြယ်သန့်ရှင်းသည်၊ လက်ဖဝါး ခြေဖဝါးနှင့်နှုတ်ခမ်းတို့ကား ချိပ်ရည်ဖြင့်သွန်းထားသကဲ့သို့နီမြန်းကြသည်၊ ပုဏ္ဏား၏ တကိုယ်လုံးသည်တင့်တယ်ခြင်း၏အထွတ်အထိပ်သို့ရောက်သည်ဖြစ်၍၊ မင်းမရှိသော တိုင်းပြည်တွင် မင်းမြှောက်ရန်ထိုက်တန်သူဖြစ်သည်။ ထိုပုဏ္ဏားသည်ဤမျှအသရေရှိသူ ဖြစ်၍ကြာဖြူပန်းနှင့်တူသောကြောင့် ပေါက္ခရသာတိဟုအမည်ရသည်။

ပေါက္ခရသာတိပုဏ္ဏားသည် သို့စင်လှပတင့်တယ်သူဖြစ်သည့်အတိုင်းစိတ်ကောင်း နှလုံးကောင်းနှင့်လည်း အထူးပြည့်စုံသည်၊ တပည့်တပန်းလည်း ပေါများသည်၊ စင်္ကီ၊ တာရုက္ခ၊ တောဒေယျစသော ပုရောဟိတ်ကြီးများ၏ လေးစားခြင်းကိုလည်း ခံယူရသည်။

တခါသော် ဗုဒ္ဓသည် နောက်ပါရဟန်း ၅၀၀ တို့နှင့်အတူတကွ၊ ကောသလတိုင်း၌ ဒေသစာရီကြွချီ တော်မူရာ ဘြာဟ္မဏဂါမ် နာဂရကနိဂုံး တို့ ရောက်၍၊ ဘြာဟ္မဏဂါမ်ပြင်ရှိ တောအုပ်၌ ခေတ္တသီတင်း သုံး တော်မူသည်၊ ထိုအခါ ဥက္ကဋ္ဌမြို့စား ပေါက္ခရသါတိ ပုဏ္ဏားသည် ဗုဒ္ဓ၏ဂုဏ်သတင်း ကိုကြား သိရသဖြင့် အတုမဲ့ဗုဒ္ဓဟုတ်မဟုတ်ကိုသိလိုလှသဖြင့်တပည့်ကြီး ဖြစ်သူအဆိုပါအမ္ဗဋ္ဌလုလင်ကို အဖော်လုလင်တို့နှင့်တကွ ဗုဒ္ဓထံသို့ စေလွှတ်သည်၊ ထိုပုဏ္ဏား ကား ဗေဒင် ၃-ပုံတို့၌ ကမ်း တဖက် ရောက်တတ် မြောက်သူဖြစ်၍အတုမဲ့ဗုဒ္ဓနှင့်စကြဝတေး မင်းတို့၏ ၃၂-ပါး သော လက္ခဏာတို့ကို ကောင်း စွာသိရှိထားသူဖြစ်သည်၊ ယင်း လက္ခဏာ ၃၂-ပါး တို့ကို မဟာပုရိသလက္ခဏာဟု ခေါ်သည်၊ ထိုလက္ခဏာ ၃၂-ပါး တို့ကို ဖော်ပြသော ဗေဒင်ကျမ်း ကိုလည်း မဟာပုရိသလက္ခဏာကျမ်း ဟုပင် ခေါ်တွင်သည်၊ ထိုမဟာပုရိသလက္ခဏာကျမ်း တွင် ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ သာဝကတို့၏လက္ခဏာများ ကိုအသေး စိတ် ဖော်ပြသောဗုဒ္ဓမန္တာန် ခေါ် ဂါထာပေါင်း ၁၆၀၀ ပါရှိသည်၊ ယင်း ဗုဒ္ဓမန္တာန်ကိုဗုဒ္ဓပွင့် တော်မူခါနီး တွင်သုဒ္ဓဝါသ ဗြဟ္မာတို့က ပုဏ္ဏား အသွင်ဖြင့်လာရောက်၍ ဗေဒင် ၃-ပုံ၌ထည့်သွင်း ပြီး ဗြဟ္မာတို့အား သင်ကြား ပေး ထား ကြသည်ဟုအဆိုရှိသည်။

အတုမဲ့ဗုဒ္ဓတို့ကား ဒုလွန်ပွင့် ပေါ် ခဲ့ကြသည်၊ ထို့ကြောင့် ပေါက္ခရသာတိ ပုဏ္ဏားသည် ဥက္ကဋ္ဌမြို့နှင့်မဝေး လှသော ဘြာဟ္မဏဂါမ်ပြင် တောအုပ်သို့ဗုဒ္ဓ ရောက်လာပြီဟု သောသတင်း စကား ကိုကြား ရ သောအခါ ဗုဒ္ဓဟုတ်လျှင် မိမိကိုယ်တိုင်သွား ရောက်ဖူး မြော်မည်ဟူ သောအကြံဖြင့် ရှေး ဦး စွာအမ္ဗဋ္ဌလုလင်ကိုအစုံစမ်း စေလွှတ်သည်၊ အမ္ဗဋ္ဌလုလင်အား ဗုဒ္ဓဟုတ်မဟုတ်စုံစမ်း နိုင် စေရန် မဟာပုရိသလက္ခဏာတို့ကိုလည်း အပြည့်အစုံသင်ကြား လွှတ်လိုက်သည်၊ သို့ရာတွင်မာနကြီး လှ သောအမ္ဗဋ္ဌလုလင်ကား ဗုဒ္ဓအထံ တော်သို့ ရောက် သောအခါမိမိဆရာဖြစ်သူက ပေး အပ်လိုက်သည့် တာဝန်ကို ဖြောင့် ဖြောင့်တန်း တန်း မဆောင်ရွက် သေး ဘဲ ဗုဒ္ဓအား မချေမငံ ပြုမူ ပြောဆိုသဖြင့် ဤအမ္ဗဋ္ဌသုတ် ဒေသနာဖြစ် ပေါ်လာ ရသည်၊ ဤအကြောင်းအရာကိုမှတ်တမ်း တင် သော သင်္ဂါယနာတင်မထေရ်တို့ကလည်း သုတ်၏နိဒါန်း အဖြစ်ဖြင့် အပြည့်အစုံပင် သင်္ဂါယနာတင် တော်မူခဲ့ကြသည်၊ သို့ဖြင့်ဤသုတ်သည်ပိဋကတ် ၃-ပုံတွင် အလွန်စိတ်ဝင်စား ဘွယ် ကောင်း သောထင်ရှား သည့်သုတ်တသုတ်ဖြစ်လာသည်။

ဤသုတ်တွင်ပါဝင်သည့်အရေး ကြီး သောအကြောင်း အရာအချို့ကို ကျမ်းဦး အမှာတွင်အ တော်အတန် ဖော်ပြခဲ့ပြီး ဖြစ်သည်၊ သို့ရာတွင်ဤသုတ်ပါအကြောင်းအရာတို့သည်အထူး စိတ်ဝင်စား ဘွယ်ရာ ကောင်း လှသည်ဖြစ်၍၊ ယခုတဖန်ထပ်မံ၍ဖြည့်စွက်ဖော်ပြလို ပေသည်၊ ဤသုတ်တွင်အမ္ဗဋ္ဌလုလင်က ဗုဒ္ဓကို အထင် သေး ၍ရိုင်း ပျ စော်ကားခြင်း ၊ ဗုဒ္ဓကသည်း ခံ ဖျောင်း ဖျ တော်မူခြင်း ၊ မာနကြီး လှ သော အမ္ဗဋ္ဌလုလင်ကိုတရား သဖြင့်ဆုံး မ၍၊ အနိုင်ယူ တော်မူခြင်း ၊ သာကီဝင်သမိုင်း၊ ကဏှာယနမျိုး၏

အစဉ်း ပုဂ္ဂိုလ်၊ ဗုဒ္ဓ၏ဘုန်း တန်ခိုး၊ ဝိဇ္ဇာစရဏတရား တော်တို့သည် ဗဟုသုတလိုလား သူများ အတွက်အလွန်စိတ်ဝင်စားဘွယ် ကောင်း သော အကြောင်းအရာများ ပင်ဖြစ်သည်။

အမ္ဗဋ္ဌလုလင်သည် ဗေဒပါရဂူဖြစ်ရုံသာမက ငါဗြဟ္မဏဟူသော ဇာတ်ဝါဒ အစွဲသန်လှသဖြင့် ဗုဒ္ဓအထံသို့ ရောက်သော့အခါဗုဒ္ဓ၏လက္ခဏာ ၃၂-ပါး တို့ကိုရှာ၍ ဗုဒ္ဓဟုတ်မဟုတ်မစုံစမ်းဘဲ ကန္နော့ပညာရှိလူကြီး လူကောင်း တို့၏စည်း ကမ်းကိုကျော်လွန်က ဗုဒ္ဓအား ရပ်လျက်ငင်း၊ စင်္ကြံသွား လျက်ငင်း၊ မလေး မခန့်စကား ပြောခဲ့သည်၊ ဗုဒ္ဓကိုသာကီဝင်မင်း မျိုး မှန်း သိလျက်သာကီဝင်တို့သည်၊ ခတ္တိယများ မဟုတ်ကြ၊ ဗြဟ္မဏတို့၏အလုပ်အကျွေး သူကျွယ်များ သာဖြစ်ကြသည်ဟု ၃-ကြိမ်တိုင် အောင် စော်ကား မော်ကား ရှုတ်ချ ပြောဆိုသည်၊ ဇာတ်ဝါဒစစ်ပွဲကိုဆင်နွှဲသည်၊ သို့ဖြင့် သူ့ဆရာ့ထံပြန် ရောက်၍ထိုအကြောင်း ကို ပေါက္ခရသာတိပုဏ္ဏား ကသိ သောအခါ အမ္ဗဋ္ဌလုလင်ကို ပက်လက်လန် အောင် ခြေနှင့်ကန်၍ဆုံး မခဲ့ရသည်။

ပေါက္ခရသာတိပု ရောဟိတ်ကား အလွန်ပညာရှိပါသည်၊ တပည့်ဖြစ်သူ အမ္ဗဋ္ဌလုလင်ကို ယင်း သို့ဆုံး မပြီး လျှင် မိမိအိမ်တွင်မွန်မြတ် သောခဲဘွယ် ဘောဇဉ်တို့ကိုသံဃာ တော် ၅၀၀ အတွက်လုံလောက် အောင်စီမံ၍ မီး ရှူး တန် ဆောင်တို့ကို ထွန်း ညှိ စေလျှက် ညဦး ယံအချိန်မှာပင် ရထား စီး ကာ ဗုဒ္ဓရှိရာ ဣစ္ဆာနင်္ဂလတော အုပ်သို့အလျင်အမြန်သွား ရောက်၍ ဗုဒ္ဓအား ဝန်ချ တောင်း ပန်သည်၊ ဗုဒ္ဓကလည်း အမ္ဗဋ္ဌလုလင်ချမ်း သာ စေဟု မေတ္တာ ဝေလျက်သည်း ခံ တော်မူသည်၊ ထိုနောက် ပေါက္ခရသာတိပုဏ္ဏား သည် ရဟန်း ၅၀၀ နှင့်တကွ၊ ဗုဒ္ဓကိုနက်ဖြန်အတွက်ဆွမ်းဖိတ်၍ ပြန်ခဲ့သည်၊ ဗုဒ္ဓအား ဆွမ်း ကပ်၍တရား တော်ကိုကြား နာရ သောအခါ သောတာပန် အဖြစ်သို့ ရောက်သည်။

ဤအမ္ဗဋ္ဌသုတ်သည်အမှန်စင်စစ်အား ဖြင့်ဗုဒ္ဓနှင့်ဗြာဟ္မဏတို့၏ ဝါဒစစ်ပွဲကြီး တပွဲကိုဆင်နွှဲရာသုတ်တသုတ်ဖြစ်သည်၊ ဗြဟ္မဏတို့၏ လက်ရုံး သဖွယ်ဖြစ် သော အမ္ဗဋ္ဌ လုလင်သည်ဗုဒ္ဓကိုထိုး စစ်ဆင်၍အပြင်း အထန်တိုက်ခဲ့သည်၊ ခံစစ်ဝါဒီဖြစ် သောအတုမဲ့ ဗုဒ္ဓကား ကျောက် တောင်ကြီး ပမာ မတုန်လှုပ် ရပ်တည်လျက် မေတ္တာကရုဏာဖြင့်သာ အမ္ဗဋ္ဌလုလင်ကိုအနိုင်ယူ တော်မူခဲ့သည်။

အမ္ဗဋ္ဌလုလင်သည်ကိစ္စတခုနှင့်ကပိလဝတ်ပြည်သို့ ရောက်စဉ်က မိမိအား သာကီဝင်တို့က မထီမဲ့မြင်ပြုလိုက်သည်ကိုရန်ငြိုး ဖွဲ့၍ ဗုဒ္ဓအား သူကျွယ်မျိုး သာဖြစ် သည်ဟု အမျိုး အနွယ်ကိုပင်ဇီပါး ၍ ပုတ်ခတ် ပြောဆိုသည်၊ ထိုအခါဗုဒ္ဓသည်သာကီဝင်သမိုင်း ကိုထုတ်ဖေါ်၍သာကီဝင်တို့ကား ခတ္တိယအနွယ်ဝင်များ သာဖြစ်ကြသည်ဟုငင်း၊ အမ္ဗဋ္ဌ၏အနွယ်ဖြစ် သောကဏှာယနမျိုး၏ ရှေးဦး ပုဂ္ဂိုလ်ကိုထုတ်ဖေါ်၍ အမ္ဗဋ္ဌသည်ကျွန်မျိုး ကျွန်နွယ်သာဖြစ်သည်ဟုငင်း မိန့်ဆိုတော်မူခဲ့သည်၊ ယင်း သို့မိန့်ဆိုခြင်း မှာ မိမိကို

သူကြွယ်မျိုး ဟုဆိုသောကြောင့် အမ္ဗဋ္ဌကိုကျွန်မျိုး ဟုပခံချင်သောသဘောဖြင့် ချေပပြောဆိုခြင်း မဟုတ်၊ ဟုတ်မှန်သည့်အတိုင်း မိန့်ဆိုတော်မူခြင်း သာဖြစ်သည်၊ ဗုဒ္ဓသည် လောဘ ဒေါသစသောကိလေသာအာသဝေါကုန်ခန်း၍ အာသဝက္ခယဉာဏ်ကိုရတော်မူသဖြင့် နတ်နှင့်တကွသောလူ့လောက၌ အရဟံသမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်ကိုခံယူတော်မူရသည်၊ မခံချင်တတ်သော ဒေါသစိတ်ကား ဗုဒ္ဓကဲ့သို့သောပုဂ္ဂိုလ်ကိုမဆိုထားဘိ၊ ရဟန္တာအောက်တဆင့်နိမ့်သောအနာဂါမ်ပုဂ္ဂိုလ်တို့မှာပင်အလျှင်း မရှိတော့ပြီ ၊ ဗုဒ္ဓသည်နှုတ်ဖြင့်သာဘိပါး ပြောဆိုသော အမ္ဗဋ္ဌလုလင်ကိုမဆိုထားဘိ၊ ကိုယ်ထိလက်ရောက်လက်နက်မျိုး စုံတို့ဖြင့်တိုက်ခိုက်သောမာရ်နတ်သား နှင့်အာဠာဝကဘီလူးတို့ကိုပင် မေတ္တာကရုဏာဖြင့်သာအနိုင်ယူတော်မူခဲ့သည်၊ မိမိကိုယ် သေကြောင်းကြံသော ဒေဝဒတ်အပေါ်၌လည်း သားတော်ရာဟုလာအပေါ်၌ထားသကဲ့သို့ မေတ္တာကရုဏာအပြည့်အဝထားတော်မူခဲ့သည်။

ဤသုတ်တွင်ဗုဒ္ဓ၏ ဘဂဝါဂုဏ်တော်နှင့်စပ်လျဉ်းသည့်အလွန်ထူးခြားသော အချက်တခုပါရှိသည်၊ အမ္ဗဋ္ဌလုလင်ကဗုဒ္ဓ၏တရားသဖြင့်မေးသောအမေးကိုနှစ်ကြိမ် မြောက်မေးသည်အထိမဖြေဘဲနေသောအခါ "အိုလုလင် - - - သင်သည် ငါ၏တရားသဖြင့်မေးသောအမေးကို ၃-ကြိမ်မြောက်မေး၍မှမဖြေလျှင် သင်၏ဦးခေါင်းသည် ဤနေရာ၌ပင် ၇-စိတ်ကွဲလိမ့်မည်ဟု ဗုဒ္ဓကမိန့်တော်မူခဲ့သည်၊ သို့ဖြင့်နှစ်ကြိမ်မြောက်မေးတော်မူသောအခါ ဝရဇိန်လက်နက်ကိုင် နတ်ဘီလူး ကောင်းကင်၌ ပေါ်လာသည်၊ ထိုနတ်ဘီလူးကိုဗုဒ္ဓနှင့်အမ္ဗဋ္ဌလုလင်တို့သာမြင်ကြရသည်၊ အခြားမည်သူမျှမမြင်ရပေ၊ ထိုအခါအမ္ဗဋ္ဌလုလင်သည် အလွန်ထိတ်လန့်သွားပြီး ဗုဒ္ဓမိန့်တော်မူသည့်အတိုင်း ဖြစ်လိမ့်မည်ဟုအတပ်သိ၍ ဗုဒ္ဓ၏အမေးကိုကောင်းစွာဖြေကြားသည်၊ ဤအချက်နှင့်ပတ်သက်၍အချို့ပုဂ္ဂိုလ်တို့က ဤသို့နတ်ဘီလူး ပေါ်လာခြင်း (ဝါ) သိကြားမင်း ကကူညီခြင်းကိုထည့်သွင်း ဖော်ပြသဖြင့်ဗုဒ္ဓမှာဂုဏ်တက်မလာဘဲကျဆင်း၍ပင် သွားသေးသည်၊ အမ္ဗဋ္ဌလုလင်ကသူ့အလိုအလျောက် ဖြေကြားသည်ဟုဆိုလျှင်သာ၍ ကောင်းလိမ့်မည်ဟုအကြံပြုကြသည်၊ ထိုပုဂ္ဂိုလ်တို့သည် ပထမသင်္ဂါယနာတင်ရဟန္တာအရှင်မြတ်များကို လွဲမှားစွာသုံးသပ်ဝေဖန်သူများသာဖြစ်ကြသည်။

ပိဋကတ်ပါဠိတို့တွင်ဤအဖြစ်မျိုး နှစ်နေရာ၌သာပါရှိသည်၊ အခြားတနေရာမှာ မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိ၊ စူဠသစ္စကသုတ်ဖြစ်သည်၊ ယင်းတွင်လည်း - အနတ္တပြဿနာနှင့်ပတ်သက်၍ ဗုဒ္ဓကသစ္စကပရိဗိုဇ်ကိုတရားသဖြင့်မေးမြန်းတော်မူရာတွင် သစ္စကပရိဗိုဇ်ကပြန်၍မဖြေသောအခါနှစ်ကြိမ်မြောက်၌ဝရဇိန်လက်နက်ကိုင် ဘီလူး ပေါ်လာသည်၊ ဗုဒ္ဓသည်ထိုသစ္စကပရိဗိုဇ်အားလည်း သုံးကြိမ်မြောက်မေးတော်မူ၍မှမဖြေလျှင်ဤနေရာပင်ဦးခေါင်း ၇-စိတ်ကွဲလိမ့်မည်ဟုမိန့်တော်မူခဲ့သည်။

ဤသို့ နောက်ဆုံး စကား မိန့်ကြား တော်မူရာ၌အကြောင်း တခု ရှိသည်၊ ဗုဒ္ဓသည်မည်သည့်ဒါမည်သည့်အကြောင်း နှင့်မျှမမှန် သောစကား ကိုဆို တော်မမူ၊ သို့ဖြင့်အမ္ဗဋ္ဌလုလင်က ဗုဒ္ဓ၏ ၃-ကြိမ်မြောက်အမေး ကိုမဖြေဘဲ ပေတေ တေလုပ်နေခဲ့လျှင် မုချပင်ဦး ခေါင်း ၇-စိတ်ကွဲရသည်၊ ယင်း သို့ကွဲခဲ့လျှင် ဗုဒ္ဓထံသို့ မည်သူမျှပြဿနာ မေး လာဝံ့တော့မည်မဟုတ်၊ ယင်း သို့မလာဝံ့ကြလျှင်လည်း ဗုဒ္ဓ၏ သာသနာပြုလုပ်ငန်း သည် အောင်မြင်သင့်သလောက် အောင်မြင် တော့မည်မဟုတ်ရုံ သာမက ဗုဒ္ဓကိုပင်လူအပေါင်း တို့က တမျိုး တမည်အထင်အမြင်မှား ကြပေလိမ့်မည်၊ သို့ဖြင့် လောကကို စောင့် သောနတ်သိကြား တို့ကမ နေသာ၍အာဏာစက်ဖြင့် ဗုဒ္ဓကို အကူအညီ ပေး ခဲ့ကြခြင်း သာဖြစ်သည်၊ ဤအစဉ်အလာအတိုင်း ပင်အသောကမင်း တရား ကြီး သည် ရဟန်း တုရဟန်း ယောင်တို့ကို မိမိအာဏာစက်ဖြင့်ဖယ်ရှား ၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿအား ဓမ္မစက်ဖြင့်သာသနာပြုရန်အား ပေးတော်မူခဲ့သည်။

အာဏာစက်ကား အာဏာတည်း ဟူသောလက်နက်၊ ဓမ္မစက်ကား တရား တည်း ဟူသောလက်နက်ဟုဆိုလိုသည်၊ ဤအရာ၌ စက် ( စက္က ) ဟူသောစကား သည် စက်ကဲ့သို့ဝန်း ဝိုင်း သောလက်နက်၊ ယင်း နှင့်အလား တူထက်မြက်ပြင်း ထန် သောလက်နက် ဟုအဓိပ္ပါယ်ရှိသည်။

ပိဋကတ် ၃ ပုံတွင်ဤအမ္ဗဋ္ဌသုတ်ကား အလွန်စိတ်ဝင်စား ဘွယ် ကောင်းသည့် သုတ်တသုတ်ဖြစ်သည်၊ ဤသုတ်တွင် အောက်ပါပြဿနာအဖြေများ ကိုလည်း ထင်ရှား စွာ တွေ့မြင်နိုင်ကြသည်။

၁။ ဇာတ် လေး မျိုး ရှိသည့်အနက်အဘယ်ဇာတ်သည်အမြင့်ဆုံးဖြစ်သနည်း။

၂။ သာကီဝင်မင်း မျိုး သည်အဘယ်သူမှ စခဲ့သနည်း ။

၃။ ဗေဒင်ကိုအဘယ်ပုဂ္ဂိုလ်တို့က စ၍ပြုစုခဲ့ကြသနည်း ။

၄။ သာသနာဖျက်ရသော ၄-မျိုး ကား အဘယ်နည်း ။

၅။ အတုမဲ့ဗုဒ္ဓမှန်လျှင်အဘယ်လက္ခဏာ များ နှင့်ပြည့်စုံရသနည်း ။

ဤသုတ်ကို လေ့လာရာ၌သတိပြုရမည့်အချက်တခုလည်း ရှိသေး သည်၊ ယင်းမှာ ဤသုတ်တွင်ဗုဒ္ဓသည်အမ္ဗဋ္ဌလုလင်အာဓိပ္ပါယ် ကောက်လွဲမည်စိုး ၍ သီလကိုစရဏဟု မဟောဘဲ သီလဟုသာ ဟောသည်၊ သမာဓိဈာန် ၄-ပါး ကိုသာ စရဏဟု ဟော တော်မူသည်၊ သီလလည်း စရဏတရား ပင်ဖြစ်သည်။

ဤသုတ်တွင်ဗုဒ္ဓသည်အမ္ဗဋ္ဌလုလင်က သာကီဝင်တို့သည်သူကျွန်များ သာဖြစ်ကြသည်ဟုဖိနှိပ် ပြောဆိုခြင်း ကိုအကြောင်း ပြု၍သာကီဝင်သမိုင်း ကိုထုတ်ဖော် ဟောကြား တော်မူခဲ့သည်၊ ယင်း သာကီဝင်သမိုင်း ကား အလွန်မှတ်သား စရာ ကောင်း သည်၊ ထို့ကြောင့် ယင်း သာကီဝင်သမိုင်း ကို အဋ္ဌကထာသရာကပြည့်စွက် ဖော်ပြ

ထား သည့်အတိုင်း ဤ နေရာတွင်အပြည့်အစုံ ဖော်ပြ ပေး ဦး မည်၊ ဗုဒ္ဓကား ယင်း သာကီဝင်သမိုင်း ကိုအကျဉ်း မျှသာ ဟော တော်မူခဲ့သည်။

<u>သာကီဝင်သမိုင်း</u>

ကမ္ဘာဦး မဟာသမ္မတမင်း ၏သား တော်ကား ရောဇမင်း ၊ ရောဇ မင်း ၏သား တော်ကား ဝရရောဇမင်း ၊ ဝရရောဇမင်း ၏သား တော်ကား ကလျာဏမင်း ၊ ကလျာဏမင်း ၏သား တော်ကား ဝရကလျာဏမင်း ၊ ဝရကလျာဏ မင်း ၏သား တော်ကား မန္ဓာတ်မင်း ၊ မန္ဓာတ်မင်း ( မန္ဓာတု ) ၏သားတော်ကား ဝရမန္ဓာတ်မင်း၊ ဝရမန္ဓာတ်မင်း ၏သား တော်ကား ဥပေါသထမင်း၊ ဥပေါသထ မင်း ၏သား တော်ကား ဝရမင်း ၊ ဝရမင်း ၏သား တော်ကား ဥပဝရမင်း ၊ ဥပဝရမင်း ၏သား တော်ကား မဃဒေဝမင်း ၊ မဃဒေဝမင်း ၏ နောက်၌ ကား မဃဒေဝမင်း မျိုး ( မဿဇိုင်း မျိုး ) မင်း ပေါင်း ၈၄၀၀၀၊ ထိုနောက် ဩက္ကာကမင်း မျိုး ၃-ဆက်အုပ်စိုး သည်။

ထိုမင်း ၃-ဆက်မှ တတိယ ဩက္ကာကမင်း အား ဟတ္ထာ ဟိတ္တိ ဇန္တု ဇာလိနီ ဝိသာခါ ဟူသော မိဖုရား ၅ ပါး တို့ရှိကြသည်၊ မိဖုရား တပါး ပါး တွင် မိန်းမ ၅၀၀-စီအခြံအရံ ရှိသည်၊ ထိုမိဖုရား တို့တွင်အကြီး ဆုံး ဟတ္ထာမိဖုရားမှ ဩက္ကာမုခ ကရကဏ္ဍု ဟတ္ထိနိက သိနိသူရ ဟူသောသား တော် ၄ ပါး ဖွား မြင်သည်၊ ဝိယာ သုပ္ပိယါ အနန္ဒာ ဝိဇိတာ ဝိဇိတသေနာ ဟူသောသမီး ၅-ပါး ဖွား မြင် သည်၊ ထိုမိဖုရား ကြီး သည်ယင်း သို့သား သမီး ၉- ယောက်တို့ဖွား မြင်ပြီးနောက် နတ်ရွာစံသွား ခဲ့သည်။

ထိုအခါစကား ပြောလျှင်ခံတွင်း မှမီး ဝင်း ဝင်း ထွက်သော ဩက္ကာကရာဇ်မင်း ကြီး သည်သား တော်တပါး ဖွား မြင်သည်၊ မိဖုရား သည်ထိုသား တော် က လေး ၅-ရက်သား အရွယ်သား တော်ကိုတန်ဆာဆင်ယင်၍ မင်း ကြီး အား ပြ သည်၊ မင်း ကြီး သည်နှစ်သက်ဝမ်း မြောက်သဖြင့်မိဖုရား အား လိုရာဆုကိုယူ လော့ ဟုဆု ပေး တော်မူသည်၊ ထိုအခါမိဖုရား သည်မိဘ ဆွေမျိုး တို့နှင့်တိုင်ပင်၍သားတော် အား မင်း အဖြစ်ကို ပေး တော်မူပါဟု တောင်း ခံသည်၊ မင်း ကြီး သည်လည်းထိတ်လန့် တကြား ဖြစ်၍ ``အယုတ်မ---ပျက် လေ လော့ သင်သည်ငါ့သား တော်ကြီး တို့ကိုအန္တ ရာယ်ပြုဘိသည်`` ဒြိမ်း ခြောက် တော်မူသည်၊ မိဖုရား လည်း မင်း ကြီး ကိုဆိတ်ကွယ် ရာအရပ်၌အဖန်ဖန်နှစ်သက်ဖွယ်ရာပြော ယောင်း ပြုလုပ်၍ ``အရှင်မင်း ကြီး-- မုသား စကား မပြော ကောင်း ပါ`` စသည်ဖြင့် ဖွေ ဖွေရာရာ ပြောဆို၍ထိုဆုကို သာအဖန်ဖန် တောင်း သည်။ ထိုအခါမင်း ကြီး သည်မတတ်နိုင် တော့သဖြင့်သား တော် ကြီး တို့ကို ခေါ်၍ `` ချစ်သား တို့---ငါသည်သင်တို့၏ညီငယ်ဇန္တုကိုမြင်ရသဖြင့်၊ဇန္တု၏ မယ်တော်မိဖုရား အား အဆောတလျင်ဆုကို ပေး ခဲ့သည်၊ ဇန္တုမယ် တော်ကားသူ့သား

အားမင်း စည်း စိမ်ကို ပေး ဖို့ တောင်း ဆိုသည်၊ သင်တို့သည်မင်္ဂလာဆင်၊ မင်္ဂလာမြင်း ၊ မင်္ဂလာရထား တို့ကိုချန်ထား ၍အလိုရှိသလောက်ဆင်မြင်း ရထား တို့ကိုယူ၍ သင့်ရာသို့သွား ကြကုန်၊ ငါနတ်ရွာစံ သောအခါမှလာ၍ မင်း ပြုကြကုန် ``ဟု မိန့်တော်မူပြီး လျှင် အမတ် ၈ ယောက်တို့ကိုအစောင့်အရှောက်ထည့်၍တခြား အရပ်သို့ စေလွှတ် တော်မူသည်။

ထိုမင်း သား ၄-ပါး တို့လည်း အထူး ထူး အပြား ပြား များ စွာငို ကြွေး မြည်တမ်း ၍ ``ခမည်း တော်ဘုရား ---အကျွန်ုပ်တို့မှာအပြစ်ရှိလျှင်သည်း ခံတော်မူပါ``ဟုခမည်း တော်ကြီး ကိုင၄င်း ၊ မိဖုရား မောင်း မတို့ကိုင၄င်း ၊ ကန်တော့တောင်း ပန်ပြီး စစ်အင်္ဂါ ၄-ပါး ခြံရံလျက်မြို့မှထွက်ကြသည်၊ ထိုအခါထိုမင်း သား တို့၏နှမတော်အရင်း ဖြစ်သောမင်း သမီး ၅-ပါး တို့လည်း ``အကျွန်ုပ်တို့သည် မောင်တော်တို့နှင့်အတူတကွသွား လိုကြပါသည်``ဟုမင်း ကြီး အား ခွင့် တောင်း လျှောက်ထား ၍မင်း သား တို့နှင့်အတူတကွလိုက်ပါသွား ကြသည်။ လူအများ တို့လည်း ``ဤမင်း သား တို့သည်ခမည်း တော်ကွယ်လွန် သောအခါလာ၍ မင်း ပြုကြလိမ့်မည်`` ငါတို့လည်း လိုက်သွား ၍မင်း သား တို့ကိုလုပ် ကျွေး ကြမည်``ဟု ပြောဆိုတိုင်ပင်၍ မင်း သား တို့နောက်သို့လိုက်ပါသွား ကြသည်၊ ယင်း သို့လိုက်ပါကြ သောစစ်သည်ဗိုလ်ပါအပေါင်း ကား အလွန်များ သည်ဖြစ်၍ ပထမ နေ့၌တယူဇနာမျှရှိသည်၊ ဒုတိယ နေ့၌ နှစ်ယူဇနာ၊ တတိယ နေ့၌ သုံး ယူဇနာရှိသည်၊ မင်း သား တို့လည်း `` ဗိုလ်ပါအပေါင်း ကား များ လှသည်၊အနီး အနား ရှိမင်း တပါး ပါး ကိုတိုက်ခိုက်၍တိုင်း ပြည်ကိုသိမ်း ယူလျှင်ရနိုင် လောက်သည်၊ သို့ရာတွင်သူတပါး တို့အား နှိပ်စက်သွင်း ပန်း မှုကိုပြုသဖြင့်အဘယ်အကျိုး ရှိအံ့နည်း ၊ ဤဇမ္ဗူ ဒိပ်ကျွန်း သည်များ စွာကျယ်ဝန်း သည်၊ တောအရပ်သို့သွား ၍မြို့သစ်တည်ကြမည်``ဟုညှိနှိုင်း တိုင်ပင်၍ဟိမဝန္တာသို့ ရှေး ရှုထွက်ခွာသွား ကြပြီး မြို့ရာကိုရှာကြသည်။

ထိုအချိန်အခါတွင်ငါတို့ဘုရား လောင်း သည်ဗြဟ္မဏမဟာသာလမျိုး ၌ဖြစ်၍ ကပိလပုဏ္ဏား ဟုအမည်တွင်သည်၊ ထိုကပိလပုဏ္ဏားသည်ရသေ့ရဟန်း ပြု၍ဟိမဝန္တာတောင်၏နံပါး ရေကန်တကန်၏ကမ်း နား ၌တည်ရှိ သောကျွန်း တောကြီးတွင်ကျောင်း သခ်မ်း ပြုလုပ် နေထိုင်သည်။ ထိုကပိလရသေ့ကား ဘူမိဇာလအမည်ရှိ သောအတတ်ကို တတ်ကျွမ်း သည်၊ ထိုအတတ်ပညာဖြင့်အထက် ကောင်း ကင်၌အ တောင် ၈၀အမြင့်တိုင်အောင်၊ မြေ အောက်သို့လည်း အ တောင် ၈၀ တိုင် အောင်အရပ် ဒေသ၏အကျိုးအပြစ် ကိုသိပြင်သည်၊ ထိုကျွန်း တောကြီး ဟု နေရာ၌မြက်ချုံနွယ်တို့သည်လက်ျာရစ်လှည့်၍အရှေ့ဖက်သို့ ရှေး ရှုပေါက်ကြသည်၊ ကြ သော့် ကျား စ သောသား ရဲတို့သည် သပင်ဝက်တို့ကိုလိုက်လျှင်သော်၄င်း ၊ မြွေ ကြောင်တို့သည်ဖား ကြွက်တို့ကိုလိုက်လျှင် သော်၄င်း ၊ ထိုအရပ်သို့ ရောက်လျှင်မလိုက် နိုင်ကြ၊ ထိုအစာဖြစ် သောသပင်ဝက်ဖား ကြွက်တို့ကပင်ပြန်၍ခြိမ်း

ခြောက်ကြသဖြင့်ထိုခြသေ့ ကျား မြွေ ကြောင်တို့သည် ကြောက်လန့်၍ နောက်သို့ပြန်၍ ဆုတ်ကြရသည်၊ ထိုကပိလရသေ့သည်ထိုအခြင်းအရာကိုမြင်လျှင် ``ဤနေရာကား မဟာပထဝီမြေကြီး၏အထွတ်အမြတ်နေရာဖြစ်သည်`` ဟုသိ၍ထိုနေရာတွင် ကျောင်းသင်္ခမ်း ဆောက်၍ နေထိုင်သည်။

ထိုမင်းသားတို့သည်မြို့နေရာရှာယင်း ထိုရသေ့ကျောင်းသို့ဆိုက်ရောက်သွားကြသည်၊ ကပိလရသေ့လည်း မင်းသားတို့ကို မေးမြန်း၍မြို့နေရာရှာကြောင်းကိုသိရလျှင် ``ဤကျောင်းသင်္ခမ်းတည်ရာဌာန၌မြို့တည်ရလျှင် ဇမ္ဗူဒိပ်၌အမြတ်ဆုံးမြို့ဖြစ်လိမ့်မည်၊ ဤမြို့၌ဖွားမြင်သော ယောကျ်ားတယောက်သည်အခြား ယောကျ်ား တရာတထောင်ကိုလည်း လွှမ်းမိုးနိုင်သူဖြစ်လိမ့်မည်၊ ဤအရပ်၌မြို့ကည့်ကြလော့၊ ကျောင်းသင်္ခမ်းနေရာ၌နန်းတော်ဆောက်ကြလော့၊ ဤနေရာ၌ရပ်တည်သော ယောကျ်ားသည်ဒွန်းစဏ္ဍားသားပင်ဖြစ်သော်လည်း စကြဝတေးမင်း၏အင်အားဖြင့်အလွန်မြတ်သူဖြစ်လိမ့်မည်`` ဟုမိန့်ဆိုသည်၊ မင်းသားတို့က ``အရှင်ဘုရား---ဤနေရာသည်အရှင်မြတ်၏သီတင်းသုံးရာဌာနမဟုတ်ပါလော`` ဟုလျှောက်ကြရာ ရသေ့လည်း ``ငါ့နေရာဖြစ်ပေသည်ဟုမအောက်မေ့ကြလင့်၊ ငါ့အတွက်နံပါး တဖက်၌ကျောင်းသင်္ခမ်းဆောက်၍ဤနေရာ၌မြို့တည်ပြီး ကပိလဝတ္ထုဟုအမည်မှည့်ကြကုန်`` ဟုတိုက်တွန်းသည်၊ မင်းသားတို့လည်း ရသေ့ဆိုတိုင်း မြို့တည်၍စံနေကြသည်။

သို့ဖြင့်မင်းသားတို့သည်အရွယ်ရောက်လာကြသည်၊ ထိုအခါအမတ်တို့သည် ``ဤမင်းသားတို့ကား ယခုအရွယ်ရောက်ကြပြီ၊ ဤမင်းသားတို့၏ခမည်းတော်သာအနီးအနား၌ရှိလျှင်ထိမ်းမြားမင်္ဂလာပြုပေးရာသည်၊ ယခုကား ငါတို့၏တာဝန်သာဖြစ်တော့သည်`` ဟုတိုင်ပင်ကြသည်။ မင်းသားတို့လည်း ``ငါတို့နှင့်အမျိုးဇာတ်တူသောမင်းသမီးတို့ကိုမတွေ့မြင်ရ၊ နှမတော်တို့နှင့်အမျိုးဇာတ်တူသော မင်းသားတို့ကိုလည်း မတွေ့မြင်ရ၊ အမျိုးဇာတ်မတူဘဲ ပေါင်းသင်းကြလျှင်လည်း ငါတို့၏သားသမီးတို့သည်အမိဖက်မှဖြစ်စေ၊ အဖဖက်မှဖြစ်စေ၊ မစင်ကြယ်ဖြစ်၍ - အမျိုးဇာတ်ပျက်ခြင်းသို့ရောက်ကြလိမ့်မည်၊ ထို့ကြောင့်ငါတို့သည်နှမတော်တို့နှင့်အတူ တကွပေါင်းသင်းခြင်းကိုသာနှစ်သက်ကြသည်`` ဟုပြောဆို၍အမတော်အကြီးဆုံးကို အမိအရာ၌ထားပြီးလျှင်ဇာတ်ပျက်မည်မှကြောက်သောကြောင့်ကျန်သောနှမတော် တို့နှင့်ပေါင်းသင်းကြသည်။

နောက်အခါ၌ထိုမင်းသားပင်းသမီးတို့သည်သားသမီးတို့ဖြင့်တိုးပွား စည်ပင်လာကြသည်၊ အကြီးဆုံးဖြစ်သောမင်းသမီးကား ကိုယ်တွင်နူနာရောဂါ စွဲကပ်၍တကိုယ်လုံးတွင်ကသစ်ပွင့်အဆင်းကဲ့သို့နီနေသည်။ ထိုအခါမင်းသားတို့သည် ဤမင်းသမီးနှင့်အတူတကွနေထိုင်စားသောက်လျှင်ရောဂါကူးစက်တတ်သည်ဟုကြံ၍ တနေ့တွင်ဥယျာဉ်ကစားထွက်မည့်ကဲ့သို့ထိုမင်းသမီးကိုယာဉ်၌တင်ပြီး တောသို့ခေါ် ဆောင်သွားကြသည်။ တောအရပ်သို့ရောက်သောအခါမြေတွင်ဂေရကန်သဖွယ်တူးပြီး

လျှင်ခဲဘွယ်ဘောဘဉ်တို့နှင့်တကွထိုမင်းသမီးကိုထည့်သွင်း၍ဇိဂ်သဖွယ်ပျဉ်ချပ်များဖုံးကာအပေါ်က မြေဖို့သွားခဲ့ကြသည်။

ထိုအချိန်တွင်ဗာရာဏသီပြည်ရာမမင်းသည်နူနာရောဂါစွဲကပ်သဖြင့်ကရွေသည့်မောင်းမအပေါင်းတို့ကနှာခေါင်းရှုံ့ကြသည်ကိုမခံလိုသဖြင့်သားတော်ကြီးအားတိုင်းပြည်ကိုအပ်နှင်း၍တောသို့ဝင်ခဲ့သည်။ ထိုရာမမင်းသည်ထိုဟိမဝန္တာတောင်ခြေအရပ်၌ကျောင်းသခမ်းဆောက်လုပ်နေထိုင်လျက်သစ်မြစ်သစ်သီးတို့ကိုသာစားသဖြင့်ပကြာမီပင်ရောဂါပျောက်ကင်း၍ရွှေအဆင်းကဲ့သို့အဆင်းလှပသည်။ ထိုရာမမင်းသည်ဤမှထိုမှလှည့်လည်သွားလာယင်းအခေါင်းရှိသောသစ်ပင်ကြီးတပင်ကိုတွေ့ရှိသဖြင့်ထိုသစ်ခေါင်းအတွင်း၌ ၁၆-တောင်ရှိသောအရပ်ကိုသုတ်သင်၍တခါးပေါက်ပြတင်းပေါက်တို့ကိုပြုလုပ်ပြီးလှေကားတပ်၍ထိုသစ်ခေါင်း၌နေထိုင်သည်။ ထိုရာမမင်းသည်၊ မီးအိုးကင်း၌မီးထည့်ပြီးညအခါ၌သမင်ဝက်စသည်တို့၏အသံကိုနားထောင်၍ဇိပ်သည်၊ ဤမည်သောအရပ်၌ခြင်္သေ့ကအသံပြုသည်၊ ဤမည်သောအရပ်၌ကျားကအသံပြုသည်၊ ဟုမှတ်၍နံနက်မိုးသောက်သောအခါထိုအရပ်သို့သွား၍ခြင်္သေ့ကျားတို့၏စားကြွင်းအသားတို့ကိုယူပြီးချက်ပြုတ်စားသောက်သည်။

တနေ့သောအခါထိုနံနက်မိုးသောက်တွင်ရာမမင်းသည်မီးအိုးထင်း၌မီးထည့်၍ထိုင်နေစဉ်ဇိန်းမအသံတသံကိုကြားရသည်၊ ထိုအသံကားမင်းသမီး၏ကိုယ်နံ့ဖြင့်ကျားတကောင်ရောက်လာပြီးမင်းသမီးနေရာအထက်ကမြေကိုယက်သဖြင့်ပျဉ်အကြား၌အပေါက်ဖြစ်လာသည်၊ မင်းသမီးသည်ထိုအပေါက်အကြားမှကျားကိုမြင်ရသဖြင့်ကြောက်လန့်တကြားအော်လိုက်သောအသံဖြစ်သည်။ ရာမမင်းသည်ထိုအသံကားဇိန်းမအသံဖြစ်သည်ဟုမှတ်သား၍နံနက်စောစောကပင်ထိုအရပ်သို့သွားရောက်ရှာဖွေပြီးဤသို့မေးမြန်းသည်။

``ဤအရပ်၌မည်သူနည်း``

``အရှင်---ဇိန်းမသားဖြစ်ပါသည်``

``အဘယ်အမျိုးဇာတ်ရှိသူဖြစ်သနည်း``

``ပြဿကရာဇ်ပင်းကြီး၏သမီးတော်ဖြစ်ပါသည်``

``တွင်းထည်းမှထွက်ခဲ့လော့``

``အရှင်---မထွက်နိုင်ပါ``

``အဘယ့်ကြောင့်နည်း``

``အကျွန်ုပ်မှာအရေပြားရောဂါရှိပါသည်``

ထိုအခါရာမမင်းသည်အလုံးစုံသောအဖြစ်သနစ်ကိုမေးမြန်းပြီးနောက်ခတ္တိယမာန်ဖြင့်မထွက်လိုသောမင်းသမီးအားငါလည်းခတ္တိယပင်ဖြစ်သည်ဟုပြောကြား၍လှေကားကိုချပေးပြီးမင်းသမီးကိုတွင်းတည်းမှထုတ်ဆောင်၍မိမိနေရာ

သစ်ခေါင်းသို့ ခေါ်သွားသည်။ ထိုနောက် မိမိစားသုံးသော ဆေးတို့ကို ပေးသဖြင့် မကြာမီပင် ရောဂါပျောက်ကင်း၍ ရွှေအဆင်း နှင့်တူသော အဆင်း ရှိသော မင်းသမီး နှင့် ပေါင်းသင်း နေထိုင်သည်၊ ထိုမင်းသမီးသည် ရှေးဦး စွာ ပေါင်းသင်းခြင်း ဖြင့်ပင် ကိုယ်ဝန်ရ၍ သား နှစ်ယောက် မွေး ဖွား သည်။ နောက်တကြိမ်လည်း သား နှစ်ယောက် မွေး ဖွား သည်။ ဤနည်း ဖြင့် ၁၆-ကြိမ်အမွှာချည်းမွေးဖွား သဖြင့် မင်း သား ညီနောင် ၃၂-ယောက်ဖြစ်လာသည်။ ထိုမင်း သား တို့ အစဉ်အတိုင်း အရွယ် ရောက် သောအခါ ခမည်း တော်ရာမမင်း က အလုံး စုံ သော အတတ်ပညာတို့ကို သင် ပေး သည်။

တနေ့ သောအခါ ရာမမင်း စိုး စံခဲ့ သော ဗာရာဏသီမြို့မှ မုဆိုး တယောက်သည် တောင်ပေါ်၌ ရတနာတို့ကို ရှာဖွေယင်း ရာမမင်း ကို တွေ့ရာ ကောင်း စွာမှတ်မိသဖြင့် ``အကျွန်ုပ်အရှင်မင်း မြတ်ကို သိပါသည်`` ဟု လျှောက်သည်၊ ရာမမင်း လည်း ထိုမုဆိုး ကိုအကြောင်း မျိုး စုံ မေး မြန်း သည်၊ ထိုခဏမှာပင် မင်း သား ငယ်များ ရောက်လာကြသဖြင့် မုဆိုး က ``ဤသူငယ်တို့ကား အဘယ်သူတို့ပါ နည်း ``ဟု မေး လျှောက်သည်၊ ရာမမင်း က `` ငါ့သား တော်များ ဖြစ်ကြသည်``ဟု မိန့်ဆိုလျှင် ထိုမင်း သား တို့၏ မယ်တော့်အမျိုး အနွယ်ကိုပါ မေး မြန်း လျှောက်ထား ပြီး `` ငါကား ယခုအခါစကား လက်ဆောင်ရခဲ့ပြီ ``ဟု ဗာရာဏသီမြို့သို့ပြန်သွား၍ ထိုအကြောင်း အရာကိုသား တော်မင်း တရား အား လျှောက်ထား သည်၊ သားတော်မင်း တရား လည်း ထိုစကား ကိုကြား လျှင် ခမည်း တော်ကို ခေါ် ဆောင်မည်ဟုကြံ၍ စစ်အင်္ဂါ ၄-ပါး တို့နှင့်တကွ ထိုအရပ်သို့သွား ပြီး လျှင်ခမည်း တော်ကိုရှိခိုး ၍ `` ခမည်း တော်မင်း မြတ်---မင်း စည်း စိမ်ကိုလက်ခံ တော်မူပါ``ဟု တောင်းပန် သည်၊ ရာမမင်း လည်း `` ချစ်သား ---မင်း စည်း စိမ်ကိုငါမလိုချင်ပြီ ငါနေ ပြည် တော်သို့ မပြန်ပြီ၊ ဤအရပ်၌ပင်ဤသစ်ပင်ကိုပယ်၍ ငါ့အတွက်မြို့တည် ပေး လော့``ဟု မိန့် တော်မူသည်။

သား တော်မင်း တရား လည်း ရာမမင်း အမိန့်ရှိသည့်အတိုင်း မြို့တည်၍ ကောလပင်ကိုဖယ်ရှား ၍တည်အပ် သော ကြောင့် ကောလမြို့၊ ကောလိယမြို့ဟူ၍၎င်း၊ ကျား တို့၏သွား လာရာလမ်း ၌တည်အပ် သော ကြောင့် ဗျဂ္ဃပဇ္ဇမြို့ဟူ၍ ၎င်း ထိုမြို့ကို မော်ကွန်း ထိုး ပြီး နောက် ခမည်း တော်ကိုရှိခိုး ၍ မိမိမြို့သို့ပြန်သွား သည်။

ထိုနောက်အရွယ် ရောက် သောမင်း သား တို့ကိုမယ် တော်က ဤသို့ ပြောဆို သည်။ ချစ်သား တို့---သင်တို့အား ကပိလဝတ်ပြည်၌ နေ သော သကျသာကီဝင် ဦး ရီး တော်များ ရှိကြသည်။ သင်တို့၏ ဦး ရီး တော်တို့၏သမီး တော်တို့ကား ဆံပင် ကိုဤသို့ဤ ပုံထုံး ကြဖွဲ့ကြသည်၊ အဝတ်အစား ကို ဤသို့ဤ ပုံဝတ်ဆင်ကြသည်၊ ထိုဦး ရီး တော် သမီး များ ရေချိုး ဆိပ်သို့လာ သောအခါ သင်တို့နှစ်သက်ရာမင်း သမီး ကိုယူကြကုန်။

ထိုစကားကိုကြားရသောအခါ မင်းသားတို့လည်း မင်းသမီးများ ရေချိုးရာ ရေကန်သို့သွား၍ စောင့်နေကြပြီး မင်းသမီးများ ရေချိုး၍သံပင်ကိုဖြန့်လှမ်း နေကြသောအခါ ကြိုက်ရာမင်းသမီးကိုထမ်းယူ၍ မိမိအမည်ကို ပြောကြားသွားသည်။ သကျသာကီဝင်မင်းတို့လည်း ထိုအကြောင်းကိုကြားသိရသောအခါ ``အချင်းတို့---ရှိစေတော့၊ ထိုမင်းသားတို့သည် ငါတို့ဆွေမျိုးများ ပင်ဖြစ်ကြသည်``ဟု ဆို၍ဆိတ်ဆိတ်သာ နေလိုက်ကြသည်။

ဤကား သကျသာကီဝင်နှင့် ကောလိယမင်းမျိုးတို့၏အထုပ္ပတ္တိဖြစ်သည်။ဤသို့လျှင် သကျသာကီဝင်နှင့် ကောလိယမင်းမျိုးတို့သည် အချင်းချင်း ထိမ်းမြားမင်္ဂလာ ပြုခဲ့ကြရာ ဗုဒ္ဓခေတ်တိုင်အောင် အစဉ်အဆက်မပြတ်ဖြစ်ခဲ့သည်။

## ၄။ သောဏဒဏ္ဍသုတ်နိဒါန်း

သီလက္ခန္ဓဝဂ္ဂပါဠိတော်၏ စတုတ္ထသုတ်မှာ သောဏဒဏ္ဍသုတ်ဖြစ်သည်။ သောဏဒဏ္ဍ သုတ်ဆိုသည်မှာ သောဏဒဏ္ဍအား ဟောကြားတော်မူခဲ့သောသုတ်ဟုဆိုလိုသည်။ သင်္ဂါယနာတင်မထေရ်တို့သည် ဤသုတ်ကိုအမည်ပေးရာ၌ အမ္ဗဋ္ဌသုတ်ကိုအမည်ပေး သကဲ့သို့ ပြဿနာမေး လျှောက်သူ၊ ငါ၊ တရားတော်ကိုနာယူသူ၏အမည်ဖြင့်ပင် - သောဏဒဏ္ဍသုတ်ဟုအမည်ပေးတော်မူခဲ့ကြသည်။

ဗုဒ္ဓသည် အင်္ဂတိုင်း စမ္ပါမြို့ဂဂ္ဂရာရေကန်အနီး စကားတောတွင်သီတင်း သုံးတော်မူစဉ် သောဏဒဏ္ဍပုဏ္ဏားကိုအကြောင်းပြု၍ဤသုတ်ကို ဟောကြားတော် မူခဲ့သည်။ စမ္ပာမြို့သည် ဗုဒ္ဓခေတ်တွင် မဂဓတိုင်းရာဇဂြိုဟ်မြို့တော် ဗိမ္ဗိသာရ မင်းကြီးအစိုးရသောအရပ်မြို့ငယ်ဖြစ်ခဲ့သော်လည်း နောင်တခေတ်တွင်အင်္ဂတိုင်း ၏မြို့တော်ဖြစ်ခဲ့ဘူးသည်။ စမ္ပာမြို့ကို မြန်မာစာပေတွင် စမ္ပာနဂိုရ်မြို့ဟု ရေး လေ့ရှိကြသည်။ နဂိုရ်-ကား နဂရဟူသောပါဠိစကားကိုပြုပြင်သုံးနှုန်းထားသော စကားဖြစ်၍ မြို့ဟုပင်အဓိပ္ပါယ်ရှိသည်။ထိုမြို့သည်ယခုအခါအိန္ဒိယပြည် ဘဂလ်ပူမြို့၏ အနောက်ဘက် ၂၄-မိုင်ခန့်အကွာတွင်ရှိသောရွာနေရာများ၌တည်ရှိခဲ့သည်၊ ထိုမြို့ တွင် သာယာကြည်နူးဖွယ်ကောင်းသော ရေကန်ကြီးတကန်ရှိရာ ထိုရေကန်ကို တူးဖော်စေခဲ့သူ ဂဂ္ဂရာ မိဖုရားကိုအစွဲပြု၍ ဂဂ္ဂရာရေကန်ဟုယခုတိုင်ခေါ် တွင်သည်။ ဗုဒ္ဓသည်ထိုရေကန်အနီး ရှိစကားတော၌သီတင်းသုံးတော်မူခိုက်တွင် ဤသုတ်ကို ဟောကြားတော်မူခဲ့သည်။

ဗုဒ္ဓသည်တရားဒေသနာများကိုမိမိအလိုအလျှောက်လည်း ဟောကြား တော်မူသည်၊ ပြဿနာမေးလျှောက်ကြသဖြင့်လည်း ဟောကြားတော်မူသည်၊ ရဟန်း တို့တွင်စကားဖြစ်ပေါ်လာသဖြင့်လည်း ဟောကြားတော်မူသည်၊ ရဟန်းတို့တွင် အကြောင်းအရာကခုခုဖြစ်ပေါ်လာသဖြင့်လည်း ဟောကြားတော်မူသည်၊ရဟန်းတို့

တွင်မလျော်ကန်သည်ကို တွေ့မြင်ရသဖြင့်လည်း ဟောကြားတော်မူသည်၊ ဤသို့အမျိုးမျိုးသောအကြောင်းဖြင့်တရားဒေသနာကို ဟောကြားတော်မူခဲ့ရာ၊ ဤသောဏဒဏ္ဍသုတ်ကိုကား ဗုဒ္ဓ၏အလိုတော်အတိုင်း ဟောတော်မူခဲ့သည်ဟုဆိုနိုင်သည်၊ ဗုဒ္ဓသည်မိမိထံသို့ရောက်လာသော သောဏဒဏ္ဍပုဏ္ဏား၏ စိတ်အလိုကိုသိတော်မူသဖြင့် သူ့အကြိုက်သို့လိုက်၍ ဗြဟ္မဏတို့၏အင်္ဂါများကိုစကားစ၍မေးတော်မူပြီး မှတိုစကားစကိုယူ၍ မိမိဟောလိုသော သီလပညာတရားကို သောဏဒဏ္ဍပုဏ္ဏားအား ဟောကြားတော်မူခဲ့သည်။

ဤသောဏဒဏ္ဍပုဏ္ဏားကား ဗေဒပါရဂူဗြဟ္မဏပါမောက္ခတို့တွင်ထူးခြားလှသောပုဂ္ဂိုလ်တယောက်ဖြစ်သည်၊ ဗေဒကျမ်းတို့ကိုလည်း အခြားပါရဂူတို့ကပင် ရိုသေလေးစားလောက်အောင်တတ်မြောက်သည်၊ ပေါက္ခရသာတိပုဏ္ဏားကပင်ရိုသေလေးစားရသူဖြစ်သည်၊ စိတ်ကောင်းနှလုံးကောင်းလည်းရှိသည်၊ သောဏဒဏ္ဍပုဏ္ဏားသည် သူ့မြို့တွင်ရောက်ရှိနေကြသောဗြဟ္မဏ ၅၀၀-တို့က ဗုဒ္ဓထံမသွားရန်ဖျက်ကြသော်လည်း နိုင်လုံဖွယ်အကြောင်းပြ၍ ဗုဒ္ဓထံသို့သွားခဲ့သည်၊ သောဏဒဏ္ဍပုဏ္ဏားသည် ဗေဒပါရဂူဖြစ်ရုံသာမက စကားအရာ၌လိမ္မာသူလည်းဖြစ်သည်၊ အခြားဗြဟ္မဏတို့က သူ၏ဂုဏ်ပုဒ်တို့ကိုထုတ်ဆောင်၍ ဗုဒ္ဓထံမသွားထိုက်ဟုအကြောင်းပြကြသောအခါ သူက ဗုဒ္ဓ၏ဂုဏ်ပုဒ်တို့ကိုထုတ်ပြ၍ ဗုဒ္ဓထံသွားသင့်ကြောင်း အဆိုပြုသည်၊ သောဏဒဏ္ဍပုဏ္ဏားသည် လူမှုရေးရာ၌လွန်စွာလိမ္မာကျွမ်းကျင်သူဖြစ်သည်၊ ထို့ကြောင့်ပင် ဗေဒပါရဂူချင်း အတူတူဖြစ်သော်လည်း အခြားပါရဂူတို့က သူ့ကိုအထူးလေးစားကြည်ညိုကြသည်၊ ဗုဒ္ဓ၏တရားကိုကြားနာရသဖြင့် ဥပါသကာအဖြစ်ကို ဗုဒ္ဓအားလျှောက်ထားရာတွင် လောကရေးရာတွင်၊ ဝါ၊ လူမှုရေးရာတွင်မည်မျှလိမ္မာပါးနပ်ကြောင်း ပေါ်လွင်ထင်ရှားသည်၊ သူပရိသတ်၌ထိုင်နေစဉ် ဗုဒ္ဓကိုလက်အုပ်ချီလိုက်ပါက ဗုဒ္ဓအား နေရာမှထ၍ခရီးဦးကြိုပြုသည်ဟုမှတ်တော်မူပါ၊ ပရိသတ်တွင်ရှိနေစဉ် ခေါင်းပေါင်းကိုချွတ်လိုက်ပါက ဗုဒ္ဓအား ဦးခေါင်းသွတ်ကျိုး ရှိခိုးသည်ဟုမှတ်တော်မူပါ၊ ယာဉ်ပေါ်၌ရှိနေစဉ် နှင်တံကိုမြှောက်လိုက်ပါက ယာဉ်မှဆင်း၍အရိုအသေပြုသည်ဟုမှတ်တော်မူပါ၊ ယာဉ်ပေါ်၌ရှိနေစဉ်ထီးကိုရုပ်သိမ်းလိုက်ပါက ဦးခေါင်းသွတ်ကျိုး ရှိခိုးသည်ဟုမှတ်တော်မူပါ-ဟု သောဏဒဏ္ဍပုဏ္ဏားက ဗုဒ္ဓအားလျှောက်ထားသည်။ ဤလျှောက်ထားချက်ကို ထောက်ထား၍ အရှင်မဟာဗုဒ္ဓဃောသမထေရ်က ဤပုဏ္ဏားသည်အလွန်ဟန်ဆောင်ကောင်းသူဖြစ်သည်၊ သူ့လိုဟန်ဆောင်ကောင်းသောပုဂ္ဂိုလ်ကား အလွန်ရှားသည်ဟုမှတ်ချက်ချခဲ့သည်။

ဤသို့လျှောက်ထားရာ၌ သူရထားစီးလျက်ရှိစဉ်နှင်တံကိုမြှောက်လိုက်ပါကယာဉ်ရထားမှဆင်း၍အရိုအသေပြုသည်ဟုမှတ်တော်မူပါဟု လျှောက်သည့်အတိုင်း - သူ့ကိုင်စွဲသောနှင်တံမှာ ရွှေနှင်တံဖြစ်စရာအကြောင်းရှိသည်၊ ယင်းသို့ရွှေနှင်တံကိုကိုင်စွဲလေ့ရှိသောကြောင့်သူကို သောဏဒဏ္ဍဟု ခေါ်ကြခြင်းဖြစ်ရသည်၊

သောတာဒတ္တဟူသောစကား၌ သောတ-ကား ရွှေဟုအဓိပ္ပါယ်ရှိသည်၊ ဒတ္တကား ဒုတ်တံဖျားဟုအဓိပ္ပါယ်ရှိသည်။

သောတာဒတ္တပုဏ္ဏားသည် ဗုဒ္ဓ အင်္ဂတိုင်း၌ ဒေသစာရီလှည့်လည်တော်မူယင်း စမ္ပာမြို့သို့ ရောက်လာသည်ဟုကြားသိရသောအခါသူ၏အပေါင်းအသင်း ပြဟ္မဏတို့က ဗုဒ္ဓထံမသွားရန် ပြောဆိုကြသော်လည်း မနေဘဲ ဗုဒ္ဓထံသို့သွားရောက် ဖူးမြော်ခဲ့သည်၊ သူဗုဒ္ဓထံသို့သွားရောက်ခြင်းမှာ ပေါ်နှရသာတိပုဏ္ဏားစသော အခြားပြဟ္မဏတို့သွားရောက်ပုံနှင့်မတူ၊ အခြားပြဟ္မဏတို့သည် ဗုဒ္ဓဟုတ် မဟုတ် ကိုစုံစမ်းလို၍ သော်၎င်း၊ ပြဿနာမေးလို၍ သော်၎င်း၊ ဝါဒပြိုင်လို၍ သော်၎င်း၊ သွားရောက်လေ့ရှိကြသည်။ သောတာဒတ္တပုဏ္ဏားကားယင်းအကြောင်းများ ကြောင့်ဗုဒ္ဓထံသို့သွားရောက်ခြင်း မဟုတ်၊ မိမိတို့မြို့ရွာသို့ကြွရောက်လာသော ဗုဒ္ဓ ကဲ့သို့သောရဟန္တာသူတော်သူမြတ်ကိုဖူးမြော်ရခြင်းသည် ကောင်းမြတ်သည်၊ မင်္ဂလာ ရှိသည်ဟုယုံကြည်၍သွားရောက်ခြင်းသာဖြစ်သည်၊ ဤအချက်သည်သူ၏စိတ် ကောင်းနှလုံး ကောင်းရှိပုံကို ကောင်းစွာဖော်ပြနေပေသည်။

သောတာဒတ္တပုဏ္ဏားသည်ပြဟ္မဏ၏ခံတွင်းမှ မွေးဖွားသည်ဟုသောပြဟ္မဏ အာဘတ်ဝေဒပါရဂူဟူသောအတတ်ပညာဂုဏ်တို့ဖြင့် ထိုခေတ်ကခတ္တိယတို့အပေါ်၌ပင် ကြီးစွာလွှမ်းမိုးခဲ့သောထိပ်တန်းပြဟ္မဏတယောက်ဖြစ်သော်လည်း ဗုဒ္ဓအထံတော်သို့ ရောက်သောအခါဗုဒ္ဓနှင့်အပြိုင်အဆိုင် အတိုက်အခံငြင်းခုံပြောဆိုရန်မကြံဘဲ ဗုဒ္ဓ ဟောကြားသည့်တရားကိုသာနာယူရန်ဆန္ဒရှိခဲ့သည်၊ ဗုဒ္ဓကသူအားစကားပြော လျှင် သူတတ်ကျွမ်းသောဝေဒ ၃-ပုံနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးပါစေ ဟုသာကြံစည်စိတ်ကူးသည်၊ အမှန်အားဖြင့် သောတာဒတ္တပုဏ္ဏားသည် ဗုဒ္ဓ၏ပညာ ဂုဏ်ကိုအကြွင်းမဲ့ယုံကြည်ပြီးဖြစ်သည်၊ ထို့ကြောင့်ပင် သောတာဒတ္တပုဏ္ဏားသည် ဗုဒ္ဓ ထံသို့သွားယင်း ဂဂ္ဂရာ ရေကန်အနီးသို့အရောက်တွင်ဗုဒ္ဓနှင့်စကားပြောဆို ဆွေးနွေးရမည့်ကိုကြောက်ရွံ့သဖြင့် လှည့်၍ပြန်မည်ဟုပင်အကြံဖြစ်ခဲ့သည်၊ထို့နောက် ဤမျှအရောက်လာပြီး မှပြန်သွားလျှင်သာ၍ဆိုးလိမ့်မည်ဟုတွေးမိသဖြင့် အရဲစွန့်၍ ဗုဒ္ဓထံသို့အရောက်သွားခဲ့သည်၊ ဗုဒ္ဓထံသို့ရောက်၍နှုတ်ဆက်စကားပြောဆိုပြီး သော အခါ၌ကား ဗုဒ္ဓသည်သူ၏စိတ်အကြံကိုသိတော်မူပြီး ဖြစ်၍ သူကျွမ်းကျင်ရာပြဟ္မဏတို့၏ဂုဏ် အင်္ဂါကိုပင်မေးမြန်း၍ စကားဖြစ်စေတော်မူခဲ့သည်၊ ထို့နောက်ဗုဒ္ဓသည်မိမိဟော လိုသောသီလပညာသို့ရောက်အောင်ပေးခွန်းထုတ်၍ သောတာဒတ္တပုဏ္ဏားအား သီလပညာတရားကိုဟောကြားတော်မူသည်၊ သို့ဖြင့်၍ သောတာဒတ္တသုတ်ဖြစ်ပေါ် လာခဲ့သည်။

သောတာဒတ္တသုတ်တွင်အခြားပြဟ္မဏတို့ကပြောကြားသော သောတာဒတ္တ ပုဏ္ဏား၏ဂုဏ်ပုဒ် ၁၂-ပါးနှင့်သောတာဒတ္တပုဏ္ဏားကပြန်လည်ချေပပြောကြား သောဗုဒ္ဓ၏ ဂုဏ်ပုဒ် ၂၄-ပါးကိုပါရှိကြသည်၊ ဂုဏ်ပုဒ်တို့သည် ထိုခေတ်ကအခြေ

အနေကို ပေါ်ပြနေကြသဖြင့် အတော်ပင်စိတ်ဝင်စားဘွယ်ကောင်းသည်၊ မှတ်သားစရာလည်း ကောင်းသည်၊ ယင်းဂုဏ်ပုဒ် ၂-မျိုး တို့မှာအကျဉ်းချုပ်အားဖြင့် အောက်ပါအတိုင်း ဖြစ်ကြသည်။

သောတာဒ္ဓပုဂ္ဂိုလ်များ၏ဂုဏ်ပုဒ်များ ။

၁။ ကျော်စောထင်ရှားသူအခြံအရံများသူဖြစ်သည်။

၂။ အမျိုးဇာတ်မြင့်မြတ်သူဖြစ်သည်။

၃။ ကြွယ်ဝချမ်းသာသူဖြစ်သည်။

၄။ ဗေဒင် ၃-ပုံ ကမ်းတဖက် ရောက်တတ် မြောက်သူဖြစ်သည်။

၅။ အဆင်းလှသူ ထယ်ဝါခန့်ညားသူဖြစ်သည်။

၆။ အပြောအဆိုကောင်းသူဖြစ်သည်။

၇။ တပည့်သုံးရာတို့၏ဆရာဖြစ်သည်။

၈။ အသက်ရွယ်ကြီးသူဖြစ်သည်။

၉။ အကျင့်သီလနှင့်ပြည့်စုံသူဖြစ်သည်။

၁၀။ ဗိမ္ဗိသာရမင်းကြီး၏အရိုသေအပူဇော်ခံရသူဖြစ်သည်။

၁၁။ ဗေဒပါရဂူ ပေါက္ခရသာတိပုဏ္ဏားကရိုသေပူဇော်ရသူဖြစ်သည်။

၁၂။ စမ္ပာမြို့စားကြီးလည်းဖြစ်သည်။

၎င်းဂုဏ်ပုဒ်တို့ကား ထိုခေတ်ကနာမည်ကျော်ကြား သော ဗေဒပါရဂူပြဟ္မဏပါမောက္ခတိုင်းတွင်အများအားဖြင့်ရှိကြသောဂုဏ်ပုဒ်တို့ဖြစ်ကြသည်။ ပေါက္ခရသာတိပုဏ္ဏားတွင်လည်း ၎င်းဂုဏ်ပုဒ်များ ရှိကြသည်။ ကူဋဒန္တပုဏ္ဏားတွင်လည်း ၎င်းဂုဏ်ပုဒ်များ ရှိကြသည်၊ ကောသလမင်း ဗိမ္ဗိသာရမင်းတို့၏ဆရာပုရောဟိတ်တို့သည် ထိုဂုဏ်ပုဒ်များနှင့်ပြည့်စုံသူချည်းဖြစ်ကြသည်၊ ထိုအချိန်ကစမ္ပာမြို့သို့ရောက်ရှိနေကြသောပြဟ္မဏ ၅၀၀-ခန့်တို့သည် ၎င်းဂုဏ်ပုဒ်များကိုဖေါ်ပြ၍ သောတာဒ္ဓပုဏ္ဏားကို ဗုဒ္ဓထံမသွားအောင်တားဆီးကြသည်၊ ဗုဒ္ဓထံသွားခဲ့လျှင်ဂုဏ်သိက္ခာလျော့ကျပါလိမ့်မည်ဟုအကြောင်းပြကြသည်။

သောတာဒ္ဓပုဏ္ဏားကထုတ်ဆောင်သောဗုဒ္ဓ၏ဂုဏ်ပုဒ်များ ။

၁။ အထက် ၇-ဆက်တိုင်အောင်အမျိုးဇာတ်မြင့်မြတ်သူဖြစ်သည်။

၂။ များစွာသောဆွေမျိုးတို့ကိုစွန့်၍ရဟန်းပြုခဲ့သူဖြစ်သည်။

၃။ မြေ၌တည်သော ရွှေငွေ ကောင်းကင်၌တည်သော ရွှေငွေတို့ကိုစွန့်၍ရဟန်းပြုခဲ့သူဖြစ်သည်။

၄။ ပထမအရွယ်ငယ်စဉ်ကရဟန်းပြုခဲ့သူဖြစ်သည်။

၅။ မိဘတို့ကငိုယိုတားမြစ်ကြစဉ်မှာပင်ရဟန်းပြုခဲ့သူဖြစ်သည်။

၆။ ဖြဖွာ့ကဲ့သို့အဆင်း လှသူဖြစ်သည်။

၇။ မြတ်သောအကျင့်သီလနှင့်ပြည့်စုံသူဖြစ်သည်။

၈။ အပြောအဆိုအရာ၌လွန်စွာလိမ္မာယဉ်ကျေးသည်။

၉။ လူအများ၏ဆရာ၊ ဆရာ့ဆရာဖြစ်သည်။

၁၀။ ကာမတဏှာကိုပယ်ခွာထားသူဖြစ်သည်။

၁၁။ ကမ္မဝါဒီဖြစ်သည်၊ ကမ္မဝါဒီဖြဖွာ့ဏတို့ကိုမလိုလားသူမဟုတ်။

၁၂။ အသျှင်နှင့်ခတ္တိယမင်း မျိုး မှ ရဟန်း ပြုခဲ့သူဖြစ်သည်။

၁၃။ ပစ္စည်း ဥစ္စာလွန်စွာကြွယ်ဝသောအမျိုး မှ ရဟန်း ပြုခဲ့သူဖြစ်သည်။

၁၄။ နိုင်ငံရပ်ခြား ပြည်တပါး မှလူအများ တို့ပြဿနာမေးရန်လာကြသည်။

၁၅။ ထောင်ပေါင်းများစွာသော နတ်တို့ကအသက်ပေး၍ကိုး ကွယ်ကြသည်။

၁၆။ အရဟံအစရှိသောဂုဏ်တော် ၉ - ပါး နှင့်ပြည့်စုံသည်ဟု ကျော်စောသတင်း ထွက်သည်။

၁၇။ ၃၂ - ပါး သော မဟာပုရိသလက္ခဏာတို့နှင့်ပြည့်စုံသည်။

၁၈။ မျက်နှာချိုသည်၊ ရှေးဦးစွာနှုတ်ဆက်စကားပြောကြားတတ်သည်။

၁၉။ ပရိသတ် ၄ - ပါး ၏ ရိုသေပူဇော်ခြင်းကိုခံရသည်။

၂၀။ များစွာသောနတ်လူတို့၏ကြည်ညိုခြင်း ကိုခံရသည်။

၂၁။ ဗုဒ္ဓသိတင်းသုံးရာအရပ်၌ နတ်ဆိုးတစ္ဆေ မြေဘုတ်ဘီလူး တို့က လူတို့ကိုမနှိပ်စက်ကုန်။

၂၂။ ဂိုဏ်း ဆရာတို့တွင်အသာလွန်ဆုံး ဂိုဏ်းဆရာဖြစ်သည်၊ အခြားဂိုဏ်းဆရာတို့ကဲ့သို့ဟုတ်ဟုတ်ငြားငြား အကြောင်း ဖြင့်အခြံအရံများသည် မဟုတ်၊ အတုမဲ့ဝိဇ္ဇာစရဏနှင့်ပြည့်စုံခြင်း ကြောင့်သာအခြံအရံများသည်။

၂၃။ ဗိမ္ဗိသာရမင်း က သား မယား အခြံအရံနှင့်တကွဗုဒ္ဓကိုကိုးကွယ်သည်။

၂၄။ ကောသလမင်းကသား မယားအခြံအရံနှင့်တကွဗုဒ္ဓကိုကိုး ကွယ်သည်။

၂၅။ ပေါက္ခရသာတိပုဏ္ဏားက သား မယားအခြံအရံနှင့်တကွဗုဒ္ဓကိုကိုးကွယ်သည်။

၂၆။ ဗိမ္ဗိသာရမင်း က ရိုသေပူဇော်သည်။

၂၇။ ကောသလမင်း က ရိုသေပူဇော်သည်။

၂၈။ ပေါက္ခရသာတိပုဏ္ဏား က ရိုသေပူဇော်သည်။

၂၉။ ငါတို့မြို့သို့ ရောက်လာသည့် ငါတို့ဧည့်သည်ဖြစ်သည်။

ဤဗုဒ္ဓ၏ဂုဏ်ပုဒ်တို့ကား ဗုဒ္ဓနှင့်တခါမျှမတွေ့ဖူးရသေးသော သောဏဒဏ္ဍပုဏ္ဏား ကသတင်း ကြား နှင့် ရှောက်ထား သောဂုဏ်ပုဒ်တို့သာဖြစ်ကြသည်၊ ဤဂုဏ်ပုဒ်တို့တွင်အရေး ကြီး သောဂုဏ်ပုဒ်များ လည်း ပါရှိကြသည်၊ အရေး မကြီး သောဂုဏ်ပုဒ်များ လည်း ပါရှိကြသည်၊ ဤဂုဏ်ပုဒ်တို့တွင်အရေး အကြီး ဆုံး ဂုဏ်ပုဒ်ကား

အမှတ် ၁၆-အရဟံစသော ဂုဏ်တော် ၉-ပါး တို့ပင်ဖြစ်ကြသည်၊ ယင်းဂုဏ်တော် ၉-ပါး တို့ကား ဗုဒ္ဓကိုယ်တိုင်အသိအမှတ်ပြု၍ အဇာတသတ်မင်း ပေါက္ခရသာတိပုဏ္ဏား စသည်တို့အား မြွက်ဟပြောကြား တော်မူခဲ့သည်။

ဤသုတ်၌ ဗုဒ္ဓသည် စူဠသီလ မဇ္ဈိမသီလ မဟာသီလတို့ကို ဤကား သီလဟုသိလ အမည်ဖြင့် ဟောတော်မူပြီး ပထမဈာန်စသော ဈာန် ၄-ပါး တို့ကိုပညာ၏အခြေခံအဖြစ်ဖြင့်ထား၍ ဝိပဿနာဉာဏ်စသော ဉာဏ် ၈-ပါး တို့ကိုသာ ဤကား ပညာဟုအမည်တပ်၍ ဟောတော်မူခဲ့သည်၊ တနည်းအားဖြင့်ဆိုလျှင် ဗုဒ္ဓသည် ဤသုတ်၌သမာဓိဈာန်၊ ဝါ၊ သမာဓိတရားစုကိုပညာ၏အခြေခံအဖြစ်ဖြင့်ပညာနှင့်သွင်း၍ ဟောတော်မူခဲ့သည်၊ အမ္ဗဋ္ဌသုတ်တွင် သီလသမာဓိပညာသုံးပါး တို့ကိုပင် ဝိဇ္ဇာတရား စရဏတရား အဖြစ်ဖြင့် ဟောတော်မူပုံနှင့်နှိုင်းယှဉ်ကြည့်သင့်သည်။

## ၅။ ကူဋဒန္တသုတ်နိဒါန်း ။

သီလက္ခန္ဓဝဂ္ဂပါဠိ၏ပဉ္စမသုတ်ကား ကူဋဒန္တသုတ်ဖြစ်သည်။ ကူဋဒန္တပုဏ္ဏားအား ဟောကြားတော်မူသောသုတ်ဖြစ်၍ ကူဋဒန္တသုတ်ဟု ခေါ်သည်။ တရားနာခံပုဂ္ဂိုလ်ကိုအကြောင်းပြု၍အမည်တပ်ခြင်း ပင်ဖြစ်သည်။

ဗုဒ္ဓသည်မဂဓတိုင်း ခါဏုမတရွာအနီး သရက်ဥယျာဉ်တခုတွင် ကူဋဒန္တပုဏ္ဏားကိုအကြောင်းပြု၍ဤသုတ်ကို ဟောတော်မူခဲ့သည်။ ထိုကူဋဒန္တပုဏ္ဏားကား ဗိမ္ဗိသာရမင်းကြီး၏အတိုင်ပင်ခံပုရောဟိတ်တယောက်ဖြစ်သည်၊ ကူဋဒန္တပုဏ္ဏားသည် သောဏဒဏ္ဍပုဏ္ဏားနှင့်အလားတူပင်အသက်အရွယ်ကြီးရင့်သော ဗေဒပါရဂူ ပါမောက္ခဆရာကြီး ဖြစ်၍စည်းစိမ်ဥစ္စာအခြံအရံနှင့်ပြည့်စုံသည်၊ ခါဏုမတရွာကို အပိုင်စားရသောရွာစားကြီး လည်းဖြစ်သည်။ ကူဋဒန္တပုဏ္ဏားသည်စိတ်ကောင်း နှလုံးကောင်းရှိသော ပညာရှိတယောက်ဖြစ်သည်နှင့်အညီတနေ့သောအခါကောင်းမှုကုသိုလ်အလို့ငှာ ယဇ်ကြီး ပူဇော်မည်ဟုကြံ၍ နွားလားဥသဘ ၇၀၀၊ နွားထီးငယ် ၇၀၀၊ နွားမငယ် ၇၀၀၊ ဆိတ် ၇၀၀၊ သိုး ၇၀၀ တို့ကိုယဇ်တိုင်အနီး သို့ပို့ဆောင်ထားရှိသည်။

ဤအချက်ကိုကြည့်လျှင် ကူဋဒန္တပုဏ္ဏားမည်မျှဥစ္စာအင်အားနှင့်ပြည့်စုံသည်ကိုခန့်မှန်းနိုင်သည်၊ ရှေးအခါဩက္ကာကရာဇ်မင်းကြီး လက်ထက်မှစခဲ့သော ယဇ်ပူဇော်မှုသည် ဗုဒ္ဓလက်ထက်တိုင် ရောက်အောင် ခေတ်စားလျက်ရှိသည်ကိုလည်း သိနိုင်သည်။ ယဇ်ပူဇော်ခြင်းကား ယခုခေတ်စကားနှင့်ပြောလျှင်ကုသိုလ်ကောင်းမှုပြုခြင်း ပင်ဖြစ်သည်၊ သို့ရာတွင်ယင်းသို့သူ့အသက်ကိုသတ်၍ကုသိုလ်ကောင်းမှုပြုခြင်းကား ကုသိုလ်ကောင်းမှုမဖြစ်၊ မကောင်းမှုအကုသိုလ်သာဖြစ်သည်။ ဗုဒ္ဓသည်ဤအချက်ကို ပေါ်လွင်ထင်ရှားအောင်ဤသုတ်၌ ဟောကြားတော်မူခဲ့သည်။

ယင်းသို့ကူဋဒန္တပုဏ္ဏားယဇ်ပူဇော်မည့်ရှိသောအခါ ဗုဒ္ဓသည်နောက်ပါ ရဟန်း ၅၀၀ - နှင့်အတူတကွ ခါဏုမတရွာသို့ရောက်လာပြီး သရက်ဥယျာဉ်တခု၌ သီတင်းသုံး တော်မူသည်။ ဗုဒ္ဓ ရောက်လာသည့်အချိန်သည် ကူဋဒန္တပုဏ္ဏားယဇ်ပူဇော်မည့်အချိန်နှင့်တိုက်ဆိုင်နေသည်။ ယင်းသို့တိုက်ဆိုင်ခြင်းသည် ဗုဒ္ဓက ၇၀၀၊ ငါး လီသတ္တဝါတို့ကိုကယ်ဆယ်ရန် ရောက်လာသည်၊ သို့မဟုတ်၊ မရည်မစောင်ဘဲအလိုလို တိုက်ဆိုင်သည်ဟူသောအချက်ကိုသင်္ဂါယနာတင်မထေရ်တို့က မဖော်ပြခဲ့ကြပေ၊ သို့ရာ တွင်အရှင်မဟာဗုဒ္ဓဃောသဆရာကမူ သောဏဒဏ္ဍပုဏ္ဏားသရဏဂုံတည်၍ဥပါသကာ ဖြစ်လိမ့်မည်ဟုသိတော်မူသဖြင့်စမ္ပာမြို့သို့ကြွရောက်တော်မူသည်ဟူသောအဆိုကိုပင် ပြန်၍သုံးသပ်သဖြင့်ယခုလည်း ယဇ်ကောင်ခုနစ်ရာငါးလီတို့အသက်ချမ်းသာရာရပြီး ကူဋဒန္တပုဏ္ဏား သောတာပန်ဖြစ်မည်ကိုသိတော်မူသဖြင့်ခါဏုမတရွာကို တမင်လာ ကြွလာတော်မူသည်ဟုဆိုလိုရိပ်ရှိသည်။ ဤအချက်တွင်အရှင်မဟာဗုဒ္ဓဃောသဆရာကို ထောက်ခံကြရလိမ့်မည်။ အကြောင်းမူကား ဗုဒ္ဓ၏အရာခပ်သိမ်းကိုသိတတ်သောဉာဏ် တော်သည် လာဘ်ပူဇော်သကာများရန်အတွက်အသုံးချရန်မဟုတ်ခဲ့လျှင်၊ သူတပါး တို့အပေါ်၌ ကောင်းသွားမောက်ကြွားရန်မဟုတ်ခဲ့လျှင်ဤကိစ္စမျိုးအတွက်သာဖြစ် ရာသည်။

ကူဋဒန္တပုဏ္ဏားသည် ဗုဒ္ဓကြွရောက်လာသည့်သတင်းကိုကြားလျှင်ပင်ဗုဒ္ဓထံ သို့သွားရောက်ဆွေးနွေးရန်ပြင်ဆင်သည်၊ ထိုအခါယဇ်ပူဇော်ပွဲတွင်ပါဝင်စား သောက်ရန် ခါဏုမတရွာသို့ရောက်ရှိနေကြသောရာပေါင်းများသောပြဟ္မဏတို့ ကကူဋဒန္တပုဏ္ဏားဗုဒ္ဓထံသို့မသွားရန်ကန့်ကွက်ကြသည် သူတို့သည်ကူဋဒန္တပုဏ္ဏား ဗုဒ္ဓထံ သို့သွား၍ဗုဒ္ဓတရားကိုနာကြားရလျှင်ယဇ်ပူဇော်ပွဲကြီးမုချပျက်စီးလိမ့်မည်ဟု သိထားကြပြီးဖြစ်သည်၊ ဗုဒ္ဓကား သတ္တဝါကို သတ်ဖြတ်ညှင်းဆဲခြင်းကိုမည်သည့်အခါမျှ အားပေးတော်မမူခဲ့ပေ။

ထိုအခါကူဋဒန္တပုဏ္ဏားက သူသိထားနှင့်သောဗုဒ္ဓ၏ဂုဏ်ပုဒ်တို့ကိုထုတ်ပြ၍ ဗုဒ္ဓထံသို့သွားသင့်ကြောင်း ဖျောင်းဖျပြောဆိုသည်၊ ဤသုတ်တွင်ပါသောကူဋဒန္တ ပုဏ္ဏား၏ဂုဏ်ပုဒ်တို့သည် သောဏဒဏ္ဍသုတ်တွင်ပါဝင်သော သောဏဒဏ္ဍပုဏ္ဏား ၏ဂုဏ်ပုဒ်များနှင့်ထပ်တူထပ်မျှပင်ဖြစ်ကြသည်။ ကူဋဒန္တပုဏ္ဏားက ဖော်ပြသော ဗုဒ္ဓ၏ဂုဏ်ပုဒ်တို့သည်လည်း သောဏဒဏ္ဍပုဏ္ဏားက ဖော်ပြပြောဆိုသော ဗုဒ္ဓဂုဏ် များနှင့်ထပ်တူထပ်မျှပင်ဖြစ်ကြသည်။ ဤဂုဏ်ပုဒ်နှစ်မျိုးတို့သည် ထိုခေတ်က ပြာဟ္မဏ ပါမောက္ခတို့၏အခြေအနေကိုငင်း ၊ ဗုဒ္ဓ၏အခြေအနေကိုငင်း ၊ ထိုက်သင့်သလောက် ဖော်ပြနေကြသည်၊ ယင်းဂုဏ်ပုဒ် ၂ - မျိုးတို့ကိုအသေအချာလေ့လာလျှင်ထိုခေတ်က ပြဟ္မဏတို့၏အခြေအနေကိုသိတန်သမျှသိနိုင်သည်၊ ထို့အတူပင်သက်တော်ထင်ရှားရှိနေ သောထိုခေတ်ကဗုဒ္ဓအခြေအနေကိုလည်း သိတန်သမျှသိနိုင်ကြသည်။

ဗုဒ္ဓနှင့်တခါဘူးမျှမတွေ့မမြင်ရဘူးသေးသော ထိုဗြာဟ္မဏပါမောက္ခနှစ်ယောက်တို့သည်၊ ဗုဒ္ဓဂုဏ်ကို၎င်းမျှလောက် ပြောပြနိုင်ကြသည်ကို ထောက်လျှင်ထိုခေတ်ကဗုဒ္ဓ၏ဂုဏ်သတင်း မည်မျှပျံ့နှံ့ကျော်စောသည်ကိုခန့်မှန်းနိုင်လောက်သည်၊ ယခုခေတ်ဗုဒ္ဓဝါဒီအများအပြားတို့သည် ထိုဗြာဟ္မဏပါမောက္ခများလောက်ဗုဒ္ဓဂုဏ်ကိုမသိကြ၊ မပြောနိုင်ကြသည်မှာအမှန်ပင်ဖြစ်ကြသည်။ ယခုခေတ်ဗုဒ္ဓဝါဒီအချို့တို့ထက်ပင်ထိုခေတ်ကအခြားဝါဒီတို့ကဗုဒ္ဓဂုဏ်ကို၎င်းမျှတိတိကျကျသိနေကြခြင်းမှာထိုခေတ်တွင်လူတကာပါးစပ်ဖျား၌ဗုဒ္ဓဂုဏ်သတင်းများ အလွန်ရေပန်းစားနေကြခြင်းကြောင့်သာဖြစ်ရသည်။

ကူဋဒန္တပုဏ္ဏားဗုဒ္ဓထံသို့သွားရောက်လိုခြင်းမှာအခြားအကြောင်းကြောင့်မဟုတ်၊ ယဇ်ပူဇော်ရာ၌ထားရမည့်စိတ်ထား ၃-မျိုးနှင့်ယဇ်၏အခြံအရံအကြောင်း ၁၆-မျိုးတို့ကို မေးလျှောက်လိုသောကြောင့်သာဖြစ်သည်။ ကူဋဒန္တပုဏ္ဏားသည်အဋ္ဌကထာဆရာပြသည့်အတိုင်းဆိုလျှင် ၇၀၀-ငါးလီယဇ်ကြီးသာမဟုတ်ကြက် ၇၀၀၊ ဝက် ၇၀၀ စသည်ဖြင့်အလုံးစုံ ၇၀၀၊ စီပါဝင်သော သတ္တသတကယဇ်ကြီးကိုပူဇော်ရန်စီစဉ်ထားသည်၊ အခြားသူတို့ယဇ်ပူဇော်ရာ၌ဆရာလုပ်ရုံသာမက မိမိကိုယ်တိုင်ပင်အလုံးစုံခုနှစ်ရာယဇ်ကြီးကိုပူဇော်ရန်စီစဉ်ထားသော်လည်း ယဇ်ပူဇော်ရာ၌ထားရသောစိတ်ထား ၃-မျိုးနှင့်ယဇ်၏အခြံအရံ ၁၆-မျိုးတို့ကိုကား ရှင်းလင်းပြတ်သားစွာသူမသိ၊ သို့ရာတွင်၎င်းရှေးအစဉ်အလာ ၂-မျိုးကိုမသိဘဲ၎င်းမျှအကြီးအကျယ်အကုန်အကျခံ၍ယဇ်ကြီးပူဇော်လျှင်ထင်သလောက်အကျိုးမသက်ရောက်နိုင်ဟုကား သူသိမြင်သည်။ ထို့ကြောင့်ကူဋဒန္တပုဏ္ဏားသည်အခြားပုဏ္ဏားတို့ကကန့်ကွက်တားဆီးကြသော်လည်း မနေဘဲဗုဒ္ဓထံသို့သွားရောက်၍အထက်ပါကိစ္စ ၂-ရပ်ကို မေးမြန်းလျှောက်ထားသည်၊ သို့ဖြင့်၎င်းကူဋဒန္တသုတ်ဖြစ်ပေါ်လာခဲ့သည်။

၎င်းသုတ်ကို လေ့လာသူတို့သည်ကူဋဒန္တပုဏ္ဏား၏ မေးလျှောက်ချက်နှင့်ဗုဒ္ဓ၏ဖြေရှင်းဟောကြားချက်တို့ကိုအထူးဂရုစိုက်၍ လေ့လာသင့်ကြသည်၊ သို့မှလည်း ၎င်းသုတ်ဒေသနာ၏အရသာကို ကောင်းစွာခံစားကြရပေလိမ့်မည်။

ကူဋဒန္တပုဏ္ဏား၏ မေးလျှောက်ချက်မှာ ``အရှင်ဂေါတမ---အရှင်ဂေါတမသည်ယဇ်၏ပြည့်စုံခြင်း ၃-ပါးနှင့်အခြံအရံ ၁၆-ပါးတို့ကိုသိသည်ဟုကြားသိရပါသည်၊ အကျွန်ုပ်ကား ထို ၂-မျိုးကိုမသိပါ၊ အကျွန်ုပ်အား ယဇ်၏ပြည့်စုံခြင်း ၃-ပါးနှင့်အခြံအရံ ၁၆-ပါးတို့ကို ဟောကြားတော်မူပါလော့``ဟူသောအမေးဖြစ်သည်။

ဗုဒ္ဓသည်ထိုအမေးကိုမိမိစကားဖြင့်တိုက်ရိုက်မဖြေ၊ ပုံသက်သေတခုကိုထုတ်ဆောင်၍ ဖြေတော်မူသည်၊ ယင်းသို့တိုက်ရိုက်မိမိစကားဖြင့်မဖြေသည်မှာယင်းအဖြေသည်နိုင်ငံရေးနှင့်ပတ်သက်နေသောကြောင့်ဖြစ်သည်ဟုခန့်မှန်းရပေသည်။

အမှန်အားဖြင့် ဗုဒ္ဓ၏အဖြေသည် ယဇ်ပူဇော်ရန်အဖြေမဟုတ်၊ နိုင်ငံကိုငြိမ်းချမ်းသာယာအောင်စီမံဆောင်ရွက်ပြီး အလှူဒါနပြုရန်အဖြေသာဖြစ်သည်။ ကူဋဒန္တပုဏ္ဏားက ယဇ်ကိုသတ်ဖြတ်ပူဇော်ခြင်းအဓိပ္ပါယ်ဖြင့် မေးလျှောက်သည်။ ဗုဒ္ဓကမူ ယဇ်ကိုပေးလှူပူဇော်ခြင်းအဓိပ္ပါယ်ဖြင့် ဖြေကြားသည်။ ထို့ကြောင့် နောက်ဆက်တွဲပြဿနာတို့ကို ဖြေကြားရာ၌ကား ဗုဒ္ဓသည် မိမိစကားဖြင့် တိုက်ရိုက်ဖြေကြားတော်မူသည်။ အမှန်အားဖြင့် ယင်းနောက်ဆက်တွဲအဖြေတို့ကား ဒါန သီလ သမာဓိ ပညာတို့နှင့်သာ ပတ်သက်သည်။ ဤအချက်ကိုသဘောပေါက်မထားလျှင် ဤသုတ်ကိုအလွယ်တကူနှင့် နားလည်နိုင်ကြမည်မဟုတ်။ အမေးနှင့်အဖြေကိုမဟပ်နိုင်ဘဲ ရှုပ်ထွေး၍သာနေတတ်သည်။ ဤသုတ်သည် ထိုခေတ်ကအများနားလည်နေကြသော ယဇ်ပူဇော်ခြင်းကို၊ နိုင်ငံကိုကောင်းစွာစီမံအုပ်ချုပ်၍ အလှူဒါနပြုခြင်းဖြစ်အောင် ဆွဲဆောင်ဟောကြားသော တရားဒေသနာတော်ဖြစ်၍၊ များစွာခမ်းနားကြီးကျယ်သည်။ အရဟတ္တဖိုလ်ကိုအထွတ်တပ်၍ အမြင့်ဆုံး ဒေသနာတရပ်ဖြစ်အောင် ဟောတော်မူသောကြောင့်လည်း လွန်စွာနက်နဲသည်။

ဗုဒ္ဓသည် ကူဋဒန္တပုဏ္ဏား၏အမေးကို မိမိစကားဖြင့်မဖြေ၊ မဟာဝိဇိတာဝီမင်းကြီးလက်ထက်က ပုရောဟိတ်ပုဏ္ဏား၏စကားဖြင့် ဖြေတော်မူသည်။ ယင်းပုရောဟိတ်ကား အခြားသူမဟုတ် ဘုရားလောင်းပင်ဖြစ်သည်။ ထိုဘုရားလောင်း ပုရောဟိတ်၏အဖြေအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ယဇ်ကြီးပူဇော်လိုသောမင်းသည် ရှေးဦးစွာ နိုင်ငံတော်ကိုငြိမ်းချမ်းသာယာအောင် ဆောင်ရွက်ရမည်၊ ယင်းသို့ဆောင်ရွက်ရာ၌ အပြစ်ဒဏ်ပေးခြင်း နှိပ်ကွပ်ခြင်းဖြင့်သာ ဆောင်ရွက်ရမည်မဟုတ်၊ ထောက်ပံ့ပေးကမ်းခြင်းဖြင့်လည်း ဆောင်ရွက်ရမည်။

၂။ ထိုနောက် နိုင်ငံတော်အတွင်းရှိ မင်း ပုဏ္ဏား သေဌေး သူကြွယ် (အမျိုးလေးပါး) တို့၏ဆန္ဒကို ရယူရမည်။

၃။ ယဇ်ပူဇော်လိုသောမင်းမှာ ဂုဏ်အင်္ဂါ ၈ – ပါး နှင့်ပြည့်စုံစေရမည်။

၄။ ထိုမင်း၏ဆရာပုရောဟိတ်မှာ ဂုဏ်အင်္ဂါ ၄ – ပါးနှင့်ပြည့်စုံစေရမည်။

၅။ ယဇ်မပူဇော်မီကာလ၊ ပူဇော်ဆဲကာလ၊ ပူဇော်ပြီးကာလတို့၌ စိတ်မချမ်းမသာမဖြစ်စေရ၊ စိတ်ထားကြည်လင်စေရမည်၊ စိတ်ထားခြင်း ၃ – ပါး နှင့်ပြည့်စုံစေရမည်။

၆။ အသက်သတ်မှုညှဉ်းပန်းမှုမပါဘဲ သက်သတ်လွတ်စားဘွယ်သောက်ဘွယ်တို့ဖြင့်သာ ကျွေးမွေးလှူတန်းရမည်။

ဤသို့လှူတန်းပူဇော်သော ယဇ်ကြီးသည် အခြံအရံ ၁၆ – ပါး၊ ပြည့်စုံခြင်း ၃ – ပါး တို့နှင့်ပြည့်စုံသော ယဇ်ကြီးဖြစ်သည်။

ဤအဖြေတွင်ပါသော ၂၊ ၃၊ ၄ – တို့သည်ယဇ်၏အခြံအရံ ၁၆ – ပါး တို့ဖြစ်ကြသည်၊ ၅ – ကား ပြည့်စုံခြင်း သမ္ပဒါ၊ ၃ – ပါး ဖြစ်သည်၊ ယင်း ကိုယခုဗုဒ္ဓဂါဒီတို့က စေတနာ ၃ – တန်ဟုနား လည် နေကြသည်၊ ယင်း သမ္ပဒါ ၃ – ပါး ကိုပုရောဟိတ်၏အဖြေတွင်စိတ်တား ခြင်း သုံး ပါး ဟုအမည် ပြောင်း၍ ဖြေသည်။

ဤအမေး နှင့်အဖြေသည် ကူဋဒန္တသုတ်၏ ရှေ့ပိုင်း မျှသာဖြစ်သည်၊ တနည်းအား ဖြင့်ဆိုသော် ယဇ်ပူဇော်ခြင်း နှင့်ပတ်သက် သောအမေး နှင့်အဖြေသာဖြစ်သည်၊ ကူဋဒန္တသုတ်သည်ဤ ပထမပိုင်း အမေး အဖြေဖြင့်သာပြီး ဆုံး သွား သည်မဟုတ်၊ ဤအဖြေကိုကြား ရသောအခါ ကူဋဒန္တပုဏ္ဏား က နောက်ဆက်တွဲအမေး များ ကိုဆက်လက် မေး လျှောက်သည်၊ မေး လျှောက်သည့်အတိုင်း ဗုဒ္ဓကလည်း နောက်ဆက်တွဲအဖြေများ ကို ဖြေကြား တော်မူခဲ့သည်၊ ယင်း နောက်ဆက်တွဲအမေး နှင့်အဖြေတို့ကား ဗုဒ္ဓ၏အလို တော်ကျအမေး နှင့်အဖြေများ လည်း ဖြစ်ကြသည်၊ ဤသုတ်၏အရေး ကြီးသော ဒုတိယပိုင်း လည်း ဖြစ်ကြသည်။

ဤ ဒုတိယပိုင်း တွင်ကူဋဒန္တပုဏ္ဏား သည်ယခင်ယဇ်ကြီး ပူဇော်ခြင်း ထက် ကိစ္စနည်း ပါး ၍သာလွန်အကျိုး များ သောယဇ်ပူဇော်ခြင်း မျိုး ရှိပါသေး သလော ဟုဆင့်ကာဆင့်ကာ မေး လျှောက်သည်၊ ဗုဒ္ဓလည်း အဆင့်ဆင့်အကျိုး ကျေး ဇူး ကြီး မား သောကုသိုလ် ကောင်း မှုတရား တို့ကိုယဇ်ဟူ သောအမည်ဖြင့်သာ အာသဝက္ခယဉာဏ် အထိ ဖြေကြား တော်မူသည်၊ ဒါန သီလ ဘာဝနာကုသိုလ် ကောင်း မှုဖြစ် အောင် အား ထုတ်ရာ၌တနည်း မဟုတ်တနည်း ဖွန့်လွတ်မှုပါသည့်ချည်း ဖြစ်၍ ပရိယာယ်အား ဖြင့်ယဇ်ဟုအမည်တပ်၍ ဟောကြား တော်မူခဲ့သည်။

ဤ နောက်ဆက်တွဲအဖြေအကျဉ်း ချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ သီလရှိသောသံဃာကိုရည်ညွှန်း ၍သား စဉ် မြေး ဆက်လှူတန်း သောနိစ္စဒါနသည်ယခင်ယဇ်အလှူထက် ကိစ္စနည်း ပါး ၍အကျိုး လည်း ကြီး မား သည်။

၂။ စတုဒ္ဒိသာသံဃိက ကျောင်း အလှူဒါနသည်ယင်း နိစ္စဒါနထက်ကိစ္စနည်း ပါး ၍ အကျိုး လည်း ကြီး မား သည်။

၃။ ရတနာ ၃ – ပါး ကိုကိုး ကွယ်မှုသရဏဂုံသည် ယင်း စတုဒ္ဒိသသံဃိကကျောင်း အလှူထက်ကိစ္စနည်း ပါး ၍အကျိုး လည်း ကြီး မား သည်။

၄။ ငါး ပါး သီလကို စောင့်ထိန်း ခြင်း သည်ယင်း သရဏဂုံ ၃ – ပါး ထက်ကိစ္စနည်း ပါး ၍အကျိုး လည်း ကြီး မား သည် ( သရဏဂုံပါသောသီလကိုသာဆိုလိုသည် )။

၅။ စူဠသီလ မဇ္ဈိမသီလ မဟာသီလ ဖြင့်တည်၍ကျင့်သဖြင့်ရသော ပထမဈာန်သည်ယင်း ငါး ပါး သီလထက်ကိစ္စနည်း ၍အကျိုး လည်း ကြီး မား သည်။

၆။ ထိုမှတဆင့်တက်၍ကျင့်သဖြင့်ရသော ဒုတိယဈာန်သည်ယင်း ပထမဈာန် ထက်ကိစ္စနည်း ပါး ၍အကျိုး လည်း များ သည်။

၇။ ထိုမှတဆင့်တက်၍ကျင့်သဖြင့်ရသော တတိယဈာန်သည်ယင်း ဒုတိယဈာန်ထက်ကိုးဆနှင့်ပါး၍အကျိုး လည်း ကြီး မား သည်။

၈။ ထိုမှတဆင့်တက်၍ကျင့်သဖြင့်ရသောစတုတ္ထဈာန်သည်ယင်း တတိယဈာန်ထက်ကိုးဆနှင့်ပါး၍အကျိုး လည်း ကြီး မား သည်။

၉။ ထိုမှတဆင့်တက်၍ကျင့်သဖြင့်ရသောဉာဏ်အမြင် ( ဝိပဿနာဉာဏ် ) သည် စတုတ္ထဈာန်ထက်ကိုးဆနှင့်ပါး၍အကျိုး လည်း ကြီး မား သည်။

၁၀။ ထိုမှတဆင့်တက်၍ကျင့်သဖြင့်ရသော မနောမယိဒ္ဓိဉာဏ်သည်ယင်း ဉာဏ်အမြင်ထက်ကိုးဆနှင့်ပါး၍အကျိုး လည်း ကြီး မား သည်။

၁၁။ ထိုမှတဆင့်တက်၍ကျင့်သဖြင့်ရသော ဣဒ္ဓိဝိဓဉာဏ်သည် ယင်း မနောမယိဒ္ဓိဉာဏ်ထက်ကိုးဆနှင့်ပါး၍အကျိုး လည်း ကြီး မား သည်။

၁၂။ ထိုမှတဆင့်တက်၍ကျင့်သဖြင့်ရသောဒိဗ္ဗသောတဉာဏ်သည်ယင်း ဣဒ္ဓိဝိဓဉာဏ်ထက်ကိုးဆနှင့်ပါး၍အကျိုး လည်း ကြီး မား သည်။

၁၃။ ထိုမှတဆင့်တက်၍ကျင့်သဖြင့်ရသော စေတောပရိယဉာဏ်သည်လည်း ဒိဗ္ဗသောတဉာဏ်ထက်ကိုးဆနှင့်ပါး၍အကျိုး ကြီး မား သည်။

၁၄။ ထိုမှတဆင့်တက်၍ကျင့်သဖြင့်ရသောပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည် ယင်း စေတောပရိယဉာဏ်ထက်ကိုးဆနှင့်ပါး၍အကျိုး ကြီး မား သည်။

၁၅။ ထိုမှတဆင့်တက်၍ကျင့်သဖြင့်ရသောစုတူပပါတဉာဏ် ( ဒိဗ္ဗစက္ခု ) သည် ယင်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ထက်ကိုးဆနှင့်ပါး၍အကျိုး လည်း ကြီး မား သည်။

၁၆။ ထိုမှတဆင့်တက်၍ကျင့်သဖြင့်ရသောအာသဝက္ခယဉာဏ်သည်ယင်း စုတူပပါတဉာဏ်ထက်ကိုးဆနှင့်ပါး၍အကျိုး လည်း ကြီး မား သည်။

ဤအာသဝက္ခယဉာဏ်ထက်ကိုးဆနှင့်ပါး၍အကျိုး ကြီး မား သောယဇ်ကား မရှိပြီ၊ ဤအဖြေကိုကြည့်လျှင်အချုပ်အားဖြင့်ဒါနသီလဘာဝနာ ၃-ပါး ပင်ဖြစ်သည်ကို တွေ့မြင်နိုင်သည်၊ ၁နှင့်၂-တို့သည် ဒါနကုသိုလ်များ ဖြစ်ကြသည်၊ ၃၊ ၄နှင့်၅-မှ ရှေ့ထက်ဝက်တို့သည် သီလကုသိုလ်များ ဖြစ်ကြသည်။ ၅-၆-၇-၈-တို့သည် သမထဘာဝနာကုသိုလ်များ ဖြစ်ကြသည်၊ ၉-၁၆တို့သည် ဝိပဿနာဘာဝနာကုသိုလ်များဖြစ်ကြသည်၊ ယင်း ၂-ရပ်စလုံး ပင်ဘာဝနာချည်း ဖြစ်ကြသည်။

တနည်း အားဖြင့်ဆိုလျှင် ဤအဖြေ၏အနှစ်ချုပ်မှာဒါနနှင့်တကွသော သီလ သမာဓိ ပညာတို့သာဖြစ်ကြသည်ကို တွေ့မြင်နိုင်သည်၊ ၁နှင့်၂-တို့သည်ဒါနကုသိုလ်များ ဖြစ်ကြသည်။ ၃-၄-နှင့်၅-မှ ရှေ့ထက်ဝက်တို့သည်သီလကုသိုလ်၊ သီလဂုဏ်အစုတို့ဖြစ်ကြသည်။ ယင်း ၅-မှ နောက်ထက်ဝက်နှင့်၆၊ ၇၊ ၈ တို့သည် ( ဈာန်၄-ပါး ) သမာဓိဂုဏ်အစုတို့ဖြစ်ကြသည်၊ ၉-၁၆တို့ကား ပညာဂုဏ်အစုတို့ဖြစ်ကြသည်၊ ယင်း သီလသမာဓိ ပညာတို့ကိုပင် သီလက္ခန္ဓ သမာဓိက္ခန္ဓ ပညာက္ခန္ဓဟု ခေါ်ဝေါ်သည်ကိုသိခဲ့ကြပြီး ပင်ဖြစ်သည်။

ဤကူဋဒန္တသုတ်ကား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အရေးကြီးသော
အပိုင်းကြီး ၂-ပိုင်း ပါရှိနေသဖြင့် အလွန်ထူးခြားသည်ဟုဆိုနိုင်သည်၊ ယင်းအပိုင်း
ကြီး ၂-ပိုင်းတွင်ပထမပိုင်းကိုဗုဒ္ဓသည်ဘုရားလောင်းပုရောဟိတ်ပုဏ္ဏား၏
စကားဖြင့်ဟောကြားတော်မူပြီး ဒုတိယပိုင်းကိုသာမိမိစကားဖြင့်ဟောကြား
တော်မူခဲ့သည်။ ဤသို့ဟောကြားရာ၌ပထမပိုင်း ပုရောဟိတ်ပုဏ္ဏား၏စကားတွင်
နိုင်ငံတော်ငြိမ်းချမ်းသာယာအောင်စီမံအုပ်ချုပ်နည်း မူဝါဒတခုပါရှိပြီး ဒုတိယ
ပိုင်း ဗုဒ္ဓ၏စကားတွင်လည်း ဒါနသီလဘာဝနာ ကောင်းမှုကုသိုလ်တရားတို့၏
အဆင့်ဆင့်အကျိုးကြီးမားပုံပါရှိနေရာ ဤသို့ပါရှိခြင်းသည်လည်း ဤသုတ်၏ထူးခြား
ချက်များပင်ဖြစ်ကြသည်။

ဘုရားလောင်းပုရောဟိတ်ပုဏ္ဏားသည်မဟာဝိဇိတာဝိမင်းကြီးအား
ယဇ်၏အခြေခံအဖြစ်ဖြင့်တိုင်းပြည်ငြိမ်းချမ်းသာယာအောင်စီမံဆောင်ရွက်ရ
မည့်မူဝါဒကိုလျှောက်ထားရာ၌ ``အရှင်မင်းကြီး ---တိုင်းပြည်ငြိမ်းချမ်း
သာယာအောင်ဆောင်ရွက်ရာ၌ ငါသည်ခိုးသားဒမြဟူသောတိုင်းပြည်ရန်ဆူး
ငြောင့်ကိုသတ်ဖြတ်အပြစ်ဒဏ်ပေးခြင်းဖြင့်နှိမ်နင်းအံ့``ဟုအကြံဖြစ်သော်ဖြစ်ခဲ့
ရာပါသည်၊ သို့ရာတွင်ယင်းသို့အပြစ်ဒဏ်ပေးခြင်းမှဖြင့်တိုင်းပြည်၏ရန်ဆူးရန်
ငြောင့်ခိုးသားဒမြကိုအပြီးသတ်နှိမ်နင်းခြင်းမဖြစ်နိုင်ပါ၊ သတ်ဖြတ်အပြစ်ဒဏ်
ပေးရာတွင်မပါဝင်သောသူတို့ကတဖန်ဆူပူသောင်းကျန်းကြဦးမည်သာဖြစ်ပါ
သည်၊ စင်စစ်သော်ကား ပေးကမ်းထောက်ပံ့ခြင်းဖြင့်သာတိုင်းပြည်၏ရန်ဆူး
ရန်ငြောင့်ခိုးသားဒမြတို့ကိုအပြီးသတ်နှိမ်နင်းနိုင်ပါလိမ့်မည်။ အရှင်မင်းကြီး
---တောင်သူလယ်သမားတို့အားမျိုးရိက္ခာပေးတော်မူပါ၊ မွေးမြူရေးသမား
တို့အားစားနပ်ရိက္ခာပေးတော်မူပါ၊ ကုန်သည်တို့အားအရင်းအနှီးပေးတော်
မူပါ၊ အမှုထမ်းတို့အားလုံလောက်သောလခရိက္ခာကိုပေးတော်မူပါ၊ သို့ပေးမှသာ
တိုင်းသူပြည်သားတို့မိမိတို့အလုပ်ကိုမိမိတို့လုပ်ကိုင်စားသောက်ကြသဖြင့်တိုင်းပြည်
ငြိမ်းချမ်းသာယာနိုင်ပါသည်``ဟုရှင်းလင်းပြတ်သားစွာလျှောက်ထားခဲ့သည်။

ဤမူဝါဒသည်ဗုဒ္ဓ၏နှုတ်တော်မှတဆင့်ကြားသိရသောဘုရားလောင်း
ပုရောဟိတ်၏မူဝါဒဖြစ်သောကြောင့်ဗုဒ္ဓလိုလားသောမူဝါဒဖြစ်သည်မှာသေချာ
သည်။ ဤမူဝါဒ၏မူရင်းအချုပ်မှာလည်း တိုင်းပြည်ငြိမ်းချမ်းသာယာအောင်ဆောင်
ရွက်ရာ၌ဖိနှိပ်ကွပ်သုပ်မှုတခုတည်းဖြင့်သာမအောင်မြင်နိုင်၊ ထောက်ပံ့ပေးကမ်း
ခြင်းကိုအရင်းခံထားမှသာအောင်မြင်နိုင်သည် ဟူသောမူဝါဒဖြစ်သည်မှာထင်
ရှားသည်။

ဤသို့စသည်ဖြင့်ဤကူဋဒန္တသုတ်သည်အလွန်ထူးခြားသောသုတ်တသုတ်ဖြစ်၍
ဤသုတ်ကိုအထူးစေ့စပ်သေချာစွာအသေးစိတ်လေ့လာသင့်ကြသည်။

## ၆။ မဟာလိသုတ် နိဒါန်း ။

သီလက္ခန္ဓဝဂ္ဂပါဠိ၏ဆဋ္ဌမသုတ်ကား မဟာလိသုတ်ဖြစ်သည်၊ မဟာလိသုတ်ဆိုသည်မှာ မဟာလိအား ဟောကြားတော်မူခဲ့သောသုတ်ဟုအဓိပ္ပါယ်ရှိသည်၊ အမ္ဗဋ္ဌသုတ်၊ သောဏဒဏ္ဍသုတ်စသည်တို့ကဲ့သို့ပင် ဗုဒ္ဓအား ပြဿနာမေး လျှောက်၍ ဗုဒ္ဓတရားကိုနာယူသူပုဂ္ဂိုလ်ကိုအစွဲပြု၍ မဟာလိသုတ်ဟုအမည်ပေး တော်မူခဲ့ကြသည်။

ဗုဒ္ဓသည်ဤသုတ်ကိုဝဇ္ဇီတိုင်းဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ ခေါ်ပြသာဒ်ဆောင်ပေါက်သောကျောင်း၌သီတင်းသုံးစဉ် ဟောကြား တော်မူခဲ့သည်။ ယင်း ဝေသာလီပြည်ကား ယခုအခါအိန္ဒိယပြည် ဘီဟာနယ် မြောက်ပိုင်း မဇဖါပူ (ရ်) ဒိစတြိဒ်ဘာဆရာရွာများ နေရာ၌တည်ရှိခဲ့သည်၊ ထိုနေရာသည် ဂင်္ဂါမြစ်၏ မြောက်ဘက် ၂၅-မိုင်၊ ရာဇဂြိုဟ်မြို့တော်မှ ၃၈-မိုင်ကွာဝေးသည်၊ ဝေသာလီမြို့တွင်တံတိုင်းကြီး ၃-ထပ်ရှိသည်၊ တထပ်နှင့်တထပ် တဂါဝုတ်စီဝေးကွာသည်၊ တဂါဝုတ်ကား နွားမသားတခေါ်ဟုအဓိပ္ပါယ်ရှိသည်၊ ဗုဒ္ဓခေတ်ကဆိုလျှင် ထို ဝေသာလီပြည်ကြီးသည်လူဦးရေပေါများ၍လွန်စွာကြွယ်ဝချမ်းသာသည်။ ပြသာဒ် ပေါင်း ၇၇၀၇၊ စုလစ်မွန်းချွန်တတ်သောအဆောက်အဦး ပေါင်း ၇၇၀၇၊ အရံဥယျာဉ် ပေါင်း ၇၇၀၇၊ ရေကန် ပေါင်း ၇၇၀၇-ရှိသည်ဟု ဝိနယ၊ မဟာဝဂ္ဂပါဠိတွင်ပြဆိုသည်။ ယင်း ဝေသာလီမြို့တော်ကြီး၏အနောက်ဖက်တွင် မဟာဝုန် တောတည်ရှိသည်၊ ယင်း မဟာဝုန်တောကား မြောက်ဖက် ဟိမဝန္တာတောနှင့် တစပ်တည်းဖြစ်သည် ဟုအရှင်မဟာဗုဒ္ဓဃောသဆရာ သာမကခေတ်ပညာရှင် တို့ကပါပြဆိုကြသည်။

ဤသုတ်ကို ဟောတော်မူရခြင်း၏အကြောင်းရင်းမှာ ဝေသာဠီပြည် လိစ္ဆဝီမင်းမျိုးတယောက်ဖြစ်သောနှုတ်ခမ်းတွဲ မဟာလိ၏ မေးလျှောက်ချက်ပင် ဖြစ်သည်။ သို့ရာတွင် မဟာလိအား ဗုဒ္ဓကိုဤသို့ပြဿနာမေးလျှောက်ရအောင် ဖန်တီးပေးသောအကြောင်းကား အတော်ပင်စိတ်ဝင်စားစရာကောင်းသည်။

လိစ္ဆဝီမင်းမျိုးဖြစ်သော မဟာလိ၏သူငယ်ချင်းသုနက္ခတ်သည် ဗုဒ္ဓထံ တွင်ရဟန်းပြုသည်၊ ထိုနောက်ဗုဒ္ဓ၏အလုပ်အကျွေး ရဟန်းတပါးဖြစ်လာသည်၊ ထို သုနက္ခတ်ရဟန်းသည်တရားအားထုတ်သဖြင့်နတ်တို့၏အဆင်းကိုမြင်နိုင်သော - ဒိဗ္ဗစက္ခု အဘိညာဉ်ကိုရသည်၊ ထိုအခါသုနက္ခတ်ရဟန်းသည်အလွန်လှပတင့်တယ်သော နတ်တို့၏အဆင်းကိုမြင်ရသဖြင့် ထိုနတ်တို့၏အသံလည်း အလွန်ပင်သာယာလိမ့်မည်ဟုကြံ၍ နတ်တို့၏အသံကိုအလွန်ကြားချင်သည်။ သို့ဖြစ်၍နတ်တို့အသံကိုကြားနိုင်သောဒိဗ္ဗ သောတအဘိညာဉ်ကိုရအောင်အားထုတ်သည်၊ သို့ရာတွင်သူသည်ရှေးဘဝတခုတွင် ရဟန်းတပါးကိုနား၌ရိုက်၍နားပင်းအောင်ပြုခဲ့ဘူးသောမကောင်းမှုကံ ကြောင့်ဒိဗ္ဗသောတအဘိညာဉ်ကိုမရပေ။ ထိုအခါသုနက္ခတ်ရဟန်းသည် ဒိဗ္ဗသောတ

အဘိညာဉ်ရအောင် သင်ကြားပြသတော်မူပါဟုအကြိမ်ကြိမ် တောင်းပန်သည်၊ ဗုဒ္ဓလည်း သူ၏ ရှေး ဝိပါက်ကိုသိမြင်တော်မူသဖြင့်သင်ပေး တော်မမူဘဲသာ နေသည်၊ သို့ဖြင့်သုနက္ခတ်ရဟန်းသည် ဗုဒ္ဓအပေါ်တွင်မကျေမနပ်ဖြစ်၍ ရဟန်းဝတ်နှင့်မနေတော့ဘဲ၊ လူထွက်သည်၊ ထိုနောက်သုနက္ခတ်သည်သူ၏သူငယ်ချင်း ဖြစ်သူ မဟာလိထံသွား၍ ဗုဒ္ဓအား ကဲ့ရဲ့စကား ပြောကြားသည်၊ ဗုဒ္ဓသည်ဈာန်မဂ်ဖိုလ်တရား၌ဝန်တိုမစ္ဆရိယရှိသည်၊ သူလည်း လိစ္ဆဝီမင်း မျိုးပင်ဖြစ်၍သူအား ဈာန်မဂ်ဖိုလ်တရားကို ဟောကြား လျှင်နောင်အခါသူလည်း ဗုဒ္ဓနှင့်အလား တူဘုရား ဟူဖြစ်လာမည်ကို ဗုဒ္ဓကစိုးရိမ်သည်၊ ထို့ကြောင့်ဗုဒ္ဓကသူအား ဒိဗ္ဗစက္ခုအဘိညာဉ်အတွက်သာ သင်ပြပြီး ဒိဗ္ဗသောတအဘိညာဉ်အတွက်မသင်မပြဘဲထား သည် စသည်ဖြင့်အကြီး အကျယ်စွပ်စွဲကဲ့ရဲ့သည်။

၎င်းသုနက္ခတ်ကား ဗုဒ္ဓသာသနာတွင်အလွန်အံ့ဩစရာ ကောင်း သူကယောက် ဖြစ်သည်၊ ဗုဒ္ဓ၏အတွင်း ရန်သူဆိုထိုက် သောပုဂ္ဂိုလ်တို့တွင် ဒုတိယ နေရာ၌ထားလောက်သူဖြစ်သည်။ ဒေဝဒတ်သည် ဗုဒ္ဓ၏တဝမ်း ကွဲညီတော်၊ ယောက်ဖအရင်း ဖြစ်လျက် ဗုဒ္ဓထံတွင်ရဟန်း ပြုပြီး နောက် ဗုဒ္ဓကိုပင် သေကြောင်း ကြံ၍သံဃာသင်း ခွဲသဖြင့် မြေမျိုခံရသည်။ ယင်း ဒေဝဒတ်ကို ဗုဒ္ဓ၏ပထမအတွင်း ရန်သူအရာ၌ထားလျှင် ၎င်းသုနက္ခတ်ကို ဒုတိယ နေရာ၌ကား ရပေလိမ့်မည်။ အကြောင်း မူကား ၎င်းသုနက္ခတ်လည်း လိစ္ဆဝီမင်း မျိုး တယောက်ဖြစ်ရုံသာမက ဗုဒ္ဓထံတွင်ရဟန်း ပြု၍ နောက် တော်ပါး ကအမြဲမကွာလိုက်ပါရသော ဗုဒ္ဓအလုပ်အကျွေး အရာကိုတခါကရခဲ့သူဖြစ်လျက် ဗုဒ္ဓကိုမကြည်ညိုရုံသာမကအမျိုး မျိုး ကဲ့ရဲ့ရှုတ်ချ၍လူထွက်သည်။

သုနက္ခတ်သည်လူအဖြစ်သို့ ရောက်သော်လည်း အေး အေး မနေဘဲ မလ္လတိုင်း အနုပိယနိဂုံး သို့ ရောက်သောအခါ ဘဂ္ဂဝပရိဗိုဇ် ကျောင်း သို့သွား၍ `` ငါသည် ဗုဒ္ဓကိုစွန့်ခွာခဲ့ပြီ၊ ဗုဒ္ဓကား ဘာမှထူး ထူး ခြား ခြား တန်ခိုး ဣဒ္ဓိပါဒ်မရှိ၊ တွေးတောကြံစည်၍တရား ဟော နေသူသာဖြစ်သည် `` စသည်ဖြင့်ဗုဒ္ဓကိုအမျိုး မျိုး ရှုတ်ချပြောဆိုသည်။ ( ဒီဃ၊ ပါထိကဝဂ္ဂပါဠိ၊ ပါထိကသုတ် )။

ယင်း သို့ပြောဆို၍၊ လူထွက်ပြီး နောက်မကြာမီပင် ဝေသာလီပြည် ပရိသတ်တခု၌ `` ဗုဒ္ဓကား တွေး ခေါ်ကြံစည်၍ တရား ဟော နေသူသာဖြစ်သည်၊ ဗုဒ္ဓ၌ ဈာန်မဂ်ဖိုလ်တရား ထူး ဟူ၍ဘာမျှမရှိ `` စသည်ဖြင့် ဗုဒ္ဓကိုကဲ့ရဲ့ရှုတ်ချစကားပြောကြား သည်၊ ထိုစကား မျိုး ကိုအခြား ဆန့်ကျင်ဘက်ဝါဒီတို့က ပြောဆိုလျှင်ဘာမျှအံ့ဩစရာရှိမည်မဟုတ် သော်လည်း ဗုဒ္ဓနှင့်အလွန်ရင်း နှီး သောအလုပ်အကျွေး ရဟန်း ဖြစ်ခဲ့ဘူး သူတယောက်က ပြောဆို သောအခါ၌ကား အံ့ဩစရာဖြစ်လာသည်၊ ဗုဒ္ဓကိုအလွန်ထိခိုက် စေနိုင်သည်။ ထိုစကား ကိုအရှင်သာရိပုတြာက ဆွမ်း ခံသွား ရင်း ကြား သိခဲ့ရသဖြင့် ဗုဒ္ဓကိုလျှောက်ထား ရာ ဗုဒ္ဓက ခြင်္သေ့ဟောက်စကား မျိုး ကိုမြွက်ကြား၍

ဗုဒ္ဓဂုဏ်တရားကိုရှည်လျားစွာ ဖြေရှင်း ဟောကြားတော်မူရသည်။( မဇ္ဈိမ၊ မူလပဏ္ဏာသပါဠိ၊ မဟာသီဟနာဒသုတ်)။

ယခုလည်း နှုတ်ခမ်းတွဲ မဟာလိ လိစ္ဆဝီသည် ``သုနက္ခတ် ပြောကြားသော စကားကား သေးငယ်သောစကား မဟုတ်၊ ဗုဒ္ဓထံသွား၍ လျှောက်ထား မေးမြန်းကြည့်ဦးမှဖြစ်မည်ဟူသောအကြံဖြင့် များစွာသောလိစ္ဆဝီပရိသတ်နှင့်တကွ ဗုဒ္ဓထံသွား၍အသက်သာဆုံးစကားဖြင့် ထိုအကြောင်းကိုဗုဒ္ဓအား မေးမြန်း လျှောက်ထားသည်၊ လျှောက်ထားရာ၌လည်း နှုတ်ခမ်းတွဲ မဟာလိသည် စကား အရာ၌လိမ္မာသူဖြစ်၍ သုနက္ခတ်ပြောသောစကားတို့ကို အကုန်အစင်ထုတ်ဖော်မြ လျှောက်ထားဘဲ အဆင့်အတန်းမြင့်လှသော ဒိဗ္ဗသောတပြဿနာကိုသာ ရှေးဦးစွာ မေးလျှောက်သည်၊ သို့ဖြင့် ဤမဟာလိသုတ် ဒေသနာဖြစ်ပေါ်လာရသည်။

အမှန်အားဖြင့်ဆိုလျှင် ဝဇ္ဇီတိုင်း မလ္လာတိုင်းတို့သည် နိဂဏ္ဌ နာဋပုတ္တ၏နယ်ပယ်များဖြစ်ကြသည်၊ နာဋပုတ္တဆရာသည် ဗုဒ္ဓမပေါ်မီကပင်ထိုနယ်တို့၌ လှည့်လည်ကျက်စား၍တရားဟောနေခဲ့သည်၊ အတ္တဝါဒီဆရာကြီးတဦးဖြစ်သော သစ္စကပရိဗိုဇ်သည်လည်း ဝဇ္ဇီတိုင်းဝေသာလီပြည်က လိစ္ဆဝီမင်းတို့၏ဆရာကြီး တပါးဖြစ်ခဲ့သည်၊ ယင်းသစ္စကပရိဗိုဇ်သည် ဗုဒ္ဓ၏အနတ္တတရားကို အကြီးအကျယ် တိုက်ပွဲဆင်ခဲ့သည်၊ ထို့ကြောင့်သစ္စကပရိဗိုဇ်အား အောင်နိုင်တော်မူခြင်းကို အောင်ခြင်းကြီးတပါးဟု ဗုဒ္ဓဝါဒီတို့က အသိအမှတ်ပြုထားကြသည်၊ သုနက္ခတ်၏သူငယ်ချင်း ဖြစ်သောဤနှုတ်ခမ်းတွဲ မဟာလိလည်း အတ္တဝါဒီတယောက်ပင်ဖြစ်သည်၊ ဗုဒ္ဓ၏ အနတ္တတရားကိုကောင်းစွာသဘောမပေါက်သေးသူလည်းဖြစ်သည်။ သို့ဖြစ်၍ သုနက္ခတ်က ဗုဒ္ဓအပေါ်ထွင်ပြဿနာလုပ်လာသောအခါ ဗုဒ္ဓကမည်သို့ဖြေရှင်းမည် ကိုလွန်စွာကြားချင်သိချင်သည်။ ထို့ကြောင့် လိစ္ဆဝီမင်းပရိသတ်နှင့်တကွ ဗုဒ္ဓထံသို့ သွားရောက်၍ ဒိဗ္ဗသောတပြဿနာကိုရှေးဦးစွာမေးလျှောက်သည်၊ ထို့နောက် ဗုဒ္ဓသာဝကတို့၏ရည်မှန်းချက်ကိုဆက်လက်မေးလျှောက်သည်။

ဤဒိဗ္ဗစက္ခု ဒိဗ္ဗသောတပြဿနာကိုမေးလျှောက်သော မဟာလိ လိစ္ဆဝီ ကို ဩဋ္ဌဒ္ဓမဟာလိဟု သင်္ဂါယနာတင်မထေရ်တို့က ခေါ်ဆိုတော်မူခဲ့ကြသည်၊ ဩဋ္ဌ – ကား နှုတ်ခမ်းတွဲသူဟုအဓိပ္ပါယ်ရှိသည်၊ မဟာလိကား သူ၏နာမည်ရင်းဖြစ်သည်။

ဤမဟာလိသုတ်တွင်အရေးကြီးသောပြဿနာအဖြေ ၃ – ခုပါရှိသည်၊ ပထမ ပြဿနာအဖြေမှာ နတ်တို့၏အသံကားထင်ရှား ရှိသည်၊ သို့ရာတွင် နတ်တို့၏အဆင်းကို မြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်ကိုအားထုတ်ပွားများလျှင် နတ်တို့အဆင်းကို သာမြင်နိုင်သည်၊ နတ်တို့အသံကိုမကြားနိုင်၊ နတ်တို့၏အသံကိုကြားနိုင်သော ဒိဗ္ဗ သောတအဘိညာဉ်ကိုသာအားထုတ်ပွားများလျှင်လည်း နတ်တို့အသံကိုသာကြားနိုင် သည်၊ နတ်တို့အဆင်းကိုမမြင်နိုင်၊ သုနက္ခတ်သည် ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရရန်အတွက်သာ တဖက်သတ်ပွားများအားထုတ်ခဲ့သောကြောင့်နတ်တို့အသံကို မကြားခဲ့ရခြင်းဖြစ်

သည် ဟူသော အဖြေဖြစ်သည်။

ဤအဖြေကိုကြည့်လျှင် ဗုဒ္ဓသည် မဟာလိ၏မေးလျှောက်ချက်ကိုသာကန့်သတ်၍မဖြေဘဲ သုနက္ခတ်၏ စွပ်စွဲချက်ကိုပါထည့်သွင်း ဖြေကြားတော်မူသည်ကို တွေ့နိုင်သည်၊ သို့ရာတွင် ဗုဒ္ဓကား မိမိကိုအထင်ကြီးသွားအောင် အများနားမလည်နိုင်သည့် အဖြေမျိုးကို ဖြေလေ့မရှိ၊ လက်တွေ့ကျသော တိကျသော အဖြေမျိုးကိုသာ ဖြေလေ့ရှိသည့်အတိုင်း သုနက္ခတ်သည် ဒိဗ္ဗသောတအဘိညာဉ်ကိုမပွားများခဲ့သဖြင့် နတ်တို့အသံကိုမကြားခြင်းသာဖြစ်သည်ဟု ဖြေတော်မူသည်၊ အတိတ်ကဝဋ်ကြွေးရှိ၍ ဒိဗ္ဗသောတအဘိညာဉ်ရအောင် သုနက္ခတ်အား မသင်ပြ၊ မသင်ပြသဖြင့် ဒိဗ္ဗသောတအဘိညာဉ်ကိုမရ၍ နတ်တို့အသံကို သုနက္ခတ်မကြားရခြင်း ဖြစ်သည်ဟု ဖြေတော်မမူခဲ့ပေ၊ ယင်းသို့သာ ဖြေတော်မူလိုက်လျှင် ကံကိုမယုံကြည်သောသူတို့အတွက်များစွာ ပြဿနာတက်လာမည်သာဖြစ်ပေသည်။

ဒုတိယအဖြေကား ဗုဒ္ဓသာဝကတို့သည် ဤသို့တန်ခိုးကြီးမားသော ဈာန်အဘိညာဉ် သမာဓိတရားတို့ကိုရရှိရန်အတွက်သာ ဗုဒ္ဓထံ၌ ရဟန်းပြုနေကြပါသလော ဟူသော အမေး၏အဖြေဖြစ်သည်။ ဤအမေးသည်ဗုဒ္ဓသာဝကတို့၏ရည်မှန်းချက်ကို မေးသောအမေးဖြစ်သည်၊ ထိုအမေးကို ဖြေကြားတော်မူသောဗုဒ္ဓ၏အဖြေအကျဉ်းချုပ်မှာ ဗုဒ္ဓသာဝကတို့သည် ဤဈာန်အဘိညာဉ်သမာဓိတရားတို့ လောက်ကိုသာ ရည်မှန်း၍ ငါ့ထံ၌ ရဟန်းပြုနေကြသည်မဟုတ်၊ ထိုသမာဓိတရား သမာဓိတန်ခိုးတို့ထက်သာလွန်မြင့်မြတ်သော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာအဖြစ်ကိုရည်မှန်း၍ ငါ့ထံ၌ ရဟန်းပြုနေကြသည်ဟူသော အဖြေဖြစ်သည်။ ဤအဖြေကိုတနည်းအားဖြင့်ပြဆိုရလျှင် ဗုဒ္ဓသာဝကတို့သည်ယင်းဈာန်အဘိညာဉ်တို့ လောက်သာမက ထို့ထက်သာလွန်မြင့်မြတ်သော မဂ်ဖိုလ်နိဗ္ဗာန်ကိုရည်မှန်း၍ ဗုဒ္ဓထံ၌ ရဟန်းပြုနေကြခြင်း ဖြစ်သည်ဟူ၍လည်း ပြဆိုရလိမ့်မည်။

ဤအဖြေကား ဗုဒ္ဓသာသနာ ဗုဒ္ဓဝါဒ၏ရည်မှန်းချက်၊ ဝါ၊ ဦးတည်ချက်ကို ဖော်ပြသော အဖြေဖြစ်၍ အလွန့်အလွန်အရေးကြီးသော အဖြေလည်းဖြစ်သည်။ ဗုဒ္ဓသာသနာတွင်ယင်း ဈာန်အဘိညာဉ်နှင့်မဂ်ဖိုလ်တရားတို့ကိုဥတ္တရိမနုဿဓမ္မဟု ခေါ်သည်။ ဥတ္တရိမနုဿဓမ္မကား လူတို့၏ဖြစ်နေကျ ကောင်းမှုကုသိုလ်တရားတို့ထက် သာလွန်သောတရားဟုအဓိပ္ပါယ်ရှိသည်၊ ယင်းဈာန်မဂ်ဖိုလ်တရားတို့ကိုသိမ်းကျုံး၍တရားထူးဟုလည်း ခေါ်သည်၊ ထိုတရားထူးတို့တွင် ဈာန်အဘိညာဉ်တရားတို့ကား လောကီတရားထူးသာဖြစ်သည်၊ လောကုတ္တရာတရား မဟုတ်ကြ၊ မဂ်ဖိုလ်တရားတို့သာ လောကုတ္တရာတရားထူးများ ဖြစ်ကြသည်။ သို့ရာတွင်အိမ်ရာတည်ထောင်သောလူသားတို့သည် ဈာန်အဘိညာဉ်ကိုမရနိုင်၊ ကာမဂုဏ်ကိုပယ်ထားသော ရဟန်းတို့သာ ရနိုင်သည်၊ မဂ်ဖိုလ်တရားတို့ကိုကား အိမ်ရာတည်ထောင်သော

လူသာမန်တို့လည်း ရနိုင်ကြသည်၊ မဂ်ဖိုလ်ကိုရလျှင် မုချကေန်နိဗ္ဗာန်ကိုရသည်ဖြစ်၍ မဂ်ဖိုလ်နှင့်နိဗ္ဗာန်ကိုတွဲစပ်ကာမဂ်ဖိုလ်နိဗ္ဗာန်ဟုလည်း ပြောဆိုသုံးနှုန်း လေ့ရှိကြသည်၊ တခါတရံတွင်ဤတရားထူးများကိုအကျဉ်းချုံး၍ဈာန်မဂ်ဖိုလ်တရားဟုလည်း ဆိုကြသေးသည်။

ဤဈာန်မဂ်ဖိုလ်တရားတို့ကား ဗုဒ္ဓသာသနာဗုဒ္ဓဝါဒတွင်အဆင့်အတန်းမြင့်သောအကျိုးကျေးဇူးများ ရည်မှန်းချက်များပင်ဖြစ်ကြသည်၊ သို့ရာတွင်ဈာန်အဘိညာဉ်တရားတို့ကား လောကီမျှသာဖြစ်၍ ဗုဒ္ဓဝါဒ၏တကဲ့ရည်မှန်းချက်အစစ်မဟုတ်သေးပေ၊ မဂ်ဖိုလ်တရားတို့သာဗုဒ္ဓဝါဒ၏တကယ့်ရည်မှန်းချက်များ ဖြစ်ကြသည်၊ မဂ်ဖိုလ်ရမှလည်း နိဗ္ဗာန်ချမ်းသာကိုရနိုင်သည်၊ ဤအကျိုးကျေးဇူး ဤရည်မှန်းချက်သည်ပင်ဗုဒ္ဓဝါဒ၏အထူးခြားဆုံးအချက်ဖြစ်သည်၊ အခြားဘာသာဝါဒတို့ထက်သာလွန်မြင့်မြတ်သောအချက်လည်းဖြစ်သည်၊ ဗုဒ္ဓဝါဒ၏ထူးခြားချက်ကိုပြဆိုပါဟုဆိုလျှင် ဤအချက်ကိုပင်ထောက်ပြကြရပေလိမ့်မည်၊ ထို့ကြောင့်ဤသုတ်တွင်ဒုတိယအချက်ဖြစ်သော ဤဗုဒ္ဓ၏အဖြေကိုအထူးဂရုပြု၍ လေ့လာမှတ်သားထားသင့်လှပေသည်။

တတိယအဖြေကား အသက်နှင့်ကိုယ်ပြဿနာအဖြေ၊ အတ္တဝါဒပြဿနာအဖြေပင်ဖြစ်သည်၊ ဤအဖြေကိုကား ဗုဒ္ဓသည် မဟာလိက မမေး မလျှောက်ဘဲ စကားစပ်အဖြေအဖြစ်ဖြင့်ဖြေတော်မူခဲ့သည်၊ အကြောင်းမူကား အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မဟာလိ လိစ္ဆဝီသည်ရုပ်ကိုအတ္တဟုထင်မှတ်စွဲလမ်းနေသူဖြစ်သည်၊ သို့ရာတွင်သစ္စကပရိဗိုဇ်ကဲ့သို့အရှက်တကွဲဖြစ်မည်စိုး၍ ဗုဒ္ဓအားထုတ်ဖော်မလျှောက်ထားဝံ့ပေ၊ ဤအတွင်းသဘောကိုသိတော်မူသဖြင့် မုဏ္ဍိယနှင့်ဇာလိယပရိဗိုဇ်တို့၏ဝတ္ထုကိုဆောင်၍၊ အတ္တဝါဒပြဿနာတရားကိုဟောကြားတော်မူသည်။

တနည်းအားဖြင့်လည်း ဤတရားသဘင်အစည်းအဝေးကား လွန်စွာကြီးမားသည်၊ ကောသလတိုင်းကပုဏ္ဏားများ၊ မဂဓတိုင်းကပုဏ္ဏားများ ဝေသာလီပြည်က လိစ္ဆဝီမင်းဟူသောသုံးပြည်ထောင်သားတို့စုဝေးရာတရားပွဲကြီးဖြစ်သည်၊ ထို့ကြောင့်ဗုဒ္ဓသည်အတ္တဝါဒပြဿနာတရားကိုဆက်၍ဟောကြားတော်မူခဲ့သည်ဟုလည်း ဆိုနိုင်စရာရှိသည်။

## ၇။ ဇာလိယသုတ် နိဒါန်း ။

သီလက္ခန္ဓဝဂ္ဂပါဠိ၏သတ္တမသုတ်ကား ဇာလိယသုတ်ဖြစ်သည်။ ဇာလိယသုတ်ဆိုသည်မှာ ဇာလိယပရိဗိုဇ်အားဟောကြားတော်မူသောသုတ်ဟုအဓိပ္ပါယ်ရှိသည်၊ သို့ရာတွင်ဤသုတ်၌ပြဿနာမေးလျှောက်သူကား ဇာလိယပရိဗိုဇ်တယောက်တည်းမဟုတ်၊ မုဏ္ဍိယပရိဗိုဇ်လည်းပါဝင်သည်၊ အမှန်အားဖြင့် ဇာလိယမုဏ္ဍိယသုတ်ဟုသာအမည်တပ်သင့်သည်၊ သို့သော်လည်း ခေါ်ဝေါ်လွယ်စေရန်အတွက် ရှေ့သွားခေါင်း

ဆောင်ဖြစ်သူ ဇာလိယ၏အမည်ကိုသာယူ၍ ဇာလိယသုတ်ဟု အမည်တပ်တော်မူခဲ့ကြသည်။

ဗုဒ္ဓသည် ဤဇာလိယသုတ်ကို ဝံသတိုင်း ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ဟောကြားတော်မူခဲ့သည်၊ ကောသမ္ဗီမြို့မှာ ယခုအခါ အိန္ဒိယပြည် အလဟာဘတ်မြို့မှ ၃၀-မိုင်၊ ဗာရာဏသီခေါ်သော ဗနာရပ်(ဆ်)မှ ရေကြောင်းခရီး မိုင် ၂၃၀အကွာ၊ ရှေးအခေါ် ယမုနာ၊ ယခုအခေါ် ဂျမနာမြစ်ကမ်းတွင်တည်ရှိသော ကောသမ်ခေါ် ရွာကလေးနေရာ၌တည်ရှိခဲ့သည်။

ဗုဒ္ဓခေတ်တွင် ကောသမ္ဗီပြည်ကား ဥဒေနမင်း၏ထီးနန်းစိုက်ရာ ဝံသတိုင်း၏မြို့တော်ဖြစ်ခဲ့သည်၊ ဥဒေနမင်းကား ရှေးအခါကောသမ္ဗီပြည် ပုရန္တပမင်းကြီး၏ကိုယ်ဝန်အရင့်အမာနှင့် မိဖုရားကို ငှက်ဆင်ချီသွားရာတွင် ဟိမဝန္တာအရပ် သစ်ပင်ခွကြား၌ မွေးဖွားခဲ့သောသားတော်ဖြစ်သည်၊ ထိုမင်းသားသည် နောင်အခါတွင် အလ္လကပ္ပရသေ့ထံမှ ဆင်ချစ်သောမန္တာန်နှင့် နတ်မင်းတပါးကပေးသော နတ်စောင်းကိုရသဖြင့် ကောသမ္ဗီပြည်သို့ပြန်၍ မင်းပြုသည်၊ ထိုမင်းသည်ယင်းသို့ဆင်ချစ်စေတတ်သောမန္တာန်ကြောင့်လည်း ကျော်စောထင်ရှားသည်၊ ဗုဒ္ဓကိုရန်ငြိုးဖွဲ့ပြီး အသပြာပေး၍အဆဲခိုင်းသော မာဂဏ္ဍီမိဖုရား၏လက်ချက်ဖြင့်မီးလောင်တိုက်အသွင်းခံရသော သာမာဝတီနှင့်မောင်းမ ၅၀၀၊ စသောထူးခြားသောဖြစ်ရပ်များကြောင့်လည်း ဗုဒ္ဓဝါဒီလောက၌ထင်ရှား၍လူသိများသည်။

ထိုကောသမ္ဗီပြည်တွင် ဗုဒ္ဓသီတင်းသုံးတော်မူရာကျောင်းကြီး ၃-ကျောင်းရှိသည်၊ ယင်းကျောင်းကြီးတို့မှာ ဃောသကသူဌေးက ဆောက်လုပ်လှူဒါန်းသော ဃောသိတာရုံကျောင်း၊ ပါဝါရိကသူဌေးက ဆောက်လုပ်လှူဒါန်းသော ပါဝါရိကာရုံကျောင်း၊ ကုက္ကုဋသူဌေးက ဆောက်လုပ်လှူဒါန်းသော ကုက္ကုဋာရုံကျောင်းတို့ဖြစ်ကြသည်၊ ယင်းကျောင်းတိုက်ကြီး ၃-ခုအနက် ဃောသိတာရုံကျောင်းတော်တွင် ဤဇာလိယသုတ်ဒေသနာကို ဟောတော်မူခဲ့သည်။

ဃောသိတာရုံကျောင်း ဒကာ ဃောသကသူဌေးကား အလွန်မှတ်သားစရာကောင်းသူတယောက်ဖြစ်သည်၊ ရှေးအခါ အလ္လကပ္ပပြည်တွင် ငတ်မွတ်ခြင်းဘေးကြီးဆိုက်ရောက်ခဲ့ရာ ကောတုဟလိက အမည်ရှိသော ဆင်းရဲသားတယောက်သည် သားငယ်နှင့်တကွ မယားကိုပါခေါ်၍ အဝန္တီတိုင်းသို့သွားခဲ့သည်၊ ထိုဆင်းရဲသားသည် သားငယ်ကိုချီပိုးသယ်ဆောင်ရန် မတတ်နိုင်သဖြင့် လမ်းဘေးကချုံရိပ်တခုတွင် သိပ်၍စွန့်ပစ်ထားခဲ့သည်၊ မယားဖြစ်သူကား ထိုသားငယ်ကိုမပစ်ရက်သဖြင့် ပြန်၍ကောက်ယူလာခဲ့သည်၊ သို့ရာတွင် ထိုသားငယ်ကား ပင်ပန်းနွမ်း

ဂိ၍လမ်းခရီး၌ပင် သေဆုံးသွားခဲ့သည်၊ ထိုဆင်းရဲသားလင်မယားတို့သည်၊ နွားကျောင်းသား ရွာတရွာသို့ ရောက်သွားကြသည်၊ ထိုအချိန်တွင် နွားကျောင်းသားတယောက်၏အိမ်၌ နွားမင်္ဂလာပွဲပြုလုပ်လျက်ရှိသည်၊ ထိုနွားကျောင်းသားသည် ဆင်းရဲသားလင်မယားတို့အား များစွာသော နို့ဃနာကို ကျွေးမွေးသဖြင့် ကောတုဟလိကသည် အစားလွန်၍ ထိုအိမ်မှာပင် ညအချိန်၌ ကွယ်လွန်ပြီး ထိုနွားကျောင်းသား၏ ခွေးမကြီးဝမ်း၌ ဝင်စားသည်၊ ကောတုဟလိက၏မယားဖြစ်သူလည်း ထိုအိမ်မှာပင် အစေအပါးခံ၍ နေထိုင်သည်၊ ခွေးကလေးမွေးလာသောအခါ၌ကား နွားကျောင်းသားက ထိုခွေးငယ်ကို အလွန်ချစ်ခင်သည်၊ ထိုအိမ်သို့ ဆွမ်းဘုန်းပေးရန် ကြွလာလေ့ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ်ကလည်း ဆွမ်းဘုဉ်းပေးပြီးတိုင်း ထိုခွေးငယ်အား ထမင်းခဲတခဲကို နေ့တိုင်း ကျွေးတော်မူသည်၊ သို့ဖြင့် ထိုခွေးငယ်သည် ပစ္စေကဗုဒ္ဓါကို အလွန်ချစ်ခင်သည်၊ နွားကျောင်းသားလည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံသို့ ဆည်းကပ်ရန်သွားလျှင် ထိုခွေးကို ခေါ်သွားလေ့ရှိသည်၊ နောင်အခါ၌ကား နွားကျောင်းသားသည် မိမိမအားလပ်သောအခါ ထိုခွေးကိုပင် စေလွှတ်၍၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းဘုဉ်းပေးရန် ပင့်လျှောက်စေခဲ့သည်၊ ထိုအခါ ထိုခွေးသည်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ ကျောင်းသို့သွား၍ အချိန်အခါကို လျှောက်ကြားသည့်အနေဖြင့် ကျောင်းသင်္ခမ်းတံခါး၌ ဟောင်သံပေးလိုက်သည်၊ လမ်းခရီးအကြား၌လည်း သားရဲဆိုးတို့ကို တွေ့မြင်လျှင် ဟောင်သံပေး၍ ပြောစေသည်၊ ထိုခွေးသည် နောင်အခါ ပစ္စေကဗုဒ္ဓါ၌ ချစ်ခင်သောစိတ်ဖြင့်သာ သေဆုံး၍ နတ်ပြည်၌ဖြစ်ပြီး ဃောသကနတ်သားဟု အမည်တွင်သည်၊ ထိုနတ်သားကား ခွေးဘဝတွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား အသံဖြင့် ကျေးဇူးပြုခဲ့ဘူးသောကြောင့် သူတကာတို့ထက် အသံအောင်သဖြင့် ဃောသကနတ်သားဟူသော အမည်ကို ရရှိသည်။

ကောတုဟလိကဆင်းရဲသား၏မယားဖြစ်သူလည်း ထိုနွားကျောင်းသားအိမ်တွင် အစေအပါးခံ၍ ရသောဆန်တစလယ်ကို ချက်၍ ကွယ်လွန်သူလင်ယောကျ်ားအတွက် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလှူသော ကောင်းမှုအကျိုးအားဖြင့် ထိုဘဝမှ သေလွန်သောအခါ ကောသမ္ဗီသေဌေးကြီး၏ မိတ်ဆွေဖြစ်သော ဇနပုဒ်သေဌေးအိမ်တွင် သေဌေးသမီးဖြစ်၍ အလွန်အဆင်းလှ၏။

ဃောသကနတ်သားလည်း နတ်ပြည်တွင် အပျော်အပါးလွန်၍ အစာစားချိန်ကို မေ့လျော့သဖြင့် နတ်ဘဝမှ စုတေ၍ ကောသမ္ဗီပြည် ပြည့်တန်ဆာမတယောက်၏ ဝမ်း၌ဖြစ်၏၊ ထိုပြည့်တန်ဆာမလည်း သားကလေးမွေးဖွားလာသောအခါ သားယောကျ်ားကို အလိုမရှိသဖြင့် စကောတွင်ထည့်၍ လမ်း၌ပစ်စေ၏၊ ထိုကလေးငယ်ကို ယောကျ်ားတယောက်က တွေ့မြင်၍ ကောက်ယူပြီး သားအမှတ်ဖြင့် မွေးမြူ၏၊ သို့ရာတွင် သားသမီးမရှိသော ကောသမ္ဗီသေဌေးကြီးသည် ထိုနေ့၌ မွေးသော

ကလေးကား ကောသမ္ဗီပြည်၌ သေဋ္ဌေးကြီး ဖြစ်လိမ့်မည်ဟု သောပုရောဟိတ်၏ စကားဖြင့် ထိုကလေးကို အသပြာတထောင် ပေး၍ ဝယ်ယူသည်၊ ထို့နောက် ကောသမ္ဗီ သေဋ္ဌေးကြီးသည်၊ သေဋ္ဌေးကတော်က သားယောကျ်ား မွေးသဖြင့် ထိုဝယ်ယူထားသော ကလေးကို ၇-ကြိမ်အထိ သတ်ကြောင်း ကြံခဲ့သည်၊ သို့ရာတွင် ထိုကလေးကား ပစ္စေကဗုဒ္ဓါအား ရှင်မြတ်နှင့်ပြုခဲ့သော ကောင်းမှုကံကြောင့် ၇-ကြိမ်တိုင် အောင်အသက် မသေဘဲလွတ်မြောက်၍ နောက်ဆုံးတွင် ယခင်ဇနပုဒ်သေဋ္ဌေး သမီးနှင့် တွေ့ဆုံပြီး ဖူးစာဆုံခဲ့သည်၊ ထို့နောက် သူ့အား မွေးစားခဲ့သော ကောသမ္ဗီ သေဋ္ဌေးကြီး ကွယ်လွန်သဖြင့် ကောသမ္ဗီ သေဋ္ဌေးကြီး အရာကို ရရှိသည်၊ ထိုအခါ နတ်သားဘဝက အမည်အတိုင်း ဃောသက သေဋ္ဌေးဟု ထင်ရှားသည်။

ကောသမ္ဗီပြည်တွင် ဃောသကသေဋ္ဌေး မှတပါး ကုက္ကုဋသေဋ္ဌေး၊ ပါဝါရိက သေဋ္ဌေးတို့လည်း ရှိကြသေးသည်၊ ထိုသေဋ္ဌေး သုံးယောက်တို့မိုး ဒခါ ရောက်လျှင် ဟိမဝန္တာမှ ကြွလာလေ့ရှိကြသော ရသေ့ငါးရာတို့ကို ကိုးကွယ်ကြသည်၊ ထိုရသေ့တို့ကား မိုးတွင်းကာလတွင် ကောသမ္ဗီပြည်၌ ဝါဆို၍ မိုးကုန်သောအခါ ဟိမဝန္တာသို့သာ ကြွသွားလေ့ရှိကြသည်၊ တခါသော် ထိုရသေ့ငါးရာတို့သည် ဟိမဝန္တာမှ ကောသမ္ဗီ ပြည်သို့လာကြရာတွင် ကန္တာရကြီး တခုသို့ရောက်၍ ရေငတ်သဖြင့် အလွန်ပင်ပန်း ဆင်းရဲလျက်ရှိကြသည်၊ ရသေ့တို့သည် နီးရာ ညောင်ပင်ကြီး တပင် အောက်သို့ဝင် ရောက်နားနေကြယင်း ဤညောင်ပင်စောင့် ရုက္ခစိုးသည် ငါတို့အား ရေကိုလှူ တန်းလျှင် ကောင်းလေစွဟု ကြံစည် တောင့်တလိုက်ကြသည်၊ ထိုအခါ ညောင်စောင့်နတ် သည် မိမိကိုယ်ကို မပြဘဲသာ ရသေ့တို့အား သောက်ရေကို လှူတန်းသည်၊ ရသေ့တို့လည်း ရေချိုး ရလျှင် ကောင်းလေစွဟု ချိုးရေကို တောင့်တကြပြန်သည်၊ ညောင်စောင့် နတ်လည်း ရသေ့တို့အား ချိုးရေကို လှူတန်းသည်၊ ထိုနောက် ရသေ့တို့သည် ဘောဇဉ်ကို သုံးဆောင်ရလျှင် ကောင်းလေစွဟု တောင့်တကြပြန်သည်၊ ညောင်စောင့်နတ်လည်း ရသေ့တို့အား ဆွမ်း ဘောဇဉ်ကို လှူတန်းသည်၊ ထို့နောက် ရသေ့တို့သည် ငါတို့အား အလွန် ကျေးဇူး များသော ဤညောင်စောင့်နတ်ကို ကိုယ်ထင်ရှား မြင်ရလျှင် ကောင်းလေ စွဟု တောင့်တကြပြန်သည်၊ ထိုအခါ ညောင်စောင့်နတ်သည် ပညောင်ပင်၏ ပင်စည် ထဲမှ ခွဲထွက်၍ ရသေ့တို့အား မိမိကိုယ်ကို ထင်ရှားပြသည်၊ ရသေ့တို့လည်း အဘယ် ကောင်း မှုကိုပြုခဲ့သဖြင့် ဤသို့ တန်ခိုးကြီး သောနတ်မင်း ဖြစ်ရသနည်းဟု မေးကြသည်၊ ထိုအခါ မှ ညောင်စောင့်နတ်သည် အတိတ်ဘဝတွင် သာဝတ္ထိပြည် ဗုဒ္ဓကျောင်း ဒကာ အနာထပိဏ် သေဋ္ဌေးကြီး အိမ်တွင် အခစား လုပ်ရာမှ နေ့တဝက်မျှ ဥပုဒ်စောင့်သုံး ၍ သေလွန်သဖြင့် ဤနတ်အဖြစ်သို့ ရောက်ပါသည်၊ ထိုအနာထပိဏ် သေဋ္ဌေးကြီး ကား ဗုဒ္ဓကို မြတ်နိုး ကြည်ညိုပါသည်၊ ဓမ္မကို မြတ်နိုး ကြည်ညိုပါသည်၊ သံဃာကို မြတ်နိုး ကြည်ညိုပါသည် ဟုရိုသေစွာ ပြောဆိုသည်၊ ထိုစကားကို ကြားလျှင် ရသေ့တို့လည်း ဗုဒ္ဓရှိရာ သာဝတ္ထိပြည်

သို့အမြန်ဆုံး သွား ရောက်ရန်ဆုံး ဖြတ်၍သူတို့၏ဆွမ်းဒကာ များ ဖြစ်ကြ သော သေဋ္ဌေး သုံး ယောက်တို့ထံသို့သွား ပြီး ထိုသတင်း ကို ပြောကြား ကြသည်၊ ရ သေ့တို့လည်း သေဋ္ဌေး ၃ - ယောက်တို့ကသူတို့ပါအတူလိုက်လို၍တား သော်လည်း မ စောင့်ဘဲသာဝတ္ထိပြည်သို့အလျင်အမြန်သွား ၍ ဗုဒ္ဓ၏တရား တော်ကို နာကြသည်၊ ထို့ နောက် ဗုဒ္ဓထံတွင် ရဟန်းပြု၍ ရဟန္တာအဖြစ်သို့ ရောက်ကြသည်။

သေဋ္ဌေး သုံး ယောက်တို့လည်း တ ယောက်လျှင်လှည်း အစီး ၅၀၀ စီ ရိက္ခါ လျာတန်း စရာပစ္စည်း တို့ကိုတင် ဆောင်၍ သာဝတ္ထိပြည်သို့သွား ပြီး ဗုဒ္ဓထံတွင်တရား နာကြသည်၊ အလှူဒါနပြုကြသည်၊ ထို နောက် ကောသမ္ဗီပြည်သို့ ဗုဒ္ဓကြွ ရောက်ပါရန် ပင့် လျှောက်၍ပြန်လာပြီး ကျောင်း တ ကျောင်း စီ ဆောက်လုပ်ကြသည်၊ ဤသို့ဖြင့် ကောသမ္ဗီ ပြည်တွင်ဗုဒ္ဓသာသနာ၌ ကျော် စောထင်ရှား သော အထက်ပါ ကျောင်း ကြီးသုံးကျောင်း ပေါ် ပေါက်လာခဲ့သည်။

ထို ကျောင်း ကြီး သုံး ကျောင်း အနက် ဃောသက သေဋ္ဌေး ကြီး ဆောက် လုပ်လှူတန်း သော ဃောသိတာရုံ ကျောင်း တော်၌ ဗုဒ္ဓသီတင်း သုံး တော်မူစဉ် မုဏ္ဍိယနှင့်ဇာလိယအမည်ရှိ သော ပရိဗိုဇ်နှစ် ယောက်တို့သည် ဗုဒ္ဓအထံ တော်သို့ပြဿ နာမေး လျှောက်ရန် ရောက်ရှိလာကြသည်။

ပရိဗိုဇ်ကား တိတ္ထိရဟန်း တမျိုး ဖြစ်သည်၊ ပရိဗိုဇ်တို့သည်အများအားဖြင့် ကံကိုမယုံကြည် သော သဿတဝါဒီဥစ္ဆေဒဝါဒီများ သာဖြစ်ကြသည်၊ သူတို့ကား အဝတ် ဝတ်ကြသည်၊ အဝတ်မဝတ် သော တိတ္ထိရဟန်းတမျိုး ကိုကား အစေလက = (တက္ကတွန်း) ဟု ခေါ်ကြသည်၊ အဝတ်ဖြူဝတ်သော နာဋပုတ္တဂိုဏ်း ဝင်တိတ္ထိရဟန်းတို့ကိုကား သူတို့ကိုယ် တိုင်ကခံယူထား ကြသည့်အတိုင်း နိဂဏ္ဌများ ဟု ခေါ်ကြသည်။

ဇာလိယနှင့်မုဏ္ဍိယတို့သည် လောက ဝေါဟာရအားဖြင့်ရဟန်း များပင် ဖြစ်ကြသည်၊ သူတို့လည်း အိမ်ရာတည် ထောင်သည့်လူ့ဘောင်ကိုစွန့်ခွာခဲ့ကြသူများပင် ဖြစ်ကြသည်၊ ထို့ကြောင့်ထိုပရိဗိုဇ်နှစ် ယောက်တို့သည် ဗုဒ္ဓ ဂေါတမသည် ငါတို့လိုရဟန်း ပင်ဖြစ်သည်ဟုမှတ်ယူထား ကြပြီး ဗုဒ္ဓ ဂေါတမကို ဝါဒတင်၍အကျပ်ကိုင်မည်ဟုသ ဘော ထား ကာ ဗုဒ္ဓထံသို့ ရောက်လာခဲ့ကြသည်၊ သူတို့သည် ဗုဒ္ဓကိုဝါဒတင်ရန်နှစ် ဖက်ချွန်ပြဿ နာကိုစီစဉ်လာကြသည်။ ယင်း ပြဿနာကား အသက်နှင့်ကိုယ်သည် အတူတူပင်ဖြစ်သလော သို့မဟုတ်တခြား စီသာဖြစ်သ လောဟူ သောပြဿနာဖြစ်သည်၊ ဤပြဿနာ ကြောင့်ပင် ဤဇာလိယသုတ် ပေါ် ပေါက်လာခဲ့သည်။

အသက်နှင့်ကိုယ်သည်အတူတူပင်ဖြစ်သည်ဟု ဖြေဆိုလျှင် ရုပ်ဖြစ် သော ဤကိုယ် ကာယ သေဆုံး ပျက်စီး သောအခါ အသက်ဇီဝလည်း ပျက်စီး သေဆုံး သည်ဟုဆိုရာရောက် သဖြင့် ဗုဒ္ဓကား ဥစ္ဆေဒဝါဒီဖြစ်သည်ဟု ဝါဒတင်ကြမည်၊ အသက်နှင့်ကိုယ်သည်တခြား စီသာဖြစ်သည်ဟု ဖြေဆိုလျှင်လည်း ဤရုပ်ကိုယ် သေဆုံး ပျက်စီး သော်လည်း အသက်ဇီဝသည်

မပျက်မစီး တည်ရှိပြီး တခြားဘဝသို့ကူး ပြောင်းသွားသည်ဟုဆိုရာ ရောက်သဖြင့် ဗုဒ္ဓသည် သဿတဝါဒီဖြစ်သည်ဟုဝါဒတင်ကြမည်၊ ဤသို့ကြံစည်စိတ်ကူး ထားကြသည်။

ဤအသက်နှင့်ကိုယ်ပြဿနာကို ကျမ်းဦး အမှာတွင်အခြေခံသဘောအားဖြင့်အတော်အတန်တင်ပြခဲ့ကြပြီးဖြစ်သည်၊ ဤပြဿနာသည်အလွန်သိမ်မွေ့သည်၊ လူပြိန်းနားလည်အောင်အတိအကျ ဖော်ပြရန်ခဲယဉ်းသည်၊ အမှန်အားဖြင့်အတော်အသင့်ပညာဗဟုသုတရှိသောသူတို့ပင် ဤအသက်နှင့်ကိုယ်ပြဿနာကိုအတိအကျနားမလည်နိုင်ကြပေ၊ သို့ဖြင့်လူလောက၌ဤပြဿနာကိုအခြေခံ၍ဘာသာဝါဒအမျိုးမျိုးတို့သည်မှိုလို ပေါက်လျက်ရှိကြသည်။

ခြေလက်နား နှာစသော၌ကိုယ်ကာယသည် ကိုယ်ဖြစ်သည်၊ အာရုံကိုသိမှတ်ခံစားတတ်သောစိတ်ဝိညာဉ်သည်အသက်ဖြစ်သည်၊ ထို့ကြောင့်စိတ်ဝိညာဉ်ကင်းကွာသွားလျှင်သေသည်ဟုဆိုရသည်။ စိတ်ဝိညာဉ်ကိုအစွဲပြု၍သာသေသည်ရှင်သည်ဟုခွဲခြားကြရသည်ဟူသောအသိကား လူတိုင်းမှာပင်ရှိသည်၊ ၎င်းအသိသည်လောကဝေါဟာရအားဖြင့်မှန်သည်၊ သို့ရာတွင်တိကျပြည့်ဝမှုကားမရှိသေးပေ။ ဤအသိသာတိကျပြတ်သားသောပြည့်ဝစုံလင်သောအသိဖြစ်ခဲ့လျှင်အသက်နှင့်ကိုယ်ပြဿနာပင်ပေါ်ပေါက်စရာအကြောင်းမရှိပေ၊ ဤပရိဗိုဇ်နှစ်ယောက်တို့သည် ဤလူတိုင်းသိသော အသက်နှင့်ကိုယ်ကိုမေးသည်မဟုတ်၊ အသက်နှင့်ကိုယ်သည် အတူတူသာဖြစ်၍ သတ္တဝါသည်သေဆုံးပျက်စီးလျှင်ပြတ်စဲသွားသလော၊ သို့မဟုတ်အသက်နှင့်ကိုယ်သည်တခြားစီသာဖြစ်၍ ဤကိုယ်ကာယပျက်စီး သေဆုံးသွားလျှင်လည်း သတ္တဝါသည်အပြီးသတ်ပြတ်စဲမသွား၊ ကိုယ်ကာယသေဆုံးပျက်စီးရာတွင်မပါသောအသက်ဇီဝသည်အခြားတဘဝသို့ကူးသွားသလောဟုဥစ္ဆေဒနှင့်သဿတကိုမေးခြင်းသာဖြစ်သည်။

သတ္တဝါတယောက်သေလျှင်အသက်ရောကိုယ်ပါအပြီးသတ်သေသည်၊ ကိစ္စပြီးဆုံးသည်၊ သေပြီးသောကိုယ်ကာယကလည်း နောက်ဘဝသို့မသွား၊ ကိုယ်တွင်မှီသောအသက်ကလည်း နောက်ဘဝသို့မသွား၊ ဤဘဝတွင်ပင်ပြတ်စဲသည်ဟုဆိုလျှင်အတိအကျအပြည့်အဝမမှန်သောကြောင့်ဤအယူမျိုးကိုဥစ္ဆေဒဝါဒ၊ ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်ဟုဗုဒ္ဓက ဟောကြားသည်၊ သတ္တဝါသေလျှင် ကိုယ်ကာယကသာသေသည်၊ အသက်ဝိညာဉ်ကားမသေ၊ တဘဝသို့ကူးပြောင်းသွားသည်၊ ထို့ကြောင့်အချို့ကအတိတ်ဘဝကိုပင်ပြောနိုင်ကြသည်ဟုဆိုလျှင်လည်း အတိအကျအပြည့်အဝမမှန်သောကြောင့်ဤအယူမျိုးကို သဿတဝါဒ၊ သဿတဒိဋ္ဌိ၊ ဖြစ်သည်ဟု ဗုဒ္ဓက ဟောကြားသည်။

ဗုဒ္ဓဝါဒကား ဤဥစ္ဆေဒဒိဋ္ဌိနှင့်သဿတဒိဋ္ဌိဟူသောအစွန်းနှစ်ဖက်မှလွတ်သောဝါဒဖြစ်သည်၊ အတိတ်ကသတ္တဝါသည် ဤဘဝသို့လာသည်မဟုတ်၊ ဤဘဝကသတ္တဝါလည်း အနာဂါတ်ဘဝသို့သွားမည်မဟုတ်၊ သို့ရာတွင်ဤဘဝကသတ္တဝါသည် အတိတ်ဘဝနှင့်မကင်းအတိတ်ဘဝ၏ကျေးဇူးပြုခြင်းကိုမှီ၍သာဖြစ်လာသည်၊ ဤဘဝ၌ဖြစ်သောအကြောင်း

တရားကိုအမှီပြု၍သာ နောင်အနာဂတ်ဘဝလည်း ပေါ်လာလိမ့်မည်၊ ယခုဘဝနှင့် အတိတ်အနာဂတ်တို့သည်တခြား စီလည်း မဟုတ်၊ အတူတူလည်း မဟုတ်၊ တခုနှင့်တခု အကြောင်း အကျိုး ဆက်စပ်လျက်သာ ရှိကြသည်၊ ဥပမာအားဖြင့်နွား နို့မှနို့ဓမ်း၊ နို့ဓမ်း မှဆိဥ၊ ဆိဥမှ ထောပတ်၊ ထောပတ်မှ၊ ထောပတ်ကြည်ဖြစ်ရာ၌နွား နို့ သည် နို့ဓမ်း မဟုတ်၊ နွား နို့မရှိဘဲနှင့်လည်း နို့ဓမ်း မဖြစ်၊ နို့ဓမ်း သည်ဆိဥမ ဟုတ်၊ နို့ဓမ်း မရှိဘဲလည်း ဆိဥမဖြစ်ဆိဥသည် ထောပတ်မဟုတ်၊ ဆိဥမရှိဘဲလည်း ထောပတ်မဖြစ်၊ ထောပတ်သည် ထောပတ်ကြည်မဟုတ်၊ ထောပတ်မရှိဘဲလည်း ထောပတ်ကြည်မဖြစ်၊ တခုနှင့်တခု ကျေးဇူး ပြုသဖြင့်သာ နွား နို့မှနို့ဓမ်း ဖြစ်သည်၊ နို့ဓမ်း မှဆိဥဖြစ်သည်၊ ဆိဥမှ ထောပတ်ဖြစ်သည်၊ ထောပတ်မှ ထောပတ်ကြည်ဖြစ် သည်၊ ထို့အတူပင်အတိတ်ဘဝနှင့်ဆက်စပ်၍ ပစ္စုပ္ပန်ဘဝဖြစ်သည်၊ ပစ္စုပ္ပန်ဘဝနှင့်ဆက် စပ်၍အနာဂတ်ဘဝဖြစ်လိမ့်ဦး မည်၊ သို့ရာတွင်၄င်းသို့ လည်ပတ်ဖြစ်ပွား တတ် သော ကွင်း ဆက်ကို မဂ်ဥာဏ်ဖြင့်ဖြတ်နိုင်လျှင်ကား ဘဝချုပ်ငြိမ်း ရာနိဗ္ဗာန်သို့ရောက် သည်။ အမှန်အားဖြင့် လောက၌၄င်းသို့အကြောင်း အကျိုး ဆက်စပ်၍လည်ပတ်ဖြစ်ပွား တတ်သောရုပ်တရား နာမ်တရား အစုသာရှိသည်၊ တနည်း ဆိုသော် ခန္ဓာ ၅ ပါး တရား အစုသာရှိသည်၊ ၄င်းသို့လည်ပတ်ဖြစ်ပွား တတ်သော ခန္ဓာ ၅ ပါး တရား အစု မှတပါး အခြား သတ္တဝါဟူ၍မရှိ၊ မသေမပျက်ဘဝတခုမှတခုသို့ကူး သန်း သွား လာ နေသောအရာဟူ၍မရှိ၊ ဖန်ဆင်း ရှင်လည်း မရှိ၊ အဖန်ဆင်း ခံသတ္တဝါလည်းမရှိ ပေ။

ဇာလိယနှင့်မုဏ္ဍိယတို့ကား ဥစ္ဆေဒဝါဒနှင့်သဿတဝါဒကိုသာသိကြသည်၊ ၄င်းသို့သော မဇ္ဈိမပဋိပဒါလမ်း စဉ် ဗုဒ္ဓဝါဒကို မသိကြ၊ မသိကြသဖြင့်ဗုဒ္ဓကိုဝါဒ တင်ရန်နှင့်ဗုဒ္ဓထံသို့ရောက်လာခဲ့ကြသည်၊ ဗုဒ္ဓကား သူတို့၏စိတ်ထား ကို ကြေးမုံ ရှေ့တွင် ထောင်ထား သောပန်း ချီကား ကဲ့သို့အကုန်အစင်သိမြင် နေ တော်မူသဖြင့် သူတို့နှင့်ဆန့်ကျင်ဖက်စကား ကိုမဆိုန့်ကြား ဘဲ ယထာဘူတကျ သော ဗုဒ္ဓဝါဒသီလသမာဓိ ပညာတရား ကိုသာတဖက်သတ် ဟောကြား တော်မူခဲ့သည်။ ဗုဒ္ဓသည် သတ္တဝါတို့၏ စိတ် အလိုဆန္ဒကို အကြွင်း မဲ့သိ တော်မူသည်ဖြစ်၍အသက်ဟူ၍မရှိ၊ ကိုယ်ဟူ၍မရှိ၊ သတ္တဝါမရှိ ဟုသူတို့နား မလည်နိုင်မည့်စကား မျိုး ကိုမသုံး ဘဲသူတို့အလိုလိုသဘော ပေါက်လာအောင် စစ်မှန် သော ဗုဒ္ဓဝါဒလမ်း စဉ်ကိုသာအပြည့်အစုံထုတ် ဖေါ် ဟောကြား တော်မူခဲ့ သည်။

၄င်းသုတ်တွင်ပါဝင် သောအကြောင်း အရာမှာ ပဓာနအားဖြင့်ဇာလိယ နှင့်မုဏ္ဍိယ ပရိဗိုဇ်တို့က မေး လျှောက် သောအသက်နှင့်ကိုယ်ပြဿနာနှင့်ဗုဒ္ဓ၏အဖြေ ဖြစ်သည်၊ သို့ရာတွင် ဗုဒ္ဓသည်ပရိဗိုဇ်တို့၏အမေး ကိုဟုတ်မဟုတ်မှန်မမှန်တိုက်ရိုက်မ ဖြေ၊ ပြန်လှန် ပေး ခွန်း ဖြင့်သွယ်ဝိုက်၍သာ ဖြေကြား တော်မူခဲ့သည်၊ ယင်း သို့

သွယ်ဝိုက်၍ ဖြေသော်လည်း နောက်ဆုံး၌ကား ပရိဗိုဇ်နှစ်ယောက်တို့တွင်အသက်နှင့် ကိုယ်ပြဿနာအား ဖြေကို ကောင်းစွာ သဘော ပေါက်ကြသည်၊ ထို့ကြောင့်ပင် အရဟတ္တဖိုလ် ပညာနှင့်ပြည့်စုံသော ရဟန်းသည်အသက်နှင့်ကိုယ်အတူတူ လော၊ တခြားစီ လောဟူ သောစကားမျိုးကို ပြောဆိုပါမည် လောဟုဗုဒ္ဓက မေးတော်မူသောအခါ အရှင် ဂေါတမ---ထိုရဟန်းကား ထိုစကားမျိုးကို ပြောဆိုရန်မထိုက်တော့ပါ ဟုပြန် လည် လျှောက်ထားကြသည်။

ဤသုတ်ကို လေ့လာရာတွင် အောက်ပါအကျဉ်းချုပ်ကို ရှေးဦးစွာ လေ့လာ သုံးသပ်ထားမည်ဆိုပါက ဤသုတ်၌ပါသော ဗုဒ္ဓ၏အသက်နှင့်ကိုယ်ပြဿနာအား ဖြေကိုကောင်း စွာသဘော ပေါက်နိုင်သည်။

`` ငါ့ရှင် ဂေါတမ---အသက်နှင့်ကိုယ်သည်အတူတူဖြစ်သ လော၊ တခြားစီ ဖြစ်သ လော ``

`` ငါ့ရှင်တို့---သို့ဖြစ်လျှင် နားထောင်ကြ၊ ကောင်းစွာနှလုံးသွင်း ကြ ငါဟောပြမည် ``

`` ငါ့ရှင် ဂေါတမ--- ကောင်း ပါပြီ ``

`` ငါ့ရှင်တို့---ဤလောက၌ ဂုဏ်တော် ၉-ပါး နှင့်ပြည့်စုံသော ဗုဒ္ဓပွင့်တော်မူလာသဖြင့် အမျိုးကောင်းသားသည် ဗုဒ္ဓသာသနာ၌ရဟန်းပြု၍ စူဠသီလ မဇ္ဈိမသီလ မဟာသီလတို့ကို ကျင့်သုံးသည်၊ ဣန္ဒြေကို စောင့်စည်းသည်၊ ရောင့်ရဲလွယ်ခြင်း နှင့်ပြည့်စုံသည်၊ သတိသမ္ပဇဉ် နှင့်ပြည့်စုံသည်၊ ထို နောက်တရားကိုအားထုတ်သဖြင့် ပထမဈာန်ကိုရရှိသည်၊ ထိုရဟန်းသည် အသက်နှင့်ကိုယ်အတူတူ လောတခြားစီ လောဟူ သောစကားမျိုးကိုဆိုထိုက်ပါမည် လော``။

`` ငါ့ရှင် ဂေါတမ---ဆိုထိုက်ပါသည်၊ ဆိုစရာအကြောင်း ရှိပါသည် ``။

`` ငါ့ရှင်တို့---ထိုရဟန်းသည် ဒုတိယဈာန်ကို၊ တတိယဈာန်ကို၊ စတုတ္ထဈာန်ကိုရရှိ၏၊ ထိုရဟန်းသည်၊ ဤသက်နှင့်ကိုယ်အတူတူ လော၊ တခြားစီ လောဟူ သောစကားမျိုးကိုဆိုထိုက်ပါသ လော ``။

`` ငါ့ရှင် ဂေါတမ---ဆိုထိုက်ပါသည်၊ ဆိုစရာအကြောင်း ရှိပါသည်``။

`` ငါ့ရှင်တို့--- ငါကမူကား ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ကိုရရှိ၏၊ သို့ရရှိသဖြင့် အသက်နှင့်ကိုယ်သည် အတူတူ လော၊ တခြားစီလော ဟူ သောစကားမျိုးကိုမဆို၊

`` ငါ့ရှင်တို့---ထိုရဟန်းသည် ဝိပဿနာဉာဏ်အမြင်ကိုရရှိ၏၊ မနောမယိဒ္ဓိဉာဏ်ကို၊ ဣဒ္ဓိဝိဓဉာဏ်ကို၊ ဒိဗ္ဗသောတဉာဏ်ကို၊ စေတောပရိယ ဉာဏ်ကို၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို၊ စုတူပပါတဉာဏ်ကိုရရှိ၏၊ ထိုရဟန်းသည် အသက်နှင့်ကိုယ်အတူတူ လော၊ တခြားစီ လော-ဟူ သောစကားကိုဆိုထိုက်ပါမည် လော``။

`` ငါ့ရှင် ဂေါတမ---ဆိုထိုက်ပါသည်၊ ဆိုစရာအကြောင်း ရှိပါသည် ``

`` ငါ့ရှင်တို့---ငါကား ထိုဉာဏ် ရ-ပါး ကိုရရှိ၏၊ သို့ရရှိသဖြင့် အသက်နှင့်ကိုယ် အတူတူ လော၊ တခြား စီ လောဟူ သောစကား ကိုမဆို၊

`` ငါ့ရှင်တို့ထိုရဟန်း သည် အာသဝက္ခယဉာဏ်ကိုရရှိ၏၊ ထိုရဟန်း သည် အသက်နှင့်ကိုယ်သည် အတူတူ လောတခြား စီ လောဟူ သောစကား ကိုဆိုထိုက်ပါလော။``

`` ငါ့ရှင် ဂေါတမ---ထိုရဟန္တာကား ဤစကား မျိုး ကိုမဆိုထိုက် တော့ပါ``

`` ငါ့ရှင်တို့---ငါသည် အာသဝက္ခယဉာဏ်ကိုရရှိ၏၊ သို့ရရှိသဖြင့်အသက်နှင့်ကိုယ်သည် အတူတူ လော၊ တခြား စီ လော ဟူ သောစကား ကိုမဆိုပြီ၊

`` ငါ့ရှင် ဂေါတမ---နှစ်သက်ဖွယ်ရှိလှပါပေ၏ ``

## ၈။ မဟာသီဟနာဒသုတ် နိဒါန်း

သီလက္ခန္ဓဝဂ္ဂပါဠိတော်၏အဋ္ဌမသုတ်ကား မဟာသီဟနာဒသုတ်ဖြစ်သည်။ မဟာသီဟနာဒသုတ်ဆိုသည်မှာ ခြင်္သေ့ဟောက်သကဲ့သို့ရဲရဲတောက်မိန့်ကြားသောဒေသနာကိုဖော်ပြသောသုတ်ဟုဆိုလိုသည်၊ သင်္ဂါယနာတင်မထေရ်တို့သည်ဤသုတ်ကိုအမည်တပ်ရာ၌ ဒေသနာခံပုဂ္ဂိုလ်၏အမည်ကိုယူ၍မတပ်ဘဲ ပါဝင်သောအကြောင်းအရာကိုကြည့်၍အမည်တပ်တော်မူခဲ့ကြသည်။

ဗုဒ္ဓသည် ဥရုညာပြည် ကဏ္ဏကတ္ထလ မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူစဉ် အစေလက ကဿပ တက္ကတွန်းကိုအကြောင်းပြု၍ ဤမဟာသီဟနာဒသုတ်ကိုဟောကြားတော်မူခဲ့သည်၊ အစေလက ကဿပဟုဆိုရာ၌ အစေလကကား အဝတ်မဝတ်သူဟုအဓိပ္ပါယ်ရှိသည်၊ ကဿပ-ကား အမျိုးအနွယ်အရခေါ်ဝေါ်သော ထိုတက္ကတွန်း၏အမည်ဖြစ်သည်၊ အခြားကဿပတို့နှင့်ကွဲပြားစေရန် ထိုတက္ကတွန်းကို အစေလက ကဿပဟုခေါ်ကြသည်။

အစေလကကဿပကား အကျင့်ပူအကျင့်ပြင်းကိုယုံကြည်သူဖြစ်သည်၊ ထို့ကြောင့် အဝတ်ကိုမျှ မဝတ်မဆင်ဘဲ မိမွေးတိုင်းဖမွေးတိုင်းကိုယ်ဖြင့်သာ နေထိုင်၍ရပ်လျက်သာကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ ထမင်းအိုးထဲမှထမင်းကိုခူး၍လှူလျှင်သူ့အတွက်ကြောင့်ထမင်းအိုးမှာ ယောက်မဖြင့်အထိုးအခူးခံရရှာသည်ဟုယူဆ၍အလှူမခံခြင်း၊ ကျည်ပွေ့ကို၊ဒုတ်ကို ကျော်ဖြတ်၍လှူလျှင် ကျည်ပွေ့ ဒုတ်တို့သည် သူ့အတွက်အကျော်အနင်းခံကြရသည်ဟုယူဆ၍ အလှူမခံခြင်း၊ တအိမ်တွင်သာ ဆွမ်းခံ၍ ရသမျှကိုသာစားခြင်းစသောပြင်းထန်သောအကျင့်တို့ကို မိမိသဘောအလျောက်ကျင့်သုံးနေသူဖြစ်သည်၊ ဗုဒ္ဓခေတ်တွင် ဤသို့သော တက္ကတွန်းများအများအပြားပေါ်ရှိနေကြသည်၊အချို့ကား ခွေးကဲ့သို့နေ၍၊ ခွေးကဲ့သို့လေးဖက်သွား၍၊ မြေပေါ်၌ပုံထားသောအစာကိုခွေးကဲ့သို့ဟပ်၍စားပြီး ခွေးကျင့်ကျင့်ကြသည်၊ အချို့ကလည်း နွား ကိုအတုယူ၍နွားကျင့်ကျင့်ကြသည်၊ ထိုသူတို့သည်နွားနှင့်တူအောင်ချိုနှစ်ချောင်းနှင့်၊ အမြီးတပ်၍နွားတို့နှင့်အတူတကွမြက်စားဟန်ပြုကြသည်၊ နွားတွေ့လျှင်နွားရှက်ကိုထောင်၍သွားကြသည်၊ (မဇ္ဈိမသဏ္ဍာသ၊ကုက္ကုရဝတိကသုတ်ပါနှင့်၄င်းအဋ္ဌကထာ) ဤတက္ကတွန်းတို့သည်မိမိကိုယ်ကိုအလွန်ညှင်းဆဲသူများဖြစ်ကြသည်၊ ဗုဒ္ဓကမူ ထိုတက္ကတွန်းတို့၏အကျင့်မျိုးကို အတ္တကိလမထာနုယောဂ-မိမိကိုယ်ကိုပင်ပန်းဆင်းရဲအောင်အားထုတ်သောအကျင့်ဟုအမည်တပ်တော်မူခဲ့သည်၊ တက္ကတွန်းတို့သည် ယင်းသို့မိမိကိုယ်ကိုပင်ပန်းဆင်းရဲအောင်ညှင်းဆဲ၍ကျင့်ကြံအားထုတ်ကြသော်လည်း ဤကမ္ဘာမှရှေး ၉၁-ကမ္ဘာအတွင်း၌ ကုမ္ဘဝါဒီ တက္ကတွန်းတယောက်သာ နတ်ပြည်ရောက်ခဲ့ဘူးသည် ဟုဗုဒ္ဓကမိန့်ကြားတော်မူခဲ့သည်၊ (မဇ္ဈိမပဏ္ဏာသပါဠိ၊ တေဝိဇ္ဇသုတ်)

ဤသို့သော တက္ကတွန်းတို့တွင် အပါအဝင်ဖြစ်သော ဤအစေလကကဿပ တက္ကတွန်းလည်း ဗုဒ္ဓကသူတို့၏အကျင့်ပူအကျင့်ပြင်းများကို ကဲ့ရဲ့သည်ဟုကြားသိရသဖြင့် ကိုယ်တိုင်တွေ့ဆုံမေးမြန်းရန် ဗုဒ္ဓထံသို့ ရောက်လာသည်၊ အဆိုပါတက္ကတွန်းတို့သည် ခဲယဉ်းသောအကျင့်ပူအကျင့်ပြင်းများကိုအားခဲ ရပါးရကျင့်သုံးနေကြသူများဖြစ်၍၊ မဇ္ဈိမပဋိပဒါလမ်းစဉ်ကိုလက်ကိုင်ထားသော ဗုဒ္ဓကိုပင်အထင်သေးချင်ကြသည်၊ ဗုဒ္ဓကား ငါတို့လောက်မကျင့်ကြံနိုင်ဟု အောက်မေ့မှတ်ထင်နေကြသည်၊ ထို့ကြောင့်သိ ``အရှင်ဂေါတမ---အရှင်ဂေါတမသည် အကျင့်ပူ အကျင့်ပြင်းအားလုံးကို ကဲ့ရဲ့သည်၊ အကျင့်ပူ အကျင့်ပြင်းကျင့်သူအားလုံးကိုပြက်ရယ်ပြုသည် စွပ်စွဲသည်ဆိုသည်မှာ မှန်ပါသလော``ဟု မေးလျှောက်သည်၊ ထိုအမေးကိုကြည့်လျှင် ထိုတက္ကတွန်းတို့တွင် မည်သို့သောခံစားချက်ရှိသည်ကို ရိပ်စားမိနိုင်ကြသည်။

ဗုဒ္ဓကား သဗ္ဗဝါတို့ကို လမ်းမှန်သို့ပို့ဆောင်ရန်သက်သက်သာ ပွင့်တော်မူလာသော မဟာကရုဏာတော်ရှင်ဖြစ်သောကြောင့် သာမန်လူတို့အနေဖြင့် မျက်စိနှင့်ပင် တည့်တည့်မကြည့်ရဲလောက်အောင်အဝတ်မပါ ပလာကိုယ်ထီးဖြစ်သော တက္ကတွန်းကို ကောင်းစွာလက်ခံတွေ့ဆုံနှုတ်ဆက်၍ သူမေးသည့်ပြဿနာကို ပြေလည်အောင်ဖြေကြားတော်မူခဲ့သည်၊ ဤသို့ဖြင့်အလွန်ထူးခြားသော ဤမဟာသီဟနာဒသုတ်ဒေသနာဖြစ်ပေါ်လာခဲ့သည်။

ဤသုတ်၌ပါဝင်သောအကြောင်းအရာအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။ ဤအကျဉ်းချုပ်ကိုရှေးဦးစွာ လေ့လာထားလျှင် ဤမဟာသီဟနာဒသုတ်ကို အလွယ်တကူသဘောပေါက်နိုင်သည်။

``အရှင်ဂေါတမ---အရှင်ဂေါတမသည် အကျင့်ပူအကျင့်ပြင်းမှန်သမျှကိုကဲ့ရဲ့သည်၊ အကျင့်ပူ အကျင့်ပြင်း ကျင့်သူအားလုံးကို သဲရေး စွပ်စွဲသည်ဆိုသည်မှာ မှန်ပါသလော``-

``အိုကဿပ---ငါသည် အကျင့်ပူ အကျင့်ပြင်းကို ကျင့်၍သေလွန်သူတို့ အပါယ်လေးပါးသို့လားကြရသည်ကိုငင်း၊ နတ်ရွာသုဂတိသို့လားကြသည်ကိုငင်း၊ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကောင်းစွာသိမြင်သည်၊ ဤသို့သိမြင်သည်ဖြစ်လျှက် အဘယ့်ကြောင့် အကျင့်ပူ အကျင့်ပြင်းမှန်သမျှကို ကဲ့ရဲ့တုံအံ့နည်း၊ အကျင့်ပူ အကျင့်ပြင်းကျင့်သူအားလုံးကိုအဘယ်ကြောင့်ပြက်ရယ်ပြု၍ စွပ်စွဲတုံအံ့နည်း။

အိုကဿပ---ကုသိုလ် အကုသိုလ်အရာ၌ အခြားပညာရှိတို့နှင့်သဘောချင်းမတူညီသောအရာ သဘောချင်းတူညီသောအရာဟု ၂ မျိုးရှိသည်။ ထို ၂ မျိုးတွင် သဘောချင်းမတူညီသောအရာကိုဖယ်ထား၍ သဘောချင်းတူညီသောအကုသိုလ် ကုသိုလ်အရာမှာပင် မည်သည့်အရာ မည်သည့်သာဝကတို့က မကောင်းမှုအကုသိုလ်ကိုအကြွင်းမဲ့ပယ်စွန့်ကြသနည်းဟု ပညာရှိတို့က စိစစ်လျှင်ငင်း၊ ကောင်းမှုကုသိုလ်ကိုအပြည့်အဝ

ဖြည့်ကျင့်ကြသနည်း ဟုပညာရှိတို့က စိစစ်လျှင် ငှင်း ၊ များ သောအားဖြင့် ငါတို့ကိုသာ
ချီး မွမ်း ကြလိမ့်မည်။

`` အိုကဿပ --- ငါတို့တွင် မဂ္ဂင်ရှစ်ပါး အကျင့်လမ်း စဉ်တရား ရှိသည်၊ ထိုမဂ္ဂင်
အကျင့်လမ်း စဉ်ကိုကျင့်သုံး လျှင်လည်း ဗုဒ္ဓသည်သင့် သောအခါ၌ သာဆို လေ့ရှိသူကာလ
ဝါဒီ၊ ဟုတ်သည်ကိုသိဆိုလေ့ရှိသူ ဘူတ ဝါဒီ၊ အကျိုးနှင့်စပ်သည်ကိုသိဆိုလေ့ရှိသူ အတ္ထဝါဒီ၊ တရားနှင့်စပ်
သည်ကိုသိဆိုလေ့ရှိသူ ဓမ္မဝါဒီ၊ အဆုံးအမနှင့်စပ်သည်ကိုသိဆိုလေ့ရှိသူ ဝိနယဝါဒီဖြစ်သည်ဟုကိုယ်တိုင်
သိမြင်လိမ့်မည်။ ငါတို့ကား သင်မေးမြန်းသောအကျိုး ပဲ့စကား မျိုးကိုဆိုသူများ မဟုတ်ကြကုန်။``

`` အိုအရှင် ဂေါတမ --- အဝတ်မဝတ်ဘဲ နေခြင်း စသောအကျင့်၊ ဟင်းရွက်
စိမ်း ကိုသာစားခြင်း စသောအကျင့်၊ ပိုက်ဆံ လျှော်အဝတ်ကိုသာ ဝတ်ရုံခြင်းစသော
အကျင့်တို့လည်း သမဏ ဗြာဟ္မဏတို့၏အကျင့်များ ပင်ဖြစ်ကြပါသည်။ ``

`` အိုကဿပ --- အဝတ်မဝတ်ဘဲ နေခြင်း စသော ယင်း အကျင့်တို့ကိုကျင့်
သော်လည်း သီလ၏ပြည့်စုံခြင်း သမာဓိ၏ပြည့်စုံခြင်း ပညာ၏ပြည့်စုံခြင်း မရှိသော်
အထိုအကျင့်သည် သမဏအကျင့် ဗြာဟ္မဏအကျင့်မှအလှမ်း ဝေး သေး သည်၊ အတွင်းရန်
အပရန်မရှိသော၊ မေတ္တာစိတ်ကိုပွား များ သော၊ အာသဝက္ခယဉာဏ်ကိုရသော
ရဟန်း သာ သာမဏအစစ်ဗြာဟ္မဏအစစ်ဖြစ်သည်။ ``

`` အိုအရှင် ဂေါတမ --- သို့ဖြစ်လျှင် သမဏအကျင့် ဗြာဟ္မဏအကျင့်သည်
ခဲယဉ်း လှ ချေ၏တကား။``

`` အိုကဿပ --- မှန် ပေ၏၊ သမဏအကျင့် ဗြာဟ္မဏအကျင့်ခဲယဉ်း သည်
မှာ ယင်း အဝတ်မဝတ်ခြင်း စသောအကျင့်များ ကြောင့်ခဲယဉ်း သည်မဟုတ်၊ ယင်း
အကျင့်များ မှတပါး ဖြစ် သော ကြောင့်ခဲယဉ်း ခြင်း သာဖြစ်သည်၊ ယင်း အကျင့်မျိုး
ကိုကား အယုတ်ဆုံး အား ဖြင့် အိုး ရွက်ကျွန်မကပင်ကျင့်နိုင်သည်။ ``

`` အိုအရှင် ဂေါတမ --- သမဏအစစ်ဗြာဟ္မဏအစစ်ကိုအသိခက်လှသည်။``

`` ကဿပ --- မှန် ပေ၏၊ သမဏဗြာဟ္မဏအစစ်ကို အသိခက်သည်မှာ ယင်း
အဝတ်မဝတ်ခြင်း စသောအကျင့်များ ဖြင့် သမဏဗြာဟ္မဏဖြစ်နိုင် သော ကြောင့်မ
ဟုတ်၊ ယင်း အဝတ်မဝတ်ခြင်း စသောအကျင့်မျိုး မှတပါး သောအကျင့်များ ဖြင့်သာ
သမဏအစစ် ဗြာဟ္မဏအစစ်ဖြစ်နိုင် သော ကြောင့်ဖြစ်သည်။ ``

`` အိုအရှင် ဂေါတမ --- သီလ၏ပြည့်စုံခြင်း သမာဓိ၏ပြည့်စုံခြင်း ပညာ၏
ပြည့်စုံခြင်း ဟူသည်ကား အဘယ်ပါနည်း ။ ``

`` အိုကဿပ --- သူ့အသက်ကိုသတ်ခြင်း မှ ရှောင်ကြဉ်ခြင်း စသော-
စူဠသီလ၊ စိမ်း စို သောမြက်သစ်ပင်မျိုး စေ့စသည်ကိုဖျက်ဆီး ခြင်း မှ ရှောင်ကြဉ်
ခြင်း စသော မဇ္ဈိမသီလ၊ မင်္ဂလာဖိုလ်မှဖီလာဖြစ် သောအင်္ဂဝိဇ္ဇာအတတ်စသည်ဖြင့်
အသက် မွေး မှုမှ ရှောင်ကြဉ်ခြင်း စသော မဟာသီလ၊ ဤသီလတို့သည် သီလ၏ပြည့်စုံ
ခြင်း ပင်ဖြစ်သည်။

" ပထမဈာန်ကိုရခြင်း ၊ ဒုတိယဈာန်ကိုရခြင်း ၊ တတိယဈာန်ကိုရခြင်း ၊ စတုတ္ထဈာန်ကိုရခြင်း ဤဈာန် ၄-ပါး တို့ကို ရရှိခြင်းသည် သမာဓိပြည့်စုံခြင်း ပင်ဖြစ်သည်။

" ဝိပဿနာဉာဏ်အမြင်ကိုရရှိခြင်း ၊ မနောမယဉာဏ်ကိုရရှိခြင်း ၊ ဣဒ္ဓိဝိဓဉာဏ်ကိုရရှိခြင်း၊ ဒိဗ္ဗသောတဉာဏ်ကိုရရှိခြင်း ၊ စေတောပရိယဉာဏ်ကိုရရှိခြင်း ၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုရရှိခြင်း ၊ စုတူပပါတဉာဏ်ကိုရရှိခြင်း ၊ အာသဝက္ခယဉာဏ်ကိုရရှိခြင်း တို့သည် ပညာ၏ပြည့်စုံခြင်း ပင်ဖြစ်ပေသည်။ သည့်ထက်သာလွန်သော သီလသမာဓိပညာ၏ပြည့်စုံခြင်း ကား မရှိပြီ။

" အိုကဿပ---မြတ်သောသီလအရာ၌ ငါနှင့်တူသောသူကိုမမြင်၊ ငါ့ထက်သာလွန်သောသူကား အဘယ်မှာရှိအံ့နည်း ၊ စင်စစ်သော်ကား ၊ မြတ်သောသီလအရာ၌ ငါသာအသာလွန်ဆုံး ဖြစ်သည်။

" အိုကဿပ---မြတ်သောသမာဓိအရာ၌ ငါနှင့်တူသောသူကိုမမြင်၊ ငါ့ထက်သာလွန်သောသူကား အဘယ်မှာရှိအံ့နည်း ၊ စင်စစ်သော်ကား မြတ်သောသမာဓိအရာ၌ ငါသာအသာလွန်ဆုံး ဖြစ်သည်။

" အိုကဿပ---မြတ်သော ပညာအရာ၌ ငါနှင့်တူသောသူကိုမမြင်၊ ငါ့ထက်သာလွန်သောသူကား အဘယ်မှာရှိအံ့နည်း ၊ စင်စစ်သော်ကား မြတ်သောပညာအရာ၌ ငါ့သာအသာလွန်ဆုံး ဖြစ်သည်။

" အိုကဿပ---မြတ်သော ကိလေသာလွတ်မြောက်မှုအရာ၌ ငါနှင့်တူသောသူကိုမမြင်၊ ငါ့ထက်သာသောသူကား အဘယ်မှာရှိအံ့နည်း ၊ စင်စစ်သော်ကား မြတ်သောကိလေသာလွတ်မြောက်မှုအရာ၌ ငါသာအသာလွန်ဆုံး ဖြစ်သည်။

" အိုကဿပ---အခြားသော တိတ္ထိပရိဗိုဇ်တို့က ရဟန်းဂေါတမသည် ဤခြင်္သေ့ဟောက်ကြီး ဝါး သံကိုကြီး ဝါး ပြောဆို၏၊ သို့ရာတွင်ပရိသတ်၌ ပြောဆိုခြင်း မဟုတ် ရဲရင့်စွာ ပြောဆိုခြင်း မဟုတ်၊ ပြောဆိုသော်လည်း မည်သူကမျှပြဿနာမမေး၊ မေးသော်လည်း မည်သူမျှ ကျေနပ်မှုပရှိကြဟု ပြောဆိုစရာအကြောင်း ရှိသည်၊အိုကဿပ ထိုသူတို့အား ရဟန်း ဂေါတမသည်ခြင်္သေ့ဟောက်ကြီး ဝါး သံကိုကြီး ဝါး ပြောဆို၏၊ ပရိသတ်၌ ပြောဆို၏၊ ရဲရင့်စွာ ပြောဆို၏၊ ပြောဆိုသဖြင့်ပြဿနာ မေး ကြ၏၊ မေးသဖြင့်အဖြေကိုကြား ရ၍ နှစ်သက်ကျေနပ်ကြကုန်၏ဟုပြန်ကြား ပြောဆိုလော့။

ထိုအခါ အစေလက ကဿပသည်နှစ်သက်ကျေနပ်၍ ဗုဒ္ဓထံ၌ ရဟန်းပြုခွင့်တောင်းသည်၊ အစေလက ကဿပ သည်ဗုဒ္ဓထံ၌ ရဟန်း ပြုခွင့်ရ၍ နောင်အခါ၌ ရဟန္တာအဖြစ်သို့ ရောက်သည်။

ဤအကျဉ်း ချုပ်ကိုကြည့်လျှင် ဗုဒ္ဓသည် အစေလကကဿပအား ဗုဒ္ဓဂုဏ်ပြတရား ကိုအကြီး အကျယ်ကြီး ဝါး ဟောကြား တော်မူခဲ့ကြောင်း ထင်ရှား တွေ့မြင်နိုင်ကြသည်။ သာမန်အား ဖြင့်ကြည့်လျှင် တပ္ပတ္တန်း နှင့်မကန်သောတရား ကို ဟောကြား

တော်မူခဲ့သည်ဟုထင်မှတ်စရာရှိသည်၊ သို့ရာတွင်ဗုဒ္ဓသည် ကေသရခြင်္သေ့တို့ထုံးကို နှလုံးသွင်း၍တက္ကတွန်း တယောက်တည်းပင်ဖြစ်သော်လည်း ပရိသတ်ကြီးအားဟော ကြားသကဲ့သို့ကြီးမားသောလုံ့လဖြင့် ဟောကြားတော်မူခဲ့သည်။ ကေသရခြင်္သေ့တို့ ကား သေးငယ်သောယုန်ကိုဖမ်းသည်ဖြစ်စေ၊ ကြီးမားသောဆင်ပြောင်ကြီးကို ဖမ်းသည်ဖြစ်စေ၊ အစွမ်းကုန်အားထုတ်၍သာဖမ်းလေ့ရှိကြသည်။

ထို့ပြင်လည်း ဤသုတ်ကို လေ့လာရာ၌ ဗုဒ္ဓသည်အစေလက တက္ကတွန်းအား အဘယ်ကြောင့်ဤမျှကြုံးဝါး၍ ဗုဒ္ဓဂုဏ်ပြတရားကို ဟောခဲ့သနည်း ဟူသောအချက်ကို စဉ်းစားသင့်ပေသည်။ ဗုဒ္ဓသည်ဤမျှကြီးကျယ်ခမ်းနားလှသော ဗုဒ္ဓဂုဏ်ပြတရား ကိုတက္ကတွန်းအား ဟောကြားရာ၌တက္ကတွန်းကိုအနိုင်ယူလိုသောကြောင့်လည်းမဟုတ်၊ ဝါကြွားလိုသောကြောင့်လည်း မဟုတ်သည်မှာယုံမှားစရာမရှိပေ၊ အမှန်အားဖြင့် ဗုဒ္ဓဂုဏ်ကိုပြခွင့်ကြုံသောကြောင့်ပြတော်မူခဲ့ခြင်းသာဖြစ်သည်၊ အစေလက ကဿပ သည်သူ့ကိုယ်သူ သမဏဗြာဟ္မဏအစစ်ဟုထင်လှသည်၊ သူတို့ကျင့်ကြံအားထုတ်နေကြသော အကျင့်ပူအကျင့်ပြင်းများသည်လည်း သမဏအကျင့်တရား ဗြာဟ္မဏအကျင့်တရားအစစ်များဖြစ်ကြသည်ဟုယုံကြည်နေသည်၊ ဤသို့ယုံကြည်ခြင်းကိုအကြောင်းပြု၍ မဇ္ဈိမပဋိပဒါလမ်းစဉ်အတိုင်းကျင့်သော ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကတို့ကို သူအထင်သေးသည်၊ ငါတို့လောက်ကျင့်ကြံနိုင်သူများ မဟုတ်ကြဟုထင်မှတ်နေသည်၊ သို့ဖြင့်ဗုဒ္ဓထံလာ၍ ဤပြဿနာမျိုးကိုမေးလျှောက်သည်၊ ထို့ပြင်လည်း ဗုဒ္ဓက မဂ္ဂင် ၈ ပါး အကျင့်လမ်းစဉ်ကိုမိန့်ကြားတော်မူရာတွင်တက္ကတွန်းကအကျင့်လမ်းစဉ်ချင်း ယှဉ်ပြိုင်သည့်သဘောဖြင့်သူတို့၏အကျင့်ပူအကျင့်ပြင်းများကိုထုတ်ဖော်လျှောက်ထားခဲ့သည်။ ထိုအခါဗုဒ္ဓက တက္ကတွန်း၏စိတ်နေသဘောထားကိုအကုန်အစင်သိမြင်တော်မူပြီးဖြစ်သည့်အတိုင်း အခြားဂိုဏ်းဆရာတို့နှင့်ဗုဒ္ဓ၊ အခြားဂိုဏ်းဆရာတို့၏အကျင့်တရားနှင့်ဗုဒ္ဓ၏ အကျင့်တရားမည်မျှကွာခြားသည်ကိုရှင်းလင်းပြတ်သားစွာရဲရဲတောက်မိန့်ကြား တော်မူခဲ့သည်၊ ယင်းသို့မိန့်ကြားတော်မူသဖြင့်ပင် အစေလက ကဿပသည် မာန် မာနကျဆင်း၍ ဗုဒ္ဓထံတွင်ရဟန်းပြုခွင့်တောင်းပြီး အကျွတ်တရားရသွားသည်၊ ဤသို့ခြင်္သေ့ဟောက်သံကြုံးဝါး၍မိန့်ကြားတော်မူခဲ့သဖြင့်ပင်လွန်စွာအသိခက်သော ဗုဒ္ဓ၏ဂုဏ်ကျေးဇူးအထူးတို့ကိုကောင်းစွာသိမြင်ကြရသည်၊ နောင်လည်း သိမြင်ကြဦး မည်သာဖြစ်သည်။

ဤသုတ်၏ထူးခြားသောအနှစ်သာရမှာ ဗုဒ္ဓ၏ခြင်္သေ့ဟောက်သကဲ့သို့ကြုံးဝါး သံ လေးခွန်းတို့ဖြစ်ကြသည်၊ ဤခြင်္သေ့ဟောက်သကဲ့သို့ကြုံးဝါးသံတို့ကိုအစွဲပြု၍ပင်ဤသုတ် ကိုမဟာသီဟနာဒသုတ်ဟု အမည်ပေးတော်မူခဲ့ကြသည်၊ ယင်းခြင်္သေ့ဟောက်သကဲ့သို့ကြုံး ဝါးသံ ၄ ခွန်းတို့ကား -

၁။ မြတ်သောသီလအရာ၌ ဗုဒ္ဓသာ အသာလွန်ဆုံး ဖြစ်သည်၊

၂။ မြတ်သော သမာဓိအရာ၌ ဗုဒ္ဓသာ အသာလွန်ဆုံး ဖြစ်သည်၊

၃။ မြတ်သောပညာအရာ၌ ဗုဒ္ဓသာ အသာလွန်ဆုံး ဖြစ်သည်၊

၄။ ကိလေသာမှ လွတ်မြောက်မှုအရာ၌ ဗုဒ္ဓသာ အသာလွန်ဆုံး ဖြစ်သည်။

ဟူသော ဤလေးခွန်း တို့ဖြစ်ကြသည်၊ ဤသို့သော ဂုဏ်ပုဒ်တို့ဖြင့်ပြည့်စုံသောကြောင့်ပင် ဗုဒ္ဓကို အတုမဲ့ဗုဒ္ဓဟု ခေါ်ဝေါ်ရခြင်း ဖြစ်ပေသည်။

## ၉။ <u>ပေါဋ္ဌပါဒသုတ်နိဒါန်း</u> ။

သီလက္ခန္ဓဝဂ္ဂပါဠိ၏ နဝမသုတ်မှာ ပေါဋ္ဌပါဒသုတ်ဖြစ်သည်၊ ပေါဋ္ဌပါဒသုတ်သည် ပေါဋ္ဌပါဒပရိဗိုဇ်အား ဟောကြားတော်မူခဲ့သောသုတ်ဟုအဓိပ္ပါယ်ရှိသည်၊ ဤသုတ်ကိုအမည်ပေးရာ၌ သင်္ဂါယနာတင်မထေရ်တို့သည် တရားနာခံပုဂ္ဂိုလ်ကိုအစွဲပြု၍အမည်ပေးတော်မူခဲ့ကြသည်။ သာဝတ္ထိပြည်တည်ပင်စဉ်ပရိဗိုဇ်ကျောင်းတွင် ဟောကြားသောဒေသနာနှင့်ဇေတဝန်ကျောင်းတော်တွင် ဟောကြားတော်မူသောနောက်ဆက်တွဲဒေသနာတို့စုပေါင်း၍တသုတ်တည်းပြုကာသင်္ဂါယနာတင်တော်မူခဲ့ကြသည်။

ဤသုတ်၏ ရှေ့ပိုင်းကို ဟောကြားတော်မူရာဖြစ်သောတည်ပင်စဉ်ပရိဗိုဇ်ကျောင်းကား ကောသလမင်းကြီး၏ချစ်လှစွာသောမိဖုရား မလ္လိကာဒေဝီကလှူတန်းထားသောပရိဗိုဇ်ကျောင်း ဖြစ်သည်။ မူလကအဆောက်အဦး တခုသာရှိသောကြောင့် ဧကသာလာ ပရိဗိုဇ်ကျောင်းဟုလည်း ခေါ်တွင်သည်၊ နောက်အခါ၌ကား အဆောက်အဦးလည်း တိုးပွား၍ပရိဗိုဇ်တို့၏ဝါဒဖြန့်ရာဌာနကြီး ဖြစ်နေ၍ ပရိဗိုဇ်ကျောင်း တိုက်ကြီး တခုဖြစ်လာသည်။

ကောသလမင်းကြီးသည်ဗုဒ္ဓ၏ဒါယကာ သာသနာပြုမင်း တပါး ဖြစ်သည်၊ မလ္လိကာဒေဝီလည်း ဗုဒ္ဓ၏ ဥပါသိကာ တယောက်ပင်ဖြစ်သည်၊ ထိုမင်း မိဖုရားတို့ကပရိဗိုဇ်တို့အား ကျောင်းအရံလှူတန်းထားခဲ့ကြသည်မှာ မှတ်သားစရာပင်ဖြစ်သည်၊ အမှန်အားဖြင့်ဤအချက်သည် ဗုဒ္ဓဝါဒီတို့မည်မျှစိတ်သဘောထားကြီးမားသည်ကို ဖော်ပြနေပေသည်။

ပရိဗိုဇ်တို့သည် ဗုဒ္ဓပွင့်တော်မမူမီကြာမြင့်စွာသောကာလကပင်ရှိနေခဲ့ကြသူများ ဖြစ်၍လူထုပရိသတ်နှင့်လည်းရင်းနှီးပြီး ဖြစ်ကြသည်၊ ဝါဒအရာတွင်လည်း လွန်စွာအစွမ်းထက်ကြသည်၊ ဗုဒ္ဓပွင့်တော်မူလာသောအခါ၌ကား ဗုဒ္ဓ၏ဂုဏ်သတင်းက တမဟုတ်ချင်းပြန့်နှံ့လာသဖြင့် ပရိဗိုဇ်တို့သည် နေထွက်သောအခါ ပိုးစုန်းကြူးကဲ့သို့ဖြစ်ကုန်ကြသည်၊ ( ဥဒါနပါဠိ၊ ဥပ္ပဇ္ဇန္တိသုတ် ) ထိုအခါ ပရိဗိုဇ်တို့သည် ဗုဒ္ဓ၏

ဟောပြောဆုံးမနည်းတို့ကို ဆန်းစစ်ဝေဖန်ကြည့်ကြသည်၊ ယင်းသို့ဆန်းစစ်ကြည့်ရာတွင် တရားကလည်း ထူးခြားဆန်းပြားသည်၊ သိမ်မွေ့နက်နဲသည်၊ စကားကလည်း လွန်စွာအဆင့်အတန်းမြင့်မားသည်ကို တွေ့ကြရသည်၊ အထူးသဖြင့် ဗုဒ္ဓ၏ နှုတ်မှထွက်ဆို ဟောကြားသော ဂါထာဗန္ဓ (ကဗျာ) တို့သည် ကြာမြင့်စွာအချိန်ယူ၍ သီကုံးဖွဲ့နွဲ့သော ဂါထာဗန္ဓတို့ထက် ကောင်းမွန်သည်ကို တွေ့ကြရသည်၊ ထိုအခါ ပရိဗိုဇ်တို့သည် ဗုဒ္ဓ၏ ဟောနည်း ပြောနည်းကို အတုယူကြသည်၊ ဗုဒ္ဓ နောက်သို့ သံယောင်လိုက်ကြသည်၊ ဗုဒ္ဓ၏ ဂါထာဗန္ဓတို့ကို ဗုဒ္ဓသာဝကတို့ထံမှ တအင့်သင်မှန်း မသိသင်ယူ၍ သူတို့ဒကာတို့အား ဟောကြ ပြောကြသည်၊ ဗုဒ္ဓတရားနှင့် ငါတို့တရားသည် အတူတူပင်ဖြစ်သည်ဟု ပုံမှားရိုက်ကြသည်၊ ရာဇဂြိုဟ်ပြည်က ပရိဗိုဇ်တို့ကား သုသိမအမည်ရှိသော ပရိဗိုဇ်တယောက်ကို ဗုဒ္ဓထံ ရဟန်းပြုစေ၍ ဗုဒ္ဓ၏တရားဓမ္မတို့ကို အသင်ခိုင်းကြသည်၊ သို့ရာတွင် ထိုပရိဗိုဇ်ဟောင်း သုသိမရဟန်းသည် ပရိဗိုဇ်တို့ထံသို့ ပြန်မသွားတော့ဘဲ ရဟန္တာအဖြစ်သို့ ရောက်သွားသဖြင့် ထိုပရိဗိုဇ်တို့မှာ သီတင်းသုံးဖေါ်တယောက် ဆုံးရှုံးရခြင်းသာ အဖတ်တင်ခဲ့ကြသည်၊ (နိဒါနဝဂ္ဂ၊ နိဒါနသံယုတ်၊ သုသိမသုတ်)

ပရိဗိုဇ်တို့သည် ဗုဒ္ဓက ရှေးအတိတ်ကအဖြစ်အပျက်တို့ကို ထုတ်ဆောင်၍ ဇာတကဒေသနာ-ဇာတ်တရားကို ဟောတော်မူသောအခါ ငါတို့လည်း ဟောတတ်သည်ဟူသော သဘောဖြင့် ဇာတ်တရားကို ဟောကြသည်၊ ဗုဒ္ဓက သိက္ခာပုဒ်တို့ကို ပညတ်တော်မူသောအခါ သူတို့ကလည်း သိက္ခာပုဒ်များကို ပညတ်ကြသည်၊ ဗုဒ္ဓက စိတ်သညာအဆင့်ဆင့်ချုပ်ဆုံးခြင်း နိရောဓကထာကို ဟောတော်မူသောအခါ သူတို့လည်း ဖြစ်ကတတ်ဆန်း နိရောဓကထာကို ဟောကြ ပြောကြသည်၊ ဗုဒ္ဓ၏ နိရောဓကထာမှာ ပထမဈာန်စိတ်သညာဖြစ်ပေါ်သောအခါ ကာမသညာခေါ် ကာမစိတ်ချုပ်ဆုံးသည်၊ ဒုတိယဈာန်စိတ်သညာဖြစ်ပေါ်သောအခါ ပထမဈာန်စိတ်သညာချုပ်ဆုံးသည်၊ ဤသို့စသည်ဖြင့် စိတ်သညာအဆင့်ဆင့်ချုပ်ဆုံး၍ နောက်ဆုံးတွင် နိရောဓသမာပတ်သို့ ရောက်သည်၊ ထိုအခါ စိတ်သညာအားလုံးနှင့် စိတ္တဇရုပ်တို့ ချုပ်ဆုံးသည်ဟူသော - နိရောဓကထာဖြစ်သည်၊ ပရိဗိုဇ်တို့၏ နိရောဓကထာမှာ ထိုဈာန်သမာပတ်တို့အကြောင်းကို ကောင်းကောင်းမသိသဖြင့် နိရောဓသမာပတ်သို့ မရောက်ဘဲ အိပ်ပျော်ခြင်း မေ့မြောခြင်းလောက်ကိုသာဆိုသော နိရောဓကထာဖြစ်သည်။

တနေ့သောအခါ ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်မှ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွတော်မူရာတွင် အချိန်အနည်းငယ်စောသေးသဖြင့် အထက်တွင်ဖေါ်ပြခဲ့သော တည်ပင်စဉ်ပရိဗိုဇ်ကျောင်းသို့ ဝင်တော်မူခဲ့သည်၊ ထိုအခါ အကြီးအကဲဖြစ်သော ပေါဋ္ဌပါဒပရိဗိုဇ်သည် ဗုဒ္ဓကြွရောက်လာသည်ကို တွေ့မြင်သဖြင့် သူ၏ ပရိဗိုဇ်ပရိသတ်ကို တိတ်ဆိတ်စွာနေကြရန် သတိပေးပြီး ဗုဒ္ဓကို ခရီးဦးကြိုပြု၍ နေရာထိုင်ခင်းပေးသည်၊ ထိုနောက် ဗုဒ္ဓက ယခုသင်တို့ အဘယ်စကားကို ပြောဆိုနေကြသနည်းဟု စကားစတော်မူရာ အကျွန်ုပ်တို့ ပြောဆိုနေကြသော စကားမှာ အဆန်းမဟုတ်ပါ၊ ဗုဒ္ဓကြွလာ

တော်မူခိုက်အရေး ပါသောစကားကို လျှောက်ထား ပါရစေဟုစကား ခံ၍ ပရိဗိုဇ်တို့ပြောဆိုကြသော နိရောဓကထာကို လျှောက်ထားသည်၊ သို့ဖြင့် ဤပေါဋ္ဌပါဒသုတ် ဖြစ်ပေါ်လာခဲ့သည်။

ဤအချက်ကိုကြည့်လျှင် ဗုဒ္ဓနှင့်ပရိဗိုဇ်များ မည်သို့ဆက်ဆံခဲ့ကြသည်ကိုအကဲခတ်နိုင်သည်၊ ဗုဒ္ဓသည် နံက်ဆွမ်း ခံဝင်ချိန်တွင် သာဝတ္ထိပြည်က ဤတည်ပင်စည်ပရိဗိုဇ်ကျောင်းသို့ ခေတ္တဝင်ရောက် တော်မူသကဲ့သို့ ရာဇဂြိုဟ်ပြည်တွင်သီတင်း သုံးတော်မူစဉ် နံနက်ဆွမ်း ခံဝင်ချိန်၌ မောရနိဝါပ ပရိဗိုဇ်ကျောင်းသို့ဝင်ရောက် တော်မူဘူးသည်၊ ထိုအတူပင်မလ္လာတိုင်း အနုပိယနိဂုံး အနီး တောအုပ်တွင်သီတင်း သုံး တော်မူသောအခါတခု သောနံနက်ခင်းတွင် ဘဂ္ဂဝပရိဗိုဇ်ကျောင်းသို့ဝင်ရောက် တော်မူခဲ့သည်၊ ဤသို့ပရိဗိုဇ်ကျောင်းများသို့ဝင်ရောက်တော်မူခြင်းသည် အကြောင်း မဲ့မဟုတ်၊ အကြောင်းထူး တခုရှိသောကြောင့်ဝင်ရောက်တော်မူခြင်းသာဖြစ်သည်၊ သို့ရာတွင်ထိုအကြောင်းထူး မှာမဖြစ်ပေါ်သေး သောအကြောင်း ဖြစ်၍ သင်္ဂါယနာတင်မထေရ်တို့က ``အချိန်စောသေး သဖြင့်ခေတ္တဝင်ရောက် တော်မူသည်`` ဟုသာဆိုတော်မူခဲ့ကြသည်။ ဤတည်ပင်စည်ပရိဗိုဇ်ကျောင်းသို့ဝင်တော်မူရာ၌ ယင်းသို့ဝင်သဖြင့်ပေါဋ္ဌပါဒပရိဗိုဇ်သရဏဂုံယူ၍ဥပါသကာဖြစ်လိမ့်မည်၊ စိတ္တသည်ရဟန်း ဘောင်သို့ပြန်လည်ဝင်ရောက်ပြီး ရဟန္တာဖြစ်လိမ့်မည် ဟု သဗ္ဗညုတဉာဏ်တော်ဖြင့်သိမြင် တော်မူပြီး ဖြစ်သည်။ ယင်း စိတ္တကား ရှေးက ဝဋ်ကြွေး ရှိသဖြင့်တရားထူး မရနိုင်သေး ဘဲခုနှစ်ကြိမ်တိုင် အောင်ရဟန်း ဝတ်လိုက်လူဝတ်လဲလိုက်လုပ် နေသူဖြစ်သည်၊ စိတ္တသည် ပေါဋ္ဌပါဒ၏သူငယ်ချင်း ဖြစ်သောကြောင့် ပေါဋ္ဌပါဒနှင့်အတူလိုက်သွား၍ ဤသုတ္တန်ဒေသနာကိုနာကြား ရသည်တွင်ရဟန်း ဘောင်သို့ပြန်လည်ဝင်ရောက်ပြီး လူမထွက်တော့ဘဲ ရဟန္တာအဖြစ်သို့ရောက်သည်။

ဤသုတ်ဒေသနာဖြစ်လာအောင် ပြဿနာမေး လျှောက်သူ ပေါဋ္ဌပါဒ ပရိဗိုဇ်ကားယခင်ကကုဋေ ၄၀ ကြွယ်ဝသော ဗြဟ္မဏမဟာသာလတယောက်ဖြစ်သည်။ ပေါဋ္ဌပါဒသည် ကာမဂုဏ်၏အပြစ်ကိုမြင်၍ ထိုစည်းစိမ်ဥစ္စာတို့ကိုစွန့်လွှတ်ပြီး ပရိဗိုဇ်ရဟန်း ပြုသည်၊ ထိုနောက်ဤတည်ပင်စည် ပရိဗိုဇ်ကျောင်း၌ဝါဒအမျိုးမျိုးကို လေ့လာယင်း နေထိုင်သည်၊ ဤပရိဗိုဇ်ကျောင်းကား စင်္ကီ ပုဏ္ဏား တာရုက္ခပုဏ္ဏား စသောဗြဟ္မဏပညာရှိကြီး များ၊ နိဂဏ္ဌများ၊ အစေလကတက္ကတွန်း များ၊ ပရိဗိုဇ်ရဟန်း များ မပြတ်လာရောက်၍ မိမိတို့၏ဝါဒကိုထုတ်ဖော် ဟောကြား ရာ၊ဝါဒဖြန့်ရာဌာနတခုဖြစ်သည်။

ဤသုတ်တွင်ပါဝင် သောအကြောင်း အရာတို့မှာလွန်စွာနက်နဲသိမ်မွေ့သည်၊ တနေရာတွင်တခါတည်း ဟောကြား ရုံနှင့်မပြီး ပြတ်သဖြင့် နှစ်နေရာတွင် နှစ်ခါဟောကြား တော်မူခဲ့သောဒေသနာလည်း ဖြစ်သည်၊ ထို့ကြောင့်ဤသုတ်ကို

လေ့လာရာ၌စာဖတ်သူတို့အား အခက်အခဲမရှိစေရန် ပေါဋ္ဌပါဒအမေး နှင့်ဗုဒ္ဓ၏ အဖြေတို့မှ အရေးကြီးသောအချက်များကိုအကျဉ်းချုပ်အားဖြင့် ဖော်ပြပေဦးမည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပေါဋ္ဌပါဒပရိဗိုဇ်သည် ဗုဒ္ဓအား သတ္တဝါတို့၏အသက်မသေဘဲ စိတ်သညာချုပ်ပျောက်မှုပြဿနာကို မေးလျှောက်သည်၊ ယင်းပြဿနာကို အဘိသညာနိရောဓကထာဟု ခေါ်သည်၊ လူတို့တွင်တခါတရံအသက်မသေသေးဘဲစိတ်သညာကင်းကွာနေသည်ကို တွေ့ရသည်၊ ဥပမာ မေ့မြောနေသောအခါစသည်တို့၌ဖြစ်သည်၊ ယင်းသို့လူမသေဘဲစိတ်သညာကင်းကွာနေသည်မှာ အဘယ့်ကြောင့်နည်း၊ စိတ်သညာကိုပူးစေနိုင်သောသူခွါစေနိုင်သောသူတစုံတယောက်ရှိသလောဟူသောပြဿနာပင်ဖြစ်သည်။

ဤပြဿနာနှင့်ပတ်သက်၍တိတ္ထိပရိဗိုဇ်တို့တွင်အဖြေ ၄ မျိုး ထွက်နေသည်။ မည်သူမျှအတိအကျ မဆုံးဖြတ်တတ်အောင်ဖြစ်နေသည်။ ယင်းအဖြေ ၄ မျိုးတို့မှာ -

၁။ စိတ်သညာသည်အကြောင်းမရှိဘဲသာဖြစ်သည်၊ ချုပ်သည်၊ သူ့အလိုလိုသာ ကိုယ်ခန္ဓာ၌ပူးသည်၊ ခွာသည်။

၂။ စိတ်သညာသည် အတ္တဖြစ်သည်၊ အတ္တသည်ကိုယ်ခန္ဓာ၌ပူးနိုင်ခွာနိုင်သည်။

၃။ တန်ခိုးကြီးသော သမဏဗြာဟ္မဏတို့သည် စိတ်သညာကိုပူးစေခွာစေကြသည်။

၄။ တန်ခိုးကြီးသောနတ်တို့က စိတ်သညာကိုပူးစေခွာစေကြသည်။

ဟူသောအဆို ၄ - မျိုးတို့ဖြစ်ကြသည်၊ ပေါဋ္ဌပါဒသည် ဤအဆို ၄ မျိုးကိုတင်ပြ၍ အရှင်ဘုရား --- စိတ်သညာချုပ်ခြင်းကား အဘယ်သို့ဖြစ်ပါသနည်း ဟုဗုဒ္ဓအား မေးလျှောက်သည်၊ ထိုအခါဗုဒ္ဓက စိတ်သညာသည်အကြောင်းမဲ့သာဖြစ်သည်၊ ချုပ်သည်ဆိုသောစကားသည်အစကပင်မှားနေသည်၊ စိတ်သညာသည်အကြောင်းရှိ၍သာဖြစ်သည်ချုပ်သည်။ စိတ်သညာသည်ကျင့်ကြံအားထုတ်ခြင်းဖြင့်သာဖြစ်လည်းဖြစ်ပေါ်သည်၊ ချုပ်လည်းချုပ်ပျောက်သည်ဟုမိန့်တော်မူပြီး ပထမဈာန်စိတ်သညာမှနိရောဓသမာပတ်သို့အရောက်ဈာန်သမာပတ် ၉ - ပါးတို့ကိုအစဉ်အတိုင်း ဟောကြားတော်မူသည်၊ ဗုဒ္ဓ၏ယင်းအဖြေမှာ အဘိသညာနိရောဓကထာ၏အဖြေဖြစ်သည်၊ ယင်းကို စိတ်သညာချုပ်ပုံ ၉ ဆင့်ဟုလည်းဆိုနိုင်သည်။ ယင်းစိတ်သညာချုပ်ပုံ ၉ ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဤနေရာတွင်ရိုးရိုးလူသားတို့၏စိတ်ကို ကာမသညာ - ကာမစိတ်ဟု ခေါ်သည်၊ ကျင့်ကြံအားထုတ်၍ရရှိသောဈာန်သမာပတ်တို့ကို ပထမဈာနသညာ ပထမဈာန်စိတ်စသည်ဖြင့်ခေါ်သည်၊ ဤအချက်ကိုရှေးဦးစွာသိရှိထားရန်လိုသည်။

၁။ ပထမဈာန်ကိုရသောအခါ ကာမသည် ချုပ်ပျောက်သည်၊ ပထမဈာနသညာ - ပထမဈာန်စိတ်သညာဖြစ်ပေါ်သည်။

၂။ ဒုတိယဈာန်ကိုရသောအခါ ပထမဈာန်စိတ်သညာချုပ်ပျောက်သည်၊ ဒုတိယဈာန်စိတ်သညာဖြစ်ပေါ်သည်။

၃။ တတိယဈာန်ကိုရသောအခါ ဒုတိယဈာန်စိတ်သညာချုပ်ပျောက်သည်၊ တတိယဈာန်စိတ်သညာဖြစ်ပေါ်သည်။

၄။ စတုတ္ထဈာန်ကိုရသောအခါ တတိယဈာန်စိတ်သညာချုပ်ပျောက်သည်၊ စတုတ္ထဈာန်စိတ်သညာဖြစ်ပေါ်သည်။

၅။ အာကာသာနဉ္စာယတနဈာန်ကိုရသောအခါ ရူပသညာ - ရူပါဝစရဈာန်စိတ်သညာချုပ်ပျောက်သည်၊ အာကာသနဉ္စာယတနစိတ်သညာဖြစ်ပေါ်သည်။

၆။ ဝိညာနဉ္စာယတနဈာန်ကိုရသောအခါအာကာသနဉ္စာယတနစိတ်သညာချုပ်ပျောက်သည်၊ ဝိညာနဉ္စာယတနစိတ်သညာဖြစ်ပေါ်သည်။

၇။ အာကိဉ္စညာယတနဈာန်ကိုရသောအခါ ဝိညာနဉ္စာယတနစိတ်သညာချုပ်ပျောက်သည်၊ အာကိဉ္စညာယတနစိတ်သညာဖြစ်ပေါ်သည်။

၈။ နေဝသညာနာသညာယတနဈာန်ကိုရသောအခါ အာကိဉ္စညာယတနစိတ်သညာချုပ်ပျောက်သည်၊ နေဝသညာနာသညာယတနစိတ်သညာဖြစ်ပေါ်လာသည်။

၉။ နိရောဓသမာပတ်သို့ရောက်သောအခါ နေဝသညာနာသညာယတနစိတ်သညာ ချုပ်ပျောက်သည်၊ ဤတွင်စိတ်သညာအားလုံး ချုပ်ပျောက်သည်၊ သညာဝေဒနာအားလုံး ချုပ်ဆုံးသည်။

ဤသုတ်တွင်ဗုဒ္ဓသည် စိတ်သညာအဆင့်ဆင့်ချုပ်ပုံကို ဟောတော်မူရာ၌ အာကိဉ္စညာယတနစိတ်သညာမှနိရောဓသမာပတ်သို့ပို့ဆောင်ဟောကြားတော်မူခဲ့သည်၊ သို့ရာတွင် အင်္ဂုတ္တရနိကာယ်၊ နဝကနိပါတ်၊ အနုပုဗ္ဗဝိဟာရသုတ်၊ အနုပုဗ္ဗဝိဟာရသမာပတ္တိသုတ်တို့၌ နေဝသညာ နာသညာယတန သမာပတ်နှင့်တကွ သမာပတ် ၉ ပါးကိုအစဉ်အတိုင်း ဟောကြားတော်မူခဲ့သဖြင့် ဤတွင်နေဝသညါနာသညာယတနသမာပတ်ကိုပါထည့်သွင်း ဖေါ်ပြသည်။

ဤအဖြေကိုကြည့်လျှင် ဗုဒ္ဓသည် ပေါဋ္ဌပါဒ လျှောက်ထားသောစိတ်သညာဖြစ်ခြင်း ချုပ်ခြင်းသာမန်ကိုဖြေတော်မမူ၊ စိတ်သညာအဆင့်ဆင့်ဖြစ်ပေါ်ပုံချုပ်ပျောက်ပုံအစစ်အမှန်ဖြစ်သော နိရောဓကထာကိုသာ ဟောကြားတော်မူသည်၊ အနာဂါမ် ရဟန္တာအရှင်မြတ်တို့သာ ရရှိခံစားနိုင်သော နိရောဓသမာပတ်ကို သာ ဟောကြားတော်မူသည်။

ဤသုတ်တွင် ဒုတိယဖြစ်သော အရေးကြီးသည့်အချက်မှာ အတ္တပြဿနာဖြစ်သည်၊ ပေါဋ္ဌပါဒသည် စိတ်သညာကို အတ္တဟုယုံကြည့်စွဲလမ်း နေသူဖြစ်သည်၊ အများအားဖြင့် ပရိဗိုဇ်တို့သည် စိတ်သညာကိုအတ္တဟုယူဆပြီး ယင်းအတ္တသည် ကေန္ဒသုခ ခေါ် စင်စစ်ချမ်းသာသုခသာရှိသော နတ်ဘုံ (သုခဘုံ) နိစ္စထာဝရတည့်ရှိသည်ဟုယုံကြည့်နေကြသည်။ ထို့ကြောင့် ပေါဋ္ဌပါဒသည် ယင်းစိတ်သညာသည် အတ္တလော၊ စိတ်သညာနှင့်အတ္တသည် တခြားစီလောဟုဆက်လက်၍ ဗုဒ္ဓအား မေးလျှောက်သည်၊ ထိုအခါဗုဒ္ဓကသူ့အယူအဆကိုပြန်၍ မေးတော်မူရာတွင် ပေါဋ္ဌပါဒက သူကိုယ်ယူဆထားသော အတ္တ ၃ မျိုးကိုထုတ်ဖော် လျှောက်ထားသည်၊ ယင်းအတ္တ ၃ မျိုးတို့မှာ -

၁။ ကာမဘုံသားတို့၏ဤကိုယ်ကာယရုပ်ကြမ်းသည့်ပင်အတ္တဖြစ်သည်။

၂။ ဈာန်စိတ်ဖြင့်ပြီး သောရူပဗြဟ္မာတို့၏ကိုယ်ကာယသည်အတ္တဖြစ်သည်။

၃။ ရုပ်မရှိဘဲဈာန်စိတ်ဖြင့်သာပြီး သောအရူပဗြဟ္မာသည် (နာမ်သက်သက်) အတ္တဖြစ်သည် ဟူသော အတ္တ ၃ မျိုးတို့ဖြစ်ကြသည်။

ယင်းအတ္တ ၃ မျိုးလုံး ပင်စိတ်သညာနှင့်တခြားစီသာဖြစ်သည်ဟု ဗုဒ္ဓက ပယ်မြစ်တော်မူသည်။ ဗုဒ္ဓကား ရုပ်ကိုဖြစ်စေ၊ နာမ်ကိုဖြစ်စေ၊ အတ္တဟုမဟော၊ အနတ္တဟုသာဟောတော်မူသည်။

ထိုအခါပေါဋ္ဌပါဒသည် ဗုဒ္ဓ၏အတ္တအဖြေကိုသဘောမပေါက်သဖြင့် လောကသည်မြဲသလော၊ လောကသည်မမြဲသလော၊ အသက်နှင့်ကိုယ်သည် အတူတူလောစသော ပြဿနာ ၁၀ ခုတို့ကို မေးလျှောက်ပြန်သည်၊ ထိုအခါဗုဒ္ဓက ငါသည် ထိုတရားမျိုးကို မဟော၊ ထိုတရားမျိုးကားအကျိုးမရှိ၊ တရားနှင့်မစပ်၊ အကျင့်မြတ်၏အစလည်း မဟုတ်၊ ငါကား ဤကားဆင်းရဲ၊ ဤကားဆင်းရဲဒုက္ခ၏အကြောင်း၊ ဤကားဆင်းရဲဒုက္ခ၏ချုပ်ငြိမ်းရာ၊ ဤကားဆင်းရဲဒုက္ခချုပ်ငြိမ်းရာသို့ရောက်ကြောင်းအကျင့် ဟူသော သစ္စာလေးပါးကိုသာဟောသည်၊ ယင်းသစ္စာလေးပါးတရားသာအကျိုး စီးပွားနှင့်စပ်သည်၊ တရားနှင့်စပ်သည်၊ မြတ်သောအကျင့်၏အစဖြစ်သည်ဟု ဟောကြား၍ကြွသွားတော်မူသည်။

ထိုအခါအခြားပရိဗိုဇ်တို့က ပေါဋ္ဌပါဒအား ဝိုင်းဝန်း၍ဆူကြပူကြသည်၊ ဗုဒ္ဓကအတ္တဝါဒပြဿနာကို အတိအကျပြတ်ပြတ်သားသား မဖြေဘဲလျက် ပေါဋ္ဌပါဒက ဗုဒ္ဓကိုသာ ထောက်ခံအားပေးသည်ဟု ပြောဆိုကြသည်၊ သို့ဖြင့် ပေါဋ္ဌပါဒသည် နှစ်ရက် သုံးရက်ကြာသောအခါ သူငယ်ချင်းဖြစ်သူစိတ္တကိုခေါ်၍ ဇေတဝန်ကျောင်းတော်သို့သွားပြီး ထိုအကြောင်းကိုလျှောက်ထားသည်။

ထိုအခါဗုဒ္ဓသည်တိုပရိဗိုဇ်တို့ကား ဥာဏ်မျက်စိမရှိကြ၊ အကန်းချည်းဖြစ်ကြသည်ဟုမိန့်တော်မူပြီး ပရိဗိုဇ်တို့၏ ကေန္ဒသုခအတ္တဝါဒ အခြေအမြစ်မရှိပုံကို ဟောကြားတော်မူသည်၊ မိမိအလျှင်းမသိသော်အလှမယ်ကိုလိုချင်သူဥပမာကိုလည်းဆောင်တော်

မူသည်။ ယင်း အတ္တဝါဒမှာ ဤ လောကနှင့်သတ္တဝါသေပြီး နောက်မပျက်မစီး တည်နေသော အတ္တတခုရှိသည်၊ ထိုအတ္တသည်သုခဘုံ၌ ချမ်းသာသုခကိုခံစား နေသည်ဟူသော ဝါဒဖြစ်သည်။ ဤဝါဒသည် မီးကဲ့သို့အပြီးသတ်ချုပ်ငြိမ်း သောနိဗ္ဗာန်ချမ်းသာထက် မက်မောစရာကောင်း သည်ဖြစ်၍ယခုတိုင်အသွင်အမျိုးမျိုး ဖြင့်ထင်ရှား ရှိနေသည်။ ထို့ကြောင့်ဗုဒ္ဓ၏ယင်း အတ္တဝါဒစိစစ်ချက်ကိုအလေး အနက် လေ့လာသင့်ပေသည်။

ထိုနောက်ဗုဒ္ဓသည် လောကနှင့်ထင်ရှား ရှိသောအတ္တဘော ၃မျိုး တို့ကို ဟောကြား တော်မူသည်၊ ဤသို့ ဟောကြား ရာ၌ တိတ္ထိတို့ကြံဆထား သောအတ္တနှင့် မရှုပ်ထွေး စေလိုသဖြင့် အတ္တဟုတိုက်ရိုက်မ ဟောဘဲ အတ္တပဋိလာဘ=အတ္တဘောကို ရခြင်း ၊ ကိုယ်ခန္ဓာကိုရခြင်း ဟုသုံး နှုန်း ၍ ဟောကြား တော်မူခဲ့သည်၊ ယင်းအတ္တပဋိလာဘ ၃ ပါး တို့ကား ဘဝသုံး ပါး တို့ပင်ဖြစ်ကြသည်။ တနည်း အား ဖြင့်ဆိုလျှင်ယင်း အတ္တဘော ၃မျိုး တို့သည် လောက ဝေါဟာရအား ဖြင့် ကိုယ်ခန္ဓာ ၃မျိုး တို့ပင် ဖြစ်ကြသည်။ ကာမဘုံသား တို့၏ကိုယ်ခန္ဓာသည်အတ္တဘောတမျိုး ၊ ရူပဗြဟ္မာတို့၏ကိုယ်ခန္ဓာသည်အတ္တဘောတမျိုး ၊ အရူပဗြဟ္မာတို့၏ခန္ဓာသည်အတ္တဘောတမျိုး ဖြစ်သည်ဟု ဆိုလိုသည်။ ယင်း အတ္တဘော၃မျိုး တို့ကား တိတ္ထိတို့ကြံဆထား သော နိစ္စထာဝရအတ္တ မဟုတ်၊ ရုပ်နာမ်ခန္ဓာ၅ပါး တို့သာဖြစ်ကြသည်။

၁။ ကာမဘုံသား တို့၏အတ္တဘော=အစာအာဟာရကိုမှီ သောရုပ်ကြမ်း နှင့်(စိတ်သညာ)၊ ခန္ဓာ ၅ပါး ၊

၂။ ရူပဗြဟ္မာတို့၏အတ္တဘော=ဈာန်စိတ်ဖြင့်ပြီး သောရုပ်နုနှင့်နာမ် (စိတ်သညာ)၊ ခန္ဓာ ၅ပါး ၊

၃။ အရူပ ဗြဟ္မာတို့၏အတ္တဘော=ဈာန်စိတ်ဖြင့်ပြီး သောနာမ် (စိတ်သညာ)နာမ်ခန္ဓာ ၄ပါး ၊

ဤထင်ရှား ရှိသောအတ္တဘော ၃မျိုး တို့သည်အမှန်စင်စစ်အား ဖြင့် အတ္တလည်း မဟုတ်ကြ၊ လူနတ်ဗြဟ္မာလည်း မဟုတ်ကြ၊ ယောကျ်ား မိန်း မလည်း မဟုတ်ကြ၊ ရုပ်နာမ်ခန္ဓာတရား အစုအဝေး တို့သာဖြစ်ကြသည်။ သို့ရာတွင် လောက ဝေါဟာရအား ဖြင့်ယင်း ရုပ်နာမ်ခန္ဓာအစုအဝေး တို့ကိုပင်ပုံပန်း သဏ္ဌာန်စသည့်အားဖြင့် ခြား နား မှုကိုအကြောင်း ပြု၍လူနတ်ဗြဟ္မာ ယောကျ်ား မိန်း မဟု ခေါ် ဝေါ်ကြရသည်။ ထို့ကြောင့်ပင် ဗုဒ္ဓက ငါသည် ဤကိုယ်ခန္ဓာတို့ကိုပယ်စွန့်ရန်အတွက် တရား ဓမ္မကို ဟောကြား သည်ဟုမိန့် တော်မူခဲ့သည်၊ ဤအချက်သည် ဗုဒ္ဓ၏အတ္တဝါဒအမြေဖြစ်၍ ဤသုတ်တွင်အလွန်အရေး ကြီး သည်။

ထိုနောက် ပေါဋ္ဌပါဒနှင့်အတူပါလာသူစိတ္တ ရဟန်း လူထွက်သည် ဗုဒ္ဓအား ကာလ ၃ပါး ပြဿနာကိုမေး လျှောက်သည်၊ ဤပြဿနာကား -

``အရှင်ဘုရား --- ဤအတ္တဘော ၃ မျိုးတို့တွင် အတ္တဘောတခုကို ရခိုက် ယွင်လက်ရှိအတ္တဘောသာ မှန်ကန်သည်၊ ကျန်အတ္တဘော ၂ ခုတို့သည် အချည်းအနှီး ပင် ဖြစ်သည်ဟု မှတ်ယူနိုင်ပါသလော``

ဟူသော ပြဿနာဖြစ်သည်၊ ဤပြဿနာ၏ဆိုလိုရင်းမှာ လက်ရှိအတ္တဘော တခုခုကို ရနေသူတယောက်အတွက် လက်ရှိအတ္တဘောသာ မှန်ကန်သည်၊ အတိတ်အနာဂတ်အတ္တဘောတို့သည် အဓိပ္ပါယ်မရှိဖြစ်ကြသည် ဟုဆိုလိုပါသလောဟု မေးလျှောက်ခြင်း ဖြစ်သည်၊ ယင်းသို့သာဆိုလျှင် အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝ၊ ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝတို့ဆက်စပ်မှုလုံး ဝမရှိဟုဆိုရာ ရောက်သည်။ ယင်းသို့ဆက်စပ်မှုမရှိကြလျှင် ဥစ္ဆေဒဝါဒသို့ ရောက်သည်၊ တနည်းအားဖြင့်ဆိုလျှင် ထိုအမေးသည် ပစ္စုပ္ပန် လက်ရှိဘဝသာ အဓိပ္ပါယ်ရှိသည်၊ အတိတ်ဘဝ အနာဂတ်ဘဝတို့မှာ အဓိပ္ပါယ်မရှိဖြစ် သည်ဟုဆိုလိုပါသလောဟု မေးလျှောက်ခြင်း ပင်ဖြစ်သည်။

ဤအမေးသည် အလွန်ချက်ကျသည်။ ဗုဒ္ဓသည် နိစ္စထာဝရအတ္တမရှိဟုလည်း ဟောကြားသည်။ ကာမဘဝ ရူပဘဝ အရူပဘဝ ဟူသော အတ္တဘော ၃ မျိုးရှိ သည်ဟုလည်း ဟောကြားသည်၊ နိစ္စထာဝရအတ္တမရှိခဲ့လျှင် ကာမဘဝဟူသော ကြမ်း တမ်းသော အတ္တဘောမှ ရူပဘဝဟူသော သိမ်မွေ့သော အတ္တဘောသို့ အဘယ်သို့ရောက် နိုင်ပါသနည်း ဟုဆိုလိုသည်။ ဤပြဿနာကား လွန်စွာသိမ်မွေ့သည်၊ ပညာရှိသူတို့၏ ကျက်စားရာသာဖြစ်သည်၊ ထို့ကြောင့် ဗုဒ္ဓသည် စိတ္တကိုပင် ဤသို့ပြန်လှန် မေးမြန်းတော် မူခဲ့သည်။

``အိုစိတ္တ --- သင်သည် အတိတ်၌ ဖြစ်ခဲ့ပြီလော၊ မဖြစ်ခဲ့သလော၊ ယခု ပစ္စုပ္ပန်၌ ဖြစ်ဆဲလော၊ ဖြစ်ဆဲမဟုတ်သလော၊ အနာဂတ်၌ ဖြစ်လတ္တံ့လော၊ မဖြစ် လတ္တံ့လောဟု မေးလျှင် အသို့ ဖြေမည်နည်း``

``အရှင်ဘုရား --- အကျွန်ုပ်သည် အတိတ်က ဖြစ်ခဲ့ပါသည်၊ မဖြစ်ခဲ့မဟုတ်ပါ၊ ယခု ပစ္စုပ္ပန်၌ ဖြစ်ဆဲဖြစ်ပါသည်၊ ဖြစ်ဆဲမဟုတ်သည် မဟုတ်ပါ၊ အနာဂတ်၌လည်း ဖြစ် ပါလိမ့်ဦးမည်၊ မဖြစ်လိမ့်မည်မဟုတ်ပါ``

``အိုစိတ္တ --- သင်သည် အတိတ်ဘဝ အတ္တဘောကို ရခိုက် အတိတ်ဘဝ အတ္တဘော သာ မှန်ကန်သလော၊ ပစ္စုပ္ပန် အနာဂတ် အတ္တဘောတို့သည် အချည်းအနှီး ဖြစ်ကြသ လော၊ သင်အား ပစ္စုပ္ပန်အတ္တဘောကို ရခိုက် ပစ္စုပ္ပန်လက်ရှိ အတ္တဘောသာ မှန်သလော၊ အတိတ် အနာဂတ် အတ္တဘောတို့ကား အချည်းနှီး ဖြစ်ကြသလော၊ အနာဂတ် အတ္တဘော ကို ရခိုက်သင်အား အနာဂတ် အတ္တဘောသာ မှန်ကန်သလော၊ အတိတ် ပစ္စုပ္ပန် အတ္တဘော တို့အချည်းနှီး ဖြစ်ကြသလောဟု မေးလျှင် အသို့ ဖြေမည်နည်း``

``အရှင်ဘုရား --- အတိတ်၌ ဖြစ်ခိုက် အတိတ်အတ္တဘောသာ မှန်သည်၊ ပစ္စုပ္ပန်၌ ဖြစ်ခိုက် ပစ္စုပ္ပန်အတ္တဘောသာ မှန်သည်၊ အနာဂတ်၌ ဖြစ်ခိုက် အနာဂတ် အတ္တဘောသာ မှန်သည်၊ ကျန်အတ္တဘောများ အချည်းနှီးသာ ဖြစ်ကြသည်ဟု ဖြေပါမည်။``

``အိုစိတ္တ---ထိုအတူပင် အတ္တဘောတခုကိုရခိုက် ယင်းအတ္တဘောကိုရသည်ဟုသာဆိုရသည်၊ ကျန်အတ္တဘောများကိုရသည်ဟုမဆိုရ၊ သို့ရာတွင်နွား မှ နွားနို့၊ နွားနို့မှဒိန်ချဉ်၊ ဒိန်ချဉ်မှဆီဦး၊ ဆီဦးမှ ထောပတ်၊ ထောပတ်မှ ထောပတ်ကြည်ဖြစ်ရာ၌နွားနို့ကိုဒိန်ချဉ်မခေါ်ရ၊ ဒိန်ချဉ်ကိုနွားနို့မခေါ်ရသကဲ့သို့အတ္တဘောတခုကိုရခိုက်ထိုအတ္တဘောကိုရသည်ဟုသာဆိုရသည်၊ ကျန်အတ္တဘောတို့ကိုရသည်ဟုမဆိုရ၊ (သို့ရာတွင်တခုနှင့်တခုဆက်စပ်မှုကားရှိကြသည်။)

ဤတွင်ကာလ ၃ပါး ပြဿနာ ဖြေပြီး ဖြစ်သွားသည်၊ နှစ်ယောက်စလုံး ပင်နှစ်သက်ကျေနပ်သွားကြသည်၊ တယောက်က သရဏဂုံယူ၍၊ တယောက် ရဟန်း ပြန်ဝတ်သည်၊ နောင်အခါ ရဟန္တာအဖြစ်သို့ရောက်သည်။

ဤပြဿနာတို့ကိုသဘောပေါက်လျှင် ဤသုတ်ကိုနားလည်နိုင်လောက်ပြီ။

## ၁၀။ သုဘသုတ် နိဒါန်း ။

သီလက္ခန္ဓဝဂ္ဂပါဠိ၏ ဒသမသုတ်ကား သုဘသုတ်ဖြစ်သည်၊ သုဘသုတ်ဆိုသည်မှာ သုဘလုလင်အား ဟောကြားသောတရားဒေသနာဟုအဓိပ္ပါယ်ရှိသည်၊ သို့ရာတွင် ဤသုဘသုတ်ကို ဟောကြားသူမှာ ဗုဒ္ဓမဟုတ်၊ အရှင်အာနန္ဒာဖြစ်သည်။ သို့ဖြစ်၍ အရှင်အာနန္ဒာက သုဘလုလင်အား ဟောကြားတော်မူခဲ့သောသုတ်ဖြစ်၍သုဘသုတ် ခေါ်သည်ဟုဆိုမှပို၍တိကျပေလိမ့်မည်။

ပိဋကပါဠိတို့တွင် ဗုဒ္ဓ ဟောကြားတော်မူခဲ့သောသုတ်များချည်း ပါရှိကြသည်မဟုတ်၊ အရှင်သာရိပုတြာ အရှင်အာနန္ဒာစသော သာဝကကြီးများဟောကြားသည့်သုတ်များလည်း ရောနှောပါရှိနေကြသည်။ ယင်းသို့ပါရှိရာတွင်ဗုဒ္ဓဟောတော်မူသောသုတ်များကိုဗုဒ္ဓဘာသိတ-ဘုရားဟောဟုအမည်ထပ်၍သာဝကဟောသုတ်များကိုသာဝကဘာသိတ-သာဝကဟောဟုအမည်တပ်ကာခွဲခြားတော်မူခဲ့ကြသည်။

သင်္ဂါယနာတင်မထေရ်တို့သည် သာဝကဘာသိတဖြစ်သော သာဝကဟောသုတ်ဒေသနာတို့ကိုလည်း ဗုဒ္ဓအလိုတော်ကျ ဗုဒ္ဓဒေသနာနှင့်တပြေးညီဟောကြားခဲ့ကြသောသုတ်များဖြစ်၍ဗုဒ္ဓဒေသနာပင်ဖြစ်သည်ဟုသဘောထားကာဗုဒ္ဓဘာသိတသုတ်များနှင့်ရောနှော၍သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ ယင်းသို့ရောနှော၍သင်္ဂါယနာတင်ထိုက်သည်မှာလည်း အမှန်ပင်ဖြစ်သည်။ အကြောင်းမူကား ပါဠိပိဋကတ်၌ပါသော ယင်းသာဝကဘာသိတသုတ်များကိုဗုဒ္ဓဘာသိတသုတ်ဒေသနာများနှင့်တိုက်ဆိုင်ကြည့်ရှုလျှင်လိုရင်းအဓိပ္ပါယ်မှာထပ်တူထပ်မျှကျသည်ကိုသာတွေ့မြင်ကြရသည်။ ပုံစံအားဖြင့်၌သုဘသုတ်၌လာသောသီလသမာဓိပညာတို့သည်သာမညဖလသုတ်၌လာသောသီလသမာဓိပညာတို့နှင့်ထပ်တူထပ်မျှပင်ဖြစ်သည်။

ဤသုတ်ကိုဖြစ်ပေါ်စေခဲ့သော သုဘလုလင်အကြောင်း မှာမှူး စွာစိတ်ဝင်စားဘွယ်ရာကောင်းသည်၊ ဗုဒ္ဓခေတ်တွင် ကောသလကိုင်း သာဝတ္ထိမြို့တော်ကြီး၏မနီး မဝေး အရပ်တွင် တုဒိရွာဟုခေါ်တွင်သောရွာကရွာရှိသည်၊ ထိုရွာတွင် ၄၅ကုဋေကြွယ်ဝသော ပုဏ္ဏားတယောက်ရှိရာ ထိုပုဏ္ဏားသည် ဗေဒပါရဂူတယောက်လည်းဖြစ်သည်။ တုဒိရွာကိုအပိုင်စားရသောရွာစားလည်းဖြစ်သည်။ ကောသလမင်းကြီး၏ ပုရောဟိတ်တယောက်လည်းဖြစ်သည်၊ ထိုပုဏ္ဏားသည် သူအပိုင်စားရသော တုဒိရွာကိုအစွဲပြု၍ တောဒေယျပုဏ္ဏားဟုအမည်တွင်သည်။ သုဘလုလင်ကား ထိုပုဏ္ဏား၏သားဖြစ်သည်။

ထိုတောဒေယျပုဏ္ဏားသည် ပစ္စည်းဥစ္စာလွန်စွာကြွယ်ဝသော်လည်း အလွန်စေးနှဲဝန်တိုသူဖြစ်သည်။ ပေးကမ်းလှူတန်းလျှင် ပစ္စည်းဥစ္စာကုန်ခမ်းရာသည်ဟု သဘောပိုက်၍ အလှူဒါနကိုပြုလေ့မရှိ၊ ဥစ္စာကိုသာတိုးပွားအောင်အားထုတ်သည်။ ပစ္စည်းဥစ္စာကိုလွန်စွာမက်မောသည်။ သို့ဖြင့်ထိုပုဏ္ဏားသေလွန်သောအခါ ထိုအိမ်မှာပင်ခွေးဖြစ်သည်။ ဘဝဟောင်းကရင်းနှီးခဲ့သဖြင့်၊ သုဘလုလင်သည် ထိုခွေးကို လွန်စွာချစ်ခင်သည်၊ မိမိစားသောအစာကိုကျွေး၍အိပ်ရာကောင်း၌အိပ်စေသည်၊ တနေ့တွင်သုဘလုလင်မရှိခိုက် ထိုအိမ်သို့ဗုဒ္ဓဆွမ်းခံရောက်လာသည်၊ ထိုအခါ ထိုခွေးကဗုဒ္ဓကိုဆီးဟောင်သဖြင့် ဗုဒ္ဓကခွေးကိုဤသို့မိန့်တော်မူသည်။

``အိုတောဒေယျ---သင်သည်ငါဘုရားကိုအိုအချင်းဟုမရိုမသေပြောဆိုခဲ့သဖြင့်ယခုခွေးဘဝသို့ရောက်သည်၊ ယခုတဖန်ဟောင်ပြန်ဘိမူကား အဝီစိငရဲသို့ရောက်ရန်သာရှိတော့သည်။``

ထိုစကားကိုကြားလျှင် ခွေးသည်စိတ်မချမ်းမသာဖြစ်၍အိပ်ရာပေါ်တွင်မအိပ်တော့ဘဲ ဖိုခနောက်၃-လုံးကြားရှိပြာပုံသို့ဝင်၍ဝပ်နေသည်၊ ချီမ၍အိပ်ရာပေါ်၌ချသော်လည်း အိပ်ရာပေါ်၌မအိပ်တော့ပေ၊ သုဘလုလင်ပြန်လာ၍ထိုခွေးကိုသူအိပ်ရာတွင်မတွေ့ရသောအခါခွေးကိုအဘယ်သူမောင်းမဲသနည်းဟု မေးသည်။ ထိုအခါအိမ်သားတို့ကဗုဒ္ဓကမိန့်ကြားသွားပုံကိုသေဋ္ဌေးသားဖြစ်သူ သုဘလုလင်အားပြန်ကြားပြောဆိုလိုက်ကြသည်။ ထိုစကားကိုကြားလျှင်သုဘလုလင်လည်း ``ငါ့အဖေသည်ဗြဟ္မာ့ပြည်၌ဖြစ်သည်၊ ဗုဒ္ဓက မဟုတ်မတရားပြောဆိုသွားခြင်းသာဖြစ်သည်``ဟု ဒေါသထွက်၍၊ ဇေတဝန်ကျောင်းတော်သို့လိုက်သွားပြီး ထိုကိစ္စကိုမေးလျှောက်သည်။ ထိုအခါဗုဒ္ဓကမိမိအမှန်အတိုင်း ပြောဆိုခြင်းသာဖြစ်သည်ဟုဝန်ခံတော်မူပြီး နောက် ``သင်အဘဖြစ်သူမပြောမဆိုဘဲထားခဲ့သောပစ္စည်းဥစ္စာရှိသလော`` ဟုမေးတော်မူသည်။ သေဋ္ဌေးသားလည်း အဖိုးတသိန်းစီထိုက်တန်သော ရွှေပန်းခိုင်၊ ရွှေခြေနင်း၊ ရွှေခွက်တို့ပြင် အသပြာတသိန်းတိတိလည်း ရှိပါသည်ဟုလျှောက်သည်၊ ထိုအခါဗုဒ္ဓက ``သို့ဖြစ်လျှင် ထိုခွေးအား ရေမပါသောနို့ယနာကိုကျွေး၍

ကောင်းမွန်သောနေရာ၌ထားပြီး မေးမြန်းလော့" ဟုမိန့်တော်မူလိုက်သည်။ သုဘလုလင်လည်း အိမ်သို့ပြန်လာ၍ ဗုဒ္ဓမိန့်တော်မူတိုင်း ပြုလုပ်၍ထိုခွေးကို မေးသဖြင့် ထိုပစ္စည်းတို့ကို တခုမကျန် ရရှိသည်၊ ထိုအခါမှစ၍ သုဘလုလင်သည် ဗုဒ္ဓကို သဗ္ဗညူဖြစ်သည်ဟု ယုံကြည်ပြီး ပြဿနာ ၁၄-ရပ်တို့ကို စီစဉ်၍ မေးလျှောက်ရာတွင် ဗုဒ္ဓ၏အဖြေကိုကြားနာရသဖြင့် အားရနှစ်သက်၍ သရဏဂုံယူ၍ ဗုဒ္ဓကိုကိုးကွယ် ဆည်းကပ်သည်၊ နောင်အခါ၌ကား ဗုဒ္ဓနှင့် ရင်းနှီးသူတယောက်ဖြစ်လာသည်။

သုဘလုလင်ကား ဗုဒ္ဓလက်ထက်တွင် အလွန်ထက်မြက်သော ဝေဒပါရဂူတယောက် ဖြစ်ခဲ့သည်မှာ ထင်ရှားသည်၊ သုဘလုလင်သည် ဗုဒ္ဓပွင့်တော်မူစအချိန်လောက်တွင် ကိစ္စတခုနှင့် သာဝတ္ထိသို့ ရောက်သည်တွင် "သာဝတ္ထိမြို့ကြီးကား ရဟန္တာတို့ဖြင့် မဆိတ်သုဉ်း" ဟုကြားရသည်၊ အဘယ်ရဟန္တာထံသွားသင့်သနည်း ဟုအိမ်ရှင်တို့ကို မေး၍ ဗုဒ္ဓထံသွား ရောက်ပြီး အကြီးအကျယ်ပြဿနာ မေးလျှောက်ခဲ့ဘူးသည်။ ထိုပြဿနာမှာ လူတို့က ရဟန်းတို့ထက် ကုသိုလ်ဖြစ်ခွင့်များသည်ဟူသော ပြဿနာဖြစ်သည်။ ထိုပြဿနာနှင့်တကွ ဆက်တည်း ဗြဟ္မာဖြစ်လမ်း စဉ်ကိုလည်း မေးလျှောက်သည်၊ ထိုစဉ်ကလည်း ဗုဒ္ဓ၏အဖြေကိုကြားနာရသောအခါ နှစ်သက်သဘောကျ၍ သရဏဂုံယူခဲ့သည်၊ သို့ရာတွင် သုဘလုလင်သည် တမဂ်တဖိုလ်သို့ ရောက်ဟန်မရှိ၊ သုဘလုလင်နှင့် ပတ်သက်သော သုတ် ၃ သုတ်စလုံးမှာပင် သုဘလုလင် သရဏဂုံယူ၍ ဥပါသကာအဖြစ် လျှောက်ထားကြောင်း သာပါရှိသည်၊ တမဂ်တဖိုလ်သို့ ရောက်ကြောင်း မပါမရှိပေ။

သို့ဖြင့် ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူ၍ သာမုက်ဋ္ဌာနသဘင်ကိစ္စများ ပြီးစီးသောအခါ အရှင်အာနန္ဒာသည် ဗုဒ္ဓ၏သပိတ်သင်္ကန်းတို့ကို ကိုယ်တိုင်ယူဆောင်၍ ဗုဒ္ဓ ၂၄ ဝါတိုင်တိုင် သီတင်းသုံးတော်မူခဲ့ရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ကြွ ရောက်လာတော်မူသည်။ ထိုအချိန်ကား ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူပြီး နောက် တလမြောက်သည်ဟု အဋ္ဌကထာဆရာက ပြဆိုသည်၊ သို့ဖြစ်လျှင် နယုန်လပြည့်နေ့ပင်ဖြစ် ရာသည်၊ ထိုအချိန်တွင် သုဘလုလင်သည် သူအပိုင်စားရသော တုဒိရွာမှ သာဝတ္ထိသို့ ကိစ္စတခုနှင့် ရောက်ရှိနေခဲ့သည်၊ သုဘလုလင်သည် အရှင်အာနန္ဒာ သာဝတ္ထိပြည်သို့ ရောက်ရှိလာကြောင်း သတင်းစကားကြားရသောအခါ အရှင်အာနန္ဒာနှင့် အလွန်ပင်တွေ့ဆုံချင်သည်၊ ဗုဒ္ဓ တပင်တပန်း ဟောကြားတော်မူခဲ့သော သီလ သမာဓိ ပညာ တရားများ ရှိကြသေးသလော၊ ဗုဒ္ဓနှင့်အတူတကွ ပျောက်ကွယ်သွား ကြပြီလော၊ ဟု စောကြော မေးလျှောက်ကြည့်ချင်သည်၊ သို့ အေး အေး ဆေး ဆေးမေး လျှောက်ရန်မှာ အိမ်သို့ပင့်မှဖြစ်မည်ဟု တွေးမိသဖြင့် လူတယောက်ကို စေလွှတ်၍ အရှင် အာနန္ဒာကိုပင့်လျှောက်စေသည်။ ထိုအခါ အရှင်အာနန္ဒာက "ယနေ့ကား ဝမ်းနှုတ် ဆေးသောက်ထားသဖြင့် မကြွလာနိုင် နက်ဖြန်တွင်ကြွလာနိုင်ကောင်း ကြွလာနိုင် လိမ့်မည်" ဟုမှာတော်မူလိုက်သည်။ ထိုစကားကိုကြားလျှင် သုဘလုလင်သည် နက်ဖြန်

ဆွမ်းကပ်ခွင့်ရပေလိမ့်မည်ဟုသိ၍ အသင့်စီမံထားရှိသည်။ နောက်တနေ့နံနက် အရှင်အာနန္ဒာကြွရောက်လာသောအခါ၌ကား သုဘလုလင်သည်အရှင်အာနန္ဒာအား သင့်လျော်သောဆွမ်း ဘောဇဉ်တို့ဖြင့်လုပ်ကျွေးပြီး နောက်၊ ဗုဒ္ဓသည်အဘယ်တရားတို့၏ဂုဏ်ကျေးဇူးကိုချီးမွမ်း တော်မူလေ့ရှိပါသနည်း၊ ဗုဒ္ဓသည်လူတို့အားအဘယ်တရားကိုဆောက်တည်ကျင့်သုံး စေတော်မူပါသနည်း ဟူသောပြဿနာကိုမေးလျှောက်သည်။ သို့ဖြင့်ဤသုဘသုတ်ဒေသနာဖြစ်ပေါ်လာခဲ့သည်။

သုဘလုလင်၏အမေးမှာလွန်စွာချက်ကိုင်သည်၊ ဗုဒ္ဓဝါဒ ဗုဒ္ဓဒေသနာအားလုံးကိုခြုံငုံမိအောင်မေးသောအမေးဖြစ်သည်၊ အရှင်ဘုရား --- ဗုဒ္ဓဝါဒဟူသည်အဘယ်ပါနည်း ဗုဒ္ဓသည်အဘယ်တရားမျိုးကိုသုံး မဟောကြားခဲ့ပါသနည်း ဟူသောအမေးနှင့်အတူတူပင်ဖြစ်သည်၊ အရှင်အာနန္ဒာကလည်း ဧတဒဂ် ၅တန်ရ မဟာသာဝကကြီးတပါးဖြစ်သောကြောင့်ထိုအမေးကိုကောင်းစွာသိမြင်သဘော ပေါက်တော်မူသည့်အတိုင်း ဗုဒ္ဓဝါဒ ဗုဒ္ဓဒေသနာ၏အနှစ်သာရဖြစ်သော သီလ သမာဓိပညာတို့ကိုဗုဒ္ဓဟောကြားတော်မူခဲ့သည့်နည်းအတိုင်း အပြည့်အစုံဖေါ်ထုတ် ဟောကြားတော်မူခဲ့သည်။

သို့ဖြင့် ဤသုတ်တွင်မည်သည့်အကြောင်းအရာများပါဝင်ကြသည်ဟုအထူး ရှင်းလင်းတင်ပြရန်မလို၊ ဤသုတ်တွင်ပါဝင်သောအကြောင်းအရာတို့မှာသီလ သမာဓိပညာတို့ပင်ဖြစ်သည်ဟုသာဆိုရပေလိမ့်မည်။

အချုပ်အားဖြင့်ဆိုလျှင် ဤသုတ်၌ပါသောအရှင်အာနန္ဒာ၏အဖြေသည်ယခု ခေတ်တွင်ပြောဆိုလေ့ရှိကြသော ဗုဒ္ဓဝါဒဟူသည်အဘယ်နည်း -ဟူသောအမေးမျိုး ၏အဖြေပင်ဖြစ်ပေသည်။

## ၁၁။ ကေဝဋ္ဋသုတ် နိဒါန်း

သီလက္ခန္ဓဝဂ္ဂပါဠိတော်၏ ဧကာဒသမသုတ်မှာ ကေဝဋ္ဋသုတ်ဖြစ်သည်။ ကေဝဋ္ဋသုတ်ဆိုသည်မှာလည်း ကေဝဋ္ဋသူကြွယ်အား ဟောကြားတော်မူခဲ့သောသုတ် ဒေသနာဟုအဓိပ္ပါယ်ရှိသည်။ ဤသုတ်သည် အမ္ဗဋ္ဌသုတ်စသည်တို့ကဲ့သို့တရားနာခံပုဂ္ဂိုလ် ကိုအစွဲပြု၍မှည့်ခေါ်သောသုတ်တသုတ်ပင်ဖြစ်သည်။

ဗုဒ္ဓသည်ဤကေဝဋ္ဋသုတ်ကို မဂဓတိုင်းနာဠန္ဒာမြို့ ပါဝါရိကသေဋ္ဌေး၏ သရက်ဥယျာဉ်ကျောင်း၌သီတင်းသုံးတော်မူစဉ်ဟောကြားတော်မူခဲ့သည်။ ယင်း နာဠန္ဒာမြို့ကား ဘီဟာလိုက်မီးရထားလမ်းပေါ်ရှိ ဆရာဂွန်းရွာအနီးတွင် တည်ရှိခဲ့သည်၊ မီးရထားလမ်းအဖြောင့်ခရီးအားဖြင့် ရာဇဂြိုဟ်မြို့နှင့် ၄ မိုင်ခန့်သာကွာဝေးသည်၊ ရိုးရိုးလမ်းခရီးအားဖြင့်ကား ၇ မိုင်ခန့်ရှိသည်၊ ဘီဟာနယ်မြို့တော် ပါဋ္ဋနာ (ရှေးကပါဋလိပုတ်) မှဆိုလျှင် ၅၅ မိုင်ဝေးသည်၊

ရာဇဂြိုဟ်မြို့မှ တောင်ဖက်၊ ပါဋ္ဌနာမှ အနောက်ဖက်ကျသည်၊ ခရစ်သက္ကရာဇ် ၁ ရာစုမှစ၍ မဟာယာန ဗုဒ္ဓဘာသာထွန်းကားချိန်တွင် အိန္ဒိယတွင်အကြီးဆုံး ဗုဒ္ဓတက္ကသိုလ်ကြီး တည်ရှိခဲ့သည်၊ စာသင်သား ပေါင်း တသောင်း ခန့်စာသင်နိုင်သည်။ ထိုနာဋ္ဌန္ဒာတက္ကသိုလ်သည် ကမ္ဘာ့ရာဇဝင်တွင်ယနေ့တိုင်ထင်ရှားကျော်စောသည်၊ ယင်း နာဋ္ဌန္ဒမြို့ကား နာဋ္ဌပုတ္တဆရာ၏အမြဲနေရာလည်း ဖြစ်ခဲ့သည်။

ယင်း နာဋ္ဌန္ဒာမြို့တွင်ကုဋေ ၄၀ ကြွယ်ဝသော ကေဝဋ္ဋအမည်ရှိသော သူကြွယ်တယောက်ရှိခဲ့သည်၊ ထိုသူကြွယ်သည်တနေ့သောအခါ ဗုဒ္ဓထံသို့လာရောက်၍ ``အရှင်ဘုရား ---လဝက်တကြိမ်ဖြစ်စေ၊ တလတကြိမ်ဖြစ်စေ၊ တန်ခိုးပြာဋိဟာပြဖို့ရဟန်းတပါးပါးကိုခန့်ထားပြီး တန်ခိုးပြာဋိဟာပြစေရလျှင် လူတို့အတိုင်းထက်အလွန်ကြည်ညိုကြပါလိမ့်မည်၊ သို့ဖြင့်ဗုဒ္ဓသာသနာပို၍စည်ပင်ပြန့်ပွားပါလိမ့်မည်`` ဟုအကြံပေး လျှောက်ထားသည်၊ ထိုသူကြွယ်အား ဗုဒ္ဓသာသနာကိုအလွန်ကြည်ညိုသူဖြစ်သည့်အတိုင်း ဗုဒ္ဓသာသနာလျင်မြန်စွာတိုးတက်ပြန့်ပွားစေလိုသောကြောင့်သဘောရိုးဖြင့် လျှောက်ထားခြင်းသာဖြစ်သည်။ ဗုဒ္ဓကား ထိုလျှောက်ထားချက်ကိုလက်ခံတော်မမူဘဲတန်ခိုးပြာဋိဟာပြခြင်း၏အပြစ်ကိုဖေါ်ပြ၍တရားသဖြင့်သိသနာပြုခြင်းကိုသာလိုလားတော်မူကြောင်း အကျယ်တဝင့်မိန့်ကြားတော်မူခဲ့သည်၊ သို့ဖြင့်၍ ကေဝဋ္ဋသုတ်ဒေသနာဖြစ်ပေါ်လာခဲ့သည်။

၎င်းသုတ်တွင်အရေးကြီးသောပြဿနာနှစ်ရပ်ပါရှိသည်။ ပထမပြဿနာမှာ တန်ခိုးပြာဋိဟာဖြစ်ပြီး၊ ဒုတိယပြဿနာမှာ ဓါတ်ကြီးလေးပါးတို့အကြွင်းမဲ့ ချုပ်ငြိမ်းရာဌာနဖြစ်သည်၊ ဗုဒ္ဓသည်တန်ခိုးပြာဋိဟာဖြင့်သာသနာပြုတော်မူပါဟု လျှောက်ထားသော ကေဝဋ္ဋသူကြွယ်အား ပြာဋိဟာ ၃ မျိုးရှိပုံကိုထုတ်ဖေါ်ဟောကြားတော်မူခဲ့သည်၊ ယင်းပြာဋိဟာတို့ကား ဣဒ္ဓိပါဋိဟာရိယ၊ အာဒေသနာပါဋိကာရိယ၊ အနုသာသနီပါဋိဟာရိယတို့ဖြစ်ကြသည်၊ တန်ခိုးအမျိုးမျိုးဖန်ဆင်း၍ပြခြင်းကိုဣဒ္ဓိပါဋိဟာရိယခေါ်သည်၊ သူတပါး၏စိတ်အကြံကိုဖွင့်ထုတ်၍အတပ်ဟောခြင်းကို အာဒေသနာပါဋိဟာရိယခေါ်သည်၊ အံ့ဩဘွယ်ရာဗုဒ္ဓ၏အကျိုးရှိသောဆုံးမဩဝါဒပေးခြင်းကို အနုသာသနီပါဋိဟာရိယဟုခေါ်သည်၊ ၎င်းပြာဋိဟာ ၃ မျိုးတို့တွင်ရှေ့ပြာဋိဟာ ၂ မျိုးကိုခွင့်ပြုတော်မမူ၊ နောက်ဆုံးအနုသာသနီပြာဋိဟာကိုသာခွင့်ပြုတော်မူသည်။

ပြာဋိဟာသည် ပါဋိဟာရိယဟူသော ပါဠိမှဆင်းသက်လာသောစကားဖြစ်သည်၊ အံ့ဩဘွယ်ကောင်းသောအစွမ်းတန်ခိုးဟုအဓိပ္ပါယ်ရှိသည်၊ ယင်းအစွမ်းတန်ခိုးကိုပင်ဆန့်ကျင်ဖက်ကိုဖယ်ရှားတတ်သည်ဟူသောအနက်သဘောအရ ပါဋိဟာရိယဟုခေါ်သည်။

ပြာဋိဟာ ၃ မျိုးတို့တွင် ဣဒ္ဓိပါဋိဟာရိယခေါ်သော တန်ခိုးပြာဋိဟာဖြင့်သာသနာပြုခဲ့လျှင် ဂန္ဓါရီခေါ်အတတ်ပညာတမျိုးနှင့် ရောထွေး၍အထင်မှားဖွယ်ရာရှိသည်၊ အာဒေသနာပါဋိဟာခေါ်အတတ် ဟောပြာဋိဟာဖြင့်သာသနာပြုလျှင်လည်း မဏိကဝိဇ္ဇာခေါ်အတတ်ပညာတမျိုးနှင့် ရောထွေး၍အထင်မှားဖွယ်ရာရှိသည်၊ ထို့ကြောင့်ယင်းပြာဋိဟာ ၂ မျိုးကိုငါဘုရားချီးမွမ်းတော်မမူဟုမိန့်တော်မူခဲ့သည်၊ ဗုဒ္ဓချီးမွမ်းသောပြာဋိဟာကား အနုသာသနီပြာဋိဟာသာဖြစ်သည်။

ဤတွင် လောကနှင့်အလွန်ထူးဆန်းသောအတတ်ပညာ ၂ မျိုး ပေါ်ထွက်လာခဲ့သည်၊ ယင်းတို့ကား ဂန္ဓါရီဝိဇ္ဇာအတတ်နှင့် မဏိကဝိဇ္ဇာအတတ်တို့ဖြစ်ကြသည်၊ ဤအတတ် ၂ မျိုးတွင် ဂန္ဓာရီဝိဇ္ဇာကား ဂန္ဓရ ရသေ့တို့ထွင်ခဲ့သော အတတ်ပညာ သို့မဟုတ် ရသေ့အများတို့နေထိုင်ရာဂန္ဓာရတိုင်း၌ဖြစ်သောအတတ်ဟုအဓိပ္ပါယ်ရှိသည်၊ ယင်းအတတ်ပညာကိုတတ်မြောက်သောသူသည် ဣဒ္ဓိဝိဓအဘိညာဉ်ကိုရသော သူကဲ့သို့အလိုရှိရာရုပ်ဆင်းသဏ္ဌာန်အမျိုးမျိုးတို့ကိုဖန်ဆင်း၍ပြနိုင်သည်၊ ယင်း ဂန္ဓာရတိုင်းကား ယခုတရုတ်ပြည်ဖြစ်သည်ဟုပညာရှိအချို့ကဆိုကြသည်။ ခေတ်ပညာရှင်တို့ကား ဂန္ဓာရတိုင်းသည်ကသ္မီရတိုင်းနှင့်ဆက်စပ်နေသော ကဘူးနယ် (အာဖဂန်နစ္စတန်)ဖြစ်သည်ဟုအဆုံးအဖြတ်ပေးကြသည်၊ မဏိကဝိဇ္ဇာကားလောက နှင့်စိန္တာမဏိမန္တာန်ဟုထင်ရှားသော မန္တာန်အတတ်ဖြစ်သည်၊ ထိုမန္တာန်ကိုတတ်သူသည် မန္တာန်အစွမ်းဖြင့်သူတပါး၏စိတ်အကြံကိုအမှန်အတိုင်းသိနိုင်သည်ဟု အဋ္ဌကထာဆရာတို့ကဆိုကြသည်။

အမှန်အားဖြင့်ဤလောကနှင့်ဤအတတ်ပညာမျိုးများထင်ရှားရှိ၍ဤသို့ တန်ခိုးအာနုဘော်ကြီးမားကြောင်းကိုဤကေဝဋ္ဋသုတ်ဒေသနာအရသိကြရခြင်း သာဖြစ်သည်။

ခေတ်ပညာတတ်တို့တွင်တန်ခိုးပြာဋိဟာကိုအလျှင်းပင်အယုံအကြည်မရှိသူ များရှိကြသည်၊ ထိုသူတို့သည် တန်ခိုးပြာဋိဟာများ နတ်ဗြဟ္မာများနှင့်ပြည့်နှက် နေသောဗုဒ္ဓအကြောင်းအရာပိဋကတ်ကျမ်းဂန်အဆိုအမိန့်များကို မသိမသာ ပြက်ရယ်ပြုလျှက်ရှိကြသည်၊ ဤသုတ်တွင်ဖေါ်ပြသော ကေဝဋ္ဋသုတ္တန်၏စကားကိုဖေါက် လျှင်တန်ခိုးပြာဋိဟာသည် ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကတို့အဖို့အဆန်းမဟုတ်သောအရာ ပင်ဖြစ်သည်ကိုတွေ့မြင်နိုင်ကြသည်၊ ဤသုတ်သည်ဗုဒ္ဓ၏တန်ခိုးပြာဋိဟာကိုဖေါ်ပြလို၍ သင်္ဂါယနာဆရာတို့ကတမင်လုပ်ကြံထည့်သွင်းထားသောသုတ်မဟုတ်၊ ဗုဒ္ဓလက်ထက်က အကြောင်းအရာတခုကိုမှတ်တမ်းတင်ထားသောသုတ်တသုတ်သာဖြစ်သည်မှာထင်ရှား သည်၊ အကြောင်းမူကား ဤသုတ်တွင်ဗုဒ္ဓ၏တန်ခိုးပြာဋိဟာနှင့်စပ်လျဉ်းသော စကားဟူ၍လုံးဝမပါရှိ၊ တန်ခိုးပြာဋိဟာကိုဗုဒ္ဓကကဲ့ရဲ့ကြောင်းသာပါရှိသည်။

ဤသုတ်တွင် မဟာဘုတ်ဓါတ်ကြီး လေး ပါး ချုပ်ရာဌာနကိုရှာ သော ရဟန်း တပါး အကြောင်း ကိုလည်း နောက်ဆက်တွဲအဖြစ်ဖြင့် ဟောကြား တော်မူခဲ့သည်၊ ဤ ရဟန်း အကြောင်း ကိုထည့်သွင်း ဟောကြား တော်မူသည့်မှာအကြောင်း မဲ့သက်သက် စကား မစပ် ဟောကြား ခဲ့ခြင်း မဟုတ်၊ ဣဒ္ဓိပါဋိဟာရိယ ခေါ်တန်ခိုး ပြာဋိဟာ သည်အလွန်ထူး ဆန်း သဖြင့်အံ့ဩဖွယ်ရာဖြစ်သည်မှာမှန် သော်လည်း အမှန်အားဖြင့် ဝဋ်ဆင်း ရဲမှထွက် မြောက် ကြောင်း တရား မဟုတ်နိဗ္ဗာန်ရောက် ကြောင်းတရား မဟုတ်ဟူ သောအချက်ကိုပြလို သော ကြောင့်သာထည့်သွင်း ဟောကြား တော်မူခဲ့ခြင်း ဖြစ် ပေသည်။ အများ အား ဖြင့်လူတို့သည် အထူး အဆန်း ကိုအလွန်နှစ်သက်ကြသည်၊ တန်ခိုး ပြာဋိဟာကိုအထင်ကြီး ကြသည်၊ ဤ ကေဝဋ္ဋသူကြွယ်လည်း လူထည်း ကလူပင်ဖြစ် ၍ တန်ခိုး ပြာဋိဟာကိုအလွန်အထင်ကြီး သူဖြစ်သည်၊ ထို့ကြောင့်ဗုဒ္ဓကပယ်မြစ် နေပါ လျက် တန်ခိုး ပြာဋိဟာပြမည့်ရဟန်း တပါး ခန့်ထား ဖို့ ၃ကြိမ်တိုင် အောင် တောင်း ပန် လျှောက်ထား သည်၊ ထို့ကြောင့်ဗုဒ္ဓသည်ဤ နောက်ဆက်တရား ကို ဟောကြား တော် မူခဲ့သည်။

အချုပ်အား ဖြင့်ဆို သော် ဗုဒ္ဓသည်ဤသုတ်တွင်အကြောင်း အရာနှစ်မျိုးကို ဟောကြား တော်မူခဲ့သည်၊ ပထမအကြောင်း အရာမှာပြာဋိဟာ ၃ပါး တို့အကြောင်း ဖြစ်သည်၊ ဒုတိယအကြောင်း အရာမှာ မဟာဘုတ်ဓါတ်ကြီး ၄ပါး တို့အကြွင်း မဲ့ချုပ်ငြိမ်း ရာဌာနကိုရှာ သော ရဟန်း တပါး အကြောင်း ဖြစ်သည်၊ သို့ရာတွင် အနုသာသနိပါဋိဟာရိယကိုအကျယ် ဟောရာ၌ သီလ သမာဓိ ပညာ ၃ပါး တို့ကို အကျယ်တဝင့်ထည့်သွင်း ဟောကြား ထား သော ကြောင့်ဤသုတ်ကို ဤသီလက္ခန္ဓဝဂ္ဂပါဠိ တွင်ထည့်သွင်း ၍သင်္ဂါယနာတင် တော်မူခဲ့ကြသည်။

ဤသုတ်၌လာ သောအထက်ပါအကြောင်း အရာနှစ်မျိုးတို့တွင်ပြာဋိဟာ ၃ ပါး အကြောင်း မှာသိလွယ်သည်၊ သို့ရာတွင်ဓါတ်ကြီး ၄ပါးတို့အကြွင်း မဲ့ချုပ်ငြိမ်း ရာ ဌာနနှင့်ပတ်သက် သောအကြောင်း အရာမှာလွန်စွာသိမ် မွေ့နက်နဲသည်ဖြစ်၍၊ အသိခက်သည့်ဤ ဓါတ်ကြီး ၄ပါး အကြွင်း မဲ့ချုပ်ရာဌာနပြဿနာအတွက် အောက်ပါအချက် အလက်များ ကိုနား လည်ထား ရန်လိုသည်။

ဓါတ်ကြီး ၄ပါး မှာပထဝီ အာပေါ တေဇော ဝါယော = မြေ ရေ လေ မီး ဟူ သော ဓါတ်ကြီး ၄ပါး တို့ဖြစ်ကြသည်၊ ဤ ဓါတ်ကြီး ၄ပါး ကို မြေ ရေ လေ မီး ဟုနား လည်လွယ် အောင် ပြောဆိုရ သော်လည်း မြေအစစ် ရေအစစ် လေအစစ် မီးအစစ် ကိုဆိုလိုသည်မဟုတ်၊ မြေဓါတ် ရေဓါတ် လေဓါတ် မီး ဓါတ် ၄ပါး ကိုသာဆိုလိုသည်၊ ထို့ ကြောင့် မြေကြီး တွင်ဓါတ်ကြီး ၄ပါး ရှိသကဲ့သို့ လေတွင် ရေတွင် မီး တွင်လည်း ဓါတ် ကြီး ၄ပါး သဘောရှိသည်သာဖြစ်သည်၊ ဤ လောက၌သက်ရှိသက်မဲ့ရုပ်ဟူသမျှတွင် ဓါတ်ကြီး ၄ပါး ရှိသည်၊ ကောင်း ကင်တွင်လည်း ရှိသည်၊ သို့ဖြစ်၍ ဓါတ်ကြီး ၄ပါး အပြီး သတ်ချုပ်

ဆုံး သဖြင့် ဓါတ်ကြီး ၄ ပါး ကင်း သော အရာဟူ၍ ဘယ်မှာမှ မရှိပေ၊ ဓါတ်ကြီး ၄ ပါး တို့ သည်အနည်း အများ ကွဲပြား ခြား နား မည်ဖြစ် သော်လည်း နေရာတိုင်း မှာ ရှိကြ သည်၊ ရှိ သော်လည်း နိစ္စ ထာဝရတည်၍ ရှိသည်ကား မဟုတ်၊ ဖြစ်ချုပ်သဘောဖြင့် ဖြစ်လိုက်ချုပ်လိုက်၊ ချုပ်လိုက်ဖြစ်လိုက်ဖြစ်၍တည် ရှိ နေကြသည်၊ ထို့ကြောင့်ဓါတ်ကြီး ၄ ပါး တို့အဘယ်၌အပြီး သတ်ချုပ်ငြိမ်း ကြပါသနည်း ဟု မေး လျှင်အ ဖြေ မရှိဖြစ် နေသည်၊သဏ္ဌာဝါ နှင့်ယှဉ်စပ်၍ ရုပ်နာမ်တရား တို့အဘယ်၌အပြီး သတ်ချုပ်ငြိမ်း ကြပါသနည်း ဟုမေး မှသာ နိဗ္ဗာန်၌ချုပ်ငြိမ်း သည်ဟုအ ဖြေ ရှိ နိုင်သည်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ရုပ်နာမ် သည် ပရိနိဗ္ဗာန်ပြု သောအ ခါအပြီး သတ်ချုပ်ငြိမ်း သည်၊ ထို့ကြောင့် ဗုဒ္ဓသည် ဓါတ်ကြီး ၄ ပါး တို့အဘယ်၌အပြီး သတ်ချုပ်ငြိမ်း ကြပါသနည်း ဟူ သော ထိုမဟာဘူတပရိဃသက မဟာဘုတ်ချုပ်ရာ ရှာရဟန်း ၏အ မေး ကိုပြင်ဆင်၍အ ဖြေထုတ် တော်မူခဲ့သည်၊ ဗုဒ္ဓ ၏ပြင်ဆင်ချက်အံ့ မေး နှင့်အ ဖြေ မှာ အောက်ပါအတိုင်း ဖြစ်သည်။

``အရှင်ဘုရား ---အဘယ်၌ ဓါတ်ကြီး ၄ ပါး တို့မတည်ပါသနည်း ၊အရှည် အတိုပုံပန်း သဏ္ဌာန်ရှိပါသနည်း ၊ အဘယ်၌နာမ်ရုပ်သည်အကြွင်း မဲ့ချုပ်ငြိမ်း ပါသ နည်း။ ``

``အိုရဟန်း ---မျက်စိဖြင့်မမြင် ကောင်း သော၊ ဉာဏ်ဖြင့်သာသိ အပ် သော နိဗ္ဗာန်သည်ရှိ၏၊ ထိုနိဗ္ဗာန်၌ ဓါတ်ကြီး ၄ ပါး တို့မတည်ရှိကြကုန်၊ အရှည်အ တိုပုံပန်း သဏ္ဌာန်တို့မရှိကြကုန်၊ ရုပ်နာမ်တရား တို့အကြွင်း မဲ့ချုပ်ငြိမ်း ကြကုန်၏။``

## ၁၂။ လောဟိစ္စသုတ် နိဒါန်း

သီလက္ခန္ဓဝဂ္ဂပါဠိ၏ ဒွါဒသမသုတ်မှာ လောဟိစ္စသုတ်ဖြစ်သည်။ လောဟိစ္စသုတ် ဆိုသည်မှာလည်း လောဟိစ္စ ပုဏ္ဏား အား ဟောကြား တော်မူခဲ့ သောသုတ်ဟုအဓိပ္ပါယ် ရှိသည်၊ ဤသုတ်လည်း အမ္ဗဋ္ဌသုတ်စသည်သို့ကဲ့သို့ပင်တရား နာခံ ပုဂ္ဂိုလ်ကိုအစွဲပြု၍အမည် ရ သောသုတ်ဖြစ်သည်၊ သို့ရာတွင်ဤသုတ်ကို ဟော တော်မူရာ၌တရား နာခံပုဂ္ဂိုလ်က ပြဿနာ မေး လျှောက် သော ကြောင့် ဖြေဆို ဟောကြား ခဲ့ခြင်း မဟုတ်၊ ဗုဒ္ဓကိုယ်တိုင် ကစကား ပေါ် အောင်စတင် မေး မြန်း ၍အလို တော်အတိုင်း ဟော တော်မူခဲ့ခြင်း သာဖြစ်သည်။

ဤသုတ်ကို ဟောကြား တော်မူခဲ့သည့် နေရာကား ကောသလတိုင်းသါလဝတီကါ အမည်ရှိ သော ပုဏ္ဏားရွာဖြစ်သည်၊ ယင်း သာလဝတိကာရွာသည် ဗုဒ္ဓ ခေတ်တွင် စည်ပင်သာယာ သော ရွာကြီး တရွာဖြစ်ခဲ့သည်။ အင်ကြင်း ပင်မှား ကစည်း ရိုးသ ဖွယ်ဝန်း ရံလျက်ရှိ သော ကြောင့် သာလဝတိကာရွာဟုအမည်တွင်သည်၊ ထိုအင်ကြင်း ရံရွာ၊ ဝါ၊ အင်ကြင်း မြိုင်ရွာကား ဘန်စပါး အစာ ရေစာနှင့်လည်း ပြည့်စုံသည်၊ ထိုရွာကို ကောသလမင်း ကြီး က လောဟိစ္စပုဏ္ဏား အားအပိုင်စား ပေး ထားသည်၊

ကောသလမင်းကြီးသည် ဇေဒပါရဂူပြာဟ္မဏတို့ကိုမြို့စား ရွာစား ပေး၍ချီးမြှောက်တော်မူခဲ့သည်။ ပေါက္ခရသာတိ စင်္ကီ တာရုက္ခ တောဒေယျ လောဟိစ္စ ပုဏ္ဏားတို့သည် ကောသလမင်းကြီး၏မြို့စား ရွာစား ပုရောဟိတ်ကြီးများ ဖြစ်ကြသည်။ ထို့ပြင် သာဝတ္ထိမြို့တော်မှာပင် နေထိုင်ကြသော ဇာဏုသောဏိပုဏ္ဏား စသုကာရီပုဏ္ဏား အင်္ဂုတ္တရာဘာရဒွါဇပုဏ္ဏား စသော ပုရောဟိတ်ကြီးများလည်း ရှိကြသေးသည်။ ထိုခေတ်တွင်ပြာဟ္မဏဝါဒက မည်မျှလွှမ်းမိုး၍ပြာဟ္မဏတို့မည်မျှတန်ခိုးထွားကြသည်ကိုအလွယ်တကူအကဲခတ်နိုင်သည်။ တခါသော် ဗုဒ္ဓကိုယ်တော်တိုင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ်မှာပင် ကောသလမင်းကြီးသည်အိမ်မက်ဆန်း မြင်မက်သည်ကိုအကြောင်းပြု၍ ပုရောဟိတ်ပုဏ္ဏားတို့၏အကြံပေးချက်ဖြင့် သဗ္ဗပဉ္စသတ ခေါ် အလုံးစုံငါး ရာစီပါသောယာဇ်ကြီး ပူဇော်ရန်စီမံခဲ့သည်။ မလ္လိကာဒေဝီကသတိပေးသဖြင့်ထိုအိပ်မက်ကိုဗုဒ္ဓထံသွား၍ လျှောက်ထားရာတွင်ဗုဒ္ဓကအမှန်တရားကို ဟောကြား၍ ဖြေရှင်းတော်မူသောကြောင့်သာများလှသောသတ္တဝါတို့အသက်ဘေးမှသီသီကလေး လွတ်ခဲ့ကြရသည်။ (ကောသလသံယုတ်၊ ယညသုတ်)။

ဗုဒ္ဓသည် ဘုရားအဖြစ်သို့ရောက်တော်မူပြီး စရှေးဦး ကာလတွင် ဒေသစာရီလှည့်လည်၍ သာသနာပြုစုယင်း တရားတွေ့များကို ဟောကြားတော်မူခဲ့ရာ တနေ့သောအခါကောသလတိုင်း ယင်း သာလဝတိကာရွာသို့ဆိုက်ရောက်တော်မူခဲ့သည်။ ထိုအခါရွာသူရွာသား လူအများ တို့ကအုတ်အုတ်ကျက်ကျက်ဖြစ်၍ဗုဒ္ဓထံ အဖူး အမြော်သွားကြသည်။ ထိုသတင်း ကိုကြား သိရသောအခါလောဟိစ္စပုဏ္ဏားသည် ``ဗုဒ္ဓကဲ့သို့သောရဟန္တာပုဂ္ဂိုလ်တို့အား ဖူး မြော်ရခြင်း သည် ကောင်း၏ကုသိုလ်ကောင်း မှုပြုရခြင်း သည်အကျိုး များ ၏``ဟုကြံ၍မိမိ၏တပည့်ဖြစ်သူ ရောသိကအမည်ရှိသော ဆတ္တာသည်ကို စေလွှတ်၍ဗုဒ္ဓနှင့်ရဟန်း ၅၀၀ တို့ကိုနက်ဖြန်ဆွမ်း ဘုဉ်းပေး ကြွရန်ပင့်လျှောက်စေခဲ့သည်။ သို့ဖြင့်ဗုဒ္ဓသည် နောက်ပါ နေ့နံနက်တွင် ရောသိကခေ[illegible]ာသည် ရောက်လာ၍ဆွမ်း ဘုဉ်း ပေး ကြွရန်အချိန်တန်ပါပြီဟု လျှောက်ထားသောအခါရဟန်း ၅၀၀ တို့နှင့်အတူတကွ လောဟိစ္စပုဏ္ဏား၏အိမ်သို့ဆွမ်း ဘုဉ်းပေး ရန်ကြွသွားတော်မူသည်။ လမ်း ခရီး တွင် ရောသိက ဆတ္တာသည်သည် ဗုဒ္ဓ၏ထံတော်ပါး မှ လိုက်ပါယင်း `` လောဟိစ္စပုဏ္ဏား သည်`` မိမိတရား ထူး ကိုရလျှင်သူတပါး အား ဟောကြား ရန်မလို၊ သူတပါး အား ဟောကြား ခြင်း သည်အကျိုး မရှိ၊ သူတပါး အား ဟောကြား လိုခြင်း သည် လောဘတရား တမျိုး ပင်ဖြစ်၍ နှောင်ကြိုး လွတ်ပြီး မှ နှောင်ကြိုး အသစ်အချည်ခံရသည်နှင့်တူသည်ဟုယုတ်မာသောအယူအဆရှိသူဖြစ်ပါသည်။ ထိုအယူကို ဖြေချွတ်တော်မူပါဟု လျှောက်ထား သည် ဗုဒ္ဓလည်း ဖြစ်နိုင်စေရာရှိသည်ဟုမိန့်တော်မူ၍ဆက်လက်ကြွသွား တော်မူသည်။ ထို့နောက်ဆွမ်း ဘုဉ်း ပေး ပြီး ၍ လောဟိစ္စပုဏ္ဏား တနေရာတွင်ထိုင်၍တရား နာသောအခါဗုဒ္ဓသည် လောဟိစ္စပုဏ္ဏား အား ထိုအယူအဆမျိုး ရှိသည်ဟုကြား ရသည်မှာမှန်သလောဟု မေး တော်မူ၍ပုဏ္ဏား က ရှိကြောင်း

ဝန်ခံသဖြင့် ဤလောဟိစ္စသုတ်ဒေသနာကို ဟောကြား တော်မူခဲ့သည်၊ ပုဏ္ဏား၏ယုတ်မာသော အယူအဆကို ဖြေချွတ် တော်မူခဲ့သည်၊ သို့ဖြင့် ဤလောဟိစ္စသုတ်ဖြစ်ပေါ်လာခဲ့သည်။

ဤလောဟိစ္စပုဏ္ဏားကား ထူးခြားသော ပုဏ္ဏားတယောက်ပင်ဖြစ်သည်၊ လောဟိစ္စပုဏ္ဏားသည် ပေါက္ခရသာတိစသော အခြား ဗြာဟ္မဏများကဲ့သို့ ဇေဒပါရဂူ တယောက်ဖြစ်သော်လည်း ဗုဒ္ဓ၏သတင်း ကိုကြားသိရသော အခါ ဗုဒ္ဓနှင့် တွေ့ဆုံရသော အခါတို့၌ ဗုဒ္ဓကိုအထင်သေးခြင်း လည်း မရှိ၊ ဗြာဟ္မဏဝါဒဖြင့် ဖောင်လွှား ဝင့်ကြွားခြင်း လည်း မရှိ၊ ပြဿနာမေးရန်လည်း မကြံစည်၊ သို့ရာတွင် သူ့တွင်စွဲကပ်လျက်ရှိသော အယူဝါဒကား ဝေနေယျတို့အား လှည့်လည်တရား ဟောကြား နေသော ဗုဒ္ဓကိုပင်ထိခိုက်လျက်ရှိသည်၊ သူ့ဝါဒမှာ မိမိတရားထူး ရဖို့သာ အရေးကြီးသည်၊ မိမိရသော တရားထူး ကိုသူတပါး အား ဟောကြား ရန်မလို၊ ဟူသော တကိုယ်ကောင်း ဝါဒဖြစ်သည်၊ ဗုဒ္ဓကား ထိုသို့မဟုတ်၊ ကြီးမားသော ကရုဏာဖြင့် သတ္တဝါတို့အား တရား ဟော နေသူဖြစ်သည်၊ သူ့ဝါဒမှာ ဗုဒ္ဓ၏အပြုအမူနှင့်လုံးဝဆန့်ကျင်သည်၊ ထို့ကြောင့် ဗုဒ္ဓသည် သူကမမေး မလျှောက်ဘဲလျက် စကား စပ်ပေါ်၍ ရှည်လျားစွာ ဆုံးမဟောကြား တော်မူခဲ့သည်။

ဗုဒ္ဓသည် လောဟိစ္စပုဏ္ဏား၏ယုတ်မာသော အယူအဆကို တခုတည်းသော ဥပမာဖြင့်သာ အပြီး သတ်ချေမှုန်း တော်မူခဲ့သည်၊ ထိုဥပမာကား သာလဝတိကာ ရွာစား လောဟိစ္စပုဏ္ဏား ကိုတစုံတယောက်ကလာ၍ ``ဤရွာမှရသော အခွန်အထုတ်တို့ကို အရှင်တယောက်တည်း သာသုံး ဆောင်ခံစား ပါ၊ မိဘသား မယား အခြွေအရံ စသည်တို့အား မပေး မကျွေး ပါလင့်``ဟုဆိုလျှင်ထိုသူသည် လောဟိစ္စပုဏ္ဏား၏ မိဘ သား မယား အခြွေအရံစသော သူတို့ကိုအန္တရာယ်ပြုသူ မှားယွင်း သော အယူရှိသူသာ ဖြစ်၍ အပါယ်လေးပါး သို့သာကျရောက်ရသကဲ့သို့၊ သူတပါး တို့အား ကုသိုလ်ကောင်းမှု တရားကို မဟောကြား မဆုံးမထိုက်ဟု ပြောဆိုသော သူသည် ဗုဒ္ဓတရား ကိုအကြောင်း ပြု၍ မဂ်ဖိုလ်တရား ထူး ကိုရမည့်သူများ နှင့်နတ်ရွာသုဂတိသို့ ရောက်မည့်သူတို့ကို အန္တရာယ်ပြုရာ ရောက်သဖြင့်အပါယ်ငရဲသို့သာကျရသည်ဟူ သော ဥပမာဖြစ်သည် ။

အလားတူပင် ကောသလမင်းကြီး ကိုလည်း ဥပမာ ဆောင် တော်မူခဲ့သည်၊ ဤဥပမာတို့ကိုကြည့်လျှင်ပင် လောဟိစ္စပုဏ္ဏား၏အယူအဆသည် မုန်တိုင်း တိုက်လွင့်သော တိမ်တိုက်ပမာ ဝေး ရာသို့လွင့်စင်ကွယ် ပျောက်သွား လိမ့်မည်ဟုအလွယ်တကူခန့်မှန်း နိုင်ပေသည်။ ဗုဒ္ဓ၏ဥပမာကား လောဟိစ္စပုဏ္ဏား ကိုပင်ဥပမာ ဆောင်ထား သဖြင့်အလွန်လက်တွေ့ကျ၍ ထိမိလှပေသည်။

ထိုနောက်ဗုဒ္ဓသည် လောဟိစ္စပုဏ္ဏား အား လောက၌ရှိနေကြသော ဆရာ ၄မျိုး တို့ကိုဆက်လက် ဟောကြား တော်မူခဲ့သည်၊ ဤသို့ ဟော တော်မူခြင်း မှာ မိမိတရား ထူး ကိုရလျှင်သူတပါး တို့အား ဆုံး မ ဟောကြား သင့်သည်ဟုဆို သော်လည်း ဆုံးမ ဟောကြား

၍ ဆရာလုပ်သူတိုင်းကို ချီးမွမ်းသင့်သည်မဟုတ်၊ ထိုက်တန်သော ဆရာကိုသာ ချီးမွမ်းသင့်သည်ဟု သိစေတော်မူလိုသောကြောင့်ဖြစ်သည်၊ အမှန်အားဖြင့် ဆရာ ၄ မျိုးရှိရာတွင် တမျိုးသာ ချီးမွမ်းသင့်သည်ဟု ဆိုလိုသည်၊ ယင်းဆရာ ၄ မျိုးတို့မှာ အကျဉ်းချုပ်အားဖြင့် အောက်ပါအတိုင်း ဖြစ်ကြသည်။

၁။ မိမိကလည်း တရားထူးကို မရ၊ တပည့်တို့ကလည်း ဆုံးမဩဝါဒကို မနာယူသော ဆရာ၊

၂။ မိမိက တရားထူးကို မရသော်လည်း တပည့်တို့က ဆုံးမဩဝါဒကို နာယူသော ဆရာ၊

၃။ မိမိက တရားထူးကို ရရှိ၏၊ သို့ရာတွင် တပည့်တို့က ဆုံးမဩဝါဒကို မနာယူသော ဆရာ၊

၄။ မိမိကလည်း တရားထူးကို ရရှိ၏၊ တပည့်တို့ကလည်း ဆုံးမဩဝါဒကို နာယူသော ဆရာ၊

ဤဆရာ ၄ - မျိုးတို့တွင် နောက်ဆုံးဆရာသာ ချီးမွမ်းအပ်သော ဆရာဖြစ်သည်၊ ထိုဆရာကား ဗုဒ္ဓကဲ့သို့သော ဆရာဖြစ်သည်။

ဗုဒ္ဓသည် ဤစတုတ္ထဆရာကို ဟောကြားရာ၌ ဘုရားပွင့်တော်မူသည်မှ စ၍ သီလ သမာဓိ ပညာတို့ကို သာမညဖလသုတ်က အတိုင်း ဟောကြားတော်မူခဲ့သည်၊ သို့ဖြင့် ဤသုတ်သည် သီလ သမာဓိ ပညာတို့ဖြင့် တန်ဆာဆင်အပ်သော သုတ်ဖြစ်၍ ဤသီလက္ခန္ဓဝဂ်၌ ပါဝင်လာခဲ့သည်။

ဤလောဟိစ္စသုတ်ကို လေ့လာရာ၌ ၁၊ လောဟိစ္စပုဏ္ဏား၏ အယူဆိုးကို ချေဖျက်သော ဥပမာ၊ ၂၊ ဤလောကတွင် ထင်ရှားရှိသော ဆရာ ၄ မျိုး၊ ဤအချက်နှစ်ချက်ကို ပဓာနထား၍ လေ့လာသင့်သည်၊ ဤအချက် ၂ - ချက်ကို ကိုင်၍ လေ့လာလျှင် ဤသုတ်ဒေသနာကို ကောင်းစွာ သဘောပေါက်နားလည်လာလိမ့်မည်။

## ၁၃။ တေဝိဇ္ဇသုတ် နိဒါန်း

သီလက္ခန္ဓဝဂ္ဂပါဠိ၏ နောက်ဆုံးဖြစ်သော တေရသမသုတ်ကား တေဝိဇ္ဇသုတ်ဖြစ်သည်။ တေဝိဇ္ဇသုတ်ဟူသည်မှာ တေဝိဇ္ဇအမည်ခံ ဗေဒင်သုံးပုံတတ်ပြဟ္မဏတို့ကို ဝေဖန်စီစစ်ထားသော သုတ်ဟု အဓိပ္ပါယ်ရှိသည်၊ ဤသုတ်သည် အမ္ဗဋ္ဌသုတ်စသည်တို့ကဲ့သို့ တရားနာခံပုဂ္ဂိုလ်ကို အစွဲပြု၍ အမည်ပေးထားသော သုတ်မျိုး မဟုတ်၊ ပြဟ္မဇာလသုတ် သာမညဖလသုတ် တို့ကဲ့သို့ ဟောတော်မူသည့် အကြောင်းအရာကို အစွဲပြု၍ အမည်ပေးထားသော သုတ်ဖြစ်သည်၊ ဤသုတ်သည် တေဝိဇ္ဇပြဟ္မဏတို့ကို ဝေဖန်စီစစ်ထားသော သုတ်ဖြစ်သည်ဟု ဆိုရသော်လည်း အမှန်စင်စစ်အားဖြင့် တေဝိဇ္ဇပြာဟ္မဏတို့ကို ဗုဒ္ဓက ကမင်သက်သက် အပြစ်ရှာ၍ ရဲရဲရှုတ်ချထားသော သုတ်မဟုတ်၊ တေဝိဇ္ဇပြဟ္မဏတို့၏ ပြဟ္မာဖြစ်လမ်းစဉ် အခြေအမြစ်မရှိပုံကို ဖော်ပြဟောကြားတော်မူခဲ့သော သုတ်သာဖြစ်သည်။

ဗုဒ္ဓသည်ဤ တေဝိဇ္ဇာသုတ်ကို ကောသလတိုင်း မနသာကဋပုဏ္ဏားရွာ၏မြောက်ဖက်အစိရဝတီမြစ်ကမ်း ပေါ်တွင်ရှိ သောသရက်ဥယျာဉ်တွင် ဟောကြား တော်မူခဲ့သည်၊ အဆိုပါ မနသာကဋရွာကား အစိရဝတီမြစ်ကမ်း ပေါ်တွင်တည်ရှိသဖြင့် ဗုဒ္ဓခေတ်ကအလွန်သာယာလှ သောရွာတရွာဖြစ်ခဲ့သည်၊ ကောသလတိုင်း ကပ္ပနည်းဥဿါ ကြွယ်ဝ သောဗြာဟ္မဏမဟာသာလတို့သည် ထိုရွာတွင်သာယာတည်း ခို နေထိုင်ရန်အိမ်များ ဆောက်လုပ်ထားကြပြီး တခါတခါလာ ရောက် နေထိုင် လေ့ရှိကြသည်၊ ယင်း သို့တည်း ခို အိမ်ဆောက်လုပ်ထားကြ သောပုဏ္ဏားတို့ကား ဩပါသာဒနိဂုံ မှ စင်္ကီ ပုဏ္ဏား၊ ဣစ္ဆာနင်္ဂလနိဂုံး မှတာရုက္ခပုဏ္ဏား၊ ဥက္ကဋ္ဌမြို့မှ ပေါက္ခရသာတိပုဏ္ဏား၊ ကုဒိရွာမှ သုဘလုလင်၏ဖခင် တောဒေယျပုဏ္ဏား၊ သာဝတ္ထိမြို့တော်မှ ဇာဏုသောဏိပုဏ္ဏား တို့ ဖြစ်ကြသည်။ ထိုဗေဒပါရဂူပုဏ္ဏားကျော်တို့သည် ၆-လတကြိမ်အစည်းအဝေး ကြီးများ ပြုလုပ်၍ ဆွေး နွေး တိုင်ပင် လေ့ရှိကြသည်၊ ထိုပုဏ္ဏားကျော်တို့သည် ဇာတ်နှင့်ပတ်သက်၍ တိုင်ပင်ဆွေး နွေး လိုသောအခါ ပေါက္ခရသာတိပုဏ္ဏား ၏ နေရာဖြစ်သော ဥက္ကဋ္ဌမြို့၌စည်း ဝေး လေ့ရှိကြသည်။ ဗေဒင်ပညာနှင့်ပတ်သက်၍တိုင်ပင်ဆွေး နွေး လို သောအခါ တာရုက္ခပုဏ္ဏား ၏ နေရာဖြစ်သော ဣစ္ဆာနင်္ဂလနိဂုံး ရွာ၌စည်း ဝေး လေ့ရှိကြသည်။ ဗေဒင်ကျမ်း ဂန်များ ကိုရွတ်ဖတ်သရဇ္ဈာယ်လို သောအခါအလွန်တရာ သာယာငြိမ်း ချမ်း လှ သောဤမနသာကဋရွာတွင်စည်း ဝေး လေ့ရှိကြသည်၊ ထိုရွာ တွင် ဆောက်လုပ်ထား ရှိကြ သောအိမ်တို့မှာလည်း သီး ခြား အကာအရံများ ရှိသဖြင့် လူအများ ထွက် ဝင်သွား လာခြင်း မရှိဘဲအလွန်တိတ်ဆိတ်ငြိမ်သက် သော ကြောင့် ဗေဒင် ကျမ်း ဂန်ကိုရွတ်ဖတ်သရဇ္ဈာယ်ရန်အလွန်သင့် လျော်သည်၊ သို့ဖြင့်ထိုမနသာကဋရွာတွင် မကြာခဏ ဗေဒင်ရွတ်ပွဲကျင်း ပ လေ့ရှိကြသည်။

တခါသော်ဗုဒ္ဓသည် ကောသလတိုင်း ၌ ဒေသစာရီလှည့်လည် တော်မူယင်း ထိုမနသာကဋရွာသို့ ရောက်ရှိပြီး အစိရဝတီမြစ်ကမ်း သရက်ဥယျာဉ်တခုတွင်သီတင်းသုံး တော်မူသည်၊ ထိုအချိန်တွင်အဆိုပါပုဏ္ဏားကျော်တို့သည်လည်း ဗေဒင်ကိုရွတ်ဖတ်သရဇ္ဈာယ် ရန်တပည့်တပန်း များ နှင့်တကွ မနသာကဋရွာသို့ ရောက်ရှိ နေကြသည်၊ ထိုဗေဒင် ရွတ်ဖတ်ပွဲတွင် ပေါက္ခရသာတိပုဏ္ဏား ၏တပည့်ကြီး တယောက်ဖြစ်သူ ဝါသေဋ္ဌလုလင်နှင့် တာရုက္ခပုဏ္ဏား ၏တပည့်ကြီး ဖြစ်သူ ဘာရဒွါဇလုလင်တို့လည်း ပါရှိလာကြသည်၊ တနေ့ တွင်ထိုလုလင်နှစ် ယောက်တို့သည် ထိုဗြာဟ္မဏတို့၏အစည်းအဝေး မှထ၍အညောင်း ဖြေ လမ်း လျှောက်ထွက်လာကြသည်၊ ယင်း သို့လမ်း လျှောက်ယင်း စပ်မိစပ်ရာစကား ကို ပြောဆိုလာကြရာဗြာဟ္မဏတို့၏ဗြဟ္မာဖြစ်လမ်း စဉ်အကြောင်း သို့ ရောက်လာသည်၊ ထိုအခါဝါသေဋ္ဌလုလင်က ပေါက္ခရသာတိပုဏ္ဏား ၏ဗြဟ္မာဖြစ်လမ်း စဉ်ကမှန်ကန် ဖြောင့် မတ်သည်ဟုဆိုသည်၊ ဘာရဒွါဇလုလင်ကလည်း သူ့ဆရာတာရုက္ခပုဏ္ဏား ၏လမ်း စဉ်ပို၍ မှန်ကန် ဖြောင့်မတ်သည်ဟုဆိုသည်၊ သို့ဖြင့်တယောက်နှင့်တယောက်အငြင်း အခုံဖြစ်ပြီး ဗုဒ္ဓထံသွား ရောက် လျှောက်ထား ၍အဆုံး အဖြတ်ခံကြရန်သဘောတူကြသည်၊ ထို့နောက်

နှစ်ဦး သဘောတူ ဗုဒ္ဓထံသွား ရောက် လျှောက်ထား ကြသဖြင့် ဤ တေဝိဇ္ဇသုတ် ဒေသနာ ဖြစ်ပေါ်လာခဲ့သည်၊ ဤ တေဝိဇ္ဇသုတ်ကား အမှန်အား ဖြင့်ဗုဒ္ဓ၏ဗြဟ္မာဖြစ်လမ်းစဉ် တရား တော်ပင်ဖြစ်ပေသည်။

ဤဝါသေဋ္ဌနှင့်ဘာရဒွါဇလုလင်တို့သည် ယခင်က ဣစ္ဆာနင်္ဂလနိဂုံး တွင် ဗြဟ္မာတို့၏အစည်း အဝေး ကြီး ကျင်း ပစဉ်ကပင် ဗုဒ္ဓထံသို့ပြဿနာ မေးရောက်၍ သရဏဂုံယူပြီး သူများ ဖြစ်ကြသည်၊ ထိုစဉ်ကပြဿနာမှာ အဘယ်သို့လျှင် ဗြဟ္မာမည်သနည်း ဟူသောပြဿနာဖြစ်သည်၊ ဘာရဒွါဇကအမျိုး ဇာတ်စစ်မှန်မှဗြဟ္မာဖြစ်သည် ဟုဆိုသည်၊ ဝါသေဋ္ဌကမူ အကျင့်သီလ ကောင်း မှဗြဟ္မာဖြစ်သည်ဟုဆိုသည်၊ သို့ဖြင့်အလါး တူအငြင်း အခုံဖြစ်ပွား ၍ဗုဒ္ဓထံသွား ရောက် လျှောက်ထား ရာမ ကောင်း မှုကင်း သောရဟန္တာမှဗြဟ္မာမည်သည်၊ ဝိဇ္ဇာသုံး ပါး နှင့်ပြည့်စုံမှဗြဟ္မာမည်သည်ဟု ဖြေ တော်မူသည်၊ ယင်း တွင်သူတို့နှစ် ယောက်စလုံး သဘောကျ၍သရဏဂုံယူကြသည်၊ ဤသို့ဗုဒ္ဓ နှင့်ရင်း နှီး ပြီး ဖြစ်၍ထိုလုလင်နှစ် ယောက်တို့သည်၊ ယခုကဲ့သို့ဗုဒ္ဓထံသွား ရောက် လျှောက်ထား ရန်အကြံရကြခြင်း ဖြစ်သည်၊ ထိုစဉ်ကလည်း ဗုဒ္ဓသည် ဣစ္ဆာနင်္ဂလနိဂုံး အနီး ဣစ္ဆာနင်္ဂလ တောအုပ်တွင်သီတင်း သုံး တော်မူလျက်ရှိခဲ့သည်၊ ယခုလည်း မနသာ ကဋရွာနှင့်အနီး သရက်ဥယျာဉ်၌သီတင်း သုံး လျက်ရှိ နေ တော်မူသည်။

ဤသုတ်၏အမည်ဖြစ် သော တေဝိဇ္ဇ-ဟူ သောစကား သည် သဒ္ဒါသဘောအား ဖြင့်ဝိဇ္ဇာ ၃-ပါး ရှိသူ၊ ဝိဇ္ဇာ ၃-ပါး နှင့်ပြည့်စုံသူဟုအဓိပ္ပါယ်ရှိသည်၊ ဗုဒ္ဓပွင့်တော် မမူမီကပင်ဗြဟ္မာတို့သည် ဗေဒင်သုံး ပုံကိုဝိဇ္ဇာ (အတတ်ပညာ) ၃ပါး ဟု ခေါ်ပြီး ဗေဒင် ၃-ပုံကတတ်ပုဂ္ဂိုလ်တို့ကို တေဝိဇ္ဇများ ဟု ခေါ် ဝေါ် နေခဲ့ကြသည်၊ ဗုဒ္ဓပွင့် တော်မူလာ သောအခါ၌ကား ဗုဒ္ဓသည်ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် အာသဝက္ခယညာဉ်တို့ကို ဝိဇ္ဇာ ၃ပါး ဟုပညတ် တော်မူပြီး ယင်း ဉာဏ် ၃ပါး တို့နှင့်ပြည့်စုံ သော ရဟန္တာပုဂ္ဂိုလ်များ ကိုသာ တေဝိဇ္ဇများ ဟုပညတ် ဟောကြား တော်မူခဲ့သည်၊ သို့ဖြင့်ယင်း တေဝိဇ္ဇဟူ သောစကား သည်ဗြဟ္မာတို့အလို ဗေဒင် ၃ပုံတတ်ပုဂ္ဂိုလ်ဟုအဓိပ္ပါယ်ရှိပြီး ဗုဒ္ဓအလိုဈာန်အဘိညာဉ်ရ ရဟန္တာပုဂ္ဂိုလ်ဟုအဓိပ္ပါယ်ရှိသည်၊ ထို့ကြောင့် တေဝိဇ္ဇ-ဟူ သောစကား ကိုတခါတရံ ဗေဒင် ၃-ပုံတတ်ပုဂ္ဂိုလ်ဟူသော အနက်ဖြင့် တွေ့ရပြီး တခါတရံ ရဟန္တာဟူ သောအနက်ဖြင့် တွေ့ရတတ်သည်၊ သို့ရာတွင် အရာဌာနကိုကြည့်၍ အဓိပ္ပါယ် ကောက်ယူသွား ပါကအမှား အယွင်း မရှိနိုင် ပေ။

ဤသုတ်တွင်ပါဝင်သည့်အကြောင်း အရာမှာအထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဗြဟ္မာတို့၏ဗြဟ္မာဖြစ်လမ်း စဉ်ကို ဝေဖန်ဆန်း စစ်ခြင်း နှင့်ဗြဟ္မာ့ဖြစ်လမ်း စဉ်အမှန်ကိုထုတ် ဖော် ဟောကြား ခြင်း ကိုပင်ဖြစ်ကြသည်၊ ဗြဟ္မာဝါဒတွင်ဗြဟ္မာဖြစ်လမ်း စဉ်တို့သည်အမှန်မြတ်ဆုံး ဖြစ် သော ကြောင့်ဗြဟ္မာတို့၏ဗြဟ္မာဖြစ်လမ်း စဉ်ကိုအကျိုးသင့် အကြောင်း သင့်တရား သဖြင့် ဝေဖန်ဆန်း စစ်ရာ၌ ဗုဒ္ဓသည် အောက်ပါဥပမာ ၇ မျိုး တို့ကိုထုတ် ဆောင် တော်မူခဲ့သည်။

၁။ အကန်းတွဲဥပမာ

၂။ လနှင့်နေဥပမာ

၃။ အလှဘုရင်ဥပမာ

၄။ ပြသာဒ်လှေကားလုပ်ဥပမာ

၅။ မြစ်ကမ်းခေါ်ဥပမာ

၆။ လက်ပြန်ကြိုးအတုပ်ခံရသူနှင့်မြစ်ကူးဥပမာ

၇။ ခေါင်းမြီးခြုံ၍အိပ်နေသူနှင့်မြစ်ကူးဥပမာ

ဤတွင်ဗြာဟ္မဏတို့၏အထွတ်အမြတ်ဖြစ်သောဗြဟ္မာဖြစ်လမ်းစဉ်သည်ပြိုကွဲပျက်စီးသွားခဲ့သည်၊ ထိုနောက်ဗုဒ္ဓသည်ဗြဟ္မာဖြစ်လမ်းစဉ်အစစ်အမှန်ဖြစ်သော ဗြဟ္မဝိဟာရတရား ၄-ပါးတို့ကို ဟောကြားတော်မူခဲ့သည်၊ ယင်းတရား ၄ပါးတို့မှာ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့ပင်ဖြစ်ကြသည်၊ သတ္တဝါတို့အပေါ်၌ ဤတရား ၄ပါးတို့ဖြင့်ဖြန့်၍ နေထိုင်သောသူသည်ဗြဟ္မာ၏ နေထိုင်ခြင်းနှင့်တူသည်၊ ထို့ကြောင့်ဤတရား ၄ပါးတို့ကိုဗြဟ္မဝိဟာရတရားဟု ခေါ်သည်။

ဤသုတ်တွင်ပါဝင်သောအကြောင်းအရာကားအချုပ်အားဖြင့်ဤအချက်ကြီး ၂-ချက်သာဖြစ်သည်။ အမှန်စင်စစ်အားဖြင့်ဤသုတ်သည်ဗြာဟ္မဏဝါဒကို ချေမှုန်းဖျက်ဆီးခဲ့သောသုတ်ပင်ဖြစ်ပေသည်။

ဤတရားကိုကြားနာရပြီး နောက် နှစ်ရက် သုံးရက်ကြာသောအခါ ဝါသေဋ္ဌနှင့်ဘာရဒွါဇတို့သည်ဗုဒ္ဓထံ၌ရှင်သာမဏေပြုသွားကြသည်၊ ထိုအခါဗြာဟ္မဏတို့က သူတို့နှစ်ယောက်အား တွေ့ရာအရပ်၌ဆဲရေးကြသည်၊ ကဲ့ရဲ့ရှုတ်ချကြသည်၊ ဗြဟ္မာ၏ ခံတွင်းမှမွေးဖွားလာသောဗြာဟ္မဏစင်စစ်ဖြစ်လျက်ဗြဟ္မာ၏ ခြေဖမိုးမှမွေးဖွားလာသောသမဏတို့ထံ၌ရဟန်းပြုဘိသည်ဟုဆိုကြသည်၊ ထိုအကြောင်းကိုဗုဒ္ဓသိတော်မူသဖြင့်သူတို့နှစ်ပါးအား အဂ္ဂညသုတ်တရားကို ( ပါထေယျဝဂ္ဂပါဠိ ) ဟောတော်မူရာတွင် ရဟန္တာအဖြစ်သို့ရောက်ကြသည်။

# ဒီဃနိကာယ်
# သီလက္ခန္ဓဝဂ္ဂပါဠိ
# ခက်ဆစ် အဓိပ္ပါယ်များ
( ဘာသာပြန်သူများ အတွက် )


ရေးသားသူ
ပါဠိပါရဂူ ဦးအောင်မိုး
ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ
သာသနဓဇ သိရိပဝရ ဓမ္မာစရိယ

အငြိမ်းစား လက်ထောက် ကထိက
မြန်မာစာ ဌာန
ဝိဇ္ဇာသိပ္ပံတက္ကသိုလ်
ရန်ကုန် ။



-၁၆၉၅-

ဒီ ဃ နိ ကာယ်
သီ လ က္ခ န္ဓ ဝ ဂ္ဂ ပါ ဠိ
ခက် ဆစ် အ ဓိ ပ္ပါယ် များ
( ဘာ သာ ပြန် သူ များ အ တွက် )

၁။ <u>ဗြဟ္မဇာလသုတ်ခက်ဆစ်အဓိပ္ပါယ်</u> ( ဘာသာပြန်သူများအတွက် )

စာမျက်နှာ ၁ အပိုဒ် ၂

အမ္ဗလဋ္ဌိကာ = သရက်ပင်ပျိုဥယျာဉ်

ပရိဗိုဇ် ( ပရိဗ္ဗာဇက ) အဝတ် ဝတ်သောတိတ္ထိရဟန်းတမျိုး

စာမျက်နှာ ၃ အပိုဒ် ၇၊ ၈ စူဠသီလ ( အငယ်စားသီလ )

ပုထုဇဉ် = အရိယာမဟုတ်သူ၊ ရိုးရိုးလူသား

ဒုတ်ကိုချထားပြီးဖြစ်၍ – ဒုတ်ကိုမကိုင် – မသိသူကိုမျှမရိုက်မနှက်

စာမျက်နှာ ၄ အပိုဒ် ၈

မပြတ်သောအကျင့်ကို = ပေထုန်မှီဝဲခြင်းကို၊ မေထုန်မှုကို

ပြတ်သောအကျင့်ကို = မေထုန်မှုမှ ရှောင်ကြဉ်သောအကျင့်ကို

အပိုဒ် ၉

ဂုံးစကားကို = ကုန်းချောသောစကားကို၊ ကုန်းတိုက်သောစကားကို

ကြိန်မျှင်းသေ၁စကားကို = အနှစ်သာရမရှိသောစကားကို၊ အချိုးနှိုးစကားကို

စာမျက်နှာ ၅ အပိုဒ် ၁၀

ကောက်ဝိမ်းကို = ဆန်စပါးကို

အပိုဒ် ၁၁ မဇ္ဈိမသီလ ( အလတ်စားသီလ ) ခန်း

ယုံကြည်၍လှူသောသုံးဆောင်ဖွယ်တို့ကိုသုံးဆောင်ကြပြီးလျှင် = သဒ္ဓါ၍လှူသော ဆွမ်းကိုစားကြပြီးလျှင်

စာမျက်နှာ ၇ အပိုဒ် ၁၈

ဤဓမ္မဝိနယကို = ဘုရားဟောဒေသနာကို၊ တရားဓမ္မနှင့်စည်းမျဉ်း ဥပဒေကို

စာမျက်နှာ ၈

မဟာသီလ = ( အမြတ်စားသီလ ) ခန်း

အပိုဒ် ၂၁

အင်္ဂကျမ်း = ကိုယ်အင်္ဂါကျမ်း ၊ ခြေလက်အင်္ဂါအကျိုးအပြစ်ပြကျမ်း

လက္ခဏာကျမ်း = အမှတ်အသားလက္ခဏာကျမ်း ၊ ယောကျ်ားမိန်းမလက္ခဏာ ကျမ်း

စာမျက်နှာ ၉ အပိုဒ် ၂၂

ကိတ္တိကာလက္ခဏာ – သမင်ဒရယ်လက္ခဏာ ( သင့် )

စာမျက်နှာ ၁၀ အပိုဒ် ၂၅

ဂဏန်း အတတ် = အစဉ်လိုက် ရေတွက် သော ဂဏန်း သင်္ချာအတတ်

သင်္ချာအတတ် = အမှတ်အသား ပြု၍ ရေတွက် သော ဂဏန်း သင်္ချာအတတ်

အပိုဒ် ၂၇

ယောက်ျား ကိုပဏ္ဍုက်ဖြစ် စေခြင်း = ဝှေး သင်း ခြင်း ၊ သင်း ကွပ်ခြင်း

<u>မိစ္ဆာဒိဋ္ဌိပြခန်း</u>

အပိုဒ် ၂၈ စာ ၁၁

ရဟန်း တို့---(လ) အဘယ်နည်း ၊ ရဟန်း တို့---သီလဂုဏ်မှတပါးဖြစ် သော၊ သိမ်မွေ့နက်နဲ သော၊ အတွေး အခေါ်သမား တို့၏အရာမဟုတ် သော၊ ပညာရှိတို့သာသိနိုင်ရာ သောအခြား ဂုဏ်ကျေး ဇူး တို့လည်း ရှိကြ သေး သည်။ ထိုဂုဏ်ကျေး ဇူး တို့ကို ဗုဒ္ဓသည်ကိုယ်တိုင်ထူး သောဉာဏ်ဖြင့်မျက် မှောက်ပြု၍ ဟောကြား တော်မူ အပ်၏။ ဗုဒ္ဓကိုချီး မွမ်း စကား ဆိုလို သော်ယင်း ဂုဏ်ကျေး ဇူး တို့ဖြင့်ချီး မွမ်း စကား ဆိုမှသာဟုတ်တိုင်း မှန်စွာ ဝါ ထိုက်ထိုက်တန်တန်ဆိုခြင်း ဖြစ်ရာသည်။

ထိုဂုဏ်တို့ကား အဘယ်နည်း -----ဟုဆိုလိုသည်။

အတ္တ = မိမိဟူ သောကိုယ် ကောင်၊ မိမိဟူ သောအသက်ဝိညာဉ်

လောက = ယင်း အတ္တ၏ နေရာဌာန

အပိုဒ် ၃၇ စာ ၁၆

ရဟန်း တို့---မြတ်စွာဘုရား သည်၊ လ၊ ဤသည်တို့ပင်တည်း = ရဟန်းတို့ ဤဂုဏ်ကျေး ဇူး တရား တို့ကား သိမ်မွေ့နက်နဲ သော၊ အတွေး ခေါ်သမား တို့၏ အရာမဟုတ် သော၊ ပညာရှိတို့သာသိနိုင်ရာ သောဂုဏ်ကျေး ဇူး တရား တို့ဖြစ်ကြ သည်။ ယင်း ဂုဏ်ကျေး ဇူး တရား တို့ကား မြတ်စွာဘုရား ကိုယ်တိုင်ထူး သောဉာဏ် ဖြင့် မျက်မှောက်ပြု၍ ဟောကြား တော်မူ သောဂုဏ်ကျေး ဇူး တရား တို့လည်း ဖြစ် ကြသည်။ မြတ်စွာဘုရား အား ဟုတ်တိုင်း မှန်စွာချီး မွမ်း စကား ဆိုလို သော် ကောင်း စွာဆိုနိုင်ရာ သောဂုဏ်ကျေး ဇူး တရား တို့လည်း ဖြစ်ကြသည် ဟုဆိုလိုသည်။

ဤနိဂုံး သည်သဗ္ဗညုတာဉာဏ်ပြ နိဂုံး ဖြစ်သည်။ ဒိဋ္ဌိတမျိုး တမျိုး ပြီး ဆုံးတိုင်း ဤနိဂုံး ဖြင့်သာ နိဂုံး ချုပ် တော်မူသည်။ ဒိဋ္ဌိ ၆၂ ပါး ပြည့်စုံ သောအခါ၌လည်း ၊ ဤနိဂုံး ဖြင့်သာ နိဂုံး ချုပ် တော်မူသည်။

စာမျက်နှာ ၃၈ ပရိတဿိတဝိပ္ဖန္ဒိတဝါရ

ပရိတဿိတဝိပ္ဖန္ဒိတ = မွတ်သိပ်ခြင်း ဖြင့်တုန်လှုပ်ခြင်း

ဝါရ = အလှည့်၊ အကြိမ်

အပိုဒ် ၁၀၅

ရဟန်းတို့ --- ထိုသူတို့တွင်၊ လ၊ တုန်လှုပ်သည်သာတည်း = ရဟန်းတို့ --- သဿတဝါဒီသမဏဗြာဟ္မဏတို့သည် အတ္တကိုငှင်း၊ လောကကိုငှင်း၊ လေးပါးသောအကြောင်းတို့ဖြင့် ဟောကြား ပညတ်ကြကုန်၏။ ထိုဟောကြား ပညတ်ချက်သည် ဝါ ထိုသဿတဝါဒ သည်အမှန်တရားကိုမသိမမြင်ကြကုန်သော၊ တဏှာနောက်သို့လိုက်ပါကြကုန်သော သမဏဗြာဟ္မဏတို့၏အယူဝါဒသာဖြစ်၍ မှတ်သိပ်ခြင်းဖြင့်တုန်လှုပ်သည်သာတည်း၊ မှက်သိပ်မှုမကင်းခြင်းကြောင့် ပြောင်းလဲတတ်သည်သာလျှင်တည်း၊ ဖွဲ့စုနှစ်စိုက်အပ်သောတိုင်ကဲ့သို့မနိုင်မမြဲသည်သာတည်း - ဟုဆိုလိုသည်။ အပိုဒ် ၁၀၆-၁၁၇ အထိအတူတူပင်ဖြစ်သည်။ ဒိဋ္ဌိသိထူးခြားသည်။

စာမျက်နှာ ၄၁ ဖဿပစ္စယာဝါရ

ဖဿပစ္စယာဝါရ = ဖဿပစ္စယာ ဖဿပစ္စယာ ဟုအဆုံးသတ်၍သတ်၍ဟောသောဝါရ၊ ဖဿကြောင့်ဖြစ်သည် ဖဿကြောင့်ဖြစ်သည်ဟု ဟောသောဝါရ

ဖဿ = အာရုံအာရမ္မဏိက ပေါင်းဆုံမိခြင်း၊ စိတ်နှင့်အာရုံ ပေါင်းဆုံမိခြင်း

အပိုဒ် ၁၁၈

ထိုသမဏဗြာဟ္မဏတို့၏ ဝေဒနာသည်လည်း = ထိုယူဆပြောဆိုချက်တို့သည်လည်း၊ ယူဆချက် ပြောဆိုချက်ကိုပင် ဝေဒနာဟုဆိုသည်။ မည်သည့်ပြောဆိုပြုလုပ်ချက်မဆို ဝေဒနာပါသည်ချည်းဖြစ်သည်။ ဤနေရာ၌မိစ္ဆာဒိဋ္ဌိအယူဝါဒတို့ကို ပဋိစ္စသမုပ္ပါဒ်နည်းအားဖြင့် အကြောင်းရင်းကိုကောက်ပြ၍ ဝေဖန်ဟောကြားလိုသောကြောင့် ဝေဒနာကိုပင် ပဓာနအားဖြင့်ကောက်ယူ၍ ဝေဒယိတ-ဟူ ဟောကြားတော်မူခဲ့သည်။ အပိုဒ် ၁၁၉-၁၃၀ အထိအလားတူပင်ဖြစ်သည်။

စာမျက်နှာ ၄၃ နေတံဌာနံဝိဇ္ဇတိဝါရ

နေတံဌာနံဝိဇ္ဇတိဝါရ = နေတံဌာနံဝိဇ္ဇတိ၊ နေတံဌာနံဝိဇ္ဇတိ ဟုအဆုံးသတ်၍သတ်၍ဟောသောဝါရ၊ ဤအကြောင်းသည်မရှိ၊ ဤအကြောင်းသည်မရှိဟုအဆုံးသတ်၍ဟောသောဝါရ၊

အပိုဒ် ၁၃၁

ဖဿနှင့်ကင်း၍ ထိုဝေဒနာကိုခံစားနိုင်ရာသောအကြောင်း မရှိ = ဖဿနှင့်ကင်း၍ ယူဆပြောဆိုနိုင်ရာသောအကြောင်း မရှိ၊ ဖဿဟူသောအကြောင်းရင်းရှိသောကြောင့်ယူဆပြောဆိုင်နိုင်ခြင်းဖြစ်သည်ဟုဆိုလိုသည်။ အပိုဒ် ၁၃၂-၁၄၃ အထိအလားတူပင်ဖြစ်သည်။

၁၁ မျက်နှာ ၄၅ ဒိဋ္ဌိဂတိကာဓိဋ္ဌာနဝဏ္ဏကထာ

ဒိဋ္ဌိဂတိကာဓိဋ္ဌာန = ဒိဋ္ဌိအယူစွဲလျှင်တည်ရာရှိသော
ဝဏ္ဏကထာ = ဝဏ်ဆင်းရဲတရား၊ ဝဏ်ဆင်းရဲဒေသနာ
ကထာ = စကား၊ တရား ဒေသနာ
အဓိဋ္ဌာနကား ဤနေရာ၌ ``တည်ရာ`` ဟူသောအနက်ရှိသည်။

အပိုဒ် ၁၄၄

ဖဿဖြစ်ကြောင်း ဒွါရ ၆ ပါးတို့ဖြင့် = ဖဿဖြစ်ရာဌာနဖြစ်သောဒွါရ ၆ ပါးတို့ဖြင့်၊ မျက်စိ နား နှာ လျှာ ကိုယ် စိတ် တို့ဖြင့်
တွေ့ထိ၍ တွေ့ထိ၍ခံစားကြကုန်၏ = အာရုံအာရမ္မဏိက ထိတွေ့တိုက်ဆိုင်မိ၍ ထိတွေ့တိုက်ဆိုင်မိ၍ အာရုံခံစားကြကုန်၏၊ ယူသပြောဆိုနှစ်သက်ကျေနပ်ကြကုန်၏၊ ဖဿကြောင့်ဝေဒနာဖြစ်ကြကုန်၏-ဟုဆိုလိုသည်။
ဝေဒနာ = ခံစားခြင်း၊ ကောင်းသည် ဆိုးသည်ကို သိရှိခြင်း
တဏှာ = တပ်မက်ခြင်း

အပိုဒ် ၁၄၄ စာ ၄၆

ဥပါဒါန် = ဥပ + အာဒါန = ပြင်းစွာယူခြင်း၊ စွဲလမ်းခြင်း
ဘဝ = ဖြစ်ကြောင်းကံ၊ ဂတိတခုခုသို့ပို့ဆောင်တတ်သော စေတနာ
ဇာတိ – ပဋိသန္ဓေ၊ ဘဝတခုခု၌ ရှေးဦးဖြစ်ခြင်း၊ ဝါ၊ စ၍ဖြစ်ခြင်း

အပိုဒ် ၁၄၅ စာ ၄၆

ဝိဝဋ္ဋာဒိ = ဝဋ်ပြတ်ခြင်း စသည်
ဤရဟန်းသည် ဤမိစ္ဆာအယူအလုံးစုံတို့ထက် အထူးသဖြင့်လွန်မြတ်သောတရားကိုလည်းသိ၏ = ဤရဟန်းသည် ဤမိစ္ဆာအယူတို့ကိုလည်း သိ၏၊ ဤမိစ္ဆာအယူတို့ထက်အထူးသဖြင့်သာလွန်သော သီလ သမာဓိ ပညာဝိမုတ္တိတရားတို့ကိုလည်း သိ၏ ဟုဆိုလိုသည်။

အပိုဒ် ၁၄၇

ဘဝတဏှာ = ဘဝ၌တပ်မက်သောတဏှာ၊ ဘဝ၌တပ်မက်သော လောဘ
ရဟန်းတို့ --- မြတ်စွာဘုရား၏ ကိုယ်တော်သည်၊ လ၊ မတွေ့မြင်ကြရကုန်လတ္တံ့ = ရဟန်းတို့ --- မြတ်စွာဘုရား၏ကိုယ်ကာယသည် ဘဝတဏှာ ပြတ်ပြီး ဖြစ်၍တည်နေ၏။ ယင်းသို့တည်နေသော ဤကိုယ်ကာယရှိနေသမျှကာလ အတွင်း၌သာ ဗုဒ္ဓကို နတ်လူတို့ တွေ့မြင်ကြရမည်။ ဤကိုယ်ကာယပျက်စီး၍ သွားခဲ့လျှင် နတ်လူတို့သည် ဗုဒ္ဓကိုလုံးဝ မတွေ့မြင်ကြရတော့လတံ့၊ ဗုဒ္ဓသည် ဘယ်ဘုံ ဘယ်ဘဝမှာမှ မဖြစ်တော့လတံ့-ဟုဆိုလိုသည်။

အပိုဒ် ၁၄၈ စာ ၄၇

အတ္ထဇာလ = မျက်မှောက်အကျိုး တမလွန်အကျိုးဟူသော အကျိုးစီးပွားပိုက်ကွန်

ဓမ္မဇာလ = ဒေသနာဓမ္မပိုက်ကွန်၊ အကျယ်ဖြန့်၍ ဟောအပ်သော စဉ်ပိုက်ကွန်

ဗြဟ္မဇာလ = သဗ္ဗညုတဉာဏ်ပိုက်ကွန်

ဒိဋ္ဌိဇာလ = ဒိဋ္ဌိပိုက်ကွန်

အနုတ္တရသင်္ဂါမဝိဇယ = အတုမဲ့မဟာအောင်မြေ၊ အတုမဲ့စစ်အောင်မြေ ဤဒေသနာကိုကြားနာရလျှင် မာရ် ၄ ပါးကို ချေမှုန်းနိုင်သည်၊ ဤဒေသနာတွင် ရပ်တည်လျှင် မာရ် ၄ ပါးကို အောင်နိုင်သည်ဟုဆိုလိုသည်။

## ၂။ သာမညဖလသုတ် ခက်ဆစ်အဓိပ္ပါယ် ( ဘာသာပြန်သူများအတွက် )

အပိုဒ် ၁၅၇ စာ ၅၁

ထိုမြတ်စွာဘုရားသည် --- ပြန့်နှံ့၍ထွက်ပါ၏ = ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကိုခံထိုက်သူ၊ ဝါ၊ ကိလေသာကင်း စင်သောရဟန္တာ အရဟံလည်း ဖြစ်တော်မူ၏။ အလုံးစုံသောတရားတို့ကို ကိုယ်ပိုင်ဟုတ်တိုင်းမှန်စွာသိသူ သမ္မာသမ္ဗုဒ္ဓလည်း ဖြစ်တော်မူ၏။ ဝိဇ္ဇာစရဏနှင့်ပြည့်စုံသူ ဝိဇ္ဇာစရဏသမ္ပန္န ပုဂ္ဂိုလ်လည်း ဖြစ်တော်မူ၏။ ကောင်းသောစကားကိုဆိုတတ်သူ သုဂတလည်း ဖြစ်တော်မူ၏။ လောကကိုသိမြင်သူ လောကဝိဒူလည်း ဖြစ်တော်မူ၏။ လူကြမ်း နတ်ကြမ်းတို့ကို ဆုံးမရာ၌ အတုမဲ့ဆရာ အနုတ္တရပုရိသဒမ္မသာရထိလည်း ဖြစ်တော်မူ၏။ နတ်လူတို့၏ဆရာ သတ္ထာဒေဝမနုဿာနံလည်း ဖြစ်တော်မူ၏။ သစ္စာလေးပါးတရားကို သိစေတတ်သူ ဗုဒ္ဓလည်း ဖြစ်တော်မူ၏။ ဘုန်းတန်ခိုးကြီးသူ ဘဂဝါလည်း ဖြစ်တော်မူ၏-ဟုပြန့်နှံ့၍ ( ပျံ့နှံ့၍ ) ထွက်ပါသည်ဟုဆိုလိုသည်။

အပိုဒ် ၁၅၈ စာ ၅၂

ယခုအခါ၌သွားရန်အချိန်ကို သင်မင်းမြတ် သိတော်မူပါသည် ( သွားရန်မှာ အရှင်မင်းမြတ်၏ အလိုအတိုင်း ပင်ဖြစ်ပါသည် ) ဟုပြန်ကြား၏ = သွားရမည့်အချိန်ကို အရှင်မင်းမြတ်သာသိတော်မူပါသည်။ အရှင်မင်းမြတ် --- ဆင်ယာဉ်တို့ကိုပြင်ဆင်ပြီး ပါပြီ၊ သွားရမည့်အချိန်ကိုသာသိတော်မူပါ-ဟုဆိုလိုသည်။

အပိုဒ် ၁၅၉ စာ ၅၂

အချင်း ဇီဝက --- ဟုဆို၏ = အချင်းဇီဝက --- ငါ့ကိုမလိမ်မညာတာ မှဟုတ်ရဲ့လား ၊ ငါ့ကိုမဖြားယောင်း မလှည့်ပတ်တာမှ ဟုတ်ရဲ့လား၊ ငါ့ကိုရန်သူလက်သို့မအပ် နှင်းတာမှဟုတ်ရဲ့လား၊ ဗုဒ္ဓသည် ရဟန်း ၁၂၅၀ နှင့်အတူတကွ နေသည်ဆိုလျှင် အဘယ် ကြောင့် ဘာသံမျှ မကြားရပါသနည်း၊ ချေဆတ်သံ ချောင်းဆိုးသံ စကားပြောသံကိုမျှ လုံးဝမကြားရပါတကား -ဟုဆိုလိုသည်။

အပိုဒ် ၁၆၃ စာ ၅၃

အရှင်ဘုရား --- များစွာသောအတတ်သည်တို့ ရှိကြပါကုန်၏၊ ဤအတတ်သည် တို့ကား အဘယ်နည်း၊ ဆင်စီး သူရဲများ --- ဤအတတ်တို့၏အကျိုး နှင့်တူစွာ မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော ရဟန်းဖြစ်ကျိုးကိုပြခြင်းငှာ တတ်နိုင်ပါသလော

အရှင်ဘုရား = အရှင်ဘုရား --- များစွာသောအတတ်သည်တို့ ရှိကြပါသည်၊ ယင်းတို့မှာ ဆင်စီး သူရဲများ ၊လ၊လက်ချိုး ရေတွက်တတ်သူများ၊ အခြားအတတ်သည်များ ဖြစ်ကြပါသည်။ ထိုအတတ်သည်တို့သည် မျက်မှောက်ဘဝ၌ပင်လက်ငင်း ဒိဋ္ဌဖြစ်သောအတတ်ပညာ၏ အကျိုးကျေးဇူးကို အမှီပြု၍ မိမိကိုယ်ကို ချမ်းသာဝဖြိုးစေကြပါသည်။ မိဘတို့ကိုလုပ်ကျွေးကြပါသည်။ သားမယားတို့ကို မွေးမြူကြပါသည်။ အဆွေခင်ပွန်းတို့ကို ပေးကမ်းထောက်ပံ့ကြပါသည်။ နတ်စည်းစိမ်စသော ကောင်းကျိုးကိုဖြစ်စေတတ်သည့်အလှူဒါနကို သမဏဗြာဟ္မဏတို့အား လှူတန်းကြပါသည်။ ထို့အတူပင် ဗုဒ္ဓသည် ရဟန်းဖြစ်ခြင်း၏ လက်ငင်း ဒိဋ္ဌယခုဘဝ၌ပင်ခံစားရသော အကျိုးကျေးဇူးကို ပညတ်ဟောကြားနိုင်ပါမည်လောဟုဆိုလိုသည်။

ဤအမေးစကားသည် အပိုဒ်ရေ ၁၆၅၊ စသည်တို့၌လည်း ထပ်တလဲလဲပါရှိသည်။ အပိုဒ် ၁၀၂ ၌ကား အပြည့်အစုံပင်ထပ်၍ပါပြန်သည်။ ဤအမေးစကားကို ဤနေရာ၌အပြည့်အစုံပြန်ဆိုပြီး နောက်ပိုဒ်တို့သို့ရောက်သောအခါ ``ယခင်အမေးစကားကို မေးလျှောက်သည်'' စသည်ဖြင့်အဆင်ပြေသလို ဖော်ညွှန်းသွားလျှင် လည်းဖြစ်နိုင်စရာရှိသည်။ ပိဋကတ်ပါဠိစာဟန်မှာ ယင်းသို့ညွှန်းလေ့မရှိ၊ နာမဝိသေသနများကိုလည်း လျှော့ချလေ့မရှိ၊ စကားထပ်ရာ၌ ပေယျာလ (လ) (ပ) ဟုခုခံ၍သာထား လေ့ရှိသည်။ သို့ရာတွင် ခေတ်လူတို့ကား စကားထပ်သည်ကိုအလွန်ငြီးငွေ့တတ်ကြသည်။ သို့ဖြစ်၍အရေးကြီးသောအချက်များကို အပြည့်အစုံပါအောင် တခါသာယူပြီး နောက်ပိုဒ်များသို့ရောက်သောအခါ ၌ ထို ယင်း စသောအညွှန်း နာမ်စားတို့ဖြင့် သင့်သလို ဖော်ညွှန်း၍ သာဘာသာပြန်သင့်သည်ဟုသဘောရသည်။

ပုံစံအားဖြင့်ပြရလျှင် ဝေဒေဟိမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်း ဟုဆိုရာ၌ ဝေဒေဟိမိဖုရား၏သား မဂဓတိုင်းရှင်ဟူသော နာမဝိသေသနတို့သည် အမြဲတမ်း လိုက်ပါနေကြသည်။ ယင်း နာမဝိသေသနတို့ကို ရှေးဦးစကား၌သာ တခါဖော်ပြပြီး နောက်တွင်မထည့်ဘဲထားလျှင် ပိုကောင်းမည်။

အပိုဒ် ၁၆၅ စာ ၅၄-တွင် ပုရဏကဿပထံသို့ပြဿနာမေးသွားပုံကို ပြသကဲ့သို့ အပိုဒ် ၁၆၇ စသည်တို့၌လည်း ချဉ်းကပ်ခြင်း စကားပြောခြင်း ပြဿနာမေးခြင်းတို့ထပ်တူထပ်မျှပါလာကြပြန်သည်။ ဆရာ ၆ ယောက်ဖြစ်၍ ၆ ကြိမ်တိုင်တိုင်ပါနေသည်။ ယင်း စကား မျိုးတို့သည် ဗုဒ္ဓ၏ ဟောမှာချက်သိက စကားများလည်း မဟုတ်ကြသောကြောင့် ယခုခေတ်ရေးနည်းမျိုးဖြင့် ရှေးဦးတကြိမ်သာပြ၍ နောင်နေရာတို့၌ကား သင့်သလို ပြန်ဆိုသွားသင့်သည်ဟုထင်ပေသည်။

အပိုဒ် ၁၅၀ စာ ၄၉

ဝေဒေဟိမိဖုရား = ဥာဏ်ပညာနှင့်ပြည့်စုံသော မိဖုရား ။

( ဝိဒေဟမင်း၏သမီး တော်မဟုတ် )

သမဏ ဗြာဟ္မဏ = ရဟန်းအမည်ခံပုဂ္ဂိုလ်၊ ရဟန္တာအမည်ခံပုဂ္ဂိုလ်၊ သို့မဟုတ် သမဏအမည်ခံပုဂ္ဂိုလ် ဗြာဟ္မဏအမည်ခံပုဂ္ဂိုလ်

အပိုဒ် ၁၆၀ စာ ၅၃ (အပိုဒ် ၁၅၇-စာ ၅၁- ဂုဏ်တော်ပြကိုအမှာရှုသုတ်၊ အပိုဒ် ၂၅၅-စာ ၉၁ ရှုကြည့်ပါ။)

ယခုအခါရဟန်း သံဃာသည်၊လ၊ ဥဒါန်း ကျူးရင့်၏ = "ငါ့သား တော်ဥဒယ ဘဒ္ဒသည်ယခု ဤရဟန်း အပေါင်း တွင်ရှိသော ငြိမ်သက်ခြင်း ဂုဏ်နှင့်ပြည့်စုံ စေချင်ပါဘိသည်" ဟု ဥဒါန်းကျူး ရင့်၏။

ဥဒါန်း = ဥဒါန (ပါဠိ) = ဝမ်းမြောက်သဖြင့်မြွက်ဆိုသော စကား၊ ဝမ်းမြောက်သဖြင့်ဗီဇိတသဘောပြောဆိုသော စကား

"ပင်းကြီး --- ချစ်ပြတ်နိုးရာသို့သင် ရောက်သွား လေပြီ" = မြတ်သော မင်းကြီး၊ဝါ၊မင်းမြတ် --- သင်မင်းမြတ်သည် မေတ္တာရှိရာသို့သာ စိတ် ရောက်သွား ခဲ့သည်။

အပိုဒ် ၁၆၃ စာ ၅၃

မျက်မှောက်ဘဝ၌ပင် ကိုယ်တိုင်သိမြင်ရသော = ယခုဘဝမှာပင်လက် တွေ့ဖြစ်သော

ကိုယ်တိုင်သိမြင်ရသော ရဟန်း ဖြစ်ကျိုး ကို = ရဟန်း ပြုခြင်း ၏လက် တွေ့အကျိုး ကို၊ဝါ၊လက်ငင်း ခံစား ရသောအကျိုး ကို

အပိုဒ် ၁၆၅ စာ ၅၅

ဤသို့ကံမဲ့ဝါဒကို = ကံကိုမယုံကြည်သော ဝါဒကို၊ ကောင်း ကံဆိုး ကံမရှိဟူ သော ဝါဒကို

အဘယ်ကြောင့်မှတ်ယူနိုင်ပါအံ့နည်း = အဘယ်ကြောင့်မှတ်ယူသင့်အံ့နည်း၊ အဘယ်ကြောင့်မှတ်ယူထိုက်အံ့နည်း၊ လုံးဝမှတ်ယူရန်မသင့်၊ အလျှင်း မမှတ်ယူထိုက်-ဟုဆိုလိုသည်။

အပိုဒ် ၁၆၉ စာ ၅၇

ဤသို့သံသရာမှစင်ကြယ်ခြင်း ကို ဖြေကြား ပါ၏ = ဤသို့သံသရာသုဒ္ဓိဝါဒကို ဖြေကြား ပါ၏။ သံသရာ၌ကျင်လည်ခြင်း ဖြင့်သာ အလိုလို စင်ကြယ်၏ဟုယူဆ သော ဝါဒကို ဖြေကြား ပါ၏။

အဇိတ ကေသကမ္ဗလ = ဆံပင်ကမ္ဗလာကိုဝတ်သော အဇိတ

အပိုဒ် ၁၇၀ စာ ၅၇

ပေးလှူခြင်း သည်မရှိ = ဒါနမည်သည်မရှိ၊ ဒါန၏အကျိုး သည်မရှိဟုဆိုလိုသည်

ယဇ်ပူဇော်ခြင်း = ယဇ်ကြီး ပူဇော်ခြင်း

ဟုံး ပူဇော်ခြင်း = မွန်မြတ်သောလက်ဆောင်ပဏ္ဏာကိုပေးကမ်း ပူဇော်ခြင်း၊ ပေးလှူပူဇော်ခြင်း ။

အပိုဒ် ၁၇၂ စာ ၅၈

ပြတ်ဝဲဝါဒကို = ဥစ္ဆေဒဝါဒကို၊ သတ္တဝါသေလျှင်ပြတ်၏ဟုယူသောဝါဒကို

အပိုဒ် ၁၇၅ စာ ၅၉

အကြောင်းအရာတပါးဖြင့်အကြောင်းအရာတပါးကိုဖြေကြားပါ၏ = အမေးတခြားအဖြေတခြား ဖြေပါသည်။ ခုတ်ရာတခြား ရှရာတပါး ဖြေပါသည်။ ခါးတောင်းကျိုက်တခြား ဖင်တခြား ဖြေပါသည်။

အပိုဒ် ၁၇၇ စာ ၆၀

နိဂဏ္ဌ = ပါဠိ = ကိလေသာအထုံးအဖွဲ့မရှိသူ၊ ရဟန္တာ (ရဟန္တာအစစ်ကားမဟုတ် နိဂဏ္ဌတို့က သူတို့ကိုယ်သူတို့ ခေါ်သောအမည်သာဖြစ်သည်။ သူတို့အလိုအတိုင်း ခံယူထားကြသောအမည်သာဖြစ်သည်။ ထို့ကြောင့်နိဂဏ္ဌကို နိဂဏ္ဌဟုသာဆရာတို့ဘာသာပြန်ခဲ့ကြသည်။

(လွတ်မြောက်ရာကို) တွေ့ပြီးဖြစ်၏ = အလုံးစုံမကောင်းမှုကို တားမြစ်သဖြင့် တရားထူးတို့ရပြီးဖြစ်၏ - ဟုဆိုလိုသည်။ တွေ့မြင်ခြင်းကိုဆိုလိုသည်မဟုတ်၊ ထိတွေ့ခံစားရသည် ဟုဆိုခြင်းသာဖြစ်သည်။

အပိုဒ် ၁၈၁ စာ ၆၁

ပစ်လွှင့်သောအယူကို - လက်သုပ်လက်ကိုင်မရှိသောအယူကိုအမရာဝိက္ခေပဝါဒကို။

အပိုဒ် ၁၈၃ စာ ၆၃

သင်ပင်းကြီးသည် ဤသို့ဆိုသင့်ပါမည်လော = သင်မင်းကြီးသည် ဤသို့ဆိုမည်လော၊ ဤမေးသည် အလိုဆန္ဒကိုမေးသောစကားသာဖြစ်သည်၊ သင့်မသင့်ကိုမေးသောစကားမဟုတ်။

အပိုဒ် ၁၈၄ စာ ၆၃

ထိုသူကို ရှိခိုးလည်း ရှိခိုးကုန်ရာ၏ = ထိုသူကိုရှိခိုးလည်း ရှိခိုးကြရပါမည်။

ခရီးဦးကြိုလည်း ပြုကုန်ရာ၏ = ခရီးဦးကြိုလည်း ပြုကြရပါမည်။ ဤသို့စသည်ဖြင့် အလိုဆန္ဒပြ ပီသအောင်ဘာသာပြန်သင့်သည်။ စာ ၆၅ + ၌လည်း နည်းတူပင်ဖြစ်သည်။

အပိုဒ် ၂၁၂ စာ ၇၃

မိမိသန္တာန်၌ = အဇ္ဈတ္တသန္တာန်၌၊ မိမိကိုယ်တွင်း၌

သန္တာန် = သန္တာန (ပါဠိ) သတ္တဝါတယောက်၏ရုပ်နာမ်ခန္ဓာအစဉ်။ လက်ရှိကိုယ်ခန္ဓာ

အပြစ်ကင်းသောချမ်းသာကို = အပြစ်ကင်းခြင်းဟုသောချမ်းသာကို၊ အပြစ်မရှိခြင်းကိုအကြောင်းပြု၍စိတ်မှာဖြစ်သောချမ်းသာခြင်းကို (အနဝဇ္ဇသုခ၊ ပါဠိ)

အပိုဒ် ၂၁၃ စာ ၇၃

ဣန္ဒြေတို့၌ = အရေးကြီးသောကိုယ်အင်္ဂါနှင့် စိတ်တို့၌၊ မျက်စိနားနှာလျှာကိုယ် စိတ်တို့၌

သဏ္ဌာန်နိမိတ်ကို = ပုံပန်းသဏ္ဌာန်ကိုမှီ၍ဖြစ်သော ယောကျ်ားမိန်းမဟူသော အာရုံကို

သဏ္ဌာန် = သဏ္ဌာန (ပါဠိ) အသွင်အပြင်၊ ပုံပန်း၊ အကောင်အထည်

အမှတ်လဲ့ရှာကို = ကိုယ်အင်္ဂါအစိတ်အပိုင်းနှင့်အမူအရာကို၊ ကိုယ်အင်္ဂါအစိတ်အပိုင်းကို

(မိန်းမယောကျ်ားသော)သဏ္ဌာန်နိမိတ်ကို၊ လ၊ နဲ့ယူလေ့မရှိ = မိန်းမယောကျ်ားအကောင်အထည်ကိုလည်း ဂရုမစိုက်၊ သတိမပြု၊ လက်ခြေသော ကိုယ်အင်္ဂါအစိတ်အပိုင်းကိုလည်း ဂရုမစိုက်၊ သတိမပြုဟုဆိုလိုသည်။

အပိုဒ် ၂၁၅ ၁၁ ၇၄

ကိုယ်ကို မျှတစေနိုင်ရုံသော = ဝတ်ရုံလောက်သော၊ ဝတ်ရုံလောက်ရုံမျှဖြစ်သော (သင်္ကန်း)

ဝမ်းကိုမျှတစေနိုင်ရုံသော = ဝမ်းဝလောက်သော ( ဆွမ်းအစာ )

အပိုဒ် ၂၁၆ ၀၁ ၇၄

ကျောင်းအိပ်ရာနေရာကိုမှီဝဲ၏ = ကျောင်းအိပ်ရာနေရာကိုအသုံးပြု အသုံးဆောင်၏။

အပိုဒ် ၂၁၇ ၁၁ ၇၄ - ၇၅

ထိုရဟန်းသည်၊ လ၊ စိတ်ကိုစင်ကြယ်စေ၏ = ထိုရဟန်းသည် အဘိဇ္ဈာ ဗျာပါဒ ထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာဟုသော နီဝရဏတရား ၅-ပါးမှ စိတ်ကိုစင်ကြယ်စေ၏-ဟုဆိုလိုသည်။

နီဝရဏ = ဈာန်မဂ်ဖိုလ်ကိုတားမြစ်တတ်သော သဘောတရား၊ အကုသိုလ်တရားများနှင့် သပွယ်ဖြစ်သော ကိလေသာ။

မင်းကြီး --- ဥပမာသော်ကား = ဤအပိုဒ်သည် ... ၊ ဝါ၊ ကာမစ္ဆန္ဒ နီဝရဏ၏ ဥပမာဖြစ်သည်။ အပိုဒ် ၂၁၉-သည် ဗျာပါဒ နီဝရဏ၏ ဥပမာ၊ အပိုဒ် ၂၂၀ သည် ထိနမိဒ္ဓ နီဝရဏ၏ ဥပမာ။ အပိုဒ် ၂၂၁-သည် (၁၁ ၇၆) ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏ၏ ဥပမာ၊ အပိုဒ် ၂၂၂-သည် ဝိစိကိစ္ဆာ နီဝရဏ၏ ဥပမာ ဖြစ်သည်။

အပိုဒ် ၂၂၃ ၁၁ ၇၆

မင်းကြီး --- ကြွေးကဲ့သို့ --- နီဝရဏ ၅-ပါး နှင့်အစဉ်အတိုင်း ယှဉ်ရသည်။

နီဝရဏ ၅-ပါးနှင့် ဥပမာ ၅-မျိုးကိုယှဉ်၍ပြသော အပိုဒ်ဖြစ်သည်။

အပိုဒ် ၂၂၄ ၁၁ ၇၆

မင်းကြီး --- ကြွေးကင်းခြင်းကဲ့သို့ --- နီဝရဏ ၅-ပါး မှ လွတ်ကင်းခြင်း ၅-မျိုးနှင့်အစဉ်အတိုင်း ယှဉ်ရမည်ဖြစ်သည်။ နီဝရဏ ၅-ပါးမှ လွတ်မြောက်ခြင်းကို ဥပမာ ၅-မျိုးနှင့် ယှဉ်၍ပြသော အပိုဒ်ဖြစ်သည်။

အပိုဒ် ၂၂၅ ၁၁ ၇၆

ပါမောဇ္ဇ ပီတိ အပေါင် --- နီဝရဏ ၅-ပါး ကင်းကွယ်ပြီးသောအခါ ပီတိ ပဿဒ္ဓိ သုခ ... တို့အစဉ်အတိုင်းအဆင့်ဆင့် ပေါ်လာပုံကို ဖော်ပြသောအပိုဒ်ဖြစ်သည်

ပီတိ = နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း

ပဿဒ္ဓိ = ငြိမ်းချမ်းခြင်း၊ ကျေနပ်ခြင်း

သုခ = ချမ်းသာခြင်း

သမာဓိ = တည်ငြိမ်ခြင်း၊ ငြိမ်သက်ခြင်း

အပိုဒ် ၂၂၆ စာ ၇၇

ထိုရဟန်းသည် --- ဤအပိုဒ်သည် ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ (သမာဓိ) တို့နှင့် ပြည့်စုံသော ပထမဈာန်စိတ်ဖြစ်ပေါ်ပုံ၊ ဝါ၊ ပထမဈာန်ကိုရရှိပုံကို ဖော်ပြသောအပိုဒ်ဖြစ်သည်။

အပိုဒ် ၂၂၇ စာ ၇၇

မင်းကြီး --- ဥပမာသော်ကား --- ဤအပိုဒ်ကား၊ ပထမဈာန် ချမ်းသာကို ဥပမာနှင့်တကွ ဖော်ပြထားသောအပိုဒ်ဖြစ်သည်။

မင်းကြီး --- ဤသည်လည်း ရဟန်းဖြစ်ကျိုး ပေတည်း၊ မြတ်သောမင်းကြီး --- ဤပထမဈာန်ချမ်းသာကား သာလွန်မွန်မြတ်သော၊ လက်တွေ့ရဟန်းပြုကျိုးတပါးဖြစ်သည် ဟုဆိုလိုသည်။

အပိုဒ် ၂၃၄ စာ ၇၉

(ဝိပဿနာ) ဉာဏ်အမြင်အလို့ငှာ = ဝိပဿနာဉာဏ်အမြင်ဖြစ်ပေါ်စေရန်အတွက်

ဉာဏ်အမြင် = ဉာဏဒဿန၊ ပါဠိ၊ ရုပ်နာမ်ကိုခွဲခြမ်း၍ သိတတ်သော ဉာဏ်အမြင်၊ ယင်းကိုပင် ဝိပဿနာဉာဏ် ခေါ်သည်။ ဝိပဿနာကား အထူးထူး အပြားပြား ရှုကြည့်ဆင်ခြင်ခြင်း ဟု အဓိပ္ပါယ်ရှိသည်။

ရုပ်ရှိ၏ = ရုပ် = မြင်တွေ့စမ်းသပ်၍ ကိုင်တွယ်၍ရကောင်းသောအရာ၊ ဝတ္ထုအကောင်အထည်။

မဟာဘုတ် = မဟာဘူတ၊ ပါဠိ၊ ထင်ရှားသောအရင်းခံ ရုပ်ကြီး လေးပါး ပထဝီ ဓါတ်စသည်

ဝိညာဉ် = ဝိညာဏ၊ ပါဠိ၊ အသိစိတ်၊ အာရုံကိုသိတတ်သောစိတ်၊ အဆင်းအသံ အနံ့အရသာ ခွဲခြမ်း၍ သိတတ်သောစိတ်။

အပိုဒ် ၂၃၅ စာ ၇၉-၈၀

ရုပ်ကိုယ်နှင့်နာမ်ဝိညာဉ်ကိုနှိုင်းယှဉ်ပြရန် ထုတ်ဆောင်သော ဥပမာဖြစ်သည်။

ပတ္တမြားသည် ရုပ်ကိုယ်နှင့်တူသည်၊ ပတ္တမြား၌သွင်းထားသော ချည်သည် နာမ်ဝိညာဉ်နှင့်တူသည် ဟုဆိုလိုသည်။

အပိုဒ် ၂၃၆ စာ ၈၀

မနောမယိဒ္ဓိဉာဏ် = ဈာန်စိတ်ဖြင့်ပြီးသော ကိုယ်ခွဲဖန်ဆင်းနိုင်သည့် ဉာဏ် ဤဉာဏ်သည် အဘိညာဉ် ၆-ပါး ရေတွက်ရာ၌ ဣဒ္ဓိဝိဓ အဘိညာဉ်တွင် ပါဝင်သည်။

အပိုဒ် ၂၄၀ စ ၊၂

ဒိဗ္ဗ သာတဉာဏ် = နတ်၏နားကဲ့သို့ ကြားနိုင်သော အသိညာဉ် ဉာဏ်

အပိုဒ် ၂၄၁ စာ ၁၁

အာသဝတို့ကို = မှားနွာယိုစီး ဖြစ်ပွားတတ်သော ကိလေသာ ၄ - မျိုး

ကာမာသဝ = ကာမဂုဏ်ကို တပ်မက်သော အာသဝ၊ ကာမဂုဏ်နှင့်စပ်သော လောဘ

ဘဝါသဝ = ဘဝကို တပ်မက်သော အာသဝ၊ ဘဝနှင့်စပ်သော လောဘ

ဒိဋ္ဌာသဝ = အယူဝါဒကို စွဲလမ်းသော အာသဝ၊ အယူမှား၊ ဒိဋ္ဌိ။

အဝိဇ္ဇာသဝ = အမှန်တရားကို မသိတတ်သော အာသဝ၊ သစ္စာတရားကို မသိတတ်သော မောဟ

(မဂ်၊) ကိစ္စကို = မဂ်ဖိုလ် ရရန်ကိစ္စကို

အပိုဒ် ၂၅၁ စာ ၁၉

အရိယာ၏ ဝိနည်းအဆုံးအမဉ္စ = ဗုဒ္ဓ၏ အဆုံးအမ၊ ဝါ၊ ဗုဒ္ဓသာသနာ

## ၃။ အမ္ဗဋ္ဌသုတ် ခက်ဆစ်အဖွင့်။

အပိုဒ် ၂၅၄ စာ ၉၁

ထိုစဉ်အခါ၌ --- အုပ်ချုပ်နေ၏ = ထိုအခါ ပေါက္ခရသာတိပုဏ္ဏားသည် ဥက္ကဋ္ဌမြို့ကို အုပ်ချုပ်နေထိုင်သည်၊ ယင်း ဥက္ကဋ္ဌမြို့ကား လူဦးရေများပြားစည်ကားသည်၊ ကျွဲ နွား တိရစ္ဆာန်လည်း ပေါများသည်၊ မြက် ထင်း ရေနှင့်ပြည့်စုံသည်၊ ဆန်စပါး လည်း ပေါများသည်၊ ပေါက္ခရသာတိပုဏ္ဏား အား ပသေနဒီ ကောသလမင်းက ဆုလာဘ်အဖြစ်ဖြင့် အပိုင်စား ပေးထားသောမြို့လည်း ဖြစ်သည် - ဟုဆိုလိုသည်။

အပိုဒ် ၂၅၅ စာ ၉၁

ထိုမြတ်စွာဘုရားသည်၊ --- ပြန့်နှံ့၍ထွက်၏ = ထိုမြတ်စွာဘုရားသည်ပူဇော်အထူးကို ခံထိုက်သူ (ဝါ) ကိလေသာအာသဝေါကင်းစင်သော ရဟန္တာ အရဟံလည်းဖြစ်၏၊ အလုံးစုံသောတရားကိုသိသူ သမ္မာသမ္ဗုဒ္ဓလည်းဖြစ်၏၊ ဝိဇ္ဇာစရဏနှင့်ပြည့်စုံသူ၊ ဝိဇ္ဇာစရဏ သမ္ပန္နပုဂ္ဂိုလ်လည်းဖြစ်၏၊ ကောင်းသောစကားကို ဆိုတတ်သူ သုဂတလည်းဖြစ်၏၊ လောကကိုသိသူ လောကဝိဒူလည်းဖြစ်၏၊ လူကြမ်း၊ နတ်ကြမ်းတို့ကို ဆုံးမရာ၌ အတုမဲ့ဆရာ အနုတ္တရပုရိသဒမ္မသာရထိလည်းဖြစ်၏၊ နတ်လူတို့၏ဆရာ သတ္ထာ ဒေဝမနုဿာနံလည်းဖြစ်၏၊ သစ္စာလေးပါးကို သိစေတတ်သူ ဗုဒ္ဓလည်း ဖြစ်၏၊ ဘုန်းတော်ကြီးသူ ဘဂဝါလည်းဖြစ်တော်မူ၏ဟု ကျော်စောသတင်းပြန့်နှံ့၏ (ပျံ့နှံ့၏)။

ထို (မြတ်စွာဘုရား) သည် --- မျက်မှောက်ပြုလျက် ဟောကြားတော်မူ၏၊ ထိုမြတ်စွာဘုရားသည် နတ် မာရ်နတ်မင်း ဗြဟ္မာနှင့်တကွသော ဩကာသလောကကို၎င်း သမဏဗြာဟ္မဏနှင့်တကွ ဩသတ္တလောကကို၎င်း၊ ကိုယ်ပိုင်ဒိဋ္ဌသိ၍ သူတပါး တို့အား ဟောကြားတော်မူသည်ဟုဆိုလိုသည်။

အပိုဒ် ၂၅၅ စာ ၉၂

အနက်နှင့်ပြည့်စုံသော = အဓိပ္ပါယ်ရှိသော အနှစ်သာရသားပါသော

သဒ္ဒါနှင့်ပြည့်စုံသော = ရှင်းလင်းပြတ်သားသော၊ စကားပရိယာယ်ကြွယ်ဝသော

အပိုဒ် ၂၅၆ စာ ၉၂

ဝေဒကျမ်းလာဂါထာတို့ကို ရွတ်ဆိုတတ်၏ = ဝေဒကျမ်းကို ရွတ်ဖတ်သရဇ္ဈာယ်၏ သင်အံရွတ်ဆို၏။

လောကာယတကျမ်း = လောကအကြောင်းကို ချဲ့ထွင်ပြဆိုသောကျမ်း

မဟာပုရိသလက္ခဏာကျမ်း = ဗုဒ္ဓ စကြဝတေးမင်းစသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့ကို ဖော်ပြသောကျမ်း

အပိုဒ် ၂၅၇ စာ ၉၂

ထိုမြတ်စွာဘုရားသည် --- ပြန့်နှံ့၍ထွက်၏ - ဤစကားသည် အပိုဒ် ၂၅[illegible] စာ ၉၁-က ဂုဏ်တော် (၉) ပါးပြစကား၊ ဗုဒ္ဓ၏ ကျော်စောသတင်းပြစကားပင်ဖြစ်သည်၊ အကျဉ်းမျှပြ၍ ဖော်ညွှန်းချင်လည်းဖြစ်နိုင်သည်၊ ပေါက္ခရသာတိပုဏ္ဏား၏စကားကို ပြည့်စုံစေရန် အပြည့်အစုံပြန်၍ ထည့်သွင်းပြချင်လည်းဖြစ်နိုင်သည်၊ သို့ရာတွင်အကြောင်း မထူးလှပါပြီ

ငွေစရာကောင်းသည့် ဘာသာပြန် မဖြစ်အောင် သတိပြုသင့်သည်။

အပိုဒ် ၂၅၇-၂၅၈ စာ ၉၃

ချစ်သား အမ္ဗဋ္ဌလော လော့ --- သင်သည်၊လ၊ စုံစမ်းချေလော့၊

အသျှင် --- ထိုအသျှင်ဂေါတမ၏၊လ၊ သိအောင်စုံစမ်းရပါအံ့နည်း ၊

ဤစကားနှစ်ရပ်တွင် ယပ်ကူ့စကားများပါနေကြသည်၊ ပေါက္ခရသာတိ ပုဏ္ဏား၏ ဟိုက်တွန်းစကားတွင်ပါသောအကြောင်း အရာတို့ကို အမ္ဗဋ္ဌ၏စကားတွင် အပြည့်အစုံမထည့်တော့ဘဲ၊

`` အရှင် --- ထိုအရှင်ဂေါတမ --- ကျော်စောသည့်အတိုင်း မှန်မမှန်ကို အကျွန်ုပ်ဘယ်သို့သိအောင် စုံစမ်းရပါအံ့နည်း `` ဟု ဆိုလျှင်လည်း လုံလောက်သည်၊ အပြည့်အစုံ ပြန်ယူဖို့မလို။

အပိုဒ် ၂၅၈ စာ ၉၃

ထိုစကြာဝတေးမင်းအား ဤ ရတနာ ၇-ပါးတို့သည်ဖြစ်ကုန်၏၊ ဤသည်တို့ကား ဘယ်နည်း၊ ဤသရုပ်ပြစကားမျိုးကို ဘာသာပြန်လျှင် ``ထိုစကြာဝတေးမင်းအား ဆင်ရတနာ ၊လ၊ သားကြီး ရတနာ ဟူသော ရတနာ ၇-ပါးတို့သည်ဖြစ်ပေါ်ကြကုန်၏ ``ဟု တချက်တည်း ပါအောင် ပြန်သင့်သည်၊ ဤအရာမျိုး မြောက်များစွာပါရှိသည်၊ ပါဠိသွားအတိုင်း မလိုက်ဘဲ ခေတ်မီအောင်ပြန်သင့်သည်ဟုထင်ပေသည်၊ ပါဠိသွားအတိုင်း တသွေမတိမ်းလိုက်၍ ပြန်သဖြင့် ပိဋကတ်မြန်မာပြန်များ စာဖတ်ပရိသတ်နှင့် ကင်းကွာနေကြသည်ကို သတိပြုသင့်သည်။

အပိုဒ် ၂၅၈ စာ ၉၃

လောက၌ ကိလေသာအဖုံးကို ဖွင့်လှစ်ပြီးသော ဘုရားဖြစ်၏ = လောက၌ဝဋ်မြစ်ပြတ်ပြီးသော ဘုရားဖြစ်ရ၏၊ ဝါ၊ လောကကို ပိတ်ဖုံးထားသော ကိလေသာအခွံအဖုံး ကို ခွဲဖြတ်နိုင်သူ ဗုဒ္ဓဖြစ်ရ၏၊ ပါဠိရင်းမှာ ဝိဝဋ္ဋစ္ဆဒ-ဖြစ်သည်၊ပထမအနက်သာ ပို၍ရှင်းလင်း ပြတ်သားသည်၊ ပိဋကတ်မြန်မာပြန်အနက်မှာ အဓိပ္ပါယ်မပေါ်လွင် ။

အပိုဒ် ၂၆၃ စာ ၉၅

ဇာတ်နိမ့်ဖြစ်ကုန်သော = သူကြွယ်မျိုးသာဖြစ်ကုန်သော၊

ဣဗ္ဘဟူသော စကားကို ဂဟပတိကသူကြွယ်ဟု အဋ္ဌကထာဖွင့်သည့်အတိုင်းသိ အနက်ယူသင့်သည်၊ အဂ္ဂညသုတ် အဋ္ဌကထာ၌လည်း ဣဗ္ဘကို ဂဟပတိက သူကြွယ်ယုတ် - ဟုသာဖွင့်သည်၊ သူကြွယ်သည် ခတ္တိယဇာတ် ဗြာဟ္မဏဇာတ်တို့မှ ထောက်၍ ယုတ်နိမ့်သည်သာဖြစ်သောကြောင့် သူကြွယ်ယုတ်ဟုဆိုလျှင် ဇာတ်နိမ့်ဟုဆိုပြီးသားပင်ဖြစ်သည်၊ ဣမေ ခေါသမဏာ သကျပုတ္တိယာ စသည်ဖြင့် သမဏတို့ကို သာကီဝင်အနွယ်များ အသိအမှတ်ပြုထားကြပြီး ဖြစ်၍ ဗုဒ္ဓကို ဇာတ်နိမ့်သူဟုကား ဆိုမည်မထင်။

ဗြဟ္မာ၏ ခြေဖမိုးမှ ပေါက်ဖွားကုန်သော = ဤစကား ကား ဗြာဟ္မဏတို့၏ ဝါဒစကားသာဖြစ်သည်။

ထိုကိစ္စကိုသာလျှင် ကောင်းစွာနှလုံးသွင်းကုန်ရာ၏ = ထိုကိစ္စကိုသာ ကောင်းစွာနှလုံးသွင်းသင့်ကြသည်။

အပိုဒ် ၂၆၆ စာ ၉၆

မိမိအသိုက်ဦးအလိုရှိတိုင်း မြည်နိုင်သေး၏ = မိမိအသိုက်ဦးအလိုရှိတိုင်း မြည်တတ်သည်။

အပိုဒ် ၂၇၁ စာ ၉၉

သိကြားမင်းသည် ဘီလူးအသွင်ဖြင့် = ဝရဇိန်လက်ကိုင်ဘီလူးသည်၊ ဤ၌ပါဠိတွင် ဝဇိရပါဏိယက္ခော–ဟုရှိသည်၊ ဝရဇိန်လက်၌ရှိသော ဘီလူးသည်–ဟုသာ မြန်မာပြန်သင့်သည်၊ ယက္ခောဘာဝေန–ဘီလူးအဖြစ်ဖြင့်ဟု မဆိုသဖြင့် ထိုယက္ခသည် သိကြားမင်းဖြစ်သည်ဟု အဋ္ဌကထာ ဖွင့်ပြစေကာမူ ဘီလူးအဖြစ်ဖြင့်ဟူ၍ မပြန်သင့်၊ ဘီလူးယောင်ဆောင်သော သိကြားမင်းသည် (သို့မဟုတ်) သိကြားမင်းဖြစ်သော ဘီလူးသည်ဟုပြန်မည်ဆိုက သဒ္ဒါအနေအားဖြင့်သင့်သေးသည်၊ အသွင်ဖြင့်ဟုအနက်တပါးထည့်၍ ပြန်ခြင်းကား အလျှင်းမသင့်၊ အမှန်အားဖြင့်မူ ဒွတန်ခိုးကြောင့် ပေါ်လာရသောဘီလူးဖြစ်၍ မည်သူမည်ဝါဖြစ်သည်ဆိုသောအချက်က အရေးမကြီး၊ ဘီလူးပေါ်လာသည်ဟူသောအချက်သာအရေးကြီးသည်၊ ထို့ကြောင့်ပါဠိရှိတိုင်း ဝရဇိန်လက်ကိုင် ဘီလူးသည်ဟုသာ ပြန်သင့်သည်။

အပိုဒ် ၂၇၄ စာ ၁၀၀

လွတ်မြောက်စေရမူ ကောင်းလေစွ = လွတ်မြောက်စေရမှသင့်မည်။

သားကြီး၌မြားကိုတည်စေလော့ = မြားကိုသားတော်ကြီးဖက်သို့လှည့်၍ ချိန်ရွယ်လော့ဟုဆိုလိုသည်။

အပိုဒ် ၂၇၄ စာ ၁၀၁

မနုဿန်လက်နက်ဖြင့်ခြိမ်းခြောက်ခံရသောကြောင့် = ဗြဟ္မဒဏ်ဖြင့်ခြိမ်းခြောက်ခံရသောကြောင့်၊ သူတော်သူမြတ်တို့က ပေးသောဒဏ်ကို ဗြဟ္မဒဏ်ဟုခေါ်သည်၊ ထိုဗြဟ္မဒဏ်ဖြင့် ခြိမ်းခြောက်ခံရသောကြောင့်ဟုဆိုလိုသည်။

ဤစကားသည် ဗြဟ္မဒဏ္ဍေန တဇ္ဇိတော ဟူသောပါဠိကို ဘာသာပြန်ထားသည့်စကားဖြစ်သည်၊ ယင်းဗြဟ္မဒဏ္ဍ ဟူသောစကားကို ဤသီလက္ခန်အဋ္ဌကထာ၌ မဖွင့်မပြသော်လည်း ဝိနယပိဋက စူဠဝဂ္ဂပါဠိ ပဉ္စသတိကက္ခန္ဓကတွင် ဗြဟ္မဒဏ္ဍကထာပါရှိသည်၊ ယင်းဗြဟ္မဒဏ်ကား ဗုဒ္ဓက အရှင်ဆန္နအား ပေးစေတော်မူခဲ့သောဒဏ်တမျိုးဖြစ်သည်၊ ထိုဒဏ်မှာ သံဃာက အရှင်ဆန္နအား စကားမပြောဘဲနေရန်ပင်ဖြစ်သည်။

ဤဗြဟ္မဒဏ္ဍဟူသောစကားကို မနုဿန်လက်နက်ဖြင့်ဟု မြန်မာပြန်ခြင်းမှာ ပါဠိအသုံးနှင့်လွန်စွာ ဝေးကွာသည်၊ ဗြဟ္မသဒ္ဒါလည်း မနုဿန်အနက်ကိုမပြ၊ မြတ်သော၊ မြတ်သောသူ၊ ဗြဟ္မာဟူသောအနက်ကိုသာ ဟောသည်၊ ဒဏ္ဍသဒ္ဒါကလည်း လက်နက်ကိုမဟော၊ ဒုတ်၊ ဒဏ်ဟူသောအနက်ကိုသာ ဟောသည်၊ ယင်းအနက်ကား အဓိပ္ပါယ်အားဖြင့် ဟုတ်မှန်သော်လည်း သဒ္ဒါအနေအားဖြင့်ကွာခြားလွန်းသည်။ ဗြဟ္မဒဏ်သည် ရာဇဒဏ်နှင့် ဆန့်ကျင်ဖက်တွဲလုံးဖြစ်သည်၊ ဗြဟ္မဒဏ်အခတ်ခံရသောကြောင့်ဟုသာ မြန်မာပြန်သင့်သည်။

အပိုဒ် ၂၇၆ စာ ၁၀၂

အမ္ဗဋ္ဌထိုအရာကိုအဘယ်သို့ထင်သနည်း၊ ဤ (လောက) ၌၊ လ၊ နှင့်တုတ်ကုန်ရာ၏ ထိုပုဏ္ဏားတို့ထံ၌နေရာကိုငင်း၊ ရေကိုငင်း၊ ရရာသလော = ဤစာပိုဒ်တွင်စာကျကျန်ရစ်ပုံရသည်၊ ထိုပုဏ္ဏားတို့ထံ၌ဟူသောစကားကို ထိုသူသည်ပုဏ္ဏားတို့ထံ၌ - ဟုသာ ရှိသင့်သည်၊ ဤနေရာ၌ထိုသူသည်၊ ဝါ၊ ထိုပုဏ္ဏားသည်ဟူသောကတ္တားလိုသည်။ သို့မှသာအဓိပ္ပါယ်ပြည့်စုံသည်။

အပိုဒ် ၂၇၉ စာ ၁၀၄

ထိုသူသည်ထိုယုံကြည်မှုကို ရသည်ဖြစ်၍ ဤသို့ထင်ခြင်း၏၊ ပ၊ = ၂ ပေယျာလကို ဖော်ရန်အတွက် ပိဋကတ်မြန်မာပြန်စာအုပ်တွင် ``သာမညဖလသုတ် အပိုဒ် ၁၉၀ အပိုဒ်ခွဲ ၂ မှစ၍ အပိုဒ် ၂၂၆ အဆုံး အထိ ဖော်လေ'' ဟုအောက်ခြေ၌အမှာအထားပြုပေးသည်။ ယင်းအမှာအထားလည်း မှားနေသည်၊ အပိုဒ် ၁၉၀ တွင် ပိုဒ်ခွဲမရှိ၊ ဂုဏ်တော် ၉-ပါး ပြစကားသာပါရှိသည်။ အပိုဒ် ၁၉၁ ပိုဒ်ခွဲ ၂-က စ၍ဖော်မှသာ စကားခြင်းချိတ်ဆက်မိသည်။

ယင်းပိုဒ်ခွဲ ၂ မှာ ``လူ့ဘောင်၌နေရခြင်း သည်ကျဉ်းမြောင်း၏ စသောအပိုဒ်ဖြစ်သည်။ ဤအချက်ကိုသတိကြီးစွာပြုရမည်။ အပိုဒ် ၂၂၆-အဆုံး အထိဆိုသည်မှာလည်းမမှန် အပိုဒ် ၂၂၅ အဆုံးအထိသာ လိုသည်။

ထို့ပြင်လည်း ဗုဒ္ဓသည် ဤသုတ်၌စူဠသီလ မဇ္ဈိမသီလ မဟာသီလတို့ကိုထည့်သွင်းဟောကြားသော်လည်း စရဏတရားဟုအမည်တပ်၍မဟော၊ သီလအမည်ဖြင့်သာ ဟောတော်မူသည်၊ သမာဓိတရားစုဖြစ်သော ဈာန် ၄-ပါးကိုသာ စရဏတရား ဟု စရဏအမည်တပ်၍ ဟောတော်မူသည်။ ဤသို့ ဟောတော်မူသည်မှာ သီလသည် စရဏတရားမဟုတ်သောကြောင့် ဟောသည်မဟုတ်၊ သီလကို စရဏဟုဆိုလျှင် အမ္ဗဋ္ဌလုလင်သည် ယင်း စရဏတရားကား ငါ၌လည်း ရှိသည်ဟု မာန်ဝင်မည်စိုး၍ သီလကို စရဏဟုအမည်မတပ်ခြင်းဖြစ်သည်။ ယင်း ဝိဇ္ဇာစရဏတရားကို မဟောမီကပင် အတုမဲ့ဟူသောစကားကို ခံထားခဲ့ပြီးဖြစ်သည်ကိုလည်း သတိပြုသင့်သည်၊ အဘိညာဉ်ဥာဏ် မဂ်ဥာဏ် ဖိုလ်ဥာဏ်တို့ကိုကား ယခင်အစီအစဉ်အတိုင်း ပင်ဟော၍ ဝိဇ္ဇာ ၈ ပါးကို ဖော်ပြတော်မူခဲ့သည်။ ယင်း ဝိဇ္ဇာစရဏတရားအားလုံးသည် သီလ သမာဓိ ပညာပင်ဖြစ်သည်ဟုလည်း သဘောပေါက်ထားသင့်သည်။ ဗုဒ္ဓသည် မဇ္ဈိမနိကာယ်မူလပဏ္ဏာသပါဠိ ပါသရာသိသုတ်၊ ဝါ၊ အရိယ ပရိယေသနသုတ်၊ စသည်တို့တွင် ပုဒ္ဒိအာ ကို ဝိဇ္ဇာသုံး ပါး ဟုဟောတော်မူပြီး၊ ဤဒီဃနိကာယ် သာမညဖလသုတ်၊ အမ္ဗဋ္ဌသုတ်စသည်တို့၌ကား ဝိပဿနာဥာဏ်နှင့်တကွသော အဘိညာဉ်ဥာဏ် အာသဝက္ခယဥာဏ်တို့ကို ဝိဇ္ဇာ ၈ ပါး ဟုဟောတော်မူခဲ့သည်။ အကျဉ်းနှင့်အကျယ်မျှသာ ခြားနားသည်၊ လိုရင်းမှာ အတူတူပင်ဖြစ်သည်။

အပိုဒ် ၂၈၈ စာ ၁၁၀

ရဟန်းဂေါတမသည် တင်းတင်းပြည့်ဦးသော = ရဟန်းဂေါတမသည် ပြည့်စုံသော ဟုပင်ဆိုလိုသည်။ တင်းတင်းမပြည့်ဦးသော - ဟူသောစကားလည်း မပြည့်စုံသော - ဟုပင် ဆိုလိုသည်၊ ၃၂-ပါးလုံးပြည့်စုံသည် မပြည့်စုံသည်ကို ပြသောစကားသာဖြစ်သည်။

အပိုဒ် ၂၉၁ စာ ၁၁၁

ဟယ် ငါတို့၏ ပညာရှိကလေးတို့ အံ့ဖွယ်ကောင်းပါဘိ = အချင်းတို့ --- ငါတို့၏ ပညာရှိပုံမှာ ရှက်ဖွယ်ကောင်းစွ၊ အချင်းတို့ ငါတို့၏ ဗဟုသုတရှိပုံမှာ ရှက်ဖွယ်ကောင်းစွ၊ အချင်းတို့ ငါတို့၏ တေဝိဇ္ဇာဖြစ်ပုံမှာ ရှက်ဖွယ်ကောင်းစွ။

ဤစကားသည် ``အဟောဝတ ရေ အမှာကံ ပဏ္ဍိတက၊ အဟောဝတ ရေ အမှာကံ ဗဟုဿုတက အဟောဝတ ရေ အမှာကံ တေဝိဇ္ဇက``ဟူသောပါဠိကို မြန်မာပြန်ခြင်းပင်ဖြစ်သည်၊ ဤပါဠိသည် စိတ်ပျက်ခြင်းပြ အာမေဋိတ်စကားသာဖြစ်သည်။ အံ့ဩခြင်းပြ အာမေဋိတ်စကား မဟုတ်၊ အံ့ဩခြင်းပြဖြစ်ခဲ့သော် အဟောဗုဒ္ဓေါ အဟော ဓမ္မော အဟောသံဃော စသည်ဖြင့်အံ့ဩခံပုဂ္ဂိုလ်ကိုပြန်ဆိုရသည်၊ ယခုစကား အကဲ့ရဲ့ခံပုဂ္ဂိုလ်ကိုပြထားသည်၊ ထို့ကြောင့်အထက်ထွင်ပြသည့်အတိုင်း မြန်မာပြန်မှ မိမိတို့ပညာရှိလုပ်နေကြပုံကို စိတ်ပျက်ရဲ့ရဲ့ခြင်းပြအဖြစ်ထင်ရှားမည်၊ အဟောဝတဟုဆိုတိုင်း အံ့ဩခြင်းပြမဟုတ်သည်ကို သတိပြုရမည်၊ ရေ - ဟူသော စကားသည်လည်း ဟယ်ဟူသောမြန်မာစကားနှင့်မကိုက်ညီ၊ ရေ၊ အရေ=အချင်း အချင်းတို့ --- ဟုခေါ်ဝေါ်သောအာလုပ်စကားသာဖြစ်သည်။ ငါ့လူတို့ --- ငါ့တပည့်တို့ --- ငါတို့ ပညာရှိပုံက တော့ရှက်စရာပါကလား၊ ငါတို့ ဗဟုသုတများပုံက တော့ရှက်စရာပါကလား၊ ငါတို့ ဝိဇ္ဇာ ၃ ပါး ရှိပုံက တော့ ရှက်စရာပါကလားဟု အံ့ဩခြင်းနှင့်တကွ မိမိကိုယ်ကို စိတ်ပျက်ကဲ့ရဲ့မိသောစကားမျိုးသာဖြစ်သည်၊ ငါတို့ တော့ရှက်စရာဖြစ်ကုန်ပြီဟု ဆိုခြင်းသာဖြစ်သည်။

အပိုဒ် ၂၉၁ စာ ၁၁၁

အချင်းတို့ --- ဤသို့သောအကျိုးဆောင်မှုကြောင့် ယောကျာ်းသည်(ခန္ဓာ) ကိုယ်ဖျက်၍ သေပြီးသည်မှ နောက်၌မကောင်းသောလားရာ၊ ပျက်စီး၍ကျရောက်ရာဖြစ်သော အပါယ်ငရဲသို့သာလျှင် ရောက်ရသည်မဟုတ်တုံလော = အချင်းတို့ --- ဤသို့သောအကျိုးဆောင် ယောကျာ်းကားသေလျှင်အပါယ်ငရဲသို့သာကျရသည် ဟုဆိုလိုသည်။

ဝေရူပေန ကိရာတော --- စသော ဤဝါကျ၌ပါသည့် ကိရ-ကား မနှစ်သက်ခြင်းကိုပြသည်၊ အမေးကိုပြသည်မဟုတ်၊ ဒီလိုအကျိုးဆောင်ကောင်းမျိုးက တော့ သေလျှင်ငရဲကျမှာပေါ့ ဟူသောစကားနှင့်အဓိပ္ပါယ်တူညီသည်။

အပိုဒ်ခွဲ ၂ အဖွင့် ယင်းသည် စသည်တွင်လည်း အထက်ပါအတိုင်းသာပြန်သင့်သည်။

အပိုဒ် ၂၉၇ စာ ၁၁၃

ပေါက္ခရသာတိပုဏ္ဏားအိမ်သို့ -

ဤစကားနှင့်ပတ်သက်၍ ဤအိမ်သည် ဥက္ကဋ္ဌမြို့တွင်းရှိ အိမ်မဟုတ်တန်ရာ၊ ဣစ္ဆာနင်္ဂလရွာ၌သော်၎င်း၊ အခြားတနေရာတွင်သော်၎င်း၊ ရှိသော ပေါက္ခရသာတိ၏အိမ် ဖြစ်တန်ရာ၏ဟု အောက်ခြေ၌မှတ်ထားသည်။

ဤအမှာသည်လိုအပ်မည်မထင်၊ အပိုဒ် ၂၉၂ ၌ခဲဘွယ်ဘောဇဉ်ကို စီမံစေ၍ ယာဉ်၌တင်ပြီးလျှင်-ဟူသောစကား ကိုလည်း ဆင်ခြင်သင့်သည်၊ ဤစကား၏အပြည့်အစုံကိုကြည့်လျှင် ပေါက္ခရသာတိပုဏ္ဏားသည် မိမိအိမ်၌ခဲဘွယ်ဘောဇဉ်ကို စီမံထားခဲ့ပြီး ယာဉ်ပေါ်သို့ တင်၍ မီးရှူးတန်ဆောင်တို့ကိုလွန်းညှိကိုင်ဆောင်စေလျက် ညဉ့်ဦးယံမှာပင် ဗုဒ္ဓထံသို့သွားကြောင်း

တွေ့မြင်နိုင်သည်၊ ယင်း သို့ညဥ့်အချိန်သွားခြင်းဖြစ်၍ ခဲဘွယ် ဘောဇဉ်ကို ယာဉ်၌တင်၍ ဗုဒ္ဓထံသို့သွားခြင်းမဖြစ်နိုင်၊ ဗုဒ္ဓထံ ရောက်သောအခါ၌လည်း ရှိုးဝတ်ချ၍ စကားပြောဆိုကြောင်းသာပါသည်၊ တစုံတခု သောခဲဘွယ် ဘောဇဉ်ကိုလှူကြောင်းမပါ၊ လှူရမည့်အချိန်လည်းမဟုတ်၊ ထို့ကြောင့် ပေါ်တူရသောဟိတ်၏ အဓိပ္ပာယ်သည် သူ့နေရာဖြစ်သော ဥဿုဠ္ဌပြုက အဓိပ်ပင်ဖြစ်ရသည်။ သကေနိဝေသနေ – မိမိအိမ်၌ဟူသောစကား လည်း တိုက်ရိုက်ပါရှိသည်။

ပြဿနာ၏အရင်းခံမှာ သကေနိဝေသနေ ပဏီတံ ခါဒနီယံ ဘောဇနီယံ ပဋိယာဒါပေတွာ ယာနေအာရောပေတွာ – ဟူသောစကား၌ပါသော ``ယာနေအာရောပေတွာ = ယာဉ်၌တင်၍ ``ဟူသောစကားဖြစ်သည်၊ ။ နေရာ၌ ဆဋ္ဌသင်္ဂါယနာမူပါဠိကိုပင်အသေအချာစိစစ်ကြည့်ဖို့လိုသည်၊ အာရောပေတွာ–ဟုမရှိဘဲ အာရောဟေတွာ ဟုသာရှိခဲ့လျှင် ဤပြဿနာမပေါ်၊ အာရောပေတွာ ဟုပါရှိနေသောကြောင့်သာ ဤပြဿနာပေါ်သည်။ အာရောပေတွာ – သည်တင်၍ဟုအနက်ထွက်သည်။ အာရောဟေတွာ – တက်စီး၍ဟုအနက်ထွက်သည်။ ယာနေအာရောဟေတွာ ဟုသာရှိလျှင် ယာဉ်၌တက်စီး၍ ဟုအဓိပ္ပာယ်ထွက်သဖြင့် ရှင်းနေသည်၊ မူလစာအရှိမှာ ယင်း အာရောဟေတွာ ဖြစ်ပြီး နောက်မှ အသင့်သင့်ရေးကူးရာတွင် ဟ နှင့် ပ လွဲမှား၍ အာရောပေတွာ ဖြစ်သွား သလောဟု တွေးတောစရာဖြစ်နေသည်၊ ပ နှင့် ဟ လည်း ပုံပန်းချင်းနီးကပ်သဖြင့် လွဲမှားနိုင်စရာအကြောင်းရှိသည်။

မည်သို့ပင်ဖြစ်စေကာမူ ညအချိန်မီး ထွန်း၍ ဗုဒ္ဓထံသို့သွားခြင်းဖြစ်၍ ခဲဘွယ် ဘောဇဉ်ကို ယူသွားမည်မဟုတ်သည်မှာ သေချာသည်၊ ခဲဘွယ် ဘောဇဉ်ကို ချက်ပြုတ်ရန် သူ့အိမ်မှာစီမံထားခဲ့ပြီး ယာဉ်စီး၍ ဗုဒ္ဓထံထွက်သွားခြင်းသာဖြစ်သည်၊ ယင်းပြီးမှ နောက်တနေ့အတွက် ဆွမ်းဘုဉ်းပေးရန် ဖိတ်မန်ခဲ့သည်။

ထို့ကြောင့် အပိုဒ် ၂၉၂ စာ ၁၁၂ ၌ပါသော ထိုအခါ– စသောစာပိုဒ်တွင် ယာဉ်၌တင်စေ၍–ဟူသောစကားကို `` ယာဉ်တက်စီး၍ ``ဟုသာပြင်ဆင်ပြန်ဆိုသင့်ပေသည်။

အပိုဒ် ၂၉၀ စာ ၁၁၃

ကာမဂုဏ်တို့၏ အပြစ်ကို၎င်း၊ ယုတ်ညံ့ခြင်းကို၎င်း၊ ညစ်ညူးခြင်းကို၎င်း = ကာမဂုဏ်တို့၏အပြစ် ကာမဂုဏ်တို့၏ ယုတ်ညံ့ခြင်း၊ ကာမဂုဏ်တို့၏ ညစ်ညူးခြင်းကို၎င်း ဟုဆိုလိုသည်။

ဤအပိုဒ်သည် ဗုဒ္ဓတို့၏ အနုပုဗ္ဗီကထာ ခေါ် ဟောနေကျတရားစဉ်ကို ဖော်ပြသော အပိုဒ်ဖြစ်သည်။ ယင်း အနုပုဗ္ဗီကထာကို ``အစဉ်အတိုင်းသောတရားစကား ``ဟုမြန်မာပြန် ထားခြင်းဖြစ်သည်။

ဒါနနှင့်စပ်သောစကား = ဒါနကထာ၊ ဒါနတရား

သီလနှင့်စပ်သောစကား = သီလကထာ၊ သီလတရား

နတ်ပြည်နှင့်စပ်သောစကား = သဂ္ဂကထာ၊ နတ်ပြည်ရောက်ကြောင်းတရား

ကာမဂုဏ်၏အပြစ်ကို၎င်း၊ ယုတ်ညံ့ခြင်းကို၎င်း၊ ညစ်ညူးခြင်းကို၎င်း = ကာမာဒီနဝကထာကို၊ ကာမဂုဏ်၏အပြစ်ပြတရားကို ဟုဆိုလိုသည်။

၄။ <u>သောကဒဏ္ဍသုတ် ခက်ဆစ်အဖြေများ</u> ( <u>ဘာသာပြန်သူများအတွက်</u> )

အပိုဒ် ၃၀၀ စာ ၁၁၅

လူစည်ကားၿပီး ကျွဲနွားစသည့် ပေါများသော = လူစည်ကားသော ကျွဲနွား ဆင်မြင်း ပေါများသော၊ သို့မဟုတ်၊ လူနှင့်ကျွဲနွား တိရစ္ဆာန် ပေါများစည်ကားသော၊ ဤ ဝိသေသနစုသည် စမ္ပာမြို့ကို- ဟူသောနာမ်ပုဒ်၏ ဝိသေသနများဖြစ်ကြသည်။

မင်းမှရသည့် မင်းစည်းစိမ်ဖြစ်သော = မင်းမှရသည့် စည်းစိမ်ဖြစ်သော

သေနိယမည်သော = များသောစစ်သည်ဗိုလ်ပါရှိသော၊ ၊ ( အဋ္ဌကထာ ) ဤသို့လည်းအဋ္ဌကထာဖွင့်တိုင်းသာပြန်သင့်သည်။

အပိုဒ် ၃၀၁ စာ ၁၁၅

ထိုမြတ်စွာဘုရားသည် --- စသည်ကား ဗုဒ္ဓ၏ဂုဏ်တော်ပြ၊ ဝါ၊ ဂုဏ်သတင်းကျော်စောခြင်းပြ ပါဠိနက္ခစကားဖြစ်သည်၊ ယခင်သုတ်များက ပုံစံအတိုင်း သင့်လျော်အောင်ပြန်သင့်သည်။

အပိုဒ် ၃၀၂ စာ ၁၁၆

ထိုမြတ်စွာဘုရားသည် --- အပိုဒ် ၃၀၁ တွင်ပါပြီးဖြစ်၍ စကားမထပ်အောင် ဘာသာပြန်လိုလျှင် တနေရာမှာသာအပြည့်အစုံပြ၍ အခြားတနေရာတွင် အတိုချုပ်နိုင် သည် သို့ရာတွင် အပြည့်အစုံဖော်ပြလေ့ရှိသောပါဠိကထာအတိုင်း ၂- နေရာစလုံးအပြည့်ထည့်သွင်း၍ ပြန်လျှင်လည်း ပြန်နိုင်သည်၊ ဤသို့ ပေယျာလ မခံဘဲ စသည်ဟူသောစကား ဖြင့်မသိမ်းဘဲအပြည့်အစုံ ဖော်ပြခြင်းသည်၊ ပိဋကတ်ပါဠိ၏ဂုဏ်တခုဖြစ်သည်။

အမတ် --- အတိုင်ပင်ခံအမတ်-ဟု အောက်ခြေမှတ်ချက် ၌ပြထားသည်၊ အဋ္ဌကထာ၌လည်း မဟာမတ္တ-ဟုဖွင့်သည်၊ သို့ရာတွင်ပြ န်မာ့သုံးစွဲထုံး၌ မင်းကိုခစားသူကိုသာ အမတ်ခေါ်သည်၊ မြို့စား ရွာစား၏အမှုထမ်းကို အမတ် ခေါ် ရိုးမရှိ၊ အမှုထမ်းဟုဆိုလျှင်လုံ လောက်သည်။

အပိုဒ် ၃၀၃ စာ ၁၁၇

ဘိုးဘေး ခုနှစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏ = ဘိုးဘေး ၇-ဆက်တိုင်အောင်စင်ကြယ်သောအမိဝမ်းရှိ၏၊ စင်ကြယ် သောမျိုး ရိုးရှိ၏၊ အမျိုးသန့်စင်၏ဟုဆိုလိုသည်။

အပိုဒ် ၃၀၄ စာ ၁၁၉

မြေအောက် မြှုပ်နှံထားသော = မင်းရင်ပြင်ဥယျာဉ်စသည်တို့၌ မြှုပ်နှံထားသော ( ရွှေငွေ )

မြေပေါ် မြှုပ်နှံထားသော = ငွေတိုက်စသည်အဆောက်အဦ၌ထားသော၊ ၊ ပါဠိ၌ ဝေဟာသဋ္ဌ-ဟုဆိုသည်၊ ယင်းအလိုသော် ကောင်းကင်၌တည်သော၊ အဆောက်အဦ၌ရှိသောဟုပြန်သင့်သည်၊ ဤဂုဏ်ပုဒ်ကား ရွှေငွေပေါများသည်ဟု ရွှေငွေကိုသာရည်ရွယ် ပြောဆိုသည့်ဂုဏ်ပုဒ်ဖြစ်သည်။

ငယ်ရွယ်ပျိုမျစ်သည်ဖြစ်လျက် --- ဤဂုဏ်ပုဒ်တွင်ကား ပထမအရွယ်ငယ်စဉ်ကရဟန်း ပြုခဲ့သူဖြစ်သည်ဟု ဆိုလိုသည်။

အမိအဖတို့မလိုလားကုန်၍ --- ဤဂုဏ်ပုဒ်ကား မိဘတို့ကအလိုမရှိဘဲ ရဟန်းပြု ခဲ့သူဖြစ်သည်၊ မိဘတို့ကနှင်ထုတ်လိုက်သဖြင့် ရဟန်းပြုခဲ့သူမဟုတ်ဟု ဆိုလိုသည်။

အပိုဒ် ၃၀၄ စာ ၁၂၀

မင်းမျိုးစဉ်ဆက် ပျက်သော --- အသမ္ဘိန္နခတ္တိယဝံသ=မရောမယှက်မပျက် မစီးသော ခတ္တိယမင်းမျိုးမှ ရဟန်းပြုခဲ့သူဖြစ်သည် ဟုဆိုလိုသည်၊ ရှေးဦးဂုဏ်ပုဒ်ကား အမျိုးဇာတ် သန့်သည်ကိုပြသည်။ ဤဂုဏ်ပုဒ်ကားခတ္တိယမျိုး ( မင်းမျိုး )ဖြစ်သည်ကိုပြသည်။

များသောဥစ္စာရှိသော၊ များသောစည်းစိမ်ရှိသော --- အဝတ်အစားအ သုံးအဆောင်ဆင်မြင်း ကျွဲ နွား စည်းစိမ်ဥစ္စာများသောအမျိုးမှ ရဟန်းပြုသည်ဟု ဆိုလိုသည်။ ရှေးဂုဏ်ပုဒ်ကား ရွှေငွေပေါများသည်ကိုပြသည်၊ ဤဂုဏ်ပုဒ်ကား ရွှေငွေမှတပါး အခြားစည်း စိမ်ဥစ္စာချမ်းသာကြွယ်ဝသည်ကိုပြသည်။

အပိုဒ် ၃၀၄ စာ ၁၂၁

ပရိသတ် ၄-ပါးတို့သည် --- ရဟန်း ရဟန်းမိန်းမ ဥပါသကာ ဥပါသိကာဟူသော ပရိသတ်တို့သည်၊ ဤဂုဏ်ကား ခြွေရံပရိသတ် ပေါများသည်ဟုဆိုလိုသည်။

အပိုဒ် ၃၀၈ စာ ၁၂၃

ငါသည်ရဟန်းဂေါတမကို ပြဿနာမေးမြန်းအံ့ --- ဤစကားသည်၊ အပိုဒ် ၃၀၆-က စကားကိုပြန်ပြခြင်းသာဖြစ်သည်၊ ယင်းကိုသောဏဒဏ္ဍပုဏ္ဏားသည် ထိုအကြံအစည် ကိုပင်ကြိမ်ဖန်များစွာကြံလျက်ထိုင်နေ၏၊ ထိုင်နေစဉ်မှာလည်း ထိုအကြံကိုသာကြိမ်ဖန်များစွာ ကြံလျက်ရှိ၏-ဟုဆိုလျှင်ပင်လုံ လောက်နိုင်သည်၊ စာဖတ်သူကထိုအကြံကိုသာ ပုဏ္ဏားကကြံ တွေးနေ သည်ဟု နားလည်နိုင်လောက်သည်၊ ဤအရာမျိုးမှာအရေး မကြီးလှသောအရာဖြစ်၍ တကြိမ် ဖော်ပြလျှင်သင့်တော်လောက်ပြီဟုထင်ပေသည်။

အပိုဒ် ၃၁၁ စာ ၁၂၅

အသျှင်ဂေါတမ --- ငါးပါးသောအင်္ဂါတို့နှင့် --- ယင်းအင်္ဂါ ၅-ပါး တို့မှာ အချုပ်အားဖြင့် အောက်ပါအတိုင်းဖြစ်ကြသည်။

၁။ အမိအဘနှစ်ဖက်စလုံးမှအထက် ၇-ဆက်တိုင်အောင်အမျိုးဇာတ်သန့်ရှင်း ခြင်း

၂။ ဗေဒင်ကိုသင်ကြားတတ်မြောက်ခြင်း

၃။ အဆင်းလှခြင်း

၄။ အကျင့်သီလရှိခြင်း

၅။ ဉာဏ်ပညာနှင့်ပြည့်စုံခြင်းတို့ဖြစ်ကြသည်။

အပိုဒ် ၃၁၈ စာ ၁၂၉

ပုဏ္ဏားပူဇော်အထူးကိုခံတော်မူထိုက်သော (အလုံးစုံသောတရားတို့ကို) ကိုယ် တိုင်မှန်စွာသိတော်မူသော၊ ပ၊ မြတ်စွာဘုရားသည် ၂၂ လောကသို့ပွင့်တော်မူ၏၊ ပ၊

ဤပေယျာလတို့ကို ဖော်ရာ၌ သာမညဖလသုတ် ၊ အပိုဒ် ၁၉၀ ၊ စာ ၆၅ မှ ``မင်းကြီး`` နေရာတွင်ပုဏ္ဏားကိုထည့်၍အထက်တွင်အမြွက်ပြထားသည့်အတိုင်း ဖော်ရမည် ၊ စူဠသီလ မဇ္ဈိမသီလ မဟာသီလတို့ပြီးဆုံးသောအခါ ``ပုဏ္ဏား --- ဤသို့လျှင်ရဟန်း သည်သီလနှင့်ပြည့်စုံပေ၏ ၊ ပုဏ္ဏား --- ဤ ၃-မျိုးသောသီလသည် ( မူလက ဝါဆိုခဲ့သော ) သီလပင်တည်း``ဟူသောနိဂုံးဖြင့် နိဂုံးချုပ်ရမည်။

။ ပ၅ ပထမဈာန်သို့ ရောက်၍ နေ၏ --- ဤပေယျာလကို ဖော်ရာ၌ အပိုဒ် ၂၁၃ စာ ၇၃ ၊ ယူ ခြေကို စောင့်စည်းခြင်းမှစ၍ အစဉ်အတိုင်းသာ ဖော်ရမည် ၊ သို့ရာတွင် ဈာန်တခုခု၏အဆုံး၌ ``မင်းကြီး --- ဤသည်လည်းစသောရဟန်းဖြစ်ကျိုးပြ နိဂုံးစကားတို့ကို ချန်ထားခဲ့ရမည် ၊ ဤသုတ်၌ ဗုဒ္ဓသည် ဈာန် ၄-ပါးတို့ကိုပညာ၌သွင်း၍ပြ သော်လည်း ပညာဟုအမည်မတပ်သေးဘဲ ဉာဏ် ၈-ပါးအထိ ဟောပြီးမှ ``ပုဏ္ဏား --- ဤ ၈-မျိုးသော ပညာသည် ထို ( မူလက ဝါဆိုခဲ့သော ပညာပင်တည်း -ဟုနိဂုံးကြီးချုပ် တော်မူသည်။ သို့ရာတွင် ဉာဏ် ၈-ပါးတခုခုအပြီးတွင် ``ပုဏ္ဏား --- ဤသည်လည်း ထိုရဟန်း၏ ပညာပင်တည်း -ဟုနိဂုံးငယ် ၈-ခုချုပ် တော်မူခဲ့သေး သည်။

။ ပ၈ ဒုတိယဈာန်သို့ --- ဤပေယျာလကို ဖော်ရာ၌ အပိုဒ် ၂၂၇-မှစ၍ ထုတ် ဖော် လေဟု အောက် ခြေမှတ်ချက်တွင်အမှာပါသည်။ သို့ရာတွင်ယင်းသာမညဖလသုတ်အပိုဒ်-၂၂၇-မှာ ``မင်းကြီး --- ဥပမာသော်ကား --- စသည်ဖြင့်ဈာန်ချမ်းသာ၏ဥပမာပြစကားသာဖြစ်သည်။ ပထမဈာန်သို့ ရောက်၍ နေ၏ ဟူသော ရှေ့စကားနှင့်မဆက်မိ ၊ ယင်းရှေ့စကားမှာ အပိုဒ် ၂၆၆-၌ပါသောစကားဖြစ်၍ ယင်းစကားနှင့်တဆက်ထည်းကပ်လျက်ရှိသော ``ထိုရဟန်းသည် ဤကိုယ်ကိုပင်လျှင်ဟူသော စကားမှစ၍ ဖော်ရမည်``သို့မှသာ ရှေ့စကား နောက်စကားညီညွတ်သည်။

ထို့ပြင် ယင်းအောက်ခြေအမှာ၌ ``အပိုဒ် ၂၂၈-တွင် တတိယအပိုဒ်ခွဲကိုကား ချန်ထားလေ``ဟူသောစကားလည်းမမှန်။ အပိုဒ် ၂၂၈-တွင်တတိယအပိုဒ်ခွဲမရှိ ၊ တပိုဒ်သာပါသည် ၊ အပိုဒ် ၂၂၇-၌သာ တတိယအပိုဒ်ခွဲပါသည် ၊ ယင်းအပိုဒ်ခွဲကား ``မင်းကြီး ဤသည်လည်းရှေး၌ဖြစ်ကုန်သောစသောရဟန်းဖြစ်ကျိုးပြ နိဂုံးစကားဖြစ်သည် ၊ ယင်းကိုချန်ထားခဲ့ရမည် ၊ ယင်းနှင့်အလားတူ ဈာန် ၄-ပါးတို့နောက်၌ပါသော ရဟန်းပြုကျိုးပြ နိဂုံးစကားတို့ကို ချန်ထားရမည် ၊ ယင်းနိဂုံးစကားတို့ကား သာမညဖလသုတ်တွင်သာဆိုင်သည် ၊ ဤသုတ်နှင့်မဆိုင် ၊ ဤသုတ်ကား ပုဏ္ဏားကို ဟောသည့်သုတ်ဖြစ်သည်။

။ ပ၇ ဤမဂ်ကိုခွာလို့ငှာ။ ။ ဤပေယျာလကို ဖော်ရန်မှာထားသောစကားလည်းမှားနေသည်။ ယင်း သာမညဖလသုတ် ၂၃၇-မှာ ဥပမာပြစကားသာဖြစ်သည်။ အမှန်မှာအပိုဒ်၂၃၆-မနောမယိဒ္ဓိဉာဏ်ပြစကားမှစ၍ ဖော်ရမည်။ စာမျက်မှာ ၈၀ အပိုဒ် ၂၄၉ ဒုတိယ အောက်ဆုံးစာကြောင်း ( မဂ် ) ကိုခွာကိုပြုပြီးပြီ``ဟူသောစကားထိ ဖော်ရမည်။ သို့မှသာ စကားဆက်မိသည်။

အချုပ်အားဖြင့်ဆိုသော် သာမညဖလသုတ်၌ပါသော သီလ သမာဓိ ပညာပြတရားတို့ကိုအားလုံး ဖော်ထုတ်ပေးရမည်။ သို့ရာတွင်ဤသုတ်နှင့်မဆိုင်သောအလုပ်စကား နိဂုံးချုပ်

စကားတို့ကို ချန်ထားခဲ့ရမည်။ ယင်းသို့ချန်ထားခဲ့ပြီး သီလ ၃-ပါးအပြီး၌ ``အိုပုဏ္ဏား --- ဤသုံးမျိုးသောသီလသည် ထိုဓါပြောခဲ့သောသီလတည်း``ဟု နိဂုံးတချက်ချုပ်ရမည်၊ ထိုနောက် ဣန္ဒြေကို စောင့်စည်းခြင်းမှစ၍ အကုန်ဖေါ်သွားရမည်။ မင်းကြီး ဤလိုရဟန်းဖြစ်ကျိုးတည်း စသောနိဂုံးတို့ကို ချန်ထားခဲ့ရမည်။ ဝိပဿနာဉာဏ်သို့ ရောက်သောအခါမှ ``ပုဏ္ဏား ဤသည်လည်း ထိုရဟန်း၏ ပညာတည်း``ဟုတချက်နိဂုံးချုပ်ရမည်၊ ထက်လက်၍ ဉာဏ် ၈-ပါး အနက် တပါးပါးပြီးတိုင်းအလားတူ နိဂုံးငယ်ချုပ်ရမည်။ ၈-ပါးလုံးပြီးသောအခါမှ၊ ``အိုပုဏ္ဏား --- ဤ ၈-မျိုးသောပညာသည် ထိုမူလကဓိဆိုခဲ့သော ပညာပင်တည်း``ဟုနိဂုံးကြီးချုပ်ရမည်။

ပေယျာလ ဖေါ်ရာ၌ ဘာသာပြန်စာအုပ် အများမှာ မသေမချာဖြစ်နေကြသည်၊ သတိကြီးစွာထား၍ ဖေါ်သင့်သည်။

## ၅။ ကူဋဒန္တသုတ် ခက်ဆစ်အဖြေ ( ဘာသာပြန်သူများအတွက် )

အပိုဒ် ၂၃၂ စာ ၁၃၃

အမ္ဗလဋ္ဌကာ = သရက်ပင်ပေါများသောဥယျာဉ် သရက်ဥယျာဉ်

ယဇ်တိုင်သို့ = ယဇ်ပူဇော်ခံရမည့်အကောင်တို့ကို ချည်၍သတ်ရာဖြစ်သော တိုင်အနီးသို့

အပိုဒ် ၃၃၅ စာ ၁၄၀

တဆဲ့ခြောက်ပါးသောအရံအတားရှိသည့်=တဆဲ့ခြောက်ပါးသောအခြံအရံရှိသော ဤစကားသည် သောဠသပရိက္ခာရ-ဟူသောပါဠိကို မြန်မာပြန်ထားခြင်းဖြစ်သည်၊ သောဠသ-ကား ၁၆ ဖြစ်သည်၊ ပရိက္ခာရကား အရံအတားမဟုတ်၊ အခြံအရံသာဖြစ်သည်။ အဋ္ဌကထာမှလည်း ပရိဝါရသဒ္ဒါနှင့်လဲလှယ်၍ပြသည်၊ ပရိဝါရကား အခြံအရံအကြောင်း အင်္ဂါသာဖြစ်သည်၊ နောက်တွင်အရံအတားဟုပါသမျှအခြံအရံဟုသာပြန်ရမည်။

ယဇ် = ယဇ၊ ပါဠိ၊ ပူဇော်ခြင်း

အပိုဒ် ၃၃၈ စာ ၁၄၁

ရွာကို ဖျက်ဆီးခြင်းတို့သည်လည်း ထင်ကုန်၏= ရွာကိုဖျက်ဆီးခြင်းတို့သည်လည်း ထင်ရှားရှိနေကြကုန်၏၊ ရွာကို ခိုးသား ဒမြတို့က ဖျက်ဆီးခြင်းသတင်းတို့ကိုလည်း ကြားသိနေကြရကုန်၏။

အပိုဒ် ၃၃၈ စာ ၁၄၂

အိမ်တို့ကိုမပိတ်ကုန်ဘဲလျက် နေကြရသကဲ့သို့ဖြစ်ကုန်လတ္တံ့=အိမ်တံခါးတို့ကို မပိတ်ဘဲနေကြလိမ့်မည်ဟုထင်ပါသည်။

အပါရုတဃရာ မညေ ဝိဟရိဿန္တိ-ဟူသောပါဠိ၌ မညေ-ဟူသောပုဒ်ကိုထင်၏ ထင်ပါ၏ဟုအနက်မပေးဘဲ ကဲ့သို့-ဟု ဥပမာအနက်ယူသောကြောင့် စကားစပ်မှား၍ အဓိပ္ပါယ်ဖျက်ခြင်းဖြစ်သည်၊ နောက်စာပိုဒ်က စကားကိုလည်း အထက်ပါအတိုင်းသာပြန်ဆိုသင့်သည်။

အပိုဒ် ၃၃၉ စာ ၁၄၄

ဤလေးမျိုးသောသဘောတူအသင်းအပင်းဟူသည်= ဤသဘောတူခွင့်ပြုသောအမျိုး ၄-ပါးတို့သည်၊ ဝါ၊ ဤအမျိုး ၄-ပါးတို့က သဘောတူခွင့်ပြုခြင်းသည်။

အပိုဒ် ၃၄၁ စာ ၁၄၅

ထိုယဇ်၏သာလွှင်အံ့ရံအတားဖြစ်ကြကုန်၏ = ထိုယဇ်၏အခြံအရံအကြောင်းအင်္ဂါတို့သာဖြစ်ကြကုန်၏။

ယဇ်ကိုအန္တရာယ်ပြုမည်စိုး၍ အရံအတားလုပ်ခြင်းမဟုတ်၊ ယဇ်ကိုပြည့်စုံစေရန် အကျိုးကြီးမားစေရန် အခြံအရံအင်္ဂါအဖြစ်ဖြင့် ဆောင်ရွက်ရသောကိစ္စတို့သာဖြစ်ကြသည်။ ရှိသင့်ရှိထိုက်သော ဂုဏ်အင်္ဂါတို့သာဖြစ်ကြသည်။

အပိုဒ် ၃၄၂ စာ ၁၄၅

(၁) ယဇ်ကြီးပူဇော်ရန်ကြံစည်တောင့်တနေသော (ကာလ၌) အရှင်မင်းအား = အရှင်မင်းမြတ်သည် ယဇ်ကြီးပူဇော်ရန် တောင့်တကြံစည်စဉ်။ ။ယဇ်မပူဇော်မီ ရှေးအဖို့တွင်ဟုဆိုလိုသည်။

အပိုဒ် ၃၄၇ စာ ၁၅၀

အလှူ (ယဇ်) ဝင်း၏ = အလှူတင်းကုပ်၏၊

အဋ္ဌကထာ၌ ရသော ဒါနသာလာယ (မင်းကြီး၏အလှူတင်းကုပ်၏ ) ဟု ဖွင့်သည်။

အပိုဒ် ၃၄၈ စာ ၁၅၂

အောက်ခြေတွင် ``ဤ ဥယဇိတွာဝ --- စသောအမှာအရသာပြန်ဆိုသင့်သည်၊ အထက်တွင်ပါသည့်မြန်မာပြန်မှာမသင့်လျော်၊ ယဇ်ကိုပူဇော်၍သော်၄င်း ဟူသောစကားသည် ကိုယ်တိုင်ပူဇော်သည်ကိုရည်ညွှန်းသည်၊ ကိုယ်တိုင်ပူဇော်သူဖြစ်ခဲ့သော မဟာဝိဇိတာဝီမင်းသော်လည်း ဖြစ်ခဲ့ပါသလောဟူသောအမေး၌သာ ဤစကား ကိုဆိုအပ်သည်။ ဗုဒ္ဓ၏ အဖြေ၌ကား ညွှန်ကြား၍ - ဟုညွှန်ကြားသူပုရောဟိတ်အဖြစ်သာလိုအပ်သည်၊ အောက်ခြေရှိအမှာအတိုင်း တချက်တည်းသာယူ၍ပြန်သင့်သည်။

အပိုဒ် ၃၄၉ စာ ၁၅၂

အကျိုးလည်း ရှိသော = တိုက်ရိုက်အကျိုးရှိသော၊ အကျိုးရင်းရှိသော

အာနိသင်လည်းရှိသော = ဆင့်ပွားအကျိုးရှိသော၊ အကျိုးဆက်ရှိသော၊ အကျိုးကား မူလအကျိုး ၊ အကျိုးရင်း ၊ တိုက်ရိုက်အကျိုးဖြစ်သည်။ အာနိသင်ကား အကျိုးဆက်ဆင့်ပွားအကျိုးဖြစ်သည်။

ပုဏ္ဏား --- သုံးပါးသောဝိဓ်ထားနှင့်တကွ ခြောက်ပါးသော၊လ၊ယဇ်သည် ရှိသေး၏ = အိုပုဏ္ဏား --- ရှိသေး၏။ ဤမျှသာ ဖြေလျှင်လည်း လုံလောက်သည်၊ အမေးတွင်ပါသော နာမဝိသေသနတို့ကို အဖြေတွင်လိုက်နေစရာမလို။

အရှင်ဂေါတမ --- ၊လ၊ထိုယဇ်သည်အဘယ်ပါနည်း = အရှင်ဂေါတမ --- ထိုယဇ်သည် အဘယ်ပါနည်း ဟုဤမျှသာ မေးလျှင်လည်း လုံလောက်သည်၊ ပထမအမေးက နာမဝိသေသနတို့ကို ပြန်၍ထည့်ရန်မလို။

ပုဏ္ဏား --- သီလရှိသော ရဟန်းတို့အား --- စသောအဖြေကိုလည်း အောက်ပါအတိုင်း ဖြေလျှင်လို လောက်သည်။

``အိုပုဏ္ဏား --- သီလရှိသော ရဟန်းတို့အား ရှိခိုးဦးချကန်တော့သော မျိုးရိုးစဉ်ဆက်ယဇ် (နိစ္စဒါန) မျိုးဖြစ်သည်။ ဤယဇ် (နိစ္စဒါန) သည်၊ ထိုယဇ်ကြီး ထက်ဝန်နည်းပါး ပြီးသာ၍အကျိုးကြီးမားသည်။

အရှင်ဂေါတမ --- စသော သည့်နောက်ထပ်မေးခွန်းကို အောက်ပါအတိုင်း မေးလျှင်လို လောက်သည်။

`` အရှင်ဂေါတမ --- အဘယ်ကြောင့်ပါနည်း ``

ဤသို့စသည်ဖြင့်အမေးအဖြေတို့ကို အနှိပ်ပယ်ပေါင်းပြုမပြန်ဆိုသင့်သည်၊ ဘာသာပြန်တွင်ပါရှိသည့်အတိုင်း နာမဝိသေသနဖြစ်သော ပိုက်ပုဒ်များကို အမေးအဖြေပါ လိုက်နေလျှင် ဘာမေးမှာဘာဖြေရမှန်း မသိဖြစ်နေပါလိမ့်မည်။ ပုဂ်နိဒါန်းတွင်လွှန်ပြထား သောခေါင်းစဉ်တို့ကိုကြည့်၍ ပေါ်လွင်ထင်ရှားအောင်ပြန်သင့်သည်။

အပိုဒ် ၃၅၃ ဝ၁ ၁၅၅

ပုဏ္ဏား --- ပူဇော်အထူးကိုခံပေါ်မှုထိုက်သော ---

ဤနေရာတွင် သာမညဖလသုတ်အတိုင်း စူဠသီလ မဇ္ဈိမသီလ မဟာသီလတို့ကိုအစဉ်အတိုင်း ဖော်ပြရမည်၊ မဟာသီလပြီးဆုံးသောအခါ ``အိုပုဏ္ဏား --- ဤသို့လျှင် ရဟန်းသည် သီလနှင့်ပြည့်စုံ၏`` ဟု သီလနိဂုံးသပ်၍ သက်လက်ပြန်ဆိုရမည်။ ထိုနောက် ပထမဈာန်ပြီးဆုံးသောအခါမှ ``အိုပုဏ္ဏား --- ဤယဇ် (ပထမဈာန်) သည် ရှေးယဇ်တို့ထက်သာ၍နည်းသောကိစ္စလည်းရှိ၏။ သာ၍နည်းသောအားထုတ်ရမှုလည်းရှိ၏၊ သာ၍အကျိုးအာနိသင်များ၏၊`` ဟု ယဇ်တပါးအဖြစ် နိဂုံးချုပ်ရမည်။

ထိုနောက်ဒုတိယဈာန်ကို ဖော်ပြ၍ ယင်းယဇ်နိဂုံးချုပ်ရမည်၊ ပုဏ္ဏား၏ အမေးတို့ကိုလည်း ယဇ်နိဂုံးတခုတခုအပြီးတွင် ထည့်မြဲထုံးစံ ထည့်ရမည်၊ အဆင့်ဆင့်မေး၍အဆင့်ဆင့်ဖြေထားသည်ကို အစဉ်သတိပြုရမည်။ နောက်ဆုံး အာသဝက္ခယဉာဏ်အထိ ပုဏ္ဏား၏အမေး ပါရမည်။ ယင်းအမေးပြီးမှ အာသဝက္ခယဉာဏ်ကို ဖော်ပြ၍ ``အိုပုဏ္ဏား --- ဤပြည့်စုံသောယဇ် (အာသဝက္ခယဉာဏ်) ထက်သာ၍ --- စသော နောက်ဆုံးနိဂုံးကြီးကို ချုပ်ရမည်။

အပိုဒ် ၃၅၅

ဤသည်ကား အဘယ်နည်း --- ဤစကားသည် ဗုဒ္ဓတို့၏ ဟောနည်းကျတရား ဝဉ် (အနုပုဗ္ဗိကထာ) ကို ဖော်ပြသောစကားဖြစ်သည်၊ အမ္ဗဋ္ဌသုတ်တွင်လည်း ပါခဲ့ပြီးဖြစ်သည်။ ယင်း ဟောနည်းကျတရားစဉ်မှာ -

ဒါနကထာ = ဒါနတရား

သီလကထာ = သီလတရား

သဂ္ဂကထာ = နတ်ပြည်ရောက်ကြောင်းတရား

ကာမာဒီနဝကထာ = ကာမဂုဏ်၏အပြစ်ပြတရား

နေက္ခမ္မာနိသံသကထာ = ကာမဂုဏ်မှထွက်မြောက်ခြင်း ၊ ဝါ၊ ရဟန်းပြုခြင်း၏ အကျိုးပြတရားတို့ဖြစ်ကြသည်။ ဤအနုပုဗ္ဗိကထာပြခဲ့သောတရား သည်သုတ်တိုင်း လိုလိုပင်ပါရှိတတ်သဖြင့် အထူးသတိပြု၍ပြန်ဆိုသင့်သည်။ သို့မှသာ နောက်သုတ်များသို့ရောက်သောအခါ ပြန်၍ညွှန်းနိုင်မည်။

၆။ <u>မဟာဝဂ်သုတ် ဘာသာပြန်ခက်ဆစ်အဖြေ</u> (<u>ဘာသာပြန်သူများ အတွက်</u>)

အပိုဒ် ၃၆၀ စာ ၁၆၀

ပရိသတ်မှဖဲ၍ ကိန်းအောင်းနေတော်မူ၏ = သီးသန့်နေတော်မူ၏၊

အပိုဒ် ၃၆၆ စာ ၁၆၂

တဘို့တည်း အတွက်သာလျှင် = တဖက်သတ်အားဖြင့်သာလျှင်

တည်ကြည်မှုသမာဓိတရားကို = ချွန်အားသာသည့်တရားကို

အပိုဒ် ၃၇၂ စာ ၁၆၅

မဟာဝဂ် --- ထိုပွားများအပ်သောတည်ကြည်မှုသမာဓိတရားတို့ကို၊ လ ၊ ကျင့်ကုန်၏ = အိုမဟာဝဂ် --- ထိုချွန်အားသာသည့် သမာဓိတရားတို့ကို ရလိုသောကြောင့် ရဟန်းတို့သည် ငါ့ထံ၌ ရဟန်းပြုကြသည်မဟုတ်၊ ထို့ထက်သာလွန်မွန်မြတ်သော အခြားတရားတို့ကို ရလိုသောကြောင့် ရဟန်းတို့သည် ငါ့ထံ၌ရဟန်းပြုကြသည်-ဟုဆိုလိုသည်။

အပိုဒ် ၃၇၃ စာ ၁၆၅

အရှင်ဘုရား --- ရဟန်းတို့သည် --- လ --- အဘယ်ပါနည်း = အရှင်ဘုရား --- ထိုသာလွန်မွန်မြတ်သော တရားတို့ကား အဘယ်တို့ပါနည်း ဟုဆိုလိုသည်။

မဟာဝဂ် --- ဤသာသနာတော်၌ --- လ --- ကျင့်ကြကုန်၏ = အိုမဟာဝဂ် ဤသာသနာတော်၌ ရဟန်းသည် သံယောဇဉ် ၃-ပါးတို့အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ကျရောက်ခြင်း သဘောမရှိသော၊ မြဲမြံသော၊ အထက်မဂ် ၃-ပါးလျှင်လားရာ ရှိသော သောတာပန်ဖြစ်၏၊ ထိုသောတာပန်အဖြစ်သည်လည်း ထိုသာလွန်မွန်မြတ်သောတရား တပါးပင်ဖြစ်သည် ဟုဆိုလိုသည်၊ နောက်၌လာသော သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့ကိုလည်း ဤနည်းဖြင့်သာ ဘာသာပြန်လျှင် သင့်လျော်လိုလောက်သည်။

မြဲသော = တရားသဘောအားဖြင့် မြဲမြံသော၊ နောက်သို့မပြန် နိဗ္ဗာန်သို့ရောက်ရန်ကိန်းသေသော

အပိုဒ် ၃၇၃ စာ ၁၆၆

မဟာဝဂ် --- တဖန် ထို့ပြင်လည်း ရဟန်းသည် အာသဝတို့၏ကုန်ခြင်းကြောင့် လ --- ကျင့်ကုန်၏ = အိုမဟာဝဂ် --- ထို့ပြင်လည်း ရဟန်းသည် အာသဝေါတရားတို့၏ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်၊ အရဟတ္တဖိုလ်ပညာကို မျက်မှောက်ဘဝ၌ပင် မျက်မှောက်ပြု၍ရရှိလျက်နေ၏၊ (အရဟတ္တဖိုလ်ကိုရ၏ဟုဆိုလိုသည်)

ဂျရဟတ္တာအဖြစ်သည်လည်း ထိုသာလွန်မွန်မြတ်သော တရားပေါ်ပေါင်ဖွင့်သည်။

မဟာဝဂ္ဂ --- ရဟန်းတို့သည် ၊ လ ၊ ဂျပ်တို့ပင်တည်း = ကိုမဟာဝဂ္ဂ---မျှော်နဲ့အဘိပ္ပာယ်သမာဓိတရားတို့က် သာလွန်မွန်မြတ်သော တရားတို့ကား ဂျလေးပါးတို့ပင်ဖြစ်ကြသည် ဟုဆိုလိုသည်။

အပိုဒ် ၃၇၄ စာ ၁၆၆

အရှင်ဘုရား --- ထိုတရားတို့ကိုမျက်မှောက်ပြုရန် လမ်းပဋိပတ်ရှိပါသလော ၊ အကျင့်သည်ရှိပါသလော = အရှင်ဘုရား --- ထိုတရားကို မျက်မှောက်ပြုရန် ( ရရှိရန် ) လမ်းစဉ်ရှိပါသလော ၊ အကျင့်တရားရှိပါသလော ၊ ( အကျင့်လမ်းစဉ်ရှိပါသလော ) ဟုဆိုလိုသည်။

အပိုဒ် ၃၇၅ စာ ၁၆၆

အရှင်ဘုရား --- လ ၊ အဘယ်ပါနည်း = အရှင်ဘုရား --- ထိုအကျင့်လမ်းစဉ်ကား အဘယ်ပါနည်း ဟုဆိုလိုသည် ၊ ဂျမျှမေးလျှင်ပင် ရလာက်သည် ၊ အဖြေ ဥလည်း ဂျမျှဖြေလျှင်လုံလောက်သည်။

အပိုဒ် ၃၇၇ စာ ၁၆၇

( ပဌမရှာန်သို့ရောက်ခြင်း ) ဓိပ္ပာယ်တို့ --- ကြောင်ရဟန်းသည် ဂျသို့သိ၏ ၊ ဂျသို့မြင်၏ ၊ ထိုရဟန်းအား သင့်လျော်ပါမည်လောဟုမေးလေ = ဓိပ္ပာယ်တို့ ထိုပဌမရှာန်ကိုရ၍ ဂျသို့သိမြင်နေသောရဟန်းအား "အသက်သည်ကိုယ် ၊ ကိုယ်သည်အသက်" ဟုဂျသော်၎င်း ၊ "အသက်သည်တခြား ကိုယ်သည်တခြား" ဟုသော်၎င်း ဂျသို့သော စကားကိုဆိုရန်သင့်လျော်ပါမည်လောဟုမေးသော် -

ထိုပရိဗိုဇ်တို့သည် --- ဖြေကုန်၏ = ထိုပရိဗိုဇ်တို့သည် ဓိပ္ပာယ် --- သင့်လျော်ပါ၏ဟု ဖြေကြကုန်၏ ၊ ဂျမျှလောက်ပြန်ဆိုလျှင်လည်း အဓိပ္ပာယ်ပေါ်လွင်သည်။

ဓိပ္ပာယ်တို့ --- ငါသည် --- မဆို = ဓိပ္ပာယ်တို့ --- ငါကား ထိုပဌမရှာန်ကိုရ၍ ဂျသို့သိမြင်၏ ၊ ထိုသို့သိမြင်သည်ဖြစ်၍ ဂျအသက်ကိုယ်အတူတူဖြစ်သည်ဟုလည်း မဆို ၊ တခြားစီဟုလည်း မဆိုပေ ၊ ( ငါကား ပဌမဈာန်ကိုရရှိသိမြင်သော်လည်း ဂျသို့မဆိုတော့ပြီ – ဟုဆိုလိုသည် )။

၇။ ဇာလိယနှင့် ခက်သင်အဖြေ ( ဘာသာပြန်မှုများ ကောက်သော )

အပိုဒ် ၃၇၈ စာ ၁၆၉

မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ ကျူးကျူးကျယ်ကျယ် ပြောဆိုကြကုန်၏ = မြတ်စွာဘုရာနှင့်အတူတကွ ဝမ်းမြောက်ဝမ်းသာ ချီးကျူးဖွယ် ပြောဆိုကြကုန်၏ ၊ ချီးကျူးဖွယ်စကား ပြောကြားကြကုန်၏။

အပိုဒ် ၃၇၉ စာ ၁၆၉

ထိုရဟန်းအား ထိုကိုယ်သည်ပင်အသက် --- သင့်လျော်ပါမည်လော = ထိုရဟန်းသည် အသက်နှင့်ကိုယ်သည် အတူတူပင်ဖြစ်သည်ဟူသော စကားကိုသော်၎င်း ၊ အသက်နှင့်

ကိုယ်သည်တခြား စိဖြစ်သည်ဟူသော စကားကို သော်၎င်း၊ ဆိုထိုက်ပါသလော၊ ဆိုရန်ဖြစ်နိုင်ပါသလော ဟုဆိုလိုသည်။

ငါ့ရှင်ဂေါတမ --- အကြင်ရဟန်းသည် ဤသို့သိ၏၊ ဤသို့မြင်၏ --- ဆိုရန်သင့်လျော်ပါ၏ = ငါ့ရှင်ဂေါတမ --- ထိုရဟန်းသည် ဤစကားမျိုးကို ဆိုထိုက်ပါသည် ဆိုရန်ဖြစ်နိုင်ပါသည် ဟုဆိုလိုသည်။

ငါ့ရှင်တို့ --- ငါသည် ထိုပထမဈာန်ကို --- ငါသည်ကား မဆို = ငါ့ရှင်တို့ ငါသည် ထိုပထမဈာန်ကိုရ၏၊ သို့ရာတွင် ငါသည် ဤစကားမျိုးကိုမဆိုဟုဆိုလိုသည်။

ဤသုတ်ကိုဘာသာပြန်ရာ၌ ပိဋကတ်မြန်မာပြန်တွင် ဖေါ်ပြသည့်အတိုင်း ရှေ့နောက် ပေယျာလ ခံ၍ပြန်လျှင်သင့်မည်မထင်၊ အောက်ပါအချက်အလက်တို့ကိုကြည့်ရှု၍ ဖေါ်သင့်သည်၊ ပေယျာလတို့ကို ဖေါ်ပြီး ကြည့်သော်ရှုသော် စိတ်ပါဝင်စားစရာဖြစ်အောင်ပြန်သင့်သည်ဟု ထင်ပေသည်။

၁။ ဗုဒ္ဓသည် ဘုရားပွင့်တော်မူသည်မှစ၍ ပထမဈာန်ရသည်အထိသာမည ဖလသုတ်အတိုင်း ဟောကြားပြီး ငါ့ရှင်တို့ --- ဤအသိအမြင်မျိုးရှိသောရဟန်းသည်အသက် နှင့်ကိုယ်စကားမျိုး ကိုဆိုမည်လောဟုတကြိမ် မေးမြန်းတော်မူသည်၊ ထိုအခါပရိဗိုဇ်တို့က ဆို ပါလိမ့်မည်ဟု ဖြေကြသည်။

၂။ ထိုနောက် ဗုဒ္ဓက ငါကား ပထမဈာန်ကိုရ၏၊ သို့ရာတွင် ဤစကားမျိုး ကို မဆိုဟု စကားခံ၍ ဒုတိယဈာန်ကို ဟောပြီး ရှေးနည်းတူတကြိမ် မေးတော်မူပြန်သည်၊ ထိုအခါ ပရိဗိုဇ်တို့က ဆိုပါလိမ့်ဦးမည်ဟုပင် ဖြေကြသည်။

၃။ ဤနည်းဖြင့် ဗုဒ္ဓသည် တတိယဈာန်ကိုဟော၍ တကြိမ်မေးတော်မူသည်၊ စတုတ္ထဈာန်ကိုဟော၍ တကြိမ် မေးတော်မူသည်၊ ဝိပဿနာဉာဏ်စသော ရှေ့ဉာဏ် ၇ ပါးတို့ကိုဟော၍ တကြိမ်စီမေးတော်မူသည်၊ ဤအမေး ၉-ချက်လုံး၌ပင် ပရိဗိုဇ်တို့ကဆို ပါလိမ့်ဦးမည်ဟုသာ ဖြေကြသည်။

၄။ နောက်ဆုံး၌ အာသဝက္ခယဉာဏ်ကို ဟောတော်မူပြီး တကြိမ်မေးတော်မူ ပြန်သည်၊ ထိုအခါပရိဗိုဇ်တို့က ဤအာသဝက္ခယဉာဏ်ကိုရသော ရဟန္တာပုဂ္ဂိုလ်ကား အသက်နှင့် ကိုယ်စကားမျိုးကို ဆိုတော့မည်မဟုတ်ပါဟု ဖြေကြသည်။

၅။ ထိုအခါ ဗုဒ္ဓသည် ငါကား ထိုအာသဝက္ခယဉာဏ်ကို ရ၏၊ သို့ရ၍သဖြင့် အသက်နှင့်ကိုယ်စကားမျိုးကိုမဆိုပြီဟု မိမိကိုယ်ကိုရည်ညွှန်း၍ သာဓကဆောင်ကာ နိဂုံးချုပ် စကားမိန့်ကြားတော်မူလိုက်သည်။

၈။ <u>မဟာသီဟနာဒသုတ် ခက်ဆစ်အဖြေ</u> ( <u>ဘာသာပြန်သူများအတွက်</u> )

အပိုဒ် ၃၈၁ စာ ၁၇၁

အဝတ်မဝတ်အကျင့်သော = အဝတ်မဝတ်သော

အချင်းဂေါတမ ပြောသောသောတပါးကိုပင် = အချင်းဂေါတမ ပြောဆိုသော အကြောင်းကိုပင်။ ဤအဋ္ဌကထာ ဖွင့်သည့်အနက်သာ ပို၍သင့်လျော်သည်၊ ထိုအကြောင်းကား

ဗုဒ္ဓမိန့်ကြားသော မူလရင်းစကားပင်ဖြစ်သည်၊ ငွေသစ် စကားကိုဘိုက်ဂိုက်မဟောနိုင်။

အပိုဒ် ၃၀၂ စာ ၁၇၁

ခေါင်းပါးစွာအသက်ရှူးသော = အားင်းရဲ့ ရှူသက်ရှူးသော၊ နှဲးသေး အစာဖြင့်အသက်ရှူးသော။

ပြီးပြီးစွာကျင့်သူအမှုသည် = အပူပပြင်းကျင့်ပူကမှု၊ အင်းရဲ့ ကျင့်မှုကမှု သည်။

အပိုဒ် ၃၀၃ စာ ၁၇၂

ဤသို့လားဒွဲရာအရပ်ကိုငင်း = ဤလာ ဒွဲရာ ရပ်ကိုငင်း၊ လာ ဒွဲရာကဝကို ငင်း ။

သွားရောက်ရာကရပ်ကိုငင်း = သွားရာ ရပ်ကိုငင်း၊ ရောက်ရာကဝကို ငင်း ။

သေပြင်းကိုငင်း၊ ပြန်ပြင်းကိုငင်း = သေပြင်းကိုငင်း၊ ကဝသန်ဆွတဖန်ဖြစ် ပြင်းကိုငင်း ။

အပိုဒ် ၃၀၄ စာ ၁၇၂

ထိုသူတို့သည်မှား သောအယူတို့ကိုပညာဖြင့်ဖျက်ဆီး နေကြသကဲ့သို့ ကျက်စားနေကုန် ၏ = ထိုသူတို့သည်မှား သောအယူဝါဒတို့ကိုပညာဖြင့်ဖျက်ဆီး နေသကဲ့သို့ သွားလာကြကုန်၏။ ပ ညာဖြင့်ဖျက်ဆီးလျက်သွား လာ နေကြသကဲ့သို့ဖြစ်ကုန်၏။

အပိုဒ် ၃၀၅ စာ ၁၇၂

ဤသို့ဆိုလေ့ရှိ၏ = ဤသို့ပြောဆို၏။

ငါတို့ကို ဤသို့မေးမြန်းကြပါစေ၊ မိစ်ကြပါစေ၊ စုံစမ်းကြပါစေ = ငါတို့ ကို ဤသို့မေးမြန်းကြစေချင်သည်၊ မိစ်ကြစေချင်သည်။

အပိုဒ် ၃၀၅ စာ ၁၇၃

(ဟု) မေးမြန်းကြပါစေ၊ မိစ်ကြပါစေ၊ စုံစမ်းကြပါစေ = မေးမြန်းကြ စေချင်သည်၊ မိစ်ကြစေချင်သည်၊ စုံစမ်းကြစေချင်သည်။

အပိုဒ် ၃၀၆ စာ ၁၇၃

ဟု ဆိုရာသောအကြောင်း သည်ရှိ၏ = ဟုဆိုစရာသောအကြောင်းရှိသည်ဟု ဆိုကြမည်သာဖြစ်သည်။

အပိုဒ် ၃၀၇၊၃၀၀ စာ ၁၇၃

အပိုဒ် ၃၀၅၊၃၀၆ တို့နှင့်အလားတူပင် ပေါ်လွင်စေရန်ပြန်သင့်သည်။

အပိုဒ် ၃၀၉၊၃၉၀၊၃၉၁၊၃၉၂ စာ ၁၇၄

အပိုဒ် ၃၀၅၊၃၀၆ တို့နှင့်အလားတူပင်ပြန်သင့်သည်။

အပိုဒ် ၃၉၃ စာ ၁၇၅

ကဿပ --- လမ်းသည်ရှိ၏၊ အကျင့်သည်ရှိ၏ = အိုကဿပ --- ငါတို့မှာလမ်းစဉ်တခုရှိ၏၊ ကျင့်စဉ်တခုရှိ၏။

ယင်းလမ်းအကျင့်ကို ကျင့်သည်ရှိသော် = ယင်းအကျင့်လမ်းစဉ်အတိုင်းကျင့်သည် ရှိသော် ယင်းအကျင့်လမ်းစဉ်ကိုလိုက်နာကျင့်သုံးသည်ရှိသော် -

``ရဟန်းဂေါတမသည်သာလျှင် သင့်သောအခါ၌သာ ဆိုလေ့ရှိ၏၊ ဟုတ်သည်ကိုသာ ဆိုလေ့ရှိ၏၊ အကျိုးနှင့်ဆက်စပ်သည်ကိုသာဆိုလေ့ရှိ၏၊ တရားနှင့်စပ်သည်ကိုသာဆိုလေ့ရှိ၏၊ အဆုံးအမနှင့်စပ်သည်ကိုသာဆိုလေ့ရှိ၏ဟု`` = ရဟန်းဂေါတမသည်သာလျှင် အချိန်အခါကိုသိ၍ ပြောဆိုတတ်သူ ကာလဝါဒီဖြစ်၏၊ အမှန်ကို ပြောဆိုတတ်သူ ဘူတဝါဒီဖြစ်၏၊ အကျိုးရှိသည်ကို ပြောဆိုတတ်သူ အတ္ထဝါဒီဖြစ်၏၊ တရားမှန်ကို ပြောဆိုတတ်သူ ဓမ္မဝါဒီဖြစ်၏၊ အဆုံးအမကို ပြောဆိုတတ်သူ ဝိနယဝါဒီဖြစ်၏``ဟု

ဤအကျဉ်းချုပ်ကိုကြည့်လျှင် ဗုဒ္ဓသည် အကြီးအကျယ်ကြိုးစား၍ ဗုဒ္ဓဂုဏ်ပြတရား ကို ဟောတော်မူခဲ့ကြောင်း အထင်အရှား တွေ့မြင်နိုင်ကြသည်။

အပိုဒ် ၃၉၃ စာ ၁၇၅

ကဿပ --- အကြင်(လမ်းအကျင့်)ကို --- ဤသည်ပင်တည်း = အိုကဿပ --- ထိုအကျင့်လမ်းစဉ်တခုကား ဤသည်ပင်တည်း။

ဤမှန်ကိုးသတ်လျှင်လည်းလိုလေ့ကျသည်၊ သို့မှလည်းရှင်းမည်။

အပိုဒ် ၃၉၄ စာ ၁၇၅

``အရှင်ဂေါတမ --- ထိုသမဏဗြာဟ္မဏတို့က --- ရှိပါကုန်သေး၏ = အိုအရှင်ဂေါတမ --- ဤပြီးပြီသောအကျင့်ကိုအားထုတ်ကျင့်ကြံမှုတို့သည်လည်း ထိုသမဏဗြာဟ္မဏတို့၏ သမဏအလုပ် ဗြာဟ္မဏအလုပ်များပင်ဖြစ်ကြပါသည်။ ဤဆိုလတံ့သောအကျင့်လမ်းစဉ်တို့လည်း သမဏဗြာဟ္မဏတို့၏အကျင့်လမ်းစဉ်များပင်ဖြစ်ကြပါသည်ဟုဆိုလိုသည်၊ လမ်းစဉ်ချင်းယှဉ်ပြိုင်သည့်သဘောဖြင့် ယင်းသို့လျှောက်ထားခြင်းဖြစ်သည်။

လွတ်လပ်စွာကျင့်၏ = အရှက်အကြောက်မရှိ ကျင်ကြီးကျင်ငယ်စွန့်၏၊ အရှက်အကြောက်မဲ့ကျင်ကြီးကျင်ငယ်စွန့်မှုကိုပြုကျင့်၏။

အပိုဒ် ၃၉၅၊ ၃၉၆ စာ ၁၇၆

အပိုဒ် ၃၉၄-ကမှန်ပြချက်အတိုင်းဘာသာပြန်သင့်သည်၊ ၃-ချက်စလုံး အလားတူပင်ဖြစ်သည်။

အပိုဒ် ၃၉၇ စာ ၁၇၇

ကဿပ --- အဝတ်မဝတ်ဘဲနေသောကာမူ --- ဝေးသည်သာတည်း = အိုကဿပ --- အဝတ်မဝတ်ဘဲနေသောကာမူ၊ ပ၊ ကျင့်လျက်နေသောကာမူ ထိုသူသည် သီလ၏ပြည့်စုံခြင်း၊ သမာဓိ၏ပြည့်စုံခြင်း၊ ပညာ၏ပြည့်စုံခြင်းကို မပွားများခဲ့သော် ထိုသူသည် သမဏအကျင့် ဗြာဟ္မဏအကျင့်မှ အလွန်ဝေးသေးသည်။ ထိုအကျင့်ပူအကျင့်ပြင်းများကို အားထုတ်

ကျင့်ကြံသော်လည်း သီလသမ္ပဒါ သမာဓိသမ္ပဒါ ပညာသမ္ပဒါနှင့်မပြည့်စုံသော် ထိုသူသည်သမဏအကျင့် ဗြာဟ္မဏအကျင့်မှ ကွာလှမ်းဝေးဝေးသည်ဟုဆိုလိုသည်။

ကဿပ --- ကြောင်ရဟန်းသည် ရှင်မဟုတ်သော --- ဟိုဂဝ်ပေ၏ = ဟိုကဿပ = မေတ္တာစိတ်ကိုပွားများသော၊ အဝေရဗျာပဇ္ဇနှင့်ပြည့်စုံသော ရဟန်းတို့သာ သမဏအစစ် ဗြာဟ္မဏအစစ်ဟု ဟိုဂဝ်၏ဟုဆိုလိုသည်၊ ယင်းဆိုလိုရင်း အနက်ပြည့် ပေါ်လွင်အောင် ဘာသာပြန်သင့်သည်။

၂၁ ဒုတိယပိုဒ်၌ ၃ – ဂုဏ်လုံးသတောတူသည်၊ ကမ္မဋ္ဌာန်းကျ ကျင့်ကို ၃ – မျိုး ခွဲ၍ ဖော်ပြသောကြောင့် ဗုဒ္ဓကလည်း ၃ – မျိုး ခွဲ၍ ဖော်ပြထားပေမည်။

အပိုဒ် ၃၉၀ စာ ၁၇၀

လောကနှင့်ထိုက်တန်သော ပင်တည်း = လောကနှင့်ပြောနေကျစကားပင်တည်း ၊ ရိုးနေသောစကား ပင်တည်း အထူး မဟုတ်ဟုဆိုလိုသည်။

ဆိုရန်မသင့်ရာ ဝေး = မဆိုသင့်၊ မဆိုထိုက် ဝေး

ဆောက်တည်၍ပြုကြင်း ဌာလည်းကောင်း နှိုင်းရာ လေး၏ = အောက်တည်ကျင့်သုံးရန်စွမ်း နိုင်ရာ၏။

၂ စကား ကိုဆိုရန်သင့်ပေ၏ = ၂ စကား ကိုဆိုသင့်၏ ၊ ဆိုထိုက်၏။

အပိုဒ် ၃၉၉ စာ ၁၇၉

အရှင်ဂေါတမ --- သမဏကိုသိနိုင်ခဲ၏ ၊ ဗြာဟ္မဏကိုသိနိုင်ခဲ၏ = ဟိုအရှင်ဂေါတမ --- သမဏအစစ်ကိုသိနိုင်ခဲလှ ချေ၏ ၊ ဗြာဟ္မဏအစစ်ကိုသိနိုင်ခဲလှချေ၏ ၊ ၊ သမဏအစစ် ဗြာဟ္မဏအစစ်ကိုသိနိုင်ခဲလှ ပါတကား ၊ အသိခက်လှ ပါတကား ဟုဆိုလိုသည်။

ကဿပ --- သမဏကိုသိနိုင်ခဲ၏ ၊ ဗြာဟ္မဏကိုသိနိုင်ခဲ၏ဟူသော ၂ စကားသည် လောကနှင့်ထိုက်တန်သော ပင်တည်း = ဟိုကဿပ --- သမဏအစစ်ကိုသိနိုင်ခဲလှ ချေ၏ ၊ ဗြာဟ္မဏအစစ်ကိုသိနိုင်ခဲလှ ချေ၏ဟူသော စကား သည် လောက၌ပြောနေကျစကား ပင်ဖြစ်သည်။ ရိုးနေသောစကား ပင်ဖြစ်သည် ၊ ၊ အထူးမဟုတ်ဟုဆိုလိုသည်။

စာမျက်နှာ ၁၇၀ ၌ပါသော ဆိုရန်မသင့် ဝေး စသော အဘိုးသတ်ကြီးတို့ကိုလည်း အပိုဒ် ၃၉၀ စာ ၁၇၀ ကပြခဲ့သည့်အတိုင်း မဆိုသင့် ၊ မဆိုထိုက် စသည်ဖြင့်ဘာ ပြေးညီဘာသာပြန်သင့်သည် ၊ အကြောင်းအရာသဘောတူသည် ၊ အဆိုးသတ်ကြီးယာမှာ ကူတူသာဖြစ်ကြသည်။

အပိုဒ် ၄၀၀ စာ ၁၈၁

ကဿပ --- ပူဇော်အထူး ကိုခံထိုက်သော = ရောင့်ရဲလွယ်၏ ၊ ၂ အပိုဒ်၌ ၂ – ကိုဘာသာပြန်ရာ၌ အပိုဒ် ၁၉၀ စာ ၆၅ သာမညဖလသုတ်မှ အပိုဒ် ၁၉၃ စာ ၆၆ ရောင့်ရဲလွယ်၏အထိ စကားတို့ကိုအပြည့်အစုံယှဉ်ပြင်းပြန်သင့်သည် ၊ ဘာသာပြန် စာအုပ်၌ပါသော မြတ်စွာဘုရားသည် မှင့်တော်မူ၏ ၊ ကားဟုရှုလေ့ရှိ၏ဟူသော စကား တွင် စာကျနေပုံရသည် ၊ အဓိပ္ပါယ်မရဖြစ်နေသည် ၊ မြတ်စွာဘုရား သည်မှင့်တော်မူ၏ ၊ ပ ၊ ဘေးဟုရှုလေ့ရှိ၏ စသည်ဖြင့် အပိုဒ် ၁၉၃ စာ ၆၆ အစကားနှင့်အဖြည့်မှ မှန်ကန်ပေ မည်။

အပိုဒ် ၄၀၁ စာ ၁၈၁

ပြည့်စုံခြင်းပေတည်း၊ ပ၊ ၅၁ ပေယျာလကို ဖော်လျှင် သာမညဖလသုတ်က စူဠသီလ မဇ္ဈိမသီလ မဟာသီလတို့ကို အပြည့်အစုံ ဖော်ရမည်၊ ယင်းသို့ ဖော်ပြီးမှ ``အိုကဿပ --- သီလအပြည့်စုံခြင်းကား ၅၁ သည်ပင်တည်း'' ဟု နိဂုံးကြီးတခါချပ်ရမည်။

အပိုဒ် ၄၀၁ စာ ၁၈၂

၊ပ၊ ပထမဈာန်သို့ ရောက်၍ နေ၏၊ ၅၁ ပေယျာလကို ဖော်လျှင်လည်း အပိုဒ် ၂၁၃ ၂၁၄၊ ၂၁၅ တို့ကိုပါ (စာ ၇၃-၇၄) ထည့်၍ပြန်သင့်သည်၊ ၅၁ အပိုဒ်တို့သည် သီလတွင်ပါဝင်ကြသော်လည်း ယခင်ကကားစပ်ရှိသည့်အတိုင်း သီလနောက်မှာထက်၍ ဟောကြားသော စကားတို့ဖြစ်ကြသည်၊ သမာဓိကထာကား သာမညဖလသုတ် အပိုဒ် ၂၁၆ စာ ၇၄ မှ စသည်။

၅၁ နေရာတွင်အပိုဒ် ၂၁၆-မှ အပိုဒ် ၂၃၃ အထိပြန်၍ မင်းကြီး ၅၁သည်လည်း စသောနိဂုံးကိုသာ ချန်ရမည်၊ ယင်းနိဂုံးနေရာတွင် ၅၁ သည်လည်း ထိုရဟန်း၏ စိတ်သမာဓိနှင့်ပြည့်စုံခြင်း ပေတည်း ဟုနိဂုံးငယ်ချပ်ရမည်။ ယင်းနိဂုံးငယ်များကို ဈာန် ၄-ပါး ခလုံးခွဲချပ်ရမည်၊ နောက်ဆုံး စတုတ္ထဈာန်အပြီးတွင်မှ အိုကဿပ --- စိတ်သမာဓိအပြည့်စုံခြင်း သည် ၅၁သည်ပင်တည်းဟူသော နိဂုံးကြီးကို တခါချပ်ရမည်။

။ပ။ ၅၁မင်ကိစ္စအလို့ငှာ၊ ၊ ၅၁ ပေယျာလကို ဖော်လျှင် အပိုဒ် ၂၃၆ စာ ၈၀ မှစ၍ အပိုဒ် ၂၄၈ အဆုံးအထိ (စာ ၈၈) ယူရမည်၊ အာလုပ်ပုဒ်နှင့်နိဂုံးသတ်စကားတို့ကိုသတိထား၍ ပြောင်းရမည်၊ သာမညဖလသုတ်က မင်းကြီး --- နေရာတွင် ၅၁ သုတ်ဿကဿပ ချည်းထည့်ရမည်။

အပိုဒ် ၄၀၅ စာ ၁၈၅

ဝါသည်ကား ပုဂ္ဂိုလ်တို့၏ပြား နား သည့်အဖြစ်ကိုသိသေး၏ = ဝါသည်ပုဂ္ဂိုလ်အထူးအခြားကိုသိတော်မူသည်။ ။ ပုဂ္ဂိုလ်အထူး အခြားကိုကြည့်၍ဆုံးဖြတ်တော်မူသည်ဟုဆိုလိုသည်၊ ပုဂ္ဂိုလ်အထူး အခြား ကား ပုဂ္ဂိုလ်ချင်းကွဲပြားခြားနားမှုဟုဆိုလိုသည်။

## ၉။ ပေါဋ္ဌပါဒသုတ် ဘာသာပြန်ခက်ဆစ်အဖြေ (ဘာသာပြန်သူများ အတွက်)

အပိုဒ် ၄၀၆ စာ ၁၈၇

အနာထပိဏ်သေဋ္ဌေး၏အရာမ် = အနာထပိဏ်သေဋ္ဌေး၏ကျောင်းတိုက်ဖြစ်သော။

အယူဟောပြောပွဲကျင်းပရာ = ဝါဒဖြန့်ရာ၊ တိတ္ထိပရိဗိုဇ်တို့ ဝါဒတရားဟောကြားရာ။

အပိုဒ် ၄၀၇ စာ ၁၈၇

မလ္လိကာ၏အရာမ် = မလ္လိကာမိဖုရား၏ ပရိဗိုဇ်ကျောင်းတိုက်

အပိုဒ် ၄၀၈ စာ ၁၈၇

မျှားပြားသောဖိလိစကါးကို = ဂျွန်မင်ဖိုလ်နှင့်ဆန့်ကျင်ဖက်ဖြစ်သော စကားများကို (ထိရှခြင်ကာလကို၊ အရေးမပါသောစကားများကို။

အပိုဒ် ၄၁၀ စာ ၁၈၈

ဤနေရာကိုပြင်ထားပါသည့်အရှင်ဘုရား = ဤကား အသင့်ခင်းထားပြီးနေရာပါဟန်း ၊

မပြီးပြတ်သေးသောအကြွေး စကား = မပြီးသေးသောကြွေးပြတ်သွားသော စကား ၊

အပိုဒ် ၄၁၁ စာ ၁၈၈

အချင်းတို့ --- သည့်သာ၏ချုပ်ခြင်းသည် = အချင်းတို့ --- ဖိတ်သည့်သာချုပ်ခြင်းသည်၊

အကြောင်းအထောက်အပံ့မရှိကုန်ဘဲ = အကြောင်းမရှိကြဘဲ၊ အကြောင်းမဲ့ မိမိအလိုလို၊

အပိုဒ် ၄၁၁ စာ ၁၈၉

အောက်မေ့တမ်းတခြင်းဖြင့်ခဲ့ပါ၏ = အောက်မေ့သတိရခဲ့ပါသည်။

အပိုဒ် ၄၁၂ စာ ၁၈၉

အစကပင်ချွတ်ယွင်းလျက်ရှိ၏ = အစကပင်မှားယွင်း၏၊

အပိုဒ် ၄၁၃ စာ ၁၉၀

ကာမသညာသည့်ချုပ်၏ = ကာမာဝစရဖြစ်သော ဝိတ်သညာသည့်ချုပ်၏၊ ကာမဝိတ်သညာချုပ်ပျောက်၏။

အပိုဒ် ၄၁၃ စာ ၁၉၁

ရဟန်းသည်ရူပသညာတို့ကို = ရူပါဝစရစိတ်သညာတို့ကို၊ ရူပစိတ်သညာတို့ကို

ပဋိဃသညာတို့ = အာရုံ ၅-ပါးခိုက်ခြင်းသော စိတ်သညာတို့၊ ပဉ္စဝိညာဉ်တို့

နာနတ္တသညာတို့ကို = ပဉ္စဝိညာဉ်မှတပါး အထူးထူးသော ကာမစိတ်သညာတို့ကို၊

အာကာသာနဉ္စာယတန = ပထမအရူပဈာန်၊ ဝါ၊ သမာပတ်၏အမည်၊ ကောင်းကင်သည်အဆုံးမရှိဟုနှလုံးသွင်းသော ဈာန်သမာပတ်

ဝိညာဏဉ္စာယတန = ဒုတိယအရူပဈာန်၊ ဝါ၊ သမာပတ်၏အမည် ဝိညာဉ်သည်အဆုံးမရှိဟုနှလုံးသွင်းသောဈာန်၊

အပိုဒ် ၄၁၃ ၀၁ ၁၉၂

အာကိဉ္စညာယတန = တတိယအရူပဈာန်၊ ဝါ၊ သမာပတ်၊ တစုံတရာမျှမရှိဟု နှလုံးသွင်းသောဈာန်

အပိုဒ် ၄၁၄ ၈၁ ၁၉၂

စေ့ဆော်နေသော် = ချွန်ဝင်သွား ရန်ကြံစည်အားထုတ်သော်၊

ငါသည် စေ့ဆော်ခြင်းအံ့၊ အားထုတ်ခြင်းအံ့ = ငါသည်ကြံစည်အားထုတ်ခြင်းအံ့၊

ထိုရဟန်းသည် သညာဝေဒနာချုပ်ခြင်းသို့ ရောက်၍ သိမှတ်ခံစားမှုတို့ချုပ်ငြိမ်းရာ နိရောဓသမာပတ်သို့ ရောက်၏၊ စိတ်စေတသိက်တို့ချုပ်ငြိမ်းရာ နိရောဓသမာပတ်သို့ ရောက်၏၊

ဤသို့လျှင်သိလျက်အစဉ်အတိုင်း သညာဝေဒနာချုပ်ရာသမာပတ်သည်ဖြစ်၏ = ဤသို့လျှင်အစဉ်အတိုင်း စိတ်သညာချုပ်ဆုံးရာ နိရောဓသမာပတ်သို့ကောင်းစွာသိလျက်သိ ရောက်၏၊ ၊ဤစကားသည် နိရောဓကထာ၏အပြီး သတ်နိဂုံးဖြစ်သည့် အပိုဒ်သီးခြား ထားရှုပြသင့်သည်။

အပိုဒ် ၄၁၅ ၈၁ ၁၉၃

အမြတ်ဆုံးသညာတပါးတည်းကိုသာ ပညတ်ပါသလော = အမြင့်ဆုံးသညာ၊ ဝါ၊ အထက်အကျဆုံး သညာကိုတခုတည်းသာ ပညတ်ပါသလော၊ တခုတည်းသာဖြစ်သည်ဟုဟောတော်မူ မည်လော၊

သို့မဟုတ် အမြတ်ဆုံးသညာများ စွာတို့ကိုလည်း ပညတ်ပါသလော = သို့မဟုတ် အမြင့်ဆုံးသညာကိုအများ ရှိသည်ဟုပညတ်ပါသလော၊ တခုထက်မကများသည်ဟု ဟောတော်မူ မည်လော။

ဤသို့အမြတ်ဆုံးသညာဆိုသည်မှာ သညဂ္ဂဟူသော စကားကိုပြန်မာပြန်ထားခြင်း ဖြစ်သည်၊ သညဂ္ဂသည်အထက်တွင် ဖေါ်ပြခဲ့သောအဆင့်ဆင့်ချုပ်သော စိတ်သညာတို့တွင် အမြင့်ဆုံးဖြစ်သောသညာ၊ ဝါ၊ အထက်ဖျားအကျဆုံးသညာကိုဆိုလိုသည်၊ ယင်းမှာ နိရောဓသမာ ပတ်သို့ ရောက်ခါနီး၊ နောက်ဆုံး အဆင့်ဖြစ်သော အာကိဉ္စညာယတနဈာန်ကို၊ ဝါ၊ နေဝသညာနာ သညာယတနဈာန်စိတ်ပင်ဖြစ်သည်၊ ယင်း စိတ်ကား စိတ်သညာတို့တွင်အမြတ်ဆုံးမဟုတ်၊ နိရော ဓသမာပတ်ဝင်သွားရာ၌၊ နောက်ဆုံးသညာသာဖြစ်သည်၊ စိတ်သညာတို့တွင်အမြတ်ဆုံးကား အရဟတ္တဖိုလ်စိတ်သာဖြစ်သည်၊ အာသဝက္ခယဉာဏ်သာဖြစ်သည်၊ ယင်းအရဟတ္တဖိုလ်စိတ်သာ လောကုတ္တရာဖြစ်၍မြတ်သည်၊ အာကိဉ္စ ညာယတနဈာန်စိတ်ကား၊ လောကီစိတ် သာ ဖြစ်သည်၊ အမြတ်ဆုံး မဟုတ်။

အပိုဒ် ၄၁၅ ၁၁ ၁၉၃ ( နောက်ဆုံးအပိုဒ်ခွဲ )

ပေါဋ္ဌပါဒ --- ကြွင်းကြွင် --- ပညပေမိ = ပေါဋ္ဌပါဒ ---

ငါသည်စိတ်သညာချုပ်ငြိမ်းခြင်း နိရောဓသမာပတ်သို့ရောက်သော ကြောင်းအရာအားဖြင့်

အမြင့်ဆုံးသညာကို ပညာဟုခေါ်ကြသည်၊ ယင်းအမြင့်ဆုံးသညာဖြစ်သော ဈာန်ကိုတကြိမ်သာ ဝင်စား၍ နိရောဓသို့ရောက်လျှင် အမြင့်ဆုံးသညာ (သညဂ္ဂ) တခုသာဖြစ်သည်၊ ယင်းဈာန်ကိုအကြိမ်များစွာဝင်စားပြီးမှ နိရောဓသို့ရောက်လျှင် အမြင့်ဆုံးသညာ (သညဂ္ဂ) သည်အများဆုံးဖြစ်သည်ဟု ပညာဟုခေါ်ကြသည်ဟုဆိုလိုသည်။

နောက်ဆုံးဝင်စားရာ ဈာန်ကို သညဂ္ဂ ခေါ်၏။ ၎င်း၊ ယင်းကိုတကြိမ်သာဝင်စား၍ နိရောဓသို့ရောက်လျှင် သညဂ္ဂတခုသာဖြစ်သည်၊ အကြိမ်ကြိမ်ဝင်စားပြီးမှ နိရောဓသို့ရောက်လျှင် သညဂ္ဂအများဖြစ်သည်၊ နောက်ဆုံးဝင်စားရာ ဈာန်အနည်းအများသို့လိုက်၍ သညဂ္ဂအနည်းအများကိုဆုံးဖြတ်ရသည်ဟုဆိုလိုသည်။ အလွန်သိမ်မွေ့သည့်အရာဖြစ်၍ အထူးဂရုစိုက်သင့်သည်။

အပိုဒ် ၄၁၆ စာ ၁၃၉

သညာသည် = ဈာန်စိတ်သည်၊ ဈာန်စိတ်ယှဉ်သောသညာသည်

ပညာသည် = ဈာန်စိတ်ကိုသင်ခြင်းသောပညာသည်၊ ဝါ၊ ဝိပဿနာဉာဏ်သည်။ (နိရောဓသမာပတ်ကိုဝင်စားရန်)

<u>တနည်း</u>

သညာသည် = အရဟတ္တဖိုလ်စိတ်သည်

ပညာသည် = ယင်းကိုသင်ခြင်းသောပစ္စဝေက္ခဏာဉာဏ်သည်

( နိရောဓသမာပတ်မှထရန် )

အပိုဒ် ၄၁၇ စာ ၁၉၄

ကြမ်းတမ်းထင်ရှားသော အတ္တကိုယုံကြည်ပါ၏ = ထင်ရှားသော ရုပ်ကြမ်းကိုအတ္တဟုယုံကြည်ပါ၏ - ဟုဆိုလိုသည်။ ကာမဘုံသားတို့၏အတ္တဘောကိုရည်ညွှန်းသည်။

အပိုဒ် ၄၁၈ စာ ၁၉၄

ဈာန်စိတ်ဖြင့်ပြီးသောအတ္တကိုယုံကြည်ပါ၏ = ဈာန်စိတ်ကြောင့်ဖြစ်သောရုပ်နုကိုအတ္တဟုယုံကြည်ပါ၏ - ဟုဆိုလိုသည်။ ရူပါဝစရဗြဟ္မာတို့၏အတ္တဘောကိုရည်ညွှန်းသည်။

အပိုဒ် ၄၁၉ စာ ၁၉၄

ရုပ်မရှိသောသညာဖြင့်ပြီးသော အတ္တကိုယုံကြည်ပါ၏ = နာမ်သက်သက်ဖြစ်သော ဈာန်ဝိညာဉ်ကိုအတ္တဟုယုံကြည်ပါ၏ဟုဆိုလိုသည်။ အရူပဗြဟ္မာတို့ကိုရည်ညွှန်းသည်။

အပိုဒ် ၄၂၀ စာ ၁၉၅

အရှင်ဘုရား --- လောကသည်မြဲပါသလော = အရှင်ဘုရား မိမိကိုယ်ဟူသော၊ ဝါ၊ အတ္တဟူသောလောကသည်မြဲပါသလော။ ။ ဤ၌ လောကသည် ဩကာသလောကကိုမရည်ညွှန်း၊ မိမိကိုယ်ကိုသာရည်ညွှန်းသည်။ မိမိကိုယ်ဟူသော သတ္တလောကကိုမေးခြင်းသာဖြစ်သည်။ (အဋ္ဌကထာ)

အပိုဒ် ၄၂၆ စာ ၂၀၁-၂၀၂

၎င်းအတူပင် --- ၎င်းသို့ဖြစ်လျှင် ထိုသမဏ ဗြာဟ္မဏတို့၏ စကားသည်အခြေအမြစ်မရှိသောစကား ဖြစ်နေသည်မဟုတ်လော = ၎င်းအတူပင် ထိုသမဏ ဗြာဟ္မဏတို့၏ စကားသည် အခြေအမြစ်မရှိသောစကား မဖြစ်ပါလော။ ။ ၎င်းမှ စကားသိမ်းလျှင်လည်းလုံလောက်သည်။

အပိုဒ် ၄၂၇ စာ ၂၀၂-၂၀၃

၎င်းအတူပင် --- ဖြစ်နေသည်မဟုတ်လော = ၎င်းအတူပင် ထိုသမဏ ဗြာဟ္မဏတို့၏ စကားသည် အခြေအမြစ်မရှိသောစကား မဖြစ်ပါသလော။ ။ ၎င်းမှာသာစကားသိမ်းလျှင်လည်း လုံလောက်သည်။

အပိုဒ် ၄၂၈ စာ ၂၀၃

အတ္တဘောကိုရခြင်းတို့သည် = အတ္တကိုရခြင်းတို့သည်၊ ကိုယ်ခန္ဓာကိုရခြင်းတို့သည်

ဏ္ဍခြေမချို့တဲ့သော = ကိုယ်အင်္ဂါချို့တဲ့ခြင်း မရှိသော။

အပိုဒ် ၄၂၉ စာ ၂၀၄

ပညာ၏ပြည့်စုံခြင်း --- နေရကုန်လတံ့ဟု = ပညာ၏ပြည့်စုံခြင်း ဖြင့် ပြောခြင်းကိုလည်း ယခုဘဝ၌ပင်ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိ၍၊ မျက်မှောက်ပြု၍ ရ၍ နေရကုန်လတံ့ဟု၊

အပိုဒ် ၄၃၂ စာ ၂၀၅ ( အဆုံး စကားကြောင်း )

ငါသည်၎င်းသို့ ဖြေကြား နိုင်ပါကုန်၏ = ငါသည်၎င်းသို့ ဖြေကြား ပေအံ့၊

အပိုဒ် ၄၃၃-၄၃၄ တို့တွင်လည်း ၎င်းအတိုင်း ပြန်သင့်သည်။

အပိုဒ် ၄၄၀ စာ ၂၁၁

ဒိဋ္ဌ --- ၎င်း (အတ္တဘောကိုရခြင်း ဟူသော) အရာတို့သည် = ၎င်းကိုယ်ခန္ဓာကိုအတ္တဟုခေါ်ဆိုသောအရာသည်၊ ဝါ၊ အတ္တဘောကိုရခြင်း ဟုခေါ်ဝေါ်သောအရာသည်။

## ၁၀။ သုဘသုတ် မြန်မာပြန်ခက်ဆစ်အဖြေ ( ဘာသာပြန်သူများ အတွက် )

အပိုဒ် ၄၄၅ စာ ၂၁၃

သူငယ်တယောက်ကို = လုလင်တယောက်ကို

၎င်းစကားသည် ဇာတ်ပေါင် ဟူသောစကားကို ဘာသာပြန်ထားခြင်း ဖြစ်သည်၊ မာဏဝသည် သူငယ်မဟုတ်။ လူငယ်လူရွယ်သာဖြစ်သည်။

သူငယ်လာလော့ = အမောင်လာလော့၊

အပိုဒ် ၄၄၆ စာ ၂၁၃

ထိုသူငယ်သည် = ထိုလုလင်သည်

သန်မွမ်းကြောင်း = ခွန်အားဗလနှင့်ပြည့်စုံကြောင်း ချည့်နဲ့မနေကြောင်းကိုပြသောစကားဖြစ်သည်။

အပိုဒ် ၄၄၇ စာ ၂၁၃

သူငယ် = လုလင်

ထိုသူငယ်အား = ထိုလုလင်အား

အပိုဒ် ၄၄၈ စာ ၂၁၄

ပြင်ထားသောနေရာ၌ = အသင့်ခင်းထားသောနေရာ၌

အနီး၌အမြဲရှိသောအလုပ်အကျွေး = အနီးနေအလုပ်အကျွေး၊ အပါးတော်မြဲ၊ အလုပ်အကျွေး၊

အပိုဒ် ၄၄၉ စာ ၂၁၄

သုံးပါးသောခန္ဓာတို့ကို = သုံးပါးသောဂုဏ်ကျေးဇူးတရားတို့ကို သုံးပါးသောဂုဏ်အစုကို

အပိုဒ် ၄၅၀ စာ ၂၁၅

အရှင်အာနန္ဒာ --- အဘယ်ပါနည်း = ဤအရှင်အာနန္ဒာ --- ထိုအရှင်ဂေါတမချီးမွမ်းခဲ့သော သီလက္ခန္ဓာစကား အဘယ်ပါနည်း ဤမျှသူချင်လည်း နားလည်နိုင်လောက်သည်။

အပိုဒ် ၄၅၁ စာ ၂၁၆

ယုံကြည်ညွတ်ရှုသော သုံးဆောင်ဘွယ်တို့ကို = သဒ္ဓါညွတ်ရှုသော ခဲဘွယ်ဘောဇဉ်တို့ကို၊ ဘွမ်းတို့ကို၊ သဒ္ဓါတရားနှင့်ရှုသောဘွမ်းတို့ကို။

ပဏ္ဍုတ် = မိန်းမ ယောကျ်ား မပီသသောသူ၊

ဖိလာအတတ် = ဈာန်မဂ်ဖိုလ်နှင့်ဆန့်ကျင်သောအတတ်ပညာ

အပိုဒ် ၄၅၄ စာ ၂၁၇

အရှင်အာနန္ဒာ --- အဘယ်ပါနည်း = အရှင်အာနန္ဒာ ထိုရဟန်းဂေါတမချီးမွမ်းခဲ့သော သမာဓိက္ခန္ဓာစကား အဘယ်ပါနည်း ဤမျှလောက်ယူလျှင်လည်း လုံလောက်သည်။

အပိုဒ် ၄၅၆ စာ ၂၁၈

မျှတစေရုံသော = သင့်လျော်ရုံမျှဖြစ်သော = ကျန်းမာရေးနှင့်ညီညွတ်ရုံမျှဖြစ်သော။ မိမိအတောင်သာလျှင် ဝန်ရှိသည်ဖြစ်၍ = မိမိအတောင်သာလျှင် သယ်ပိုးစရာရှိသည်ဖြစ်၍။

အပိုဒ် ၄၆၄ ၁၁ ၂၂၀

လုလင် --- ကောင်းစွာမြင်၏ = အိုလုလင် --- ဤဥပမာအတူသာလျှင် ထိုရဟန်းသည် မိမိ၌မပယ်ရသေးသော နီဝရဏငါးပါးတို့ကို ကြွေးကဲ့သို့၊ အနာရောဂါကဲ့သို့၊ နှောင်အိမ်ကဲ့သို့၊ ကျွန်အဖြစ်ကဲ့သို့၊ ဝေးလံသောခရီးခဲကဲ့သို့ ကောင်းစွာမြင်၏။

အပိုဒ် ၄၆၅ ၁၁ ၂၂၀

လုလင် --- ကောင်းစွာမြင်၏ = အိုလုလင် --- ဤဥပမာအတူသာလျှင် ထိုရဟန်းသည်မိမိ၌ပယ်ပြီးဖြစ်သော နီဝရဏတရား ၅-ပါးတို့ကို ကြွေးကင်းခြင်းကဲ့သို့၊ အနာရောဂါကင်းခြင်းကဲ့သို့၊ နှောင်အိမ်မှလွတ်ခြင်းကဲ့သို့၊ လွတ်လပ်သူ (ကျွန်မဟုတ်သူ) ဖြစ်ခြင်းကဲ့သို့၊ ဘေးကင်းရာသို့ရောက်သကဲ့သို့၊ ကောင်းစွာမြင်၏။

အပိုဒ် ၄၇၂ ၁၁ ၂၂၄

အရှင်အာနန္ဒာ --- အဘယ်ပါနည်း = အရှင်အာနန္ဒာ --- ထိုရဟန်း ဂေါတမမျိုးမှမ်းခဲ့သော ပညတ္တိစကား အဘယ်ပါနည်း ၊

အပိုဒ် ၄၇၉ ၁၁ ၂၃၀

ကာမာသဝမှလည်း = ကာမဂုဏ်ကိုတပ်မက်ခြင်း သဘောမှလည်း

ဘဝါသဝမှလည်း = ဘဝကိုတပ်မက်ခြင်း သဘောမှလည်း

အဝိဇ္ဇာသဝမှလည်း = အမှန်တရားကိုမသိတတ်ခြင်း သဘောမှလည်း

ဒိဋ္ဌာသဝကား သောတာပတ္တိမဂ်ဉာဏ်ကို ရခဉ်ကပင်ပယ်ပြီး ဖြစ်၍ ဤ၌ထည့်သွင်း၍မဆို၊ ဤဉာဏ် ၈-ပါးတွင်ဗုဒ္ဓသည် မဂ် ၄-ပါး၊ ဖိုလ် ၄-ပါးတို့တွင်အထက်ဆုံးဖြစ်သော အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်ကိုသာ အာသဝက္ခယဉာဏ်အမည်တပ်၍ ဟောတော်မူသည်၊ ရှေ့ဖြစ်သောမဂ် ၃-ပါး၊ ဖိုလ် ၃-ပါး တို့ကိုခြွင်းချန်ထားတော်မူခဲ့သည်၊ အရှင်အာနန္ဒာလည်း ယင်းသို့ဗုဒ္ဓဟောတော်မူသည့်အတိုင်းသာ ဟောတော်မူခဲ့သည်။

မဂ်လေးပါး၊ ဖိုလ်လေးပါး သို့ရောက်ရာ၌ အစဉ်အတိုင်းသာ ရောက်ရပြီ ဖြစ်သည်။ သို့ရာတွင် အောက်မဂ် အောက်ဖိုလ်တို့သည် ကိစ္စပြီးဆုံးသောမဂ်ဖိုလ်များမဟုတ်ကြ၊ အမှန်အားဖြင့် အရဟတ္တမဂ် အရဟတ္တဖိုလ်၏အခြေခံများသာဖြစ်ကြသည်၊ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ရောက်မှ ရဟန်းကိစ္စပြီးဆုံးသည်၊ ထို့ကြောင့်လိုရင်း ပဓါနဖြစ်သော နောက်ဆုံး အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုသာ အာသဝက္ခယဉာဏ်အဖြစ်ဖြင့်ထုတ်ဖေါ်ဟောကြားတော်မူခဲ့သည်။

အပိုဒ် ၄၈၀ ၁၁ ၂၃၀

ဤသာသနာတော်မှအပ တပါးသော သမဏ ဗြာဟ္မဏတို့၌ = ဤသာသနာတော်မှတပါးဖြစ်သော သမဏအမည်ခံ၊ ဗြာဟ္မဏအမည်ခံပုဂ္ဂိုလ်တို့၌

သမဏ ဗြာဟ္မဏအစစ်ကား ရဟန္တာပုဂ္ဂိုလ်သာဖြစ်သည်။ ရဟန္တာဖြစ်အောင် ကျင့်ကြံသူဖြစ်သော သီလဝန္တပုဂ္ဂိုလ် အောက်မဂ် အောက်ဖိုလ်ပုဂ္ဂိုလ်တို့ကား ဥပမာအားဖြင့်

သာ သမဏ ဗြာဟ္မဏအမည်ရကြသည်၊ သာသနာပ ရဟန်း ပုဏ္ဏားတို့ကို သမဏ ဗြာဟ္မဏ တို့ကို ခေါ်ရာ၌ကား အမည်ခံထားကြသဖြင့် ခေါ်ဝေါ်ရခြင်း သာဖြစ်သည်။ သမဏ ဗြာဟ္မဏ အစစ်နှင့်အလှမ်းကွာလှသဖြင့်ထိုပုဂ္ဂိုလ်တို့သည်အမှန်အားဖြင့်အမည်ခံသမဏ ဗြာဟ္မဏတို့သာ ဖြစ်ကြသည်။ ၂ အချက်ကိုအတိအကျခွဲခြားပြဆိုရန်ခက်သောကြောင့် သမဏ ဗြာဟ္မဏလို့သာ မြန်မာပြန်ဆိုထားခြင်း ဖြစ်သည်။

၁၁။ ကေဝဋ္ဋသုတ် မြန်မာပြန် ခက်ဆစ်အဖြေ (ဘာသာပြန်သူများအတွက်)

အပိုဒ် ၄၈၁ စာ ၂၃၃

လူတို့၏ကုသိုလ်ကမ္မပထတရား = သာမန်လူသားတို့၏ ကောင်းမှုကုသိုလ်တရား

ဤသို့တရားကိုမဟော = ဤတရားမျိုးကိုပါမဟော

အပိုဒ် ၄၈၆ စာ ၂၃၆-၂၃၇

ဤလောက၌ပွင့်တော်မူ၏၊ ပ၊ ဤပေယျာလကိုဖော်ရာ၌ သာမညဖလသုတ် စာ ၆၅ အပိုဒ် ၁၉၀ မှ စာ ၇၃ အပိုဒ် ၂၁၁ အထိ ဖော်ရမည်၊ စူဠသီလ မဇ္ဈိမသီလ မဟာသီလ အားလုံးကို ဖော်ရမည်၊ ယင်းသို့ဖော်ရာ၌ မင်းကြီးဟူသော အာလုပ်စကားကို ကေဝဋ္ဋ ဟုပြောင်းရမည်။

သီလနှင့်ပြည့်စုံပါ၏၊ ပ၊ ၂ ပေယျာလကိုဖော်ရာ၌ အပိုဒ် ၂၁၃ စာ ၇၃ မှ အပိုဒ် ၂၂၆ စာ ၇၇ အလယ်ကောင်အထိ ဖော်ရမည်။

။ ပ။ ဒုတိယဈာန်သို့ = ဤပေယျာလကိုဖော်ရာ၌ အပိုဒ် ၂၂၆ စာ ၇၃ အလယ်ကောင်မှ အပိုဒ် ၂၂၈ စာ ၇၇ အလယ်ကောင်အထိ ဖော်ရမည်။

အမှန်အားဖြင့်အာလုပ်ပုဒ်ကိုချန်၍ သာမညဖလသုတ်အတိုင်း အစဉ်အလိုက် ဖော်ရမည်၊ စကား အဆက်အဆက် လောက်သာ ပြောင်းပေးရမည်၊ သို့မှ စကားချင်း ဆက်မိမည်။

အပိုဒ် ၄၉၁ စာ ၂၃၀

ယာမာမည်သော နတ်တို့သည်ရှိပါကုန်၏။ ပ။ ဤပေယျာလကိုဖော်ရာ၌ တာဝတိံသာနတ်တို့က သိကြားမင်းကိုညွှန်ပြကြသကဲ့သို့ ယာမာနတ်တို့က သုယာမနတ်သားကိုညွှန်ပြဟန် ဖော်ရမည်၊ ထို့အတူပင်အဆင့်ဆင့်ညွှန်ကြားသွားကြပုံကို သတိပြု၍ဆက်လက် ဖော်ပြရလိမ့်မည်။

အပိုဒ် ၄၉၉ စာ ၂၄၂

မျက်စိဖြင့်မမြင်ကောင်းသော --- ရှိ၏ = ထူးသောဉာဏ်ဖြင့်သာသိအပ်သော၊ ပကတိမျက်စိဖြင့်မမြင်ကောင်းသော၊ အဆုံးအပိုင်းအခြား မရှိသော အဖက်ဖက်မှ ဆင်းသက်နိုင်သောနိဗ္ဗာန်သည်ရှိ၏။

( တနည်းအားဖြင့် )

အကြင်နိဗ္ဗာန်သည်ထူးသော ဥာဏ်ဖြင့်သာသိအပ်၏၊ ပကတိမျက်စိဖြင့်လည်း မမြင်ကောင်း၊ အဆုံး အပိုင်း အခြား လည်း မရှိ၊ အဖက်ဖက်မှ ဆင်းသက်နိုင်သော ဆိပ်ကမ်း လည်း ရှိ၏၊

ဤနိဗ္ဗာန် မြေ ရေ မီး လေ သည်မတည်ပေ = ဤနိဗ္ဗာန်၌ ပထဝီ အာပေါ တေဇော ဝါယော ဟူသော ဓါတ်ကြီး ၄-ပါးတို့ မတည်မရှိကြပေ။

အကြွင်းမဲ့ချုပ်ပေ၏ = အကြွင်းမဲ့ချုပ်ငြိမ်း၏

ဝိဥာဏ်၏ချုပ်ခြင်းကြောင့် = နောက်ဆုံး ဝိဥာဏ်၏ ချုပ်ခြင်းကြောင့်၊ ဝါ၊ ဘဝကိုဖန်တီးတတ်သော ဝိဥာဏ်၏ ချုပ်ခြင်းကြောင့်

၁၂။ ကေဝဋ္ဋသုတ် မြန်မာပြန် ခက်ဆစ်အဖြေ (ဘာသာပြန်သူများ အတွက်)

အပိုဒ် ၅၀၁ စာ ၂၄၃

လူစည်ကားစွာ ကျွဲ နွားသည့်ပေါများသော = လူဦးရေများပြားစည်ကား သော၊ ကျွဲ နွားတိရစ္ဆာန်လည်း ပေါများ သော

အပိုဒ် ၅၀၂ စာ ၂၄၃

အဘယ်ပြုအံ့နည်းဟုဖြစ်ပေါ်လျက်ရှိ၏ = အဘယ်ပြုအံ့နည်းဟူသော အယူသည်ဖြစ်လျက်ရှိ၏။

အပိုဒ် ၅၀၆ စာ ၂၄၅

ရှိနိုးလျက် အရိုအသေပြုပြီးလျှင် = ရှိနိုး၍၊ လက်အုပ်ချီလျက်အရိုအသေပြု၍ ဤစကားသည် အဘိဝါဒေတွာ ပဒက္ခိဏံကတွာ-ဟူသော စကား နှစ်လုံးကိုမြန်မာပြန်ထားခြင်း ဖြစ်သည်၊ အဘိဝါဒေတွာမှာ ရှိနိုး၍-ဟူသော အနက်ထင်ရှားသည်၊ ပဒက္ခိဏံကတွာ-ကို ရှေးဆရာတို့က ''လက်ျာရစ်လှည့်၍''ဟုအစဉ်အလာမြန်မာဘာသာပြန်ဆိုတော်မူခဲ့ကြသည်၊ အဋ္ဌကထာဆရာကမူလက်အုပ်ချီကာ လက်ျာရစ်သုံးကြိမ်လှည့်ပြီး နောက် နောက်ဆုတ်ပြန်သွားသည်၊ ဗုဒ္ဓကိုမမြင်ရလောက်သော နေရာ ရောက်မှ သုံးကြိမ်ဦးချပြီးလှည့်၍ထွက်ခွါသည်ဟုဖွင့်သည်၊ ဤအဖွင့်အတိုင်းဆိုသော်ရှိနိုး၍၊ လက်အုပ်ချီလျက်သုံးကြိမ်လက်ျာရစ်လှည့်၍ဟုပြန်သင့်သည်။

အပိုဒ် ၅၀၈ စာ ၂၄၅

ကုသိုလ်တရားကိုရနိုင်ပါ၏ = ကောင်းသောတရားထူးကိုရရာ၏၊

ဥဠုကုသလံ ဓမ္မံ = ဟူသောစကားသည်ကုသိုလ်ဂုဏ်ဂုဏ်းကိုဆိုလိုသည်မဟုတ်၊ ဈာန် အဘိညာဉ် မဂ်ဖိုလ်စသောတရားထူးကိုဆိုလိုသည်၊ ထို့ကြောင့်ဗုဒ္ဓသည်ကဲ့ရဲ့အပ်သောဆရာ ၃-မျိုး၊ မကဲ့ရဲ့အပ်သောဆရာတမျိုးကိုဟောရာ၌ သမဏ ဗြာဟ္မဏတို့ရအပ်သောတရားဟု ဟောကြားတော်မူခဲ့သည်။

အပိုဒ် ၅၀၉ စာ ၂၄၆

ကုသိုလ်တရားကို = ကုသိုလ်တရားထူးကို၊ ကောင်းသောတရားထူးကို အပိုဒ်၅၁၁-၅၁၂၊ စာ ၂၄၇ မှလည်း ဤအတိုင်း ပင်ပြန်သင့်သည်။

အပိုဒ် ၅၁၃ စာ ၂၄၈

လောဘဟိန္နှ --- အပြင်လည်းမရှိပေ = ကို လောဘဟိန္နှ --- လောဘကဲ့သို့ဆရာ သုံးမျိုးတို့ကား အပြင်ပင်ထိုက်သော ဆရာတို့ဖြင့်ကြကုန်၏၊ ပင်းဆရာတို့ကိုပြစ်တင်ပြောဆို ခြင်းသည့်မှန်ကန်၏၊ တရားနည်းလမ်းကျ၏၊ အပြစ်ကင်း၏၊

၂ သုံးမျိုးတို့သည်အဘယ်နည်း = ဤဆရာသုံးမျိုးတို့ကား အဘယ်နည်း။

အကြင်ရဟန်းဖြစ်ကျိုးအလို့ငှာ = အကြင်ရည်မှန်းချက်အတွက်၊ အကြင်တရားထူး အတွက်။ ဆရာ၏အဆုံးအမမှမဲ့ခွါ၍လည်း ကျင့်ကြကုန်၏ = ထိုဆရာ၏သာသနာမှထွက်ခွါ၍ တမျိုးတဖုံကျင့်ကြကုန်၏။

ထိုဆရာသည်ထိုရဟန်းဖြစ်ကျိုးကိုမရသေးဘဲလျက် = ထိုဆရာသည်ရဟန်းတို့၏ရည် မှန်းချက်ဖြစ်သောတရားထူးကိုမရဘဲ၊ မိမိကိုယ်တိုင်တရားထူး မရဘဲဟုဆိုလိုသည်။

အပိုဒ် ၅၁၄ စာ ၂၄၈

အကြင်ရဟန်းဖြစ်ကျိုး အလို့ငှာ = အကြင်ရည်မှန်းချက်အတွက်၊ အကြင်တရား ထူးအတွက်။ ထိုရဟန်းဖြစ်ကျိုးကိုမရသေးဘဲလျက် = ထိုရဟန်းတို့၏ရည်မှန်းချက်ဖြစ်သော တရားထူးကိုမရဘဲ၊ မိမိကိုယ်တိုင်ကတရားထူးမရဘဲဟုဆိုလိုသည်။

ဆရာ၏အဆုံးအမမှမဲ့ခွါ၍မူလည်း ကျင့်ကြကုန်၏ = ထိုဆရာ၏သာသနာမှ ဖဲခွါ၍တမျိုးတဖုံမကျင့်ကြကုန်၊ ထိုဆရာ၏ဂိုဏ်းဂဏမှထွက်ခွါ၍တမျိုးတဖုံမကျင့်ကြကုန် ဆရာကား တရားထူးကိုမရ၊ သို့ရာတွင်တပည့်တို့ကား ထိုဆရာ၏သာသနာမှထွက်ခွါမသွားကြကုန်၊ တမျိုး တဖုံမကျင့်ကြကုန်ဟုဆိုလိုသည်။

အပိုဒ် ၅၁၆ စာ ၂၅၁

ထိုအပြစ်တင်စောဒနာချက်သည်မဟုတ်မမှန်၍တရားနှင့်မလျော်ချေ၊ အပြစ် လည်းရှိချေ၏ = ထိုပြစ်တင်ပြောဆိုချက်သည်မဟုတ်မမှန်၊ တရားသဖြင့်မဖြစ် အပြစ်လည်းရှိ ၏။

ဒုတိယချောင်စသောကျန် ၃- ချက်တို့၌လည်း ဤအတိုင်း သာပြန်သင့်သည်။

အပိုဒ် ၅၁၇ စာ ၂၅၂

နရက်ချောက်သို့ = နက်ရွာသောချောက်ကမ်းပါးသို့

မှားစွာသောအကြောင်းဖြင့် = မှားစွာသောအကြောင်းအရာဖြင့်၊ မှားစွာသောစကားပရိယာယ်တို့ဖြင့်-ဟုဆိုလိုသည်။

ဥပါသကာ = သည်းကပ်သူ၊ ကိုးကွယ်သူ၊ တပည့်ရင်း ဒကာရင်း။

၁၃။ တေဝိဇ္ဇသုတ် မြန်မာပြန် ခက်ဆစ်အဖြေ (ဘာသာပြန်သူများအတွက်)

အပိုဒ် ၅၂၀ စာ ၂၅၃

စင်္ကြံသွားလာလှည့်လည်လျက် နေကြစဉ် = အပြန်ပြန် စင်္ကြံလျှောက်ကြစဉ်၊ လှည့်လည်သွားလာကြစဉ်၊

သိနားလည်စေခြင်းငှာ မစွမ်းနိုင် = လက်ခံအောင် ပြောဆိုရန် မတတ်နိုင်

အပိုဒ် ၅၂၄ စာ ၂၅၅

ဖြောင့်တန်းသောလမ်းဟုတ်သည် မဟုတ်သည်ကို = လမ်းကောင်း လမ်းဖြောင့် ဟုတ်မဟုတ်ကို၊

အပိုဒ် ၅၂၇ စာ ၂၅၆

ဝါသေဋ္ဌ --- ဗေဒင် ၃-ပုံဆောင်ပုဏ္ဏားတို့၏ = ဝါသေဋ္ဌ --- ဗေဒင် ၃-ပုံဆောင်ပုဏ္ဏားတို့တွင်၊

အပိုဒ် ၅၄၆ စာ ၂၆၃

ဗြဟ္မာဖြစ်စေနိုင်သောတရားတို့ကို = မကောင်းမှုကင်းသော ဗြဟ္မာ ဖြစ်စေနိုင်သောတရားတို့ကို

အပိုဒ် ၅၅၁ စာ ၂၆၄

ဗြဟ္မာ၏သားမယားကို မသိမ်းဆည်းခြင်းနှင့်အတူ ရောနှောညီညွတ်မည်လော = သားမယားကို မသိမ်းဆည်းသော ဗြဟ္မာနှင့်အတူတကွ ရောနှောမိ၏လော၊ ညီမျှ၏လော၊

သို့ဖြစ်လျှင် --- ရောနှောညီညွတ်မည်လော = သို့ဖြစ်လျှင် သားမယားကို သိမ်းဆည်းသော ဗေဒင် ၃-ပုံဆောင်ပုဏ္ဏားတို့သည် သားမယားကို မသိမ်းဆည်းသော ဗြဟ္မာနှင့်အတူတကွ ရောနှောမိ၏လော၊ ညီမျှ၏လော၊ (တူညီခြင်းရှိ၏လော)

အပိုဒ် ၅၅၁ စာ ၂၆၅

သို့ဖြစ်လျှင် --- ရောနှောညီညွတ်မည်လော = သို့ဖြစ်လျှင် စိတ်ကိုအလိုအတိုင်း မဖြစ်စေနိုင်သောပုဏ္ဏားတို့သည် စိတ်ကိုအလိုအတိုင်း ဖြစ်စေနိုင်သော ဗြဟ္မာနှင့်အတူတကွ ရောနှောမိ၏လော၊ ညီမျှ၏လော၊

အပိုဒ် ၅၅၂ စာ ၂၆၅

ကိုးစားကပ်ရောက်၍ နစ်မြုပ်ကုန်၏ = သက်ဝင်ကိုးကပ်၍ နစ်မွန်းကြကုန်

နစ်မြုပ်၍ ပျက်စီးခြင်းသို့ ရောက်၏ = နစ်မြုပ်၍ ခြေလက်အင်္ဂါပျက်စီးခြင်းသို့ ရောက်ကြကုန်၏။

အခြောက်တိုက်ကူးသည်နှင့်တူကုန်၏တကား = အခြောက်တိုက်ကူးသည်နှင့်တူကုန်၏၊

စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
ဖြန့်ချိရေးအဖွဲ့



အပိုဒ် ၅၅၄ စာ ၂၆၆

( ဆိုင်းတွဲခြင်းသည် ) ရှိမူလည်း ရှိရာသေး၏ = ရှိသော်ရှိရာ၏၊ ရှိမည်ဆိုလျှင်ရှိရာသေး၏၊

အပိုဒ် ၅၅၆ စာ ၂၆၆

။ ပ။ မိမိ၌ = ဤပေယျာလကို ဖေါ်ရာ၌ သာမညဖလသုတ် အပိုဒ် ၂၁၃ စာ ၇၃ မှစ၍ အပိုဒ် ၂၂၅ စာ ၇၆ အသုံးအဆိုဖေါ်ပြမည်။

အပိုဒ် ၅၅၆ စာ ၂၆၇

ကာမာဝစရကံသည် = ကာမဘုံ၌ဖြစ်စေတတ်သောကံသည်

အပိုဒ် ၅၅၇ စာ ၂၆၈

ဤသို့ဖြစ်လျှင် --- ညီညွတ်သည်မဟုတ်ပါလော = ဤသို့ဖြစ်လျှင်စိတ်ကို အလိုအတိုင်းဖြစ်စေနိုင်သော ရဟန်း၏စိတ်သည် စိတ်ကို အလိုအတိုင်းဖြစ်စေနိုင်သောဗြဟ္မာနှင့် အတူတကွ ရောနှောမိသည်မဟုတ်လော၊ ညီမျှသည်မဟုတ်လော၊

အထက်က သားမယား မသိမ်းဆည်းခြင်းပြ စာပိုဒ်နှင့်လည်း ဤနည်း ပင် ဘာသာပြန်သင့်သည်။

ဤတွင် သီလက္ခန္ဓဝဂ္ဂပါဠိ ကျမ်းဦးအမှာ သုတ်နိဒါန်း ခက်ဆစ်အဖြေ ပြီးပြည့်စုံပြီ။

-၁၆၉၄-

Library
The Pitaka Translation
Society

စာကြည့်တိုက်
ပိဋကဘာသာပြန်စာပေ
ပြန့်ချီရေးအဖွဲ့

ပိဋကဘာသာပြန်စာပေပြန့်ချိရေးအဖွဲ့
စာကြည့်ခန်း
-၁၆၉၄-

Library
The Pitaka Translation
Society